www.burmeseclassic.com

မောင်ညိုမှိုင်း(သန့်လျင်)

စီစဉ်သော

# ဦးခေါင်းခွံတစ်ခုရဲ့ ဂမ္ဘီရမျက်ရည်စက်

အပါအဝင်

## ဂမ္ဘီရ ဝတ္ထုတိုများ



BURMESE CLASSIC

မောင်ညိုမှိုင်း(သန့်လျင်)၊ တောင်မှူးကြီးသိန်းဝင်း၊ လေးမောင်၊ ကျော်မှူးနိုင်
မြောင်းမြမောင်ကျို၊ ညြဝိသ၊ ဝင်းနိုင်(ရွှေပြည်သာ)၊ ထားဥမှု

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြူးဝေလှုံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ • ၈၃

ကလောင်စုံ

ဦးခေါင်းခွံတစ်ခုရဲ့ဂွန့်ရမျက်ရည်စက်အပါအဝင် ဂန္ထဝင်ရသဝတ္ထုတိုများ /
ကလောင်စုံ–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၀၇–စာ ၊ ၁၃ စင်တီ × ၂၀ • ၅ စင်တီ။
(၁) ဦးခေါင်းခွံတစ်ခုရဲ့ဂွန့်ရမျက်ရည်စက်အပါအဝင် ဂန္ထဝင်ရသဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဦးခေါင်းခွံတစ်ခုရဲ့ ဂွန့်ရမျက်ရည်စက်<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | အမြိုး<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၆ |
| ၃။ | သုံးပွင့်တစ်ခိုင်မဖြစ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်<br>*ဝင်းနိုင် (ရွှေပြည်သာ)* | ၆၅ |
| ၄။ | သောက်ဖော် ခြောက်ဖက်<br>*ဩဝိသ* | ၉၈ |
| ၅။ | မှဆိုးနှင့် ဘဝတိုက်ပွဲ<br>*လေးမောင်* | ၁၁၂ |
| ၆။ | သေပင်အုန်း<br>*ထားဥသုံ* | ၁၅၃ |
| ၇။ | တွယ်ရာမဲ့ဝိညာဉ်<br>*ကျော်မင်းနိုင်* | ၂၇၀ |
| ၈။ | တွေ့ရခက်ကြီး<br>*ဖြောင်းဖြမောင်ကို* | ၂၉၃ |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်နေ့သောအခါ ကျွန်ုပ်သည် လွန်စွာထူးဆန်းအံ့ဖွယ်ကောင်းသည့် ပညာရှင်လူထူးကြီးတစ်ဦးနှင့် တွေ့ဆုံရင်းနှီးခဲ့ရလေ၏။

ထိုလူထူးပုဂ္ဂိုလ်ကြီး၏ အမည်ကား ဦးရွှေလက်စွပ်ဟူ၏။

ဦးရွှေလက်စွပ်ဟု အမည်ရပါသော်လည်း သူ့ရဲ့ . . .

ဘယ်လက်သန်းကြွယ်မှာလည်းကောင်း၊

လက်သန်းမှာလည်းကောင်း၊

လက်ခလယ်၊ လက်ညှိုးမှာသော်လည်းကောင်း

ရွှေလက်စွပ်နှင့်တူတာ ဘာမှမမြင်ရ။

ကျွန်ုပ်မြင်ရသည်ကား ဓာတ်လုံး၊ ဓာတ်သား၊ ငွေသား၊ သော်ဖြူကွပ် ကျောက်လက်စွပ်မျိုးစုံသာလျှင်ဖြစ်၏။

လက်ငါးချောင်းစလုံးမှာ လက်စွပ်မျိုးစုံရှိနေ၏။ အချို့လက်စွပ်များက ငွေရောင်ပြောင်လက်နေ၏။ အချို့လက်စွပ်များက မဟူရာအရောင်၊ နီရောင်၊ ကျောက်သားပကတိအရောင် စသည့်အရောင်စုံ ရှိ၏။

ညာလက်ခုံပေါ်မှာမူ မည်သည့် 'အင်း' ဟု ကျွန်ုပ်မသိသော အင်းတစ်ကွက်ကို ဆေးမင်ကြောင်နှင့် ရေး၍ စုတ်ထိုးထား၏။





ဆရာကြီး (တစ်နည်း) ဘအိုပုဂ္ဂိုလ်ကြီး၏အသက်သည် (၆၀) ကျော်ဝန်းကျင်ခန့်ရှိသည်ဟု ခန့်မှန်းရ၏။

သျှောင်တစ်စောင်းကို ပဝါပေါင်း၍ထားသဖြင့် မင်းသားဟန်ပန်ရှိ၏။ စိတ်ဝင်စားစရာကောင်းသည်ကား နှုတ်ခမ်းမွေးဖြစ်၏။

ထူကျစ်နက်မှောင်သည့် နှုတ်ခမ်းမွေးသည် နှုတ်ခမ်းထောင့်စွန်းနှစ်ခုဆုံရာ ဘယ်ညာအရပ်သို့ နှုတ်ခမ်းမွေးအစွယ်ဖျားက ကုပ်ကျတန့်နေပုံမှာ လွန်စွာခန့်ညားလေ၏။

အဟန့်ကောင်းသည့် နှုတ်ခမ်းမွေးဟု ဆိုရပေလိမ့်မည်။

အမြတ်မ်း အညာဖျင်ကြမ်းတိုက်ပုံကြီးကို စွပ်တျယ်အင်္ကျီခံ၍ ဝတ်ထားလေ့ရှိ၏။

နွေရာသီလိုမျိုး ပူအိုက်ချိန်ရောက်မှ အညာဖျင်ကြမ်းတိုက်ပုံကြီးကို ချွတ်လေ့ရှိ၏။

ချွေးထွက်များသည့်နေ့မျိုး၊ အပူချိန်များသည့် နွေနေ့မျိုးရောက်လျှင် ကြံုလျှင် အတွင်းခံစွပ်ကျယ်လက်စကကိုပါ ချွတ်ပြီး အင်္ကျီကျောပြောင်ကြီးနှင့် ဟောပြောတွက်ချက်လေ့ရှိ၏။

ထိုအခါ သူ့ရင်ဘတ်ပေါ်မှာ အင်းကွက်များ၊ စမကွက်များ၊ ဂါထာ မန္တန်စာတန်း စာတို စာရှည်များကို အထင်းသားမြင်ရ၏။

နောက်ဘက်ကျောကုန်းပေါ်မှာလည်း အင်းကွက်ကြီးတစ်ကွက်ကို အင်းကွက်ငယ်လေးခုရံ၍ ထိုးထား၏။

ဒါ့အပြင် နတ်လိုလို၊ ဘာလိုလို ပုဂ္ဂိုလ်မျိုးက နှစ်ဖက်ညှပ်၍ လက်အုပ်ချီ၍နေသည့် ပုံလည်းပါရကား . . .

ကျွန်ုပ်သာလျှင်မဟုတ် လူကြီးလူငယ်၊ လူရွယ်ပျိုအို၊ ကျားမတို့သည် အဘဦးရွှေလက်စွပ်ရဲ့ အင်္ကျီမဲ့ခန္ဓာကိုယ်ပေါ်က အင်း၊ စမ၊ ဂါထာ မန္တန်အရုပ်မျိုးစုံကို မြင်သည်နှင့် . . .

ဖြုံသွားရ၏။

တုန်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါနှင့်အတူ ခင်မင်လေးစား အားကိုးချင်သလိုစိတ်များ အလိုလို ဖြစ်ပေါ်လာလေ့ရှိ၏။

ထူးဆန်းသည်ကား ...

အဘဦးရွှေလက်စွပ်သည် လူတစ်ယောက်၏ အကျိုးကိုလည်းကောင်း၊ ပုဆိုးစကိုသော်လည်းကောင်း ...

ဒါမှမဟုတ် ...

ဆံပင်၊ လက်ညှိုးတစ်ခုခုကိုကိုင်ပြီး မနောစိတ်အာရုံဖြင့် စူးစိုက်ခံစားကာ ထိုသူ ယခု ဒီနေ့ ဘာဖြစ်နေသည်ကို (၉၉) ရာခိုင်နှုန်းမှသည် (၁၀၀) ရာခိုင်နှုန်းအထိ တိကျမှန်ကန်စွာ ဟောပြောနိုင်လေ၏။

ဒါမျှမကသေး ...

ပစ္စည်းဟောင်း ဓာတ်ခုခုကိုဖြစ်စေ၊ ပစ္စည်းအသစ် တစ်ခုခုကို ဖြစ်စေ ကိုင်ကြည့်ပြီး သူ့မနောစိတ်အာရုံနှင့် အာရုံပြုခံစားပြီး ဟောပြောလိုက်လျှင် ...

ဒါက ဘယ်သူ။

ဒါက ဘယ်သူပိုင်ပစ္စည်း။

ပိုင်ရှင် သက်ရှိထင်ရှား ရှိသေး မရှိသေး။

ယောက်ျားဆို ယောက်ျား၊ မိန်းမဆို မိန်းမ။

ချောလျှင် ချောသည်၊ အရုပ်ဆိုးလျှင် အရုပ်ဆိုးသည်။

ပညာမရှိလျှင် ပညာမရှိ၊ ပညာရှိလျှင် ပညာရှိသည်။

ကုန်ကုန်ပြောရလျှင် ...

သေသူ၏ဦးခေါင်းခွံကိုဖြစ်စေ၊ အရိုးပြာကိုဖြစ်စေ ယူလာပြပါက ၎င်းအရိုးခေါင်း(သို့)အရိုးပြာကို ကြည့်ပြီး ၎င်းလူ မည်သို့မည်ပုံ ကွယ်လွန်အနိစ္စရောက်ရသည်ကိုလည်းကောင်း၊ ဘယ်နေ့ဘယ်ရက်က ကွယ်လွန်သည်ကိုလည်းကောင်း တပ်အပ်သေချာနည်းပါး ဟောပြောနိုင်သည်ကို အံ့ဖွယ်ဆန်းကြယ် ကျွန်ုပ်ကိုယ်တိုင် မြင်တွေ့သိရှိခဲ့ရလေသည်။

✿ ✿ ✿

။၂။

❑

ဒီနေရာမှာ စာဖတ်သူအချို့ကသော်လည်းကောင်း၊ စာရေးသူအချို့ကသော်လည်းကောင်း ...

လူတစ်ယောက်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဘဝကိုလည်းကောင်း ...

အရာဝတ္ထုပစ္စည်းတစ်ခုကို ကြည့်၍ ၎င်းပစ္စည်း၏ မူလဘဝနှင့် ဆက်စပ်ကြောင်းကျိုးကို ထပ်တူနီးပါး ဟောပြောနိုင်သည့် ပညာရပ်သည် မြန်မာနိုင်ငံမှာရော တကယ်ရှိလို့လား၊

နိုင်ငံခြားမှာရော အမှန်တကယ် ရှိခဲ့ဖူးလို့လားဟု မေးမြန်းချင်ပေလိမ့်မည်။ သိချင်ပေလိမ့်မည်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က အမှန်တကယ် ရှိခဲ့ဖူးပါ၏။

ဗုဒ္ဓဘုရားသည်လည်းကောင်း၊ ရဟန္တာအရှင်သူမြတ်တို့သည်လည်းကောင်း ရှေးဘဝ နောက်ဘဝကို စေ့စုံစွာ သိမြင်ဟောပြောနိုင်ကြ၏။

သို့သော် အကြောင်းမဲ့ မဟော၊ မပြော။



www.burmeseclassic.com

www.burmeseclassic.com



လူမြင်တိုင်း၊ သတ္တဝါမြင်တိုင်း မဟောမပြော။

ချွတ်ခြေရန် အချိန်ကျလျှင်၊ မြှင့်တင်ကယ်မစောင့်ရှောက်ရန် အချိန်ကျလျှင် လိုအပ်ပါက ဟောပြောသိစေ၏။

ကိုယ့်ဘဝရဲ့ နောက်ကြောင်းဖြစ်စဉ်ဘဝအား ပြန်လည်သတိတရ နိုင်နိုင်မာမာ ပြောနိုင်သည်ကို ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်များက ဇာတိဿရဉာဏ်ရသူဟု ခေါ်၏။

ဇာတိဿရဉာဏ်ရသူကို ရှေးဘဝ သိမြင်သူများဟူ၍လည်းကောင်း၊ လူဝင်စားဟူ၍လည်းကောင်း ခေါ်၏။

ဇာတိဿရဉာဏ်ဟူသော အတိတ်ဘဝကို မြင်နိုင်သူ၊ တစ်နည်း မြင်နိုင်ခြင်းအကြောင်း သုံးပါးရှိလေ၏။

(၁) အတိတ်ဘဝမှ သေလွန်၍ ဥပပတ်ပဋိသန္ဓေဖြင့် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝသို့ ရောက်သူများ။

(၂) အတိတ်ဘဝ ခွန်အားရှိနေစဉ်အခါ လက်နက်ဘေးစသည်တို့ကြောင့် ရုတ်တရက်သေဆုံးပြီး လူ့ဘဝသို့ ပြန်ဖြစ်ကြသူများ။

(၃) ရှေးကုသိုလ်ကောင်းမှုဖြင့် အတိတ်ဘဝကို သိရပါလို၏ဟု ဆုတောင်းခဲ့သူများသည် အတိတ်ဘဝကို ပြန်လည်သတိရသိကြသည်ဟု ဆို၏။

ထို့ကြောင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့မှာလည်း အတိတ်ဘဝကိုသိကြသည့် ဖြစ်စဉ်ဖြစ်ရပ်များသည် ဘုရားရှင်လက်ထက်တော်မတိုင်မီကာလ၊ တိုင်ပြီးကာလမှသည် ယနေ့တိုင် ရှိနေဆဲဖြစ်၏။

ကျမ်းကိုးကျမ်းကား ဖြစ်ရပ်ဝတ္ထုများကို ထုတ်နုတ်ပြရသော် ဝတ္ထုတိုမဖြစ်ဘဲ ဝတ္ထုရှည်ဖြစ်သွားမည်စိုး၍ အကျယ်မရေးတော့ပြီ။

အနောက်နိုင်ငံ ပညာရှင်များက ၎င်းဖြစ်ရပ်ဆန်းကြယ် ဘဝလွန်မှုများကို 'စိတ်နယ်လွန်ပညာ'ဟု ခေါ်ဆိုကြသည်။

အနောက်နိုင်ငံသားတို့သာမက ဥရောပတိုက်သားတို့သည်လည်း သိပ္ပံနည်းကျ ရုပ်ဝါဒကိုသာ ဦးစွာပထမ လက်ခံကြ၏။





သို့သော် သိပ္ပံပညာ၊ ရူပဗေဒနည်းပညာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ နည်းပညာတို့နှင့် ညှိနှိုင်းတွက်ချက် အဖြေရှာလို့မရသည့် စိတ် (မနော) ဖြစ်ရပ်ဆန်းကြယ်များကို ကြုံရတာ ကြိမ်ဖန်များလာသောအခါ စိတ်နယ်လွန်ပညာကို သီးသီးသန့်သန့် အာရုံရပြုလာကြတော့သည်။

စိတ်နယ်လွန်ပညာ ဆိုတာ ဘာကိုဆိုလိုတာလဲ။

စိတ်နယ်လွန်ပညာ ဆိုသည်မှာ လက်ရှိအခြေအနေတွင် သဘာဝနိယာမများ၏ ထိန်းချုပ်မှုတာအတွင်းမရှိသော စိတ်ပိုင်းဖြစ်ရပ်များကို လေ့လာသည့် စိတ်ပညာ၏ နယ်ပယ်တစ်စိတ်တစ်ဒေသဖြစ်သည်။

ဤပညာသည် ပုံမှန်မဟုတ်သော စိတ်ကူးယဉ်ဆန်သော သဘာဝအရားထက် လွန်ကဲသောဖြစ်ရပ်များကို လေ့လာသည့် နတ်ဝင်ခြင်း၊ အကြားအမြင်ပေါက်ခြင်း၊ ဝိညာဉ်ပူးခြင်း၊ ခွာခြင်း၊ ဝေးနေစိတ်ချင်းဆက်သွယ်မှုသည့် ထူးဆန်းသောဖြစ်ရပ်များ ပါဝင်သည်ဟု ၁၉၆၁ ခုနှစ်က တည်းဖြတ်ထုတ်ဝေသည့် 'စိတ်ပညာနှင့် စိတ်ခွဲပညာဝေါဟာရ အဘိဓာန်ချုပ်မှာ ဆို၏။

ဦးစွာ ထူးကဲအာရုံသိမှု (ထ ⋅ က ⋅ အ) [Extrasen Sory Percertion: ESP] ဟူသော ဝေါဟာရသိထားရန်လိုပေ၏။

လူတို့၏ အာရုံသိမှုသည် အာရုံခံအင်္ဂါများမှတစ်ဆင့် ရရှိသည်ဖြစ်ရာ ထူးကဲအာရုံသိမှု (ထကအ)တွင်မူ မည်သည့်အာရုံခံအင်္ဂါကိုမျှ မသုံးဘဲ အာရုံခံသိနေခြင်းဖြစ်၏။

၎င်းတို့တွင် ...

* အကြားအမြင်ပေါက်ခြင်း (Clairvoyance)၊
* ဝေးနေစိတ်ချင်းဆက်သွယ်မှု (Telepathy)၊
* ကြိုတင်နိမိတ်မြင်မှု (Precognition)

တို့လည်း ပါဝင်ပေသည်။ အကြားအမြင်ပေါက်ခြင်းဆိုသည်မှာ အာရုံသိမှုဖြစ်ပေါ်ခြင်း အမျိုးမျိုးကို ဆိုလိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နယ်လွန်ပညာရှင်တို့ စိတ်ဝင်စားသည့် အကြောင်းရပ်တစ်ခု ကား ဆိုက်ကိုကိုင်နယ်ဆစ် (**Psycho Kinesis-PK**) ခေါ် စိတ်စွမ်းအင် ဖြင့် လှုပ်ရှားစေခြင်းဖြစ်သည်။

စိတ်နယ်လွန်ကိစ္စရပ်များနှင့်ပတ်သက်၍ ၁၈၈၂ ခုနှစ်တွင် ကိန်း ဗရစ်တက္ကသိုလ်မှ သုခမိန်တစ်စုတို့က လန်ဒန်မြို့ကြီးမှာ စိတ်စွမ်းအင် သုတေ သနအသင်းကြီး (Society for Psychical Rescarch) ကိုဖွဲ့စည်းပြီး သာမ တွေးဆချက်တို့ဖြင့် ရှင်းလင်းဖော်ပြရန် မတတ်စွမ်းနိုင်သော လူ့စိတ်၏ စွမ်းအင်၏သဘာဝကို တစ်ဖက်သတ်အစွဲကင်းကင်း၊ သိပ္ပံနည်းကျ ရှင်း လင်းတင်ပြရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာတမ်းပြု ဂျာနယ်ကိုပါထုတ်ဝေ ခဲ့၏။

သည့်နောက် ဖင်းအသင်းကြီးက …

(က) နိမိတ်မြင်ခြင်း။

(ခ) သေပြီးနောက် ဝိညာဉ်ဆက်ခြင်း။

(ဂ) အလိုအလျောက်ဖြစ်ရပ်များ။

(ဃ) ဝိညာဉ်ပူးကပ်ခြင်း။

(င) ဝိညာဉ်က ဆက်သွယ်ပြောဆိုခြင်း။

(စ) ဝိညာဉ်(လိပ်ပြာ)တို့၏တူညီမှု၊

(ဆ) လူ့ဝင်စား။

(ဇ) စိတ်နယ်လွန်ပညာ၏ အသုံးကျမှုများ

စသည်တို့ကို ယနေ့တိုင် စဉ်ဆက်မပြတ် လေ့လာစူးစမ်းသုတေသန ပြု မှတ်တမ်းတင်စာအုပ်များ ကမ္ဘာသိ ထုတ်ဝေလျက်ရှိပေသည်။

✿ ✿ ✿

[ ၃ ]

❑

ယခု ကျွန်ုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသည့် အဘ …လက်စွပ်အကြောင်းကိုလည်း မည်သည့်စိတ်နယ်လွန် ဖြစ်ရပ်ဆန်း …ယ်မှာ ပါဝင်သည်ကိုမူ စာဖတ်သူတို့သာလျှင် အကဲဖြတ်ကြည့်စေချင်ပါ …ည်။

တစ်နေ့ မိတ်ဆွေတစ်ဦးက ကျွန်ုပ်ကို ပြောလေ၏။

"ဆရာမှိုင်း"

"ဘာတုံး …. ကိုစိန်လှ"

"ကျွန်တော် လူထူးဆန်းတစ်ယောက်ကို မြင်ခဲ့ရသဗျ"

"ဘယ်လိုလူထူးဆန်းတုံး … ကိုစိန်လှ၊ မြေကြီးပေါ်မှာ ခြေ …တ်နဲ့ လမ်းမလျှောက်ဘဲ လက်နှစ်ဖက်နဲ့ထောက် ပြောင်းပြန်လှန် ကင်း …ောက်သွားသလို သွားနေလို့လား"

"မဟုတ်ဘူး … ဆရာမှိုင်း"

"ဒီလိုမှမဟုတ်ဘူးဆို ငှက်တွေလို ကောင်းကင်မှာ ပျံသန်းနိုင် …သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမှိုင်းက စကားပြောရင် အရွဲ့လေးတွေ တယ်ပါသကိုး။ ဒီလိုဗျ ...။ ကျွန်တော်တွေ့ခဲ့ရသည့် အဘိုးကြီးက သူ့ရှေ့မှာ ပစ္စည်းတစ်ခု ချပြရင် အဲဒီပစ္စည်းကိုကိုင်ကြည့်ပြီး အဲဒါ ဘယ်သူဘယ်ဝါရဲ့ပစ္စည်းဆိုတာ အတိအကျပြောနိုင်တယ်"

"ဒါပဲလားဗျာ"

"ကုန်ကုန်ပြောရရင် အဲဒီပစ္စည်းပိုင်ရှင် လူ့လောကမှာ ရှိ မရှိပါ ပြောနိုင်တယ်"

"ဒါပဲလားဗျာ"

"သေဆုံးသွားခဲ့ရင်လည်း ဘယ်နှခုနှစ်ခန့်က ဘယ်လိုကွယ်လွန် သေဆုံးသွားခဲ့တယ်ဆိုတာကိုတောင် ပြောနိုင်တာ ဆရာမှိုင်းရဲ့"

"ဟုတ်ပါ့မလား"

"ဟုတ်လွန်းလို့ မန္တလေးတောင်ဟိုဘက်တောင် ကျော်သွားသေးရဲ့ဗျာ"

"အဲဒီလို ရှားရှားပါးပါး သိတဲ့ မြင်တဲ့ ပုဂ္ဂိုလ်ထူးမျိုးကို ကျွန်ုပ်ကိုယ်တိုင် မြင်ချင် သိချင် မေးမြန်းစူးစမ်းချင်ပါဘိ ... ကိုစိန်လှုံ့ရယ်"

"လာ ... ဆရာမှိုင်း၊ ပြောနေတာ ကြာတယ်။ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးမယ်"

သို့နှင့် လူပျိုကြီး ကိုစိန်လှုံ့နှင့် ဂမ္ဘီရစာရေးဆရာ ကျွန်ုပ်တို့သည် ရန်ကုန်နှင့်မနီးမဝေး မြို့ငယ်လေးတစ်မြို့သို့ ရောက်သွား၏။

မကြာခင် ကျွန်တော်တို့သည် ရှေးကျစွာဆောက်လုပ်ထားသည့် ရှေးဟောင်း ဘုန်းကြီးကျောင်းအိုကြီးတစ်ကျောင်းသို့ ရောက်သွား၏။

ကျောင်းတိုင်များမှာ လူတစ်ယောက်ဖက်စာမကရှိသည့် ကျွန်းတိုင်ကြီးများဖြစ်ပြီး၊ ကျွန်းတိုင်လုံးများပေါ်မှာ ဝေသန္တရာဇာတ်အရုပ်၊ သုဝဏ္ဏသျှံဇာတ်ရုပ်၊ တေမိကဇာတ်ရုပ် စသည့် ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်ရုပ်ကြွများကို ထွင်းထုထားရကား ...

လွန်စွာရှေးကျပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုလက်ရာများ မည်မျှ ပြောင်မြောက်ခိုင်မာစွာ ရှိနေသည်ကို အံ့ဖွယ်မြင်ခဲ့ရလေ၏။





ကျွန်ုပ် မော်လမြိုင်သို့ ရောက်စဉ်ကလည်း မော်လမြိုင်မြို့က တန်ခိုးကြီး ကျိုက်သလ္လန်ဘုရားရဲ့ ရှေးဟောင်းပြခန်းမှာ သစ်သားပန်းပု၊ သစ်ထွင်းလက်ရာ၊ ဆင်စွယ်ထွင်းပန်းပုလက်ရာများကို အံ့ဖွယ်ဘနန်း မြင်ခဲ့ရ၏။

မင်းတုန်းမင်းကြီး၏မိဖုရား (စိန်တုံးမိဖုရား)ကောင်းမှု၊ ရှေးဟောင်းကျောင်းအနုလက်ရာများကို ချီးမွမ်း၍မကုန်အောင် မြင်ခဲ့ရ၏။

ကျွန်ုပ်တို့ရောက်သွားသောအခါ ကျောင်းအိုကြီးပေါ်မှာ သျှောင်တစ်စောင်းအဘိုးအိုနှင့် လူလေးဦးခန့်ကို ဦးစွာမြင်ရ၏။

ကိုစိန်လှုံ့ကိုမြင်သည်နှင့် အဘိုးအိုက ထိုင်ရန်နေရာကို လက်ညှိုးထိုးပြီး ပြုံးပြ၏။

ကျွန်ုပ်သည် ဦးရွှေလက်စွပ်ခေါ် ထူးဆန်းသော ဓာတ်လုံးဓာတ်သားကျောက်အမျိုးစားလက်စွပ်များ လက်ငါးချောင်းအပြည့်စွပ်ထားသည့် အသက် (၆၀) ခန့်အဘိုးအိုရဲ့ ဟောပြောမှုကို အသာအကဲခတ်၍ အာရုံစိုက်ကြည့်နေမိ၏။

"ကိုင်း ... ဒီဘက်သမီးကြီး ဘယ်လိုအကြောင်းကိစ္စရှိလို့လဲ"

"အဘကို မေးစရာ ပြစရာရှိလို့ပါအဘ"

"အိမ်း ... ပြ ... ပြ .. မေးဗျာ ... ကြိုက်ရာမေးပါ"

ဒီမှာ အသက် (၄၀)ခန့် အသားဖြူဖြူ၊ တုတ်တုတ်ချောချော အမျိုးသမီးက စလင်းဘက်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြ၏။

"ဒါ ... ကျွန်မရဲ့ အိမ်ထောင်ဘက် အမျိုးသားဓာတ်ပုံပါအဘ။ သူ ကျွန်မအိမ်ကို ပြန်မလာတာကြာပါပြီ။ အခု သူ ဘယ်ရောက်နေတယ်၊ ဘာဖြစ်နေတယ်၊ ပြီး ကျွန်မထံကို ပြန်လာမလာ အဲဒါလေး သိချင်ပါတယ် အဘရယ်"

"ကောင်းပြီ ...။ သမီးရဲ့အမျိုးသားက ဘာနေ့သားလဲ"

"အင်္ဂါသားပါ အဘ"

"နာမည်ကရော ..."

"ကိုစိုးလူကျော်လို့ ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကရော ဘာနေ့သမီးတုံး"

"ဗုဒ္ဓဟူးသမီးပါအဘ"

"ဒါကြောင့်ကိုး ..."

"ရှင် ... ဘယ်လို ဒါကြောင့်လဲဟင် ... အဘ ဟင်လို့"

"ဗမ္မာ့၊ သောက၊ အင်းဝ၊ ရာဇာ အိမ်ထောင်ဘက် အသက်မရှည်ရာလို့ အဟောရှိသကိုး သမီးရဲ့။ အင်္ဂါနဲ့ဗုဒ္ဓဟူး ရာဟုတို့သည် မိတ်ဘက်မဟုတ်ဘူး။ ရန်ဘက်။ တနင်္ဂနွေသားနဲ့ ဗုဒ္ဓဟူး (နေ့မွေး)တို့သည် ရန်ဘက်။ ကိုင်း ... သမီးသိချင်တာကို အဘ အာရုံပြုပြီး စစ်ဆေးကြည့်လိုက်မကွယ် နော"

"ဟုတ်ကဲ့ရှင့်"

သည့်နောက် ဦးရွှေလက်စွပ်အမည်ရှိ ဒေါင်တစ်စောင်းနှင့် အဘိုးအိုက ဓာတ်ပုံကို ဘယ်လက်ထဲထည့် ညာလက်နှင့်အုပ်ကိုင်ပြီး အာရုံစိုက်ကြည့်နေလိုက်၏။

တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ် ကြာသွား၏။

ဓာတ်ပုံကိုင်လက်အစုံ လှုပ်ခါသလို ရှိနေ၏။

အဘိုးအိုက အာရုံစိုက်ကြည့်ရင်း ဦးခေါင်းကိုခါ၏။ ပြီး ခေါင်းညိတ်၏။ ပြီး ပြုံးပြကာ ခေါင်းတညိတ်ညိတ်လုပ်ရင်းက ...

"သမီးကြီး ..."

"ရှင် ... အဘဆရာကြီး"

"သမီးယောကျ်ား နောက်အိမ်ထောင်ပြုထားတယ်"

အမျိုးသမီးက ညှိုးငယ်သောမျက်နှာနှင့် အဘဆရာကြီးရဲ့ မျက်နှာကိုကြည့်ပြီး ငုံလင့်နေ၏။

"ညည်းယောကျ်ားရဲ့ဘယ်လက်မှာ လက်ပွားတစ်ခုပါတယ်။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ... အဘ။ လက်မ ပွားပါရှင့်"

"အခုယူထားတဲ့မိန်းမက သူ့ထက် အသက်ကြီးတယ်။ သို့သော် အရမ်းကိုလှသကိုး"





"အဲဒီမိန်းမရဲ့ မျက်ရည်ခံအောက်မှာ မှဲ့တစ်လုံးရှိတယ်"

"ရှင် ... ဒါ ... ဒါ ... ဆို ... ကျွန် ... မ ... ယောကျ်ားကို ... ဟို ..."

"သမီး"

"ရှင် ... အဘ"

"နောက်နှစ်အဝင်မှာ သမီးယောကျ်ား သမီးထံကို ပြန်ရောက်လာလိမ့်မယ်"

"တ ... တကယ်လားဟင် ... ဟင် ... အဘ"

"အမှန်ပါပဲ။ ဒါပေမင့် ခဏပဲ။ ပြန်ထွက်သွားဦးမှာပဲ"

"အို ... ဘာ ... ဘာဖြစ်လို့လဲ ... အဘရယ် ... ဟင် ... ဟင်လို့"

"သမီးတို့က ဗမ္မာ၊ သောက၊ အင်းဝ၊ ရာဇာမှာ အိမ်ထောင်ရေး မိတ်ဘက်မဖြစ်ဘဲ ရန်ဘက်ဖြစ်နေလို့ပဲ။ ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူးအဘ"

"သမီး ... သမီးအမျိုးသားရဲ့ နောက်မိန်းမကို မြင်ဖူးတယ် မဟုတ်လား"

"ဟုတ် ... ဟုတ် ... ကဲ့ ..."

"အဘ ... ပြောချက်အချို့ မှန်ရဲ့လား"

"ဟုတ် ... ဟုတ် ... ကဲ့ ရှင့် ..."

"သူ့ဘက်က မေတ္တာပျက်ခဲ့ပေမင့် ကိုယ့်ဆီရောက်လာရင် ကိုယ်က မေတ္တာမပျက်စေနဲ့။ ကြားလား သမီး"

"ဟုတ်ကဲ့ပါ အဘရှင်"

"ကိုင်း ... နောက်တစ်ယောက်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

နောင်အခါ ထိုအမျိုးသမီးရဲ့လိပ်စာကို မှတ်ထားပြီး သွားရောက်တွေ့ဆုံ (အင်တာဗျူး) မေးမြန်းစပ်စုကြည့်သောအခါ အံ့သြဖို့ကောင်း၏။

"ကျွန်မက ဆရာမှိုင်းရဲ့ စာဖတ်ပရိသတ်တစ်ဦးပါဆရာ။ အဘဆရာ ဦးရွှေလက်စွပ်ရဲ့ ထူးဆန်းသည့် မနောဟောပြောချက်များ မှန်ကန်တိကျတယ်လို့ ကြားရလို့ ကိုယ့်လင်မယားဘဝရဲ့အဖြစ်မှန်ကို မသိချင်ယောင်ဆောင်ပြီး မေးမြန်းစူးစမ်းခဲ့တာပါ။

အဘဆရာကြီး ဦးရွှေလက်စွပ် အမှန်တော်ပါတယ် ဆရာညိုမှိုင်း။ ဆရာကြီးပြောသည့်အတိုင်းပါပဲ။ ကျွန်မအမျိုးသား ကိုစိုးလှကျော်နဲ့ မခင်မြရွက်ဆိုတဲ့မိန်းမ။ တိတ်တိတ်ပုန်းညားနေတာ သိပြီးသားပါ။ မခင်မြရွက်က ကျွန်မအမျိုးသားထက် သုံးနှစ်ကြီးတယ်။ ဒါပေမင့် ရုပ်ရည်ရော၊ ကိုယ်လုံးကိုယ်ပေါက်ရော ပြောစရာမရှိအောင်လှတာ။ အပြောအဆိုအပြုအမူ အယုအယကလည်းကောင်းတော့ ကျတာပေါ့လေ။

ခင်မြရွက်ပါးပေါ်မှာ မျက်ရည်ခံမှဲ့ပါတာလည်း အမှန်အကန်ပဲ။ မျက်ရည်ခံမှဲ့ပါသည့်မိန်းမနဲ့ညားရင် ယောကျ်ားသေတတ်တယ်လို့ ကြားလို့ ကျွန်မ အရမ်းစိုးရိမ်ခဲ့ရတယ်။ ဒါပေမင့် နှစ်အကူး ကဆုန်လမှာ





သူတို့နှစ်ဦးခွာပြကြတယ်။ ထုံးစံအတိုင်းပေါ့။ ဟိုမိန်းမ ခင်မြရွက်က ဂနာမငြိမ်ဘူးလေ။ နောက်တစ်ယောက်နဲ့ပလူးတာကို မြင်ရပြီး ကျွန်မယောကျ်ားနဲ့ ကွဲပြန်ရော ဆရာရဲ့။

သူ ကျွန်မဆီကို ပြန်ရောက်လာတယ်။ ရောက်စ သုံးလေးလ ငြိမ်ငြိမ်တယ်။ မကြာဘူး၊ ဇွေပြန်ဖောက်ပါရော ဆရာရယ်။ ဒီတစ်ခါ သူ့ထက် (၁၀)နှစ်ငယ်တဲ့ မိန်းမပျိုလေးနဲ့ ဖောက်ပြန်ဖြစ်ပျက်ကြတာလေ။ ခုတော့ ကျွန်မလည်း အချစ်ရဲ့ပူလောင်သည့်ဒဏ်ကို မခံနိုင်လို့ တရားဝင်ကွာရှင်းပြတ်စဲလိုက်ပါပြီဆရာ"

ဟူ၍ ကျွန်ုပ်ကို ရှင်းပြခဲ့လေ၏။

နောက်ထပ် ကျွန်ုပ်ဆရာကြီး ဦးရွှေလက်စွပ်၏ ထူးဆန်းအံ့ ဖွယ်ဟောပြောချက်များကို တွေ့ရပုံအား ရေးသားရလျှင် ...

"ကိုင်း ... နောက်တစ်ယောက် ..."

ဆရာကြီးဦးရွှေလက်စွပ်စကားသံဆုံးတော့ အသက်(၅၀)ခန့် အမျိုးသမီးကြီးတစ်ဦးသည် ဒိုင်ယာရီကဲ့သို့သော မှတ်စုစာအုပ်လေးနှင့် မိသားစုဓာတ်ပုံရိုက်ထားသည့် ဓာတ်ပုံတစ်ခုကို ဆရာကြီးထံပေးအပ်ပြီး ...

"ဆရာကြီးရှင့် ... ဟောဒီဒိုင်ယာရီ နေ့စဉ်မှတ်တမ်းဟာ မည်သူရဲ့ နေ့စဉ်မှတ်တမ်းပါလဲရှင်။ ပြီး အဲဒီမှတ်တမ်းပိုင်ရှင်ရဲ့ ဘဝနဲ့ နောင်ရေးကို ကျွန်မတို့မိသားစု ပွင့်ပွင့်လင်းလင်းသိပါရစေ ဆရာကြီးရှင့်"

ဆရာကြီး ဦးရွှေလက်စွပ်က ဒိုင်ယာရီ (နေ့စဉ်မှတ်တမ်း) စာအုပ်ပေါ်သို့ လက်စွပ်မျိုးစုံပါ ဘယ်လက်နှင့် ညာလက်ကို အုပ်ကိုင်ပြီး အတန်ကြာ အာရုံပြုနေလိုက်သည်။

ကျွန်ုပ်ကြည့်နေစဉ်မှာပင် ဆရာကြီးရဲ့လက်အစုံသည် ဓာတ်လိုက်ခံရသည့်အလား လူးလွန့်ကုပ်လိမ်နေ၏။

"နှမကြီး ..."

"အမိန့်ရှိပါ ... ဆရာကြီးရှင့်"

"ဒီစာအုပ်ပိုင်ရှင်က ယောကျ်ားလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်"

"အသက် (၂၇) နှစ်"

"ဟုတ်ကဲ့"

"အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်၊ မေးစေ့မှာ မှဲ့သီးလုံးတစ်ခုပါတယ်"

"ဟုတ်ကဲ့"

"သူ ပင်လယ်ရပ်ခြား ရေလုပ်ငန်းကို လုပ်တယ်"

"ဟုတ်ကဲ့"

"အခု သူ လောကမှာ မရှိတော့ဘူး"

"ဘယ်လောက်ကြာပါပြီလဲ ဆရာကြီးရှင့်"

"လွန်ခဲ့သည့်နှစ် မိုးရွာသီက ကွယ်လွန်သွားပြီ။ ဟောဒီဓာတ်ပုံထဲက ဟောဒီ အရပ်ရှည်ရှည်သူငယ်ပဲ။ ဟုတ်ရဲ့လား"

"အားလုံး အမှန်ပါပဲ ဆရာကြီးရှင့်။ ကျွန်မတို့ ဆရာကြီးကို တစ်ချက်လောက် မေးပါရစေဆရာကြီး"

"မေးပါ"

"ကွယ်လွန်သူကျွန်မသား ဘယ်အရပ်ဘယ်ဘဝမှာ ရောက်နေပါသလဲ ... ဆရာကြီး"

ဆရာကြီးက အတန်ကြာ အာရုံပြုပြီးနောက် ...

"နှမကြီး ..."

"အမိန့်ရှိပါ ဆရာကြီး"

"မပြောသင့်သည့်စကားမို့ မပြောပါရစေနဲ့"

"ရှင် ... ဘာဖြစ်လို့လဲ ဆရာကြီး"

"ကျုပ်က ဒီကလေး နတ်ပြည်ရောက်နေပြီလို့ ပြောရင် နှမကြီးတို့ ယုံမှာလား"

"အဲ ... အဲ ..."

"ဒါမှမဟုတ် ... ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝ ရောက်နေတယ်လို့ပြောရင်ရော နှမကြီးတို့ စိတ်လက်ချမ်းသာပါ့မလား"





"အင်း ... အင်း ..."

"ဒီလိုမှမဟုတ်ဘဲ လူ့ဝင်စားဘဝ ရောက်နေပြီ။ တစ်နေ့ မိဘများထံ ပြန်ရောက်လာလိမ့်မယ်လို့ ပြောလိုက်ရင်လည်း ရတာပဲ။ သို့သော် နှမကြီးတို့၊ သမီးတို့ မျှော်လင့်ချက်ကြီးနဲ့ လည်ပင်းတရှည်ရှည် စောင့်နေရမည့် အပြောမျိုး ကျုပ်မပြောချင်ဘူး။

အခု မိသားစုလုပ်ရမည့်အလုပ်က ကောင်းမှုကုသိုလ်ပြုတိုင်း သူ့ကို အမျှပေးဝေပါ။ သူ့ရော ကိုယ်ရော အကျိုးမယုတ်ဘူး။ ကျုပ် ကွယ်လွန်သူ ဘယ်ဘဝရောက်နေတယ်ဆိုတာကို သိလည်း မပြောဘူး။ မသိဘဲနဲ့လည်း ခပ်တည်တည်လုပ်မစားဘူး။ ရိုက်မစားဘူး။

အခုဟောပြောနေတာသည်လည်း ငွေကြေးကို ပဓာနထားပြီး ဟောပြောလုပ်ကိုင်စားသောက်နေတာ မဟုတ်ပါဘူး။ သဒ္ဓါလို့လှူသမျှ ဟောဒီ ရေးဘုန်းကြီးကျောင်းအိုကြီး ပြန်လည်ပြုပြင်ရာမှာ အားလုံး ကုသိုလ်ဒါန ပါစေချင်လို့ ဦးဆောင်ဟောပြော ကူညီနေရတာပါ"

"ကျေးဇူးပါပဲ ... ဆရာကြီး။ ဆရာကြီးအမိန့်ရှိသလို ကျွန်မတို့ စီရင်ဆောင်ရွက်သွားပါမယ်ရှင့်"

"သာဓု ... သာဓု ... သာဓု ... နှမကြီးတို့၊ လူ့ဘဝဆိုတာ အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲပြီး၊ အနတ္တ–ကိုယ့်ကိုယ်ကိုယ် အစိုးမရသည့်ဘဝ၊ မပိုင်သည့်ဘဝမှာ နှမကြီးတို့၊ ကျုပ်တို့ တွေ့ဆုံ ကြုံကွဲ ဖြစ်မြဲ ဓမ္မတာပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ လွန်ဆန်လို့မရသည့် မရဏသေခြင်းတရားပဲလေ။ ဓမ္မအသိနဲ့ ငြိမ်းချမ်းအောင် နေကြပါ"

ကျွန်ုပ်တို့သည် မိသားစုအား တွေ့ဆုံ၍ မေးမြန်းကြည့်၏။

"ဆရာကြီးက တော်ပါတယ်ရှင့်"

"ဘယ်လိုတော်တာတုံး အစ်မကြီးခင်ဗျာ"

"ဆရာကြီးဟောတဲ့ လူပုံလူပန်းသဏ္ဌာန်ရော၊ မှဲ့ရော၊ နိုင်ငံခြားသင်္ဘောမှာလုပ်တာရော၊ လွန်ခဲ့သည့်နှစ်က အိန္ဒိယသမုဒ္ဒရာမှာ မုန်တိုင်းမိပြီး သင်္ဘောပေါ်က လွင့်စင်ကျသေဆုံးသွားခဲ့ရတယ်"

www.burmeseclassic.com



"အလောင်းရော ပြန်ရလား"

"နှစ်ရက်နေမှ ပြန်ရတယ်။ နိုင်ငံခြားမှာပဲ သင်္ဂြိုဟ်လိုက်ရတယ်။ အချို့ဆရာတွေကတော့ ကျွန်မသား လူဝင်စားဖြစ်နေတယ်လည်း ပြောရဲ၊ အချို့ဆရာကျတော့ မကျွတ်မလွတ်ဘဝရောက်နေတယ်လည်း ပြောရဲ။ အခု ဆရာကြီး ဦးရွှေလက်စွပ်ဟောပြောပုံက သဘာဝကျပါတယ်။ ကျန်ရစ်သူကျွန်မတို့ကို အစွဲတွေနဲ့ ယုံကြည်မှုမများရအောင် ပြောဟောသွားတယ်။ ဟောချက်လည်းမှန်တာမို့ လေးစားရပါတယ်ရှင့်"

✿ ✿ ✿

[ ၁ ]

❑

ဆရာကြီး ဦးရွှေလက်စွပ်၏ ဟောပြောမှုဂုဏ်သတင်းသည် တစ်စတစ်စနှင့် ကျယ်ပြန့်လူသိများလာ၏။

အချို့သော စာနယ်ဇင်းသမားများပါ လာရောက်မေးမြန်း အင်တာဗျူးလုပ်ကြ၏။

ဆရာကြီးကား စကားကို ရှည်ရှည်ဝေးဝေးမပြော။ သိချင်တာကို လိုရင်းတိုရှင်းပဲ ဖြေသည်။

'ဆရာကြီး ဤပညာရပ်ကို ဘယ်လိုရပါသလဲ' ဟု မေးကြ၏။

"ပါရမီအသိနဲ့ ပညာကျင့်စဉ်အရှိန်ကြောင့် ဟောပြောနိုင်တာပါ" ဟု ခပ်တိုတိုပြောလေ၏။

တစ်နေ့သောအခါ ပရလောကအကြောင်းကိုလည်းကောင်း၊ မနောညာရှင်လောက၊ တယ်လီပသီလောက ...

နိမိတ်မြင်၊ စိတ်ချင်းဆက်သွယ်မှု (Pre-cogntive-Telepathy)

ဆိုက်ကိုကိုင်နက်ဆစ် (Psychokinesis PK) ခေါ် စိတ်စွမ်းအားနှင့် လှုပ်ရှားစေနိုင်းသည့် ဖြစ်ရပ်ဆန်းကြယ်များကို မယုံကြည်သည့် သိပ္ပံသမားနှစ်ဦးဖြစ်ကြသော ...



www.burmeseclassic.com

www.burmeseclassic.com



ကိုနေချစ်ခင်နှင့် ကိုလချစ်ခင်အမည်ရ ခေတ်ပညာတတ်နှစ်ဦးတို့သည် သချိုင်းကုန်းမှ လူ့လက်ဖျံရိုးတစ်ချောင်းနှင့် တိရစ္ဆာန်တစ်ကောင်လက်ရိုးတစ်ချောင်းတို့ကို စက္ကူနှင့်ပတ်ပြီး ဆရာကြီးဦးရွှေလက်စွပ်ထံသို့ ယူလာခဲ့ကြ၏။

လူတစ်ယောက်က ပစ္စည်းဟောင်းတစ်ခုကိုကြည့်ပြီး အဲဒီပစ္စည်းရဲ့နောက်ကြောင်းရာဇဝင်ကို တပ်အပ်သေချာပြောနိုင်သည်အား လုံးဝလက်မခံ၍ ပညာလာစမ်းကြည့်ခြင်းဖြစ်သည်ဟု နောင်အခါ ကျွန်ုပ်ကြားသိရ၏။

ကိုနေချစ်ခင်၊ လချစ်ခင်တို့နှင့်အတူ လက်သံပြောင်လှသည့် နိုင်ငံကျော်ဂျာနယ်ကြီးနှစ်စောင်မှ အရေးခင်စွာစွာ သတင်းစာသမားအချို့လည်း မျက်မြင်သက်သေ ပါဝင်လာကြ၏။

ကိုနေချစ်ခင်နှင့် ကိုလချစ်ခင်တို့က တိရစ္ဆာန်ရိုးနှင့် လူလက်ဖျံရိုးတစ်ချောင်းရဲ့ စစ်မှန်သော နောက်ခံရာဇဝင်အကျဉ်းကို စာရွက်တစ်ရွက်ပေါ်မှာ အင်္ဂလိပ်မြန်မာ နှစ်ဘာသာနှင့်ရေးပြီး စာရွက်ကို စာအိတ်ထဲထည့်ကော်ကပ်ချိတ်ပိတ်ထား၏။

ငင်းနောက်ခံသမိုင်း အစစ်အမှန်စာရွက်အကြောင်းသည် သူတို့နှစ်ဦးမှလွဲ၍ မည်သူမှမသိကြ။

ငင်းလျှို့ဝှက်ချိတ်ပိတ်စာအိတ်ကို နာမည်ကြီးစာနယ်ဇင်းသမားသုံးဦးလက်သို့အပ်၍ ဆရာကြီး ဦးရွှေလက်စွပ်၏ဟောချက်နှင့် တိုက်ဆိုင်ရန်ဟု ကြိုပြောထားအပ်ခဲ့ကြ၏။

"ဆရာကြီးခင်ဗျား ..."

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ။ ဘာကူညီရပါမည်လဲ"

"ဆရာကြီးရဲ့ အတိတ်နောက်ကြောင်းပြန် ဟောချက်သတင်းက စာနယ်ဇင်းစာမျက်နှာများပေါ်မှာရော၊ လူထုကြားမှာရော ထဲထဲဝင်ဝင်၊ ထင်ထင်ရှားရှား ကျော်စောလှပါပေတယ် ဆရာကြီးခင်ဗျား"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော်တို့က အဲဒီလိုပညာရှင်မျိုးကို အနီးကပ်လေ့လာပြီး အင်္ဂလန်နိုင်ငံက မနောသုတေသနအသင်းနဲ့ ဆက်သွယ်ပေးဖို့ သုတေသနပြုသူများလို့ ပြောရင်လည်း ရပါတယ်"





"ဟုတ်ကဲ့"

"ကျွန်တော့်အမည်က ကိုနေချစ်ခင်ပါ"

"ကျွန်တော်က ကိုလချစ်ခင်လို့ ခေါ်ပါတယ်"

"ဒီဘက်က လူပုဂ္ဂိုလ်များက စာနယ်ဇင်းအဖွဲ့ပါ ..."

"ဘာကိုသိချင်ပါသလဲခင်ဗျာ"

"ဟောဒီ အရိုးနှစ်ချောင်းရဲ့ ဖြစ်ရပ်မှန် နောက်ခံရာဇဝင် အစိကအချက်များကို ဟောဒီစာအိတ်ထဲမှာ ကျွန်တော်တို့ အကျဉ်းချုပ် ရေးသားချိတ်ပိတ်ထားပါတယ်။ ဆရာကြီးက ဒီအရိုးနှစ်ချောင်းကို ကြည့်ရှုစစ်ဆေးပြီး ဆရာကြီးရဲ့ (မနောသုတ) အာရုံခံပညာရပ်နဲ့ ဟောပြောပေးဖို့ပါ"

"မသိလို့ မေးပါရစေ ... ဆရာလေးတို့ရယ်"

"ဟုတ်ကဲ့ ... မေးပါ ဆရာကြီး"

"ဟောပြောချက်များ အကယ်၍ လွဲချော်သွားရင် ဆရာလေးတို့က အဘကို ဒီကျောင်းဒီမြို့ကနေ မောင်းထုတ်ပစ်မှာလားဟင်"

"အဲ ... အဲ ..."

"အဲ ... ဒါ ... ဒါက ..."

"ဟို ... ဟို ... မောင်းမထုတ်ပါဘူး ဆရာကြီး။ ဒါပေမင့် လာရောက်စူးစမ်းလေ့လာသူများက လွဲရင် လွဲတဲ့အကြောင်း၊ မှန်ရင်မှန်တဲ့အကြောင်း သူတို့ဆန္ဒရှိသလို ထုတ်ဖော်ပြောဆို ရေးသားကြမှာပါ"

"မှန်ကန်ခဲ့ရင်ကော ... ဆရာလေးတို့ရယ်"

"ဆရာကြီး ဘာအလိုရှိပါသလဲ"

"အဘကိုယ်ကျိုးအတွက် ဘာမှအလိုမရှိပါဘူး။ အဘဖြစ်စေချင်တာက ဟောဒီရှေးဟောင်းသစ်လုံးကျောင်းအိုကြီး အမိုးအကာမလုံခြုံတာကို အဘ ပြုပြင်ကုသိုလ်ပြုနေတယ်။ အကယ်လို့များ အဘဟောချက်မှန်ကန်ခဲ့ရင် ဆရာလေးတို့အနေနဲ့ ဒီရှေးကျောင်းအိုကြီး ပြုပြင်ကုသိုလ်ပြုရာမှာ သဒ္ဓါသမျှ ကုသိုလ်တော်ပါဝင်ကြပါလို့ မေတ္တာရပ်ခံပါရစေ"

အားလုံး ခေါင်းညိတ်ကြသည်။ သဘောတူကြသည်။ ဒါ လှူသင့်ထုပ်ထိုက်သည့် ကုသိုလ်အလုပ်ဟု သဘောပေါက်နားလည်ခက်ခံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူတို့နှစ်ဦးက ဆရာကြီး ဦးရွှေလက်စွပ်ရဲ့ရှေ့မှာ အရိုး ထုပ်စက္ကူကို ဖြည်ပြလိုက်သည်။

အရိုးနှစ်ချောင်းသည် မတိမ်းမယိမ်း အရှည်ရှိကြ၏။ ဖြူဖွေးနေ၏။ မြေကြီးသားပေကျံမှုလည်း ရှိနေ၏။

ဆရာကြီးသည် အနည်းငယ်ကြီးသည့်အရိုးကို လှမ်းယူပြီး ထူး ဆန်းသောလက်စွပ်ငါးခုပါ ဘယ်လက်နှင့် ကောက်ကိုင်၍ လှန်လိုက်ကာ ညာလက်နှင့် အပေါ်မှ အုပ်ချလိုက်၏။

ပြီးနောက် အာရုံရယူသလို မျက်စိကိုမှိတ်လိုက်၏။ ခဏနေတော့ မျက်စိကိုဖွင့်လိုက်ပြီး အရိုးကိုစိုက်ကြည့်၍ ညာလက်ဝါးနှင့် အရိုးကို ဘယ် ညာထက်အောက် သုံးသပ် သပ်ချ ဆွဲယူလုပ်နေ၏။

"ပြောမယ်"

"ဟုတ်ကဲ့"

"သေသေချာချာ ရေးမှတ်ထား"

ကိုနေချစ်ခင်နဲ့ လချစ်ခင်တို့သာမက ကျွန်ုပ်နှင့် စာနယ်ဇင်းသမား အချို့ကပါ စာရေးစက္ကူကဒ်ကို ထုတ်၍ ရေးမှတ်ရန် အသင့်ပြင်ကြ၏။

"ဟောဒါ ... လူ့အရိုး"

"လူ့အရိုးတောင် အသက် (၃၀) အရွယ်ရှိ မိန်းမရဲ့ ဘယ်လက်ဖျံ အရိုး"

"အဲဒီမိန်းမသည် အပျိုဖြစ်တယ်"

"သက်ရှိထင်ရှားဘဝတုန်းက ဆံပင်ဒူးခေါက်ကွေးအထိ ရှည်လျား နက်မှောင်စွာ ရှိခဲ့ဖူးတယ်"

"သူမသည် ယောကျ်ားကို မယုံကြည်ဘူး"

"အထူးသဖြင့် ချောမောလှပပြီး ခေတ်ပညာတတ်ဆိုသည့် ယောကျ်ား သားများကို ပိုလို့ အယုံအကြည်မရှိဘူး"

"ဒီမိန်းကလေး ... ပညာရေးဘွဲ့ယူပြီးချိန်မှာ ကွယ်လွန်အနိစ္စ ရောက်သွားတာ"

"အနိစ္စရောက်ရသည့်ရောဂါက ဦးနှောက်အမြှေးရောင်ရောဂါ ကဲ့သို့သော အဖျားကြီး နာကျင်ကိုက်ခဲရောဂါပါ"





"သူမကို အုတ်ဂူမသွင်းဘဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့တယ်။ ဒါမြေကြီးထဲ က သူ့ရဲ့ ဘယ်လက်ဖျံရိုးပဲ"

"ဟောဒီအရိုးက လူ့အရိုးမဟုတ်ဘူး"

"တိရစ္ဆာန်တစ်ကောင်ရဲ့ အရိုး"

"ဘာတိရစ္ဆာန်လဲဆိုတော့ အရွက်စားသည့် ဆိတ်ကဲ့သို့သော တိရစ္ဆာန်ရဲ့ ညာလက်ဖျံရိုးပဲ"

"အဲဒီသတ္တဝါရဲ့အရောင်က အနက်ပေါ်မှာ အဖြူကွက်ကြီးနှစ်ကွက် ဘယ်ညာရှိခဲ့ဖူးတယ်"

"'သူဟာ တောစပ်တစ်နေရာမှာ ထိပ်ကို တူနဲ့ထုပြီး အသတ်ခံရ တာ တစ်လနီးပါးပဲရှိသေးတယ်"

"ဆိတ်ကို ခိုးပေါ်စားသူက သုံးဦး။ အခု သူတို့ အချုပ်ထဲမှာ"

"သနားဖို့ကောင်းတာက သူသေတော့ ကိုယ်ဝန်ရှိစ ဖြစ်နေတာ ပဲ"

"ကိုင်း ... ဆရာလေးတို့၊ ကျုပ်ရဲ့ အတိတ်နောက်ကြောင်း ပြန် ဟောချက်ပြီးပါပြီ။ စစ်ဆေးလို့ ရပါပြီကွယ်"

ဒီမှာပဲ သတင်းထောက်တစ်ဦးဟာ ချိတ်ပိတ်စာအိတ်ကို ဖွင့်ဖောက် ၍ အများကြားအောင် အော်ဖတ်ပြလိုက်လေသည်။

"မခင်ရွှေးခြယ်"

"အသက် (၃၀) နှစ်"

"အရပ် ၅ ပေ ၃ လက်မ"

"ဆံပင်အရှည်၊ ဒူးခေါင်းရောက်"

"မြန်မာစာနှင့်ဘွဲ့ရ။ အိမ်ထောင်မရှိ၊ အပျို"

"ကွယ်လွန်သည့်နှစ် ( ..... ) နှစ်"

"ကွယ်လွန်သည့်ရောဂါ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ"

"စိတ်ခံတတ်မှာ ယောကျ်ားခေတ်ပညာတတ်၊ ရုပ်ချော၊ အပြော ကောင်းသူများကို ယုံကြည်လေ့မရှိ။ ရိုးသားဖြောင့်မတ်ခြင်းကို တန်ဖိုးထား သည်"



www.burmeseclassic.com

www.burmeseclassic.com



"အုတ်ဂူမသွင်းပါ"

"မြေကြီးထဲမှာ မြှုပ်ပါသည်"

"ဤလက်ဖျံသည် ကွယ်လွန်သူ မခင်ရွှေးခြယ်၏ ဘယ်ဘက် လက်ဖျံရိုးဖြစ်သည်"

ကျွန်ုပ်တို့အားလုံးသာမက မယုံ၍ စစ်ဆေးမေးမြန်းသူ ကိုနေချစ်ခင်တို့ရော၊ သတင်းထောက်များပါ အံ့ဩကုန်ကြ၏။

ဆရာကြီးကိုလှမ်းကြည့်တော့ ဆရာကြီးက နဖူးပေါ်မှချွေးများကို လက်ကိုင်ပဝါနှင့်သုတ်ရင်း ကွမ်းဝါးနေသည်ကို မြင်ရ၏။

"နောက်တစ်ရွက် ဖတ်ပါဦး ... ကိုပြုးဝင်းချို"

သတင်းထောက်က နောက်တစ်ရွက်ကို ဆက်ဖတ်သည်။

"ဤဆိတ်သည် နှိုးသတ်စားခံရသည့် ဆိတ်မဖြစ်သည်။ အရောင်မှာ အနက်ပေါ်မှာ အဖြူကွက်ညှပ်ထားသည်။ တောစပ်မှာ ထိပ်ထုသတ်စားခံရသည်။ အသတ်ခံရသည့်ဆိတ်မ၌ ကိုယ်ဝန်ရှိနေ၏။ နောက်တစ်ပတ်အကြာမှာ ဆိတ်ခိုးသူသုံးဦးကို ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

ဆိတ်ကျွမ်းကျင်သူများပြောချက်အရ ဤအရိုးသည် ဆိတ်မ၏ ညာလက်ဖျံရိုးဖြစ်သည်"

"ကိုင်း ... ကျေနပ်မှုရှိပါသလား။ ကိုနေချစ်ခင်နဲ့ ကိုလချစ်ခင်တို့ခင်ဗျား ..."

ကိုနေချစ်ခင်နှင့် ကိုလချစ်ခင်တို့သည် ဆရာကြီးရဲ့ဟောချက်နှင့် သူတို့ ကြိုတင်ပြုစုရေးမှတ်ထားသည့် အချက်အလက်များ အားလုံးရှေ့မှာ ငြင်းမရအောင်ကိုက်နေ၍ ဆရာကြီးကို လေးစားစွာကြည့်လိုက်ရင်း အလွန်ကို အံ့ဩနေကြလေ၏။

ငင်းနောက် ရွှေးကျောင်းအိုကြီး ပြုပြင်ရန်အတွက် အလှူငွေများ အသီးသီး ပါဝင်ကုသိုလ်ပြု လှူဒါန်းသွားကြလေသည်။

✿ ✿ ✿

# [ ၆ ]

❏

ဒီလိုနှင့် အတိတ်ဘဝဖြစ်စဉ်ကို ပြန်ပြောပြနိုင်သည့် ထူးဆန်းသော …ပညာရှင်အဘိုးအို ဦးရွှေလက်စွပ်နှင့် ကျွန်ုပ်သည် အဝင်အထွက်များ …သောအခါ ရင်းနှီးကျွမ်းဝင်၍ လာကြသည်။

ဆရာကြီး ဦးရွှေလက်စွပ်ကလည်း ကျွန်ုပ် ဂမ္ဘီရစာရေးဆရာမှန်း …များတော့ လွန်စွာ ဝမ်းသာသွား၏။

"မောင်ရင်က ဂမ္ဘီရစာရေးဆရာကိုး။ အိမ်း ... မောင်ရင်တို့လို …ဆန်းကြယ်စိတ်ဝင်စားသူများနဲ့ ရင်းနှီးကြုံတွေ့ရတာလည်း ဝမ်းသာ…ည်။ အချို့သောကိစ္စတွေကို အဘတို့က လူအချို့နားလည်အောင်၊ …တွက် လူတိုင်းနားလည်လက်ခံအောင် ပြောမပြတတ်ဘူး။ ကိုရင်တို့ …လေးတို့လို ခေတ်ပညာတတ် ဖြစ်ရပ်ဆန်းကြယ် စိတ်ဝင်စားသူများ …လျှင် အားလုံးသဘောပေါက်နားလည်အောင် ရေးသားပြောဟော …ပေကိုးကွယ်"

"အဘဆရာကြီးခင်ဗျာ ..."

"ပြောပါ စာရေးဆရာ။ မေးပါ၊ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဘဆရာကြီးရဲ့ ထိုးထွင်းထွင်းဖောက်သိမြင်မှု အသိပညာဟာ အလွန်ကို အံ့သြဖို့ကောင်းပါတယ် အဘ။ ကျွန်တော်သိချင်တာက အဘ ဒီပညာရပ်ကို လေ့ကျင့်လို့ရခဲ့တာလား၊ ဒါမှမဟုတ် ပညာရှင်တစ်ဦးက ပညာအမွေ လက်ဆင့်ကမ်းသည့်အနေနှင့် လက်ဝါးရိုက် ဆေးခွဲ့ အစီအရင် ပေးခဲ့လို့ ပြောဟောနိုင်တာလားဆိုတာကို သိချင်လို့ပါ"

"ကျင့်လျှင် ရနိုင်တယ်"

"ဟုတ်ကဲ့"

"ဒါပေမင့် ကျင့်သူတိုင်း အားလုံးရမှာမဟုတ်ဘူး"

"ဘယ်လိုအဓိပ္ပာယ်ပါလဲ အဘ"

"လူတိုင်း ပညာရမယ်ဆို ကျင့်ကြမှာပဲ။ ကျင့်ကြံတိုင်းရလျှင် အိန္ဒိယ၊ တိဘက်၊ ဟိမဝန္တာ၊ သီရိလင်္ကာ၊ မြန်မာ စသည့်နိုင်ငံတွေမှာ ထူးဆန်းသည့် ယောဂီ၊ ဖကီး၊ ဆာဒူး၊ သူတော်စင်တွေ မှိုလိုပေါက်ပြီး ဟောပြောကုန်ကြမှာပါ။

အဟောအပြောလွန်ကျူးလာရင် ဘုရားမဲ့ဝါဒ၊ ဘုရားကိုယုံကြည်မှု၊ ရတနာသုံးပါးကိုးကွယ်မှုမှာ အားနည်းလာပြီး ဘိုးတော်၊ မျောက်စေ ဆရာ၊ ဖကီး၊ ဆာဒူး၊ ယောဂီရသေ့၊ သူတော် စသူတွေကို ကိုးကွယ်ရာ အဖြစ် အားထားကုန်ရင် ဘာသာရေးအစစ်အမှန် တိမ်ကောပျက်စီးသွားမှာပေါ့။

ဒါကြောင့် ပညာရပ်တိုင်း၊ ဉာဏ်စဉ်တိုင်း၊ အဆင့်တိုင်းမှာ ပါရမီ ဓာတ်ခံရယ်၊ ပဋ္ဌာန်းဆက်ရယ်၊ သီလ၊ သမာဓိ၊ ပညာ ... အရာတွေက စာမေးပွဲစစ်သလို ထိန်းချုပ်စိစစ်ပြီး အံ့ဖွယ်လူသားကို မွေးဖွားပေးကြတာပဲ။ ဒါကြောင့် ရှိတယ်ရှားတယ်။ အဲဒီ ရှားရှားပါးပါးရှိတာတောင် လောဘ ဒေါသ၊ မောဟနောက်၊ ဝိသမလောဘနောက်လိုက်သွားရင် ပညာပျောက် ကရော"

"အဘရော ဘယ်လိုကံစီမံမှုနဲ့ ရပါသလဲ"

"အဲဒါကို အဘပြောလို့မဖြစ်ဘူး စာရေးဆရာ"

"ဘာဖြစ်လို့ မပြောနိုင်ပါသလဲ အဘ"





"အဘ ကတိခံခဲ့လို့ပဲ"

"ကတိ ... ဟုတ်လား"

"ဟုတ်တယ် ... စာရေးဆရာ။ အရိပ်အမြွက်ကိုပြောရရင် အဘ တောင်ကိုးတောင်မှာ သမထအဓိဋ္ဌာန်စခန်းဝင်ခဲ့တာ နှစ်မနည်းဘူး။ အဲဒီမှာ အဘ အခက်အခဲအမျိုးမျိုး၊ ဒုက္ခဆင်းရဲအမျိုးမျိုးနဲ့ မျက်ရည်ပေါက်ကြီး ငယ်ကျ၊ ကြက်သီးဖြန်းဖြန်းထ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်များကို သေလုမျောပါးဘဝအထိ ကျင့်ကြံပွားများရင်း ခံစားခဲ့ရတယ်။

တစ်နေ့ပေါ့ကွယ် ...။ အဲဒီ ထူးဆန်းအံ့ဖွယ်နေ့တစ်နေ့နဲ့ ည တစ်ညရဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းကို အသက် (၇၀) အရွယ်ရောက်မှ လူအများကို ဖွင့်ပြောပါ့မယ်လို့ အဘ ကတိခံခဲ့တယ်"

"ဘယ်လိုပုဂ္ဂိုလ်လည်း ... အဘ။ ဘုန်းကြီးရဟန်းလား၊ လူလား၊ ဝိဇ္ဇာလား၊ ရဟန္တာသူမြတ်လား"

"ဒါကို စာရေးဆရာတို့ မသိချင်ပါနဲ့။ အဘ အခု အသက် (၆၀) ထဲ ရောက်နေပါပြီ။ ကံကောင်းလို့ (၇၀) ထိ နေခွင့်ရရင် ဒီဖြစ်ရပ်ဆန်း ကြယ်များအကြောင်း အဘ စာရေးဆရာတို့ကို လုံးစေ့ပတ်စေ့ ပြောပြပါ့ မယ်။ (၁၀) နှစ်လောက်ပဲ စောင့်ကြပါကွယ် နော်"

ကျွန်ုပ်သည် ကတိသစ္စာကို စောင့်သိတန်ဖိုးထားသည့် ပညာရှင် အဘိုးအိုကို လေးစားသွားခဲ့၏။

"အဘ ..."

"အိမ်း ... ပြော စာရေးဆရာ"

"အနာဂတ်ကို ဘာလို့ မဟောတာတုံး အဘ"

"ဟောနိုင်ပါတယ်။ မဟောကောင်းလို့ပါ"

"ဘာလို့ ..."

"လူဟာ ရေနစ်ချမ်းသာမယ်လို့ ဟောရင် ဝမ်းသာနှစ်သက်တာ ပဲ။ ဒီလိုမှမဟုတ်ဘဲ ရေနစ်စီးပွားပျက်မယ်၊ လင်မယားကွဲမယ်၊ အနိုင်ခံ မယ်၊ မီးလောင်မယ်လို့ မြင်တဲ့အတိုင်းဟောရင် အဟောခံရသူ ကြိုက်မှာ လား။ မကြိုက်တဲ့အပြင် ဟောသူဆရာကိုတောင် အပုပ်ချမယ်၊ ကဲ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ရန်လုပ်မယ်၊ အမုန်းများတာပဲ အဖတ်တင်မယ်။ ဒါကြောင့် အနာဂတ်ရဲ့မြင်ကွင်းကို မဟောတာ။

တစ်ခုတော့ရှိတယ်။ အသက်ဘေးနဲ့ အမှန်တကယ်ကြုံရမှာကို မြင်နေရင်တော့ တစ်ခါတစ်ရံ အမုန်းခံ၊ အချစ်ခံပြီး ဟောရတော့တာပဲ။ ဒါကလည်း ဘုရားကြိုက်၊ နတ်ကြိုက် လူ့အသက်ကို ကယ်ချင်လို့ပါပဲလေ"

ဒီလိုနှင့် အဘဆရာကြီး ဦးရွှေလက်စွပ်၏ ထူးခြားဆန်းကြယ်သည့် ဂုဏ်သတင်းသည် မြို့နယ်အတော်များများသို့တိုင် ပျံ့နှံ့ကျော်စော၏။ ပဗ္ဗည်းပျောက်၊ လူပျောက်၊ ကျွဲပျောက်နွားပျောက်၊ အိမ်ပေါ်ကနေ စိတ်ဆိုး၍ ဆင်းသွားသူများ . . . မှသည် . . .

ဆရာကြီးရဲ့ ပညာအစွမ်းကိုသိလို၍ ဟိုကဒီကပဗ္ဗည်းများ ရှာဖွေယူလာပြီး ကြည့်ရှုဟောပြော့ အကဲဖြတ် ချီးမွမ်းကြ၏။

တစ်ခါတစ်ရံ ရဲတပ်ဖွဲ့မှ လူသတ်မှုအခက်အခဲများကိုပင် ဆရာကြီးသည် သဲလွန်စရအောင် ပုံဖော်ဟောပြောနိုင်၍ စခန်းအချို့မှ တာဝန်ရှိသူများက ဆရာကြီးကို ကျေးဇူးတင်ကြ၏။ ရိုသေလေးစားကြ၏။

များမကြာခင်မှာပင် အများရဲ့ လှူဒါန်းငွေများဖြင့် ဆရာကြီး ဦးရွှေလက်စွပ်ဦးဆောင်ပြီး ရှေးဟောင်းကျွန်းကျောင်းအိုကြီးကို စတင်ပြုပြင်ကြရာ . . .

အမိုးအကာမလုံသည့် ကျွန်းလုံးကျောင်းအိုကြီးသည် ကြည့်ရှုတင့်တယ် နေချင်စဖွယ်ဖြစ်လာခဲ့၏။

အညာဒေသ၊ မြေလတ်ဒေသ၊ တောင်ပေါ်ဒေသမှ စာသင်သားကိုရင်ရဟန်းတို့ ကြွရောက်သီတင်းသုံးစာသင်လို့ စိတ်ချမ်းမြေ့သည့် ကျောင်းအာရမ်နေရာဌာနကြီး ဖြစ်လာခဲ့လေသည်။

✿ ✿ ✿

| ၇ |

□

တစ်နေ့သောအခါ ကျွန်ုပ်သည် အညာကျေးလက်ဒေသဘက်သို့ အရေးရန်ခရီးသွားရင်း ရှင်မတောင်ဆိုသည့်ရွာသို့ ရောက်သွားခဲ့လေ၏။

ရှင်မတောင်ခြေရှိ အမေ့ရွာ၊ အဖေ့ရွာ စသည့် ထူးဆန်းသောနာမည်များဖြင့် ချစ်စရာကောင်းသော မြန်မာရွာများကို သွားရောက်လည်ပတ်ရင်း . . .

မမျှော်လင့်ဘဲ ဆရာကြီးဦးရွှေလက်စွပ် နေထိုင်ခဲ့သည့် (. .) ဆိုသော ရွာကြီးကို ရောက်သွားလေ၏။

ဖြစ်ပုံကား . . .

ဆရာကြီးဦးရွှေလက်စွပ်ရဲ့ မနော့ပညာဟောပြောချက်၊ အကျိုးပြုပုံအကြောင်း ရှေးပညာလူကြီးသူမများနှင့် စကားစပ်၍ပြောရာမှာ ဤ (. . . . .) ရွာသည် ဆရာကြီး ဦးရွှေလက်စွပ်ရဲ့ ပျို့ရွယ်သောဘဝနှင့် အချစ်ရေးဘဝ အခြေချခဲ့သည့်နေရာမှန်း သိရသောအခါ ကျွန်ုပ် ပို၍ အံ့သြဝမ်းသာသွားခဲ့ရလေသည်။

ဆရာကြီးဦးရွှေလက်စွပ်၏ ရပ်ဆွေရပ်မျိုး၊ ရွာဆွေရွာမျိုးများ ပြောပြချက်အရ . . .

ဆရာကြီး ဒီရွာမှာ 'မမိုးသူဇာညို' ဆိုသည့် မိန်းကလေးနှင့် ချစ်ခင်နှီးစွာ အိမ်ထောင်ကျသွားခဲ့ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



အညာခလေ့ . . . ဟိုမြို့သည်ရွာကူးသန်းပြီး သနပ်ခါးချိန်သနပ်ခါး ပြောင်းချိန်ပြောင်း၊ ပဲချိန်ပဲ ဖနီးမောင်နှံနှစ်ဦး ဒိုးတူပေါင်ဖက် လုပ်ကိုင်စား သောက်ရင်း ငွေစုဆောင်းမိလာပုံ၊

ဖနီးသည် မမိုးသူဇာညိုကို ကိုရွှေလက်စွပ်က ဆွဲကြိုး၊ လက် ကောက်၊ လက်စွပ် ဝယ်ယူဆင်မြန်းပေးပြီး ချစ်ဖနီးကို ကြည့်မဝ ရှုမဝ ဖြစ်နေချိန် . . .

တစ်နေ့ အညာလှည်းကြီးနှင့် ဟိုးချစ်ဖနီးရဲ့မိခင်ရှိရာ ( . . .) ရွာ သို့ သွားရောက်စဉ် လမ်းခရီးမှာ လူမသမာဓားပြများနှင့် ကြုံခဲ့ရပြီး လှည်း မောင်းပြေးရာမှာ မမိုးသူဇာညိုသေနတ်မှန်၍ နေရာတင်ပွဲချင်းပြီး သေဆုံး သွားခဲ့သည်။

ကိုရွှေလက်စွပ်ကတော့ သေနတ်မှန်သွေးလွန်ပြီး မေ့မြောသွားခဲ့ သည်။ လူဆိုးဓားပြများက ရွှေငွေပစ္စည်းများကိုယူပြီး ပြေးထွက်သွားကြ သည်။

နောက်ဆုံး အနီးဝန်းကျင်မှ ခရီးသွားများတွေ့ပြီး မြို့ဆေးရုံသို့ ရောက်၍ ဆေးရုံမှာ တစ်လခန့်ဆေးကုပြီး အသက်ပြန်ရှင်ခဲ့ရသည်။

ချစ်ဖနီးသည်ရဲ့အလောင်းကိုမူ ချစ်သူ့ရွာမှာပဲ မီးသဂြိုဟ်၍ သချိုင်း မှာပဲ အရိုးအိုးမှတ်တိုင်ခပ်ရှယ်ရှယ် အမှတ်တရစိုက်ထူခဲ့လိုက်သည်ဟု သိရ သည်။

ကျွန်ုပ်အား မမိုးသူဇာညို၏ အရိုးများမြှုပ်နှံရာ အရိုးအိုးကျောက် တိုင်ရှိရာသို့ အညာသားမိတ်ဆွေများက မှတ်မှတ်ရရ လိုက်ပို့ကြလေ၏။

အရိုးအိုးအုတ်ခုံလေးသည် နှစ်များစွာကြာခဲ့ပြီမို့ ပျက်စီးပြီး အုတ်ခဲ များ ဖွာလံစပြုနေ၏။

အချို့နေရာမှာ ကျင်းကလိုင်ပေါက်များဖြစ်ပြီး မြေကြွက်ကြီးများ ဝင်ထွက်နေကြ၏။

ဒီမှာပဲ ကျွန်ုပ်သည် အုတ်ဂူပေါက်ကို တုတ်နှင့်ဆွပြီး အုတ်ကျိုး အချို့ကို ဖယ်လိုက်သောအခါ လူဦးခေါင်းခွံတစ်ခုကို မမျှော်လင့်ဘဲ တွေ့ လိုက်ရလေသည်။

❁ ❁ ❁

[ ၈ ]

❑

ကျွန်ုပ်သည် အဘဆရာကြီး ဦးရွှေလက်စွပ်ကို လေးစား၏။ ရိုသေ ၏။ ချစ်ခင်၏။ ကြည်ညို၏။ ဆရာကြီးရဲ့ ပညာပိုင်းဆိုင်ရာ အသိကိုလည်း တန်ဖိုးထားဂုဏ်ယူပါ၏။

သို့သော် . . .

ကျွန်ုပ်မှာ အကျင့်ဝသီတစ်ခုရှိ၏။ အချို့သောကိစ္စများကို ကိုယ် တိုင်ကိုယ်ကျ ထဲထဲဝင်ဝင် လေ့လာစူးစမ်းကြည့်ရမှ အားရကျေနပ်သည် ရှိ၏။

ယခု ကျွန်ုပ်သည် အတတ်ပညာ ( . . . . .) သချိုင်းမှ တကူး တက ယူဆောင်လာသည့် လူဦးခေါင်းခွံဟောင်းကြီးကို လွယ်အိတ်ထဲမှ ထုတ်လိုက်ပြီး ဆရာကြီးရှေ့မှာ ခင်းချပြလိုက်၏။

"ဟ . . . စာရေးဆရာ"

"ခင်ဗျာ . . . အဘ"

"ဘယ့်နှယ် လူဦးခေါင်းခွံကြီးယူလာပြီး ဘာလုပ်မလို့တုံး"

"ဆရာကြီးကို စပ်စေးဟောပြော ကြည့်စေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . နေပါဦး။ စာရေးဆရာရေ။ ဒီလူဦးခေါင်းခွံဟာ စာရေးဆရာနဲ့ ဘယ်လိုပတ်သက်ဖူးလို့တုံးကွယ့်"

"ကျွန်တော်နဲ့ မပတ်သက်ပါဘူး အဘ။ သို့သော် ဒီဦးခေါင်းခွံနဲ့ ပတ်သက်ခဲ့သူတစ်ဦးရှိတယ်။ ဒီဦးခေါင်းခွံကလည်း သူနဲ့တစ်ချိန်တုန်းက ပတ်သက်ခဲ့သူကို တွေ့ချင်ရှာမှာပဲဆိုတဲ့ မုဒိတာစိတ်နဲ့ ကျွန်တော် ယူလာတာပါ။ မှန်ရာပြောရရင် ဆရာကြီးရဲ့ မနောပညာပိုင်းဆိုင်ရာ အမြင့်ဆုံးစိတ်ကို ကျွန်တော် သိချင်လို့ပါ။ အဘဆရာကြီး ဒီလူဦးခေါင်းခွံကိုကြည့်ပြီး ဒီလူဦးခေါင်းခွံရဲ့ဘဝကို ပြောပြပါဆရာကြီး ခင်ဗျား"

ဆရာကြီးသည် ကျွန်ုပ်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေ၏။ သည့်နောက် အောက်နားပဲ့ကြွေစပြုနေသည်ကို ဦးခေါင်းခွံဖြူညိုမည်း သွားစေ့စေ့ကြီးပေါ်သို့ လက်စွပ်များဝတ်ထားသည့် ဘယ်လက်ကို တင်လိုက်သည်။

ဒီမှာပဲ ဆရာကြီးရဲ့လက်သည် ရုတ်ခနဲဖြစ်ပြီး နောက်သို့ ကြွဆုတ်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရ၏။

သည့်နောက် ဆရာကြီးသည် ဦးခေါင်းခွံကို အနီးကပ်၍ သေသေချာချာကြည့်တော့၏။ ကြည့်သမှ ပတ်ချေ့လုံးချေ့ကို ကြည့်နေ၏။

ဦးခေါင်းခွံ၏နားထင်နေရာမှာ ကွမ်းသီးလုံးငယ်ခန့်ရှိ အပေါက်တစ်ပေါက်ကို ဆရာကြီး စိုက်ကြည့်နေ၏။

၎င်းနောက် ဆရာကြီးသည် လူဦးခေါင်းခွံပေါ်သို့ လက်နှစ်ဖက်ကို အုပ်တင်လိုက်ပြီး မျက်စိကိုမှိတ်၍ သမာဓိအာရုံများကို စုစည်းစူးစိုက်လိုက်သည်။

ဆရာကြီး မျက်စိကိုဖွင့်ပြီး မျက်တောင်မခတ်ဘဲ လူအရိုးခေါင်းခွံကို လက်နှင့်ပွတ်သပ်ပြီး စူးစိုက်ကြည့်လိုက်သည်။

ကျွန်ုပ်ကလည်း ဆရာကြီးရဲ့မျက်နှာကို မမှိတ်မသုန်စိုက်ကြည့်ပြီး ဆရာကြီးရဲ့ဟောချက်ကို နားစွင့်နေလိုက်၏။

ဆရာကြီးရဲ့နှုတ်မှ တုန်ခါသောအသံကို စတင်၍ကြားရသည်။

"စာရေးဆရာ . . ."

"ဟုတ်ကဲ့ ဆရာကြီး"





"ဒီ . . . ဒီ . . . ဦးခေါင်းခွံဟာ . . . ဒီ . . . အောက် . . . ပြည်အောက်ရွာက မဟုတ်ဘူး"

"ဟုတ် . . . ကဲ့ . . . ပြောပါ ဆရာကြီး"

"ဒါ . . . အညာသူမိန်းမရဲ့ ဦးခေါင်းခွံ"

"ဗျာ . . ."

"သူနေတာ အညာသချိုင်းမှာ"

"သူသေတော့ အသက် (၃၁)နှစ်"

"သူ . . . သူ့ . . . မှာ . . . ကာမပိုင် . . လင်သား ရှိခဲ့ဖူးတယ်"

"သူမအပေါ် အလွန်ချစ်မြတ်နိုးခဲ့တယ်"

"ဒါ . . . ဒါ . . . ပေမင့် . . . ဒီ . . . ဒီမိန်းကလေး . . . သူ့မိခင်ရွာကိုအသွားမှာ မသမာသူတွေပစ်လိုက်တဲ့ သေနတ်ကျည်ဆန် သူမရဲ့ နားထင်ကိုမှန်ပြီး အညာလှည်းကြောင်းကြီးပေါ်မှာ ပွဲချင်းပြီး သေဆုံးသွား . . . ခဲ့ . . . တယ်"

ဆရာကြီးဟာ ပြောရင်း အသံတုန်ခါလာသည်။ ဒါနှင့်အတူ ဆရာကြီးရဲ့မျက်လုံးအိမ်မှလည်း မျက်ရည်စတို့ စိုစွတ်စီးလိမ့်ကျစ ပြုလာခဲ့သည်ကို ကျွန်ုပ် မြင်လိုက်ရတော့သည်။

"ဆ . . . ရာ . . . ကြီး . . . ခင် . . . ဗျာ . . ."

"ပြော . . . ပါ . . . စာ . . . ရေး . . . ဆ . . . ရာ"

"သူ့အမျိုးသားရော ဘာဖြစ်သွားပါသလဲခင်ဗျာ"

"သူ့အမျိုးသားဝမ်းဗိုက်မှာ ကျည်ဆန်ဖောက်သွားပြီး မသေဘဲ ဆေးရုံ . . . ကို . . . ရောက်သွားလို့ အသက်ရှင်ခဲ့ရတယ်"

"အို . . . ဘုရား . . . ဘုရား . . ."

"စာရေး . . . ဆ . . . ရာ . . ."

"ခင် . . . ဗျာ . . . အ . . . ဘ . . ."

"စာရေးဆရာ . . . ဟောဒီအရိုးခေါင်းပိုင်ရှင် . . . မိန်းမရဲ့ . . . ထင် . . . သားကို . . . တွေ့ . . . ချင် . . . ပါ . . . သလား"

"ဗျာ . . . ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ ... ချင် ... သလား"

"အဲ ... အဲ ... ဟုတ် ... ကဲ့ ... ခင် ... ခင် ... ဗျာ"

"ဒီမှာ ... စာရေး ... ဆ ... ရာ ..."

အဘဆရာကြီး ဦးရွှေလက်စွပ်သည် ပြောရင်းမှသည် ဦးခေါင်းခွံပေါ်က သူ့လက်အစုံကိုရုပ်လိုက်ပြီး သူ့ခန္ဓာကိုယ်ပေါ်က အင်္ကျီလက်စကရဲ့အောက်ပိုင်းကို လက်နှင့် လှန်ပြလိုက်သည်။

အလို ... ဘုရားရေ ... ကျွန်ုပ်မြင်လိုက်ရသည်ကား အဘဆရာကြီးဦးရွှေလက်စွပ်ရဲ့ ညာဘက်ဝမ်းဗိုက်မှာ ချုပ်ရိုးဟောင်းကြီးတစ်ခုကို မြင်လိုက်ရလေသည်။

ချုပ်ရိုးနေရာသည် အသားအရေစ ရှုံ့နေ၏။

"အဘ ..."

"စာ ... ရေး ... ဆရာ ..."

"ဒါ ... ဒါ ... ဆို ... အဘ ... ဟာ ... ဟောဒီ ... အရိုးခေါင်း မိန်းမ ..."

"စာရေးဆရာ ... ဒီ ... ဒီ ... အရိုးခေါင်း ... မိန်းမရဲ့ အမည်ကိုရော သိချင်သေးသလား"

"အမည်က ..."

"မ ... မိုး ... သူ ... ဇာ ... ညို ..."

"ဗျာ ... ဒေါ် ... မိုး ... သူ ... ဇာ ... ညို ..."

"ဟုတ်တာပေါ့ ... စာရေးဆရာ ... ရယ်။ မ ... မိုး ... သူဇာ ... ညိုဟာ ... ကျုပ် ... ကျုပ် ... ရင်နှင့်အမျှ ချစ်ခဲ့ရသည့် ဇနီးပေါ့။ သူကွယ်လွန်သွားပြီးတော့ ... ကျုပ် ... ကျုပ် ... တရားစခန်းတွေ ... လှည့် ... ခဲ့ ... ရ ... တာပေါ့ ... ကွယ်။ ဟူး ... လွမ်း ... စရာတွေ ပြန် ... ဖြစ်ခဲ့ရပေါ့"

ဆရာကြီးဦးရွှေလက်စွပ်ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းနှစ်ခု တွဲရရွဲခိုနေသည်ကို မြင်ရသည်။





ဆရာကြီးသည် သူ့ချစ်သူဇနီးသည်ရဲ့ဦးခေါင်းခွံကို ရင်မှာပိုက်ပြီး အဝေးတစ်နေရာကို ငေးကာနေ၏။

သည်မှာပဲ ကျွန်ုပ်က ဆရာကြီးနေခဲ့ဖူးသည့် အညာရွာကြီးသို့ ရောက်ခဲ့ရင်း ဆရာကြီးရဲ့ ဘဝအစိတ်အပိုင်းအချို့ကို သိခဲ့ရပုံနှင့် ...

ဆရာကြီးရဲ့ပညာအစွမ်း မည်မျှ ထက်မြက်လေးနက် တိကျသေချာသည်ကိုသိလို၍ ဆရာကြီးဇနီးသည်ရဲ့ ပြိုပျက်နေသည့်အရိုးအိုးဂူမှ ဦးခေါင်းခွံကိုယူလာပြီး ဆရာကြီးရဲ့ပညာအစွမ်းကို စမ်းသပ်မှတ်ကျောက်တင်ခဲ့ကြောင်း ပြောဆိုဝန်ခံပြီး ဆရာကြီးအား ခွင့်လွှတ်ပေးပါရန် ဦးသုံးကြိမ်ကန်တော့၍ ဝန်ချတောင်းပန်လိုက်ရလေသတည်း။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

# တောင်မှူးကြီးသိန်းဝင်း
# တပြုံး



| ၁ |

❑

၁၉၇၂ ခုနှစ်တွင် ကျွန်တော်တို့ရ ကျောင်းပြီးသဖြင့် 'အ'သုံးလုံး ...အားပေး မလိုက်နိုင်တော့။ သို့သော် အလုပ်ကမရသေးသဖြင့် အားလပ် ...သည်။ 'အ' သုံးလုံး ရာသီချိန်ဖြစ်သဖြင့် မတ်လထဲရောက်သည်နှင့် ခရီး ...ရန် ပိုးကထလာပြန်သည်။ အညာနွေသည် ရန်ကုန်ထက် ပူပါသည်။

သို့သော် ထိုအညာနွေကို ကျွန်တော် လွမ်းသည်၊ အညာတမာရနံ့ ...ကျွန်တော် သဘောကျသည်။ နွားချေးခြောက်နံ့သင်းသော အညာရွာတွင်း ...က်ပင်ရိပ်၌ သရက်သီးစိမ်းစားရသည်ကို ပြန်သတိရသည်။ နှုတ်သီး ... တစ်ကိုယ်လုံး စိမ်းနေသော ကြက်တူရွေးများကလည်း အုပ်လိုက် ...က်သီးစားကြသည်။

သူတို့စားသည်က ကျွန်တော့်လိုမဟုတ်။ သရက်ပင်ပေါ်ရှိ ကြုံရာ ...က်သီးကို ထိုးဆိတ်၍ စားကြရာ အလေအလွင့် အတော်များသည်။ သရက် ...အောက်၌ သရက်သီး အပွဲအရွဲများက တောင်ပုံရာပုံ၊ ကြက်တူရွေးများ ... ကျွန်တော့်လိုပင် နေပူပူအချဉ်ကြိုက်သော ငှက်မိုက်များ ဖြစ်ပုံရ ...

www.burmeseclassic.com



အညာတွင် တကယ်တော့ အသီးအနှံက ရှားပါသည်။ လမ်းဘေး တွင် ပေါက်နေသော တောဇီးသီးနှင့် အရိုင်းဝင်နေသော သရက်သီးလော တော့ ပေါသည်။ ရေဇက်ဒဏ်ခံနိုင်သော ခံသီးပင်၊ ဇီးသီးပင်နှင့် ထန်း များတော့ ပေါသည်။

ကျွန်တော် ရန်ကုန်တွင် မနေချင်တော့။ (၃) နှစ်ဆက်တိုက်၊ ကျော ဆည်၊ အမရပူရ မုံရွာမြို့နယ်များသို့ 'အ'သုံးလုံး သင်တန်းသွားခဲ့သ ယခု ကျောင်းကြီးပြီးတော့လည်း မနေတတ်ပြန်။ ထို့ကြောင့် မိဘများအ ခွင့်ပန်ပြီး ၁၉၇၀ ခုနှစ်က 'အ'သုံးလုံး လုပ်အားပေးခဲ့ဖူးသော အမရပူရမြို့ နယ်၊ ရှမ်းရွာကြီးသို့ မီးရထားဖြင့် တစ်ဦးတည်း ခရီးထွက်ခဲ့ပါသည်။ ရှမ်းရွာ ကြီးမှာ အမရပူရမြို့နယ် အစွန်ဖြစ်သဖြင့် အတွင်းကျပြီး သွားလာရန် ခက် သည်၊ လိုင်းကားက ရွာအထိမရောက်၊ လမ်းလျှောက်ရသေးသည်။

ရှမ်းရွာကြီးသို့သွားရန် လမ်း (၂)လမ်းရှိသည်။ တစ်လမ်းက တော မြို့ ဦးပိန်တံတားဘက်မှသွားပြီး နွားမွေးသော ကုလားရွာများကို ဖြ ကျော်၍ ကံဘဲ့လမ်းဆုံရွာအထိ လိုင်းကားရောက်သော်လည်း ကံဘဲ့တာ ရွာမှတဆင့် ရေပုပ်ရွာအထိ၊ ဖွက်တောလမ်းကြီးအတိုင်း (၂)မိုင်ခန့်အတွ ဝင်ရသည့်လမ်းဟု ဆိုသော်လည်း နွားမွေးပြီး နွားနို့နှင့် မလိုင်ခဲလုပ်သော ရွာများဖြစ်ကြသဖြင့် လှည်းလမ်းမကြီးမှ မိုးရာသီတွင် ဖွက်တောအတိ၊ ရာသီတွင် နွားခြေရာ၊ ကျင်းချိုင့်များအတိ၊ လမ်းဆုံးတော့ ရေပုပ်ရွာသို့ ရော သည်။ ထိုရွာကြီးက အတွင်းကျသော်လည်း လူနေအိမ်ခြေများပြီး ကြွယ် သူ ပေါသည်။ မန္တလေးသွား လိုင်းကား (၂) စီးကိုပင် ရေပုပ်ရွာက ထော ထားခြင်းဖြစ်သည်။ ချက်ဖလက်မိုက်ပူ၊ ခရီးသည်တင်ကားကြီးများ သည်။ နွေရာသီလမ်းသာလျှင်တော့ ထိုကားကြီးများက ရေပုပ်ရွာအ ဝင်လာတတ်သည်။

ရေပုပ်ရွာမှ အတွင်းသို့ တစ်မိုင်ခန့်လမ်းလျှောက်တော့ ဆည်မ ကြီးမှ မြို့နယ်သို့ ရေပေးသော ရေမြောင်းကြီးရှိသည်။ ရေမြောင်းပေါ်၌ ဘက်က ကန်ပေါင်ရိုးလှည်းလမ်း၊ ဘယ်ဘက်က ကန်ဘောင်ရိုး မြော





ကားလမ်း၊ ညာဘက် လှည်းလမ်းဘေး၌ ကြီးမားသော သစ်ပင်ကြီးများ ရှားပါးသော်လည်း ဘယ်ဘက် မြေသားတာပေါင် ကားလမ်းဘေး၌ ဆည်မြောင်းဌာနက စိုက်ပျိုးထားသော သရက်ပင်၊ လက်ပံပင်၊ ယူကလစ်ပင်ကြီးများက လူကြီး(၂)ဘက်ခန့်၊ မြောင်းရေစောတ်နှင့် သစ်ပင်ကြီးများအရိပ်ကြောင့် လွန်စွာ အေးမြသော တာပေါင်လမ်းဖြစ်ချေသည်။

တာပေါင်လမ်းအတိုင်း တစ်မိုင်ခန့်လျှောက်လျှင် ရှမ်းရွာကြီးသို့ ဝင်သည့် တာပေါင်မြောင်းကူးတံတားသို့ ရောက်သည်။ ထိုမှ လယ်တောအတွင်း၊ လှမ်းမြင်နေရသော ရှမ်းရွာကြီးသို့ တစ်ဖာလုံခန့်လျှောက်မှ ရောက်သည်။ ဤရွာကလည်း လယ်စိုက်၊ နွားမွေးပြီး ရေသွင်းလယ်များအကြား မြေနိမ့်ပိုင်း၌ရှိသဖြင့် တစ်ရွာလုံး ဖွက်ထနေသည်။ သီပွဲမောင်ဝဏ် ပစ္စုရာဇ်ရွာနှင့် ထူးမခြားလှပေ။

ရွာတွင် အိမ်ခြေ (၅၀)ခန့်သာရှိသည်။ နှစ်ထပ်အိမ်ကြီးအိမ်ကောင်း ဆို၍ သုံးလေးအိမ်ထက်မပိုပါ။ ရွာကို ထန်းပင်နှင့် ကြသောင်းဝါး။ ဝါးနက်၊ ဝါးပင်များက ဝိုင်းရံနေသည်။ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည့် ရွာများဖြစ်ကြပါသည်။

နောက်ဝင်လမ်းတစ်လမ်းက ရှိသေးသည်။ မန္တလေးမြို့အထွက် ဆောင်ပင်လယ်ဘက်မှထွက်ပြီး ပြင်ဦးလွင် ကားလမ်းအတိုင်းသွား၍ တောင်ခြေ ကျောက်မီးတာဆုံရွာမှတဆင့် ဆည်မြောင်းလမ်းအတိုင်း အတွင်းသို့ ဝင်ခြင်းဖြစ်သည်။ မကျီးကန်၊ တံတိုင်းရှည်၊ ထိန်ပင်မိုင်လေးဆယ်၊ ဒဟတ်ကုန်း ရွာများလွန်တော့ ရှမ်းရွာကြီးကို လယ်ကွင်းများအလယ်တွင် ဝါးပင်များ ဝိုင်းလျက် မြင်ရသည်။

ရှမ်းရွာကြီးမှာ ပုဂံခေတ်၊ မိဖုရားစောမွန်လှ အဆက်အနွယ်တော်များ နေထိုင်ခဲ့ကြသဖြင့် အမည်တွင်ခြင်းဖြစ်သည်။ ရွာရှေ့တွင် ဆည်တော်ကြီးမှလာသော ရေနီမြောင်း။ ရွာအနောက်တွင် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) နှင့် ကြက်နဖားတောင်၊ တောင်ခြေတွင် ရွှေစာရံစေတီတော်၊ ရွာနှင့်ဆက်စပ်နေသော ကွင်းပြန့်အလယ်တွင် ထုံးဖြူဖွေးဖွေးဖြင့် လွန်စွာ သာယာသပ္ပာယ် ကြည်ညိုဖွယ်ရာပင်။

www.burmeseclassic.com



ဆည်တော်ကြီးမှ ရေသွင်းလယ်ယာများဖြစ်ကြသဖြင့် နွေ၊ မိုး၊ ဆောင်း၊ စပါးစိုက်သည်။ အချို့ခေတ်မီသူများက လယ်မစိုက်၊ မွေးမြူရေး ဆီးပင်များ စိုက်ကြသည်။ အရင်းအနှီးများသော်လည်း ထိုလုပ်ငန်းက လွန်စွာ တွက်ခြေကိုက်သည်ဟု ဆိုသည်။ ဆီးမျိုးကိုင်းပင်ကို ပထမဆုံးဝယ်၍ စနစ်တကျ မြေချစိုက်ပျိုးရသည်။ မြေသြဇာကျွေးရသည်။ ပိုးသတ်ဆေးဖြန်းရသည်။ ဆောင်းနှင့် နွေတွင် အသီးများသီးသည်။ အညာဒေသဖြစ်၍ ဆီးပန်းသီးလောက်တော့မကြီး၊ သံပုရာ၊ အကြီးစားခန့်တော့ရှိသည်။ ခြံပြတ် လာကောက်လာသူများအတွက် အလုပ်သမားများက အကြီးအသေး၊ အလတ်ရွေး၍ ခြင်းကျားကြီးများဖြင့် ထည့်ထားရသည်။ ဝယ်သူဖောက်သည်များက ဈေးဖြတ်၍ ဝယ်ခြင်းဖြစ်သည်။

မိုးဦးကျတော့ ဆီးသီးတုံးပြီး၊ အရွက်များကျချိန်တွင် ပင်ခွဆုံမှာ ကိုင်းတက်များချန်၍ ဓားထက်ထက်ဖြင့် ခုတ်ရသည်။ ထိုဆီးကိုင်းများကို နေလှန်း၊ ပိုင်းထစ်ပြီး စနစ်တကျစုပုံ၍ ထင်းခြောက်အဖြစ်သုံးသည်။ ကေပေါင်းများစွာ စိုက်ပျိုးခြင်းဖြစ်သဖြင့် တစ်နှစ်စာ ထင်းအတွက် လုံလောက်ပါသည်။ မိုးလယ်ရောက်သည်နှင့် ဆီးပင်များ အတက်ထွက်၍ ရွက်နုဝေပြီး မိုးကုန်သည်နှင့် အပွင့်ပွင့်၍ ဆီးကင်းကလေးများ လိုက်လာသည်။ ဆောင်းနှင့်နွေတွင် ဖြိုင်ဖြိုင်သီးတော့သည်။

ကိုင်းများ ခုတ်ပြီးစအချိန် ပိုးသတ်ဆေးဖြန်းပြီး ပိုးမွှားနှင့် ရေမဝင်စေရန် ခုတ်ကိုင်းအစများအား ပလတ်စတစ် စီးရသည်။ သီးကင်းစအချိန် ပိုးမွှားမဖျက်ဆီးစေရန် ပိုးသတ်ဆေးပျော့ပျော့ ဖြန်းရသည်။ အသီးအောင်မြင်စအချိန် ပိုးမထိုးစေရန် ပိုးသတ်ဆေး ဖြန်းရပြန်သည်။ အတော်တော့ ယုယရသည်။

သို့သော် နှစ်ရှည်လာပြီး ဆီးပင်ပင်စည် ကြီးထွားလာသည်နှင့်အမျှ အကြမ်းခံနိုင်ရည် ရှိသွားသည်။ သက်တမ်း (၈)နှစ်ကျော်လာပြန်တော့လည်း ဆီးပင်သီးထွက်နည်း၍ သီးလုံးက ငယ်သွားသည်။ မတွားတော့၊ အားကုန်ချေပြီ။ ထိုအခါ ပင်စည်ပါနုတ်၍ ထင်းအဖြစ်ရောင်းရပြီး ဆီးပင်မျိုးသစ်မျိုးဆိုင်းများအား ဝယ်ယူ၍ ထပ်မံစိုက်ပျိုးရသည်။ စိုက်ပြီး တစ်နှစ်သားတွင် သီး





တင်းစ၍ ငှက်စာဆော်သည်။ နှစ်နှစ်သား၊ သုံးနှစ်သားကျမှ ရောင်းတမ်းဝင်အသီးများ သီးတော့သည်။

စိုက်ပျိုးရေးဆီးသီးက လယ်ယာစပါးစိုက်ခြင်းထက် ကရိကထနည်းပြီး ဝင်ငွေပိုသည်ဟု သိရသည်။ သို့သော် ဆီးကင်းစအချိန် နားမလည်၍ ဂရုမစိုက်နိုင်၊ ပိုးသတ်ဆေး မဖြန်းနိုင်လျှင်တော့ ဆီးလုံးများ ပိုးဖောက်၍ အမြင်မလှ၊ ရောင်းတမ်းမဝင်တော့ဘဲ အရှုံးပေါ်တတ်ပါသည်။ ထိုအခါမျိုးတွင်လည်း ပါးရည်နပ်ရည်ရှိသူများက အရောင်းမထွက်သော ဆီးသီးများအား နေလှန်းအခြောက်ခံ၊ အမှုန့်ထောင်းပြီး ဆီးထန်းလျက်လုပ်၍ ရောင်းကြပြန်သည်။ နို့မလိုင်လုံးထွက်သော ဒေသဖြစ်သဖြင့် ဆီးထန်းလျှက်ကလည်း လူကြိုက်များပြီး အရောင်းသွက်သည်။

အမရပူရမြို့နယ်မှာ ဆည်ရေသောက်ဒေသဖြစ်သဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိမ်းလန်းစိုပြေနေပါသည်။ စပါး၊ ပြောင်း၊ မြေပဲ၊ နေကြာ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲ စုံအောင် စိုက်ကြသည်။ သုံးရာသီလုံး စိုက်ပျိုးနိုင်သလို သီးနှံအထွက်တိုးသဖြင့် ဒေသခံ လယ်သမားများ ဝင်ငွေ ပိုကြသည်။ အနေစုတ်ပေမဲ့ ရွှေထုပ်တဲ့ မြပုဝါဆိုသလိုပင်၊ ဒေသခံ တောင်သူလယ်သမားများ၊ သစ်ဝါးရှားရှား၍ နေအိမ်များ နုတ်သော်လည်း ငွေကြေးတော့ရှိသည်။ တောသူဌေးများ ဖြစ်ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

ကျွန်တော်က ဤအခေါက် 'အ' သုံးလုံး သင်တန်းမရှိ အလည်သွားခြင်းသက်သက်သာဖြစ်သဖြင့် အားလပ်နေပါသည်။ ရွာတွင် အိမ်တစ်ကာလှည့်၍ ဖိတ်ကျွေးသမျှစားသည်။ ညနေပိုင်းကျတော့ ဒုဗ္ဗဝတီမြစ်တစ်ရိုးနှင့် နားမျှောင်းကျချောင်း ရွှေစာရံစေတီဘက်သို့ လေးခွကိုယ်စီဖြင့် လှေ့လာရင်း ငှက်ပစ်ထွက်ကြသည်။ တောငှက်ကလေးများမှာ တောကြီးတောင်ကြီးများထဲ၌ လူနှင့်နီးသော လယ်ကွင်းပြင်မြက်တောစပ်၊ တောချုံကလေးများတွင် အနေများကြသည်။

စားကျက်မြက်တောကွင်းတွင် မီးတောင်ဘို့ခေါ် တောင်ပီစူးငှက်ကလေးများနေကြသည်။ စားကျက်ကျသည်။ သူက မြက်တောကွင်းမှ ပိုးမွှားကလေးများကို စားသည်။ လေပေါ်၌ ပျံဝဲလျှင် နိမ့်တုံမြင့်တုံဖြင့် ထူးဆန်းစွာ ပျံသန်းတတ်သည်။ အကောင်က ချိုးငှက်လောက်သာရှိသော်လည်း ခေါင်းပေါ်၌ လှပသော ရောင်စုံအမွေးချွန်ချွန် အမောက်ကလေးပါသည်။ အမြီးကလည်း ကြက်မမြီးလို ရှည်သည်။ ကိုယ်ထည်ကတော့ အဖြူအနက်ကြား၊ အတောင်က အလွန်သန်မာသည်။ ချုံပုပ်နေ ဗွက်စာမွဲနှင့် သပိတ်လွယ်၊ ငှက်ကျားကလေးများလည်း ပေါသည်။ လက်ပံပင်ကြီးများရှိ၍ ဆက်ရက်ငှက် (ဇရက်





က်)များက ဆူညံစွာ အုပ်လိုက်။ တောဆက်ရက် ငှက်များ ဖြစ်ကြသဖြင့် မြို့ဆက်ရက်ထက် အကောင်ကြီးသည်။ နှုတ်သီးကမည်း၊ ခြေထောက်လည်း မည်း။

မြို့ဆက်ရက်များက နှုတ်သီးအဝါ၊ ခြေထောက်အဝါ။ တမာပင်ကလေးများပေါ်၌တော့ ချိုးတစ်အုပ်က တကူးကူးနှင့် ပျင်းရိစွာ တွန်နေတတ်သည်။ တောကျီးကန်းများကလည်း မြို့ကျီးကန်းထက် အကောင်ကြီးသည်။ အော်သံကလည်း မြို့ကျီးလို အသံမစုံ။ 'အား ...အား' ပဲ အော်တတ်သည်။ ထန်းပင်ထန်းရွက်များအပေါ်၌ အသိုက်လုပ်၍နေတတ်သည်။

ထိုနေ့ညနေက ရွာကာလသားများနှင့် လမ်းလျှောက်ရင်း ငှက်ပစ်ထွက်ကြရာ ချိုးလေးငါးကောင်၊ ဗွက်စာမွဲနှစ်ကောင်၊ ဆက်ရက်ငှက် ကောင်၊ တောကျီးကန်းနှစ်ကောင်နှင့် ကျွန်တော် လက်တည့်စမ်းရင်း Fly Shot ပစ်သော၊ တောင်ပီစူးငှက်တစ်ကောင် ရသည်။ ညနေထန်းရည်ဝိုင်းတွင် ငှက်ကင်၊ ငှက်ကြော်အမြည်းများ ဖြစ်ပေလိမ့်မည်။

ညနေစောင်း ရေမိုးချိုး၊ အဝတ်အစားလဲပြီးသည်နှင့် ရွာအနောက်က်အစွန် ကာလသားခေါင်း ဘိုကြီးတဲတွင် ဆုံကြသည်။ ထန်းရည်ခါးနှင့်က်ကင်၊ ငှက်ကြော်အပြင် ကျွန်တော် နာမည်ပြောင်ပေးထားသော ဖားမင်းနှင့် လိပ်မင်းညီအစ်ကိုကလည်း သူတို့ညီအစ်ကို ကျွမ်းကျင်သော နွေတွင်းအောင်းဖားနှင့် ဖင်းချောလိပ်တစ်ကောင် ဖမ်းမိထားသဖြင့် ကိုင်ပြီး ချက်ပြုတ်ရန် စီစဉ်နေကြသည်။ ဖားများမှာ ဖားတောင်စင်း (ဖားပေါင်စင်း)ကလေးများဖြစ်သဖြင့် စားဖားကြီးများလောက်မကြီး။ သွားကောင်းလျှင် အရိုးပါစား၍ရသည်။ ငှက်သားကတော့ ပြောစရာမရှိ အရိုးပါ ဝါးကြသည်။

လိပ်သားချက်တော့လည်း မြည်းကြပြန်သည်။ လိပ်သားမှာ အရိုးနုနှင့် ဖွဲ့စည်းထားသဖြင့် အလွန်ဝါးလို့ကောင်းသည်။ ချင်း၊ စပါးလင်များဖြင့် ချက်ထားသဖြင့် မညှီပါ။ လိပ်အသဲက ပို၍ စားလို့ကောင်းသည်။ ဖွတ်ဥ၊ လိပ်သဲ၊ ကျွဲနို့ခဲသို့ အဆိုပင် ရှိသည်မဟုတ်ပါလော။ ကျွန်တော်က ထိုပြည့်တည်းက မုဆိုးဇာတာပါသည် ထင်ပါသည်။ တောကောင်သားမရွေး အားလုံး စားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကာလသားခေါင်းဘိုကြီး ..

"ညစာ စားဖို့အတွက် ကြက်သားနဲ့ အာလူးဟင်းတော့ ရှိတယ်။ အမြည်းက ကုန်ပြီ။ ထန်းရည်ခါးတွေတော့ ကျန်နေသေးတယ်"

"ဘယ်လိုလုပ်ကြမလဲ"

လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက ...

"ကျွန်တော်တို့ညီအစ်ကို တမာပင်တန်းက ချိုးပစ်ပေးမယ်လေ"

ပန်းဘဲဆရာ ... ကံဆောင်၊ ကံမောင်တို့ ညီအစ်ကိုက ...

"ကျွန်တော်တို့ ညီအစ်ကိုကတော့ ထန်းပင်ပေါ်တက်ပြီး ကျိုးနှိုက်ပေးမယ်"

ကျွန်တော်က ...

"ကဲ ... ဒီလိုလုပ်ကြရအောင်၊ ညရေးညတာ စုစုဝေးဝေး သွားကြတာ ကောင်းပါတယ်။ လေးခွကိုယ်စီ ပါတယ်မဟုတ်လား။ တုတ်မီး (လက်နှိပ်ဓာတ်မီး) တော့လိုတယ်။ အုပ်စုလိုက်သွားကြမယ်။ တစ်ခုပြီးတစ်ခု လုပ်ကြတာပေါ့"

"ကောင်းတယ် ... ဆရာလေးပြောတဲ့ အစီအစဉ် ကောင်းတယ်။ အားလုံးသွားကြတော့ အကောင်များများရတာပေါ့"

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော်တို့အဖွဲ့အား ရေတွက်ကြည့်တော့ ကိုးယောက်တိတိ၊ ကျွန်တော်တို့အုပ်စု လေးခွကိုယ်စီ၊ လောက်စာလုံးလွယ်အိတ်ကိုယ်စီ၊ တုတ်မီးများနှင့် ရွာအနောက်ဘက် ကန္တာရတောစပ်သို့ ထွက်ခဲ့ကြသည်။ ကန္တာရတော ဆိုသော်လည်း ဒုတ္တဝတီမြစ်နှင့် နီးသဖြင့် နွေရာသီဖြစ်သော်လည်း စိမ်းလန်းသည်။

တမာပင်ပုကလေးများနှင့် တန်ဆောင်းပင်များ၊ မိုးနံ့ချုံနှင့် ဆူးရစ်ချုံများက တန်းစီနေသည်။ အောက်ခြေရှင်းသည်။ သို့သော် ကန္တာရဆူးချုံတောဖြစ်သဖြင့် အလွန်သတိထားရသည်။ အမြဲတမ်း စိမ်းလန်းနေတတ်သော မြစိမ်းဆူး ဖြူဖြူစူးမိလျှင် အဆိပ်တက်ပြီး အနာအတော်နှင့် မပျောက်တတ်ပါ။

ကျွန်တော်တို့အဖွဲ့ ပထမဆုံး တမာပင်တန်းကို ဝိုင်းလိုက်ကြသည်။ တမာပင်ကလေးများမှာ လူနှစ်ရပ်ခန့်သာ မြင့်သည်။ ပုပုဝိုင်းဝိုင်း။ အကိုင်းအခက်ကလေးများအပေါ်၌ ချိုးငှက်များက တန်းစီ၍ အိပ်နေကြသည်။ ချိုးငှက်ပစ်ရာတွင် အစွန်ဆုံးအကောင်ကို မပစ်ရ။ လုပ်နည်းလုပ်ဟန် ဥပဒေရှိသည်။ အလယ်ဆုံးကောင်ကို တစ်ချက်တည်း ခေါင်းကိုပစ်ရသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကျသွားသည်နှင့် နောက်တစ်ကောင်က လွတ်နေသောနေရာကို ရွေ့ပြီး တိုးကပ်လာသည်။ ဆက်ပစ်ရုံသာ။ ဝိုင်း၍မပစ်ရ။ လောက်လေးလက်တည့်သူက တစ်ကောင်ချင်း ချွေရုံသာ။ ကျသွားသည့်အကောင်များကိုလည်း ချက်ချင်း မကောက်ရ။ အားလုံးစုံမှ ကောက်ရသည်။ ထိုညက တမာပင်တစ်ပင်တည်း ချိုး (၅) ကောင်ရသည်။

ထိုသို့ ပစ်လာခဲ့ကြရာ (၃) ပင် မြောက်အစွန်ဆုံး တမာပင်ရောက်တော့ ချိုး (၁၀)ကောင်ခန့် တန်းစီပြီး အိပ်နေကြသည်။ ကာလသားခေါင်း ဘိုကြီး ပစ်ရမည့်အလှည့်ဖြစ်သည်။ စ,ပစ်သည်နှင့် သူ့လေးခွကြီးက 'ဘလစ်' ဆိုပြီး သားရေကြိုးပြတ်သွားသဖြင့် လောက်စလုံးက လိုရာမထိ။ စောင့်ကြည့်နေကြသော လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုတို့ လက်မြန်ကြသဖြင့်သာ ချိုးနှစ်ကောင်ကျ ကျန်ရစ်ခဲ့ပြီး ကျန်ချိုးအုပ် လန့်ပျံပြေးတော့သည်။ ပင်ခြေသို့ ကျလာသော ချိုးနှစ်ကောင်အား ကျွန်တော်က တုတ်မီးနှင့်ထိုးအကြည့် ပါးပျဉ်းထောင်နေသော မြွေကြီးတစ်ကောင်ကို တွေ့ရသည်။ ငန်းဝါကြားကြီး ဖြစ်သည်။

''နောက်ဆုတ်ကြ ... တမာပင်ခြေမှာ ငန်းမြွေကြီးပါးပျဉ်းထောင်နေတယ်'

အားလုံး ဓာတ်မီးများ၊ စုပြုံထိုးလိုက်ကြစဉ် လက်မြန်သောလိပ်မင်းနှင့် ဖားမင်းညီအစ်ကိုက မြွေကြီး၏ပါးပျဉ်းအား လေးခွဖြင့် ပစ်လိုက်ကြသည်။

''ဖောက် ... ဖောက် ...''

မြွေကြီးနောက်လန်သွားစဉ် ပန်းပဲဆရာ၊ ကံဆောင်၊ ကံမောင်တို့ညီအစ်ကိုက တုတ်ဖြင့် ဝိုင်းရိုက်ကြရာ ငန်းမြွေကြီးကို ရသည်။ အလျား (၇) တောင်ခန့် အလေးချိန်က (၂) ပိဿာခန့်။ နည်းတဲ့ အကောင်ကြီး မဟုတ်ပါ။

ကာလသားခေါင်း ဘိုကြီးက ...

''ကဲ ... အမြည်းလုံလောက်ပြီဟေ့၊ ပြန်ကြစို့ဟေ့ ... ဟိုမှာ လုပ်မှာကိုင်မှာနဲ့၊ သန်းခေါင်ကျော်သွားလိမ့်မယ်''





ချိုးများကောက်ပြီး ပြန်လာကြရာ ကံဆောင်၊ ကံမောင် ညီအစ်ကိုက ငန်းမြွေကြီးအား ခွေ၍ နွယ်ကြိုးဖြင့်ချည်ပြီး ဝါးတုတ်ဖြင့် ထမ်းလာကြသည်။ တည်းအိမ်ပြန်ရောက်တော့ ည(၁၀)နာရီ ကျော်ချေပြီ။ ကျွမ်းကျင်သူများဖြစ်သဖြင့် ဝိုင်းဝန်းလုပ်ကိုင်ကြရာ ည (၁၁)နာရီခန့်တွင် ချက်ပြုတ်ကြော်လှော်ရန် အဆင်သင့်။ ငန်းမြွေကြီးမှာ အစ်မကြီးဖြစ်သည်။ ဝမ်းဗိုက်ထဲမှ ဥ(၅)လုံးရသည်။

ကံဆောင်၊ ကံမောင်နှင့် လိပ်မင်း၊ ဖားမင်းတို့ ညီအစ်ကိုက ပြုတ်၍ စားပစ်ရာ လိပ်ဥထက် ဆိမ့်သည်ဟုဆိုသည်။ ကျွန်တော်ကတော့ မစားရဲ၍ စားပါ။ ဖတ်ဖူး၊ မှတ်ဖူးသော စာများအရ မြွေငန်းမှာ အလွန်အဆိပ်ပြင်းပြီး အလွဲစားချေတတ်ကြောင်း၊ မြစ်ချောင်း၊ ပင်လယ်၊ မြို့ရွာခြားသည်အထိ ရေမြေအဆုံး လိုက်တတ်ကြောင်း ဖတ်ဖူးသဖြင့် ငန်းမြွေအမကြီး ဦးခေါင်းအား တွင်းနက်နက်တူး၍ မြှုပ်ရန် ကျွန်တော်ကပြောတော့ လိပ်မင်း၊ ဖားမင်းညီအစ်ကိုက ကျွန်တော်ပြောသည့်အတိုင်း လုပ်ကြသည်။

ကံဆောင်၊ ကံမောင် ညီအစ်ကိုကတော့ အယုံအကြည်မရှိ။ ကာလသားခေါင်း ဘိုကြီးကတော့ ငန်းမြွေကိုယ်လုံးကြီးအား တစ်ထွာခန့်စီ ပိုင်းပြီး အိုးကြီးဖြင့် ပြုတ်သည်။ ပြုတ်ရည်ကို သည်အတိုင်းထားပြီး အသားတုံးများအား အရေခွံခွာသည်။ အသားမျှင်များအား ခြစ်ချရာ မွှေးကြိုင်နေသော အသားမျှင်များ ဇလုံကြီးတစ်လုံးစာခန့် ရသည်။

ဆီသတ်၍ အသားမျှင်အချို့ကို ကြော်သည်။ အချို့ကို ငရုတ်သီးစပ်စပ်ဖြင့် အစပ်ကြော်သည်။ အရိုးနှင့် အသားအချို့ကိုတော့ အစောပိုင်းက ချန်ထားသည့် ပြုတ်ရည်ထဲထည့်၍ စွပ်ပြုတ်လုပ်သည်။ အရေခွံကိုလည်း ခပ်စ်၊ စဉ်းတီတုံးပေါ်တွင် ဓားမကြီးနှင့် နုပ်နုပ်စင်း၍ ဟင်းခပ်အဖြစ် ထည့်သည်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်ကောင်းမှုန့်ပါထည့်တော့ စွပ်ပြုတ်ဖြစ်ပြီး အချိုမှုန့်မလို၊ မွှေးကြိုင်ပြီး ချိုဆိမ့်နေသည်။ ထိုညက မစားရသော မြွေသားမှာ မွှေးကြိုင်ပြီး အရသာရှိလွန်းလှသဖြင့် ကျွန်တော်လည်း ဝင်ဆွဲသည်။

www.burmeseclassic.com



ကာလသားခေါင်း ဘိုကြီးက နောက်သည်မှာ ...

"ဆရာရေ ... ကျွန်တော်တို့ဗိုက်ထဲမှာတော့ လိပ်တွေ၊ ဖားတွေ၊ ငှက်တွေနဲ့ မြွေသားကတော့ ရန်ဖြစ်ကုန်ကြတော့မယ်ထင်တယ်။ ဗိုက်ထဲမှာ တဂွိဂွိနဲ့ နေလို့တော့ ကောင်းသားဘဲဗျ။ စားလို့ကောင်း၊ နေလို့ကောင်း အပေါသုခံ ချမ်းသာပေစွ ... ဟား ... ဟား ... ဟား ... ဟား"

ထိုညက မြည်းစရာများ တစ်ဝစားကြ၍ ညစာထမင်းစားကြတော့ ကြက်သားနှင့် အာလူးဟင်းမှာ မျက်နှာငယ်လှသည်။ မြွေသားဟင်း အစပ်ကြော်က နှုတ်ကို အလွန်မြိန်စေပါသည်။ ဗိုက်လေးလေးဖြင့် ကျွန်တော်တို့လူစုခွဲပြီး အိမ်ပြန်ကြတော့ ညဉ့်သန်းခေါင်ပင် ကျော်ချေပြီ။ ကျွန်တော် တည်းခိုသည့် အဘဦးသာနီးတို့အိမ် ပြန်ရောက်တော့ အခြားအိမ်သားများ အိပ်ပျော်နေကြပြီဖြစ်သော်လည်း အဘဦးသာနီးက မအိပ်သေး၊ အဖန်ရည် သောက်ရင်း မီးခွက်တစ်လုံးထွန်းကာ ကျွန်တော့်အားစောင့်မျှော်နေသည်။

"ဆရာလေး ... နောက်ကျလှချည့်လား။ ညဉ့်သန်းခေါင်တောင် ကျော်ရော့မယ်"

"ဟုတ်ပ့ါ ... အဘရယ်၊ ကာလသားခေါင်းဘိုကြီးတို့ ဆွဲထားတာနဲ့ ညလယ်စာ ချက်စားကြရင်း နောက်ကျသွားတာပါ"

"ရပ်ရွာကတော့ အေးချမ်းပါတယ်။ ဒါပေမဲ့ ညဉ့်နက်သန်းခေါင် မြွေပါ။ ကင်းပါး အန္တရာယ်ရှိတယ် ဆရာလေးရဲ့။ ကျုပ်တို့ အညာအရပ်က နေပူတော့ ညအချိန်ရောက်တာနဲ့ တွင်းအောင်းသတ္တဝါတွေက ဖုတ်လူးထွက်တတ်တယ်။ အထူးသဖြင့် မြွေတွေဘဲ ရာသီဥတုပူပြင်းတော့ အဆိပ်လည်း ပြင်းကြတယ်။ ကျုပ်တောင် စိုးရိမ်လို့ လိုက်ခေါ်မယ် လုပ်နေတာ။ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မီးခွက်ထွန်းပြီး ထိုင်စောင့်နေရတာ"

"ခွင့်လွှတ်ပါ ... အဘ။ လူက (၉) ယောက်စုံတော့ ထ,ပြန်လို့ မကောင်းဘူးလေ။ နောက်ပြီး သူတို့က ငှက်မျိုးစုံကြော်၊ လိပ်သား၊ ဖားသား၊ ကြက်သားဟင်းနဲ့ နောက်ဆုံး မြွေသားတောင်ပါသေး"

ကျွန်တော်က အကြောင်းစုံရှင်းပြပြီး ပျော်စရာကောင်းပုံကို ပြောပြတော့ အဘက ...





"အင်း ... လူငယ်တွေဆိုတော့ မသိကြဘူးကိုး။ အဘတို့ လယ်ကွင်း ကိုးခရိုင်နယ်မြေမှာ လူ (၉)ယောက် အလုပ်မလုပ်ရဘူး။ ခရီးမသွားရဘူး။ မြွေသားမစားရဘူး၊ အန္တရာယ်ရှိတယ်ကွယ့်။ နောက်ဆုံး (၉)ယောက်ပေါင်းမိလို့ သိတာနဲ့ နားလည်သူက ကျောက်ခဲတစ်လုံးကို ကောက်ပြီး 'မောင်ကျောက်ခဲ .. မင်းပါရင်၊ ငါတို့အဖွဲ့ (၁၀) ယောက်နော်၊ ကိုးယောက်မဟုတ်တော့ဘူး' ဆိုပြီး ကျောက်ခဲတစ်လုံးကို လွယ်အိတ်ထဲ ဒါမှမဟုတ် ခါးပိုက်ထဲထည့်ပြီး ခေါင်လာရတယ်"

"ဒါဆို အန္တရာယ် ကင်းရောလား ... အဘ"

"ကင်းတာပေ့ါ။ လယ်တွင်းကိုးခရိုင်က လူတွေ ရှေးရှေးကတည်းက အခုအထိ အရိုးစွဲအောင် ယုံကြည်ကြတယ်"

"ဒါဆို ... ကျွန်တော်က ဘယ်လိုလုပ်ရမလဲ အဘ"

"ဆရာလေးက ညွှေသည်ပဲ။ မသိနားမလည်လို့ ဖြစ်ရတာ။ မေတ္တာနဲ့ အမျှဝေပြီး ပိုင်ရာဆိုင်ရာကို တောင်းပန်ပေါ့။ အဘကလည်း ကူပြီး တောင်းပန်ပါ့မယ်။ မသိနားမလည်လို့ ပြုမိတဲ့ အမိုက်အမဲလေးကို ခွင့်လွှတ်ပေါ့"

"ဟုတ်ကဲ့ပါ ... အဘ"

ကျွန်တော် ထိုညက ရေပင် မချိုးရဲတော့။ ထန်းရည်မူး၊ ကျွဲခိုးပေါ် ဆိုသလို မလုံမလဲဖြစ်မိသည်။ မျက်နှာသစ်၊ ခြေလက်ဆေးပြီး အဝတ်အစား ထဲ၍ အိပ်ရာဝင်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

အတော်နှင့်လည်း အိပ်မပျော်၊ စိတ်ထဲတွင် မြွေတွန်သံများ ကြားနေရသည်။ ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း မနက် (၃) နာရီခန့်မှ အေး၍ အိပ်ပျော်သွားသည်။ မနက် (၆) နာရီခန့်တွင် ရွာတွင်း၌ ဆူညံသံများ။ အော်ဟစ်ငိုယိုသံများကြောင့် ကျွန်တော် အိပ်ရာက လန့်နိုးသည်။ အဘကတော့ အိမ်ရှေ့ ကနားဖျင်းအောက်ရှိ အညာလေးထောင့် ခုံရှည်စားပွဲကြီးနားတွင် ထိုင်ရင်း အဖန်ရည်သောက်ရင်း ကျွန်တော့်အနိုးကို စောင့်နေသည်။

"အဘ . . . ရွာထဲမှာ ဘာဖြစ်ကြတာလဲ "

ကျွန်တော်က မေးတော့ အဘက . . .

"အော် . . . ဆရာလေး နိုးပြီလား။ ညက ကိစ္စပေါ့။ ကံဆောင်၊ ကံမောင် ညီအစ်ကိုတော့ သွားရှာပြီ။ ငနဲဝါကြားကြီး ကိုက်သွားတာတဲ့။ အထိးကြီးနေမှာပေါ့။ ကျုပ်လည်း ဆရာလေးကို စိတ်မချလို့ တစ်ညလုံး မအိပ်ဘဲ ဓားတစ်လက်၊ တုတ်မီးတစ်ဖက်နဲ့ စောင့်နေတာ။ မြွေတွန်သံတောင် မကြားရပါဘူး။ မြွေမကြီးကိုသတ်ပြီး မြွေဥစားတဲ့သူတွေကို ကလဲ့စားချေ ဟန် တူပါတယ်"





ကျွန်တော် အတော် တုန်လှုပ်သွားမိပါသည်။ ကျွန်တော်လည်း မြွေမကြီးသားစားခဲ့သည်လေ။ ကျွန်တော်နှင့်အဘ မနက်စာ အနည်းငယ်စားကြပြီး ရွာတောင်ပိုင်း ပန်းဘဲအိမ်သို့ ထွက်ခဲ့ပါသည်။ ကံမောင်တို့အိမ်တွင် အသုဘမေးသူများဖြင့် အလွန်စည်ကားနေသည်။ ကံမောင်နှင့်ကံဆောင် ညီအစ်ကိုက မိခင်အိုကြီးအား လုပ်ကျွေးနေသူများဖြစ်ကြသည်။ ဖခင် ပန်းပဲဆရာကြီးမှာ မရှိတော့။ ပန်းဘဲလုပ်ငန်းမှာ မီးအပူရှိန်ကြောင့် ကျန်းမာရေးကို ထိခိုက်ဟန်တူပါသည်။ အားကောင်းမောင်းသန်များ ဖြစ်ကြသော်လည်း မီးအပူရှိန်က အတွင်းကလီစာများကို ဒုက္ခပေးပုံရသည်။

အိမ်ရှေ့ခန်းတွင် ကံဆောင်၊ ကံမောင်တို့ အလောင်းများကို ကာလသားခေါင်း ကိုဘိုကြီးနှင့်အဖွဲ့က ပြင်ဆင်ပေးနေသည်။ အသားဖြူပြီး မီးဟပ်သဖြင့် အသားနီစပ်စပ်ဖြစ်နေသော ကံဆောင်နှင့်ကံမောင် ညီအစ်ကိုနှစ်ဦး၏ အလောင်းများမှာ ငနဲမြွေဆိပ်ကြောင့် ညိုမဲနေသည်။

အနီးတွင်ရှိသော လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုမှာလည်း မျက်နှာညှိုးငယ်နေကြပြီး ကြောက်လန့်ဟန်အသွင် ထင်ထင်ရှားရှား ပေါ်နေသည်။ သူတို့နှစ်ဦးလည်း ငနဲမြွေဥများကို ဝေမျှစားခဲ့သည်လေ။ ကံဆောင်တို့အမေကိုတော့ မမြင်တွေ့ရ။ ဆွေမျိုးများကတော့ စုဝေး၍ ငိုပွဲဆင်နေကြသည်။

ကံဆောင်တို့နှင့်အတူနေ၊ ကံဆောင်တို့အဒေါ်ကြီး ပြောသည်ကတော့ . . .

"ညက ညီအစ်ကိုနှစ်ဦး သန်းခေါင်ကျော်မှ ပြန်လာကြတယ်။ ရေမချိုးဘဲ ခြေလက်ဆေးပြီး အိပ်ရာဝင်ကြတယ်။ အဒေါ်လည်း တံခါးပိတ်ပြီး အိပ်ရာဝင်တော့ အိမ်ပတ်လည်က မြွေတွန်သံတွေကို ကြားရတယ်။ ဒီအရပ်ဒေသက ဒီလိုပဲလေ။ နွေရာသီညနက်ပိုင်းမှာ မြွေတွေ အရှေ့လိုက်ပြီး ဖုန်လူးကြတာဖြစ်မှာပေါ့လို့ အဒေါ်လည်းထင်ပြီး အိပ်လိုက်တာ။

မနက် မိုးလင်းစောစောထလေ့ရှိတဲ့ ညီအစ်ကိုနှစ်ယောက် စောစောမထလို့ ဝင်နှိုးတော့မှ သေနေကြမှန်း သိရတာ။ တစ်ကိုယ်လုံးလည်း မဲနက်နေတာပဲ။ အဒေါ်အော်မှ အိမ်နီးချင်းတွေ ရောက်လာကြပြီး စစ်ဆေးကြည့်တော့မှ မြွေကိုက်မှန်းသိရတာပါ။ ကံဆိုးလိုက်တဲ့ ကလေးတွေ၊ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အိပ်နေတာတောင် မြွေကိုက်ခံရတယ်လို့ အစ်မကတော့ သတိမေ့သွား၊ လို့ ဆရာတော်ဘုရားကျောင်း ပို့ထားရတယ်''

ကျွန်တော်တို့ သတင်းမေးသူများလည်း စိတ်မကောင်းဖြစ်ကြရသည်။ ထိုညီအစ်ကိုက အလွန်သဘောကောင်းသည်၊ လူမှုလူလွတ်များ ဖြစ်ကြသည်။ ပန်းပဲလုပ်ငန်းသာမက လယ်ယာလုပ်ငန်းလည်း လုပ်ကြသည်။ အိမ်နှင့်ဆက်၍ ပြောင်းဖူးခင်းကြီးက အောင်မြင်လှသည်။ ထိုနေ့မနက်ကတော့ ရွာသူကြီးအမိန့်ဖြင့် မြွေများမရှိအောင်းနိုင်စေရန် ပြောင်းဖူးအနုအရင့်များအား ခူးပြီး ပြောင်းဖူးခင်းကြီးအား ကာလသားများက အပြောင်ရှင်းလိုက်ကြသည်။ တစ်ရွာလုံးလည်း မနေသာတော့။ ရွာတွင်းရွာပြင် သန့်ရှင်းရေး လုပ်ကြရတော့သည်။

ညနေပိုင်းတွင် ရွာဝန်းစံအရ အစိမ်းသေဖြစ်သဖြင့် ချက်ချင်း အသုဘချရသည်။ ညက ကျွန်တော်တို့ (၉) ယောက်အဖွဲ့ ယခုတော့ (၇) ယောက်သာ ကျန်တော့သည်။ ချစ်ခင်လေးစားသမှုနှင့် သင်္ချိုင်းကုန်းအထိ အခေါင်းများကို ပိုင်းထမ်းကြရသည်။ ကံဆောင်တို့အမေမှာ သတိလစ်သွားပြန်သဖြင့် အိမ်တွင် ပြုစုရင်းထားခဲ့ကြရသည်။ သူကြီးနှင့် ကာလသားများ ညီကြ၍ အလွန်အဆင်ပြေသည်။ မဏ္ဍပ်ထိုးသူ၊ ချက်ပြုတ်ရန် ပြင်ဆင်သူ၊ အသုဘအခမ်းအနားပြင်ဆင်သူနှင့် တက်ညီလက်ညီ အလွန်စည်ကားသည်။

✿ ✿ ✿

[ ၅ ]

❑

ရွာသားအပေါင်းအသင်းများဖြစ်ကြ၍ ကျွန်တော်လည်း မနေသာပါ။ လိုအပ်သမျှ ဘက်စုံ ဝိုင်းကူလုပ်ရသည်။ သူတို့ဒေသ၊ ဓနစ်ကာတစ်မျိုး။ အသုဘဖြစ်သည်နှင့် သူကြီးက ခေါင်းဆောင်ပြီး အိမ်စေ့အလှူငွေ (ကူငွေ) လိုက်လံကောက်ခံသည်။ အလှူငွေကောက်ခံသည် ဆိုရာ၌လည်း ငွေချည်း လှူကြသည်မဟုတ်။ တတ်နိုင်သူများက ငွေလှူသလို၊ မတတ်နိုင်သူများက ဆီ၊ ဆန်၊ မြေပဲ၊ ယာထွက်သီးနှံများ လှူကြသည်။

ကျွန်တော်က အလှူရှင်အမည်နှင့် လှူဒါန်းသောပစ္စည်းစာရင်းကို မှတ်သည်။ ကာလသားအဖွဲ့က တနင့်တပိုး ထမ်းကြရသည်။ အကျွေးအမွေးတလည်း အသုဘဖြစ်သည့်နေ့ကစပြီး (၇) ရက် (၇)လီ၊ ကျွေးမွေးရခြင်းဖြစ်သည်။ ထို့ကြောင့် အသုဘအိမ်ဖြစ်သော်လည်း နေ့ည အလွန်စည်ကားသည်။ ကျွေးမွေးသည်ကတော့ ရှားပါးသော အညာဒေသဖြစ်သည်နှင့်အညီ သက်သတ်လွတ်ဟင်းသာ ဖြစ်ချေသည်။

ညတွင်လည်း သူကြီးအိမ်မှ အောက်လင်းဓာတ်မီးကြီးကိုယူပြီး မီးထိန်ထိန်ထွန်းကာ ကာလသားများဦးဆောင်၍ ဖဲရိုက်ကြသည်။ ထို့ကြောင့် ညဘက်၌လည်း ခြောက်စရာမရှိ၊ အလွန်စည်ကားပြီး လူပြတ်ပါ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်အား အဘဦးသာနိုး လာခေါ်တော့ သန်းခေါင်တိုင်လုချေပြီ။ ထိုညက လည်း မောမောပန်းပန်းဖြင့် ကျွန်တော် အိပ်ပျော်သည်။ မိုးလင်းပိုင်းတွင် အိပ် မက်မက်ရာ ကံဆောင်၊ ကံမောင်တို့ ညီအစ်ကိုက ကျွန်တော့်အား …

"ဆရာလေး … မြန်မြန်ပြန်တော့။ အန္တရာယ်ရှိတယ်။ မြွေထီးကြီး က မကျေဘူး။ မြွေမသားစားတဲ့သူ အကုန်လုံးကို အနံ့ခံပြီး အကုန်သတ် မှာ။ တခြားအပေါင်းအသင်းတွေကိုလည်း သတိပေးပါ။ မိဘလုပ်ကျွေးလို့ ကျွန်တော်တို့ညီအစ်ကို နေရာကောင်းရပါတယ်။ (၇) ရက်ပြည့်လို့ တရားနာ၊ ရေစက်ချ၊ အမျှဝေလို့ သာဓုခေါ်ရရင် ကျွတ်တန်းဝင်ကြရမှာပါ။ အခုတော့ အိမ်ခြံဝင်းအနောက်က မန်ကျည်းပင်ကြီးမှာ ကျွန်တော်တို့ညီအစ်ကို ရှိနေ ပါတယ်။ ဆရာလေးတို့ စားရင်၊ သောက်ရင်လည်း ကျွန်တော်တို့ကို ကျွေး ကြပါ။ အဓိကမှာချင်တာကတော့ ဆရာလေး ရန်ကုန်ကို အမြန်ပြန်ပါ"

ကျွန်တော် အိပ်မက်ကလန့်နိုးတော့ မနက်အရုဏ်ဦး၊ တစ်ရွာလုံး တိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက် လင်းကြက်တွန်သံတော့ ကြားရ သည်။

"အော် … အီ အီး … အွတ်"

အိပ်မက်ကို အထင်အရှား မြင်မက်ခြင်းဖြစ်သည်။ ကျွန်တော် ငန်း မြွေကြီးကိစ္စအား ပေါ့ပေါ့ဆဆ နေ၍မရတော့။ အပေါင်းပါ ကာလသားများ အားလည်း သတိပေးရလေတော့မည်။ အဓိကအရေးကြီးသည်က မြွေဥစား ထားသော လိပ်မင်း၊ ဖားမင်း ညီအစ်ကိုနှင့် ကာလသားခေါင်း ဘိုကြီး။ ကျွန် တော် အဘဦးသာနိုးနှင့်အတူ အဘညီမ ဒေါ်နက်ကြော်ပေးထားသော ထမင်း ကြော်နှင့် နွားနို့ပူပူကို မနက်စောစာအဖြစ် စားလိုက်သည်။

စားသောက်အပြီး အဘဦးသာနိုးက ကံဘဲ့ရွာသို့ နို့ဘီးဆွဲ၍ နွားနို့ ပို့သွားသလို ကျွန်တော်လည်း မနက် (၆)နာရီခန့်၌မင် ရွာအနောက်ဖျားသို့ ထွက်ခဲ့ပါသည်။ လိပ်မင်း၊ ဖားမင်း ညီအစ်ကိုနှစ်ဦးက မနက်အစောကပင် ဒုတ္တဝတီမြစ်ဘက်သို့ ငါးရှာ၊ ဖားရှာ ထွက်သွားကြသဖြင့် သူတို့အိမ်တွင် မရှိ။ မိခင်အိုကြီးသာ ကျွန်တော့်အား အခါးရည်ဖြင့် ဧည့်ခံရင်း …





"ဆရာလေး … စောစောစီးစီးပါလား။ ဆရာ့တပည့်တွေတော့ ကြဘူး။ ထုံးစံအတိုင်း ငါးရှာ၊ ဖားရှာပေါ့။ နွေဘက်မှာ အစားအသောက် ရှားတော့ ငွေကလေးရအောင် ဒီလိုပဲလုပ်ကြရတာ"

"ဟုတ်ကဲ့ … ဒေါ်လေး။ ကျွန်တော်လည်း မနက်ဖြန်၊ သန်ဘက်ခါ ကုန်ပြန်မှာမို့ လာနှုတ်ဆက်တာပါ။ သူတို့ညီအစ်ကို ဘယ်အချိန် ပြန် ရောက်ကြမလဲ"

"နွေလယ်စာပါ ထမင်းထုပ်သွားတော့ ညနေချမ်းမှ ပြန်ရောက် ကြမယ် ထင်ပါရဲ့"

"ဟုတ်ကဲ့ … ဒေါ်လေး၊ ညနေချမ်းမှ ကျွန်တော် တစ်ခေါက် ဦးမယ်။ အခုတော့ ကာလသားခေါင်းဘိုကြီးအိမ်ဘက် ခဏသွားလိုက် မယ်"

"ဟုတ်ကဲ့ … ဆရာလေး၊ ညနေ သူတို့ပြန်လာတော့မှ အဒေါ် ပြောလိုက်ပါ့မယ်"

"ဟုတ်ကဲ့ … ဒေါ်လေး"

ကျွန်တော် ရွာမြောက်ဖျား ကိုဘိုကြီးအိမ်ဘက်သို့ ထွက်ခဲ့ပါသည်။ လမ်းတွင်တွေ့ရသော ရွာသူရွာသားများက နှုတ်ဆက်ကြသဖြင့် ကျွန်တော် လည်း ရန်ကုန်ပြန်တော့မည်ဖြစ်ကြောင်း ပြောရသည်။

ရွာမြောက်ဖျား၊ ကိုဘိုကြီးအိမ်အနီးရောက်တော့ ကိုဘိုကြီးညီက ခြတ်များကို စင်းနေပြီး ကိုဘိုကြီးညီမက ထန်းသီးခိုင်များအား နုပ်နုပ် နေသည်။

"မောင်နှမတွေ … ဘာလုပ်နေကြတာလဲ"

ညီမဖြစ်သူက …

"လာ … ဆရာလေး၊ နွေရာသီ မြက်နုအစာစိမ်းရှားတော့ နွား အတွက် ထန်းသီးခိုင်စင်းကျွေးရတာ။ အိမ်ပေါ်တက်ပါ … ဆရာလေး။ မ ရှိတယ်၊ အဖန်ရည်နဲ့ ထန်းလျက်ခဲ အဆင်သင့်ရှိပါတယ်"

ကျွန်တော် အိမ်ကပြင်တွင်ထိုင်တော့ အစ်မ အမေက ကြိုဆိုပြီး ရည်ငှဲ့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''သုံးဆောင်ပါ . . . ဆရာလေး၊ ကျွန်မတို့ဆီက အစားအသောက် ရှားတယ်။ ကလေးတွေကတော့ ထမင်းကြမ်းနဲ့ ထန်းလျက်ခဲ အဆာပြေ စားကြသပေါ့''

''ကျွန်တော် အဘဦးဘနီးတို့ အိမ်မှာ ထမင်းကြော်နဲ့ နွား သောက်ပြီးပါပြီ။ အဖန်ရည်ပဲ သောက်ပါတော့မယ်။ ဒါနဲ့ ကိုဘိုကြီးရော အစ်မ''

''ထုံးစံအတိုင်းပေါ့ . . . ဆရာလေးရယ်၊ ညနက်သန်းခေါင်မှ ပြ လာတော့ အခုထိ အိပ်ရာက မထသေးဘူး''

ကျွန်မ နိုးပေးပါ့မယ်။

''နေပါစေ . . . အစ်မ၊ သူလည်း ကာလသားခေါင်းဆိုတော့ ကံမောင်၊ ကံဆောင်တို့ကိစ္စ အလုပ်ရှုပ်ပေမပေါ့''

''ရပါတယ် . . . ဆရာလေး၊ သူလည်း ရေပုပ်ရွာသွားပြီး နဘ (နှမ်းဖတ်) ဝယ်ရဦးမှာ။ နွားတွေလည်း နွေရာသီမှာ ကောက်ရိုးပဲစားရတော့ ပိန်လှီနေပြီ။ နဘတ်ကလေး ဘာလေး စားရမှ ပြန်ဝမှာ''

''ဟဲ့ . . . ဘိုကြီး၊ ထတော့လေ၊ နေမြင့်ပြီ။ ရေပုပ်ရွာသွားပြီ နွားစာဝယ်ရဦးမယ်မဟုတ်လား''

ထူးသံ ပြန်မကြားရပါ။ အိပ်ပျော်နေသည် ထင်သည်။

''ဒီကောင်က ဒီလိုပဲ အိပ်ပုတ်သိပ်ကြီးတာ''

အစ်မက စိတ်မြန်လက်မြန် ထိုင်ရာကထ၍ အခန်းထဲ ဝင်သွာ သည်။ နှုတ်ကလည်း . . .

''ဟဲ့ . . . ဘိုကြီး၊ ထစမ်း။ ဒီမှာ ဆရာလေးရောက်နေတာ ကြ ပြီး အားနာစရာ''

''ဟင် . . . နိုးမရပါလား။ ဟယ်တော် . . . ဘိုကြီး အသားတွေ ပြီး မျက်ဖြူလန်နေပါလား။ ဆရာလေး . . . လုပ်ပါဦး''

အစ်မ အော်သံကြောင့် ကျွန်တော် အိပ်ခန်းထဲက အပြေးဝင်သွာ သလို မောင်နှမများလည်း အိမ်ပေါ်သို့ အပြေးတက်လာကြသည်။ ကျွန်တော်





ကြည့်တော့ ကိုဘိုကြီး အသက်မရှိတော့။ တစ်ကိုယ်လုံး ပြာနှမ်းရုံမက ညိုးနက်နေသည်။ လွန်စွာပြင်းသော အဆိပ်ဖြစ်သည်။ ကျွန်တော် ခြေ ထောက်နှစ်ဖက်တွင် ပေါက်ရာ ရှာကြည့်တော့မတွေ့။ လက်နှစ်ဖက်အား ရှာ ကြည့်တော့မှ ဘယ်ဘက်လက်မနှင့် လက်ညိုးကြားတွင် သွေးစို့နေသော အစွယ်ရာနှစ်ခုကို တွေ့ရသည်။ စို့နေသောသွေးက အနီရောင်မဟုတ်၊ အနက်ရောင်ဖြစ်သည်။ အဆိပ်နက်ကြောင့် တစ်ကိုယ်လုံးလည်း မဲချိတ်နေ ပါသည်။

''ဟယ်တော် . . . သားရယ်၊ ကံဆိုးလှချည်လား''

''အစ်ကိုကြီးရယ် . . . အဖြစ်ဆိုးလှချည့်လား''

တစ်အိမ်လုံး ငိုသံ ပွက်ပွက်ညံသွားသဖြင့် အိမ်နီးချင်းများ ဝိုင်း လာကြသည်။ တစ်ရွာလုံးလည်း ပွက်ပွက်ညံသွားတော့သည်။ သွားရှာပြန် ပြီတစ်ယောက်၊ ညဥ့်နက်သန်းခေါင်ကျော်မှ ပြန်လာပြီး ခြေပစ်လက်ပစ် အိပ်ပျော်နေစဉ် ခေါင်းရင်းထရံကြားမှ ငန်းမြွေက ကိုက်သွားခြင်းဖြစ်ပေလိမ့် မည်။ ဒါဆို . . . လိပ်မင်းနှင့် ဖားမင်းတို့လည်း အန္တရာယ်နှင့် အလွန်နီး နေပြီဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော် တည်းခိုအိမ်သို့ ခေတ္တပြန်ပြီး ကျွန်တော် အချောသပ်၍ ဆောင်ထားသော ဝါးဆစ်ပိတ်၊ ဝါးစိမ်းတုတ်တစ်ချောင်းအား ယူ၍ ရွာအနောက် ဒုဋ္ဌဝတီမြစ်ကမ်းဘက်သို့ ထွက်ခဲ့ပါသည်။ လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုအား သတိပေးရန်ဖြစ်ပါသည်။ နေထွက်ပြီဖြစ်သဖြင့် လမ်း က မြင်မြင်ထင်ထင်ရှိသည်။

မြစ်ကမ်းသွား၍ ရေချိုးဆင်း၊ အဝတ်လျှော်ကြသဖြင့် လမ်းက ဖုံ နေသည်။ ရေစည်လှည်း တိုက်ထားသဖြင့် ဖုန်လည်းသိပ်နေသည်။ လူသွား လမ်းဘေး၌ မြစိမ်းဆူးပင်နှင့် မိုးနံ့ဆူးချုံ၊ ဆူးရစ်နှင့် အလိုလေးဆူးပင် များသာရှိသည်။ ကန္တာရတောဖြစ်၍ သစ်ပင်ကြီးကြီးမားမား မရှိပါ။ အပြ တော့ ဦးထုပ်မပါခဲ့သဖြင့် နေပူမိရော့မည်။ ရွာနှင့် ဒုဋ္ဌဝတီမြစ်ကမ်းက တစ်မိုင်ခန့် ဝေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လမ်းလျှောက်ရင်းလည်း သတိထားသည်။ လမ်းပေါ်၌ သာမက လမ်းဘေး၊ ဝဲယာနှစ်ဖက်၊ ဆူးချုံတောစပ်အထိ လှုပ်ရှားမှုမှန်သမျှ မျက်ခြည်မပြတ်စေရ။ သစ်ရွက်ခြောက်ကလေး လှုပ်ရှားတာကအစ ကျွန်တော် သတိထားသည်။ ကမ်းစပ်ရောက်သည်အထိ အကောင်ဗလောင် တစ်ကောင်တလေမှ မတွေ့ရပါ။ ယခင်က ဤလမ်းဘက် လမ်းလျှောက်ထွက်လျှင် နီရဲရဲပုတတ်နှင့် ပုတ်သင်ညိုခေါင်းစိမ်း၊ မြွေပေါက်စကလေးများနှင့် ရှဉ့်ကလေးများကိုတော့ တွေ့ရတတ်သည်။ ချောင်းမြောင်းနေသော ကျွန်တော် မမြင်နိုင်သည့် အန္တရာယ်တစ်စုံတစ်ရာများ ရှိရှေ့သလားမသိ။ ထို့ကြောင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် အညာထုံးစံအတိုင်း ဝါးဆစ်ပိတ်တုတ်အား ထောင်လိုက်ကိုင်ပြီး မြေပေါ်သို့ တဒုတ်ဒုတ်ဆောင့်၍ လမ်းလျှောက်ခဲ့ရပါတော့သည်။

ကမ်းနားစပ်၌ စောသေး၍ထင် လူရှင်းနေသည်။ အဝတ်လျှော်သူ ရေခပ်သူ၊ ရေချိုးသူပင်မရှိ။ လိပ်မင်းနှင့် ဖားမင်းတို့ ညီအစ်ကိုအသံလည်း မကြားရ။ အရိပ်အယောင်လည်း မမြင်ရ။ ဧရာဝတီမြစ်ကြီးက ငြိမ်သက်စွာ တငြိမ့်ငြိမ့် စီးနေသည်။ မြစ်ကမ်းစပ်နှစ်ဖက်တွင် အညာဒေသဖြစ်သော်လည်း ရေခာတ်ကြောင့် စိမ်းမြနေသည်။ ငှက်ကြီးတောင်ပင်၊ မားမကြီးပင်၊ အိုးဖုတ်ပင်၊ ဘဲပြားပင်များက စိမ်းလန်းစိုပြည်နေသည်။ ကျွန်တော် ကမ်းစပ်တွင် ငေးကြည့်နေမိသည်။ တစ်ဖက်ကမ်း ကိုင်းတောစပ်၌ စာဝတီးကလေးများ အသိုက်လုပ်နေကြသည်။ ပွက်စာမွဲငှက်ကလေးများ တကျစ်ကျစ် မြည်နေသည်။

ကျွန်တော် မည်မျှ တွေဝေငေးမောနေမိသည် မသိ။ ခပ်ဝေးဝေးမှ အသံများကြားရသဖြင့် သတိနှင့်အသိ ပြန်လည်ကပ်မိချိန်တွင် မြစ်ကမ်းစပ် ချုံကွယ်မှ လှေကလေးတစ်စင်းပေါ်လာသည်။

“ဆရာလေး . . . ဆရာလေး . . .”

လိပ်မင်းနှင့် ဖားမင်းတို့ညီအစ်ကို မျှားတန်းချရင်း လှော်လာသော လှေကလေးဖြစ်သည်။ သူတို့ကိုမြင်ရမှ ကျွန်တော် စိတ်အေးသွားပြီး ပြုံးလိုက်မိသည်။





“ဟေ . . . အေး . . မင်းတို့ညီအစ်ကို အဆင်ပြေကြရဲ့လား”

“ဒီနေ့ အတော့်အဆင်ပြေတယ် . . . ဆရာလေး။ တစ်စုံတစ်ဦးက ကူညီနေသလိုပဲ။ အခု မနက်ခင်းတင် ငါးကြီး လေးငါးပိဿာ ရနေပြီ”

“အဆင်ပြေတာပေါ့ကွာ။ ကဲ . . . မင်းတို့လည်းနားကြဦး၊ စကားပြောကြရအောင်”

လှေကို ကမ်းစပ်တိုင်ငုတ်တွင် ချည်၍ ထမင်းထုပ်ကိုပါ ယူကာ ညီအစ်ကိုနှစ်ယောက် ကမ်းပေါ်သို့ တက်လာကြသည်။

“ဆရာလေး . . . ဘာစားပြီးပြီလဲ”

“ထမင်းကြော်နဲ့ ငှားနို့စားသောက်ပြီးပါပြီကွာ။ မင်းတို့ကကော”

‘အခုပဲ မနက်စာ၊ နေ့လယ်စာ ပေါင်းစားမှာလေ ဆရာလေးရဲ့”

“ကောင်းကွာ၊ ကဲ . . . မင်းတို့ စားရင်း စကားပြောကြတာပေါ့”

ကျွန်တော်တို့ ကမ်းစပ်ပျဉ်းမပင်ကလေး တစ်ပင်အောက်တွင် ထိုင်ကြရင်း စားကြသောက်ကြရင်း စကားပြောကြသည်။ ကျွန်တော်က သူတို့ ထမင်းစားနေစဉ် သတင်းဆိုးကို မပြော။ သူတို့ ငါးဖမ်းပုံဖမ်းနည်းများကို မေးမြန်းပြီး ရန်ကုန်ပြန်တော့မည်ဖြစ်ကြောင်း စကားဆိုသည်။

“ဆရာလေး . . . ကျွန်တော်တို့ ညီအစ်ကို ရန်ကုန်လိုက်လည်လို့ ရောက္ခုးလား”

“ဟ . . . ရတာပေါ့။ မင်းတို့ကို ခေါ်ချင်လို့ ငါ စကားအစပျိုးနေတာ”

“လိုက်တော့လိုက်ချင်ပါတယ် . . . ဆရာလေးရယ်။ ဒါပေမဲ့ လမ်းစရိတ်၊ စားစရိတ်တွေက အတော်ကုန်မှာ”

“ဟ . . . အဲ့ဒါတွေက ငါ တာဝန်ယူပါတယ်။ ရန်ကုန်မှာ နေရေးထိုင်ရေး စားဝတ်နေရေးအပြင် မင်းတို့ကို အလုပ်အကိုင်ပါ ငါက ရှာပေးဦးမှာပါ”

“ဆရာလေး . . . တကယ်ပြောတာလား”

“အဟုတ်တကယ် ပြောတာပေါ့ကွ။ နောက်ပြီး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆက်ပြောသင့် မပြောသင့် ချိန်ဆရသည်။ သူတို့ ထမင်းစားပြီးပြီဖြစ်သဖြင့် . . .

"နောက်ပြီး ဘာဖြစ်သလဲ . . . ဆရာလေး"

"နောက်ပြီး မင်းတို့ ဒီမှာ နေထိုင်လုပ်ကိုင်စားရတာ အသက်အန္တရာယ်နီးတယ်။ ဒါကြောင့် ငါနဲ့ ရန်ကုန်ကို လိုက်ခဲ့ကြပါ"

ကျွန်တော် ညက ကံဆောင်၊ ကံမောင်တို့ညီအစ်ကို အိပ်မက်ပေးပုံ၊ သတိပေးပုံအစုံစုံကို ပြောပြပြီး နောက်မှ ကာလသားခေါင်း ကိုဘိုကြီး ငန်းမြွေကိုက်၍ သေဆုံးသွားပုံအကြောင်း ပြောပြရာ လိပ်မင်းက . . .

"တောက် . . . ရက်စက်လိုက်တာ ငန်းမြွေကြီးရယ်၊ နေနှင့်ဦးပေါ့ကွာ။ ကဲ . . . ညီလေး ရှာပြန်မယ်။ ပိုက်တန်းတွေ ဖြုတ်တော့"

ညီငယ်ဖားမင်းက ရေထဲဆင်း၍ ပိုက်တန်းတွေ ဖြုတ်နေစဉ် . .

"အစ်ကိုကြီးရေ . . . လာဦးဗျ၊ ဒီမှာ ကျုပ်တစ်ယောက်တည်း မနိုင်ဘူး။ ငါးတွေမိနေတာ တင်းကြမ်းပဲ။ လှေပါယူခဲ့ပါ"

"ဟ . . . ငါတို့တော့ ဒီနေ့ ပွတာပဲ။ ကိုဘိုကြီး ကူညီတာဖြစ်မယ်။ ဒါကြောင့် ဒီနေ့ ငါးအရထူးတယ် အောက်မေ့နေတာ။ အစ်ကိုဘိုကြီးရေ . . . အမျှ . . . အမျှ . . . အမျှ။ ကိုကြီးအတွက် လက်စားချေပါ့မယ်။ ညနေကျတော့လည်း ငါးကြော်နဲ့ ထန်းရည်ဆက်ပါ့မယ်"

တန်းပိုက်ရုပ်ပြီး ငါးများဖော်တော့ ငါးဘတ်၊ ငါးကြင်း၊ ငါးရှူ၊ ငါးကျည်း၊ ငါးကောင်းငါးသန့်များ အချိန် (၁၀) ခန့်ရသည်။ ကျွန်တော့်မျက်စိရှေ့ အချိန် (၁) နာရီခန့်အတွင်း ထောင်ခြင်းဖြစ်သဖြင့် လွန်စွာ ထူးဆန်းနေသည်။ လိပ်မင်းပြောသလို ကာလသားခေါင်း ကိုဘိုကြီး မစလေသလားမပြောတတ်ပါ။ ကျွန်တော်တို့ အပြန်လမ်းတွင် ပိုက်ထဲ၊ ငါးများထည့်၍ တက်လျှိုး ထမ်းပိုးလုပ်ပြီး ပြန်ခဲ့ကြသည်။ ဤကဲ့သို့ များများစားစား တစ်ကြိမ်တစ်ခါမှ မရဘူးဟုလည်း သူတို့ညီအစ်ကိုက ပြောပြသည်။

မနက်(၁၀) နာရီခန့် အညာနေ ပူပြင်းစပြုပြီဖြစ်သော်လည်း ကျွန်တော်တို့ ပူရကောင်းမှန်း မသိပါ။ ဦးထုပ်မပါသော်လည်း နေမင်းကို အန်တု





၍ ရဲရဲကြီး လျှောက်လှမ်းခဲ့ကြသည်။ ငါးများများရသဖြင့် အပျော်ကြီးပျော်ကာ မြွေကြီးအန္တရာယ်ကိုပင် ခေတ္တခဏ မေ့လျော့သွားကြသည်။ ထိုနေ့နေ့လယ်က ကာလသားခေါင်း ကိုဘိုကြီးအိမ်သို့ သတင်းမေးရင်း ဟင်းစားသွားပေးကြသည်။ အပြန် ငါးအူဟင်းဖြင့် နေ့လယ်စာ ချက်စားကြရာ မြိန်လှသည်။ ကာလသားကြိုက်၊ ပုစွန်ဆိတ်ခုန် ထန်းရည်ကလေးကလည်း ပါသကိုး။

ကျွန်တော် ဗိုက်လေးလေးဖြင့် သူကြီးအိမ်ပြန်အိပ်သည်။ ထိုအချိန်အတွင်း လိပ်မင်းနှင့် ဖားမင်းညီအစ်ကိုနှစ်ယောက် တူရွင်းများ၊ ဓားများ၊ တုတ်များဖြင့် ကာလသားများကိုပါခေါ်ကာ ငန်းမြွေကြီးထွက်လာသဖြင့် ရိုက်သတ်ခဲ့သော တမာပင်အောက်မှ ခြတောင်ပို့ကို သွားဖြိုကြကြောင်း သိရသည်။ မြွေထီးကြီးမရှိသဖြင့် ခြတောင်ပို့အား ဖြိုကာ မီးပုံတိုက်ခဲ့ကြသတဲ့။ တစ်ဖက်နှင့်တစ်ဖက် အငြိုး ဘယ်တော့မှပြီးမည်မသိ။

ထိုညက ကိုဘိုကြီးအသုဘအိမ်သို့ သွား၍ အလှူငွေထည့်ပြီး လိပ်မင်း၊ ဖားမင်းတို့ညီအစ်ကိုနှင့် တွေ့ဆုံသည်။ မနက်ဖြန် ရန်ကုန်ပြန်မည်ဖြစ်၍ လိုက် မလိုက် မေးရာ တကယ်တမ်းကျတော့ သူတို့လုပ်ငန်းများဖြင့် မလိုက်နိုင်ကြပါ။ ကျွန်တော်က မြွေအန္တရာယ်အား ဂရုစိုက်ရန် သတိပေးပြီး တည်းခိုအိမ်သို့ ပြန်ခဲ့ပါသည်။

ညစာ စောစောစားပြီး မနက်ဖြန်မနက် မန္တလေးတက်ရထားဖြင့် ရန်ကုန်ပြန်ရန် ပြင်ဆင်နေစဉ် ရွာထဲမှ တပည့်ဟောင်းများလာကြ၍ လက်ဆောင်များပေးကြသည်။ သနပ်ခါးတုံး၊ မြေပဲဆံ၊ မလိုင်ခဲများ ဖြစ်ကြသည်။ နှုတ်ဆက်ကန်တော့ကြသေးသည်။ ညစောစောအိပ်ရာဝင်ရန် မျက်နှာသစ်၊ ခြေလက်ဆေးပြီးချိန်တွင် တပည့်ကျော် လိပ်မင်းနှင့်ဖားမင်း ညီအစ်ကိုနှစ်ဦး ရောက်လာကြသည်။ ငါးခြောက်၊ ငါးခြမ်းများဖြင့် ကန်တော့၍ နှုတ်ဆက်ခြင်း ဖြစ်ပါသည်။

"ကဲ . . . လိပ်နဲ့ဖား ညီအစ်ကိုရေ၊ ငါးခြောက်ငါးခြမ်းတွေ ငါတို့ ရန်ကုန်မှာ ပေါပါတယ်။ မင်းတို့ဆီက ရှားတယ်။ ပြန်ယူသွားကြပါ။ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို မလိုက်နိုင်တာတော့ ငါ စိတ်မကောင်းဘူးကွာ။ အသွားအလာ အနေအထိုင် သတိဝီရိယနဲ့ နေကြပါ။ ငန်းမြွေကြီးအငြိုးက မသေးဘူး''

''စိတ်ချပါ ဆရာ၊ ကျွန်တော်တို့ အမြဲသတိရှိပါတယ်။ လက်နက်နဲ့ကိုယ်လည်း မခွာပါဘူး။ အိမ်ကမိသားစုကို ကျွန်တော်တို့ပဲ လုပ်ကိုင်ကျွေးမွေးနေရတော့ ကျွန်တော်တို့ညီအစ်ကို ဆရာလေးနဲ့ ရန်ကုန်မလိုက်နိုင်တာ ခွင့်လွှတ်ပါ''

''ရပါတယ်ကွာ ... ငါက မင်းတို့အန္တရာယ်၊ ဘေးကင်းအောင် ကူညီချင်တာပါ။ ဒါကြောင့် ခေါ်တာ''

''အဲ့ဒီအတွက် မပူနဲ့တော့ ... ဆရာလေး။ ကျွန်တော်တို့ အစောကပဲ ရေပုပ်ရွာအဝင်နားက မြွေနိုင်ရှမ်းဆရာကြီးဆီမှာ ကာကွယ်ဆေးသွားထိုးထားပြီးပြီ။ ဆရာကြီးခိုင်းတဲ့အတိုင်း အိမ်ပတ်လည်၊ ရွာပတ်လည် စည်းချပြီးပြီမို့ မြွေဆိုးကြီးရွာထဲတောင် ဝင်နိုင်မှာမဟုတ်ဘူး။ စိတ်ချပါ ... ဆရာလေး''

''အေး ... အေး ... အဲ့ဒါဆိုရင် ငါစိတ်ချပါပြီ။ ဒါပေမဲ့ သတိတော့ မပေါ့ဆကြနဲ့။ အမြဲတမ်း သတိရှိနေတာ မမှားဘူး။ နေ့လယ်က မင်းတို့ညီအစ်ကိုတွေ ကာလသားတွေပါခေါ်ပြီး မြွေကြီးအောင်းနေတဲ့ ခြတောင်ပို့ကြီးကို သွားဖြိုကြသေးတယ်ဆို။ ရန်ရန်ချင်း မတုံ့နှင်းပါနဲ့ကွာ။ မေတ္တာပို့ပါ။ ဒီဇာတ်လမ်းက ငါတို့က စခဲ့တာဆိုတာကိုလည်း မမေ့ပါနဲ့''

''ဒါပေမဲ့ ... ဆရာလေးရယ်၊ ကျွန်တော်တို့က မြွေမကြီး ရန်မှုလို့သတ်ရတာ။ သူတို့ဘက်က တစ်ဦးနှစ်ဦး လက်စားချေပြီးရင် တော်ရောပေါ့။ အခုတော့ (၃) ဦးတောင် ရှိပြီ။ ကျွန်တော်တို့ကတော့ မြွေထီးကြီးကို ခွင့်မလွှတ်ဘူး။ တွေ့ရင်တော့ အသေသတ်မှာပဲ''

''မင်းတို့ကို ဆေးထိုးပေးတဲ့ မြွေနိုင်ရှမ်းဆရာကြီးက မြွေမသတ်ရ၊ မြွေသားမစားရလို့ ကတိမတောင်းဘူးလား''

''တောင်းပါတယ်။ ကျွန်တော်တို့ကလည်း ကတိပေးခဲ့ပါတယ် ... ဆရာလေး။ ဒါပေမဲ့ ...''





''အေး ... လူ့စည်း၊ ဘီလူးစည်းဆိုတာ ရှိတယ်။ စည်းပေါက်ပြီး ကတိပျက်ရင် ဘာဆေးမှ မစွမ်းတော့ဘူး။ ဂရုစိုက်ကြပါ''

''ဟုတ်ကဲ့ပါ ... ဆရာလေး''

နောက်တစ်နေ့ မနက်တွင် ကျွန်တော် ရေပုပ်ရွာက လိုင်းကားဖြင့် မန္တလေးသို့တက်ခဲ့ရာ အဘဦးသာဦးနှင့် လိပ်မင်း၊ ဖားမင်းညီအစ်ကိုက ကျွန်တော့်အား ရေပုပ်ရွာကားဂိတ်အထိ လိုက်ပို့သည်။ ကားကြီးထွက်မှ သူတို့ပြန်ကြသည်။ ကျွန်တော် မန္တလေးရောက်ပြီး ညရထားဖြင့် ရန်ကုန်ပြန်ခဲ့ရာ နောက်တစ်နေ့မနက်တွင် ရန်ကုန်သို့ ပြန်ရောက်သည်။ အလုပ်အကြွေးကျန်များဆပ်ပြီး နိုင်ငံခြားဘာသာသိပ္ပံသို့ ဆက်တက်ရန် ဝင်ခွင့်စာမေးပွဲ ဖြေနေရသဖြင့် မြွေကြီးအကြောင်းကို မေ့သွားသည်။

ကျွန်တော် ကျောင်းဝင်ခွင့်စာမေးပွဲ အောင်သဖြင့် နိုင်ငံခြားဘာသာသိပ္ပံ၌ ဂျပန်ဘာသာ ဒီပလိုမာတက်နေစဉ် အိမ်သို့ စာတစ်စောင်ရောက်လာသည်။ အဘသူကြီး ဦးသာဦးက ရေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော် မန္တလေးက ပြန်လာသောညခြင်းနေ့တွင် လိပ်မင်းနှင့် ဖားမင်းညီအစ်ကို ရွာပြင်ထွက်၍ ထန်းတောသွားစဉ် မြွေကိုက်ခံရကြောင်း၊ မြွေနိုင်ကာကွယ်ဆေး ထိုးထားသဖြင့် နေရာတွင်မသေ။ မြွေဆိပ်နိုင်ဘုရားမှ ရှမ်းဆရာကြီးအား ပင့်၍ ပြီး ကုသော်လည်း မသက်သာသဖြင့် လှည်းဖြင့် ကျောက်မြီးတာဆုံရွာမှ တစ်ဆင့် ဂျစ်ကားငှား၍ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသသော်လည်း ဆေးရုံကြီးအပေါ်၌ မြွေဆိပ်ဖြေဆေးထိုး၍ ကုသနေစဉ် သတိလည်မလာတော့ဘဲ ကွယ်လွန်သွားကြောင်း သတင်းနှင့် နောက်ထပ် မြွေသားစားမိသူ ကာလသားနှစ်ဦးလည်း နောက်တစ်ပတ်အကြာတွင် ငန်းမြွေကြီးအကိုက်ခံ၍ ကွယ်လွန်ကြကြောင်း၊ မြွေသားစားမိသူ ကာလသားအပေါင်း ရွာမှ ထွက်ပြေးကြသဖြင့် ရွာတွင် ကျီးနှင့်ဖုတ်ဖုတ်သာ ကျန်တော့ကြောင်း ဆရာလေး ရန်ကုန်ပြန်သွားသည်မှာ အလွန်မှန်ကန်ကြောင်း စသည်ဖြင့် ရှည်လျားစွာ ရေးသားထားသည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်သော်လည်း စိတ်မအေးနိုင်ပါ။ ကျွန်တော်ဖတ်ဖူးသော နိုင်ငံခြားဝတ္ထုတစ်ပုဒ်တွင် အာဖရိကတိုက်၌ မြွေမကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုသတ်၍စားခဲ့သော မုဆိုးတစ်ဦးအား မြွေထီးကြီးက သမုဒ္ဒရာကြီးကို ဖြတ်သန်း၍ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့အလယ်ခေါင် တိုက်ခန်းအထိ လိုက်လံကလဲ့စားချေကြောင်း ဖတ်ရှုခဲ့ရဖူးသည်။ စာရေးဆရာနာမည် မမှတ်မိတော့သော်လည်း ဝတ္ထုနာမည် 'Revenge' လက်စားချေခြင်းကိုတော့ ကျွန်တော်မှတ်မိနေသည်။ ထို့ကြောင့် မြွေမုန်းသမျှမြင်သည်နှင့် ကျွန်တော် ကြောက်သည်။ ရပ်ဝေးမြေခြားဖြစ်သော်လည်း အမြဲတမ်း သတိထားသည်။

ကျွန်တော် နေသည်ကလည်း မြေကြီးနှင့်ဝေးရာ ကန်ထရိုက်တိုက် အပေါ်ဆုံးလွှာ ၆ ထပ်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

| ၁ |

သံသာကမ်းတိုင် ××× တွေပြိုင်ကူးဖို့ရည်ရွယ် ×××
ဆုထူးကိုမောင်မယ်စုံရွေ ××× ဟိုရှေးရေစက်သွေမပျက် ×××
မြဲခိုင်စေ ×××
ဖူးစာဖက် ××× ချစ်သက်ဝေ ××× ချစ်တယ်သက်ဝေ ×××
မောင့်အသည်းစိုင် မေသာပဲလေ ×××
မေ့အသည်းစိုင် ××× မောင်သာပဲလေ ××× စွဲမြဲခိုင်နေ ×××
ကမ္ဘာတိုင်တည်မယ်လေ ×××
သူနိုင်ငါနိုင် ××× သစ္စာမတ္တိုင် ××× ချစ်ခရီးပြိုင်မယ်လေ ××

ရွာလယ်မဏ္ဍပ်၏ အသံချဲ့စက်သံမှ ထွက်ပေါ်လာသော မင်္ဂလာတေးသံသည် အရပ်ရှစ်မျက်နှာတစ်စုလုံးသို့ ပျံ့နှံ့လျက်ရှိသည်။ ခါတိုင်းမင်္ဂလာဆောင်တွေက အသံချဲ့စက်ကို အော်လံ(၂)ခုဖြင့်သာ ဖွင့်ကြသည်။ ဤမင်္ဂလာဆောင်ကတော့ အော်လံ(၄)ခုဖြင့် အရပ်လေးမျက်နှာကို လှည့်ပြီး ဖွင့်သောကြောင့် အရပ်ရှစ်မျက်နှာအကုန်လုံး မကြားချင်အဆုံး ဖြစ်နေကြရသည်။

ရွာအတွင်း ရွာပြင်ရွာနီးချုပ်စပ်မှ မင်္ဂလာပွဲသို့ကြွရောက်လာကြသော ပရိသတ်အပေါင်းကလည်း ဝက်ဝက်ကွဲမျှ စည်ကားလှသည်။ ထူးခြား





သောမင်္ဂလာပွဲဖြစ်၍ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် လာရောက်ချီးမြှင့်ကြသည်။ ဝက်သားပြောင်ဟင်း၊ သရက်သီးသုပ်၊ မှို့ခြောက်ဟင်းချို၊ ဆီပီချက်တို့စရာတို့ဖြင့် ကျွေးမွေးညှော်ခံနေသော ထမင်းကျွေးရုံမှာ လက်ဆေးညီအောင် ရှိရသည်။

ကာလသားခေါင်း မြဝင်းကြီးတို့အဖွဲ့မှာလည်း မင်္ဂလာဆောင်သို့ လာရောက်ကြသော အပျိုချောများကြောင့် သွားကြီးတွေအဖွေးသားဖြင့် ညှော်ခံမဆုံးရှိလှသည်။ သတို့သားမှာ ရွာမှ ကျွန်တော်တို့သူငယ်ချင်း ပေဖော်ထက် သောက်ဖော်သောက်ဖက် အမျိုးကောင်းသားလေးဖြစ်သော်လည်း သတို့သမီးများမှာ ကျွန်တော်တို့ရွာမြောက်ဘက် သာယာကုန်းရွာမှဖြစ်သည်။

လက်ဖွဲ့ခုံတွင်တော့ ကျွန်တော် မောင်ရဲနိုင်နှင့် စံပိန်ရွာဆော်ကိုမောင်ဦးတို့က ထိုင်၍ လက်ဖွဲ့ငွေများကို စာရင်းနှင့်တကွ လက်ခံနေကြရသည်။ တောရွာလေ့ဖြစ်၍ ပစ္စည်းများကို လက်ဖွဲ့လေ့မရှိဘဲ ငွေကိုသာ အဓိက လက်ဖွဲ့ကြသည်။ ပရိသတ်ကများလွန်း၍ လက်မလည်နိုင်အောင် မှတ်ပြီး လက်ခံနေကြရသည်။

| | | |
|---|---|---|
| ဦးပြားကြီး | ဘုရားလူကြီး | ၂၅/- |
| ဦးပိန် | ဘုရားလူကြီး | ၂၀/- |
| ဦးတင်ထွန်း | ရန်ကုန် | နို့မှုန့်ဘူးတစ်ဘူး |
| ဦးညိုမှိုင်း | သန်လျင် | ကလေးအနီးပိတ် ၅ စ |

"ဆရာမလေး ကျုပ်ကို မင်္ဂလာပန်း ပြန်ကမ်းဦးလေဗျာ"

"ဒီမှာ ပေးနေပါတယ် ... ဦးပြားကြီးရဲ့။ ရှင်က ကျွန်မကိုမကြည့်ဘဲ ဆရာမလေးကို ကြည့်နေတာကိုး"

"မမြင်လို့ပါ မစပ်ကြီးရဲ့။ ဟီး ... ဟီး ..."

ထိုစဉ်မှာပင် အဘထိတ်တုံးရွှေနှင့် သူ့တပည့်တစ်ယောက် တောင်းကြီးတစ်လုံးကိုထမ်း၍ ကျွန်တော်တို့လက်ဖွဲ့ခုံအနား ရောက်လာခဲ့သည်။ အနားသို့ရောက်လာသောအခါ တောင်းထဲမှပစ္စည်းများကို ထုတ်၍...

"တူလေး ... ဒီမှာ လက်ဖွဲ့ပစ္စည်းတွေ စာရင်းမှတ်ပေဟ့။



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကြက်ဥက | အလုံး ၅၀ |
| ဗီးကြမ်းငှက်ပျောသီး | တစ်ခိုင် |
| ဆန်ဆေးရေက | တစ်ပုံး |
| ပျားရည် | နှစ်ပုလင်း |
| စာကလေးကြော်က | အကောင် ၃၀ |
| နှမ်းလုံးကြိုင်မြစ် | တစ်ခု |
| သင်းခွေချပ်သွေး | တစ်ပုလင်းကွ။ |

ဒါတွေကို ငါ မနည်းစုထားရတာ။ မင်း မင်္ဂလာဆောင်ရင် လက်ဖွဲ့မလို့။ အခု မင်းကမဆောင်ဘဲ သူငယ်ချင်းအောင်သာက ဆောင်သွားတော့ သူ့ကို အရင်လက်ဖွဲ့လိုက်တာ''

''ဟိုက် ... အအကတော့ လုပ်ချလိုက်ပြီ''

''အဘ သူများတွေလို ပိုက်ဆံလက်မဖွဲ့ဘဲ ဒါတွေ ...''

''မင်း ဘာနားလည်လို့လဲ။ ပိုက်ဆံက ဘယ်မှာရှာရှာ ရှာလို့ရတယ်။ ဒါတွေက ရှာလို့ လွယ်လွယ်နဲ့ရမှာမဟုတ်ဘူး။ သိပ်တန်ဖိုးရှိတာ''

ကျွန်တော်တို့လက်ဖွဲ့ခုံဘေးမှ မင်္ဂလာပန်းကမ်းနေသော အပျိုကြီး အပျိုလေးအပေါင်းက ဘာကို သဘောကျသည်မသိ။ တခစ်ခစ် ရယ်နေကြသည်။ အပျိုကြီး မထွားမေက ...

''ကိုထိတ်တုံးရွှေ ... ရှင်က လူပျိုကြီးလုပ်ပြီး ဒီပစ္စည်းတွေအကြောင်း ဘယ်လိုသိနေတာလဲတော့။ ခစ် ... ခစ် ... ခစ် ...''

''ဟီး ... ဟီး ... ဟီး ... ငါလည်း မသိပါဘူးဟာ။ သင်းခွေချပ်ရဲ့သွေးက မုဆိုးကြီးလေးမောင်က ပေးထားတာ။ ပြီးတော့ ပြောသေးတယ်။ ဗြိုလမှာရတဲ့ သင်းခွေချပ်သွေးတဲ့။ ပိုပြီး ကောင်းတယ်တဲ့။ နောက်ပြီး နှမ်းလုံးကြိုင်မြစ်ကလည်း အရှေ့ဘက်ကိုထွက်တဲ့ အမြစ်တဲ့။ အဲဒါကိုတော့ ထောင်မှူးကြီးသိန်းဝင်းက ငါ့ကိုပေးထားတာ''

''ငါက အသုံးမလိုလို့ အခု ပြန်လက်ဖွဲ့တာ။ ပြီးတော့ ထောင်မှူးကြီးကပြောသေးတယ်။ သာခုကန်ဘုရားနားမှာ ဆပ်သွားလူးမြစ်သွားရှာတာမရလို့တဲ့။ ရရင် အဲဒါ ငါထပ်ပေးဦးမှာတဲ့''





''အဘ အဲဒါ ဘာတွေကောင်းလို့လဲ''

လက်ဖွဲ့ခုံဘေးမှ အပျိုပေါက်မလေးက အူတူတူ အတတနှင့် ထပ်မေးပြန်သည်။

''အေး ... အဘလည်း ကောင်းကောင်းမသိဘူး။ တူလေး မောင်ရဲနိုင်ကို မေးကြည့်ပါလား''

''အား ... အဘ၊ ကျုပ်ဘက် လှည့်မလာနဲ့နော်။ ကျုပ်လည်း မသိဘူး''

''ကဲ ... ကဲ .. ဒီလိုဆိုရင် နောက်တစ်ပတ်လောက်နေမှ အခု မင်္ဂလာဆောင်တဲ့သတို့သားကို သွားမေးကြည့်၊ သူပြောပြလိမ့်မယ်''

ထိုအခါမှပင် ထိုမိန်းကလေး သဘောပေါက်သွားတော့သည်။

''ဘာမှန်းလည်းမသိဘူး။ အဘက အရမ်းညစ်ပတ်တာပဲ''

''ဟား ... ဟား ... ဟား ...''

''ခစ် ... ခစ် ... ခစ် ...''

မင်္ဂလာအခမ်းအနားတွင်ညှော်ခံနေသော သတို့သား၏ဖခင်ကတော့ ကျွန်တော်တို့ဝိုင်းကို ကြည့်၍ တပြုံးပြုံးဖြစ်နေသလောက်၊ သမီးရှင်များ၏ ခေါင်းလုပ်သူကတော့ မျက်နှာရှုံ့မဲ့နေသည်။ သမီးရှင်နှင့်သားရှင် ဒီလောက်တော့ ရှိပေမပေါ့။

နံနက် (၉)နာရီခန့်တွင် ညှော်ခံမဏ္ဍပ်အတွင်း၌လည်းကောင်း၊ အိမ်ပေါ်၌လည်းကောင်း ညှော်ပရိသတ်အပေါင်းက ပြည့်နှက်နေကြပေပြီ။ ထမင်းစားပြီးသော်လည်း မပြန်ကြသေး။ မင်္ဂလာအခမ်းအနားနှင့် သတို့သား သတို့သမီးတို့ကို တွေ့ချင်သေး၍ မပြန်ကြသေးဟန်တူသည်။

သည်မင်္ဂလာဆောင်ကလည်း ထူးထူးခြားခြား မင်္ဂလာဆောင်ဖြစ်သည်။ ကျွန်တော်တို့ ဟံသာဝတီအနောက်ခြမ်းတစ်ခွင်တွင် မင်္ဂလာဆောင်ပေါင်း မြောက်မြားစွာရှိခဲ့သော်လည်း သည်လိုမင်္ဂလာဆောင်မျိုးကို မကြုံဖူး မတွေ့ဖူးခဲ့ပါ။

သတို့သားယောက်ျားကလေးက ကျွန်တော့်သူငယ်ချင်း အောင်သာကျော်ဖြစ်သည်။ သတို့သမီးက သာယာကုန်းရွာမှ အမြှာညီအစ်မဖြစ်သော ခင်သုံးနှင့် မခင်မှူ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ကျွန်တော့်သူငယ်ချင်း အောင်သာကျော်က အမွှာညီအစ်မဖြစ်သော မခင်သုံးနှင့်မခင်မုံ့တို့အား တစ်နေ့တည်း၊ တစ်ချိန်တည်း မင်္ဂလာဆောင်သော အခမ်းအနားဖြစ်သောကြောင့် တစ်နယ်လုံးက စိတ်ဝင်တစား ရှိနေကြခြင်းဖြစ်သည်။

သတို့သားဖြစ်သူ အောင်သာကျော်က အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း။ သို့သော် အသားကတော့ မည်းပြောင်နေသည်။ သူယူသည့် အမွှာညီအစ်မကတော့ အသားဖြူဖြူ ချောချောကလေးတွေဖြစ်သည်။

ဆံပင်များကိုဖြန့်ချလိုက်လျှင် နှစ်ဦးစလုံး ဒူးဆစ်အောက်ရောက်သည်။ ရုပ်ချင်းကလည်း တူလွန်းလှသဖြင့် မအေတစ်ယောက်သာ ချက်ချင်းခွဲခြားနိုင်သည်။ ဖအေအပါအဝင် ကျန်သူများက တော်ရုံနှင့် ခွဲခြားမရပါ။

အကြီးမခင်သုံးက ညာဘက်နားထင်အစပ်တွင် မှဲ့နက်တစ်လုံးပါပြီး အငယ်မ မခင်မုံ့က ဘယ်ဘက်နားထင်အစပ်တွင် မှဲ့နက်တစ်လုံးပါသည်။

ညီအစ်မနှစ်ဦးစလုံးက အချင်းတိုင်တစ်ခုတည်း မွေးလာကြခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကြပြီး စိတ်ချင်းလည်း ဆက်နွယ်နေကြသည်။ ငယ်စဉ်ကစ၍ ယခုအချိန်ထိ အဝတ်အစား၊ ကစားစရာအရုပ်မှအစ ဆင်တူဝယ်ပေးရသည်။

တစ်ဦးနေထိုင်မကောင်းဖြစ်လျှင် အခြားတစ်ဦးက လိုက်ဖြစ်သည်။ တစ်ဦးဝမ်းနည်းလျှင် အခြားတစ်ဦးက လိုက်၍ဝမ်းနည်းသလို၊ ပျော်ရွှင်စရာဆိုလျှင်လည်း အတူတူပင်ဖြစ်သည်။

"နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီး စုံလင်ပြီဖြစ်ပါသဖြင့် မင်္ဂလာအခမ်းအနားကို စတင်ပေးပါရန် အဘိဓမ္မာဆရာပြား ကြွပါခင်ဗျား"

အသံချဲ့စက်မှ မင်္ဂလာအခမ်းအနားစတင်ရန် ဖိတ်ခေါ်လိုက်သည့် အသံကြားမှ သတို့သမီးအကြောင်းကိုတွေးနေသော ကျွန်တော် သတိပြန်ဝင်လာခဲ့သည်။

"ဤမင်္ဂလာပွဲဖြစ်မြောက်အောင် အစစအရာရာ အကူအညီပေးခဲ့သော အစ်ကိုလေးကိုရဲနိုင်လည်း နှစ်ဖက်မိဘများနှင့်အတူ ကန်တော့ခံရန် ကြွပါခင်ဗျား . . ."

စိတ်ကူးသစ်စာပေ



အသံချဲ့စက်က ကျွန်တော့်ကိုပါ ထပ်မံခေါ်လိုက်သည်မို့ ကျွန်တော်လည်း အခမ်းအနားကျင်းပရာသို့ ထလာခဲ့ရတော့သည်။ ခေါင်းရင်းဘက်တွင် နှစ်ဖက်သောမိဘများနှင့်အတူ ရွာမှလူကြီးအပေါင်းတို့ကလည်း တင့်တယ်တည်ကြည်စွာ စံမြန်းနေကြသည်။ ကျွန်တော် ဝင်ရောက်နေရာယူပြီးသောအခါ အခမ်းအနားမှူးလုပ်သူ ရွာဆော်ကိုမောင်ဦးမှ . . .

"သတို့သမီး၊ သတို့သားအပေါင်းနှင့် မင်းအပေါင်းစုံလင်ပြီဖြစ်၍ ဘုရားလူကြီး အဘိဓမ္မာဆရာပြားမှ မင်္ဂလာစကား ပြောကြားပေးပါခင်ဗျာ"

"အဟမ်း . . . အဟမ်း . . ."

"အဟမ်း . . . အဟမ်း . . ."

"ဟော့ကောင် . . . ပြြား၊ မင်းကလည်း ချောင်းပဲဟန့်နေတာပြောတာမဟုတ်ဘူး"

"အေးပါကွ . . . ထိတ်တုံးရွှေရ၊ စကားပြောဖို့အရှိန်ယူနေတာ"

"မင်္ဂလာဆယ့်နှစ်ပါးရှိတဲ့အထဲမှာ ဒီကနေ့ ဒီနေရာ ဒီအချိန်မှာကျင်းပတဲ့ မင်္ဂလာပွဲကတော့ သတို့သား မောင်အောင်ကျော်သာနဲ့ သတို့သမီး မခင်သုံး၊ မခင်မုံ့တို့ ထိမ်းမြားလက်ထပ်ကြမဲ့ အာဝါဟ၊ ဝိဝါဟ မင်္ဂလာပွဲဖြစ်ပါတယ်"

ဦးပြားကြီးက အာပေါင်အာရင်းသန်သန်ဖြင့် မင်္ဂလာစကား ပြောကြားနေစဉ် ကျွန်တော်က သတို့သား သတို့သမီးတို့ကိုကြည့်လိုက်တော့ သတို့သမီး မခင်သုံးနှင့်မခင်မုံ့တို့၏အလယ်တွင် သတို့သားဖြစ်သူ မောင်ကျော်သာကို ပြုံးဖြီးဖြီးဖြင့် တွေ့လိုက်ရသည်။

မင်္ဂလာစကားပြောကြားနေသော ဦးပြားကြီးအသံက ကျွန်တော့်အားထဲသို့မဝင်။ ဤမင်္ဂလာပွဲကိုစတင်နိုင်ရန် ကြိုးခဲ့ရသော လွန်ခဲ့သည့် တပို့တွဲလဆီသို့ ကျွန်တော်၏စိတ်က ရောက်ရှိသွားခဲ့တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော်တို့ ဟံသာဝတီအနောက်ခြမ်းတစ်ခုလုံးက လယ်ယာလုပ်ငန်းခွင်ကို အဓိကထား၍ လုပ်ကိုင်ကြသည်။ တိုးမြစ်နှင့် ရန်ကုန်မြစ်ကိုဆက်သွယ်ထားသော သည်မြစ်ကလည်း ရေစီးရေလာကောင်းမွန်သောအချိန်ဖြစ်၍ လယ်ယာလုပ်ငန်းများက ဖြစ်ထွန်းအောင်မြင်လှသည်။ တစ်နှစ်တာလုံးလုပ်ကိုင်ခဲ့သည့် လယ်ယာလုပ်ငန်းသည် တပို့တွဲလပြည့်ကျော်လျှင် လုပ်ငန်းပြီးဆုံးကြသည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့လူငယ်များသည် အပျော်အပါး ပွဲလမ်းသဘင်များရှိရာဒေသသို့ သွားရောက်လှည့်လည်ခြင်း၊ ပွဲလမ်းသဘင်မရှိပါက တစ်ရွာနှင့်တစ်ရွာ ဘောလုံးချိန်းကန်ခြင်းများကို ပြုလုပ်လေ့ရှိကြသည်။ ထိုသို့ ချိန်းကန်ကြသော ဘောလုံးပွဲများကိုလည်း ရွာသူရွာသားများက လိုက်လံအားပေးကြသည်။

ယနေ့လည်း ရွာမှလူငယ်များက တစ်ဖက်ရွာ သာယာကုန်းသားများနှင့် ဘောလုံးချိန်းကန်ကြမည်ဖြစ်၍ ပြင်ဆင်နေကြသည်။ ကာလသားခေါင်း မြဝင်းကြီးက မနက်ကတည်းက ဘောလုံးသမားများကို လိုက်လံဆော်ဩနေသည်။ အခြားသူများထံတော့မသိ၊ ကျွန်တော်ထံသို့ သုံးခေါက်ရောက်လာခဲ့ပြီဖြစ်သည်။





"ဟေ့ ... ညီလေးကိုရဲ့ အသင့်ဖြစ်ပြီလား။ သွားရအောင်လေကွာ"

"အေးပါ ... ဖြစ်ပါပြီကွ။ ကျန်တဲ့ကောင်တွေရော"

"အားလုံး အဆင်သင့်ပဲ။ စံဝိန်နဲ့ အောင်သာကျော်တို့တော့ သွားနှင့်ကြပြီ။ ဟိုမှာ မင်းတို့ နားဖို့စားဖို့ သူ့အသိအိမ်မှာပြင်ဆင်ဖို့တဲ့"

"အလကားပါကွာ။ ဒီကောင် ဟိုအမြွာညီအစ်မကို ကြောင်ချင်လို့ အစောကြီးသွားတာ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ။ ဒီအကောင်တွေက မင်းမပါရင် အတော့်ကိုစိုးရိမ်တာ။ ငါ့ကို မပါပါအောင်ခေါ်ခဲ့ဖို့မှာပြီး သွားတာကွ"

"အေးပါ ... အစ်ကိုရာ။ လာ ... သွားကြရအောင်"

ကျွန်တော်ကလည်း အသင့်ပြင်ထားသော ဘောကန်ဝတ်စုံနှင့် ခြေအိတ်၊ ဖိနပ်တို့ကိုယူဆောင်ပြီး ကာလသားခေါင်းမြဝင်းကြီးနှင့်အတူ ထွက်လာခဲ့သည်။

ရွာပြင်သို့ရောက်သောအခါ သာယာကုန်းရွာသို့ ထွက်ခွာသွားသော လူအတော်များများကို အစုလိုက်တွေ့လိုက်ရသည်။ သာယာကုန်းရွာနှင့် ကျွန်တော်တို့ရွာသည် တစ်နာရီခန့် လမ်းလျှောက်သွားရသည်။

အချို့က ဘောလုံးပွဲကိုကြည့်ချင်၊ အားပေးချင်ရုံသက်သက် ဖြစ်သော်လည်း၊ အချို့က လောင်းကစားလို၍ လာခြင်းဖြစ်သည်။ ဘောလုံးပြီး၍ ညဘက်ရောက်လျှင် ချိန်းဝိုင်းလုပ်၍ ဖဲရိုက်ကြသေးသည်။ ထို့ကြောင့် ဘောလုံးချိန်းကန်ပွဲရှိလျှင် ရွာနီးချုပ်စပ်ရွာများမှ လောင်းကစားသမားများပါ လာရောက်ကြသည်။

ကျွန်တော်ကလည်း မြို့တွင်ကျောင်းတက်ချိန်များပြီး ရွာတွင် အနေနည်းသောကြောင့် ပတ်ဝန်းကျင်ရွာများကို သိပ်မရောက်၊ မကျွမ်းကျင်။ ထို့ကြောင့် ပတ်ဝန်းကျင်ရွာများကို ရောက်ရှိလေ့လာလိုသည်ကြောင့် လိုက်ပါခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် လူပြောများလှသော ကျွန်တော့်သူငယ်ချင်း အောင်သာကျော် နောက်ပိုးပိုးနေသည့် အမြွှာညီအစ်မကို အကဲခတ်လိုခြင်းကြောင့်လည်း ဖြစ်ပါသည်။

သာယာကုန်းရွာသို့ ညနေ (၃) နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ ညနေ (၄)နာရီခန့်တွင် ဘောလုံးပွဲစတင်မည်ဖြစ်၍ ပြင်ဆင်ကြသည်။ ကစားမည့်ဘောလုံးကွင်းဘေးတွင် သာယာကုန်းရွာနှင့် ရွာနီးချုပ်စပ်မှ လာရောက်အားပေးကြသော ပရိသတ်အပေါင်းက ဘေးဘက်လေးတန် ပြည့်နေသည်။ လောင်းကြေးထပ်သည့်လူလည်း ထပ်နေကြသည်။ ကျွန်တော်က သာယာကုန်းရွာကို ယခုမှရောက်ဖူးသူဖြစ်၍ အသစ်အဆန်းဖြစ်နေသည်။

ကျွန်တော်က သတိရ၍ ...

"ဟေ့ကောင် ... အောင်သာကျော်၊ မင်းပိုးနေတဲ့အမြွှာညီအစ်မက ဘယ်မှာလဲကွ"

"သူငယ်ချင်း မြောက်ဘက်ဂိုးတိုင်ဘေးနားမှာရှိတယ်"

"ငါ့ကို ပြစမ်းပါဦးကွ။ ငါမှ သူတို့ကိုမသိဘဲ"

"လွယ်ပါတယ် ဘိုရဲရာ။ ရုပ်ချင်းခွဲမရအောင်တူတဲ့ နှစ်ယောက်ကိုတွေ့ရင် အဲဒါ သူတို့ပဲ။ ပြီးတော့လည်း ဘိုရဲ ..."

"ဘာလဲကွ ... မင်းဟာက"

"သူတို့က ညီအစ်မနှစ်ယောက်ကွ။ ငါက တစ်ယောက်ပဲ ကြိုက်မှာ။ ကျန်တဲ့တစ်ယောက်ကို မင်းကြိုက်ပေးပါလား"

"နိုး ... နိုး ... နိုး ... မလုပ်ပါနဲ့ မောင်ရယ်။ အေးအေးနေပါရစေ"

"အေးပါ ... သူတို့ကိုတွေ့ပြီးမှ ကြိုက်ပါရစေတော့ မလုပ်နဲ့"

"မလုပ်ပါဘူး ... မောင်ရာ စိတ်ချပါ"

ကွင်းလယ်ဒိုင်က ခရာမှုတ်သောကြောင့် ကျွန်တော်တို့ ကွင်းအတွင်းသို့ ဝင်ရောက်လာကြသည်။ နှစ်ဖက်ဘောလုံးသမားများ မိတ်ဆက်ဒိုင်က စကားပြောပြီးနောက် ကွင်းရွေးကြသည်။





ထိုအချိန်တွင် ကွင်းထဲသို့ (၁၃) နှစ်အရွယ် မိန်းကလေးတစ်ယောက် ပြေးဝင်လာပြီး ကျွန်တော့်ကို ပန်းစည်းတစ်စည်းကမ်းသည်။ ကျန်တစ်စီးကို အောင်သာကျော်သို့ပေးပြီး ကွင်းပြင်သို့ ပြန်ထွက်ခွာသွားသည်။

ပရိသတ်က လက်ခုပ်တီး၍ ဩဘာပေးလိုက်ကြသည်။ ကလေးမလေးက အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်ကုပ်ဝဲနှင့်၊ ကျွန်တော့်ကို ချစ်စဖွယ် ပြုံးပြသွားသည်။ ထို့နောက် အောင်သာကျော်ကိုလည်း တိုးတိုးကပ်ပြောသွားသည်။ အောင်သာကျော်ကတော့ နွားပြာကြီး သွားမရှိသကဲ့သို့ ပြုံးဖြီးဖြီးနှင့်။

"အင်း ... ကလေးမလေးက ဘာတွေပြောသွားလဲမသိ။ ပွဲပြီးမှ မေးကြည့်ရဦးမယ်"

ထို့နောက် ဘောလုံးပွဲကို စတင်ကစားခဲ့ကြသည်။ ကျွန်တော်က မြို့နယ်မှာရော၊ တက္ကသိုလ်မှာရော လက်ရွေးစင်ဖြစ်ခဲ့၍ ဘောလုံးကို ကျွမ်းကျင်စွာ ကစားနိုင်ခဲ့သည်။ အသင်းကို ဦးဆောင်ကစားရင်း တစ်ဖက်ဂိုးပေါက်အနီးရောက်သည့်အခါ အားပေးနေသောအမြွှာညီအစ်မကို ရှာဖွေကြည့်မိသည်။

တွေ့ပါပြီ။ တစ်ဖက်ဂိုးတိုင်အနီးတွင် အားပေးနေသော အမြွှာညီအစ်မကို တွေ့လိုက်ရသည်။ ရုပ်ချင်းခွဲမရအောင်တူညီသည့် ချောမောလှပသော အမြွှာညီအစ်မနှစ်ယောက်။ သူတို့ရွာအသင်းထက် ကျွန်တော်တို့ရွာအသင်းကို ပိုအားပေးနေသည်။

အထူးသဖြင့် ကျွန်တော်တို့အသင်းမှ အောင်သာကျော်ကို ပို၍ အားပေးနေသည်။ သူတို့အမြွှာညီအစ်မဘေးတွင် ခုန်ပေါက်အော်ဟစ်အားပေးနေသော ချစ်စဖွယ်မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပြန်သည်။ စောစောခင် ကျွန်တော်တို့ကို ပန်းစည်းလာပေးသူကလေးဖြစ်သည်။

ထိုစဉ် အောင်သာကျော်က ...

"ဟေ့ ... ဟေ့ ... ကိုရဲ ... ကိုရဲ ... ဟောဟဲ ... ဟောဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ ...။ မင်းက ဘောလုံးကစားတာ ကောင်းကောင် မကစားရဘူး"

"မင်း ဂိုးမသွင်းနဲ့နော် သူငယ်ချင်း။ ဟောဟဲ ... ဟောဟဲ"

"ဟ ... ဘာဖြစ်လို့လဲကွ။ ဂိုးသွင်းမှ နိုင်မှာလေကွာ"

"မင်းကနံရက်က ပြင်းတော့ ဂိုးတိုင်ဘေးက ဟိုညီအစ်မကို ထိ နိုက်မိမှာစိုးလို့ကွ။ ပြီးတော့လည်း မင်းဂိုးသွင်းရင် ဟိုညီအစ်မက မင်းကို အထင်ကြီးပြီး ကြိုက်သွားရင် ငါရင်ကွဲရမှာကွ။ အဲဒီတော့ ငါ့ကို အထင်ကြီး အောင် မင်းကိုယ်တိုင်မသွင်းဘဲ ငါသွင်းနိုင်အောင် ဖန်တီးပေးကွာ"

"ကဲ ... ကောင်းရောကွာ။ အေးပါ ... မင်းစိတ်ချမ်းသာရင် ပြီ ရော။ ငါ ကစားပေးပါ့မယ်ကွာ"

ကျွန်တော်ကိုယ်တိုင် ဂိုးသွင်းရန် မကြိုးစားတော့ဘဲ သူငယ်ချင်း ဖြစ်သူ အောင်သာကျော်ဂိုးသွင်းရန် ဖန်တီးကစားပေးရတော့သည်။ အသံ ချဲ့စက်မှ ဘောလုံးပွဲကြေညာသူကလည်း အသံကုန်အော်ဟစ်၍ ကြေညာ နေတော့သည်။

"အခုအချိန်မှာတော့ သာယာကုန်းကျေးရွာ ဘောလုံးအသင်းကို ညွှန်သည် ကိုရဲနိုင်တို့အသင်းက ဖိကစားထားပါတယ်ခင်ဗျာ။ ဒါကြောင့် အသင်းမန်နေဂျာဖြစ်တဲ့ ဖာထွန်းမောင်က သူ့အသင်းကို ညွှန်ကြားနေပါ တယ်။

ပရိသတ်ကြီးခင်ဗျာ ကျွန်တော့်စကားကို ရှုပ်တယ်မထင်ပါနဲ့။

ဒီလိုပါခင်ဗျား ...။ အသင်းမန်နေဂျာ ကိုထွန်းမောင်ဟာ အင်္ဂလန် က မန်ချက်စတာယူနိုက်တက်အသင်းကို အရမ်းသဘောကျတဲ့သူပါခင်ဗျာ။ ဒါကြောင့် သူ့နာမည်ကို မန်ယူအသင်းက မန်နေဂျာ ဖာဂူဆန်လိုဖြစ်အောင် ဖာထွန်းအောင်ဆိုပြီး ပြောင်းထားတာပါခင်ဗျာ။

ဒီလိုပဲ နောက်တန်းလူ ကိုကျော်ကြီးက မန်ချက်စတာယူနိုက်တက် နောက်တန်းက ဖာဒီနန်ကိုအားကျပြီး ဖာကျော်ကြီးလို့ ပြောင်းထားပါတယ် ခင်ဗျ"





လုပ်လိုက်ကြကွ။ ကျွန်တော် ဘောလုံးကစားရင်း ပြုံးမိသည်။ ထွန်းမောင်၊ ဖာကျော်ကြီးတဲ့။ တော်သေးတာပေါ့။ အင်္ဂလန်မှ Lee နှင့် သော ဘောလုံးသမားကို အားကျပြီး ရေ့နာမည်ကို တပ်မပြောခဲ့လို့။ (Lee ာင်ဒရီ၊ Lee ဆောက်၊ Lee တစ်စီယာကဲ့သို့ ဘောလုံးသမားများ)

ထိုနေ့က ဘောလုံးပွဲကို ကျွန်တော်တို့ရွာက အောင်သာကျော်သွင်း သောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ကျွန်တော်က ကိုယ်တိုင်ဂိုးမသွင်းဘဲ အောင် သာကျော်ဂိုးသွင်းနိုင်အောင် ဖန်တီးကစားသွားခဲ့သည်။ သူ ငယ်ချင်းဖြစ်သူ အောင်သာကျော်မှာလည်း သူပိုးနေသောညီအစ်မရှေ့တွင် အစွမ်းပြခဲ့ရ၍ ပြုံးပြုံးနှင့်ရှိနေပြီး ကျွန်တော့်ကို ကျေးဇူးတင်မဆုံး ရှိနေတော့သည်။

ဘောလုံးပွဲပြီးသောအခါ ကျွန်တော်တို့ကို ညနေစာထမင်းကျွေး ပြန်ရန် ဝိုင်းဝန်းပြောဆိုကြသောကြောင့် ဧည့်ခံမည့်အိမ်သို့ ကြွရောက် ကြသည်။ သာယာကုန်းရွာမှ လူငယ်အပေါင်းတို့ကလည်း ကျွန်တော့်ကို ရမှတွေ့ဖူးသော်လည်း ကျွန်တော့်အကြောင်းကို ကြားဖူးထားကြရင်း ခင် င်ရင်းနှီးစွာ ဆက်ဆံကြသည်။ ကျွန်တော်တို့ကို ဧည့်ခံမည့်အိမ်သို့ ရောက် သောအခါ ...

"ဟိုက် ..."

"အစ်ကိုလေး ... ဘာဖြစ်လို့လဲ"

"ဒါ ဟိုအမြွာညီအစ်မအိမ်မဟုတ်လား"

"ဟုတ်တယ် ... အစ်ကိုလေးရေ။ သူတို့အဖေက ဒီရွာမှာ သူကြီး ာ"

"ဟော့ကောင်တွေ ... ကောင်းပါ့မလားကွ"

"ကောင်းပါတယ် ... အစ်ကိုလေးရေ။ သူ့အဖေကိုယ်တိုင် စီစဉ် ာတာ"

"လုပ်လိုက်ကြပေါ့ကွာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

"ဟဲလို … တက်စတီ … တက်စတီ …
ဟဲလို … တက်စတီ … တက်စတီ …"

"သာယာကုန်းကျေးရွာအတွင်းအပြင်မှာ မှီတင်းနေထိုင်ကြကုန်သော ရွာသူရွာသားများနဲ့ ဘောလုံးပွဲကို လာရောက်ကြည့်ရှုအားပေးပြီး မပြန်နိုင်ကြသေးကုန်သော အမျိုးကောင်းသားအပေါင်းတို့ခင်ဗျာ …

ဒီကနေ့ည ကျုပ်တို့ဗီဒီယိုရုံမှာ အများမျှော်လင့်စောင့်စားနေကြတဲ့ ဇာတ်ကြမ်းကားကြီးကို ပြသပေးမှာဖြစ်ပါတယ်။

ဒီဇာတ်ကြမ်းကားကြီးမှာ ဒီကနေ့အထိ မြန်မာပြည်မှာ လွှတ်လပ်ရေးမရသေးတဲ့ သီဟာဆိုတဲ့ တင်စိုးရယ်၊ ထွန်းဆိုတဲ့ အိန္ဒြာဗိုလ်ရယ်တို့ ခေါင်းဆောင်ပါဝင်ပါမယ်။ ဦးတင်မောင်သား အကြီးကောင်လည်း ပါပါလိမ့်မယ်။ သေနတ်ကတော့ အတိုတစ်လက်၊ အရှည်တစ်လက်ဖြစ်ပြီး အလွန်ကြမ်းတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဇာတ်ကားနာမည်ကတော့ သားပြန်လာမှ သိပါမယ်။

ဒါကြောင့် အချိန်မဆွဲဘဲ ထဘီလဲပြီး လာရောက်ကြည့်ရှုဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။



မှတ်ချက် – ရုံဝင်ခမပါရင်တော့ အပေါက်ဝက လှည့်ပြန်ရမှာဖြစ်ပါတယ်"

"ဟိုက် …"

ဗီဒီယိုရုံဘက်ဆီမှ အသံချဲ့စက်ဖြင့် ကြေညာသံကို ကြားလိုက်ရ၍ ကျွန်တော် အူကြောင်ကြောင်ဖြစ်သွားသည်။ ကျွန်တော့်ပုံကိုကြည့်၍ ရွာခံကာလသားခေါင်းကိုပေတိုးက တဟီးဟီးရယ်ရင်း …

"ဒီလို … ကိုရဲနိုင်ရေ။ အဲဒီရုံက အမြဲတမ်း အဲဒီလိုကြော်ငြာတာ။ အဲဒီရုံပိုင်ရှင်အဘိုးကြီးက သူကိုယ်တိုင်ကြော်ငြာရမှ ကျေနပ်တာ။ ကျွန်တော်တို့ရွာမှာတော့ ရိုးနေပြီ"

"သီဟာတင်စိုးနှင့် ထွန်းအိန္ဒြာဗိုလ်ကတော့ ထားပါတော့။ ဦးတင်မောင်သား အကြီးကောင်ဆိုတာကရော"

"ဒါကတော့ ရွှေမန်းတင်မောင်သားအကြီးဆုံး ညွှန့်ဝင်းကို ပြောတာ"

ကျွန်တော် ရယ်ချစ်စိတ် ပေါက်သွားသည်။

"ဇာတ်ကားနာမည်က သားပြန်လာမှ သိမယ်တဲ့လား"

"မဟုတ်ဘူး။ သူ့သားက မြို့ကိုအခွေသွားငှားနေတာ ပြန်မလာသေးဘူး။ သူ့သားပြန်လာမှ ဇာတ်ကားနာမည်ကိုသိမှာ။ ဒါကြောင့် သားပြန်လာမှသိမယ်လို့ ပြောတာ"

"ဟား … ဟား … ဟား … ဟား …"

"ဟီး … ဟီး … ဟီး …"

ကျွန်တော်တို့ သဘောကျစွာ ရယ်မောလိုက်ကြသည်။

ကျွန်တော်တို့အဖွဲ့ ရွာလူကြီးအိမ်သို့ရောက်တော့ သူကြီးမိသားစုက ဖော်ရွေစွာ ဆက်ဆံကြသည်။ အစားအသောက်အပြင် တောဓလေ့အတိုင်း ချက်အရက်ဖြင့်ပါ ဧည့်ခံတော့သည်။ သူကြီး၏ဇနီးနှင့် သမီးနှစ်ယောက်ကလည်း ဖော်ရွေစွာ ဧည့်ခံကြသည်။

သူကြီးက ၎င်း၏မိသားစုနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးသလို ကျွန်တော်တို့ဘက်မှလည်း ကာလသားခေါင်း မြဝင်းကြီးက ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးချင်းစီနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော့်ကို မိတ်ဆက်ပေးတော့ သူကြီးက ...

"တူလေးက တက္ကသိုလ်တက်ပြီးဘွဲ့ရလာတဲ့ ထိတ်တုံးရွှေထူ မဟုတ်လား။ ငါ့တူအကြောင်းကို ဦးလေးတို့ ကြားပါတယ်။ ဝမ်းသာတယ်ကွာ။ နောက်လည်း ရောက်ရင်ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ပါ ... ဦးလေး"

ဘွဲ့ရပညာတတ်တစ်ယောက်ဆို၍ အမြွှာညီအစ်မနှင့် သူတို့မိခင်ကြီးက အံ့အားသင့်သွားသည်။ ထို့ကြောင့် ကျွန်တော်ကလည်း သူငယ်ချင်းဖြစ်သူအောင်သာကျော်နှင့် မိတ်ဆက်ပေးပြီး အလုပ်ကြိုးစားကြောင်း၊ ရိုးသားပြီး မိဘအသိုင်းအဝိုင်း တောင့်တင်းကြောင်းကို ပြောဆိုပေးရသည်။ သူငယ်ချင်းဖြစ်သူမှာတော့ သူ့အကြောင်းပြောပေး၍ ကျေနပ်မဆုံးတော့။

"ကဲ ... ငါ့တူတို့ သောက်ကြဦးကွ။ အမြည်းတွေစား၊ သောက်ပြီးတော့မှ ထမင်းစားကြတာပေါ့"

"ဟိုလေ ... ဦးလေး။ ကျွန်တော်တို့ ..."

"ဘာလဲ ငါ့တူတို့ ငါ့သမီးတွေရှိနေလို့ အားနာနေတာလား။ ကိစ္စမရှိဘူး။ သောက်သာသောက်"

ထိုစဉ် အိမ်ပေါ်သို့ ကလေးမလေးတစ်ယောက် တက်လာသည်။ ကျွန်တော်တို့ကိုမြင်တော့ လျှာလေးတစ်လစ်ထုတ်ပြီး အံ့ဩပြုံးပြုံးလိုက်သည်။ တွေ့ပြန်ပါပြီ။ ကျွန်တော်တို့ကို ဘောလုံးပွဲမကာစားခင် ပန်းစည်းလာပေးသည့်ကလေးမလေး ...

ကျွန်တော်က သူကြီးကတော်ကို မေးလိုက်သည်။

"သူက ဒေါ်လေးတို့ရဲ့ ..."

"ဟုတ်တယ် ငါ့တူရဲ့၊ သမီးအငယ်ဆုံး။ အကြီးမနှစ်ယောက်က ခင်သုံးနှင့် ခင်မှုံတဲ့။ အမြွှာညီအစ်မလေး၊ တစ်ယောက်ကငိုရင် ကျန်တစ်ယောက်က လိုက်ငိုတယ်။ တစ်ယောက်နေမကောင်းရင် ကျန်တဲ့တစ်ယောက်ပါ လိုက်ဖြစ်တယ်။





ရုပ်ကလည်းတူလွန်းလို့ သူတို့အမေဆို ခုထိ ကောင်းကောင်းမခွဲနိုင်ဘူး။ အဒေါ်တောင် မနည်းခွဲယူရတယ်။ ပစ္စည်းတစ်ခုကို တစ်ယောက်ကြိုက်ရင် နောက်တစ်ယောက်က လိုက်ကြိုက်တယ်။ ယောကျ်ားယူရင်တောင် တစ်ယောက်တည်းကိုပဲ ယူကြမလားမသိဘူးကွယ်"

"အယ် ... အမေကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

"သူတို့မမွေးခင် ထူးခြားချက်တွေ မရှိဘူးလား"

ကျွန်တော်က စပ်စုလိုက်လိုက်သည်။

"ရှိတာပေါ့ ... ငါ့တူရယ်။ အဒေါ်ရော၊ မင်းဦးလေးရော အသက်သုံးဆယ်ကျော်မှ ကလေးရတာ။ လင်မယားနှစ်ယောက်ညားပြီး ၁၀ နှစ်လောက် ကလေးမရတော့ ကလေးရှား ရှားနေကြတာ။ ဟိုဘိုးတော်ဆုတောင်းလိုက်၊ ဟိုညောင်ပင်ဆုတောင်းလိုက်နဲ့ ဆုတောင်းလိုက်ရတာကွယ်။

တစ်နေ့တော့ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးတစ်ယောက်က ငါ့မြေးလေးနှစ်ယောက်ကို နင်တို့ဆီမှာခဏထားမယ်။ နင်တို့ ကောင်းကောင်းမွေးကြ၊ အချိန်တန်ရင်တော့ ငါပြန်ခေါ်ရမယ်ဆိုပြီး အိပ်မက်ပေးတယ်။ အဲဒီနောက် ကိုယ်ဝန်ရပြီး ဒီသမီးနှစ်ယောက်ကိုမွေးတော့တာပဲ ... လူလေး။

အဲဒီနောက် အဒေါ်တို့လည်း စီးပွားတက်လာပြီး ဒီအခြေအနေရောက်လာခဲ့တာ။ ဒီလိုနဲ့ သမီးအမြွှာညီအစ်မ (၅)နှစ်ပြည့်တဲ့အချိန် အဒေါ့်ကို အိပ်မက်ပေးတဲ့အဘိုးက တစ်ခေါက်ပြန်လာပြန်တယ်။ သူ့မြေးတွေကို ကောင်းကောင်းမွန်မွန်ထားလို့ ကျေးဇူးတင်တဲ့အကြောင်း၊ အချိန်တန်ရင် ပြန်ခေါ်မယ့်အကြောင်း ပြောတယ်။

အဒေါ်က ကျွန်မတို့သမီးလေးတွေမရှိရင် ကျွန်မတို့လည်း သေရတော့မယ်လို့ ငိုပြီးပြောတော့ ဒီအဘိုးက ...

ငါ့သမီးတို့အတွက် အဘိုးမြေး အငယ်ဆုံးလေးကို ထပ်ပေးမယ်။ သူကတော့ သမီးတို့နဲ့ သက်တမ်းစေ့နေရပါလိမ့်မယ်လို့ ပြောသွားတယ်။ အဲဒီလိုပြောပြီးနောက်ပိုင်း အငယ်ဆုံးမလေးကို ကိုယ်ဝန်ရှိပြီး မွေးတော့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သမီးနှစ်ယောက်အတွက် စိတ်ပူရသလို အငယ်ဆုံးမလေးရလာတော့ လည်း တစ်ဖက်က စိတ်ချမ်းသာရပြန်တာပေါ့ ... ဒါ့တူရယ်''

''ဟော့ ... ဟော့ ... အမေကြီး။ ညည့်သည်တွေနဲ့ ကလေးရှေ့ စိတ်မကောင်းအောင် မပြောပါနဲ့ကွာ''

''ကဲ ... ကဲ ... ဒါ့တူတို့ သောက်ကွာ။ သောက်ပြီးမှ ထမင်း စားကြတာပေါ့''

''ဟုတ်ကဲ့ ဦးလေး''

ထိုနေ့က သူကြီးဧည့်ခံသောထမင်းမွဲကို ကျွန်တော်တို့ဆာဆာ နှင့် စားလိုက်ကြသည်မှာ ဝေသာလီပြည် ဘီလူးကျသည့်အတိုင်း ဖြစ်ခဲ့ သည်။ သူကြီး၏သမီးများကလည်း တာဝန်ကျေကြပါသည်။ အကြီးမနှ ယောက်က ကျွန်တော့်သူငယ်ချင်း အောင်သာကျော်အား ဂရုတစိုက်ရှို ဝမ်းသာရသည်။

အငယ်ဆုံးမလေးဖြစ်သော မခင်ယဉ်ကျေးကလေးကတော့ ကျွန် တော့်နားကပ်၍ ဧည့်ခံနေပါသည်။ ကျွန်တော်ကလည်း ညီမလေးအရွယ် ဖြစ်၍ ညီမလေးကဲ့သို့ ချစ်ခင်မိသည်။

ထိုနေ့က စားသောက်ပြီး သူကြီးမိသားစုကိုနှုတ်ဆက်၍ ကျွန် တော်တို့အုပ်စု ပြန်လာခဲ့ကြပါသည်။

✿ ✿ ✿

| ၄ |

❑

ထိုကိစ္စများပြီးသွားတော့ အောင်သာကျော်တစ်ယောက် သာယာ ကုန်းရွာသို့ မကြာမကြာသွားလေ့ရှိလာသည်။ အမြှာညီအစ်မနှစ်ယောက် အိမ်သို့သွားပြီး လူပျိုလှည့်နေခြင်းဖြစ်သည်။ မိဘနှစ်ပါးကလည်း သမီးများ စိတ်ချမ်းသာစေရန် လားပေးပုံရသည်။ တစ်ရွာလုံးရှိ လူငယ်များကလည်း အောင်သာကျော်ကို ခင်မင်နေကြ၍ စိတ်ချနေရသည်။ ဤသို့ဖြင့် တစ်နှစ်ခန့် ကြာသော ...

တစ်နေ့ အောင်သာကျော် ကျွန်တော့်ဆီ ရောက်လာသည်။

''လာ ... သူငယ်ချင်း။ ပျောက်နေပါလား။ မင်း ဟိုညီအစ်မဆီ ခဏခဏသွားနေပုံရတယ်''

''ဟီး ... ဟီး ... သူငယ်ချင်းကလည်း နှစ်ရက်မှတစ်ခါလောက် သွားတာကို''

''ကဲ ... ပြောစမ်းပါဦး။ ဘာကိစ္စရှိလို့လဲ''

''ငါ ဟိုညီအစ်မနဲ့ ကြိုက်နေပြီကွ။ အဲဒါ ဒီနေ့ယူတော့မလို့''

''ဟော့ကောင် ... အငယ်မနဲ့လား အကြီးမနဲ့လား''

''နှစ်ယောက်စလုံးနဲ့ကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... မင်းဟာကလည်း မဟုတ်သေးပါဘူး။ တစ်ယော
ဆို တော်ရောပေါ့"

"အေး ... ငါကလည်း ပြောပါတယ်။ ဒါပေမဲ့ အဲဒီညီအစ်မ
မရဘူးကွ။ နှစ်ယောက်စလုံးကို ယူရမယ်ဆိုတော့ ခက်နေတာကွ"

"နေပါဦး ... မင်း အဲဒီညီအစ်မကို အကြီးအငယ် ခွဲလို့
လား"

"မရလို့ ခက်နေတာပေါ့"

"ကောင်းကွာ ...။ မထူးဘူး နှစ်ယောက်စလုံးကိုသာ ယူလိုက်
တော့"

"အေးကွာ ... အဲဒီအတိုင်းပဲ လုပ်တော့မယ်။ အဖေနဲ့အ
ထိတ်တုံးရွှေကလည်း ယူအာယူလို့ ပြောတယ်ကွ။ စေ့စပ်တဲ့နေ့ကျရင် မင်
ပါလိုက်ခဲ့ကွာ"

"အေး ... အေး ... လိုက်ပို့မယ်။ ဒါထက် သူ့အဖေသူကြီး
ရော လက်ခံရဲ့လား"

"သမီးတွေစိတ်ချမ်းသာအောင် လက်ခံမယ်တဲ့။ ငါ့ကိုတော့ တေ
တော်လေးဘကြီးတဲ့ကောင်ဆိုပြီး မကျေမနပ်ဖြစ်နေတယ်။ ပြီးတော့ ပြေ
ရဦးမယ်။ အငယ်ဆုံးမလေး မယဉ်ကျေးက မင်းကို လာမလည်လို့တဲ့၊ တ
မေးတည်း မေးနေတယ်"

"မလုပ်ပါနဲ့ ... မောင်ရယ်။ ကလေးလေး ရှိပါသေးတယ်"

"အမယ် .... ဒီနှစ် (၉)တန်းတောင်ရောက်နေပြီ ကိုယ်တော်"

"တော်ပါတော့ ... ကိုယ်တော်ရယ်။ ကိုယ့်တီစွ ကိုယ်လုပ်
ပါ"

ဤသို့အားဖြင့် ဟံသာဝတီအနောက်ခြမ်းတွင် မကြုံစဖူး ထူး
သော သတို့သားမောင်အောင်သာကျော်နှင့် သတို့သမီး မခင်သုံ၊ မခင်မှုံ
ညီအစ်မနှစ်ဦး၏ နှစ်ပွင့်တစ်ခိုင်မင်္ဂလာပွဲ ပေါ်ပေါက်ခဲ့ရပါတော့သည်။

"အစ်ကိုလေး ... မောင်ရဲနိုင်"

"လူလေး ... ကိုရဲ"





ဝိုင်းဝန်းခေါ်သဖြင့် ကျွန်တော် အတွေးနယ်ချဲ့နေရာမှ ပြန်
သည်သတိဝင်လာခဲ့ရသည်။

"လူကြီးမိဘတွေကလည်း ဆုံးမစကားပြောပြီးပြီ အစ်ကိုလေး
ကလည်း ပြောပေးပါဦး"

"လူကြီးတွေပြောပြီးပြီဆိုတော့ သိပ်ပြောစရာမရှိတော့ပါဘူး။ ဒါ
ပေမဲ့ ဒီည သတို့သားကို ကျွန်တော်တို့ လူပျိုကာလသားအဖွဲ့က ထုတ်
ယဲတဲ့ပွဲလုပ်ရမှာမို့လို့ သတို့သမီးနှစ်ယောက်ကို မိဘတွေက ရွာကိုပြန်ခေါ်
သွားနိုင်ပါတယ်ခင်ဗျား"

"အား ... နိုး ... နိုး ... နိုး ... မရဘူး၊ ခေါ်သွားလို့မရဘူး။
မင်းတို့ဘာသာ ထုတ်ပယ်ပွဲလုပ်တာနဲ့ ငါ့မိန်းမနှစ်ယောက်ကို သူ့မိဘအိမ်
ပြန်ထည့်ရမယ်ဆိုတော့ မဟုတ်သေးဘူးလေကွာ"

"ဒါဆိုရင် တို့ရွာနှစ်ရွာက လူငယ်တွေအတွက် ..."

"ဝက်သား ၅ ပိဿာကွာ"

"မရဘူး မောင်။ ဝက်သား ၁၀ ပိဿာနဲ့ ကြက်သား ၅ ပိဿာ
ပေးရမယ်။ ပြီးရင် အရက် (၄) ဂါလန်တစ်ပုံးပေးရမယ်။ ဒါမှ သူတို့သမီး
တွေကို မင်းအိမ်မှာထားရမယ်"

"အေးပါကွာ ... ပေးပါ့မယ် ... မောင်မင်းကြီးသားရယ်။ မင်း
အလှည့်ရောက်ဦးမှာပါ"

"ဟား ... ဟား ... ဟား ... ကျေနပ်တယ်ဟေ့"

မင်္ဂလာပွဲသည်လည်း ပျော်ရွှင်စွာ ပြီးမြောက်ခဲ့ပါသည်။ ဤသို့
ဖြင့် သူငယ်ချင်းအောင်သာကျော်နှင့် ဇနီးများဖြစ်သော မခင်သုံနှင့် မခင်မှုံ
တို့သုံးဦး ပျော်ရွှင်စွာပေါင်းဖော်လာခဲ့သည်မှာ (၄) နှစ်ခန့် တိုင်ခဲ့ပြီဖြစ်
သည်။ အငယ်ဆုံးမလေးဖြစ်သော မခင်ယဉ်ကျေးပင်လျှင် ၁၀ တန်းအောင်၍
ကျောင်းဆရာမလုပ်ရင်း စာပေးစာယူဖြေခဲ့သည်မှာ တတိယနှစ်သို့ ရောက်ရှိ
ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မခင်ယဉ်ကျေးကလည်း ရွာရှိ အစ်ကိုအစ်မများထံလာတိုင်း ကျွ
တော့်ကို လာတွေ့သည်။ သူတို့ရွာသို့ လာမလည်၍လည်း ပြစ်တင်စကား
ဆိုသည်။ စကားနာထိုးသည်။

ကျွန်တော်က သူ့ကို ယခင် (၅) နှစ်ခန့်ကတွေ့ခဲ့သော မျက်နှ
ဝိုင်းဝိုင်း၊ အသားဖြူဖြူ ချာတိတ်မလေးအဖြစ်သာမြင်ယောင်ပြီး ညီမလေ
ကဲ့သို့သာ ချစ်ခင်နေခဲ့သည်။ သို့သော် မခင်ယဉ်ကျေးက ကလေးမဟုတ်
တော့ဘဲ ချောမောလှပသောကျောင်းဆရာမလေး ဖြစ်နေခဲ့ပြီဖြစ်သည်။

ဇာတ်က ဤကဲ့သို့ပင် ပျော်ရွှင်စွာပေါင်းဖော်ပြီး အဆုံးသတ်
ရလျှင် ဝမ်းသာစရာ အကြိုက်ဖြစ်မည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေမည်။ သို့သော်
ကံဇာတ်ဆရာက ...

✿ ✿ ✿

။ ၁ ။

❑

“အစ်ကို ... အစ်ကို ... ညီမ အမေတို့ဆီသွားဦးမယ်။ အမေ
အိပ်နေမကောင်းလို့တဲ့။ တစ်ည နှစ်ညအိပ်ပြီး ပြန်လာခဲ့မယ်”

“အေး ... အေး ... သွားလေ ... ညီမ။ လှည်းနဲ့ လိုက်ပို့နိုင်း
လိုက်မယ်။ အကြာကြီး မနေနဲ့နော်”

“ဟုတ်ကဲ့ပါ။ အစ်ကို့ဘေးမှာ ညီမလေးခင်မှုလည်း ရှိသားပဲ”

“အေးပါ ... အေးပါ ... စိတ်ချသွား”

“ကဲ ... အစ်ကိုလည်း လယ်ထဲဆင်းလိုက်ဦးမယ်”

“သွားလေ ... အစ်ကို။ နေ့ခင်းကျ ခင်မှုအစ်ကို့ကို လယ်ထဲ
ထမင်းလာပို့မယ်”

“အေး ... အေး ... အဲဒါဆို အစ်ကိုသွားပြီ”

အကြီးဖြစ်သောခင်သုံ မိဘများရှိရာ သာယာကုန်းရွာသို့ ထွက်
သွားပြီးနောက် အောင်သာကျော်လည်း အငယ်မ မခင်မှုကိုနှုတ်ဆက်ပြီး
လယ်ထဲဆင်းလာခဲ့သည်။ နှစ်ဖက်မိဘများလက်ဖွဲ့ထားသော လယ်မြေက
(၂၀)ခန့်ကို ဖနီးနှစ်ယောက်နှင့်အတူ ပျော်ရွှင်စွာ လုပ်ကိုင်စားသောက်လာခဲ့
သည်မှာ ရာသီစက်ဝန်းလေးခုပင် တိုင်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အောင်သာကျော်တစ်ယောက် လယ်ထဲသို့ဆင်းလာပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေခဲ့သည်။ နံနက် ၁၁ နာရီခန့် ရှိပြီဖြစ်သည်။ ယနေ့ လယ်ထဲတွင် အလုပ်လုပ်နေရသော်လည်း နံနက်ကတည်းက စိတ်ကယောင်နေသည်။ မိဘများထံပြန်သွားသော မခင်သုံကို သတိရနေသလို၊ အငယ်လည်း ထမင်းပို့ချိန် ရောက်မလာသေး၍ မျှော်နေမိသည်။

မကြာမီ ရွာဘက်ဆီမှ ထမင်းတောင်းရွက်၍ တဲဆီသို့လာနေသော မခင်မှုံကိုတွေ့လိုက်ရ၍ အနည်းငယ် စိတ်အေးသွားသည်။ လုပ်လက်စ အလုပ်ကိုလည်း ဆက်၍ လုပ်နေလိုက်သည်။

"အစ်ကိုရေ ... အစ်ကို ... လာပါဦး"

အလန့်တကြားအော်လိုက်သော မခင်မှုံအသံကိုကြား၍ လှမ်းကြည့်လိုက်ရာ ကန်သင်းရိုးဘေးတွင် တုံးလုံးလဲနေသော မခင်မှုံကိုတွေ့၍ လက်ထဲမှ ပေါက်တူးကိုပစ်ချလိုက်ပြီး အပြေးသွားလိုက်သည်။

အနားရောက်သောအခါ ခြေမျက်စိနေရာကို လက်ဖြင့်အုပ်၍ ငိုမဲ့နေသောမခင်မှုံကို တွေ့လိုက်ရသည်။

"မခင်မှုံ ... ညီမလေး၊ ဘာဖြစ်သွားတာလဲ ဟင်"

"ဗိုးထိသွားတယ်နဲ့တူတယ် အစ်ကို၊ မျက်လုံးထဲကို မီးပွင့်သွားတာပဲ"

"ဟာ ... မဖြစ်ဘူး၊ ရွာပြန်မှ၊ လာ ... လာ ... ညီမ ... လာ"

အောင်သာကျော်က ခင်မှုံကိုကောက်ထမ်းလိုက်ပြီး ရွာဘက်သို့ အပြေးထွက်လာခဲ့သည်။ တစ်လမ်းလုံး ...

"ခင်မှုံ ... ညီမ"

"ခင်မှုံ ... ညီမ အားတင်းထားနော်၊ ရွာရောက်လို့ ဆရာနဲ့တွေ့ရင် ငါ့ညီမ ဘာမှမဖြစ်ဘူး"

"အစ်ကို ... အစ်ကို ..."





ခင်မှုံ၏ပြန်ထူးသံမှာ တဖြည်းဖြည်းတိုးသွားပြီး အိမ်ရောက်သောအခါ ခင်မှုံမှာ ဇက်ကျိုးသွားတော့သည်။ မြွေဆရာဦးအောင်စိန်ကို သွားခေါ်သော်လည်း ဆရာက အခြားရွာက ပင့်သွားသည်ဟုဆိုသည်။

တစ်ရွာလုံးလိုလို မခင်မှုံမြွေကိုက်ခံရသည်ဆို၍ လာရောက်မေးမြန်းကြသည်မှာ အိမ်နှင့်အပြည့်ဖြစ်သည်။

အောင်သာကျော်၏မိဘများ ရောက်လာခဲ့သည်။ နားလည်သော လူကြီးများက စမ်းသပ်ကြည့်သောအခါ မခင်မှုံမှာ အသက်မရှိတော့ပေ။ အောင်သာကျော်တစ်ယောက် မြေမဆည်နိုင်တော့၊ မခင်မှုံအလောင်းကို ဖက်၍ ရှိုက်ကြီးတငင် ငိုတော့သည်။

"ညီမရယ် ... အစ်ကို့ကို ထားခဲ့ပြီလား"

"အစ်ကို့ကို သိပ်ချစ်တယ်ဆို၊ စိတ်မချဘူးဆို"

လာရောက်ကြသော သတင်းမေးသူအပေါင်းမှာလည်း မျက်ရည်ကျကုန်ကြတော့သည်။ ထိုစဉ် ရွာအနောက်ဘက်မှ လှည်းတစ်စီး ရွာထဲအဝင်၊ အပြင်းမောင်းဝင်လာသည်။

အောင်သာကျော်တို့ အိမ်ရှေ့ရောက်သောအခါ လှည်းပေါ်မှ လူကြီးနှစ်ဦးက မိန်းကလေးတစ်ဦးကိုပွေ့၍ ဆင်းလာသည်။ လူကြီး၏မျက်စိအစုံမှ မျက်ရည်များစီးကျလျက်၊ ဘေးမှအဒေါ်ကြီးကတော့ ရှိုက်ကြီးတငင် ငိုလိုက်ပါလာသည်။

"ဟောတော့ ... မခင်သုံပါလား"

"မခင်သုံ ဘာဖြစ်လာတာလဲ၊ စကားမေးလည်း မရတော့ပါလား"

"ဟဲ့ ... လုပ်ကြပါဦး"

မခင်သုံ၏မိဘနှစ်ပါးက အိမ်ပေါ်သို့တက်လာပြီး မခင်သုံအလောင်းကို ခင်မှုံအလောင်းနှင့် အတူယှဉ်၍ ချထားလိုက်သည်။ ထို့နောက် ...

"ရွာကိုရောက်ပြီး အဖေနဲ့အမေ ကျွန်မ အစ်ကိုနဲ့ညီမလေးခင်မှုံ စိတ်မချဘူး၊ အခုပြန်ပို့ပါဆိုလို့ လိုက်ပို့တာ၊ ရွာထိပ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ကြိုက်တယ်ကြိုက်တယ်၊ မောတယ်မောတယ်နဲ့ ဖြစ်လာပြီး အိမ်ရှေ့လည်းရောက်ရော အသက်မရှိတော့ဘူး"

"အဲဒီတော့ မခင်မှုံလည်း တစ်ခုခုဖြစ်ပြီလို့ ထင်လိုက်တာ။ ထင်တဲ့အတိုင်းပဲ ညီအစ်မနှစ်ယောက်စလုံး တစ်ပြိုင်တည်း ဆုံးတာပါပဲလား"

"သမီးတို့ရေ ... ခင်သုံး၊ ခင်မှုံ အမေတို့ ဘယ်လိုဖြေရမှာလဲ။ ပြောပါဦး ... ဟီး ... ဟီး ... ဟီး ..."

မိဘနှစ်ပါးနှင့်အတူ လာရောက်သတင်းမေးကြသော လူအပေါင်းမှာလည်း ဝမ်းနည်းပက်လက်ဖြစ်၍ ငိုကြွေးကြတော့သည်။ အောင်သာကျော်တစ်ယောက်မှာတော့ ဝမ်းနည်းလွန်း၍ထင်သည်။ ငို၍မရတော့ဘဲ ကြောင်တောင်တောင်ပင် ဖြစ်သွားရတော့သည်။

ကျွန်တော်လည်း သတင်းကြား၍ အပြေးအလွှားသွားလိုက်သောအခါ ညီအစ်မနှစ်ယောက်၏အလောင်းများကို စိတ်မကောင်းခြင်းကြီးစွာဖြင့် တွေ့ရတော့သည်။ အသုဘအခမ်းအနားများ အတော်များများကို ကြုံတွေ့ခဲ့ရသည်။ ယခုနာရေးကတော့ ထူးခြားသည်။ ညီအစ်မနှစ်ယောက် တစ်ပြိုင်တည်း လူ့လောကကိုရောက်ရှိလာပြီး တစ်ပြိုင်တည်း လူ့လောကက ပြန်၍ထွက်ခွာသွားကြသည်။

သူငယ်ချင်းဖြစ်သူ အောင်သာကျော်တစ်ယောက် ပို၍ ကြေကွဲဝမ်းနည်းစွာ ခံစားနေရသည်။ သူခံစားရသလိုပင် ကျွန်တော်တို့သူငယ်ချင်းအပေါင်းမှာလည်း ဝမ်းနည်းကြရသည်။ မင်္ဂလာဆောင်ခဲ့သည့်အချိန်က သူများထက်ထူးခြား၍ နှစ်ဆပျော်ခဲ့ရသလို သေဆုံးသွားသည့်အခါတွင်လည်း ခါတိုင်းထက်ပို၍ ပူဆွေးဝမ်းနည်းကြရတော့သည်။

ညီအစ်မနှစ်ယောက်၏နာရေးကို ကျွန်တော်တို့ အစအဆုံး လုပ်ကိုင်ဆောင်ရွက်ပေးကြသည်။ သူငယ်ချင်းဖြစ်သူအောင်သာကျော်မှာ သူ့ဇနီးနှစ်ယောက်နှင့်အတူ လိုက်ပါသွားမည်ဆို၍ အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်နေရသည်။ အသုဘချမည့်နေ့တွင် ရွာနှစ်ရွာနှင့် ရွာနီးချုပ်စပ်မှ လိုက်ပါပို့ဆောင်ကြ၍ အလွန်စည်ကားလှသည်။





လိုက်ပါပို့ဆောင်ကြသူအပေါင်းမှာလည်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ ညီအစ်မနှစ်ယောက်၏ မီးသင်္ဂြိုဟ်သည့်အချိန်တွင် အောင်သာကျော်တစ်ယောက်မှာ သတိလစ်သွားသဖြင့် မနည်းနှာနှပ်ယူရသည်။

ညီအစ်မနှစ်ယောက်၏နာရေးကို ရက်လည်သည်အထိ အားလုံးဝန်းဆောင်ရွက်ပေးကြရာ အဆင်ပြေစွာပင် ပြီးစီးသွားခဲ့သည်။ နာရေးကိစ္စပြီးသည့်နောက် ညီအစ်မနှစ်ယောက်၏မိဘများနှင့် အငယ်ဆုံးမလေး မခင်... ကျေးတို့မှ အားလုံးကိုနှုတ်ဆက်ပြီး ပြန်သွားကြသည်။

အထူးသဖြင့် သားမက်ဖြစ်သူ အောင်သာကျော်ကို စိတ်ချသဖြင့် ...တို့နှင့်လိုက်နေရန် ခေါ်သော်လည်း မလိုက်ပါ။ မခင်ယဉ်ကျေးကတော့ ...တော့်ကိုလာလည်ရန် တတွတ်တွတ်မှာကြားပြီး ပြန်သွားခဲ့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ခုနှစ်ယောက် တစ်ပြိုင်တည်း ကွယ်လွန်သွားပြီးနောက် သူငယ်ချင်းအောင်သာကျော်တစ်ယောက် အရက်ကို အချိန်ပြည့် သောက်နေတော့သည်။ သူ၏ လယ်ယာလုပ်ငန်းများကိုလည်း ဂရုမစိုက်တော့သဖြင့် ကျွန်တော်တို့သူငယ်ချင်းများက ဝိုင်းဝန်းလုပ်ကိုင်ပေးနေရသည်။

မိတ်များက အတူနေရန် ပြန်ခေါ်သော်လည်း သူ့ဇနီးနှစ်ယောက် နေခဲ့သောအိမ်မှ မခွာလိုဟုဆိုကာ လိုက်မသွားခဲ့ပါ။ အရက်နှင့်သာ အဖော်ပြုနေတော့သည်။

တစ်နေ့ ကျွန်တော် လယ်ထဲတွင် လူငှားများနှင့် လယ်အလုပ်ကို လုပ်ကိုင်နေစဉ် ရွာခေါင်ကိုမောင်စိုး ရောက်ရှိလာခဲ့သည်။

"အစ်ကိုလေး ... ကိုအောင်သာကျော်အိမ်မှာ သူ့မိန်းမတွေရဲ့ မိဘနှစ်ပါးနဲ့ သူ့သမီးဆရာမလေးတို့ ရောက်နေတယ်။ ရွာလူကြီးတွေလည်း ရောက်နေတယ်။ အဲဒါ အစ်ကိုလေးကို ခေါ်ခိုင်းလိုက်လို့"

"အေး ... အေး ... လိုက်ခဲ့တာပေါ့ကွာ"

ပြောပြောဆိုဆို ကျွန်တော် လုပ်လက်စအလုပ်များကို လူငှားများနှင့်လွှဲထားခဲ့၍ ရွာခေါင်ကိုမောင်ဦးနှင့်အတူ ရွာထဲသို့လိုက်လာခဲ့သည်။ သူ





ငယ်ချင်းဖြစ်သူ အောင်သာကျော်အိမ်သို့ ရောက်သောအခါ ရွာထဲမှ လူကြီးအစုံအလင်နှင့်အတူ သူ့ယောက္ခမနှစ်ယောက်နှင့် သူ့ခယ်မ မခင်ယဉ်ကျေးတို့ကို တွေ့လိုက်ရတော့သည်။ ကျွန်တော့်ကိုမြင်တော့ ...

"လာဟေ့ ... တူလေးကိုရဲနိုင်။ ထိုင်ကွယ့်"

"ဟုတ်ကဲ့ ...။ ဦးလေးနဲ့အဒေါ် ဘယ်တုန်းကရောက်သလဲခင်ဗျ"

"ဒီမနက်ပဲကွယ့်။ သန်ဘက်ခါဆို သမီးနှစ်ယောက်ဆုံးတာ တစ်လပြည့်ပြီလေ။ အဲဒါ သူတို့အတွက် ဆွမ်းကျွေးအလှူလေးလုပ်ရင်းနဲ့ ပြီးတော့ ကိစ္စတစ်ခုလည်း တိုင်ပင်ချင်လို့ လူကြီးစုံရာနဲ့ ငါ့တူကို ခေါ်ခိုင်းလိုက်တာပါ"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျ"

"ဒီလိုကွယ့်။ အဒေါ်သမီးနှစ်ယောက်က အတိုးပေးထားတာ။ ဒိုက်ကလာတာ။ အချိန်တန်ရင် ပြန်ရမယ်ဆိုလို့ ပြန်သွားရတာ ကိုရဲနိုင်တို့ အသိပဲမဟုတ်လား"

"ဟုတ်ကဲ့ ...။ အဒေါ်တို့ပြောထားပါတယ် ခင်ဗျ"

"အခု ... အဒေါ်တို့လင်မယားကို ဆုံးသွားတဲ့သမီးနှစ်ယောက်က အိပ်မက်ပေးတယ်။ သူတို့ချစ်တဲ့ယောကျ်ား အောင်သာကျော်တစ်ယောက် သူတို့ကိုလွမ်းပြီး အရက်သမားကြီးလုံးလုံးဖြစ်နေတာ သူတို့ မကြည့်ရက်ဘူးတဲ့။ အဲဒီတော့ ..."

"အဲဒီတော့ ..."

ကျွန်တော့်စိတ်ထဲက သံယောင်လိုက်လိုက်သည်။

"သူတို့ယောကျ်ားက လူကောင်းတစ်ယောက်ပါတဲ့။ သူတို့ယောကျ်ား အရက်သမားဖြစ်နေတာကို မကြည့်ရက်ဘူးတဲ့။ အဲဒီတော့ အမေတို့ရောအားလုံးစိတ်ချမ်းသာအောင် ညီမလေးနဲ့ ပေးစားလိုက်ပါတဲ့"

"ညီမလေးနဲ့ ပေးစားရမယ်"

"ဟုတ်တယ်ကွယ့်။ သူတို့ညီမလေးနဲ့ ပေးစားလိုက်ပါတဲ့။ အဲဒီတော့မှ သူတို့ စိတ်ချမ်းသာမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကိုရော မေးပြီးပြီလား"

"မေးပြီးပြီ။ ပထမတော့ လက်မခံဘူး။ သူ့ရင်ထဲမှာ ချစ်နေရတဲ့ လူတစ်ယောက်ရှိတယ်တဲ့။ အဲဒီလူကလွဲရင် မယူနိုင်ဘူးတဲ့။ နောက်တော့ မိဘတွေက ဝိုင်းနားချတော့မှ သူ့အစ်မတွေ စိတ်ချမ်းသာအောင် ခေါင်း ညိတ်တာ။ ဒါတောင် အမေတို့အဘတို့စိတ်ချမ်းသာအောင် သူ ယူပါ့မယ် တဲ့။ ဒါပေမဲ့ အစ်ကိုကြီးကို အစ်ကိုတစ်ယောက်လိုပဲ ချစ်မယ်။ ရည်းစား တစ်ယောက်လို မချစ်နိုင်ဘူးတဲ့"

ကျွန်တော်က မခင်ယဉ်ကျေးကို လှမ်းကြည့်လိုက်တော့ မျက်နှာ က ခပ်နွမ်းနွမ်း။ မျက်လုံးအစုံမှ မျက်ရည်တွေစီးကျလို့။ အောင်သာကျော်ကို ကြည့်လိုက်တော့ မျက်နှာက အောက်သို့ငုံ့လျက် ...

ထိုအချိန်မှာပင် ဘုရားလူကြီး ဦးပြားကြီးက ...

"ကဲ ... ကဲ ... မောင်အောင်သာကျော် ..."

"မောင်အောင်သာကျော် ..."

"ပြော ... ဦးလေး"

အောင်သာကျော်က စိတ်မပါဟန်ဖြင့် ပြန်ထူးလိုက်သည်။

"ဒီမှာကွ ...။ မင်းယောက္ခမတွေက မင်းဒီလိုဖြစ်နေတာ မကြည့် ရက်လို့၊ ပြီးတော့ မင်းရဲ့ ကွယ်လွန်သူဇနီးတွေကလည်း မင်းကိုစိတ်မ လို့ သူတို့သမီး၊ ညီမအငယ်ဆုံးလေးနဲ့ အိမ်ထောင်ချပေးဖို့ စိစဉ်နေကြ တယ်။ အဲဒါ မင်း ဘယ်လိုသဘောရသလဲ"

"ကျွန်တော် မယူချင်ဘူး။ ခင်ယဉ်ကျေးကိုလည်း ညီမလေးလို ချစ်တယ်"

"မဟုတ်ဘူး ... လူလေးရ။ မင်း ဒီလိုဖြစ်နေတာကို မင်းမိဘ တွေ၊ ယောက္ခမတွေ၊ အပေါင်းအသင်းတွေ၊ ကုန်ကုန်ပြောမယ်ကွာ မင်းရဲ့ဇနီး ဟောင်းတွေကိုယ်တိုင်က မကြည့်ရက်ကြလို့ ဒီလိုစီစဉ်ကြတာ"

အဘထိတ်တုံးရွှေကလည်း ဝင်ပြောသည်။

"မယူပါရစေနဲ့ အဘရေ၊ သူကြိုက်တဲ့လူနဲ့ ပေးစားလိုက်ပါ"



"မဟုတ်ဘူး ... လူလေးရဲ့။ အားလုံးက ကောင်းတယ်ထင်လို့ စီမံကြတာလေကွာ။ ပြီးတော့ မင်းရဲ့ ချစ်လှစွာသော ဇနီးနှစ်ယောက် ဆန္ဒကိုရော မင်း ဥပေက္ခာပြုတော့မှာလား"

"မသိဘူးဗျာ။ စိတ်ညစ်တယ်"

"ကဲ ... ကဲ ... သမီး မခင်ယဉ်ကျေး၊ သမီးလေးကရော အခု စီစဉ်တာကို လက်ခံရဲ့လား"

"အားလုံးစိတ်ချမ်းသာဖို့ သမီးလက်ခံပါတယ်"

"ဟုတ်ပြီ"

"ကဲ ... အောင်သာကျော်၊ မင်း ဘာမှမငြင်းနဲ့တော့။ သန်ဘက် ဆွမ်းသွတ်ပြီးတော့ နောက်နေ့ကျရင် မင်းတို့နှစ်ယောက်ကို လူကြီးစုံရာ မှာ ထိမ်းမြားလက်ထပ်ပေးမယ်"

"ဟုတ်တယ် ... ဒီအတိုင်းပဲ"

ဤသို့ဖြင့် နှစ်ဖက်သောမိဘများနှင့် ရွာလူကြီးများ၏ ဆန္ဒအရ တစ်နှစ်ပြည့်ဆွမ်းသွတ်ပြီး နောက်တစ်ရက်တွင် အောင်သာကျော်နှင့် မခင် ယဉ်ကျေးတို့အား လက်ထပ်ပေးရန် စီစဉ်ခဲ့သည်။

တစ်နှစ်ပြည့်ဆွမ်းသွတ်သည့်နေ့တွင် ရွာဦးကျောင်းမှ ဘဘုန်းနှင့် သံဃာတော် (၁၀) ပါးကို ပင့်ဖိတ်၍ သင်္ကန်း၊ ဆွမ်းနှင့် အခြားလှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဘဘုန်းမှလည်း ကွယ်လွန်သူများ အတွက် ရည်စူး၍ တရားဘာဝနာများကို ဟောကြားအမျှပေးဝေခဲ့သည်။

ရေစက်ချအမျှပေးဝေပြီး ဘဘုန်းကျောင်းသို့ ပြန်ရန်ပြင်သောအခါ အောင်သာကျော်က သင်္ကန်းနှင့်ကန်တော့ပွဲကို ကိုယ်တိုင်သယ်ဆောင်၍ ကျောင်းသို့ လိုက်ပါပို့ဆောင်တော့သည်။ အခြားသူများက မေးသောအခါ လိုက်ပို့ရန်ဟု အကြောင်းပြသည်။ ရွာဦးကျောင်းသို့ ရောက်ပြီး ပစ္စည်း များကို သိမ်းဆည်းပြီးသော်လည်း သူကထိုင် နေဆဲ ...

တစ်နာရီခန့်ကြာသောအခါ ဘဘုန်းက ...

"ဟဲ့ ... အောင်သာကျော်၊ ဒကာလေး မပြန်သေးဘူးလား။ မနက် ဖြန် မင်္ဂလာဆောင်ဖို့ကိစ္စ ရှိသေးတယ်။ ပြန်တော့လေ"

www.burmeseclassic.com



"မှန်ပါ။ တပည့်တော် မပြန်တော့ပါဘူးဘုရား"

"ဟဲ့ ... ဘယ်လို ... မပြန်တော့ဘူး ... ဟုတ်လား။ ပြော ဘာကြောင့် မပြန်လိုတာလဲ"

"တပည့်တော် လူ့ဘောင်လောကကို ငြီးငွေ့သွားပါပြီဘုရား။ တပ တော်ကို ရဟန်းဝတ်ပေးပါဘုရား။ တပည့်တော် ရဟန်းဝတ်နဲ့ ကွယ်လွ သွားတဲ့ ဖနီးနှစ်ယောက်အတွက် ကုသိုလ်ကောင်းမှုတွေ ဆောင်ရွက်လို တယ်။

ပြီးတော့ တပည့်တော် လူ့လောကမှာဆက်ပြီး ကျင်လည်နေ တပည့်တော်နဲ့ လက်ထပ်မဲ့ခယ်မလေး ခင်ယဉ်ကျေးအပေါ်လည်း မတ ရာရောက်မယ်။ သူလည်း သူ့ချစ်သူနဲ့ အေးအေးချမ်းချမ်း လက်တွဲနိုင်ပါ ဘုရား။

ဒါကြောင့် တပည့်တော်ကို ရဟန်းဝတ်ပေးပါ။ ဘုရားရဟန်းအ နဲ့ တပည့်တော် လောကုတ္တရာတရားများကို ကျင့်ကြံအားထုတ်ချင်ပါတ ဘုရား"

"(ဒကာလေး ... ဆုံးဖြတ်ပြီးပြီလား"

"မှန်ပါ ... ဆုံးဖြတ်ပြီးပါပြီဘုရား)၃"

"သာဓု ... သာဓု ... သာဓု ..."

✿ ✿ ✿

[ ၇ ]

❑

နောက်တစ်နေ့ လက်ထပ်ပွဲကျင်းပမည့် အစီအစဉ်သည် မဖြစ် တဲ့ ကိုအောင်သာရကျော်ခေါ် ဦးအိန္ဒြိယ၏ ပဥ္စင်းခံပွဲသာဖြစ်ခဲ့တော့ ည်။ ရဟန်းဒါယိကာမမှာ ဆရာမလေး မခင်ယဉ်ကျေးပင်ဖြစ်တော့သည်။ မလေးမှာလည်း သူ့ရင်ထဲမှစိတ်ကူးများကို အကောင်အထည်ဖော် တော့မည်ဖြစ်၍ တပြုံးပြုံးနှင့် ဖြစ်နေတော့သည်။

ကြာတော့ ကြာခဲ့ပါပြီ။ ဦးအိန္ဒြိယသည် ဘဘုန်းကွယ်လွန်ပြီး တ် ရွာဦးကျောင်းတွင် ကျောင်းထိုင်ဆရာတော်ကြီးဖြစ်ပြီး အသက်ထက် ဓရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓဟူသော ဘုရားသာသနာတော်သုံးရပ်ကို ကြံအားထုတ်သွားခဲ့သည်။

ဆရာမလေး မခင်ယဉ်ကျေးမှာ သူ့ရင်ထဲတွင်ရှိသော သူ့ သိပ် ည့်သူနှင့် အကြောင်းအမျိုးမျိုးကြောင့် လက်မတွဲခဲ့ရဘဲ ယနေ့အချိန် အလယ်တန်းကျောင်းအုပ်ဆရာမကြီး (အပျိုကြီး) အဖြစ် သားသမီး မြောက်မြားစွာကို ပညာသင်ကြားလျက်ရှိသည်။

ကျွန်တော် အမျိုးကောင်းသားလေး မောင်ရဲနိုင်ကတော့ ...

ဝင်းနိုင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

မနက်ငါးနာရီထိုးတာနဲ့ ကျော်လင်း အိပ်ရာထဲက လူးလဲထပြီး အိမ်ပြင်ထွက်ပြီ။ မျက်နှာတောင် သေချာသစ်နေတာမဟုတ်ဘူး။ စဉ့်အိုးထဲ ကရေကို လက်နဲ့ခွတ်ပြီး မျက်နှာကောက်ပွတ်လိုက်ရုံပါပဲ။ လက်ခုပ်နဲ့ ခပ် ထဲ့ရေတစ်ငုံ ပါးစပ်ထဲထည့်ပြီး အာလုတ်ကျင်းကာ ထွီခနဲ ထွေးထုတ်လိုက် တယ်။

လမသာပေမယ့် ကောင်းကင်မှာ ကြယ်ရောင်တွေ လင်းနေသေး တယ်။ ကျော်လင်းတစ်ယောက် အမှောင်လမ်းကို သွားရတော့မယ်။ ဓာတ်မီး မပါဘူး။ အရက်ဖိုးတစ်ရာကိုတောင် မနည်း ခါးကြားကျစ်ထားရတာ။ ညက သောက်ခဲ့တာတွေ တစ်ရေးနိုးတာနဲ့ အမူးပြေကုန်ပြီ။ သန်းခေါင်ကျော် ကြီးပြန်နိုးနေတာ အခနေရဆိုးလိုက်တာ။ အတင်းပြန်အိပ်၊ ငါးနာရီထိုးဆို ကြီး အရက်ဆိုင်သွားလို့ရပြီ။

ဒေါ်တင်ဆုံကြီး အရက်ဆိုင်က ငါးနာရီခွဲဆိုဖွင့်ပြီ။ ဒီမြို့လေးမှာ အစောဆုံးဖွင့်တဲ့ အရက်ဆိုင်ဆိုလို့ ဒေါ်တင်ဆုံကြီးဆိုင်ပဲရှိတယ်။ ကျော်လင်း တို့လို အရက်သမားလုံးလုံး ဖြစ်နေတဲ့သူတွေအတွက် မနက်ပိုင်း လေမပျို့ ခင် အရက်ကလေးသောက်လိုက်ရမှ နေသာထိုင်သာ ရှိတာတာလေ။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားရပ်ကွက်ထဲကနေ လှမ်းထွက်လာတယ်။ ရှေ့ကတာကုန်းဆင်းမှာ သောက်ဖော်သောက်ဖက် ကိုမြင့်ဦးရဲ့ အိမ်စုတ်လေးရှိတယ်။ ဝါးနဲ့ဆောက်ထားတဲ့ ခြေတံရှည်အိမ်လေးပေါ့။ ကိုမြင့်ဦးဆိုးတာ ရက်တောင်လည်ပြီးပြီ။ အရက်ကြောင့် သေခဲ့ရတာ။

သေပြီးတော့ ဘာဖြောက်လှန့်သလဲ မမေးနဲ့။ ညမှောင်တာနဲ့ ခြောက်ပြီ လှန့်ပြီ။ သူများတွေ ပြောကြတာပဲ။ ကျော်လင်းက ကိုမြင့်ဦးနဲ့ တွဲသောက်ဖော်သောက်ဖက်။ မနက်ငါးနာရီထိုးတာနဲ့ မောနင်းပက်ဖို့ ဓနိတင်ဆုံဆိုင်ကို သွားဖော်သွားဖက်တွေ။ ဘော်ဒါတွေမို့လို့ မခြောက်မလှန့်တာလားမသိ။

ဒီမနက် ငါးနာရီ ထိုးပြီးအချိန်မှာတော့ ကျော်လင်းတစ်ယောက်တည်းလာရတာ အားငယ်သလိုလိုပဲ။ မြင့်ဦးဆုံးပြီးကတည်းက အိမ်ကြီး ဒီအတိုင်းထားတယ်။ ဆင်းရဲသားအိမ်ဆိုတော့ ဘာပျောက်စရာရှိမှာလဲ။ မြင့်ဦးမိန်းမကလည်း မြင့်ဦးခြောက်လွန်းလို့ဆိုပြီး ရွာက သူ့အမျိုးတွေဆီမှာပဲ သွားနေတော့တယ်။

"ဖလပ် ... ဖလပ် ..."

လေမတိုက်ပါဘဲနှင့် သက်ငယ်အမိုးတွေ လန်သွားတယ်။ မြင့်ဦးက အချက်ပြတာနဲ့တူတယ်။ အရင်တုန်းက ကျော်လင်း မနက်အစောကြီးရောက်လာတာနဲ့ မြင့်ဦးက နိုးနေပြီးသား။ သူနိုးနေကြောင်းကိုလည်း အသံတစ်ခုခုပေးပြီး အချက်ပြနေကျ။ ဥပမာ ချောင်းဟန့်သံလို၊ အိမ်ပုတ်ပြတာလိုတွေပေါ့။

ကျော်လင်း ဟိုဟိုဒီဒီ လိုက်ကြည့်နေမိ၏။ အနားမှာ ဘယ်သူမှလည်းမရှိ။ အိမ်တွေကလည်း ခပ်လှမ်းလှမ်းမှာ၊ တာဘေးမှာ ဆောက်ထားတယ်။ ဘေးမှာ တာလမ်းသေးလေးရယ်၊ ကန်လေးနှစ်ကန်ရယ်၊ ကွင်းပြင်ရယ်၊ တာဘေးက နှစ်ချို့ညောင်ပင်အိုကြီးရယ်၊ ဒါတွေပဲရှိတယ်။

"ကလောက် ... ကလောက် ... ဒေါက်"

ကြားရပြန်ပြီ။ မြင့်ဦးအိမ်ထဲက။ ဒီကောင်သေတာလည်း အရက်သောက်သွေးအန်ပြီး သေထားတာ။ အစိမ်းသေနည်းမျိုး။ သူ့အိမ်ကို ခွဲ





ပြီး မကျွတ်တာလား။ သူ့လက်ကျန် အရက်ပုလင်းကိုစွဲပြီး မကျွတ်တာလားသေိ။

"အေ့ ... ဝေ့ ..."

ဟော ... လေချဉ်တက်သံကြီးကို ပီပီသသကြားလိုက်ရ၍ ကျော်လင်း ခေါင်းနားပန်းကြီးပြီး သုတ်ခနဲဆို တာပေါ်တက်ပြေးတော့၏။ တာပေါ်ရောက်သော[illegible]ကြည့်က စောင့်နေပြီ။

မနက်ပိုင်း သောက်ဖော်သောက်ဖက်တွေထဲမှာ ကိုကြည်လည်း ပါ၏။ ပြေးလာပြီး မောဟိုက်နေသော ကျော်လင်းကိုကြည့်ကာ ...

"ဟေ့ကောင် ... ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ၊ မြင့်ဦး ခြောက်လိုက်လို့ပေါ့"

"ဒါများကွာ ... သူက တို့နဲ့ အရက်တွဲသောက်နေကျလေ။ မနက် ဓနိတင်ဆုံဆိုင်မှာ ဆုံသောက်နေကျမို့ လိုက်လာတာနေမှာပေါ့"

ကိုကြည်ကတော့ ဘာမှမကြောက်သလို အေးဆေးပဲ။ ဓနိတင်ဆုံဆိုင်ရောက်တော့လည်း ကျော်လင်းက တစ်ပိုင်းတည်းထိုင်နေသည့် သောက်ဖော် ကိုတင်နွယ်၊ ရှေ့နေကြီး၊ ဆိုက်ကားဆရာ ဘိုလှတို့ကို လန့်တုန်ချောက်ချားစွာ ရှင်းပြနေ၏။

အားလုံးကလည်း မြင့်ဦးလိုက်လာသည်ထင်ပြီး ခုံခင်းပေး၊ အရက်တစ်ခွက်ငှဲ့ ပေးလိုက်ကြ၏။ ပြီးနောက် မြင့်ဦးမြည်းနေကျ လျှက်ဆားနှင့် ချောက်သီးစိတ်ကို အနားချပေးထားလိုက်၏။ ကိုကြည့်ဘေးမှာ လုပ်ပေးခြင်းဖြစ်၏။ ဟိုဘက်က ဆိုင်နံရံကြီး။ ကိုကြည်က သတ္တိခဲ ဆရာကြီးအိုက်တင်ဖြင့် ...

"မြင့်ဦးလေ ... သောက်ချင်လို့ လိုက်လာတာ။ သောက်တော့။ မှာ မင်းအကြိုက်အမြည်း"

"ဟဲ့ ... ကြည်၊ နင် အဲဒါ ဘာလုပ်တာလဲ။ ငါ့ဆိုင်ထဲကို ကောင်းတာတွေ ဘာလို့ခေါ်သွင်းနေရတာလဲ။ ငါမကြိုက်ဘူး။ မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ဆိုကျေးနပ်အောင် ဟုတ်ကဲ့ . . . လုပ်လိုက်ရပေမဲ့ အရက်ခွက်ကို ပြန်မသိမ်းဘူး။ သူတို့အချင်းချင်း သေခြင်းအကြောင်းတွေကို ပြောဆိုနေကြတယ်။ မနက်ငါးနာရီခွဲတိုင်း ဒီအုပ်စုတွေစုဆုံပြီး အရက်သောက်နေကျ။

"အရက်သမားတွေသေရင် ရေပြည်တန်း ရောက်တယ်တဲ့။ သရဲဖြစ်ပြီးခြောက်တယ်ဆိုတာ အလကားပြောတာကွ"

ရှေ့နေကြီးက ဘာသာရေးစာအုပ်တွေ ဖတ်ဖူးထားသလောက်ပြောလာ၏။ ဟိုစပ်စပ်ဒီစပ်စပ်နှင့် မိန်းမလုပ်စာထိုင်စားနေသော ကိုတင်နွယ်က . . .

"ဆန်စေ့တိုင်း စက်ထဲဝင်တာမှမဟုတ်တာဗျာ။ ဗိတ်စင်တာလည်းရှိသေးတာပဲ။ မြင့်ဦးကလည်း ဗိတ်စင်ပြီး သရဲဖြစ်ချင် ဖြစ်နေနိုင်တာပဲ"

"ဟုတ်တယ်။ ဒီမနက်ကျမှ ကျုပ်ကို ခြောက်တယ်ဗျာ။ အချင်းချင်းတွေ ဒီလိုမလုပ်သင့်ပါဘူး"

"ဟော့ကောင်တွေ . . . မြင့်ဦးအတွက် အရက်ငှဲ့ထားတာ ဘယ်ရောက်ကုန်ပြီလဲ"

ဘယ်သူမှ အရက်ယူမသောက်ကြောင်း ငြင်းဆိုကြ၏။ ကိုကြည်ကို မသင်္ကာသလို ကြည့်ကုန်ကြ၏။ ကိုကြည်က အနီးကပ်ဆုံးရှိနေတာကိုး။ ကိုကြည်က . . .

"ငါမသောက်ဘူး။ ဒါ . . . ဒါဆို . . ."

ကိုကြည် တွန့်ခနဲဖြစ်သွားပြီး ကြက်သီးထတာတွေကိုပြကာ လက်ကျန်ခွက်ကိုကောက်မော့ပြီး ထလစ်သွား၏။ ကျန်တဲ့လူတွေက ကိုကြည်သောက်သွားတာလို့ ထင်နေကြ၏။ ကိုကြည်ကိုယ်၌က မသောက်ခဲ့တာသိနေ၍ မြင့်ဦးလာသောက်သွားတယ်ချည်း ထင်နေသေးသည်။

✿ ✿ ✿

[ ၂ ]

❑

နောက်တစ်နေ့မနက် ငါးနာရီမှာ ကျော်လင်းထပြီး အရက်ဆိုင်ထွက်လာ၏။ မနေ့မနက်က ကိုကြည်နှင့်အကြော်ဆိုင်မှာ ထပ်တွေ့စဉ် ကိုကြည်ပြောတာတွေကို အမှတ်ပြန်ရ၏။

"မြင့်ဦးလက်ချက်ကွ ငါမဟုတ်ဘူး။ မင်းခေါ်လာတာ၊ နောက်မခေါ်ခဲ့နဲ့"

မြင့်ဦးရဲ့ အိမ်ရှေ့ကိုဖြတ်တော့ ကျောတွေ ချမ်းလာ၏။ မရဲတရဲနှင့် အိမ်စုတ်ကိုကြည့်လိုက်တော့ ရိပ်ခနဲ မြင့်ဦးကို တွေ့လိုက်ရသလိုပင်။ အရက်သောက်ချင်ဇောနှင့် ကြောက်လန့်သော်လည်း ဆက်လျှောက်လာ၏။

မြင့်ဦးအိမ်အောက်က မြေဖို့ထား၏။ မြေအမြင့်ကနေ အရက်ပုလင်းတစ်လုံး တလိမ့်လိမ့်ထွက်လာ၏။ ဒီပုလင်းကို ကျော်လင်းကောင်းကောင်းမှတ်မိ၏။ ဟိုးတုန်းကသာတွေ့ရနိုင်သည့် ပုလင်းဖြူမျိုး။

မြင့်ဦးအရက်သောက်သွားတိုင်း ခါးထိုးတတ်သည့်ပုလင်း၊ အရက်တစ်ပိုင်း အမြဲအပိုဝယ်ခဲ့သည့်ပုလင်း။ ညဘက်သောက်လျှင်လည်း ဒီပုလင်း



www.burmeseclassic.com

www.burmeseclassic.com



အမြဲပါ၏။ ဆိုင်မှာလာသောက်သူတွေထဲက ခင်မင်သူတွေကို တိုက်လျှင် ပါဆယ်ပုလင်းကိုအမြဲထုတ်ပြီး ညလယ်သောက်ဖို့ အိမ်ကိုယူတတ်၏။

အခု ဘယ်လိုဖြစ်ပြီး လူမရှိသည့် မြင့်ဦးအိမ်ထဲက လိမ့်ထွက်လာရတာလဲ။ သရဲဖြစ်နေတဲ့မြင့်ဦးက ပါဆယ်ထည့်ခိုင်းလိုက်တာလား။ ကျော်လင်း သွက်သွက် သုတ်ခြေတင်လိုက်၏။ လေရိုင်းတစ်ချက် ဝှေ့ခနဲ သတ်သွား၏။ လေပွေလေးတစ်ခု ကျော်လင်းရှေ့က ဖြတ်တိုက်သွား၏။ အမှောင်ဖျဖျထဲမှာ မဲမဲအရိပ်လိုကြီးကို ဖျတ်ခနဲ မြင်လိုက်ရ၏။ သေချာကြည့်တော့ ပျောက်သွား၏။

"ကိုမြင့်ဦး . . . ခင်ဗျားနဲ့ကျုပ်နဲ့ ဘဝချင်းခြားသွားပြီ။ ကျုပ်နောက် မလိုက်နဲ့ဗျာ။ ခင်ဗျားသောက်ချင်ရင် ပါဆယ်ထုပ်နဲ့ တစ်ပိုင်းဝယ်ခဲ့မယ်။ ပုလင်းတော့ ယူမသွားဘူး"

ကြောက်ကြောက်နှင့် ကျော်လင်းပြောလိုက်တော့မှ ဘာမှဆက်မဖြစ်တော့။ ကိုကြည်နှင့် အကြော်ဆိုင်မှာတွေ့တော့ ပြောပြမိ၏။ ကိုကြည်က . . .

"ပါဆယ်ဝယ်ပေးလိုက်၊ ခေါ်မလာနဲ့။ ငါလည်း လန့်တယ်ကွ"

အရက်ဝိုင်းရောက်တော့ ကိုမြင့်ဦးအကြောင်းကို ခဏလောက် ပြောဖြစ်ကြ၏။ နောက်တော့ ဟိုအကြောင်း၊ ဒီအကြောင်းပြောရင်း မေ့သွား၏။ အရက်ပါဆယ်ယူသွားဖို့ပင် မေ့သွား၏။ အရက်ပါဆယ် ဝယ်မည်ဆိုလည်း ကျော်လင်းက ဝယ်မတိုက်နိုင်။ လက်လုပ်လက်စားကိုး။ ရှေ့နေကြီးက ဝယ်ပေးမှာသေချာ၏။ အရက်သမားအချင်းချင်း ရိုင်းပင်းကူညီတတ်ကြ၏။

နောက်တစ်နေ့မနက် ငါးနာရီထိုးတော့မှ မြင့်ဦးအိမ်ရှေ့က ဖြတ်ရမယ်ဆိုတဲ့ အတွေးနဲ့ ပါဆယ်ဝယ်ခဲ့မယ်ပြောခဲ့တာကို အမှတ်ရသွား၏။ အဲ့ဒါကိုပါမလာ၍ စိတ်ဆိုးနေလေမလား။ အို . . . သူနဲ့ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့။ အဲဒီအတွေးနှင့် ဆက်လျှောက်လာ၏။ မြင့်ဦးတို့အိမ်ရှေ့ ရောက်သောအခါ . . .

"အောင်မလေးဗျ . . ."





မြင့်ဦးအိမ်ပေါ်က ခုန်ဆင်းလာတာလိုလို ဖျတ်ခနဲ မြင်လိုက်ရ၏။ သေချာကြည့်လိုက်တော့ ဘာမှမရှိ။ စိတ်ကပြန်ခြောက်နေလို့ မြင်ချင်တာမြင်တာ ဖြစ်နိုင်၏။

"ဖြောင်း . . . ဖြောင်း . . . ဖောင်း . . ."

အိမ်တိုင်ကို ဝါးလုံးနှင့်ရိုက်သံကြီး သုံးချက်ပေါ်လာ၏။ လူလည်းတွေ့ရ။ ကျော်လင်း ခေါင်းနားပန်းကြီးပြီး ထွက်ပြေး၏။ ညောင်ပင်အောက်ရောက်သောအခါ ညောင်ကိုင်းတစ်ခုက ဆတ်ခနဲလှုပ်ခါသွား၏။ တခြားကိုင်းတွေက ငြိမ်သက်နေ၏။ ကျော်လင်းသွားမည့် ရှေ့မှာ ညောင်ကိုင်းတစ်ခု ကျိုးကျ၏။

"ကိုမြင့်ဦး . . . ကျုပ်ကိုမခြောက်ပါနဲ့ဗျာ။ ကျုပ်မနေ့က မေ့သွားသို့။ ဒီနေ့ သေချာဝယ်ခဲ့မယ်။ ခင်ဗျားအိမ်က လှေကားမှာ ပါဆယ်ထုပ်ကို သေချာချိတ်ပေးခဲ့မယ်ဗျာ"

ဒီလိုပြောလိုက်တော့ ညောင်ကိုင်းလှုပ်တာတွေ ငြိမ်ကျသွား၏။ ကိုကြည်တို့ အကြော်တဲရောက်သောအခါ ကျော်လင်း ကြောက်ဒူးဆတ်ဆတ်တုန်နေလေပြီ။ အဲဒီနေ့ကဝိုင်းမှာတော့ မြင့်ဦးအကြောင်းချည်း ပြောဖြစ်ကြ၏။ ရှေ့နေကြီးက မြင့်ဦးအတွက် အရက်ပါဆယ်ထုပ် ဝယ်ပေးလိုက်၏။

ကျော်လင်းပြန်ရောက်လာတော့ မနက် (၆) နာရီခွဲ၊ မိုးလင်းနေပြီ။ အိမ်လှေကားမှာ အရက်ထုပ်ကိုချိတ်ပေးလိုက်၏။ ထိုစဉ်မှာပင် အိမ်နောက်ဘက် အိမ်သာနေရာလောက်က အတုံးလေးတွေ ထွက်ကျလာ၏။ ဖွဲပြာဖို့ထားသောအောက်ကနေရာမှာ ဘာမှလည်းမရှိ။

အရင်က အရက်သောက်ပြန်လာတိုင်း မြင့်ဦး အိမ်ပေါ်ပြေးတက်ပြီး ဝမ်းတွေသွားတတ်၏။ အိမ်သာပိုက်မရှိ။ ဒီအတိုင်းယိုချတာကို အတိုင်းသားမြင်နေရတတ်၏။ မြင့်ဦးက အရက်သောက်ပြီး အိမ်ပြန်ရောက်လာနှင့် ဝမ်းသွားတတ်တာ အကျင့်ဖြစ်နေပြီ။ ဝမ်းသွားတာတွေ လှမ်းမြင်ရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အောက်ခြေမှာ ဘာမှမရှိ၍ ကျော်လင်း ကြက်သေသေပြီး ကြည့်နေ
၏။

'ဝုန်း'ခနဲ အိမ်ထဲက အသံကြားမှ 'အောင်မလေးဗျ'လို့ အော်
အိမ်ပြန်ပြေးတော့၏။ မနက်အစောပိုင်းဆိုတော့ လူတွေ သိပ်မနိုးကြသေး
မြင့်ဦးတို့အိမ်နေရာကလည်း လူသွားလူလာ သိပ်မရှိသည့်နေရာ။ ကျော်လင်း
မကြောက်ဘဲ ဘယ်နေနိုင်မှာလဲလေ။

✿ ✿ ✿

[ ၃ ]

❑

ကျော်လင်းတစ်ယောက် မနက်ငါးနာရီထိုးတိုင်း မြင့်ဦးအိမ်ရှေ့က
ဖြတ်ရမှာကို အတော်စိတ်ညစ်နေ၏။ တခြားလမ်းကသွားလျှင်လည်း တမျှော်
ဘခေါ်ကြီး ကွေ့ပတ်နေရဦးမည်။ ပြီးတော့ သောက်ဖော် ကိုကြည်ကိုလည်း
ဝင်ခေါ်လို့မလွယ်တော့။ ကိုကြည်ကတော့ ...

"တာပေါ်ကဆင်းပြီး ညောင်ပင်ကြီးနားကနေ ငါလာကြိုမယ်။ သေ
တဲ့မြင့်ဦးက ဘာမှလုပ်လို့မရပါဘူးကွာ"

ဒီမနက် ကိုကြည်လာကြိုမယ်ဆိုလို့ ကျော်လင်းဖြတ်ကျော်သွားဖို့
လျှောက်လာလိုက်၏။ ဒီနေ့ကျမှ လပြည့်ကျော်ရက်မို့ လရောင်ဖွေးဖွေးလေး
ဘ သာနေခဲပင်။ ညောင်ပင်ကြီးကို လေတိုက်၍ ညောင်ရွက်တွေ တရှဲရှဲ
အော်မြည်သံက တစ်မျိုးတစ်မည် ကျောချမ်းချင်စရာ။

ကိုမြင့်ဦးအိမ်ရှေ့ရောက်တော့ အထဲမှာ မီးရောင်လိုလို၊ ဘာလိုလို
တွေ့လိုက်ရ၏။ အရင်က အရက်သောက်သွားလျှင် ကိုမြင့်ဦးကို ဝင်နှိုးနေ
ကျ။ တာခေါးကကိုမြင့်ဦးအိမ်ကို ရှောင်ကွင်းသွား၍လည်းမရ။ ဟော ..

အော်သံ ... ကလေးအော်သံလို သံသေးသံကြောင်လေး အိမ်ထဲ
က ထွက်ပေါ်လာ၏။ ကျော်လင်း ခေါင်းနားပန်းကြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်ဦး ... ကျုပ်ကြောက်တယ်ဆိုပြီး လိုမ့်ခြောက်မနေ ခင်ဗျားကို နေ့တိုင်းတော့ ပါဆယ်ဆွဲမပေးနိုင်ဘူး။ ရှေ့နေကြီးလည်း သူ မဟုတ်ဘူး။ ကျုပ်လည်း ကျုပ်ဖို့တောင် အနိုင်နိုင်ရယ်။ ခင်ဗျား ကျုပ် ဖြစ်ခြောက်နေတာ နည်းနည်းများနေပြီ"

"ခီး ... ဂီး ... ညှောင် ..."

ဟိုက် ... လက်စသတ်တော့ ကြောင်အော်သံကိုး။ ကိုမြင့်ဦး ထင်နေတာ။ ကြောင်နက်ကြီးက အိမ်ရှေ့တံခါးထရံပေါက်ကနေ ခေါင်း ပြီး ထွက်လာ၏။ ရုတ်တရက်ကြည့်လိုက်လျှင် မျက်လုံးစိမ်းဖန့်ဖန့်ကြီး သရဲလိုလို၊ တစ္ဆေလိုလို။ အပြင်ထွက်လာတော့ ကြောင်နက်ကြီး ဖြစ် ၏။

ဒီကြောင်ကို အရှင်က ကျော်လင်းမတွေ့ဖူး။ ကြောင်က ကြည့် ရင်းကနေ ခွေးအရွယ်ရောက်လာ၏။ ကျော်လင်းလည်း ညက လက်ကျ လေးကာစ်ထား၍ ခပ်ထွေထွေရှိနေတာမို့ အမြင်မှားတာလားဆိုပြီး မျက်လုံ ပွတ်သပ်ကြည့်လိုက်၏။ ကြောင်က ကျွဲပေါက်အရွယ် ဖြစ်လာ၏။

"ဟင် ... ဒါ ... ဒါ ..."

"ခီး ... ဂီး ... ညှောင် ... ဝေါင်း ..."

ဆိုသော အသံဆိုးကြီးပေးပြီး ကျော်လင်းကို ရန်လိုဟန်ဖြင့် မာန် နေ၏။ ကျော်လင်းလည်း နီးရာတုတ်တစ်ချောင်း လိုက်ရှာကိုင်လိုက်တော့ ကြောင်ကြီးမရှိတော့။ အရက်သမားတွေ ကံနိမ့်၍ အမြင်မှားတတ်တာတွေ လည်း ဖြစ်တတ်၏။

ကျော်လင်းလည်း ဆက်ရပ်မနေတော့။ ညောင်ပင်ရှိရာ သွက်သွက် လျှောက်လိုက်၏။ လသာသော်လည်း ညောင်ပင်ရိပ်ကြောင့် ညောင်ပင် အောက်မှာ ခပ်မှောင်မှောင်လေးဖြစ်နေ၏။ လူတစ်ယောက် ကျောခိုင်းပြီး ရပ်စောင့်နေ၏။

"ဟေ့လူ ... ကိုကြည် ... ကျုပ်တော့ ခြောက်ခံရပြန်ပြီ။ ကြောင် နက်ကြီးယောင်ဆောင်ပြီး မြင့်ဦး ခြောက်လိုက်တာဗျ။ ဟူး ... တော်တော် ဆိုးတာပဲ။ သောက်ထားတာလေးတွေတောင် ပြေသွားတယ်ဗျာ။ ဗူး ..





မောစိတ်မောနဲ့ ခေါင်းတွေတောင် မြန်ကုန်ပြီ။ ဟေ့လူ ... ဒီမှာ နေတာ ... ကြားလား။ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ။ ခင်ဗျား ကြည့်လား။ ဟာ ... ဟ ... ဟင်"

ရပ်နေသူက ကျောပေးရာက ဖြည်းဖြည်းချင်းလှည့်ပြီး မျက်နှာ ဆိုက်သောအခါ ...

"အောင်မယ်လေး ... ကယ်တော်မူပါ"

ကျော်လင်းတစ်ယောက် လန့်ပြီး ငယ်သံပါအောင်အော်ကာ နောက် ကြောင်းပြန်လှည့်ပြေးတော့၏။ အရက်ဆိုင်ပင် မသွားနိုင်တော့။ သူ့အိမ်မှာ နတ်ပူးသလိုတုန်ဆတ်ပြီး ကယောင်ကတမ်းတွေပြောကာ ဖျားပါလေ ။ ကျော်လင်းမိန်းမနဲ့ ဘေးအိမ်တွေ အကျိုးအကြောင်း ဝိုင်းမေးတာ ည်း မပြောဘူး။ မြန်မာတိုင်းရင်းဆေးဆရာ ခေါ်ကုတယ်။ ဆေးဆရာက ည်း ပယောဂ မတောက်တခေါက်ကုတတ်တော့ ...

"ဟိတ်ကောင် ... မင်းဘာလို့ သူများကို နှောင့်ယှက်ရတာလဲ။ ပြန်ထွက်စမ်း။ မိမွေးတိုင်း ဖမွေးတိုင်းထားခဲ့နော်။ မင်းအထဲ မင်းပြန် သွား"

ကြိမ်လုံးတွေနဲ့ခွရိုက်ပြီး ပယောဂကုလိုက်တာ ကျော်လင်း တော် အထိနာသွားတယ်။ မနက်ခင်းအရက်ဝိုင်းမှာတော့ ကိုကြည်ပြော မျှကို ဟားလို့မဆုံးအောင် ဖြစ်နေကြတယ်လေ။ သရဲမျက်နှာဖုံးတွေ တာ ဝယ်ထားတဲ့လူဆီက ကိုကြည် ခဏငှားတယ်။

သရဲမျက်နှာဖုံးစွပ်ပြီး ညောင်ပင်အောင်မှာ ရပ်ပြလိုက်တာကို ကျော်လင်းက တကယ့်သရဲထင်ပြီး အသေအလဲ ကြောက်သွားတာပေါ့။ ခါတင်ခုံက အဲလိုမလုပ်ကောင်းကြောင်းပြောပြီး ကျော်လင်းကို အဖြစ်မှန် သွားပြောခိုင်းတယ်။

ကိုကြည်တို့လည်း ကျော်လင်းကို မျက်နှာဖုံးကြီးသက်သေအဖြစ် ယူလာပြီး အဖြစ်မှန်တွေကို ရှင်းပြလိုက်တယ်။ ဒီတော့မှ ကျော်လင်းလည်း ကြောက်ဖျားပျောက်ပြီး နေပြန်ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေ့တက်နေ့မနိုက် (၅)နာရီမှာ ကိုကြည်လာစောင့်ခေါ်လို့ ကျော်လင်းက နိုးလိုက်တယ်။ ဒါနဲ့ပဲ ကိုကြည်တစ်ယောက် ညောင်ပင်အောက်ကို ရောက်နေပါလေရော။ ညောင်ရွက်တွေတရှဲရှဲ တိုက်ခတ်လို့ မနက်ထေးနှင်း ငါးနာရီဆိုတော့ မရေမလွှာတကဲသားတွေ ပါဝါကုန်သွားတဲ့အချိန်။ ခြောက်လှန့်တာမျိုး ကြုံရခဲ့ပါတယ်။

ဒါကြောင့်မို့လည်း ကိုကြည်တစ်ယောက်တည်း လာစောင့်ရဲတာပေါ့။ ညသန်းခေါင်ကျော်ဆိုရင်တော့ ဘယ်လာစောင့်ရဲမှာလဲ။ ဒီညောင်ပင်ကြီးကလည်း ဟိုးတုန်းက နာမည်ကြီးပဲလေ။ ညောင်ပင်ပေါ်က မုဆိုးကျွက်ထောက်ကြီးနဲ့ဆင်းလာပြီး လိုက်လိုက်ဆွဲတယ်ဆိုတာ ဖြစ်လိုက်သေးတယ်။ နောက်ပိုင်း ခုကာလအထိ ငြိမ်ကျသွားပါပြီ။

မြင့်ဦးတို့ အိမ်ဖက်ကနေ လမ်းဖို့ထားတဲ့ မြေလမ်းလေးအတိုင်း ဆောင့်နင်းလျှောက်လာတဲ့ ခြေသံကြားလို့ ဆေးလိပ်မှာနေရာကနေ ကိုကြည်လှည့်ကြည့်လိုက်၏။ ခေါင်းကြီးငိုက်စိုက်ချပြီး လက်နောက်ပစ်လျှောက်လာနေသူက ကျော်လင်းနှင့်တော့ ဆင်တူ၏။ မျက်နှာကိုမမြင်ရ။

"ဟေ့ကောင် ... ကျော်လင်း။ မြင့်ဦးက ခြောက်လွှတ်လိုက်ပြန်ပြီလား။ လှမ်းအော်လိုက်ရောပေါ့ကွာ။ ငါ ဒီမှာရှိနေတာပဲ"

အဲဒီလူက ဘာမှမပြောဘူး။ အနားရောက်လာတယ်။ ကိုကြည်ကလည်းထိုင်ရာက်ပြီး ညောင်ပင်အောက်ကနေ ထွက်လျှောက်ကာ တာပေါ်တက်လိုက်တယ်။ လရောင်ဖွေးဖွေးနဲ့ ကျော်လင်းမျက်နှာကို ကြည့်လိုက်တော့ ...

"အောင်မလေးဟ ... သ ... သရဲ ... အဲ ... ဟဲ ... ဟဲ ကျော်ကြီး ... မင်းက ငါ့ကို သရဲမျက်နှာဖုံးစွပ်ပြီး ပြန်ခြောက်တယ်ပေါ့။ ခွီးမသား ... ဘယ်ရမလဲ။ ကိုကြည်က ကျော်လင်းလို့ ထင်နေသူရဲ့မျက်နှာက မျက်နှာဖုံးကို အတင်းလိုက်ဆွဲခွာတယ်။ ဘယ်လိုမှကို ဆွဲခွာလို့မရဘူး။

သေချာစိုက်ကြည့်လိုက်တော့ ကိုကြည်လန့်ပြီး အော်လိုက်တာ ကမ္ဘာပျက်သလား အောက်မေ့ရတယ်။ ခုနစ်သံချီဟစ်အော်ပြီး ထွက်ပြေး





သွားတော့တာ။ ကျော်လင်းလို သူလည်း ပြန်ခံရတာပါပဲ။ လူတွေ အတော်များများက ကျော်လင်းခြောက်လိုက်တာလားလို့ မေးကြတယ်။ ကျော်လင်းကတော့ လုံးဝပြန်မဖြေဘူး။ တကယ်သရဲခြောက်တယ်ထင်နေမှ ကိုကြည်ပိုခံစားရမှာကိုး။

တကယ်ပဲ သရဲအစစ် ခြောက်ခံလေသလား။ ကျော်လင်းပဲ သရဲမျက်နှာဖုံးကို သေချာစွာမျက်နှာမှာကပ်ပြီး ခြောက်ခဲ့လေသလားဆိုတာကို ကျော်လင်းပဲ အသိဆုံးဖြစ်လိမ့်မယ်။ တချို့အပြောကတော့ ဖဲဝိုင်းတစ်ခုမှာ ကျော်လင်းအိပ်နေတာ မိုးလင်းပေါက်ပဲ။ အပေါ့တောင် ထသွားတာမတွေ့ဘူး ပြောနေကြပြန်လေသတည်း။

ပြီးပါ

www.burmeseclassic.com



[ ၁ ]

❑

သူတော်တစ်ယောက် မုဆိုးကိုင်းဒူးလေးကိုလွယ်၍ ထွက်လာခဲ့သော ချိန်သည် မိုးပင်စင်စင် မလင်းတတ်သေး။

မိုးရာသီပီပီ နေ့ကာလကပူခဲ့သည့်အရှိန်ကြောင့် ညှိုးရော်နေသော စ်ပင်ချုံနွယ်ပိတ်ပေါင်းမှန်သမျှ ယခုမိုးကာလတွင် မိုးရေကို တစ်ဝ ာက်ချိုးထားကြရသဖြင့် အရာရာတိုင်း စိမ်းစိုလန်းဆန်းလျက်။

မိုးကာလဆိုသော်လည်း သူထွက်လာသည့်အချိန်က ကြည်လင်၍ လေကင်းရှင်းသောအချိန်ဖြစ်ရာ ရွာကိုကျော် ခင်တန်းကိုလွန်ပြီး လူသွား မ်းအတိုင်း သွားနေရင်းက ရိုးမကြီးဘက်ဆီ လှမ်းမျှော်ကြည့်လိုက်ရာ စ်ရိုင်းပင်၊ ချုံနွယ်တောတန်းကြီးတွေထက် မြူတွေဆိုင်းကာ မှိုင်းဝေနေ ၏။

ရွာအထွက်လူသွားလမ်းသည် ဖြောင့်ဖြူးသလို၊ လမ်း၏ ဟိုသည် က်များဆီတွင် 'ထမသိုင်းတော၊ ဝါးကောက်တော၊ ဗီးဖတ်တော၊ ကြွက် ယ်တော၊ ဒေါင့်ဒလောင်တော၊ ကိုင်းတောနှင့် ကြက်ခြမ်းတော၊ ကျူတော ို့ကို ကျော်ဖြတ်ပြီးပါမှ ရိုးမတောကြီးအခြေကို ရောက်ကာ စ[illegible]ဝင် ောက်လှုပ်ရှားရမည်။



www.burmeseclassic.com

www.burmeseclassic.com



လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေသည့် ဝါးရုံတောကိုင်းများ ထက် အတောင်ဖြန့်နေစာလှုံ့ရင်း ကူသံပေးနေသော 'ချိုးကူ' သံများအပြင် ဘုတ်ငှက် (ငှက်ရင်ကြား) ကလေးတို့၏ 'ဒိ' သံများကိုလည်း ကြားနေရ သည်။

ထိုငှက်ကလေးတို့က ရေအတက်အကျအချိန်မျိုးတွင်သာ ယခုလို အီသံပေးတတ်ကြသည်။ သို့အတွက် ရေအတက်အကျနှင့်အတူ မိုးကလည်း ရွာလာတတ်ကြသဖြင့် မဆီမဆိုင် မိုးများစွာ ရွာချလာခဲ့ပါလျှင်ဆိုသည့် အတွေးဆီ ရောက်သွားလိုက်ပြန်သည်။ သို့အတွက် စိတ်ကလည်း ထင့်သွား မိသည်က အမှန်ပင်။

အဘယ့်ကြောင့်ဆိုသော် ယနေ့အဖို့ သူ့တွင် ဘာအကောင်ကို တွေ့မှပစ်မည်ဟူသော ဦးတည်ချက် ရေရေရာရာမရှိ။ ယခင်နေ့များကဆို လျှင် ဘယ်နေရာတွင် ဘယ်သားကောင် ထွက်တတ်သည်။ ဘယ်ချောင်း အတွင်း ဘယ်အချိန် ရေဆင်းသောက်တတ်သည်။

ဘယ်စားပင်အောက် ဘယ်အကောင်အချိန်မှန် ဝင်ရောက်စား သောက်တတ်ကြသည်ကို မှတ်သားကာ သွားရောက်စောင့်ဆိုင်း ပစ်ခတ်ခဲ့ သော်လည်း သူ ယနေ့မနက်ထွက်လာခဲ့သည့် အနေအထားက ယခင် ထွက်ခဲ့သည့် အနေအထားမျိုးမဟုတ်။ မည်သည့်အကောင်ကိုဖြစ်စေ တွေ့ လျှင်ပစ်ခတ်မည်။ မတွေ့လျှင်လည်း တွေ့အောင်လိုက်လံ ရှာဖွေကာ ပစ် ခတ်မည့် ရည်ရွယ်ချက်နှင့် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ယခုတစ်လော မိခင်ကြီးကျန်းမာရေးက ကျန်ခဲ့သည့်အရက် (၂၀) လောက်ကစပြီး ဖောက်ပြန်လာခဲ့သည်။ ပန်းနာ ရင်ကျပ်ရောဂါမို့ ခါတိုင်းလို၊ ဆေးမြီးတိုနှင့်လည်းကောင်း၊ ကွမ်းရွက်ပုံဆေး တို့နှင့် မသက်သာတော့သဖြင့် ရေးရွာကျန်းမာရေးဆရာမ 'နော်ဆဲလား' ကိုပြပြီး ဆေးကုသမှုခံယူပါသော်လည်း မသက်သာခဲ့၊ ချောင်းဆိုးလျှင် သွေး တွေပင်ပါလာပြီမို့ ဆရာမက လှည်းကူးဆေးရုံတင်ကာ ဆေးကုသမှုခံယူရန် အကြံပေးသည့်အတွက် မိခင်ကြီးအားဆေးရုံပို့ကာ ဆေးဝါးကုသမှုကို ခံယူ





လိုသော်လည်း လက်ထဲတွင် ငွေကမရှိ။ အထူးသဖြင့် မိခင်ကြီးအတွက် အာဟာရဖြစ်စေမည့် အစားအစာအတွက်ပင် ငွေကြေးကမရှိ။

သို့အတွက် ယနေ့အဖို့ ဟိုအချိန်ကာလများဆီကလို သည်နေ့ ဘယ်အကောင်ကိုပစ်မည်ဟု ဦးတည်ချက်ထား ပစ်ခတ်ဖို့ဆိုသည့် အခွင့် အရေးကမပေး။ ယုတ်စွအဆုံး ယနေ့အတွက် သားကောင်ရဖို့ဆိုလျှင် 'ငှက် ပွေးထိုး၊ ကိုင်းထောင်၊ ချိုးပစ်၊ ငုံးရိုက်၊ ကြောင်လိုက်၊ ဖားကောက်၊ မြွမ်း၊ ယုန်ထောင်၊ ငါးစမ်း' တို့ကိုပါ လုပ်သင့်တာတွေကို လုပ်မည် တွေးနှင့် ထွက်ခွာလာခဲ့ခြင်းပင်။

သို့မှသာ ရရှိသည့်အကောင်တွေကို ရောင်းပါမှ ငွေရမည်။ ထို အပ်ငွေကိုရရှိပါမှ မိခင်ကြီးအတွက် ဆေးဝါးဝယ်ယူနိုင်မည်ဖြစ်သလို ဆေးရုံကိုပို့နိုင်လျှင်လည်း ပို့ရမည့်အနေအထားမဟုတ်ပါလား။

ယခု သူထွက်လာခဲ့ရသည့်အချိန်တွင်လည်း ကျန်းမာရေးမကောင်း သည့်မိခင်ကြီးအား ရွာထဲမှ ဘဝတူသူငယ်ချင်း မုဆိုးတင်စိုး၏ဇနီး 'တင် ည်မ'ကို ကြည့်ရှုပေးရန်၊ ပြုစုပေးရန်အပ်နှံကာ ထွက်လာခဲ့ရခြင်းပင်။

သူလျှောက်လှမ်းလာခဲ့ရင်း တဖြည်းဖြည်းနှင့် 'ကြက်ခြမ်းတော' ဆီသို့ပင် ရောက်ရှိလာသည်။ ထိုစဉ် အတွေးတို့ကလည်း ရစ်တွေကို ယ်ထိုးကွင်းထောင် သွားလိုက်ရလျှင်၊ ညနေအပြန် မိနိုင်ကောင်းမည် တွေးနှင့် ကြက်ခြမ်းတောကြီးကို လှမ်းကာ ငေးမျှော်ကြည့်နေလိုက်မိ ည်။

ကြက်ခြမ်းပင်ဆိုသည်က သိပ်ကြီးမားသည့် အပင်မျိုးတော့မဟုတ်။ တစ်ရပ်နီးပါးခန့်အပင်၊ 'ငွေပန်းပင်' အရွယ်အစား။ အရွက်ကလည်း ဆင် ယိုးမှား။ အသီးတွေကတော့ အပင်ခြေရင်းအမြစ်တို့ အထက်တွင် အပြွတ် တ် အခိုင်လိုက်သီးကြသည့် နီနီရဲရဲကလေးတွေနှင့် ဗာဒံသီးအရွယ်။

ထိုအသီးကိုခွဲလိုက်လျှင် အတွင်းမှာ အခံကလေးတွေက ဆန်စေ့ လေးများနှယ်စီတန်းကာ အကန့်လိုက်၊ အကန့်လိုက်နှင့် ဖြူဖြူအစေ့ လေးများ။ တောကြက်၊ ရစ်နှင့်ငှက်တို့ အလွန်ကြိုက်နှစ်သက်သည့် အသီး း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် တောကြက်နှင့်ငှက်တို့က မက်လောက်စရာမရှိသော်လည်း ရစ်ဆိုသည့်အကောင်မျိုးက တစ်ကောင်လျှင် တစ်ပိဿာအထက်မှ သုံးပိဿာငါးဆယ်လောက်အကောင်မျိုးထိ ရှိတတ်ကြသည်မို့ မက်လောက်စရာပင်။

သည်ရိုးမကြီးဘက်ဆီတွင် 'ရစ်' ဆိုသည့် အကောင်မျိုးက (၄) မျိုး ရှိသည်ကို သူသိရှိထားသည်မဟုတ်ပါလား။ ထို (၄)မျိုးတို့က (ဖိုင် + ဖွန်း + ဘော+ဦးစွန်းထန်း) ဆိုသည့် အမျိုးများပင်။

အဘယ်ကြောင့် 'ရစ်'များနှင့် ပတ်သက်ပြီး ထိုကဲ့သို့ အမျိုးအမည် ခွဲခြားထားသည်ကိုတော့ သူမသိ။ သူသိသည်က ခေါင်းမှ အမောက်အကြီး အသေး၊ ခြေထောက်အတက် အကြီးအသေးကိုလိုက်၍ ခွဲခြားသတ်မှတ် ခေါ်ဝေါ်ကြဟန်ထင့်။

အဘယ့်ကြောင့်ဆိုသော် ထို (၄) မျိုးတွင် သုံးပိဿာကျော်သည့် (ဖိုင်)ဆိုသည့် ရစ်တစ်ကောင်၏ ဦးစွန်း(အမောက်)နှင့် အတက်မှာ ကြီးမား သည်ကို တွေ့မြင်ရသလို၊ အငယ်ဆုံးအမျိုးအစားဖြစ်သည့် (ဦးစွန်းတန်း) ဆိုသည့်အကောင်တို့၏ (အမောက်နှင့်အတက်) တို့မှာ ယောင်ယောင်ကလေး တွေသာ ရှိကြ၏။ ကျန်(၂)မျိုးကလည်း ကြီးစဉ်ငယ်လိုက်ပင်။ သို့အတွက် အကောင်ကြီးလျှင် (အမောက်နှင့်အတက်) ကြီးသလို အကောင်သေးလျှင် အဆင့်ဆင့်သေးလိုက်လာသည်ကို သတိပြုမိခြင်းအတွက်ပင်။

ကြက်ခြမ်းတောရှိရာဆီသို့ သူသွားနေသည့်လမ်းသည် သစ်ပင် ကြီးများ ခပ်ကျဲကျဲပေါက်နေသည့် ဆင်ခြေလျှောလမ်းအဆုံး ခပ်ပြေပြေ ခပ်နိမ့်နိမ့် တောင်ပူစာကလေးဘက်ဆီ ရောက်လာသည်။ ထိုနေရာ၏ ဟိုမှာ ဘက်ဆီတွင် ကြက်ခြမ်းတောအတွင်း ချုံငယ်ပင်နှင့် မြက်ရိုင်းပင်တို့ပါ ရော ထွေးလျက်ရှိပြီး ကုန်းထိပ်တွင် မြရာပင်ကြီးတစ်ပင်က ထီးထီးမားမား။

အများဆုံးပေါက်နေကြသည့် အပင်တို့က ကြက်ခြမ်းပင်များချည်း သာမို့ ထိုအမည်တွင်ခြင်းပင်၊ မြင်ကွင်းက တမျှော်တခေါ်။ တော၏ဟိုမှာ ဘက်အစွန်းတွင် သိပ်သည်းထူထပ်စွာ ပေါက်နေသော ဝါးရုံတောကြီးအကြား လျှိုတစ်ခုကိုလည်း လှမ်းတွေ့မြင်လိုက်၏။ ထိုစဉ် ...





"ဟုကီကီ ... ဟုကီကီ ... ဟုကီကီ ..."

ရစ်ကောင်တွေ တထိတ်တလန့် အော်မြည်တောတိုး ပြေးလွှားသံများကို ကြားလိုက်ရသည်။ သူ့အနံ့အသက်ကို ရ၍လား၊ လူကိုမြင်တွေ့သွား၍လားဟု အထင်ရှိနေစဉ် ...

"ဝေါက် ... ဝေါက် ... ဝေါက် ..."

ရစ်ဆိုသည့်အကောင်မျိုးက ယခုလို တထိတ်တလန့်ရှိသည့်အခါ ပျံသန်းပြေးထွက်ကြသည့် အမျိုးမဟုတ်။ ဥဒေါင်းများကဲ့သို့ တောတိုးကာ ခွတ်ရာကိုပြေးကြသည့် အမျိုးဆိုသည်ကို သူသိသည်။ ယခုလည်း တထိတ် တလန့်နှင့် အော်မြည်ကာ တောတိုးပြေးထွက်သွားကြသည့် နေရာဆီကို ကြည့်ကြည့်နေစဉ် ထိုနေရာဆီမှ ချေ (ဂျီ) ဟောက်သံကို ထပ်ဆင့်ကြား လိုက်ရသည်။ နေရာတွင် မုဆိုးဒူးထောက်ထိုင်ချလိုက်ရင်း လေးညို့ကိုဆွဲ တင်ကာ မြားတံတပ်လိုက်ပြီး အသံကြားရာကို ရှာဖွေကြည့်ရှုနေလိုက် သည်။

ကြက်ခြမ်းပင်ဆိုသည်က ခပ်နိမ့်နိမ့်အပင်မျိုး။ သို့အတွက် တော သည်လည်း ခပ်နိမ့်နိမ့်။ ချေဟောက်သံကို ခပ်နီးနီးဆီမှ အတိုင်းသား ဆက် တိုက်ဆက်ကာ ကြားနေရသော်လည်း အကောင်ကိုရှာလို့က မတွေ့။ သို့ အတွက် ခြေသံကိုလုံအောင်နင်းပြီး ရှေ့ဘက်ဆီကို တိုးကပ်ကြည့်လိုက်ပြန် သည်။

အသံကိုသာ အဆက်မပြတ်ကြားနေရသော်လည်း အကောင်ကို ရှာမတွေ့သည်က ဆန်းနေသည်။ သူ့ကိုယ်သူလည်း မကျေနပ်။ အမြင် မှား မှားလေရော့သလားအထင်နှင့် မျက်စိအစုံကို လက်ခုံနှင့် ပွတ်သပ် ကြည့်သော်လည်း ရှာလို့ကမတွေ့။

သို့အတွက် စဉ်းစားနေလိုက်မိသည်က ချေ (ဂျီ)ဆိုသည့်အကောင် သည် ပိဿာချိန်(၁၀)လောက်ရှိကြပြီး အိမ်မွေးဆိတ်တစ်ကောင်လောက် ကြီးသည်။ အရပ်ကလည်း ဒူးဆစ်သာသာအမြင့်၊ အရောင်ကလည်း ညိုတိုတဲ၊ မြင်နိုင်စရာ အကြောင်းကမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ယခုဖြစ်နေသည်က အနီးကပ်ဟောက်သံကို အတိုင်းသားကြား
ရပြီး အကောင်ရှာမတွေ့သည့်အဖြစ်က ရှိမှရှိပါရဲ့လား။ စောစောစီးစီး ထေ
ခြောက်၊ တောမှောက်များ ခံနေရပြီလားအထင်နှင့် ထပ်မံရှာဖွေကြည့်ရှ
လိုက်မိပြန်သည်။

အမြင်ကလည်း မဝေဝါး။ ကြည်လင်ပြတ်သားနေသည်။ စိတ်တွင်
က မကျေမနပ်နှင့် ချေ (ဂျီ) ဟောက်သံ ထပ်မံတိုးကပ်လာခဲ့ရာ အသံကြ
နေရာဆီနှင့် ဝါးတစ်ရိုက်ခန့်ဆီထိ ရောက်နေသော်လည်း အကောင်ကို မတွေ့
မြင်ရသေး။ သို့အတွက် အပင်အောက်ဘက်များဆီသို့ အကြည့်ကိုလွှဲပြော
လိုက်သည်။ ထိုစဉ် သူတွေ့လိုက်ရသည့် မြင်ကွင်းကြောင့် တအံ့တသြ
ဖြစ်သွားမိသည်ကအမှန်ပင်။

နီနီရဲရဲကလေး၊ ဖြူနုံနုံအမြီးတိုကလေးကို လှုပ်ကာလှုပ်ကာ လှ
ပြီး အစာကိုစားနေသည့် အကောင်ကလေးက ချေတော့ချေပင်။ အသံ
လည်း ချေဟောက်သံ၊ ပုံစံကလည်း ချေတစ်ကောင်ပုံစံ။ သို့သော် သူတွေ့
ထင်ထားသည့်အချိန် (၁၀)လောက်ရှိသည့် ချေကောင်မျိုးမဟုတ်။

လယ်ကြွက်နီးပါးလောက်သာရှိသည့် အကောင်ကလေး။ သို့သေ
ခြေနှင့်လက်တို့ကတော့ လယ်ကြွက်တို့ထက် ပိုရှည်သည်။ ကြွက်တွေ
ခပ်နိမ့်နိမ့်မဟုတ်။ ဘုရားစူး ကျမ်းကျိန်ပြောရမည်ဆိုလျှင် ချေတစ်ကော
မှ ချေတစ်ကောင်အစစ်၊ သေးသေးလေးရယ်မို့သာ။

သို့ဆိုပါလျှင် ဂျီပေါက်ကလေးတစ်ကောင် မဖြစ်နိုင်ဘူးလား
မေးစရာတော့ရှိသည်။ မွေးကင်းစချေပေါက်သည် အိမ်မွေးကြောင်ထက်
ပိုကြီးသည်။ သွားလျှင်လည်း ယိုင်နဲ့နဲ့။ ယခု သူတွေ့နေရသည့်ချေ (
ကလေးက ရင့်ရော်သန်မာသည့်အသွင်ပုံစံ။

"ဘုရား ... ဘုရား ... ဘယ်လို ချေမျိုးလေးနဲ့ လာတွေ့နေရ
လိမ့်နော်"

စိတ်တွင်းက ဘုရားတလိုက်ရင်း ထိုအကောင်လေးကို ပစ်ခတ်ရ
ချိန်ရွယ်လိုက်သည့်မှ ပစ်ခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေးသည်။

"ဒေါင် ..."





လေးညို့ကိုဆွဲဖြုတ်လိုက်သံနှင့်အတူ မြားတံက ပြေးထွက်သွား
သည်။ သို့သော် အကောင်ကလေးကိုတော့မဟုတ်။ သူ့ဘေးမှ ကြက်ခြမ်း
ပင်စည်လုံးကိုဖောက်ပြီး မြေပြင်တွင်းကို စိုက်ဝင်သွားသည်။

ချေ (ဂျီ)ကောင်လေးမှာ မြားတံစိုက်ဝင်လာသည်ကို တအံ့တသြ
ခေါင်းငဲ့ကြည့်လိုက်ရင်း ပြေးထွက်သွားပေသည်။ အကောင်သာသေးသော်
လည်း မြန်လွန်းလှသည်။ ရိပ်ခနဲ ဘယ်ရောက်ကာ ပျောက်သွားလိုက်မှန်း
ပင်မသိ။

မြားတံကို ပြန်လည်ကောက်ယူလိုက်ပြီး 'ကြက်ခြမ်းတောကြီး'
အတွင်း မိနိုင်လောက်သော နေရာများတွင် (လယ်တိုးကွင်း)များကို လိုက်လံ
ထောင်လိုက်ပေသည်။

(၁၅)ခုမြောက်ထောင်လို့အပြီး သူ့ဖခင်မုဆိုးကြီး မသေဆုံးမီက
ပြောကြားသွားဖူးသည့်စကားကို အမှတ်ရလိုက်သည်က ...

'လူလေးမှတ်ထားကွ၊ တောတောင်တွေထဲမှာ (ချေလျောင်) ဆိုတဲ့
အကောင်မျိုးတွေ ရှိကြတယ်ကွ။ အကောင်က လယ်ကြွက်လောက်ပဲ ရှိကြ
တယ်။ ခြေတံကတော့ ကြွက်ထက် ပိုရှည်တယ်။ အသံကတော့ ငါတို့ကြား
နေရတဲ့ ချေဟောက်သံအတိုင်းပဲ။ မင်းအမေလို ခပ်ကျယ်ကျယ်ပဲပေါ့ကွာ။
အဲဒီကောင်မျိုးကိုတွေ့ရင် သွားမပစ်နဲ့ ကြားလား"

"လယ်ကြွက်လောက်ရှိတဲ့ချေမျိုး ရှိသေးတယ် ... ဟုတ်လား ..
အဖေ။ ဆန်းလိုက်တာနော်။ သူ့ကိုတွေ့ရင် ဘာကြောင့်မပစ်ရမှာလဲ ...
တင် ... အဖေ"

"အေး ... ပစ်ရင်လည်း ဘယ်တော့မှ မထိဘူးကွ။ သူ့မှာ တန်ခိုး
ရှိတယ်ဆိုပဲ။ ပစ်ရင်လွဲတဲ့ တန်ခိုးမျိုးပေါ့။ မြားကုန်တာပေါ့"

"ဒါဆိုရင် သေနတ်နဲ့ဆိုရင်ကောဟင်"

"ဘာနဲ့ပဲပစ်ပစ် သူ့ကို လုံးဝမထိဘူးကွ။ အဲဒီအကောင်လေးရဲ့
အသားက ဆေးဖက်ဝင်တယ်လို့လည်း ပြောသံကြားဖူးတယ်"

"ဟုတ်လား ... အဖေ။ ဘယ်လိုဆေးဘက်ဝင်တာမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဝင်တယ်တော့ ငါလည်းမသိဘူး။ ရောဂါရှိရင်ပျောက်တယ်လို့ ဗိန္ဒောဆရာကြီးကပြောပြီး ငါ့ကိုအရှာခိုင်းထားတယ်။ ရရင် ရွှေပိုပေးမယ်ဆိုပဲ"

"ဒါဆို သေနတ်နဲ့တောင် ပစ်လို့မရတဲ့အကောင်ကို ဘယ်လိုလုပ်ရင်ရမှာလဲ"

"ထောင်ချောက်တို့၊ သုတ်ကိုင်းတို့နဲ့ပေါ့ကွာ"

အဖေ ပြောပြသည့်စကားကို ပြန်လည်ကြားယောင်လိုက်မိသည်။ ထိုအကောင်ကလေးကို ရလိုရငြား၊ ချေလှောင်ကလေး၏ ခြေရာခြေကြောင်းဝင်းလမ်းထွက်လမ်းကိုရှာလျက် သုတ်ကိုင်းအငယ်ကလေးကို ကြိမ်နီကြိုးဖြင့် ထောင်ခဲ့ကာ ရွှေခရီးဆီသို့ ထွက်ခဲ့ပေသည်။

သူလျှောက်လှမ်းခဲ့နေရင်း အမေ၏ ပန်းနာရင်ကျပ်ရောဂါအတွက် 'ပွေး'ဆိုသည့်အကောင်နှင့် လျော်ကန်သင့်မြတ်မည်ဟုလည်း တွေးနေလိုက်မိသည်။ ပွေးဆိုသည့်အကောင်မျိုး၏အသားကို ယခုလို အချိန်ချက်ကျွေးလိုက်ရလျှင် ကောင်းမည်လားဟူသည်ကိုလည်း တွေးလိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် 'ပွေး'ဆိုသည့် အကောင်တွေက တွင်းထဲတွင် နေထိုင်ပေါက်ပွားကြပြီး ဆေးဘက်ဝင်သစ်မြစ်၊ သစ်ဥသစ်ဖုတို့ကိုသာ စားကြသည်၊ သစ်မြစ်သစ်ဥ (၁၀၀၀)ကို စားပြီးလျှင် 'မျောက်လေမွှေ' ဖြစ်သည်ကို သူငယ်ချင်းမှဆိုးတင်စိုးပြောသဖြင့် သူသိထားသည်။ သို့သော် ဘယ်လိုအရောအနှောနှင့် ဖော်စပ်ကျွေးရမည်ကိုတော့ သူမသိ၊ သို့အတွက် အမေ့ရောဂါ ပျောက်လိုပျောက်ငြား ရှာပေးရလျှင် ကောင်းမည်လားဟုလည်း တွေးနေလိုက်မိသည်။

ယခုလို မိုးတွင်းကာလအချိန်မျိုးတွင် အထိုက်အလျောက် ရှာဖွေလို့ လွယ်သည့်အချိန်မျိုး။ အဘယ့်ကြောင့်ဆိုသော် သူတို့တွင်းကို မိုးရေဝင်မည်စိုးသည့်အတွက် ကုန်းမြင့်ရာဆီသို့ အသိုက်ပြောင်းကြသည့်အတွက် ထပ်မံတူးထားသည့် ကျစ်စာမြေအသစ်ကိုရှာဖွေကာ တူးဖော်ယူခြင်းရယ်သာ။ ပွေးတွင်းကိုတူးကာ ပွေးရှာသည့်အလုပ်သည် လွယ်ကူသည်မဟုတ်





သော်လည်း သူ့လိုမုဆိုးတစ်ယောက်အတွက် ဆရာဖြစ်သူက သင်ကြားပေးထား၍ သိပ်မခက်ခဲလှပေ။

ရွှေကို ဆက်လက်လျှောက်လှမ်းနေရင်း သူတို့သားအမိအခြေအနေကို ပြန်လည်တွေးတောနေလိုက်မိသည်။ ဝေးဝေးဆီကိုတော့ မဟုတ်။ နောက်ပေါင်း (၂၀) လောက်အတွင်းဆီသို့ပင်။ ယနေ့မနက်ပိုင်းတွင်ပင် ...

"အမေ ... နိုးပြီလား။ မျက်နှာသစ်ဖို့ ကျွန်တော် ရေခပ်ထားတယ်။ ဘုရားဆွမ်းတော်ကပ်ဖို့လည်း ထမင်းကျက်နေပြီ"

မိခင်အိုကြီး မျက်နှာသစ်နေချိန်၊ ဘုရားဝေယျာဝစ္စကိစ္စတို့ကို မိခင်ကြီးကိုယ်စား 'သူတော်' က ပြင်ဆင်လိုက်၏။ ဦးစွာ ဆွမ်းတော်ခွက်ကိုယူ၍ ဆေးကြောကာ ထမင်းပူပူကိုခပ်ပြီး ဆွမ်းဟင်းခွက်နှင့် အသင့်ပြင်ဆင်ပေးထား၏။

သောက်တော်ရေခွက်ကိုလည်း အသစ်လဲလှယ် ဖြည့်ထား၏။ စဥ့်ညောင်ရေအိုးဖြင့် ပူဇော်ထားသော တောပန်းတို့ကိုလည်း ရေလဲကာ အသင့်ပြင်ဆင်ပေးထား၏။ မိခင်ကြီးမျက်နှာသစ်ပြီးချိန် ဘုရားကို ကပ်လှူပူဇော်ရုံပင်။

အမေ ဘုရားကို ဝတ်ပြုပြီးချိန်တွင်လည်း အဆာပြေစိုက်ဖြည့်ဖို့ကိုလည်း ပြင်ဆင်ပေးထားပြီးနောက် ဆေးသောက်ဖို့အတွက် အဖန်ရည်ကိုလည်း အသင့်ထားပေးပြီမို့ ထွက်တော့မည့်အလုပ် အမေက ...

"အေး ... အေး ... သွားစရာရှိတာ သွားပေါ့လူလေး။ အမေ့အတွက် ရပါပြီကွယ်။ အဟွတ် ... အဟွတ် ... အဟွတ်"

အမေကပြောလိုက်ရင်း သူ့ချောင်းဆိုးကမရပ်တော့။ ပြန်လည်လှည့်ကြည့်မနေတော့။ ယနေ့ အမေ့ဆေးဖိုးရရန်အတွက် သားကောင်ရလျှင် ဆေးဝယ်နိုင်ဖို့ ဆေးရုံတင်နိုင်ဖို့အရေးသာ တွေးပြီး ဒူးလေးနှင့် မြားကျည်တောက်ကိုယူကာ လျှောက်လှမ်းနေရင်း ညပိုင်းက အမေပြောလိုက်သည့်စကားကို ပြန်လည်ကြားယောင်နေမိပြန်သည်။ အမေ့စကားတို့က ...

"အမေ့ရောဂါအတွက်ဆိုရင်တော့ သားလေးအသက်နဲ့ရင်းပြီး ခွန့်စွန့်စားစားအလုပ်တွေကို မလုပ်ပါနဲ့ သားရယ်။ မင်းမှာလည်း ကိုယ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပိုက်ဆံ ကိုယ်သုံးရတယ်ကိုမရှိဘူး။ အမေ့အတွက်ချည်းပဲ ကုန်နေတာ။ အမေ အသက်လည်း ကြီးပါပြီကွယ်။ မင်းလည်း ပင်ပန်းလွန်းလှပါပြီ”

အမေ့စကားတွေကို ဘယ်လိုမှ ပြန်မဖြေလိုက်မိ။ သို့သော် ရင်ထဲကတော့ ...

“ဩော် ...အမေရယ်။ ပြေးကြည့်မှ ဒီသားအမိနှစ်ယောက်ပဲရှိတာ။ ကျွန်တော့်အတွက် ဘာမှပူမနေနဲ့။ အမေ့ကျန်းမာရေးအတွက်သာ ကျွန်တော် စိုးရိမ်တာပါ။ အမေ့ကို ခုလိုပြုစုနေရတာကိုပဲ ကျေနပ်လှပါပြီ အမေရယ်”

သူ့ရင်တွင်းက ယခုလို ပြန်ပြောနေလိုက်မိသည်က အမှန်။ သူ့စိတ်တွင်းက ထိုကဲ့သို့ ပြန်ပြောနေသည်ကို အမေသိနေသယောင်မို့ ကျေနပ်စိတ်နှင့်အတူ ဘုရားကိုဦးချကာ တိုးတိုးပင် ဆုတောင်းနေလိုက်သံကို ကြားလိုက်ရသည်။

သူတော်တစ်ယောက် သူတို့မိသားစုအခြေအနေကို ပြန်လည်တွေးတောလိုက်ရင်း ယနေ့အတွက် အမေ့အတွက် ဆေးဖိုးဝါးခရအောင် ရှာဖွေရန် အားအပြည့်နှင့် လျှောက်လှမ်းနေလိုက်စဉ် သစ်ရိုင်းတောကြီးအတွင်းဆီမှ မျောက်အုပ်တို့အော်ဟစ်သံများကို ကြားလိုက်ရပေသည်။

တကယ်တော့ ‘သူတော်’ ဘဝက လေ့လော်တုန်း တက်ကျိုးရသည့်နှယ်။ သူငယ်စဉ် (၁၂) နှစ်သားခန့်တွင် ဖခင်ဖြစ်သူ သစ်ခုတ်သမား မုဆိုးကြီး ‘ဦးကျော်ဝင်း’၊ အဖွဲ့သားတွေနှင့် သစ်ပင်လှဲရန်တောသို့အဝင် တောဆင်ရိုင်းအုပ်နှင့် ထိပ်တိုက်တိုးသဖြင့် ဦးတည်ရာ ပြေးကြသော်လည်း သူ့နောက်ကို တောဆင်ရိုင်းသုံးကောင်က စွပ်လိုက်၏။ သစ်ပင်ကြီးထက်ဆီသို့ တက်ရောက်ပုန်းအောင်းနေသော်လည်း တောဆင်တွေက သူတက်ရောက်နေသည့်အပင်ကြီးအား ဦးကင်းနှင့် အကြိမ်ကြိမ် ပြေးဆောင့်ခါချခြင်းခံရကာ ခြေလွတ်လက်လွတ် မြေပြင်ထက် ပြုတ်အကျ ဝိုင်းဝန်းနင်းချေသတ်ဖြတ်ခြင်းကို ခံလိုက်ရပြီး ဆုံးပါးသွားခဲ့ရ၏။

သို့အတွက် ‘သူတော်’ တစ်ယောက် ပန်းနာရင်ကျပ် စွဲကပ်နေသည့် မိခင်ကြီးနှင့်အတူ ဘဝကိုဖြစ်သလို ရုန်းကန်ခဲ့ရ၏။ ချို့တဲ့သည့် ဘဝ





ပေးအခြေအနေကြောင့် ငယ်စဉ်ကပင် ထင်းခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ် အလုပ်ကို ကြုံရာကျပန်းလုပ်ရင်း မိသားစုနှစ်ဦး ဘဝကြမ်းကြီးကို လျှောက်လှမ်းခဲ့ရသည်။

ယခုအချိန် သူတော်အသက် (၂၆) နှစ်တိုင်တိုင်သို့ ရောက်နေခဲ့ပေပြီ။ မုဆိုးမမိခင် လူမမာကြီးနှင့် သူတို့ကို မလောက်မငှ ပေးကျွေးနေသော ရိုးမကြီးတစ်ခွင်လုံးကိုလည်း ‘သူတော်’ တစ်ယောက် ကျင်လည်နေပြီဖြစ်သည်။ ထိုသို့ ကျင်လည်နှံ့စပ်အောင်လည်း အဖေ့သူငယ်ချင်း ကျေးဇူးရှင် မုဆိုးကြီး ‘ဦးထက်ခေါင်’ ၏ သင်ကြားပြသလမ်းညွှန်ပေးမှု ကျေးဇူးတွေကြောင့်ဖြစ်သည်။

ဆရာဖြစ်သူ မုဆိုးကြီး ‘ဦးထက်ခေါင်’ က မိခင်အိုရောဂါသည်ကြီးကို ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်နေသော သူ့ကို ကရုဏာသက်ကာ သူ တတ်သိနားလည်ထားသည့် မုဆိုးပညာရပ်တို့ကို လက်ထပ်သင်ကြားပြသပေးထားခဲ့၏။ သူကလည်း ငွေကြေးနွမ်းပါးပြီး ပညာအခြေခံမဲ့သော်လည်း အရာရာကို စူးစမ်းဆင်ခြင်တတ်သောဉာဉ်ကြောင့် ဆရာဖြစ်သူ၏ မုဆိုးပညာရပ်တို့ကို အကုန်ရလိုက်၏။

မုဆိုးပညာရပ်ကို အကုန်ရလိုက်သည်ဆိုသော်လည်း သူ့ဘဝကို မုဆိုးတစ်ယောက်အဖြစ် မခံယူခဲ့။ တစ်ချိန်ချိန် ထိုဘဝမှရုန်းထွက်နိုင်ဖို့ ရည်ရွယ်ချက်ရှိသော်လည်း လက်ရှိအခြေအနေနှင့် သူတို့မိသားစု ဘဝပေးက ရုန်းထွက်လွတ်မြောက်နိုင်ရေးမှာ ခပ်ခက်ခက်။ ထိုကြားထဲ မိခင်ကြီး၏ကျန်းမာရေးက ယခုအချိန် ပိုဆိုးလာသည်။ ဖခင်ကြီး ရှိစဉ်ကတည်းက စွဲကပ်နေသော ပန်းနာရင်ကျပ်ရောဂါက ယနေ့ထိတိုင် မပျောက်နိုင်သေး။ ယခုအချိန် ပိုဆိုးကာ ဒုက္ခပင်ပေးနေပြန်သေးသည်။

ယခုရက်ပိုင်းတွင် မိခင်ကြီးရောဂါသည် သောက်နေကျဆေးတို့ကို မရပ်တန့်စေသည့်အပြင် သွေးများပင် ပါလာခဲ့ပေပြီ။ သို့အတွက် ကျန်းမာရေးဆရာမကိုပြကာ ဆေးကုသမှုခံယူသော်လည်း မသက်သာသဖြင့် ကျွမ်းကျင်သည့် ဆရာဝန်ကြီးများရှိသည့် လှည်းကူးဆေးရုံသို့ တက်ရောက်ကာ ဆေးဝါးကုသမှုကိုခံယူရန် အကြံပြုလာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်ရောက်ပြီး မိခင်ကြီး ဆေးကုသမှုခံလိုက်လျှင် ကောင်းသွားမည်မှန်းသိသော်လည်း သူတို့သားအမိတွင် လုံလောက်သော ငွေကြေးကမရှိ။ ယုတ်စွအဆုံး အာဟာရဖြစ်မည့်အစာကိုပင် ဝယ်စားစရာ ပိုက်ဆံကမရှိ။ သူငယ်ချင်းတွေကလည်း ကိုယ့်လိုဆင်းရဲကြသဖြင့် မပံ့ပိုးနိုင်။ သူတော် လက်မှိုင်ချနေရသည့်အဖြစ်။

သို့အတွက် သားကောင်ကို ရှာဖွေပစ်ခတ်ပြီး ရောင်းချလို့ငွေရပါမှ သူနှင့်မိခင်ကြီး၏ စားသောက်ရန်အရေးကို ပြေလည်အောင် ဖြေရှင်းနိုင်သော်လည်း မိခင်ကြီးရောဂါက ဖောက်လာ၍ ဆေးဝါးမှီဝဲရန် အချိန်ကို ရောက်လာလျှင် သူတော်တစ်ယောက် ခေါင်းခြောက်ရသည်။

ယခုအချိန်တွင် အမေ့ရောဂါအတွက် ခေါင်းခြောက်ရရုံသာမက မထင်မှတ်ဘဲ အသက်ပါသွားနိုင်သည့်အဖြစ်မျိုးမို့ အနိမ့်ဆုံးအဆင့် ယနေ့ သူမှန်းထားသလိုမရရှိသည့်တိုင် ရရှိသည့်အကောင်ကို ရောင်းချလို့ ရသလောက်ငွေကို 'မင်းကုန်းဈေး'သို့ပြေးကာ အမေ့အတွက် ဆေးစပ်ရပေမည်ဟုတွေးကာ လျှောက်လှမ်းလာခဲ့ပေသည်။

✿ ✿ ✿

[ ၂ ]

❑

"ဟော ... သူတော်လေး၊ စောစောစီးစီး တောထဲဝင်မလို့လား ဟေ့"

တောထဲသို့ဝင်ပြီး ဝါးတွေခုတ်ကာ ပြန်လာကြသည့် လှည်း(၅) စီး အနက် ရှေ့ဆုံးမှ ဦးဆောင်လာသည့် 'ဦးလေးအောင်မြတ်'က လှည်းကို ရပ်ကာ လှမ်းမေးလိုက်သည်မို့ သူတော်က ...

"ဟုတ်ကဲ့ ... ဦးလေးမြတ်။ နောက်လှည်းတွေက ဘယ်သူလဲ။ ဘယ်နေ့က တောဝင်ကြတာလဲ"

"ငါးစီးကွ၊ တစ်မြန်နေ့က တောထဲဝင်တာ၊ နေမရင့်ခင် စောစော ထွက်ခဲ့ကြတာ။ နောက်လှည်းတွေက ငပိုက်၊ မင်းညွန့်၊ စိုးဘိုနဲ့ မြင့်မားတို့ လေ။ ဒါနဲ့ မင်းကို ငါမှာရဦးမယ်။ ဖြူတစ်ကောင် လိုချင်တယ်ကွာ ဆေးဖော်ဖို့လေ။ သူများပေးတဲ့ဈေးထက် ပိုပေးပါ့မယ်။ ဘယ်အချိန်ရရ ဆွဲခဲ့နော်"

"တစ်ကောင်ပဲလား ... ဦးလေးမြတ်"

"ဘယ်နှစ်ကောင်ရရကွာ၊ ရတဲ့အချိန်သာ ငါ့ဆီယူခဲ့ ကြားလား။ မင်းအမေကျန်းမာရေးကော ဘယ်လိုလဲ၊ မင်း ကြိုတင်ငွေလိုချင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အပြန် ငါ့ဆီဝင်ခဲ့ကွာ။ နေမပူခင် နွားတွေခံနိုင်တုန်း ရွာအရောက်သွားရမှာကွ။ သွားမယ် ...။ ငါမှာတာ မမေ့နဲ့နော်”

ပြောပြောဆိုဆို ‘ဦးအောင်မြတ်’ လှည်းမောင်းထွက်သွားသည်။ နောက်မှလိုက်လာကြသည့် လှည်းသမားတို့ကလည်း သူ့ကိုနှုတ်ဆက်ကာ တအီအီမောင်းရင်း ရွာဘက်သို့ဦးတည်ကာ သွားနေသည်ကိုကြည့်ရင်း သူဝမ်းသာနေမိသည်ကအမှန်။ အဘယ့်ကြောင့်ဆိုသော် ဦးလေးမြတ်ထံမှ လိုအပ်နေသည့်ငွေကို ကြိုယူရန် မှာလိုက်သည့်အတွက်ကြောင့်ပင်။ သူလည်း ဦးတည်ရာဆီသို့ ဆက်လက်လျှောက်လှမ်းလိုက်ပေသည်။

သွားရင်းလာရင်း ‘ဦးလေးမြတ်’နှင့်တွေ့ပြီး ဖြူကောင်ကို ယူမည်။ အခြားသူတွေထက်လည်း ဈေးပိုပေးမည်။ ကြိုတင်ငွေယူလိုကလည်း ညနေလာယူရန် မှာကြားသွားသည့်အတွက် သူဝမ်းသာနေသည်။ တကယ်တော့ သူက ဖြူလိုအကောင်တွေအကြောင်းကို သိရှိထားသည်ဖြစ်ပြီး ဆရာဖြစ်သူ ကျေးရှူးရှင်မုဆိုးကြီးက သင်ပြထားပေးခဲ့သည် မဟုတ်ပါလား။

သူလျှောက်လှမ်းလို့လာခဲ့ရင်း တစ်နေရာဆီကိုရောက်တော့ တွေ့မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် ရပ်တန့်ကာ ထိုအရာကို အသေအချာ လိုက်လံရှာစိုက်ပြီး လှည့်ပတ်ကာ ကြည့်နေလိုက်မိသည်။ ဟုတ်များကော ဟုတ်ရဲ့လားဆိုသည့်အတွေးတို့ဖြင့်။ အဘယ့်ကြောင့်ဆိုသော် မြင်တွေ့လိုက်ရသည့် ‘ခတ်အုန်းပင်ကြီး’ထက်၊ နီညိုရောင်အဆင်းရှိသော အောက်ဘက်ရှိ ‘ခတ်အုန်းသီး’သုံးလုံး၏ အညှာရင်းတို့တွင် ဖြူဆွးတစ်ချောင်းစီ စိုက်ဝင်နေသည့်မြင်ကွင်းကြောင့်ဖြစ်ပေသည်။

ထိုမြင်ကွင်းကြောင့် သူ့စိတ်တို့ကလည်း တအံ့တသြဖြစ်သွားမိသည်။

ခတ်အုံးပင်ဆိုသည်က ပါချိုပါချဲအပင်မျိုးလို ခပ်သေးသေးအပင်မျိုးမဟုတ်။ ပင်စည်လုံးကပင် လူကြီးနှစ်ဖက်စာလောက်ရှိသည့် အပင်ကြီးမျိုး။ အုံ့အုံ့ဆိုင်းဆိုင်းနှင့် ရာသီကာလတိုင်းဝေစည်နေသည့် အပင်မာ၊ အခက်မာ၊ အရွက်မာ၊ အသီးမာသည့်အပင်မျိုး။ အမြင့်ကလည်း မနိမ့်လှ။ အောက်ဆုံး





အကိုင်းသည်ပင် မြေပြင်ထက် ဝါးတစ်ရိုက်သာသာ (ပေ-၃၀)ခန့် အလှမ်းကွာဝေးသည်။

အောက်ဘက်တွင်ရှိသည့် အကိုင်း၊ အရွက်၊ အသီးများကို တောဆင်ရိုင်းများက နှာမောင်းနှင့်လှမ်းဆွဲကာ ချိုးယူစားသောက်တတ်ကြသဖြင့် ‘ဆင်တစ်လွှတ်’ အပင်ကြီးမျိုး။ အောက်ဆုံးကိုင်းတွင် သီးနေသည့် ခတ်အုံးသီးသုံးလုံးက သိပ်မနိမ့်လှ။

မြေပြင်ထက်မှဆိုလျှင် ဆင်တစ်လွှတ် (ဝါးတစ်ရိုက်စာသာသာခန့်) ထိုအမြင့်လောက်ရှိသော အောက်ဆုံးကိုင်းတွင်သီးနေသော ရင့်မှည့်စပြုနေသည့်အသီး (၃)လုံးစလုံး၏ အညှာရင်းတွင် ဖြူဆူးတစ်ချောင်းစီ စိုက်ဝင်နေသည့်မြင်ကွင်းက သူ့အတွက် ဆန်းနေသည့် မြင်ကွင်းဖြစ်နေသည့်အတွက်ပင်။

တစ်ဆက်တည်း သူ့အတွေးတွင် ‘ဖြူ’ ဆိုသည့်အကောင်မျိုးက အမြီးပိုင်းဖြစ်သည့် သူ၏နောက်ပိုင်းတွင် ဆူးတောင်များနောက် ပြန်ထွက်နေသည့် အကောင်မျိုး။ သူ့ဆူးအရှည်က (၁၀ လက်မ) ခန့်ထိ ရှည်ကြသည်။ အကောင်ကြီးလာလျှင် ဆူးတွေက ရင့်လာသည်မို့ အညိုအမဲများအသွင်။ ရန်သူကိုတွေ့လျှင် နောက်ကျောပေးပြီး သူ့ဆူးတောင်တွေကိုထောင်ကာ ပစ်လွှတ်တိုက်ခိုက်တတ်လေ့ရှိသည်။

သူတို့သဘာဝအရ စားသောက်ကြသည့် အသီးအရွက်နှင့် အသားအချို့တွေကို ရှာဖွေစားသောက်တတ်ကြသည်။ အထူးသဖြင့် ပြောင်း၊ မုန်လာ၊ ကန်စွန်းတို့ကို နှစ်သက်သည့်အပြင် သစ်မြစ်သစ်ဥတွေကိုလည်း ရှာဖွေစားသောက်ကြသည်။ နေ့မထွက်။ ညဘက်တွင် ထွက်ကြသည်ဆိုသော်လည်း လူသူကင်းဝေးသည့်နေရာများတွင် နေ့ဘက်တွင်လည်း အစာရှာထွက်ကြသည်။

ရေကူးကျွမ်းကျင်ပြီး မြေတွင်းအောင်းကာ ကလိုင်အတွင်း နေထိုင်ပေါက်ဖွားကြသည်။ တစ်နှစ်လျှင် သုံးသားကျသည်။ အကောင်ပေါက်ကလေးများတွင်ပါလာသည့် ဆူးတွေက ပျော့သည်။ (၁၀)ရက်ခန့်ကြာမှ ဆူးတွေ



www.burmeseclassic.com

www.burmeseclassic.com



က မာလာတတ်သည်။ သူတို့၏သက်တမ်းက (၂၇) နှစ်ခန့်ရှည်ဟု သူ့ဆရာက စိတ်ရှည်လက်ရှည်ရှင်းပြသည်ကို သူ မှတ်သားဖူးသည်။

ဆရာဖြစ်သူ ရှင်းပြသည်က သည်လောက်ရယ်သာပင်။ ယခုလက်တွေ့ သူမြင်တွေ့နေရသည့်မြင်ကွင်းက 'ခတ်အုန်းသီး' သုံးလုံးစလုံး၏ အညာရင်းတွင် ဖြူဆူးတစ်ချောင်းစီ စိုက်ဝင်နေသည့်မြင်ကွင်းက ဆန်းနေသည့်မြင်ကွင်း။

သူ့အတွေ့အကြုံအရ ဖြူကောင်တို့၏တိုက်ခိုက်မှုက ရန်သူနှင့်ရင်ဆိုင်ရာတွင် နောက်ကျောပေးပြီး ဆူးတောင်တွေကို ခါထုတ်ပစ်လွှတ်တိုက်ခိုက်ကြခြင်းအသိပင်။ ယခုမူ မြင့်မားသည့်သစ်ပင်ထက်မှ အသီး (၃)လုံး၏ အညာရင်းတို့တွင် ဖြူဆူးတစ်ချောင်းစီသာ စိုက်ဝင်နေအောင် ပစ်လွှတ်ချေချသည့်အစွမ်းကို မအံ့ဩဘဲမနေနိုင်အောင် ဖြစ်မိသည်။

ခတ်အုန်းသီးပင်ဆိုသည်က တောတွင်းနေသားကောင်တို့၏ စားပင်တစ်ပင်ဖြစ်သည်။ အပင်ကြီးမျိုးပင်။ အသီးအရွယ်အစားက ဥသျှစ်သီးကဲ့သို့ အပေါ်ခွံကမာကျောသည်။ အတွင်းသားက အလွန်ခါးသည်။ သီးကာစတွင် အစိမ်းရောင်၊ အနည်းငယ်ရင့်လာလျှင် ပန်းရောင်၊ မှည့်လျှင် အညိုရောင်၊ ကြွေကျကာနီးလျှင် အနီရောင်ပြောင်းသွားသည်။ သို့အတွက် ခတ်အုန်းပင် အသီးလိုက်သည့်အချိန် ကြည့်လိုက်လျှင် အကိုင်းအခက်တို့တွင် အရွယ်ညီ ရောင်စုံဘောလုံးများကို ချိတ်ဆွဲထားသည့်နှယ် ကြည့်၍ အလွန်ကောင်းသည်။

ထိုအသီးအရသာမှာ အခါးပြင်းသော်လည်း ဝက်ဝံ၊ တောဝက်၊ ဆတ်၊ ဒရယ်၊ ချေနှင့်ဖြူတို့ စားကြသည်။ သို့သော် စားပုံခြင်းတော့ မတူကြပြန်။ ဝက်ဝံဆိုသည့်အကောင်တွေက သစ်ပင်ပေါ်တက်တတ်ကြသည့်အကောင်တွေမို့ စားလိုလျှင် အပင်ထက်ကို ကုတ်ခြစ်ဖက်တွယ်တက်ကြပြီး ကိုင်းဆုံတွင်ထိုင်ကာ သူစားလိုသည့် အသီးရှိသောအကိုင်းကို လက်နှင့်လှမ်းဆွဲကာ ကိုက်ဖဲ့စားသောက်ကြည့်သည်။ သူမကြိုက်သောအသီးဖြစ်ပါက အောက်ကိုပစ်ချပြီး ကြိုက်သည့်အသီးကိုသာ စားသွားတတ်ကြသည်။





ဝက်ဝံတို့၏ ထိုအလေ့အထကိုသိနေကြသော မုဆိုးတို့က ခတ်အုန်းပင်ထက်သို့ ဝက်ဝံတက်မတက်ကို ပင်စည်လုံးတွင် လက်သည်းရာကို ဦးစွာရှာဖွေတတ်ကြသည်။ ဝက်ဝံတက်ရောက်ထားကြောင်း တွေ့ရှိပါက (သင့်ထိုင်/ပုန်းအုံ) တို့နှင့် စောင့်စားပစ်ခတ်တတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာဆီတွင် ပစ်ခတ်လို့ရသည်က သစ်ပင်ထက်ကို တက်ရောက်စားနေသည့်ဝက်ဝံအပြင် မြေပြင်တွင် လာရောက်စောင့်မျှော်နေကြသော သစ်ပင်ပေါ်သို့ မတက်နိုင်သည့် 'တောဝက်၊ ဆတ်၊ ဒရယ်၊ ဂျီနှင့်ဖြူ' ဆိုသည့်အကောင်စုံကို ပစ်ခတ်နိုင်သည့်အတွက်ပင် ဖြစ်ပေသည်။

မှတ်ချက် -

ခတ်အုံးပင်ထက်ဆီသို့ ဝက်ဝံတက်ရောက်စားသည့်အချိန်တွင် အောက်ခြေမြေပြင်ထက်တွင် 'တောဝက်၊ ဆတ်၊ ဒရယ်၊ ဂျီနှင့်ဖြူ' တို့ အမြဲတမ်းလို ရောက်ရှိကောက်ယူစားသောက်တတ်ကြသည်။ ထိုသို့ ရောက်ရှိလာတတ်ကြသည်က ဘယ်လိုအသိမျိုးကြောင့် ရောက်ရှိလာကြသည်ကိုတော့ သူမသိပေ။

အညာခိုင်သည့်အပြင် ညှာတံရင်းတွင် ဖြူဆူးစိုက်ဝင်အောင် ဆူးတစ်ချောင်းစီ ပစ်လွှတ်ခြွေချသော်လည်း ကြွေလို့မကျသေး။ ဆူးတွေ အများကြီးနှင့်အကောင်က သူစားလိုသည့်အပင်ထက်က ခတ်အုန်းသီး (၃)လုံးကို တစ်လုံးချင်းစီ၏ ညှာတံရင်းတွင် ဆူးတစ်ချောင်းစီ ပစ်လွှတ်ကာ ခြွေချသည့် ဖြူတို့၏သဘာဝကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသဖြင့် တအံ့တသြဖြစ်သွားမိသည်နှင့်အတူ 'ဦးလေးမြတ်' စကားကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

"ဒါနဲ့ ငါ ဖြူတစ်ကောင် လိုချင်တယ်ကွာ။ ဆေးဖော်ဖို့လေ။ အသားဈေးနဲ့ပေးမှာ မဟုတ်ဘူးနော်။ ပိုပြီးပေးမှာ။ ဘယ်အချိန်ရရဆွဲခဲ့။ ဘယ်နှစ်ကောင်ရရ၊ ရတဲ့အချိန်ယူလာခဲ့ . . . ကြားလား။ နေမရင့်ခင် သွားမယ်ဟေ့။ ကြိုတင်ငွေယူချင်လည်း လာခဲ့"

ဦးလေးမြတ်စကားကို သူကြားယောင်နေသလို သူ့အတွေးတွင်လည်း သည်ဝန်းကျင်တွင် 'ဖြူတွေ' ရှိနိုင်သည်ကို သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဝန်းကျင်ကို စေ့စေ့စပ်စပ် လိုက်လံအကဲခတ် ကြည့်ရှုရှာဖွေနေလိုက်မိသည်။ သူ့စိတ်ကူးတွင်လည်း ယနေ့ဖြူကောင်ကို ရအောင်ရှာမည်ဟု ဆုံးဖြတ်လိုက်သည်နှင့်အညီ ခိုအောင်းနိုင်သည့် နေရာတွေကို ရှာဖွေနေလိုက်ပေသည်။

တစ်နေရာအရောက်တွင် ဖြူတွေခိုအောင်းနေနိုင်သည့် ဂလိုင်ဖြစ်နေသည့်နေရာကို တွေ့မြင်လိုက်ရသည်။ ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ရာ ထင်ရှားသဖြင့် အနီးကိုတိုးကပ်ကြည့်လိုက်တော့ အထဲတွင် ဖြူကောင်တွေမရှိ။ အစာရှာထွက်ကြဟန်ထင့်။ သို့အတွက် ထိုအကောင်တွေ တွင်းဆီသို့ ပြန်လာရေးဖက်ဆီသို့ပင်။ သို့မှသာ ပစ်ခတ်ဖမ်းယူလို့ ရမည်မဟုတ်ပါလား။

လုပ်ငန်းမစခင် ဖြူကောင်ကို ချောင်းမြောင်းကာ ပစ်ခတ်ဖို့ကောင်းမည့်နေရာကို သူရှာဖွေရမည်မို့ လိုက်လံကြည့်လိုက်၏။ ဖြူတွင်းနှင့် သိပ်ပြီး အလှမ်းမဝေးသည့်နေရာတွင် 'ညောင်မှတ်ဆိတ်ပင်' ကြီးကို နွယ်တက်နေသည့် 'ဒိုးနွယ်ပင်' ကြီးက လူတစ်ရပ်သာသာ ကိုင်းဆုံတွင် ရွက်ဖားဝေဝေတို့က ချုံလိုဖြစ်နေသည်။ ထိုအပင်အရှုပ်တောအတွင်း ဒိုးနွယ်ရွက်တွေအကြား (ပုန်းအုံ) အတွင်းဝင်ကာ ပစ်ခတ်လျှင် ရနိုင်ကြောင်းကို သူသဘောပေါက်လိုက်သည်။

ဦးစွာ ထိုပုန်းအုံအတွင်း မဝင်ရောက်သေးဘဲ ရိုက်တံကောင်း တုတ်တစ်ချောင်းလုပ်ရန် သစ်ကိုင်းတစ်ကိုင်းကို ဓားနှင့်ခုတ်ဖြတ်လိုက်ပြီး ဖြူကျင်းအနီး တောညောင်ပင်ကြီး၏ ပင်စည်လုံးအခေါက်များနှင့် ဝါးလုံးများကို ရိုက်နှက်အသံပေးလိုက်သလို ပါးစပ်ကလည်း ...

"တောက် ... တောက် ... တောက် ... တောက်"

"ဟေဝါး ... ဟေးဝါး ... ဟေးဝါးဝါး ... ရှူးထွက်ဟ ... ထွက်ဟ"

သူတော်တစ်ယောက် လက်မှတ်ကိုင်ဆောင်ထားသည့် တုတ်ဖြင့် အကြိမ်ကြိမ် ရိုက်နှက်အသံပေးလိုက်သလို ပါးစပ်ကလည်း တဟေးဟေး





ဘဝါးဝါး ကျယ်လောင်စွာပေးရင်း ဝန်းကျင်ဆီသို့ နားစွင့်နေသည်။ ထိုစဉ်-

"ချွင်ချွင် ... ချွင်ချွင် ... ချွင်ချွင်"

သဲ့သဲ့ကြားလိုက်ရသော ထိုချူသံကြောင့် သူတော်တစ်ယောက် ဒိုးနွယ်ရွက် အရှုပ်တောဆီပြေးကာ တက်ရောက်နေရာယူလိုက်ပြီး ဒူးလေးညှို့ကြိုးကိုဆွဲတင်ကာ ပစ်ခတ်ရန် ချိန်ရွယ်စောင့်စားနေလိုက်သည်။

ဖြူကောင်တွေ အပြင်ထွက်အစာရှာစားနေကြရင်း သူတို့ခိုအောင်းနေထိုင်ရာ ဂလိုင်ဘက်ဆီမှ ဆူညံဆူညံအသံများကို ကြားလိုက်ကြရသည့်အတွက် ဝပ်ကျင်းရှိရာဆီသို့ ပြန်ပြေးလာကြကုန်ပေပြီ။ သို့အတွက် သူတို့အမြီးဖျားတွင်ရှိသည့် 'ဖြူခြူ' ကလေးတွေက ပြေးလွှားလှုပ်ရှားကြလေတိုင်း 'တချွင်ချွင်'မြည်သံကို ကြားလိုက်ရခြင်းဖြစ်သည်။ ဖြူဆိုသည့်အကောင်တွေ၏ သဘာဝကလည်း သူတို့ဂလိုင်အနီးတွင် ယခုကဲ့သို့ ဆူဆူညံညံလုပ်လျှင် မကြိုက်ကြ။

ယခုကဲ့သို့ ဆူဆူညံညံဖြစ်လာလျှင် ကိုယ့်ဂလိုင်အတွင်း ပြန်အောင်းကြဖို့ ပြန်လည်ပြေးလာတတ်ကြသည်။ ထိုအကျင့်မျိုးရှိကြသည်ကို သူ့ဆရာ မုဆိုးကြီး 'ဦးထက်ခေါင်' က လက်ထပ်သင်ထားပေးသဖြင့် သိရှိနေသည် မဟုတ်ပါလား။

သူတော်တစ်ယောက် ပုံးအုံအတွင်း ဒူးလေးနှင့်ပစ်ခတ်ရန် အသင့်ချိန်ရွယ်ထားစဉ် သူတို့ကိုယ်မှ အဆိပ်ဆူးတို့က သူပုန်းကွယ်နေရာဆီသို့ တန်းတန်းမတ်မတ် ထွေးခနဲ ပြေးဝင်လာကြသည်။ ဒိုးနွယ်ကိုင်းကြီးတွေကို အကွယ်အကာယူထားသဖြင့် ဖြူဆူးတို့က စိုက်ဝင်နစ်မြှုပ်သွားကြသဖြင့် တော်သွားသည်ကအမှန်၊ ဖြူချွင်သံတို့ကို မကြားရတော့မှပင် ...

"ဒေါင်"

"ဂယား ... ဂယား"

"ဒေါင်"

"ငွား ... ဖျီး ... ရှီး"



www.burmeseclassic.com

www.burmeseclassic.com



ဒူးလေးမြားတံ (၂)ချောင်းကို ပစ်လွှတ်လိုက်သံနှင့်အတူ မြွေကော
ကြီးနှစ်ကောင်၏ နာနာကြည်းကြည်း ရန်လိုမာန်သွင်းသံတို့ကိုပါ ဆက်တို
ကြားလိုက်ရပြီး မြေပြင်တွင် လူးလိမ့်နေကြသည်ကို တွေ့မြင်လိုက်သ
အခြားအကောင်တို့မှာ ဂလိုင်ရှိရာဆီ ပြေးလွှားတိုးဝင် ပျောက်ကွယ်သွား
သည်ကို တွေ့မြင်လိုက်ရပေသည်။

မြေပြင်တွင် မြားတန်းလန်းစိုက်လျက် သွေးများအိုင်ထွန်း
အသက်ပျောက်နေပြီဖြစ်သော မြွေ (၂)ကောင်မှာ ကြီးမားလှသည်။ အစိ
ဝင်အိုး တစ်လုံးနီးပါးတွေမို့ အဖိုနှင့်အမ ဖြစ်ဟန်ပင်။ ဟန်ကျလိုက်သ
ဖြစ်ခြင်း။ တစ်နေရာတည်း မြွေကြီးနှစ်ကောင်ရလိုက်သည်မို့ 'ဦးလေးအော
မြတ်' ထံပို့လိုက်လျှင် အမေ့ဆေးဖိုးအတွက် အထိုက်အလျောက် လက်ငင
ငွေရမည်ဆိုသော်လည်း အမေ့ကို ဆေးရုံတင်ဖို့အတွက်ကတော့ လိုနေသေ
သည်ကအမှန်။

သို့အတွက် နွယ်ကြိုးဖြင့် ခြေလက်တို့ကိုတုပ်နှောင်ကာ သစ်ပ
ကြီးအကိုင်းတွင် ချိတ်ဆွဲထားလိုက်ပြီး ရှေ့ခရီးကိုထွက်ရန် တာမရှုခင်၊ ေ
ကလည်း မွန်းတည့်နေပြီမို့ ယူဆောင်လာသည့် ထမင်းထုပ်ကိုဖြည်လျ
တောပိုင်တောင်ပိုင်တို့ကို တင်မြှောက်ပသလိုက်ပြီး အတန်ကြာတော့ တဖျ
ခံကာ စားသောက်လိုက်ပေသည်။ ခေါင်းငါးကလေးတွေကို မက်လင်သီးနှ
အချဉ်ရည်ချက်ထားပြီး ငါးပိထောင်းစပ်စပ်နှင့် စားလို့က ကောင်းလှပေ
သည်။

နေရာမှမထွက်ခင် မြွေတွေဝင်အောင်းနေသည့်ဂလိုင်ကို သူ ကြည
လိုက်ရင်း စောင့်စားပစ်ခတ်မည်ဆိုလျှင် ရနိုင်သော်လည်း မျှားနေမည်ဖ
သည်အတွက် လိုအပ်မှသာ ဖမ်းယူရောင်းချမည်။ ယခု(၂)ကောင်ကို ဦးလေ
မြတ် ဘယ်လိုဈေးပေးပြီး ဘယ်လိုစကားမျိုးပြောမည်ကို သိလိုသေးသည်
အတွက် ရှေ့သို့ ဆက်လက်ထွက်ခွာခဲ့ပေသည်။

ဂလိုင်အတွင်း တိုးဝင်သွားကြသည့်အကောင်တို့သည် သူတို့ ဖခင်
နှင့် မိခင်တို့ အတန်ကြာအောင်စောင့်နေပြီး သူတို့ရှိရာ ဂလိုင်အတွင်းသို့





ပြန်ရောက်မလာခဲ့ပါလျှင် သူတို့ဆက်ပြီးမနေဘဲ လိုက်လံရှာဖွေတတ်ကြရာ
ထိုအချိန် ပစ်ခတ်လို့ရရှိသည်ကို သူ သိရှိထားပြီးမဟုတ်ပါလား။

မိုးကာလဆိုသော်လည်း ယခုအချိန်ထိ မရွာသေးသော်ငြား အုံ့
ဆိုင်းနေသည်မို့ အမှောင်ဘက်ဆီသို့ လုနေသည်။ ရှေ့ကိုလှမ်းကြည့်လိုက်
တော့လည်း တောင်တန်း၊ တောင်သွယ်ကြီးများ။ ဘေးကိုကြည့်တော့လည်း
တောအုပ်ဆိုင်းဆိုင်းကြီးက တပြန့်တပြောမို့ မှိုးမှိုးတို့က ဆိုင်းနေသည်။ ရှေ့
ကိုသွားမည့်လမ်းသည် တောင်ကျရေတို့စီးဆင်းရာ ချောင်းရှိနေသည်။

ချောင်းကမ်းပါးယံထက်တွင် 'ကိုင်းတောကျူတော' တို့က စီတန်း
ပေါက်နေကြလျက် ကိုင်းပွင့်ဖြူဖြူတို့က လေအတိုး ယိမ်းထိုးကခုန်နေသည့်
အသွင်။ သစ်ပင်ကြီး ကျဲပါးသည်။ အသာလျှောက်လှမ်းလာရင်း ချောင်း
ရေကိုသောက်ရန်အတွက် ကမ်းပါးယံမှ ဆင်းမည့်အလုပ်၊ ချောင်းရေကို
သောက်သုံးနေကြသော ချေ (ဂျီ) နှစ်ကောင်က ဝုန်းခနဲ တထိတ်တလန့်
အသွင်နှင့် ဖြတ်ကူးကာ ကမ်းပါးယံထက် ပြေးတက်ပြီး တောကြီးအတွင်း
တိုးဝင်ပျောက်ကွယ်သွားသည်။

ချောင်းအတွင်း မလှုပ်မယှက်၊ ရှေ့လက်နှစ်ဖက်ကိုကားကာ လည်
ပင်းကိုငုံ့လျက် ရေသောက်နေသည့် ချေတစ်ကောင်ကို တွေ့လိုက်ရသဖြင့်
သေနတ်ကိုဆွဲတင်၊ မြားတံတစ်ကာ ပစ်ခတ်ရန် ချိန်ရွယ်ရင်း ပစ်ကွင်း
ကောင်းကို ရှာကြည့်နေလိုက်သည်။

"ဟာ ... ရှားရှားပါးပါး၊ တစ်ပင်တိုင်ချေနဲ့ တိုးပြန်ပါရောလား"

ဟုတ်ပေသည်။ ရှားရှားပါးပါး ချေ (ဂျီ) တစ်ကောင်ကို သူမြင်တွေ့
လိုက်ရခြင်းကြောင့်ပင်။ ထိုအကောင်မျိုးကို အချို့သောမုဆိုးတို့က 'ခြေ
သက်ဝက်ကား' ဟုလည်း ခေါ်ကြသည်။ အကောင်ပုံစံက ရိုးရိုးပစ်ခတ်လို့
ရနေသော ကိုယ်လုံးရဲရဲကလေးအပြင် အမြီးက တိုနံ့နံ့အဖြူရောင်။

အလေးချိန်ကလည်း (၁၀)ခန့် ဆိတ်တစ်ကောင်လောက်ရှိယ်သာ။
အခြားတွေ့မြင် ပစ်ခတ်လို့ရရှိသည့် ချေတွေလို ဦးချို(၂)ချောင်း မဟုတ်
ဘဲ ဦးချိုက ထိပ်တည့်တည့်တွင် (၁)ချောင်းထဲရှိယ်သာပင်။ ခြေနှင့် လက်တို့
တွင်တော့ အဖြူရောင်။

www.burmeseclassic.com



ဦးခေါင်းထက်တွင် ဦးချို (၁)ချောင်းထဲသာ ရှိသည့်အတွက် 'တစ်ပင်တိုင်ချေ'ဟု ခေါ်ကြဟန်ထင့်။ နောက်တစ်မျိုး 'ချေလက်ဝက်ကား' လို့ခေါ်ရသည့်အကြောင်းကလည်း တောဝက်၊ ဆတ်၊ ဒရယ်နှင့် ချေဆိုသည့်အကောင်တို့သည် ခွာရာစိုက်ပုံချင်း တူညီကြသည်ဟု အချို့က ထင်ကြသည်။

တကယ်တမ်း မုဆိုးလုပ်ကြသူတို့ကတော့ သိရှိနေကြသည်။ တောဝက်ဆိုသည့်အကောင်တွေက ဆတ်၊ ဒရယ်၊ ချေတို့နှင့် အမှုမဲ့ အမှတ်မဲ့ကြည့်လျှင် ခွာစိုက်ပုံချင်းတူညီသည်ဟု ထင်ရသော်လည်း ကွဲပြားသည်ကို တွေ့ရပေမည်။

အဘယ့်ကြောင့်ဆိုသော် တောဝက်၏ ခြေနှင့်လက်တို့က မြေပြင်တွင် စူးချွန်နှင့် ထိုးစိုက်ထားသည့်ဟန်ရှိသော်လည်း ခြေနှင့်လက်တို့ဦးစွန်းထိပ်တွင် ကွဲနေသည့်အတွက် ဘေးသို့ကားထွက်နေသည်ကို မုဆိုးလုပ်သူတို့ကသာ သိရှိကြပေသည်။

ခြေရာကောက်လိုက်ကြသည့်မုဆိုးတို့သာ မြေပြင်တွင် စူးချွန်နှင့် ထိုးစိုက်ထားသည့်ခြေရာကို ကြည့်လျက် ထိုအကောင်သည် 'တောဝက်လား၊ ဆတ်၊ ဒရယ်၊ ချေ' လားဆိုသည်ကို ခွဲခြားသိရှိနိုင်လေသည်။

ယခု သူမြင်တွေ့နေရသည့် တစ်ဗင်တိုင်ချေဆိုသည့် ရှားရှားပါးပါးချေကလည်း တောဝက်ခြေရာလို အလယ်ကွဲဖြစ်ပြီး ဘေးသို့ကားထွက်နေသည့် အကောင်မျိုးဖြစ်သည့်အတွက် 'ခြေလက်ဝက်ကားချေ' ဟုခေါ်ကြပြန်သေးသည်။ မည်သို့ပင်ခေါ်ကြစေကာမူ အတူတူပင်ဖြစ်ပေသည်။

သူတော်တစ်ယောက် ပစ်ခတ်ရန်ချိန်ရွယ်ရင်း စဉ်းစားမိလိုက်သည်က သူ့အတွက် ယနေ့အဖို့ မည်ကဲ့သို့ ထူးခြားနေမှန်းပင်မသိ။ မနက်ပိုင်းက ရှားပါးလှသည့် 'ချေလျှောင်' ဆိုသည့် အကောင်ကလေးကို တွေ့မြင်ပစ်ခတ်လိုက်ရသော်လည်း မရ။

ယခုတစ်ဖန် လွန်စွာရှားပါးပြီး တွေ့ရခဲသည့် တစ်ပင်တိုင်ချေ (သို့) ခြေလက်ဝက်ကား ဆိုသည့်အကောင်ကို တွေ့မြင်ပစ်ခတ်ရပေဦးမည်။ သို့





အတွက် သေချာစေရန် ရှေ့လက်ပြင်နောက် နှလုံးသားရှိရာဆီသို့ အသက်အောင့်ချိန်ရွယ်ကာ ပစ်ခလုတ်ကို ဆွဲဖြုတ်လိုက်ပေတော့သည်။

"ဒေါင်"

လေးညို့လွှတ်လိုက်သံနှင့်အတူ မြားတံက တန်းခနဲ ပြေးဝင်စိုက်သွားသည်က သူပစ်ခတ်လိုက်သည့် ချေကောင်ကိုတော့မဟုတ်။ လက်လေးလုံးခန့်စီးဆင်းနေသည့် ရေကြည်ကြည်အောက် သဲပြင်ထက်ဆီသို့။ အမှတ်မထင် သူ့ဘေးသဲပြင်ထက်ဆီသို့ မြားစိုက်ဝင်လာသည်ကို စောင်းငဲ့ကြည့်လိုက်ရင်း တွေ့မြင်သွားသည့်ချေက တန္ဒဲ့န္ဒဲ့နှင့် ရေပြင်ထက်လျှောက်လှမ်းကာ စောစောက ပြေးတက်သွားသည့် ချေနစ်ကောင်လမ်းကြောင်းအတိုင်းလိုက်ပြီး တောကြီးအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူက အံ့သြစွာ ကြည့်နေရင်း မှတ်ချက်ချလိုက်သည်က ..

"ဩော် ... ချေလျှောင်ဆိုသည့်အကောင်နှင့် တစ်ပင်တိုင်ချေ (ခြေလက်ဝက်ကား) ဆိုသည့်အကောင်မျိုးတွေက ပစ်လို့မရတဲ့ အကောင်တွေပါလား"

သူ၏လက်တွေ့ဘဝ အသိတစ်ရပ်ကို သိရှိနားလည်လက်ခံလိုက်မိသည်က အမှန်ပင်။ သူ ရှေ့ခရီးကိုဆက်သွားရန် အချိန်ကို ခန့်မှန်းကြည့်လိုက်တော့ အချိန်က နည်းနေပြီ။ အပြန်လမ်းတွင် သစ်ပင်၌ ချိတ်ဆွဲထားသည့် 'ဖြူ' နစ်ကောင်ကိုလည်း သယ်ဆောင်ရဦးမည်ဖြစ်သလို လယ်တိုးကွင်းနှင့် သုတ်ကိုင်းတောင်ထားသည့် 'ကြက်ခြံတော'ကို ဝင်ရဦးမည်မို့ နောက်ကြောင်းဖြူနစ်ကောင်ထားခဲ့ရာဆီသို့ ပြန်လာခဲ့၏။ ဝါးတစ်လုံးဖြင့် ရှေ့တစ်ကောင်၊ နောက်တစ်ကောင်ကို သပ်လျှိုထမ်းကာ လယ်တိုးကွင်းများ ထောင်ထားရာဆီဘက်သို့ လျှောက်လှမ်းပြန်လာခဲ့ပေသည်။

ကြက်ခြမ်းတောဟိုမှာဘက် 'ကြခတ်ဝါးရုံတော' ကိုင်းဖျားထက်ဆီမှ ချိုးကူသံတို့က ငြိမ့်ငြိမ့်ညောင်းညောင်း။ ဘုတ်ငှက်သံတို့ကလည်း ကြည်နူးစရာအပြည့်နှင့်မို့ သူ့ကိုအားတက်စေသည်။ ယခုလိုအချိန်တွင် ချိုးကူသံ၊ ဘုတ်ပူသံ၊ ခါတွန်သံနှင့် ငှက်ငန်းတို့အော်သံများက တောတို့၏ ဂီတသံမို့ အထိုက်အလျှောက် သူ့ရင်ကို အေးမြစေသည်ကအမှန်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် ဖြူ (၂)ကောင်ကို ဦးလေးမြတ်ထံ အပ်နှံလိုက်ပါက ရမည့်ငွေအပြင် လိုအပ်ပါက ကြိုတင်ငွေပါယူရန် အိမ်ကိုလာဖို့ မှာထားသည့်အတွက် မိခင်ကြီးအတွက် ဆေးဖိုးဝါးခရမည့်အပြင် လယ်ထိုးကွင်းများ ထောင်ထားရာဆီမှလည်း အထိုက်အလျောက်မိပါက ရောင်းချလို့ရရှိနိုင်မည် မဟုတ်ပါလား။

သူလျှောက်လှမ်းလာခဲ့ရင်း သူတို့မိသားစုအခြေအနေကို ပြန်လည်စဉ်းစားလိုက်သည်က သူတို့ဘဝ နုံချာလွန်းလှသည်ကိုပင်။ သည်တောကိုမှီ၍ သူလုပ်ကိုင်တတ်သည့်လုပ်ငန်းက ဖခင်လုပ်ကိုင်လာခဲ့သည့် သစ်ခုတ်လုပ်ငန်း ဝါးခုတ်လုပ်ငန်းအပြင် အမဲလိုက်ခြင်းလုပ်ငန်းကိုသာ။

သို့သော်လည်း အခြားသော ကြားချောက် (မီးသွေးဖုတ်၊ လံထင်းခုတ်၊ ကြိမ်၊ ကိုင်းတော (ထမဖိုင်း)၊ မှိုရှာ၊ မျှစ်ချိုးတို့ကိုပါ ရသမျှ တွေ့မရှောင်လုပ်ပြီး ငွေရှာခဲ့သည်။ လုပ်ကိုင်ခဲ့သည့် အလုပ်မှန်သမျှလည်း နှုံညံ့သောအလုပ် တစ်ခုမှမပါ။ နားနားနေနေ အချိန်လည်းမရှိ။ ရရှိသည့်ငွေကြေးကလည်း အမေ့ရောဂါ ဆေးဖိုးကမလောက်။ ငွေကြေးအကုန်အကျများသော်လည်း အမေ့ရောဂါက မသက်သာသည့်အပြင် ယခုအခါ ပိုဆိုးလာသည်မို့ ဖြစ်သည့်နည်းဖြင့် ဆေးရုံတင်ပို့ချင်သည့်စိတ်က အရင်းခံပင်။

နောက်ဆုံးအဆင့် ဆေးရုံကလေးကိုပင် တက်ရောက်မကုသနိုင်ခဲ့ပါလျှင်ဆိုသည့် အတွေးကိုတွေးကာ သူ့တွင် တာဝန်မကျေနိုင် ဖြစ်ရမည့်အရေးကို တွေးရင်း သူ တုန်လှုပ်ချောက်ချားလာမိသည်။ ထိတ်လန့်သည်ထက်လည်း ထိတ်လန့်လာမိသည်။

အဘယ့်ကြောင့်ဆိုသော် ယခုရက်ပိုင်း အမေ့အခြေအနေမှာ သူ့အမြင်တွင်အားရစရာမရှိ။ မပြောကောင်း ပြောကောင်းဆိုသည့် အတွေးကလည်း ဝင်လာသည်။ အမေ့ရောဂါအတွက် ဆေးကုနိုင်မည်လား၊ သို့မဟုတ် ရောဂါကျွမ်းပြီး အမေ့ကို ဘဝတစ်ပါးဆီသို့ တွန်းပို့မည်လားဆိုသည့် အတွေးက လွှမ်းမိုးလာသည်မို့ ဖြူနှစ်ကောင်ကိုထမ်းလျက် ခပ်သွက်သွက် လျှောက်လှမ်းခဲ့လေသည်။





ကြက်ခြမ်းတောစဆီ ရောက်တော့ ပခုံးတွင်ထမ်းလာသည့် ဖြူတွေကို မြေပြင်ထက်ဆီချလိုက်ပြီး လယ်ထိုးကွင်းများ ထောင်ထားရာဆီသို့ သွားလိုက်သည်။ ပထမဦးဆုံး ထောင်ထားရာဆီရောက်တော့ ပုံစံမပျက်။ အကောင်မမိ။

ဒုတိယနေရာဆီရောက်တော့ လည်တိုင်တွင် ကြိုးကွင်းစွပ်လျက်တွဲလောင်းကျ သေဆုံးနေသည့် ရစ်ဖကြီးတစ်ကောင်။ အကောင်က အကြီးသား။ (ဖိုင်)မျိုးမို့ သုံးပိဿာအထက်။ ဆက်လက်လျှောက်လှမ်းရင်း သုတ်ကိုင်းထောင်ထားရာအနီးမို့ မိလို့မိငြား လှမ်းကြည့်လိုက်ရာ လည်ပင်းတွင် ကြိုးကွင်းတန်းလန်းနှင့် အသက်ပျောက်နေသည့် အကောင်လေးတစ်ကောင်ကို တွေ့မြင်လိုက်ရသည်မို့ ...

“ဘာကောင်မိနေတာလဲဟ။ တောကြောင်များလား”

ကြက်ခြမ်းပင်များအကြား မသဲမကွဲမြင်တွေ့နေရသည်မို့ မြင်ကွင်းက သိပ်မထင်ရှား။ တောကြောင်တစ်ကောင်အထင်နှင့် သူ တွေးတောလိုက်သည်။ သို့အတွက် လယ်ထိုးကွင်းဘက်ကိုမသွားသေးဘဲ သုတ်ကိုင်းဘက်ကိုသွားကာ မိထားသည့်အကောင်ကို အသေအချာကြည့်လိုက်တော့ တအံ့သြဖြစ်သွားမိသည်က အမှန်။

ခပ်လှမ်းလှမ်းဆီမှ လှမ်းကြည့်လိုက်တော့ မသဲမကွဲနှင့် ရှိနေသည်မို့ တောကြောင်တစ်ကောင်ဟု ထင်ထားသော်လည်း တကယ်တမ်း မိနေသည့်အကောင်က မနက်ပိုင်းသူလာရင်း လှမ်းပစ်ခတ်လိုက်ခဲ့သည့် ချေကလေးပင်။ အဖေပြောခဲ့ဘူးသည့် တန်ခိုးရှိသည့်ချေကလေးမို့ သူ အသေအချာကြည့်လိုက်သည်။

ဟုတ်သည် (ချေလျှောင်)ဆိုသည့် အကောင်ကလေးအစစ်၊ မနက်က ဟောက်သံပေးနေသော်လည်း အကောင်ကိုမမြင်ရသဖြင့် ရှာရင်းက အနီးဆုံး တွေ့မြင်ပစ်လိုက်ခဲ့သည်ပဲ မဟုတ်ပါလား။

လည်ပင်းတွင်ကြိုးကွင်းစွပ်ကာ တန်းလန်းအနေအထားနှင့် အသက်ပျောက်နေသည့် အကောင်ကလေးမှာ အကောင်သေးပြီး လယ်ကြွက်နီး



www.burmeseclassic.com

www.burmeseclassic.com



ပါးသာရှိသော်လည်း အင်္ဂါရပ်အားလုံးက ချေတစ်ကောင်ပုံစံအပြင် အသွေးအရောင်ကလည်း တူသည်။ သူ့ အလွန်ဝမ်းသာကာ သုတ်ကိုင်းမှဖြုတ်ယူလိုက်ပြီး အခြားလယ်ယ်ထိုးကွင်းများရှိရာသို့ ဆက်လက်လျှောက်လှမ်းလိုက်ပေသည်။

ရစ် (၃)ကောင်၊ တောကြက် (၂)ကောင်၊ ချေလှောင်ကလေးတစ်ကောင်နှင့်အတူ ဖြူ (၂)ကောင်ကို ရှေ့နောက်မျှထမ်းကာ ရွာဘက်ဆီသို့ အသော့နှင်ခဲ့ပေသည်။

✿ ✿ ✿

[ ၃ ]

❑

"လာဟော့ . . . သူတော်၊ ဖြူက နှစ်ကောင်ပါလားကွ။ ဟိုဟာ က ဘာကောင်လေးလဲ။ တောကြောင်လား။ ငါ ဒီအကောင်မျိုး မတွေ့ဖူးပါ ဘူးကွ"

အိမ်ကပြင်တွင် အဖန်ရည်သောက်လျက်ဝိုင်းထိုင်ကာ မနက်က များသယ်ကာ လူညီးသမားတွေ စကားပြောနေကြရင်းက သူ့ကို လှမ်း လိုက်သည့်အတွက်ကြောင့် . . . .

"မနက်က ဦးလေးမြတ်တို့အဖွဲ့နဲ့တွေ့ပြီး လမ်းခွဲထွက်တော့ အဲဒီ နှစ်ကောင်ကို တစ်နေရာတည်း ပစ်လို့ရလိုက်တယ်လေ။ ဟို အကောင် လေးကတော့ ကျွန်တော်လည်း အစက တောကြောင်လို့ထင်မိတာ၊ မဟုတ် ဘူးခင်ဗျာ။ ရှားရှားပါးပါး တန်ခိုးရှိတဲ့ ချေလှောင်လေးဖြစ်နေတယ်"

"ဟေ . . . ဘယ်လို . . . ဘယ်လို . . . ချေလှောင်တဲ့ ဟုတ်လား။ ဒီ ဒီအသက်အရွယ်ရောက်နေပြီ၊ အဲဒီအကောင်ကို ကြားသာကြားဖူးတာ၊ မြင်ဖူးဘူးကွ။ ပြပါဦး ကြည့်ရအောင်"

သူက ပြောပြောဆိုဆိုနှင့် အောက်ကို ဆင်းလိုက်သည်နှင့်အတူ အခြားလူညီးသမားတွေကလည်း ဝိုင်းကြည့်ရှုကြရင်း တအံ့တဩဖြစ်နေကြ သည်။ ထိုစဉ် မင်းညွန့်က . . .



www.burmeseclassic.com

www.burmeseclassic.com



''ငါလည်း တောထဲဝင်ပြီး တစ်ဝမ်းတစ်ခါး ရှာစားနေတဲ့သူ ကွာ။ ကြားသာကြားဖူးတယ်။ ခု မင်းယူလာမှ မြင်ဖူးတယ်။ မင်းကို တန်ဖိုး ရှိတဲ့အကောင်လို့ ဘယ်သူကပြောလဲကွ ဟင်''

''အဖေမသေခင်က ပြောသွားတာဗျ''

''ဟုတ်လား ...။ မင်းအဖေလည်း အကြောင်းစုံမသိလို့ ပြော လိုက်တာနေမယ်ကွ။ ငါကြားဖူးသလောက် ရှင်းပြမယ်နော်။ တကယ်ဆေး ဒီအကောင်မျိုးကို သေနတ်နဲ့ပစ်ရင် ကျည်မထွက်ဘူးကွ။ မိုးပေါ်ထောင် ပစ်ရင် ထွက်တယ်တဲ့။ ဆေးဘက်လည်း ဝင်တယ်ဆိုပဲ။ ချေးခါးက ပိုဆေး ဘက်ဝင်တယ်ဆိုပဲ။ ဒါကြောင့် ချေးခါးထုတ်ပြီး မင်းအမေကိုကျွေးရင် အ ရောဂါသက်သာမယ်လို့ ငါထင်တယ်ကွ။ အသားကိုလည်း ကျွေးပေါ့''

သူတော်တစ်ယောက် မင်းညွှန်ပြောလိုက်သည့်စကားကြောင့် အ အမင်း ဝမ်းသာသွားမိသည်ကအမှန်။ ထိုစဉ် ငပိုက်ဆိုသူက ...

''အသားကိုတော့ ငါတို့တွေကိုလည်း နည်းနည်းကျွေးကွာ။ စာ ဖူးတယ်ရှိအောင်လို့ မြည်းစမ်းကြည့်ချင်လို့ပါ''

သူတို့အပြင် ရွာထဲမှ ယောက်ျား၊ မိန်းမ၊ ကလေးများပါမကျ ရောက်ရှိလာကြပြီး ဝိုင်းအုံကြည့်နေစဉ် ဦးအောင်မြတ်က အိမ်ပေါ်သို့ တက် သွားပြီး ကျပ်ငွေနှစ်သောင်း လက်ထဲသို့ ထည့်ပေးလိုက်ရင်း ...

''ဖြူတစ်ကောင် တစ်သောင်းနှုန်းနဲ့ နှစ်သောင်းယူသွားကွ။ နောက် ဖြူရရင်လည်း လာပေးဦး။ စရံငွေကော ယူသွားမလား၊ လိုရင် ပြော''

လက်ထဲသို့ရောက်လာသည့် ငွေများကို သူတော်ဆုပ်ကိုင်ရင်း အမေ့ရောဂါအတွက် ဆေးရုံပို့ကာ ဆေးဝါးကုသမှုခံယူရတော့မည်ကို သူ ဝမ်းသာနေရှာသည်။ ထို့အပြင် ကြိုတင်ငွေယူလိုက်လည်း လမ်းဖွင့်ပေး သဖြင့် သူ စဉ်းစားနေလိုက်သည်။ ပြီးတော့ ပြန်ပြောလိုက်သည်က ...

''ဟုတ်ကဲ့ ...ဦးလေးမြတ်၊ အမေ့ရောဂါက ဆေးရုံတင်ကု ပျောက်မှာဆိုတော့ ကျွန်တော် ဆေးရုံတင်မလို့ပါ။ ကျွန်တော်ပါ လိုက်သွား ရမှာဆိုတော့ ငွေလိုပါတယ်။ ဒါကြောင့် နောက်ထပ်သုံးသောင်းလောက် ထ ပါတယ်။ ကူညီပါခင်ဗျာ နော်''





''အေးပါကွာ ... ကလေးရယ်၊ ကူညီရမှာပါ။ ဒါနဲ့ မင်းပြန်ရောက် ရင် ဒီဂျိုကလေးကိုအရည်ချ၊ ဝမ်းတွင်းသားကိုထုတ်၊ ချေးခါးနဲ့ရောပြီး မင်း အမေကို အရင်ချက်ကျွေးစမ်း။ အသားတွေတော့ နောက်နေ့မှ ကျွေးပေါ့။ ဦးဆုံးဝမ်းတွင်းသားနဲ့ ချေးခါးကို အရင်ဆုံးကျွေးကြည့်စမ်း။ အဲဒီရောဂါမျိုး ကို အဲဒီလိုကျွေးရင် သက်သာတယ်လို့ ငါ မှတ်ထားဖူးတယ်ကွ။ ဒါနဲ့ မင်း ချေးခါး ဘယ်လိုထုတ်ရမလဲဆိုတာ သိလားကွ''

''ဘယ်လိုကြောင့်လဲ ...ဦးလေးမြတ်၊ ခါတိုင်းထုတ်သလိုမျိုးပဲ မဟုတ်လား''

''မဟုတ်ဘူးကွ။ ငါပြောသလိုလုပ်ပြီး ကျွေး''

''ဘယ်လိုများလဲဟင်''

''ဒီလိုကွ ...။ မျောက်ချေးခါးလုပ်သလို မလုပ်နဲ့။ အစာအိမ်ထဲ ရှိတဲ့ဟာတွေနဲ့ မလုပ်နဲ့။ အစာအိမ်ကိုခွဲဆန့်ပြီး အလင်းရောင်နဲ့ကြည့် လိုက်ရင် အစာသစ်နဲ့ အစာဟောင်းနှစ်ခုကို မြင်ရမယ်။ အစာဟောင်းက စင်ဖြစ်မဲ့ဟာမို့ မဲညစ်ညစ်အရောင်ကွ။

အစာသစ်ရှိတဲ့နေရာကတော့ ခုမှစားထားတဲ့အစာမို့ စိမ်းနေတယ် လေ။ အဲဒီအစာသစ်ကို ကြက်သွန် (ဖြူ/နီ)၊ ပဒဲကော၊ ကွဲဂုံမင်း၊ မိတ် သလင်နဲ့ရောထောင်းပြီး အစာသစ်ကို ဆီသတ်လိုက်။ ပြီးတော့ ဝမ်းတွင်း သားနဲ့ ရောချက်ပြီး ကျွေးကြည့်စမ်းကွာ။ ငါ့စိတ်အထင် ကောင်းသွားမယ် လို့ ထင်တယ်''

ဦးအောင်မြတ်ပြောလိုက်သည့် စကားကြောင့် 'သူတော်' တစ် ယောက်အလွန်အမင်း ဝမ်းသာသွားမိသည်။ သို့အတွက် ရစ်နှင့် တောကြက် တစ်ကောင်စီ ယနေ့ညစားကြရန် ဟင်းစားပေးကာ အမေ့ထံ အပြေးအလွှား လာခဲ့ပေသည်။

သူအိမ်ပြန်ရောက်လျှင် အမေ့အခြေအနေကို ကြည့်လိုက်တော့ ဖျက်နှာကညှိုးသော်လည်း ထိုင်လျက် ပုတီးစိပ်နေသည်ကို တွေ့လိုက်ရသို့ တင်ကြည်မကလည်း အမေ့အနီးထိုင်လျက် ပြနေသော သူ့ပုဆိုးအောင်းကို လက်ချုပ်အပ်နှင့်ချုပ်နေသည်ကို တွေ့မြင်လိုက်ရသည်မို့ ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ ...သက်သာရဲ့လားဟင်။ ချောင်းဆိုးရင် သွေးပါသေး
လား"

တင်ကြည်မ ကြားဖြတ်ဖြေလိုက်သည်က ...

"မနက်ကတော့ ချောင်းဆိုးရင်း နည်းနည်းပါတယ်ဟ။ နေ့လယ်
ပိုင်းတော့ ချောင်းဆိုးပေမဲ့ မပါဘူး ...သူတော်ရဲ့။ နင့်ကို မျှော်နေတယ်
လေ။ သက်သာပါတယ်"

ထိုအချိန် သူ့အမဲလိုက်ခွေး 'ဘိုဖြူ' က လေခါးထစ်တွင်
နေရင်းက ရုတ်ခြည်းခေါင်းထောင်ကာ အပြင်ဘက်ကိုကြည့်ပြီး ထိုးဟောင်
လိုက်သည်ကို တွေ့လိုက်ရသည့်အတွက် လှည့်ကြည့်လိုက်တော့ ဦးလေး
မြတ်နှင့် လှည်းသမား (၅) ဦးကို တွေ့လိုက်ရသည်မို့ ခွေးကို ထိန်းကျောင်း
ဟန့်တားလိုက်ရင်း ...

"ဟော ...ဦးလေးမြတ်တို့ အဖွဲ့ပါလား။ လာကြပါ ...ထိုင်
ကြ"

"အေးကွ ...မင်း လုပ်မှားကိုင်မှားဖြစ်မှာကို စိတ်မချလို့ ငါ
လိုက်လာတာကွ။ ငါတို့ ဝိုင်းကူလုပ်ပေးမယ်နော်။ ဘယ့်နှယ်လဲ ...အမေ
သက်သာရဲ့လား။ ခု ဆေးရပြီဆိုတော့ သက်သာသွားပြီး ပျောက်သွားမှာ
အမေ။ အားမငယ်နဲ့နော်"

"အမေတော့ ဒီရောဂါနဲ့ပဲ တဖြည်းဖြည်း လုံးပါးပါးမယ်လို့ ထင်
တာပါပဲကွယ်။ အမေမရှိရင်သာ မင်းတို့ညီလေးကို ဝိုင်းဝန်းကြည့်ရှု စောင့်
ရှောက်ပေးကြပါကွယ်"

အမေပြောလိုက်သည့်စကားကို ကြားလိုက်ရသည့်အတွက် ဦးအောင်
မြတ်က ...

"အမေ ...နေကောင်းသွားမှာပါ။ ခု ကျွန်တော်တို့ဖော်ကျွေး
တဲ့ဆေးကို စားကြည့်ပါ။ မသက်သာဘူးဆိုရင် မနက်ဖြန် ဆေးရုံတင်ပြီး
တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ကြီးတွေနဲ့ကုသဖို့ ကျွန်တော်တို့ စီစဉ်
ထားပါတယ် အမေ။ စိတ်ဓာတ်မကျပါနဲ့"





ထိုသို့ပြောလိုက်ပြီး သူတော်နှင့်အတူ သူတို့ (၅)ဦး 'ချေလှောင်'
ကလေးကို အရည်ချွှ၊ ဝမ်းတွင်းသားကိုထုတ်၊ ချေးခါးထုတ်ပြီး အသားတွေ
ကို ခုတ်ထစ်ပိုင်းဖြတ်ကာ စီစဉ်လိုက်ကြသည်။ အတန်ကြာတော့ အလွန်
ကရာ မွှေးကြိုင်သင်းပျံ့သော ဆေးဘက်ဝင်သော 'ချေလှောင် ဝမ်းတွင်းသား
ကို ချေးခါး'နှင့် ရောချက်ထားသည့် ဆေးဘက်ဝင်ဟင်းတစ်ခွက် ဖြစ်လာ
ပေတော့သည်။

ရောဂါအတွက် ပျောက်ကင်းနိုင်သည့် ဆေးဘက်ဝင်ဟင်းမို့လား
တော့ဖြင့်မသိ။ ထမင်းနှင့်ဟင်းကို တစ်ဝက်နီးပါး မြိန်ရှက်စွာစားနေသည်
ကိုကြည့်ရင်း သူတို့အဖွဲ့ ပီတိအပြုံးတို့နှင့်။

တောကြက်ကို တင်ကြည်မအိမ် ဟင်းစားပေးလိုက်ပြီး ကျန်နေ
သည့်ရစ်ကိုတော့ ချက်လိုက်ကာ ထန်းလျက်အရက် (ဦးရည်) ဖြင့် ဝိုင်း
ဖွဲ့လိုက်စဉ် အမေ အိပ်ပျော်သွားသည်ကို တွေ့လိုက်ကြရသည်။

"ဒါနဲ့ ဒီနေ့ ထူးထူးဆန်းဆန်း ဒီနေ့ ချေနှစ်မျိုးတွေ့ပြီး ပစ်ခဲ့
ရတယ်ဗျ။ လုံးဝမထိဘူး။ လွဲတာချည်းပဲ"

သူတော်ပြောလိုက်သည့်စကားကြောင့် မြင့်မားက ...

"ဟုတ်လား ...ဘယ်လိုချေမျိုးကို တွေ့ရတာလဲဟ၊ ပြောစမ်း
ပါဦး။ တစ်နေ့တည်းမှာ"

"တစ်မျိုးက ခုချက်တဲ့ချေလှောင်ကို သုတ်ကိုင်းနဲ့မီလာ့တာဗျ။
နောက်တစ်မျိုးကတော့ ဦးခေါင်းမှာ ချိုတစ်ချောင်းထဲပါတဲ့ ချေဗျ။ အဖေ
ကတော့ ပြောဘူးတယ်၊ တစ်ပင်တိုင်ချေတဲ့လေ။ အချို့ကလည်း ခြေလက်
ဝက်ကားချေလို့လည်း ခေါ်ကြတယ်ဆိုပဲ"

"ဒါဆို ချိုတစ်ချောင်းတည်းပါတဲ့အတွက် တစ်ပင်တိုင်ချေဆိုတာ
ထားပါတော့။ ခြေလက်ဝက်ကားဆိုတာက ဘယ်လိုကြောင့် အဲဒီလို ခေါ်ရ
တာလဲ"

"ဒါတော့ ကျွန်တော်လည်း မသိဘူးဗျ။ အမြင်ကတော့ ခေါင်း
တည့်တည့်မှာ တစ်မိုက်လောက်ရှည်တဲ့ ချိုတစ်ချောင်းရှိတာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေက စမ်းချောင်းထဲမှာဆိုတော့ မမြင်ရလို့ မပြောတတ်ဘူးလေ"

သူတို့နှစ်ဦးပြောနေသည့် စကားတွေကို နားထောင်နေကြသည့်အထဲမှ ဦးအောင်မြတ်က …

"ငါသိထားတယ်ကွ၊ နှစ်မျိုးစလုံးကို။ ဒါပေမဲ့ အကောင်ကိုတော့ ခုမှ မြင်ဖူးတာပဲ။ ခု မင်းတို့ပြောနေတဲ့ ခြေလက်ဝက်ကားဆိုတာ မတွေ့ဖူးသေးဘူးကွ။ ဒါပေမဲ့ သူ့ခြေထောက်မှာ အကွဲကြောင်းရှိပြီး နင်းလိုက်တဲ့နေရာမှာ ဘေးကိုကားထွက်နေလို့ ဝက်တွေလိုကားလို့ ခေါ်ကြတာလို့ ကြားဖူးတယ်ကွ"

BURMESE CLASSIC

ထိုစဉ် လှည်းသမားစိုးဘိုက …

"ဒါနဲ့ မသိလို့ မေးပါရစေဦးဗျ။ တောထဲမှာ ချေဆိုတာ ဘယ်နှစ်မျိုးရှိလဲ"

သူ့အမေးကို မည်သူမျှ မဖြေနိုင်ကြ။ နှစ်မျိုး သုံးမျိုး စသည်ဖြင့် တစ်ယောက်နဲ့တစ်ယောက် ပြောဆိုနေစဉ် ဦးအောင်မြတ်က …

"နေကြဦးကွ။ ငါသိသလောက် ပြောရမယ်ဆိုရင်တောင် မနည်းဘူးကွ။ ခုပဲကြည့်လေ။ ချေလျှောင်နဲ့ တစ်ပင်တိုင် (ခြေလက်ဝက်ကား) ဆိုတာ နှစ်မျိုးဖြစ်နေပြီ။ နောက်တစ်မျိုးက တောကြီးချေ (ဒူးမဲ) လို့လည်း ခေါ်ကြတယ်။

အကောင်က ပိုကြီးတယ်တဲ့။ (၁၈)ပိဿာ လောက်ထိဆိုတော့ ဒရယ်နီးပါးကြီးတယ်ဆိုပဲ။ သူလည်း ရှားပါးတဲ့ ချေမျိုးဆိုပဲ။ နောက်နှစ်မျိုးက ချေဝါနဲ့ ချေပြာတွေပဲ။ သူတို့ကတော့ အချိန် (၂၀)လောက်ထိ ကြီးကြတယ်တဲ့လေ။ နောက်တစ်မျိုးက သူ့အသားကို စားလို့မရအောင် တစ်ကိုယ်လုံးခါးနေလို့ ချေခါးလို့ ခေါ်ကြတယ်။

နောက်တစ်မျိုးက သူ့အသားတွေက ချဉ်တဲ့အတွက် ချေချဉ်ဆိုတာ ရှိသေးသကွ။ ခု ငါပြောပြတာတောင် (၇)မျိုးဖြစ်နေပြီဆိုတော့ နောက်ထပ် ငါတို့မသိသေးတဲ့အမျိုးတွေ ရှိဦးမယ်ထင်တယ်လေ"





"အဲဒီချေတွေထဲမှာ ဂန္ဓီရဆန်တဲ့ချေတွေက ဘယ်လိုအကောင်မျိုးထဲဟင်"

"ချေလျှောင်ဆိုတာက သေနတ်မီးမကူးဘူးတဲ့။ သူ့အသားကို စားရင် ရောဂါပျောက်တယ်တဲ့။ တစ်ပင်တိုင်ချေကတော့ သေနတ်ကို မီးကူးပေမဲ့ မထိဘူးတဲ့ကွ။ ကျန်တာတွေကတော့ သူ့နည်းသူ့ဟန်တွေနဲ့ ရှိနေမှာပေါ့။ ငါ ဒီလောက်ပဲ သိတာပါကွာ"

ရေနံဆီမီးခွက်ကို အလယ်တွင်ထွန်းကာ သူတို့အဖွဲ့သားတွေ စကားပြောကြရင်း အမေ့အခြေအနေကို စောင့်စားအကဲခတ်နေကြသည်။ သန်းခေါင်ချိန်ထိ ရောက်သည့်တိုင် အမေ့ခေါင်းဆိုးသံကို မကြားရ။ ခြင်ထောင်ထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ အခါတိုင်းဆိုလျှင် အမေယခုကဲ့သို့ အိပ်လို့မပျော်။

အအေးဓာတ်ကြောင့် အိပ်ရာမှထထိုင်ကာ မိုးလင်းသည့်တိုင် ချောင်းဆိုးဝေဒနာကို ခံစားနေရရှာသည်။ သည်အဖြစ်ကို သူအသိမဟုတ်ပါလား။ ယခုအချိန်တွင် ထိုရက်တွေက တစ်ညလုံး အိပ်လို့မပျော်။ ချောင်းဆိုးမပြတ်၊ တုတ်တုတ်မိုးအလင်းထိုင်ကာ ရောဂါဖိစီးမှုကို အပြင်းအထန် ခံစားနေရှာသည့် မိခင်ကြီးမှာ ယခုသုတ်ကိုင်းနှင့် ထောင်လို့ရရှိခဲ့သည့် ချေလျှောင်ကလေး၏ ဝမ်းတွင်းသားကို ချေ(ဂျီ)ချေးခါးဟင်းနှင့် စားသောက်မိ၍ကာ ယခုကဲ့သို့ နှစ်ခြိုက်စွာ အိပ်ပျော်ရသည့်အဖြစ်ကြောင့် သူဝမ်းမသာဘဲ နေနိုင်သလို၊ ဦးအောင်မြတ်နှင့် အဖွဲ့သားတွေကို ကျေးဇူးတင်နေမိသည်ကအမှန်။

ထိုစဉ် ဦးအောင်မြတ်ထံမှ ပြောလိုက်သည့်စကားအချို့က …

"သူတော် … မင်းအမေရောဂါအတွက် မပူနဲ့တော့။ ဒီလောက်ဆိုရင် ငါသဘောပေါက်ပြီ။ ဆေးရှာတင်စရာမလိုတော့ဘူး။ ငါကုပေးမယ်"

ဦးအောင်မြတ်ပြောလိုက်သည့် စကားကြောင့် သူတော်အပါအဝင်ကျန်အဖွဲ့သားတွေပါ တအံ့တသြဖြစ်သွားကြသည်၊ ထိုအထဲ ပေါ်ထိုက–

"ဟုတ်ပါ့မလား … ဦးလေးမြတ်ရဲ့။ ကျွန်တော်တို့ဖေတွေ ဒီရွာမှာနေခဲ့ကြတာလည်း ကြာခဲ့ပြီပဲ။ သစ်နဲ့ဝါးခုတ်ကြရင်း တောထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရက်ကြာကြာနေခဲ့ကြရင်း ခုလို ရောဂါကူတတ်တဲ့အကြောင်း တစ်ခါဖူးမှ ပြောသံမကြားဖူးဘဲနဲ့ ခုမှ ဆေးရုံပို့ရတော့မဲ့ ရောဂါရှင်ကို ပျောက်အောင်ကုသပေးနိုင်တယ်ဆိုတာ ဟုတ်ပါ့မလားဟင်''

အမှန်တော့လည်း ငပိုက်မေးလိုက်သည့်မေးခွန်းက အမှန်။ သူတို့တွေအားလုံးက ပြန်မေးချင်သည့်စကားလုံး။ သို့အတွက် ဘယ်လိုပြန်ဖြေမည်ကို စောင့်စားနားစွင့်နေစဉ် ဦးအောင်မြတ်က ...

''အေး ...ဟုတ်တယ်ကွ။ မင်းမေးတာက မေးသင့်စကားပဲ ငါ ဒါကိုတွေးပြီး အမေ့အခြေအနေကို စောင့်ကြည့်နေတာကွ။ ဒီဆေးကိုတားပြီး နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားခဲ့တာ ညဝက်တောင်ကျိုးပြီဆိုတော့ ငါ သဘောပေါက်သွားပြီ။ ဒါကြောင့် အမေ့ရောဂါပျောက်မယ်လို့ ခန့်မှန်းပြီး ပြောတာပဲ။ အနာလည်းသိပြီ၊ ဆေးကလည်း ရှိနေပြီလေ။ ဒါပေမဲ့ မင်းတို့ဆန္ဒရှိမှ လုပ်ကြပါ။ ငါ အတင်းအကြပ်ကုပေးမယ်လို့ မပြောပါဘူး''

သူပြောသည့်စကားကလည်း ဟုတ်နေသည်။ ယခု အမေ နှစ်နှစ်မြိုက်မြိုက်ပင် အိပ်ပျော်နေသည်က အားလုံးအမြင်အတွေ့ပင်။ သို့အတွက် ဘာကိုမှပြန်မပြောဘဲ ဦးလေးမြတ်ကုသသည်ကို သူ စောင့်ကြည့်လိုက်ချင်သည်။

အဘယ့်ကြောင့်ဆိုသော် သူ့အမေကို ဆေးရုံကို ပို့ရမည့်ခရီးက လွယ်လှသည်တော့မဟုတ်။ သည့်ရိုးမကြီးအတွင်းက ဆေးရုံရှိရာ ကားလမ်းကို သယ်ဆောင်ရမည့်ခရီးကပင် (၂)မိုင်ခန့် ကွာဝေးသည်။ ကားလမ်းရှိရာဆီသို့ စောင်ပုခက်နှင့် သယ်ဆောင်သွားရမည့်ခရီးက နီးသည်မဟုတ်သည့်ဒဏ်ကို အမေခံနိုင်မည်၊ မခံနိုင်မည်ကို သူတွေးဆနေလိုက်မိသည်က အမှန်။ စိတ်တွင်းကလည်း သူ့လို မုဆိုးဘဝနှင့် လက်ရှိရင်ဆိုင်နေရသည့်ဘဝတိုက်ပွဲကို ဘယ်လိုဖြတ်သန်းကျော်လွှားရမည့် အရေးကိုပင်။

လက်ရှိမြင်တွေ့နေရသည့် အမေ့အခြေအနေသည် ဦးလေးအောင်မြတ်ပြောသည့်စကားအတိုင်း အမေသက်သာပြီး နှစ်မြိုက်စွာ အိပ်ပျော်နေသည်ကအမှန်။



''ကဲ ...သူတော်၊ ငါတို့ ညဦးအတော်နက်ပြီ။ ပြန်လိုက်ကြမယ်။ ဒီညအခြေအနေကြည့်ပြီး မနက်ဖြန်မှ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားပြီး လုပ်သင့်တာကို လုပ်လိုက်ကြတာပေါ့''

ဦးအောင်မြတ်က ပြောလိုက်ပြီး သူတို့(၅)ဦးစလုံး လက်နှိပ်မီးကိုယ်စီနှင့် ပြန်သွားကြပေသည်။

ယနေ့ည အမေအိပ်ပျော်သည်။ ယခုချိန်ထိတိုင် မနိုးသေး။ သူ ဘယ်လိုလုပ်ရရင်ကောင်းမည်လဲ စဉ်းစားနေလိုက်သည်။ ယခုလို အိပ်ရေးဝဝအိပ်ရပြီး ချောင်းမဆိုးသည်ကပင် သူ့အတွက် အားရကျေနပ်စရာ ဖြစ်နေမိသည်ကအမှန်။

သန်းခေါင်ပင်ကျော်နေပြီ။ မိုးရာသီဆိုသော်လည်း လသည် ထိန်ထိန်သာလျက်ရှိကာ ကြည်လင်သန့်စင်လျက်။ မိုးနှင်းများဆမ်းထားသည်လားတော့ဖြင့်မသိ။ ဝန်းကျင်တွင် လရောင်နှင့် သွန်းကျဲထားသည့် ငွေရည်ငွေမှုန်များကို မြင်နေရသည်။

''တုန် ...တုန် ...တုန် ...''

ခေါင်းရင်းကုက္ကိုပင်ကြီးထက်ဆီမှ 'ငှက်ပုတီန်' ကလေးတစ်ကောင်၏ စည်းချက်မှန်မှန် အော်မြည်သံက အဆက်မပြတ်။ သည်ကြားထဲ သစ်ရွက်တို့အား လေညှင်းတို့ ဖွတ်သပ်တိုးဝှေ့လိုက်သည့်အခါ အချင်းချင်းတီးတိုးစကားဆိုလိုက်သလို အသံမျိုးကိုလည်း ကြားယောင်နေသည်။

အမေ့အခြေအနေကို စောင့်ကြည့်နေသည့်အတွက် အိပ်မပျော်နိုင်။ သည်လိုညအခါ အမေ့အခြေအနေကို စောင့်ကြည့်နေရသည့်အတွက် သူ့အဖို့ ဆွတ်ပျံ့မိန့်မူးခြင်းက ဖြစ်မလာ။ မိခင်ကြီးအတွက် သောကတို့နှင့်အတိ။ တော်နေသေးသည်က မိခင်ကြီးမှာ ယခုချိန်ထိတိုင် နှစ်မြိုက်စွာ အိပ်မောကျလျက်ရှိနေတုန်း။

တစ်နေ့လုံး ပင်ပန်းထားသည်မို့ စိတ်ကိုအားတင်းထားပါသော်လည်း မှေးခနဲ ဘယ်အချိန်အိပ်ပျော်သွားလိုက်မှန်းပင် မသိတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

အိမ်ရှေ့မှ ဆူညံဆူညံအသံတို့ကြောင့် နိုးထလာသည်မို့ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ မိုးပင်စင်စင်လင်းနေသဖြင့် ကျေးငှက်သံတို့က တစာစာ။ အသံကြားရာဆီ အပြင်ကိုလှမ်းကြည့်လိုက်တော့ 'ဦးလေးမြတ်' တို့အဖွဲ့။

"သူတော် ... ဘယ်လိုလဲကွ အမေ့အခြေအနေ ပြောပါဦး"

ဦးလေးမြတ်အမေးကြောင့် ခြင်ထောင်တွင်းမှ အမေ့အခြေအနေကို လှမ်းကြည့်ရင်း ဖြေလိုက်သည်က ...

"ညကတည်းက အိပ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက်ပဲ ... ဦးလေးမြတ်။ ချောင်းတောင် ဆိုးသံမကြားဘူး။ တစ်ညလုံးပဲ"

သူပြန်ဖြေလိုက်သည့်အချိန် ခြင်ထောင်တွင်းရှိ အမေ လှုပ်လှုပ်ရှ ဖြစ်လာသည်။ အိပ်ရာထက် ထထိုင်ရင်း ခြင်ထောင်ကိုမ,ကာ ပြောလိုက်ပုံက ...

"တစ်ညလုံး ချောင်းမဆိုးဘူးကွယ်။ အိပ်ပျော်တာကလည်း နှစ်နှစ်ခြိုက်ခြိုက်ပါပဲ ... မောင်အောင်မြတ်။ အမေ မင်းတို့ကို ကျေးဇူးတင်လိုက်တာကွယ်။ အနာနဲ့ဆေး တွေ့သွားတယ်နဲ့တူတယ်"





"ကဲ ... ဒါဆို သူတော်၊ မင်းဆန္ဒကို ပြော။ ဘယ်လိုသဘောရသလဲ"

"ဦးလေးမြတ်တိုက်တဲ့ဆေးက အမေ့အတွက် သိသိသာသာ ဆိုတော့ ဆေးရိုးကို ကျွန်တော်မပို့ချင်ဘူး။ သိပ်ပြီးပင်ပန်းမှာမို့ တတ်နိုင်ရင် ဆက်ပြီး ကူညီပါခင်ဗျာ"

"ငါဒီလောက် အမေ့အခြေအနေကို သိရရင် သဘောပေါက်သွားပြီကွ။ ဒီရောဂါ ပန်းနာရင်ကျပ်ကို ဒီဆေးနဲ့ကုရင် ပျောက်မယ်လို့ ငါယုံကြည်တယ်။ ဘာကြောင့်လဲဆိုတော့ ဓာတ်စာနဲ့ငါကုသပေးတဲ့ လူ သုံးလေးဦး ပျောက်ခဲ့ဘူးတယ်ကွ။ ခုလည်း အဲဒီပုံစံဆန်ဆန် အမေ့ကို ငါစမ်းကြည့်ခဲ့တာလေ။ မင်းတို့လက်ခံတယ်ဆိုရင်တော့ ထုံးစံအတိုင်း ရောဂါသည်တို့ ငါ့ကို အပ်ပေါ့ကွာနော်"

ထိုစဉ် အမေ ဝင်ပြောလိုက်သည်က ...

"လူလေး ... မောင်အောင်မြတ်ရယ်၊ ငါ့ရောဂါအတွက် မင်းကို အပ်ပါတယ်။ ရင်ကျပ်ပန်းနာရောဂါကြောင့် ပင်ပန်းဆင်းရဲလှပါပြီ။ သေချင်သည်း သေပါစေတော့။ လူလေးပဲ အမေ့ကို ဆက်ကုပေးပါကွယ်"

"ကဲ ... အားလုံး အကြားပဲနော်။ ကဲ ... အမေ့မွေးနေ့နဲ့ မွေးသက္ကရာဇ်ကို ပြောပါလား"

အမေက ပြောပြလိုက်သည့်အတွက် သူက တွက်ချက်ကြည့်လိုက်ပြီး ပြောလိုက်သည်က ...

"မနေ့က ချေလှောင်အသား ရှိတယ်မို့လား ... သူတော်"

"ဟုတ်ကဲ့ ... ဦးလေးမြတ် ရှိပါတယ်"

"လက်တစ်ညှိုးလောက်ရှိမဲ့ အသားသုံးမြှောင်း ပေးစမ်း"

တစ်ညှိုးခန့် ဓားနှင့်လှီးဖြတ်လိုက်ပြီး အိမ်ရှေ့တွင် မီးဖိုခိုင်းကာ မီးကျီးခဲများရအောင် လုပ်ခိုင်းလိုက်သည်။ ထိုချေလှောင်သား (၃) လုံးကို မီးကျီးခဲတွင် ဖုတ်စေသည်။ ပြီးနောက် အမေ့ကို ခြင်ထောင်တွင်း အဝင်ခိုင်းလိုက်ပြီး မီးကျီးခဲတို့ကို စလောင်းဖုံးအတွင်းထည့်ကာ ထိုအသားကိုထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂျိုလောင်သားမီးဖုတ်နံ့ကို ရှူစေသည်။ မီးခိုးငွေ့အပြင် ထိုအသားနံ့ကို ခြင်ထောင်အတွင်း လှိုင်စေသည်။

အတွင်းရှိ အမေကတော့ ဘယ်လိုနေမည်မသိ။ အပြင်ဘက်တွင် ရှိနေသည့် သူတို့အဖို့ ညှော်နံ့က ပြင်းပြ၍ မခံနိုင်ကြရလောက်အောင်ပင်။ ထိုအဖြစ်ကို ဦးအောင်မြတ်က သမားဂုဏ်အပြည့်နှင့် အပြုံးမပျက်ကြည့် ရင်း အဖန်ရည်အသောက်မပျက်။

သူတော်နှင့်အတူ ရှိနေကြသည့် အဖွဲ့သားတို့က မျက်လုံးပြူး လျက်။ သူအပြုံးမပျက်ခဲ့သည့်အတိုင်း 'ချေလောင်သား' သုံးခုစလုံး 'ပြာ' အတိဖြစ်သွားသောအခါ ခြင်ထောင်ကိုဖွင့်လိုက်တော့ အမေက လန်းလန်း ဆန်းဆန်း။

အမေ့ဖြစ်အင်ကို စိုင်းကြည့်နေကြသည့် အဖွဲ့သားအားလုံး၊ စိုးရိမ် စိတ်များကြားမှ ဝမ်းသာကြည်နူးစိတ်တို့နှင့်အတိ ဖြစ်သွားကြသည်ကို တွေ့ လိုက်ကြရပေသည်။

ယခုလို အလုပ်မျိုး(၅)ရက်လောက် ဆက်တိုက်လုပ်ပေးအပြီး အမေ့ ရောဂါ ရှင်းရှင်းပျောက်သွားသည့်အပြင် ယခုအခါ တောကိုဝင်ပြီး မှိုနုတ်၊ မျှစ်ချိုးပင် လုပ်နိုင်နေခဲ့ပေပြီ။

✿ ✿ ✿

| ၁ |

❏

တောင်းကိုရွက်လျက် လက်မှဓားကိုကိုင်ပြီး တောထဲမှိုရှာသွား သည့် မိခင်ကြီး၏ နောက်ကျောကိုကြည့်ရင်း သူတော်တစ်ယောက် ပြန်လည် သုံးသပ်စဉ်းစား တွေးတောနေမိသည်က နှစ်ရှည်လများ ခံစားခဲ့ရရှာသည့် ပန်းနာ ရင်ကျပ်ရောဂါ ပျောက်ကင်းကျန်းမာလာခဲ့ရသည့်အဖြစ်နှင့်အတူ အမှတ် ထင် ထိုရောဂါကို ရှင်းလင်းအောင် ကုသပေးလိုက်သည့် ဦးလေးမြတ် အပေါ်ကိုလည်း လွန်စွာ ကျေးဇူးတင်နေလိုက်ခြင်းပင်ဖြစ်သည်။

ယခုအချိန်အခါက မိမိတို့ကဲ့သို့ ရိုးမကြီးအတွင်း တောထွက်ပစ္စည်း တွေကို ရှာဖွေစားသောက်ခဲ့ရရှာသည့် ဦးလေးမြတ်မှာ အမေ့ရောဂါကို ကုသ ပေးလိုက်ပြီးသည့်နောက်ပိုင်း၊ ဓာတ်ဆရာကြီးအဖြစ် နာမည်ရကာ ဆေးစွမ်း ထက်လာသည်မှာ အံ့မခန်းစရာလို ဖြစ်လာရသည်။ ပြောပြလျှင် ယုံနိုင် စရာပင်မရှိလောက်အောင် ဖြစ်လာခဲ့ရပြန်သည်က အမှန်။

တောနေလူတန်းစားတွေနှင့်မကင်းသည့် ငှက်ဖျားအဆိပ်ကို အပြင်း အထန် ခံစားနေရသူတစ်ဦးအား အုန်းစိမ်းရည် တစ်ဝအသောက်ခိုင်းပြီး ချောင်းရေတွင် အချိန်ကြာမြင့်စွာ အငုတ်ခိုင်းပြီးမှ ငှက်ဖျားရောဂါ ရှင်းရှင်း ပျောက်သွားရသည့် ကုသချက်မျိုး၊ အမေ့ရောဂါမျိုးဖြစ်သူကို အမေ့ကိုကု

www.burmeseclassic.com



သည့် ချေလှောင်သားမျိုးမဟုတ်ဘဲ အမဲသားခြောက်မှိုင်းတိုက်ကာ ပျော
ကင်းစေသည့် ကုသနည်းမျိုး၊ ဖောရောင်နေသောလူနာအား မုန့်ဆီကြေ
ကြော်၍ ညှော်ခံစေခြင်း၊ စားစေခြင်းဖြင့် ပျောက်ကင်းအောင် ကုသခြင်းမျိ
ဆီးမသွားနိုင်သဖြင့် အော်ဟစ်ပြီး ဝေဒနာခံ စားနေရသူတစ်ဦးအား ဖ
လက်အနေအထားရှိစေပြီး ထုပ်တန်းတွင် ရေအိုးကို ရေအပြည့်ထည့်
ချိတ်ဆွဲထားလျက် ရေအိုးကို အပေါက်ငယ်ဖောက်ကာ ဆီးခုံထက်သို့
တစက်စက်ကျအောင် ဖန်တီးသည်။

အိုးအတွင်းမှ ရေတစ်ဝက်ခန့်ကုန်သောအခါ ထိုလူနာ ဆီးသွ
၍ ရောဂါပျောက်ကင်းသက်သာသွားသည့် နည်းမျိုးဖြင့် ကုသခြင်းတို့
ပြောပြလျှင် အံ့မခန်းအောင် ဝေဒနာရှင်များ ချမ်းသာရသွားသည့် ကု
ချက်မျိုးဖြင့် ပြောစမှတ်ပြုလောက်အောင်အထိ နာမည်ရလာ၏။ မြွေ
အမျိုးမျိုး အကိုက်ခံရသည့် လူနာတို့အား နှစ်သိမ့်ပေးခြင်း၊ လက်နှင့်သ
ကာ ရေမန်းတိုက်ခြင်းတို့နှင့်ပင် ပျောက်ကင်း အသက်ချမ်းသာရ
လောက်သည်ထိတိုင် ကုသပေးနိုင်သည့် ဓာတ်ဆေးဆရာကြီးအဖြစ် ထ
ရှားလာခဲ့သည်။ ပြန်လည်စဉ်းစား တွေးတောနေလိုက်ရင်း ဦးအောင်မြ
ဆေးစွမ်းထက်လာသည့်အပေါ် သူဝမ်းသာကြည်နူးလျက် ဒူးလေးနှင့် မြ
ကျည်ထောက်ကိုလွယ်ရင်း သားကောင်ပစ်ရန် ထွက်ခဲ့ပေတော့သည်။

သူ့ဘဝက မုဆိုးတစ်ယောက်မို့ စားဝတ်နေရေးအတွက် ဆ
လက်ပြီး ဘဝတိုက်ပွဲ ဝင်ရဦးတော့မည်ဘဲ မဟုတ်ပါလား။

လေးမော




www.burmeseclassic.com

www.burmeseclassic.com

# | ၁ |

❑

ကျွန်တော်က မြန်မာနိုင်ငံသား။ မြန်မာလူမျိုးပါ။ နာမည်ကတော့ လင်းဆက်အောင် လို့ခေါ်ပါတယ်။

ကျွန်တော့်အသက် နှစ်ဆယ်ရှိပါပြီ။ မြန်မာနိုင်ငံရဲ့ ထူးခြားဖြစ်စဉ်များ ကင်းမဲ့တဲ့ လှလှပပ သာသာယာယာ မြို့လေးတစ်မြို့မှာ မွေးဖွားကြီးပြင်းလာသူပါ။

ထူးခြားဖြစ်စဉ်တွေဆိုတာ ကျွန်တော်ဆိုလိုတာက ဥပမာဗျာ … မီးတောင်ပေါက်တာတို့၊ ရေကြီးတာတို့ ဘာတို့ပေါ့။ ကျွန်တော် နေထိုင်ကြီးပြင်းခဲ့တဲ့ ကျွန်တော့်ရဲ့ ဇာတိမြို့လေးဟာ အေးအေးချမ်းချမ်း သာသာယာယာနဲ့ အခြားမြို့တွေလိုပါပဲ။ အဲလိုထူးခြားတဲ့ ဖြစ်စဉ်မျိုးတွေလည်း မရှိပါဘူး။

စိတ်ဝင်စားစရာ အဖြစ်အပျက်တွေဆိုလို့ ဟိုတစ်လောက မြို့လယ်မှာလုပ်ခဲ့တဲ့ ဈေးပွဲတော်ဖွင့်ပွဲလာတဲ့ မင်းသား၊ မင်းသမီးတွေကို လိုက်ငေးရင်း ကိုယ်စီးလာတဲ့ဖိနပ်ကိုယ် ဘယ်နားကျွတ်ကျန်ခဲ့မှန်းမသိဘဲ လိုက်ရှာရတဲ့ ဆန့်သည်ဒေါ်မကြီးလိုမျိုး။

ရေပိုက်ခေါင်းဖွင့်ပြီး အိပ်ပျော်သွားလို့ တစ်အိမ်လုံး လက်ငါးလုံးလောက် ရေမြုပ်သွားတဲ့ ကိုတင်ဦးတို့လိုမျိုး … အဲလိုလေးတွေလောက်ပဲ ရှိတာပါ။





ကျွန်တော့်မြို့လေးဟာ တကယ့်ကိုပဲ ရိုးရှင်းအေးဆေးတဲ့ သာမန်မြို့လေးပါ။ ကျွန်တော့်ဘဝဟာလည်း ကျွန်တော်နေတဲ့ မြို့လေးလိုပါပဲ။

ကျွန်တော့်ဖေဖေက သစ်သီးခြံ နည်းနည်းပါးပါးပိုင်တယ်။ စိုက်ခင်းတွေရောပဲ။ အဲဒါကြောင့် သူက နည်းနည်းတော့ အလုပ်များတယ်။ ကျွန်တော့်မေမေကတော့ တာဝန်ကျေတဲ့ အိမ်ရှင်မတစ်ဦးပေါ့။

မေမေက အစိုးရိမ်တော့ တော်တော်ကြီးတတ်တယ်။ ဖေဖေ မနက်သစ်သီးခြံတွေဆီ အလုပ်သွားတဲ့အခါ သစ်ပင်လဲပြီး ဖေဖေ့ပေါ်ပိမှာတို့၊ ကားတော်တဆဖြစ်မှာတို့၊ မြွေကိုက်မှာတို့၊ အဲလိုမျိုးတွေ စိုးရိမ်ပြီး ဘုရားစင်ရှေ့မှာ နှစ်နာရီလောက်ထိုင်လို့ ရွတ်ဖတ်သရဇ္ဈာယ်နေလေ့ရှိတယ်။ အဲဒါ .. သူမ နေ့တိုင်းလုပ်နေကျ။

ကျွန်တော် ကျောင်းသွားတဲ့ အခါမျိုးမှာလည်း ကျောင်းကြီးမီးလောင်ပြီး ကျွန်တော် အထဲမှာ ပိတ်မိနေမှာမျိုး၊ ဓာတုဗေဒ လက်တွေ့ခန်းထဲမှာ တစ်ယောက်ယောက်က စိတ်ဖောက်ပြန်ပြီး ကျွန်တော့်ကို အက်ဆစ်တွေနဲ့ ပက်လိုက်မှာမျိုးကိုလည်း သူမ စိုးရိမ်လေ့ရှိတယ်။

အဲဒီအတွက် ကျွန်တော့်လက်မောင်းမှာ နှစ်ကွင်း၊ ခြေသလုံးတစ်ဖက်စီမှာ တစ်ကွင်းစီနဲ့ လည်မှာတစ်ကွင်း အဆောင်သဘောမျိုးနဲ့ ကြိုးတွေ ချည်ပေးထားတယ်။ ကျွန်တော်မွေးကတည်းက အဲလို ဆင်ယင်လာရတာမို့ ချွတ်ပစ်ဖို့လည်း မကြိုးစားတော့ပါဘူး။ အသားကျနေပြီလေ။ ချွတ်ပစ်မယ်ဆိုရင်လည်း ကျွန်တော်ဖြစ်မယ်ဆိုတာက နောက်၊ မေမေသွေးတက်ပြီး ဒုက္ခဖြစ်မှာက အရင်ဆိုတော့။ နောက်ပြီး အဲဒီကြိုးက အပ်ချည်ကြိုးသုံးဆင့်မူးလေးကို … သိပ်လည်း မသိသာပါဘူး။

တကယ်တော့ ကျွန်တော်ပြောချင်တာက ကျွန်တော်ဟာ ကျွန်တော့်ကိုချစ်တဲ့ အဖေနဲ့အမေရဲ့ တစ်ဦးတည်းသော သားအနေနဲ့ မွေးဖွားကြီးပြင်းလာတဲ့ သာမန်လူငယ်လေး တစ်ယောက်ဆိုတာပါပဲ။

ကျွန်တော်က မျက်မှန်ထူကြီးတပ်ပြီး ခါးကိုင်းကိုင်းနဲ့ ခပ်တုံးတုံးမျိုး မဟုတ်သလို ကိုရီးယားမင်းသားတွေလို နုနုညက်ညက် အမြဲ စတိုင်ကျနေပုံလည်း မပေါက်ပါဘူး။ အားလုံး … အမြဲ … မြင်နေကျ ပုံစံမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်ပါပဲ။ ကျွန်တော့်မှာ ၉၉ ရာခိုင်နှုန်းသော ကျွန်တော် တို့မြို့က လူငယ်တွေထက် ထူးတာမရှိပါဘူး။

အဲ ... တစ်ခုပဲ။ ကျွန်တော့်မှာ ထူးဆန်းတဲ့ ... အင်း ... ထူး ပြီးဆန်းတယ်လို့ ခေါင်းစဉ်တပ်လို့ရတဲ့ သူငယ်ချင်းတစ်ယောက်တော့ ရှိ တယ်။ သူ့မှာ နာမည်ရင်းရှိပေမဲ့ သူ့ကို ကျွန်တော်တို့အားလုံးက 'ကြဲဖန်' လို့ပဲ ခေါ်ကြတယ်။ ခု ကျွန်တော် ပြောချင်နေတာက အဲဒီ 'ကြဲဖန်'အကြောင်း ပါပဲ။ ရိုးရှင်းတဲ့မြို့လေးနဲ့ သာမန်ကျွန်တော့်အတွက် မပြောလို့မဖြစ်တဲ့၊ ပြော မှဖြစ်မယ့်၊ ထူးပြီးဆန်းတဲ့ 'ကြဲဖန်' အကြောင်းပေါ့။ အဲဒါက ...။

✿ ✿ ✿

ဖြစ်တည်ခြင်းအစ

❑

မိုးနေဦးက နာရီကို မျှော်ကြည့်လိုက်သည်။ ရှစ်နာရီခွဲပြီးပြီ။

ဒေါ်လေးငယ်က သူ့သူငယ်ချင်းဆိုင်ကို အကျီမျိုးများ သွားပို့ခိုင်း၍ သူထွက်လာခြင်းဖြစ်သည်။ ဒေါ်လေးကြီးနှင့်ဒေါ်လေးငယ် အပျိုကြီးနှစ်ယောက် သည် သူတို့အစ်မ (မိုးနေဦးအမေ) နိုင်ငံခြားမှ ပို့ပေးလိုက်သော ရယ်ဒီမိတ် အကျီအထည်များကို အဝတ်အထည် ဖက်ရှင်ဆိုင်ဖွင့်ထားသည့် ထိုသူငယ် ချင်းဆိုင်သို့ လက်ကားဖြန့်ချိခြင်း ဖြစ်လေသည်။

သူကကားကို စိတ်အေးလက်အေး မောင်းလာလိုက်၏။

လမ်းထောင့်ချိုးရှိ ထမင်းဆိုင်လေးကို လှမ်းမြင်တော့ မိုးနေဦး အလိုလို မျက်မှောင်ကုပ်ပစ်လိုက်မိ၏။ သည်ဆိုင်မှ ကောင်မလေးက အတော် ရှိုင်းသည်။





တောက် ... ရှုပါလေး နည်းနည်းထွက်သလိုနဲ့ ပုံစံကျတော့ Angry Bird (ဒေါသအိုးငှက်ကလေး)။ မျက်နှာက ချောနေတာပဲ ...။

သူ အလိုမကျစွာ တွေးလိုက်မိ၏။

ကောင်မလေးသည် ခပ်ပွပွတီရှပ်နှင့် ဂျင်းဘောင်းဘီကို မသေ သေပ ဝတ်လေ့ရှိသည်။ ကက်ဦးထုပ်တစ်လုံးကိုလည်း ခေါင်းပေါ်တွင် မချွတ် တမ်း ဆောင်းထားတတ်၏။ ညအိပ်လျှင်တောင် ချွတ်မှ အိပ်ရဲ့လားပဲ။

လွန်ခဲ့သော တစ်နှစ်လောက်က ဖေဖေတို့သည် မြို့တောင်ပိုင်းမှ တိုက်ကိုရောင်းပြီး ဤမြို့လယ်မှ ခြံဝင်းကျယ်ကြီးနှင့် နှစ်ထပ်ခွဲတိုက်ကို ဝယ် ခဲ့သည်။ ခြံထဲတွင် ရေကူးကန်ပါထည့်ဆောက်ကာ တိုက်ကို စိတ်တိုင်းကျ ပြင်အပြီး မိုးနေတို့ ပြောင်းလာခဲ့ကြ၏။

သို့သော် ဖေဖေတို့က နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ကာ အထည်လုပ်ငန်း ဖက်စပ်လုပ်ကြသဖြင့် အိမ်တွင် အနေနည်းသည်။ နိုင်ငံခြား သို့ ကူးချည်သန်းချည်နှင့်မို့ မိုးနေမှာ မေမေ့ညီမများဖြစ်သော အဒေါ်အပျို ကြီးမကြီးတကြီး နှစ်ယောက်နှင့်သာ နေရသည်က များလေသည်။

သူတို့တိုက်နှင့် လေးငါးခြံအကျော်ရှိ လမ်းထောင့်ချိုးကွေ့နားတွင် လူမနေ မြေကွက်တစ်ကွက်ရှိသည်။ မနှစ်ကမှ ထိုမြေကွက်ဝင်းဝတွင် ပျဉ် ထောင်အိမ်လေးဆောက်ကာ ခြံစောင့်လူ လာနေသည်။ ထိုအိမ်၏ရှေ့ မြေ ကွက်လပ်တွင် ထမင်းဆိုင်ဖွင့်ထား၏။ ပြောင်းလာပြီး တစ်လခန့်အတွင်းမှာ ပင် ထိုရပ်ကွက် ထမင်းဆိုင်၏စရိုက်ကို စ,သိရတော့သည်။

တစ်နေ့ ... မိုးနေ အပြင်မှအပြန်အလာ ထိုလမ်းထောင့်ချိုးဘက် ဆီမှ ဆူညံအော်ဟစ် ရန်ဖြစ်နေကြသံကြားရသည်။ အမျိုးသမီး အငယ်သံ ရှူးရှူးက အကျယ်ဆုံးဖြစ်၏။

မိုးနေဦးက ကားကို လမ်းကွေ့ထိပ်မှ ခပ်ဖြည်းဖြည်း ချိုးကွေ့မောင်း ဝင်လိုက်စဉ်မှာပင် ထမင်းဆိုင်အတွင်းမှ ပန်းကန်ပြားပျံတစ်ချပ် ဝဲလွင့် ထွက်လာသည်။ မိုးနေက ကပျာကယာ ဘရိတ်ခွဲအုပ်ရပ်လိုက်မိ၍သာ တော် တော့သည်။ ပန်းကန်ပြားပျံသည် မိုးနေဦးကားရှေ့ တစ်လံကွာမျှလောက် တွင် ခွမ်းခနဲ အသံပေးလျက် ဆိုက်ရောက်ရပ်နား၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုထိလျှင်ကား မှန်ကွဲမည့် အသေအချာဖြစ်သည်။ ကျွဲ ဘရိတ်အုပ်သံနှင့် ကားကို ထိလုဆဲအခြေအနေကြောင့် ဆိုင်တွင်းမှ ရန်ပြ သံများ တိခနဲတိတ်သွားငေါ့။

မိုးနေဦးက ကားကို ရပ်လျက်သားနှင့် ဆိုင်ဘက်သို့ တအံ့တ လှည့်ကြည့်နေမိဆဲ ဆိုင်ထဲမှ ကောင်မလေးတစ်ယောက် ရုတ်ခနဲ ပြေးထွ လာသည်။ မိုးနေ၏ကားရှေ့တွင် ကျောက်ချရပ်ဆိုင်းသွားသော ပန်းကန်ပြ ပုံကွဲများကို လမ်းတစ်ဖက်ရောက်အောင် ဝေါကင်းရှူးစီးထားသောခြေ ဘောလုံးကန်သလို ဒေါနှင့်မောနှင့် ကန်ထုတ်လိုက်သည်။

နောက် ... သူမအပြုအမူကို ကားထဲမှ အကြောင်သားငေးနေ မိုးနေဦးအား ဘုကြည့်ကြည့်ကာ 'ခင်ဗျားက ... ဘာရပ်လုပ်နေတာလဲ။ ကို လမ်းကိုယ် ဆက်သွားလေ' ဟု ပေါက်လိုက်သေး၏။

မိုးနေဦး တင်းသွားသည်။ ကားမှန်ကို ဝင်မဆောင့်ရုံတမည့် ရ စပ်ဖြတ် ကျူးကျော်လာသော သူမ၏ ပန်းကန်ပြားပုံကိုစွကို တောင်းပ နေနေသာသာ သူမကပင် သူ့ကိုပြန်၍ ရန်ထောင်လိုက်သေး၏။

သူက ပြန်ဖြမည်အပြု ကောင်မလေးက သူ့အိမ်ဘက်ကြည့်နေ မှ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး မိုးနေဦးကိုပါ မျက်မှောင်ကြု ကြီးနှင့် လှည့်ကြည့်လာသည်။ နောက် မြေပြင်ကို ဖုန်များ ဖွာခနဲထသွ အောင် ခြေနှင့်ကန်လိုက်ကာ တစ်ဖက်သို့ ချာခနဲ လှည့်ထွက်သွားလေတော့ သည်။

"ဟော့ ... ဟော့ ..."

မိုးနေဦး တဟော့ဟော့ လှမ်းခေါ်ရင်း ပါးစပ်အဟောင်းသားဖြ စိတ်တိုတိုနှင့်သာ ကြည့်နေလိုက်ရတော့၏။

သည်ကတည်းက ထိုကျောက်ခေတ်လူရိုင်းမကို သူ့ မနှစ်မြို ခြင်းဖြစ်သည်။ ထိုစဉ်က ဆိုင်ထဲမှ အရက်အနည်းငယ် မူးနေဟန်ရှိသော အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦးထွက်လာပြီး 'ကားကို ထိမသွ ဘူးမို့လား' ဟု လာမေးဖော်ရ၏။ ကာယကံရှင် ပန်းကန်ပြားပုံလွှတ်တင်သူ 'မဂျစ်'ကိုယ်စား တောင်းပန်စကား ဆိုဖော်ရသည်။





လူကြီးက တောင်းတောင်းပန်ပန်နှင့် 'ဂျစ် ... စိတ်ဆိုးနေလို့ပါ' ဟုပြောခဲ့သဖြင့် ဂျစ်တူးရိုင်းမနာမည်ကို 'ဂျစ်' ဟု သိခဲ့ရ၏။

နာမည်က ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဆန်၊ ဂျစ်တဲ့။ ဘာကြီးမှန်းမသိဘူး။

ဆံပင်ကလည်း 'ရှိဟားနား' ကေလိုလို၊ တွံ့ုင်းလိုက်မင်းသား ကေလိုလို ... ဘာလိုလို တိုတို။

အပေါ်က ကက်ဦးထုပ်က မချွတ်တမ်းဆောင်းထားသဖြင့် ရှေ့နဖူး ပြင်တွင် တစောင်းကျနေသော ဆံပင်ရှည်နှင့် နောက်ဘက်က ဦးထုပ်အနား အောက်တွင် ဆံပင်အချို့ ခပ်တိုတို အစွန်းထွက်နေသည်ကိုသာ မြင်ရ၏။

မိန်းကလေးတန်မဲ့ ကြမ်းတမ်းသော အမူအရာနှင့် ပြုမူလှုပ်ရှားပုံ အထာက မိုးနေဦးမျက်လုံးထဲ ရေနောက်နေသည်။ လူရိုင်းမ ... မြင်တိုင်း မိုးနေဦး အလိုလို မျက်မှောင်ကြုတ်သွားမိသလို လူရိုင်းမကလည်း တကယ် ကို ထာဝရ Angry Bird ။

"ကျွိ ... ကျွိ ..."

အရိုင်းမနှင့် ခလုတ်တိုက်ဖြစ်ခဲ့သော ဟိုအရင်အကြောင်းကို တွေး မိရင်း ထမင်းဆိုင်ကို ကျော်လာပြီး တစ်ဆစ်ချိုးကွေ့သို့ ကားကိုကွေ့လိုက် ၏။ ထိုစဉ် လမ်းကိုမကြည့်ဘဲ ခေါင်းငိုက်စိုက်နှင့် ဖြတ်ကူးလိုက်သူတစ်ဦး ကို ရိပ်ခနဲတွေ့လိုက်သဖြင့် မိုးနေဦး ကမန်းကတန်း ဘရိတ်အုပ်လိုက်ရမလ သည်။ ကြည့်လိုက်တော့ ... လူရိုင်းမ။

"တောက် ... အရိုင်းမ၊ မြေတွင်း အောင်းချင်ပြီထင်တယ်"

စိတ်တိုတိုနှင့် သူ ရေရွတ်လိုက်၏။

"ဟော့ ... လမ်းကြည့်ကူးကွ၊ မျက်စိမပါဘူးလား ..."

ကားပေါ်မှ ခေါင်းပြူကာ သူ လှမ်းချဲလိုက်သည်။

"မျက်စိပါလား မပါလား ... ခင်ဗျား မမြင်ဘူးဆိုတော့ မျက်စိ မပါတာက ခင်ဗျား ...။ ကားမောင်းရင် မျက်စိပါမှမောင်း။

"ဘာ ..."

မိန်းကလေးဖြစ်ပြီး 'ရှင်' လို့မပြောဘဲ 'ခင်ဗျား' လုပ်နေးတယ်။ ယောကျ်ားလျာမ။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့အောက် နှစ်နှစ်သုံးနှစ်မျှ ငယ်ဦးမယ်ထင်သည်။ ရှိလှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်ပေါ့။ ကိုယ့်ထက်အကြီးကိုများ ရိုင်းလိုက်တာ။ လက်လန်တယ်။ မဟုတ်ဘူး အကုန်လန်ပါရဲ့။ သူကလည်း မှားသေး၊ သူကပဲ ဖြန့်အော်ရတယ်ရှိသေး။ အံ့ပါရဲ့။

မိုးနေဦး ဒေါသဖြင့် ရုတ်တရက် စကားမထွက်နိုင်သေးဘဲ လူရိုင်းမကိုသာ မျက်မှောင်ကြီး အသေကုပ်ကာ သူ့ကိုယ်သူ Angry Bird လုပ်ပစ်လိုက်၏။

"ဘာလဲ ... မကျေနပ်ဘူးလား ... Birthday ပဲ ..."

"ဘာ ... တောက် ..."

တစ်နေ့ကမှ သူ Birthday ဆိုသော စကားလုံးအသုံးကို သူ့သူငယ်ချင်း လင်းဆက်အောင်နှင့် ပြောဖြစ်ကြသေးသည်။

Happy Birthday to You.... မွေးနေ့ ဆုတောင်းသီချင်းကို မျက်ကာ ထိုတေးသွားသံစဉ်အလိုက် 'ဟက်ပီးဘာ့ဒ်ဒေး ... တူးယူ မကျေနပ်ရင် အိန္ဒ' ဟု အစားသုံး၏။ တစ်စုံတစ်ရာ မကျေလည်လျှင်၊ အဆင်မပြေလျှင် 'မကျေနပ်ရင် လဲသေလိုက်'ဟူသော ပမာမခန့်အပြောမျိုးဖြစ်သည်။ ထို့ကြောင့် ယင်းအဓိပ္ပာယ်ကို အတိုချုံ့ကာ Birthday ဟု ပြောလိုက်ခြင်းသည် မကျေနပ် လဲသေလိုက်ဟု ချဲလိုက်ခြင်းပါတည်း။

သူက ရှုံ့မဲ့မဲ့နှင့် ဒေါသနင်နေဆဲ အရိုင်းမကတော့ ထုံးစံအတိုင်း တစ်လောကလုံးကို တစ်ယောက်တည်း ပိုင်ခံရန်ဖြစ်ချင်နေသော 'ရန်လိုမ' ပုံစံနှင့် ပေစောင်းစောင်းလုပ်ပြီး ဆက်ထွက်သွားလေသည်။

တစ်ယောက်နှင့်တစ်ယောက် မြင်သည်နှင့် ခင်မင်နှစ်လိုချစ်ခင်ကြလျှင် ဘဝရေစက်ပါသည်ဟု ဆိုကြသည်။ သူနှင့် အရိုင်းမကတော့ မြင်သည်နှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မရစရာသာ ကြုံနေရ၏။

ဘဝ ...ဘဝ ...က 'ရေစက်'တော့ မဟုတ်ဘူး။ 'သံပုရာစက်' ...'ရှောက်သီးစက်' ပါလာတာပဲဖြစ်မယ်။

မိုးနေဦး အချဉ်ပေါက်ကာ တွေးမိလေသည်။

✿ ✿ ✿

❑

"လင်းဆက်အောင်ရေ ...လင်းဆက်အောင် ..."

ကျွန်တော့်သူငယ်ချင်း ဘုန်းဝေ၏ အသံပြကြီးကြောင့် ကျွန်တော် သန့်နိုးသွားသည်။ တကယ်တော့ သည်လိုနေ့ခင်းများတွင် ကျွန်တော် အိပ်လေ့မရှိပါ။ မအိပ်ခင်ကြည့်မိသော နိုင်ငံခြားရုပ်ရှင်တစ်ကားက ကျွန်တော် အိပ်ငိုက်သွားသည်ထိ ဖျင်းရိုဖွယ် ဆွဲဆောင်မှု ကောင်းလွန်းသောကြောင့်သာဖြစ်သည်။

"လင်းဆက်အောင် ...ဟေ့ကောင် ...လင်းဆက်အောင်"

ဘုန်းဝေက ညှော်ခန်းထဲရောက်သည်ထိ သူ၏အသံ Volumn ကို လျှော့ဘဲ အော်နေ၏။

"မင်းကလည်း ...အာပြဲကြီးနဲ့ အော်မနေနဲ့ ..ငါဒီမှာ .."

ကျွန်တော်က သူထပ်အော်မှာ စိုးသောကြောင့် အိပ်ခန်းထဲမှ ကမန်းကတန်း ထူးလိုက်ရသည်။

"အိမ်ရှေ့တံခါးကြီး ဖွင့်ထားပြီး မင်းက ဒီမှာနှပ်နေတယ် ...ဟုတ်လား ...။ သူခိုးဝင်ပြီး မင်းလည်ပင်း တက်နင်းသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

"မေမေရှိပါတယ်ကွာ။ မင်းက ဘာလာလုပ်တာလဲ"

"ငါတို့ ကြဖန်အိမ်မှာ ရေသွားကူးကြမလို့။ ရဲခနဲ့မိုးကြိုး အပြင်မှာစောင့်နေတယ်။ မင်းကိုလာခေါ်တာ"

"ဟာ ...နေ့ခင်းကြောင်တောင်ကြီးကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ဘာဖြစ်လဲ . . . နေမှမပူတာ။ ပြီးတော့ မနက်ပိုင်းဆို ဂိမ်းဆော့ရတယ်။ ညနေပိုင်းဆို ဘောလုံးကန်ရမယ်ကွ။ ဒီနေ့ခင်းပဲ ပျင်းစရာကောင်းနေတာ"

ဘုန်းဝေက ကျွန်တော်မလိုက်ဘူးဟု ငြင်းလျှင်ပင် တရွတ်တိုက်ဆွဲခေါ်မည်ပုံမျိုးနှင့် အတိုက်အခံ ပြောနေသည်။ ထို့ကြောင့် ကျွန်တော် သူနှင့်လိုက်ရန် ထလိုက်ရ၏။ ကျွန်တော်လည်း ပျင်းနေတာပဲ။

တက္ကသိုလ် နွေကျောင်းပိတ်ရက် ကာလများက ကျွန်တော်တို့သူငယ်ချင်းတစ်စုကို သည်သို့ ပျင်းရိစေသည်ပဲ။

ကျွန်တော်တို့လေးယောက် စက်ဘီးကိုယ်စီနှင့် ကြဲဖန်၏အိမ်သို့နင်းလာကြသည်။ ကြဲဖန်က မြို့လယ်မကျတကျမှ လူကုံထံရပ်ကွက်မှာ နေ၏။ သူလည်း ကျွန်တော့်လိုပင် တစ်ဦးတည်းသောသားဖြစ်သည်။ သူဌေးသားဖြစ်သော ကြဲဖန်၏နေအိမ်သည် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်အတွက်တော့ အဆင်ပြေစခန်းကြီးပင်ဖြစ်သည်။ ယခုလို ကျောင်းပိတ်ရက်များ၌ ကြဲဖန့်အိမ်တွင် ကျွန်တော်တို့ အချိန်ဖြုန်းလေ့ရှိသည်။

ကြဲဖန့်မိဘများက နိုင်ငံခြားနှင့်ဆက်နွယ်သော လုပ်ငန်းလုပ်ကြသူများဖြစ်ပြီး တစ်လလျှင် ရက်သုံးဆယ်ခန့် နိုင်ငံခြားမှာ သွားနေကြသည်။ ကြဲဖန်က သူ့အဒေါ် အပျိုကြီးမကြီးတကြီးနှစ်ယောက်နှင့် ကျန်ခဲ့လေ့ရှိ၏။ သူ့အဒေါ်နှစ်ယောက်ဆိုသည်ကလည်း တစ်နေ့လျှင် လေးဆယ့်ရှစ်နာရီလောက် Shopping သွားနေတတ်ကြသူများမို့ ပြောရလျှင် အိမ်မှာ ကြဲဖန်တစ်ယောက်တည်းရှိသည်က များလေသည်။

ထိုသို့ လွတ်လပ်ခြင်းက ကြဲဖန့်အိမ်သည် ကျွန်တော်တို့လူငယ်တစ်စုအတွက် အဆင်ပြေစခန်းဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

ကြဲဖန်တို့ ခြံထဲသို့ ခြံစောင့်ကြီးဖွင့်ပေးသော တံခါးမှဝင်လာပြီး ကျွန်တော်တို့စက်ဘီးများကို ပေါ်တီကိုရှေ့တွင် ထောင်ထားလိုက်ကြသည်။ ကြဲဖန့်ရှိမလားဟု ခြံထဲ ဟိုဟိုဒီဒီ ဝေ့ကြည့်နေဆဲ အိမ်ဖော်အဒေါ်ကြီး ထွက်လာပြီး . . .





"သားတို့သူငယ်ချင်းဆီ လာတာလား။ သူ အပေါ်ထပ်ဝရံတာမှာ ရှိတယ်"

ကျွန်တော်တို့က အဒေါ်ကြီးကို ရယ်ပြပြီး အပေါ်ထပ်လှေခါးဆီ ချိတက်လိုက်ကြသည်။

အပေါ်ထပ်ဝရံတာတွင် ကျွန်တော်တို့ဘက်ကို ကျောပေး၍ ခရင်းဘက်ပေါ်တွင် ထိုင်နေသော ကြဲဖန်ကိုတွေ့ရ၏။ သူက . . . တစ်စုံတစ်ရာစဉ်းစားလိုက် လက်ထဲမှ စာအုပ်ပေါ် ချရေးလိုက်လုပ်နေသည်။ ကျွန်တော်တို့ရောက်လာသည်ကို သိပုံမပေါ်ပါ။

သူ့ဘေးနားတွင် အိပ်နေသော သူ၏ခွေးကြီး 'ဘူးသီး' ကတော့ ခေါင်းတစ်ချက်ထောင်ကြည့်ပြီး မြင်နေကျ ကျွန်တော်တို့ကို စိတ်မဝင်စားဟန်နှင့် ပြန်အိပ်သွားသည်။ ကျွန်တော်တို့အချင်းချင်း တိုးတိုးနေရန် အချက်ပြပြီး ကြဲဖန့်နားသို့ အသံတိတ် ချဉ်းကပ်သွားကြ၏။

"ဟိတ်ကောင် . . . အရူး . . ."

ကျွန်တော်တို့အားလုံး ပြိုင်တူအော်လိုက်ကြသည်။ ကျွန်တော်တို့ကြံအစည် အောင်မြင်ပါသည်။ ကြဲဖန်သည် လက်ထဲမှ ဘောပင်နှင့်စာအုပ်လွတ်ကျသွားသည်အထိ ထိတ်လန့်သွား၏။

"အောင်မလေး . . . မင်းတို့ကောင်တွေကလည်းကွာ . . လန့်လိုက်တာ။ ကလူ . . . ကလူ . . . အာရုံတွေတောင် ပျွန်းကုန်ပြီ"

"ဖြစ်ရတယ် . . . မင်းက ဘာတွေ အာရုံယူနေလို့လဲ"

ဘုန်းဝေက ခပ်လှောင်လှောင် မေးလိုက်သည်။

"ငါ ဒီမှာ သုတေသနစာတမ်းတစ်ခု လုပ်နေတာကွ"

ကြဲဖန်အကြောင်းကို သိပြီးဖြစ်သော ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ပြုံးလိုက်မိကြသည်။ ရဲခက . . .

"ငါတို့ . . . ရေကူးရအောင် မင်းဆီထွက်လာတာကွ"

"အေး . . . သွားကူးကြလေ"

"ဟ . . . မင်းပါလိုက်ခဲ့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ အခေါ်စကားကို ကြဲဖန်က ပါမောက္ခတစ်ယော
၏ ဟန်ပန်မျိုးဖြင့် ခေါင်းခါပြပြီး …

"မင်းတို့ဘာသာ မင်းတို့ ကူးကြပါကွာ။ စားဖို့သောက်ဖို့ ဒေါ်ကြ
သီကို တစ်ခုခုစီစဉ်ခိုင်း။ ငါ့မားမားပို့လိုက်တဲ့ ဂိမ်းခွေသစ်လည်းရှိတယ်
မင်းတို့ဘာသာသာ ပျော်အောင်နေကြ။ ငါက ဒီမှာဆက်လုပ်လိုက်ဦးမယ်"

မိုးကြိုးက ကြဲဖန့်လက်ထဲမှ စာအုပ်ကို ဆွဲလုလိုက်ပြီး …

"ဟေ့ကောင် … ဘာမှ စကားရှည်မနေနဲ့။ ငါတို့လုပ်သမျှ မ
လည်း လိုက်လုပ်ရမယ်"

မြို့လူမိုက်ပုံစံမျိုးဖြင့် ပြောလိုက်သည်။ မိုးကြိုးလက်ထဲမှ ကြ
ပြန်ယူရန် ကြိုးစားနေသော စာအုပ်ကို ကျွန်တော်က ကြားဖြတ်လုလို
ကာ …

"မင်းက ဘာသုတေသနစာတမ်းကိုများ ဒီလောက် အရေးတကြ
ပြုစုနေရတာလဲ။ ကျောင်းတွေလည်း ပိတ်ထားတဲ့ဟာကို"

ပြောရင်းဆိုရင်းပင် သူ၏ ရေးလက်စာကြောင်းကို ဖတ်ကြ
လိုက်မိသည်။

"ဟ … ဘာလဲဟ … မင်းကွာ … ကြဲကြဲဖန်ဖန်"

ကျွန်တော့်မှာ ရယ်ရအခက်၊ ငိုရအခက်နှင့် ညည်းတွားလို
မိသည်။

"ဟ … ဒါ သိသင့်တဲ့ ကိစ္စမျိုးပဲလေကွာ"

ကြဲဖန်က မကျေမနပ်ရေရွတ်ပြီး သူ့စာအုပ်သူ ပြန်ယူလိုက်သည်
ကျန်သူငယ်ချင်းများက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်၍ …

"သူ ဘာတွေရေးနေတာလဲ"

"ဘာလဲကွ"

"သူရေးနေတဲ့စာတမ်းက 'ခွေးတစ်ကောင်၏ အတွေးများ'
ကွာ"





စိတ်ပျက်လက်ပျက်နှင့် ဖြေလိုက်သော ကျွန်တော့်အဖြေကြောင့် သူ
ငယ်ချင်းအားလုံး ဝိုင်းရယ်ကြတော့သည်။ ကြဲဖန်က ပွဲကျနေသော ကျွန်
တော်တို့လူစုကို ပေစောင်းစောင်းကြည့်၍ အိမ်ထဲဝင်သွားပြီး …

"အဲဒါပဲ … မင်းတို့ကောင်တွေ လောကကြီးကို စေ့စေ့စပ်စပ်
ခံစားတတ်ကြဘူး။ ဒါကြောင့်လည်း မင်းတို့ဘဝကြီးက ခြောက်သွေ့နေ
တာ"

သူ အော်ပြောနေ၏။

"အမလေးကွာ … ခွေးတစ်ကောင်ရဲ့ အတွေးတွေကို လေ့လာ
ပြီးမှ ဘဝကြီး စိုပြေမယ်ဆိုရင်လည်း နေပါစေတော့။ မင်းဟာမင်းသာ ခြောက်
ခြောက်စိုစို ဆက်လိမ့်ပါ … ကိုကြီးကြဲဖန်ရယ်"

ရဲခ၏ ခနဲ့ပြောလိုက်သောစကားကြောင့် ကြဲဖန်သည် အိမ်ထဲမှ
ကျွန်တော်တို့ရှိရာ ဝရံတာဆီ ပြန်ထွက်လာ၏။

"ဟ … ငါတို့လူတွေနဲ့ ပတ်သက်ပြီး သူ ဘယ်လိုတွေးမလဲဆို
တာ စိတ်ဝင်စားစရာ သိပ်ကောင်းတာကွ"

အနီးရှိခွေးကြီး 'ဘူးသီး'ကိုလက်ညှိုးထိုးကာ ပြောလိုက်သည်။

"မင်းတို့ကို ဥပမာတစ်ခု ပြောပြမယ်။ ငါ့ခွေးကြီး ဘူးသီးကို ရှူး
ပေါက်ဖို့ဘာဖို့ ခြံပြင်ထုတ်တယ်လေ။ အဲဒီတော့ ဘူးသီးစိတ်ထဲမှာ ဘယ်
လိုမှတ်မလဲ … ခြံပြင်ထွက်ပြီဆိုရင် ရှူးပေါက်ဖို့လို့မှတ်မယ်"

ကြဲဖန်ကပင် ဆက်၍ …

"အေး … ငါတို့တွေ အပြင်ထွက်ကြတာကိုကော ဘူးသီးစိတ်ထဲ
ဘယ်လိုတွေးမလဲ။ ငါ့သခင်တွေ ရှူးပေါက်သွားကြပြီလို့ သူတွေးမှာပေါ့။ ငါ
တို့လူတွေ အပြင်သွားရင် ကြာတတ်တော့ လူတွေဟာ ခွေးတွေထက် ရှူး
ပေါက်တာပိုကြာတယ်လို့ သူတွေးလိမ့်မယ်။ အဲလိုမျိုးလေးတွေကို လေ့လာ
ရတာ ဘယ်လောက် စိတ်ဝင်စားဖို့ကောင်းလဲ … ကဲ …"

သူက အပိုင်ပြောနေ၏။ ကျွန်တော်တို့က ဝါးခနဲ ရယ်မိကြသည်။
မိုးကြိုးက အရှုံးပေးဟန် ခေါင်းယမ်းလိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ . . . ကြံဖန်ရာ၊ မင်းပြောသလိုပဲ စိတ်ဝင်စားစရာကော
ပါတယ်။ အဲဒီတော့ မင်းက အဲဒါတွေ ဆက်လေ့လာ။ ငါတို့ကတော့ ...
သွားကူးတော့မယ်နော်"

"သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲဟေ့"

သူ့ဘာသာ တစ်ယောက်တည်းရေရွတ်ရင်း ထွက်သွားသော မိုးကြို...
နောက်သို့ ကျွန်တော်ရော ရဲခပါ လိုက်သွားကြသည်။ ဘုန်းဝေကတော့

"လာပါ . . . ကြံဖန်ရာ၊ ငါတို့ အတူတူ ရေသွားကူးရအောင်။ ...
သုတေသန နောက်မှလုပ်ပါကွာ"

ထပ်၍ ကြိုးစားခေါ်ကြည့်နေ၏။ ကြံဖန်က . . .

"ဒါက ချာန့်ဝင်တုန်း လုပ်ရတာကွ။ မင်းတို့ဘာသာ မင်းတို့...
သွားကြပါဆိုကွာ "

အလျှော့မပေးဘဲ ခပ်တင်းတင်းပင် ငြင်းဆန်လိုက်သည်။

"ဒါဆိုလည်း ပြီးရောကွာ"

ကြံဖန်က ထွက်သွားသော ဘုန်းဝေကိုကြည့်ရင်း . . .

"လူတွေမှာ ခွေးတွေနားမလည်တဲ့ လုပ်ငန်းဆောင်တာတွေ ...
တော်များတယ်။ အင်္ကျီတွေ မီးပူတိုက်တဲ့ကိစ္စမျိုးကို ခွေးတွေက ဘယ်...
တွေးမှာပါလိမ့် . . ."

ကြံဖန်သည် သူ့ဘာသာ တီးတိုးရေရွတ်ရင်း Dream Bed (အ...
ဘက်)ပေါ်သို့ ပြန်ထိုင်ချလျက် ကျန်ခဲ့တော့သည်။

ထိုနေ့ ညနေစောင်းသည်ထိ ကျွန်တော်တို့ ကြံဖန့်အိမ်တွင် အ...
ဖြုန်းကြသည်။ ကြံဖန်မပါဘဲနှင့်ပေါ့။

ကျွန်တော်တို့ ရေကူးပြီးနောက် ကြံဖန့်အမေ နိုင်ငံခြားမှ ပို့လို...
သော ဂိမ်းအသစ်ကို ဆော့ကြသည်။ ထိုဂိမ်းသည် နောက်ဆုံးထွက်ဖြ...
အလွန်စိတ်ဝင်စားစရာ ကောင်းလှ၏။ ထိုသို့ ကျွန်တော်တို့ ပျော်မြူးနေ...
တွင် ကြံဖန်ကတော့ သူ၏ ခွေးသုတေသနစာတမ်းကြီးဖြင့်သာ တကုပ်တ...
အလုပ်ရှုပ်လျက်ရှိလေသည်။





ဂိမ်းထဲတွင် စိတ်နှစ်နေကြသော ကျွန်တော်တို့လူစုမှာ အချိန်မည်
... ကုန်လွန်သွားမှန်းပင် မသိလိုက်။ ဘုန်းဝေအမေက ညစာစားရန် ဘုန်းဝေ
ကို ဖုန်းဆက်၍ ပြန်ခေါ်မှ ကျွန်တော်တို့အားလုံး ပြန်ရန်သတိရကြသည်။
ဘုန်းဝေတို့မိသားစုက ထိုသို့ပင်။ တစ်အိမ်သားလုံး တစ်နေကုန် ဘယ်သွား
သွား ဘာလုပ်လုပ် ညစာကိုတော့ မိသားစု လက်ဆုံစားလေ့ရှိကြသည်။

"ငါတို့လည်း ပြန်ကြမှ။ ညနေတောင် စောင်းနေပြီ"

ဟိုကောင် ကြောင်ကြံဖန်ကောင် ဘယ်ရောက်နေလဲ။ သူ့သုတေသန
ကြီး မပြီးသေးဘူးလား"

ရဲခက အညောင်းဆန့်ရင်း ပြောလိုက်သည်။

ကျွန်တော်တို့ ဂိမ်းခန်းထဲက ထွက်လာတော့ အောက်ထပ်တွင်
ကြံဖန်ကို မတွေ့ရပါ။ ဒေါ်ကြီးသီက . . .

"အပေါ်မှာ" ဟူ၍ . . .။

သူ့ကိုနှုတ်ဆက်ရန် ကျွန်တော်တို့အားလုံး အပေါ်ထပ်သို့ တက်လာ
ကြသည်။ အပေါ်ထပ်ဝရံတာတွင် ကြံဖန်ကို နွေခင်းကပုံစံအတိုင်း ဒရင်းဘက်
ပေါ်တွင် စာအုပ်တစ်အုပ် ဘောပင်တစ်ချောင်းနှင့် အလုပ်ရှုပ်နေဟန်မျိုး
တွေ့ရ၏။ သူ့ဘေးစားပွဲပေါ်တွင် စားသောက်လက်စမုန့်နှင့် ကော်ဖီပန်းကန်
ရှိနေသည်။

ကြံဖန်၏ ကြံဖန်ကြောင်ကွက်များကို သိပြီးဖြစ်သော ကျွန်တော်
တို့လူစုသည် သူ့အား အထွေအထူး ဘာမျှပြောမနေတော့ဘဲ . . .

"ဟေ့ကောင် . . . ငါတို့ပြန်တော့မယ်"

ဘုန်းဝေက နှုတ်ဆက်လိုက်သည်။ ရဲခကတော့ စိတ်အားထက်
သန်စွာဖြင့် . . .

"မင်းဂိမ်းအသစ်က တကယ်မိုက်တယ်ကွ။ မင်းရော ဆော့ကြည့်
ပြီးပြီလား၊ လယ်ဘယ် ဘယ်လောက်ထိအောင်လဲ၊ မင်းမနက်ဖြန် ဘယ်မှ
သွားဘူးဆိုရင် ငါလာဆော့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တရစပ် ပြောနေသည်။

"လာလေ ... ငါ အိမ်မှာပဲရှိမှာပါ။ မင်းတို့ကို ငါလိုက်ပို့ရဦး မလား"

"ရတယ် ... ငါတို့မှာ စက်ဘီးတွေပါတယ်"

ကျွန်တော်တို့ပြောပြီး လှည့်ထွက်လာတော့ ....

"ခဏလောက် နေကြပါဦးလား။ ငါ့စာတမ်းကို ဖတ်မကြည့်ကြ တော့ဘူးလား"

ကြဖန်၏ ပေါက်တတ်ကရ စာတမ်းကြီးကို ကြားနာရမည်စိုးသော ကြောင့် သူ့စကားအား ကျွန်တော်တို့ မကြားချင်ယောင်ဆောင်ကာ လှေခါး မှ အလုအယက် တိုးဆင်းလာကြသည်။ သို့သော် ကြဖန်က ကျွန်တော်တို့ နောက်မှ လိုက်ဆင်းလာပြီး ...

"မင်းတို့ ... မနက်ဖြန်စောစော လာခဲ့လေ။ ဘူးသီးရဲ့စိတ်ထဲမှာ ငါတို့ ခွေးတွေလို လေးဖက်ထောက်သွားရင် အဆင်ပြေနေတဲ့ကိစ္စကို လူတွေ ဟာ ဘာလို့များ အပင်ပန်းခံပြီး ခြေနှစ်ချောင်းနဲ့ ပတတ်ရပ်သွားနေကြလဲ ဆိုတဲ့ အတွေးမျိုးကို ဘယ်လိုလေ့လာရတယ်ဆိုတာ ငါပြန်သင်ပေးမယ်"

ထိတ်လန့်သွားသော ကျွန်တော်တို့မျက်နှာကို သတိမပြုမိဘဲ ကြဖန် က ဆက်၍ ...

"မင်းတို့ မနက်ဖြန်လာမှ ရမှာနော်။ သန်ဘက်ခါကျရင် ငါက စာတမ်းအသစ်တစ်ခု စ,ရတော့မှာမို့ မင်းတို့ကို မသင်ပေးအားတော့ဘူး"

စောစောက ဂိမ်းလာဆော့ဦးမယ်ပြောခဲ့သော ရဲခအပါအဝင် ကျွန် တော်တို့အားလုံး မနက်ဖြန်တွင် ကြဖန်အိမ်ဘက် ခြေဦးမလှည့်ကြရန် အခိုင်အမာ ဆုံးဖြတ်ချက် ချလိုက်မိကြသည်။

"ခွေးတွေလို နန့်စရာအမြီးမပါတဲ့ ငါတို့လူတွေဟာ ခွေးတွေအမြင် မှာ တုံးတိတိကြီး ဖြစ်နေမှာကွ။ အဲဒါတွေ မနက်ဖြန်တော့ သင်ပေးပါ့မယ် ကွာ ... စိတ်မပူကြပါနဲ့"





ကျွန်တော်တို့ မြေဝရောက်သည်ထိ နောက်မှ အော်ပြောနေသော ကြဖန်ကို ...

"အူကြောင်ကျား ..."

ကျွန်တော်တို့အားလုံး တိုင်ပင်မထားဘဲ ပြိုင်တူ ထောပနာပြုလိုက် ကြသည်။ တီးတိုးလေးပေါ့။

ဟုတ်တယ်လေ ... အကျယ်ကြီးတော့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ။ တစ်နေကုန် သူ့အိမ်မှာ ထင်တိုင်းကြဲစားကြတာကို။

ဒါပေမဲ့ ... ဆဲသာဆဲလိုက်တာပါ။

ကျွန်တော်တို့အားလုံး သူ့ကိုချစ်ပါတယ်။ အထူးသဖြင့် ကျွန်တော် နဲ့ဆို ကြဖန်က ပိုရင်းတယ်။ တစ်ဦးတည်းသောသားတွေချင်းမို့ တစ်ယောက် ကိုတစ်ယောက် ပိုပြီး တွယ်တာမိကြသလားပဲ။

သူကလည်း ကျွန်တော်တို့တွေ သူ့ကို ဘယ်လို ပြောပြော၊ စစ အယ်တော့မှ စိတ်မဆိုးဘူး။ သူငယ်ချင်းတွေအပေါ် ချစ်ရှာတယ်။ သည်းခံ တယ်။ အနစ်နာလည်း ခံတယ်။ သူငယ်ချင်းတွေ ဘာလိုလဲ၊ ဘာလုပ်ချင် သလဲ၊ ဘာကူညီရမလဲ။ အမြဲလိုက်ကြည့် လိုက်ဖြည့်ဆည်းနေတတ်တဲ့ ကြဖန် ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

"ချာတိတ် ... ဒီအထုပ် ခဏသိမ်းထားပေးစမ်းကွာ"

ကိုကြီးလှမ်းပေးသော စက္ကူအနီအိတ်နှင့်ထည့်ထားသည့် အထုပ်ကို လှမ်းယူရင်း ဘာတွေလဲဟု မေးလိုက်သည်။ ကိုကြီးက မဖြေ။ ကိုကြီးဘေးက ကုလားနှင့် မောင်ဝင်းကလည်း မဖြေ။ ဂျန်က သူတို့မျက်နှာများကို တလှည့်စီ ကြည့်လိုက်၏။

"ဘာလဲ .. အလုပ်သစ် ဝင်ပြန်ပြီလား"

"ကျွတ် ... လျှာမရှည်စမ်းနဲ့ကွာ။ ဘယ်က အလစ်သုတ်လာရမှာလဲ။ ပေါ်ချောင်ကောင်းရလို့ ပြန်ရိုက်မလို့ ဝယ်ထားတာ"

ဂျန်က နှာခေါင်းရှုံ့ပြီး ကိုကြီးကို မျက်စောင်းထိုးလိုက်၏။ မယ်ရင် ခက်မယ်။

စိတ်ထဲက တွေးလိုက်သော်လည်း နှုတ်ကမူ ဘာမျှမပြောဖြစ်လိုက်တော့။ ဘာပဲဖြစ်ဖြစ် ကိုကြီးပြောသလို သူတို့ [illegible]ရိုက် (ပြန်ရိုက်စားလုပ်ရောင်း) ပြီးလျှင် သူမဖို့လည်း ငွေအနည်းအကျဉ်း ပေးပေလိမ့်မည်။ သူမ သုံးဖို့စွဲဖို့ရလျှင် ပြီးတာပဲ။





ဂျန်က တွေးလိုက်ပြီးမှ မောင်လေး ရန်ရန်မျက်နှာကို ကွက်ခနဲ မြင်ယောင်လိုက်မိ၏။

မနက်က သူမ အိမ်မှမထွက်ခင် သူ့မောင်လေး ရန်ရန်က ပုံပြင်စာအုပ်တစ်အုပ်ကိုင်လျက် သူမကို လာမေးသည်။ စာအုပ်ထဲတွင် ပါသော ကောင်းသော အသက်မွေးခြင်းဆိုတာ ဘာလဲတဲ့။

ဂျန်က ပုံပြင်ကို အကြမ်းဖျင်း ဖတ်လိုက်ပြီးမှ စာအုပ်ထဲက အဆိုကို ရှင်းပြရသည်။ ကောင်းသောအသက်မွေးခြင်းဆိုတာ အကုသိုလ်ဖြစ်မဲ့ အလုပ်တွေနဲ့ ဝမ်းမကျောင်းရ၊ သူတစ်ပါးကို မထိခိုက်စေဘဲ မလိမ်မညာ မခိုးမဝှက်ဘဲ ကောင်းသောအလုပ်ကိုသာ လုပ်ကိုင်စားသောက်ခြင်းမျိုးဖြစ်သည်ဟု ပြောပြလိုက်သည်။

သားတို့ကြီးလာရင် အဲဒီလိုကောင်းသော အသက်မွေးခြင်းမျိုးပဲ လုပ်ကြမယ်နော် မမဟုဆိုလျက် မောင်လေး ထသွား၏။

ငါးတန်းတက်စ ဆယ်နှစ်အရွယ် သူမ၏မောင်ကို ဂျန် အငေးသား ကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။ ခု သူမက ...

ဂျန်သည် ကိုယ်တိုင်ကတော့ သူများပစ္စည်းကို ခိုး၊ ဝှက်၊ အလစ်သုတ်ခြင်းမျိုး မပြုခဲ့ဖူးပါ။ ဂျန့်ရည်းစား ကိုကြီးကျော်လှကသာ ...

ဂျန် သက်မချလိုက်မိ၏။ သူမသည် ကိုယ်တိုင်မလုပ်သော်လည်း ကိုကြီးနှင့် သူ့အပေါင်းအသင်းများ လုပ်သည်ကို သိ၏။ ကိုကြီးကျော်လှတို့သည် ခိုးခြင်း၊ ဝှက်ခြင်း၊ အလစ်သုတ်ခြင်း မဟုတ်သော်ငြား လိမ်၍ပတ်၍ ရိုက်စားလုပ်၍ ငွေရှာ၏။ ဂျန်က သိလျက်နှင့် ထိုအလုပ်တို့မှရသော ငွေကို ကိုကြီးထံမှ လက်ဝေခံသုံးစွဲ၏။

တကယ်တော့ ဂျန် ထိုငွေများကို မယူချင်ပါ။ သို့သော် သူမတွင် ရွေးချယ်ပိုင်ခွင့်မရှိ။

သူမ ကိုးနှစ်သမီးအရွယ်၊ မောင်လေးရန်ရန်က တစ်နှစ်ကျော် အရွယ်လည်းမျှတွင် မိဘနှစ်ပါး ခုံးပါးခဲ့ရ၏။ အဖေနှင့်အမေသည် မြို့မ[illegible]တွင် တုန်စုံဆိုင်ရှိရာ အရောင်းအဝယ်ကိစ္စနှင့် ခရီးသွားစဉ် ယာဉ်မတော်တဆမှုဖြစ်ပြီး သေဆုံးခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဂျွန်မှာ အနည်းငယ် နားလည်စအရွယ်ဖြစ်၍ အဖေ့ညီ ဦးလေးအုန်းမြင့်တို့ ပြောစကားအရ သိခဲ့ရခြင်းဖြစ်လေသည်။ ဂျွန့်အမေဘက်က အဘိုးအဘွားများမှာ အမေနှင့်အဖေ အိမ်ထောင်ကျစကပင် ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြသည်ဖြစ်ရာ တစ်ဦးတည်းသမီး အမေ့မှာ အားကိုးရာ အဖေ့တစ်မျက်နှာသာ ရှိခဲ့လေသည်။

ထိုအထဲ အဖေရောအမေပါ ရုတ်တရက် ကွယ်လွန်ကြသည်တွင် အမေ့ဘက်က ဆွေမျိုးအရင်းအချာမရှိ၍ ဂျွန်နှင့် မောင်လေးရန်ရန်ကို အဖေ့ညီဦးလေးအုန်းမြင့်က ခေါ်ယူစောင့်ရှောက်ထားရလေသည်။ အမေ့ဘက်ကလည်း သည်ညီအစ်ကိုသာ ရှိသောကြောင့်ဖြစ်၏။

ဂျွန့်မိဘများကျန်ခဲ့သော ကုန်စုံဆိုင်ကိုလည်း အရွယ်မရောက်သေးသော ဂျွန်တို့မောင်နှမ၏ အုပ်ထိန်းသူ ဦးလေးအုန်းမြင့်နှင့် ဇနီးဒေါ်တင်က ရကာ ဆက်လုပ်ကိုင်ခဲ့သည်။

ဦးလေးသည် ဂျွန့်အဖေနှင့်မတူ။ အဖေက အသောက်အစား မျှော်လှူအေး။ ဦးလေးကမူ သဘောကောင်းသော်လည်း အရက်လေးတမြမြနှင့် အလုပ်လက်ကြောတင်းသူမဟုတ်။ သို့နှင့်ပင် အဖေတို့၏ကုန်စုံဆိုင်မှာ ဦးလေးအုန်းမြင့်လက်ထဲရောက်မှ ပြုတ်ပြုတ်ပြုန်းရတော့သည်။

အဖေတို့ဆုံးကာစက အိမ်နှင့်ဆိုင်ကို ရလိုက်သဖြင့် ဦးလေးမိန်းမ ဒေါ်ကြီးတင်က ဂျွန်တို့မောင်နှမကို ဖူးဖူးမှုတ်ခဲ့သော်လည်း သူတို့ လုပ်ရင်းကိုင်ရင်း ဦးလေးကလည်း လက်ကြောမတင်း၊ ဒေါ်ကြီးတင်ကလည်း အကွက်စေ့သူမဟုတ်၍ မလုပ်တတ် မကိုင်တတ်နှင့် ကုန်စုံဆိုင်ပြုတ်သွားခဲ့ရတော့၏။

သည်နောက်ပိုင်း စီးပွားကျသည်နှင့်အမျှ ဂျွန်တို့မောင်နှမကို ဒေါ်တင်က မကြည်ဖြူချင်တော့။ ဦးလေးဖြစ်သူက တူနှင့်တူမကို ချစ်ခင်ရှာသော်လည်း သူကိုယ်တိုင်ပင် မယား၏ဝင်ငွေဖြင့် အဓိကရပ်တည်ရသူမို့ မယားကို မကျော်နိုင်။

သို့နှင့် နောက်ဆုံး ဂျွန်တို့မိဘများချန်ခဲ့သော အိမ်ကိုရောင်းကာ ဦးလေးခြံစောင့်အလုပ်ရသည့် မြေကွက်ရှိရာ ပြောင်းလာကြသည်။ မြေပိုင်ရှင်များက နိုင်ငံခြားတွင်နေသည်ဟု သိရ၏။ ထိုမြေကွက်တွင် ပျဉ်ထောင်အိမ်





လေးတစ်လုံး ဆောက်ပေးပြီး ဦးလေးကို ခြံစောင့်အနေနှင့် နေစေခဲ့သည်။ ထိုနောက်ပိုင်း ဂျွန်တို့အမွေ အိမ်ရောင်းရငွေနှင့် ဒေါ်ကြီးတင်က ထမင်းဆိုင်ဖွင့်ခဲ့ခြင်းဖြစ်လေသည်။

ဟိုတစ်နှစ်က ဂျွန်ဆယ်တန်းကျတော့ ဒေါ်ကြီးတင်က စီးပွားရေးမကောင်းရသည့်အထဲ ကျောင်းစရိတ်က နှစ်ယောက်စရိတ်ဆိုတော့ နောက်တစ်နှစ်ဖြေဖို့ ကျူရှင်ခလည်း မတတ်နိုင်ဘူး။ ဖြေချင်ရင် အပြင်ကဖြေစသည်ဖြင့် တဖျစ်တောက်တောက်လုပ်နေသဖြင့် ဂျွန် ကျောင်းထွက်ခဲ့ရသည်။ ဒေါ်ကြီးတင်က ကျူရှင်ခ မတတ်နိုင်ဘူးသာပြောသည်၊ တကယ်တော့ ဂျွန့်ကို ကျူရှင်ထားပေးခဲ့သည်မဟုတ်ပါ။ မသိလျှင် ကျူရှင်ထားခဲ့လျက်နှင့် ဂျွန်ညံ့လို့ပဲ ကျသလိုလို အသံကောင်း လွှင့်ခဲ့ခြင်းဖြစ်ပါသည်။

အမှန်က သည်မှာထမင်းဆိုင်ဖွင့်ရန် ရည်ရွယ်ချက်ရှိရာ သားသမီးမရှိသော ဒေါ်ကြီးတင်အတွက် ဂျွန့်လုပ်အားလိုမည်က အဓိကဖြစ်သည်ဟု ဂျွန်ထင်သည်။

ဂျွန်က ဆယ်တန်းမအောင်သေးသော်လည်း သိနားလည်သည့်အရွယ် ရောက်နေပြီမို့ ဂျွန့်မိဘများသည် ချမ်းသာသည်ဟုမဆိုနိုင်သည့်တိုင် အတော်အသင့် စီးပွားရေးပြေလည်ခဲ့သည်ကိုမူ ဂျွန် မှန်းဆသိနိုင်ပါ၏။

ဂျွန်တို့မောင်နှမသည် ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် စသည်ဖြင့် ရွှေထည်လေးများ ဝတ်ခဲ့ရသည်။ ဂျွန့်မေမေ ပြည့်ပြည့်စုံစုံ ဝတ်သည်ကိုလည်း မြင်ဖူးခဲ့၏။ ဖေဖေ့သံသေတ္တာထဲတွင် ငွေများ အထပ်လိုက်လည်း တွေ့ဖူးခဲ့သည်။

ထို့ကြောင့် မိဘများချန်ထားရစ်ခဲ့သည့် ငွေကြေးဥစ္စာက နည်းမည်တော့မဟုတ်ပါ။ အဖေတို့ဆုံးပါးပြီးစ နှစ်များအတွင်း ဦးလေးအုန်းမြင့်နှင့် သူ့ဇနီးဒေါ်ကြီးတင် ရွှေငွေတွဲလဲဖြင့် လမ်းများခဲ့ပုံကိုလည်း ဂျွန်မှတ်မိ၏။ ကုန်စုံဆိုင်ကို ဆိုင်အကူများနှင့် ပစ်ထားကာ ဦးလေးတို့လင်မယားက အပြင်ချည်းထွက်နေကြသည်က များလေသည်။

ဂျွန်တို့မောင်နှမ ကျောင်းကပြန်လာတိုင်းလိုလို ဆိုင်မှာ ဦးလေးတို့ကို မတွေ့ရ။ သည်ကြားထဲ ဒေါ်ကြီးတင်က နှစ်လုံးဆိုလား၊ သုံးလုံးဆိုလား သွားသွားထိုးသေး၏။ တိုတိုပြောရလျှင် အလုပ်ကို ကောင်းကောင်းမလုပ်ဘဲ သည်



www.burmeseclassic.com

www.burmeseclassic.com



သို့ အသုံးကြမ်း၊ နှစ်လုံးသုံးလုံးထိုး၊ ပပလွှားလွှားနှင့် ထင်သလိုနေခဲ့သည့် အတွက် ဦးလေးတို့စီးပွားပျက်ကာ ဂျန်တို့အမွေလည်း ကုန်ခဲ့ခြင်းဖြစ်မည် ကို အရွယ်ရောက်လာသောဂျန် တွက်ဆမိပါသည်။

ဂျန်တို့မှာ မိဘအမွေကို တောင်းဆိုပိုင်ခွင့်မရှိခဲ့ပါ။ ဒေါ်ကြီးတင်က လည်း ဂျန့်မိဘများဆုံးပြီးချိန်၊ ဂျန်တို့ ငယ်စဉ်ကစ၍ ခုချိန်အထိ သူတို့ မောင်နှမ၏ စားစရိတ်၊ ကျောင်းစရိတ်၊ အသုံးစရိတ်များနှင့်ပင် အဖေအမေ ထားခဲ့သောငွေကုန်ခဲ့သည်မှာ ကြာလှပေ့ါဟု မကြာခဏ အသံလွှင့်လေ့ရှိ ရှိသည်။ အမွေနှင့်ပတ်သက်၍ ဂျန် ပါးစပ်မဟနိုင်အောင် ကြိုပိတ်စကားဆို ခဲ့ခြင်းဖြစ်ပါ၏။ ငယ်သေး၍ ဂျန်တို့မှာတော့ မျက်စိသူငယ်နားသူငယ်ပေ့ါ။

ဂျန် အရွယ်ရောက်လာပြီး ဆယ်တန်းတက်သည့်နှစ်အထိ ဒေါ်ကြီး တင် ထားရာနေ စေရာသွားခဲ့သည်။ ဂျန့်ကို ကျူရှင်လည်း ထားမပေး အိမ်အလုပ်လည်း ကူရ၊ ဒေါ်ကြီးတင်၏ မအောင်မြင်သော စီးပွားရေးလုပ် ငန်းတိုင်းလည်း ဂျန်ပါရ၊ စိတ်ညစ်စရာ ပေါင်းစုံနှင့်သာ အရွယ်နှင့်မမျှအောင် ဖြတ်သန်းခဲ့ရသော ဂျန်မှာ ဆယ်တန်းစာမေးပွဲ မအောင်သည်က စာဖွဲ့စရာ မဟုတ်တော့ပါ။

ဒေါ်ကြီးတင်၏ တစ်ဖက်စောင်းနင်း အနှင်းခံရပါများတော့ ဂျန့် စိတ်များ တဖြည်းဖြည်း ရိုင်းလာမိတော့၏။ အထူးသဖြင့် မောင်လေးကို ထိပါးနှိပ်ကွပ်လာခြင်းမျိုးကိုမူ ဂျန် လုံးဝမခံနိုင်။ ဂျန်က ခေါင်းငုံ့သည်းခံ လေလေ၊ ဒေါ်ကြီးတင်က ပိုပိုလေလေနှင့် နောက်ဆုံး ဂျန်ကြောက်ကန်ကန် သည်ပဲ ဆိုရမည်လား၊ တိရစ္ဆာန်တောင် ချောင်ပိတ်ခံရလျှင် ပြန်တိုက်နိုက် တတ်သေးသည်ပဲ။

ဂျန်က လူလေ။ ကြုံတွေ့လာရသော အခြေအနေအရ မကျေနပ် ချက်များစွာက ဂျန့်စိတ်ဖြူဖြူကို အရောင်ဆိုးပေးကာ ဂျန့်ကို ပွဲကြမ်းသူ ဖြစ်လာစေတော့သည်။ ထိုအခါမှ တစ်ဖွတ်ထိုးဂျန့်ကို ဒေါ်ကြီးတင် နည်း နည်းလန့်သွားပြီး ပြန်လျှော့သွားတော့၏။ သိပ်မဖိရဲတော့။

သည်ကစ၍ အိမ်အခြေအနေမဟန်တိုင်း ဂျန် ပြန်ကြမ်းရင်းကြမ်း ရင်း ဂျန်မှာ မိန်းကလေးတန်မဲ့ ဂျပ်းတောမ ဖြစ်မှန်းမသိ ဖြစ်သွားရတော့ သည်။





နောက်ပိုင်းတွင် စိတ်လေနေသော ဂျန်မှာ ကိုကြီးကျော်လှနှင့်တွေ့ ရည်းစားဖြစ်ခဲ့၏။ ထိုစဉ်က ကိုကြီးကျော်လှတို့အကြောင်း ဂျန် မသိသေး။ အားကိုးရာမဲ့နေသူမို့ ဂျန့်ကို ငွေကြေးကအစ အကူအညီပေးခဲ့သော ကိုကြီး ကျော်လှကို ကျေးဇူးတတင် ရှိခဲ့ရ၏။

နောက်ပိုင်းတွင်မှ ကိုကြီးကျော်လှ၏ လည်သလို လုပ်စားခြင်းကို ဂျန်သိခဲ့ရ၏။ သို့သော် ဂျန့်မှာ တစ်ခုတည်းသောအားကိုးရာကို လွှတ်မပစ် နိုင်တော့သဖြင့် ဆက်၍သာ ဆွဲထားခဲ့ရတော့သည်။ မကောင်းမှန်းသိပင်သိ သော်လည်း ဂျန့်မှာ ရွေးစရာလမ်းမရှိခဲ့။

အို . . . ငါဘာဖြစ်ဖြစ်၊ ငါ့မောင်လေးကိုတော့ ငါ့လိုမဖြစ်စေရဘူး။ ဒီမောင်လေးကို လူကောင်းလေးပဲ ဖြစ်စေရမယ်။ ငါ့လိုလူဆိုးမ မဖြစ်စေ ရဘူး။မဖြစ်ရဘူး။

ခေါင်းကိုပင် ယောင်ယမ်းခါလိုက်မိသည်။ မိဘမဲ့များဖြစ်သော သူမ တို့တွင် ဂျန်သည် အစ်မကြီးအမိအရာမို့ မောင်လေးရန်ရန်ကိုတော့ အကောင်း ဆုံး ဖြစ်စေချင်၏။

“ဟင်း . . .”

သူမ အတွေးထဲနစ်နေရာက သက်ပြင်းရှိုက်လိုက်မိလေသည်။

ထိုစဉ် ဂျန့်မျက်လုံးများက နှစ်ထပ်ခွဲတိုက် အပေါ်ဆုံးထပ် လသာ ဆောင်တွင်ရပ်ကာ သူမတို့ကို လှမ်းကြည့်နေသော လူနှစ်ယောက်ကို မြင် လိုက်သည်။ သူမတို့လူသိုက်က ထိုတိုက်ရှေ့လမ်းမရှိ ပိတောက်ပင်အောက် တွင် ရပ်၍ စကားပြောနေခြင်းဖြစ်ရာ သူမတို့ကို တိုက်ပေါ်မှ ကောင်းစွာမြင် နိုင်လေသည်။

ဂျန် ဟိုးအရင် ပန်းကန်ပြားပုံ လွှတ်တင်စဉ်ကစ၍ မျက်မှန်းတန်း ရှိသော ကားနှင့်လူဖြစ်၏။ နောက်တစ်ယောက်က ထိုဘဲထံလာလေ့ရှိသည့် သူငယ်ချင်းဖြစ်သည်။ ကားနှင့်ဘဲက အမြဲလိုမျက်မှောင်ကုပ်ပြီး ဂျန့်ကို ရန် သူသလို ကြည့်တတ်၏။ သို့ဖြစ်၍ ဂျန်ကလည်း တစ်ဦးမုန်းစရာ တစ်ဦးမှာ သူ့ကိုကြည့်မရ။

ဂျန်က လက်တွင်ကိုင်ထားဆဲဖြစ်သော ကိုကြီးကျော်လှပေးသည့် အထုပ်ကို တစောင်းလွယ်ထားရာ သူမအိတ်ထဲ ထိုးထည့်လိုက်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပေါ်က လူနှစ်ယောက်ကို ခါးထောက်၍ မော်ကြည့်ပစ်လိုက်၏။ ထိုအခါ မှ ဟိုနှစ်ယောက်က မျက်နှာလွှဲကာ တိုက်ထဲပြန် ဝင်သွားကြတော့သည်။

"ချာတိတ် ... အဲဒါကို မနက်ဖြန်ပြန်ယူမယ်။ ဒီနေ့တော့ ခွင်ဆင်ရဦးမှာ ... သေချာသိမ်းထား။ အရေးကြီးတယ်"

ကိုကြီးကျော်လူက ဂျန့်ခေါင်းကို လှမ်းပုတ်ပြီး ပြောပြောဆိုဆိုပင် သူ့ဘော်ဒါများနှင့် ထွက်သွား၏။

အင်း ... ငွေရရင် မနက်ဖြန် ဒေါ်ကြီးတင်ကြွေးကို ပြန်ဆပ်နိုင်ပြီပေါ့။ သည်အကြွေးအတွက်နှင့် သူမ ရန်ဖြစ်ခဲ့ရသည်မဟုတ်လား။

ဟိုတစ်လောက မောင်လေးရန်ရန်ဖျားစဉ် ဆေးခန်းပြရန်နှင့် မုန့်ဝယ်ရန် ဒေါ်ကြီးတင်ထံမှ ငွေငါးထောင် ခဏချေးယူခဲ့ပြီး ကြားထဲ အဆင်မပြေ၍ ပြန်မပေးနိုင်ခဲ့။ နှစ်ပတ်လောက် ကြာသွားသည်။ ဒါကို ဒေါ်ကြီးတင်က ပွစိပွစိနှင့် စောင်းမြောင်းဆူဆောင့်နေသဖြင့် ဂျန် ပေါက်ကွဲကာ သောင်းကျန်းပစ်လိုက်၏။ ဖွန်းပုံ၊ ပန်းကန်ပြားပုံတွေ လွှတ်တင်ပစ်လိုက်မှ သူ့ပန်းကန်တွေတော့ ကုန်တော့မှာပဲဟုဆိုကာ ငြိမ်သွားတော့သည်။

ဒေါ်ကြီးတင်က ဂျန်တို့မောင်နှမကို ကြည်ဖြူသည်မဟုတ်။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် စိတ်ထင်ရာရမ်းတတ်သော ဒေါသဖိုး ဂျန့်ကိုလန့်၍သာ သိဝ်မထောင်ခြင်းဖြစ်လေသည်။

ဂျန်က အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

ဂျန် အိမ်မပြန်ချင်။ သို့သော် သည်အိမ်မှ မပြန်လျှင်လည်း ပြန်စရာက မရှိ။ စိတ်ပျက်စွာ ခေါင်းယမ်းလိုက်မိ၏။

အဖေနဲ့အမေတို့ရေ ... သမီးတို့ဘဝထဲက ဘာလို့ အစောကြီး ထွက်သွားနှင့်ကြတာလဲ ဟင် ...။

ဂျန့်ရင်ထဲက ဝမ်းပန်းတနည်းဖြင့် တမလွန်မှ မိဘများကို တ,ကာ မျက်ရည်လည်လာမိလေသည်။

✿ ✿ ✿

[ ၇ ]

❑

ကျွန်တော်တို့သူ့ကို ဘာကြောင့် 'ကြဲဖန်' လို့ ခေါ်လဲဆိုတာ နည်းနည်းတော့ ရိပ်မိပြီမဟုတ်လား။

တကယ်တော့ ... သူ့နာမည်ရင်းက 'မိုးနေဦး' ပါ။

သူက ... ကျွန်တော်တို့ဘယ်တော့မှ၊ ဘယ်တုံးကမှ၊ ဘယ်မှာမှ တွေးမိတဲ့ အကွက်မျိုးတွေ တွေးလေ့ရှိတယ်။ ကြဲကြဲဖန်ဖန်ပဲ ဆိုပါတော့ဗျာ။ ဒါကြောင့်လည်း ကျွန်တော်တို့က သူ့ကိုချစ်စနိုးနဲ့ 'ကြဲဖန်'လို့ တညီတညာတည်း အမည်နာမ အပ်နှင်းခဲ့ကြတာလေ။ သူ့ရဲ့အပြုအမူ အတွေးအခေါ်တွေက ပြောင်မြောက်လွန်းတော့ ကျွန်တော်တို့မှာ သူ့ကို ပါးစပ်အဟောင်းသားနဲ့ ငေးခဲ့ရတာလည်း ခဏခဏပေါ့။

အဲဒီလိုအချိန်မျိုးဆို 'မင်းကွာ .. ကြဲကြဲဖန်ဖန်' လို့ပဲ ညြချနိုင်တော့တာ။ ဘာပြန်ပြောရမှန်းမသိအောင် ဝစီပါပိတ်ရော ...။

တစ်ခါတစ်ခါကျတော့လည်း ကျွန်တော်တို့ပျင်းတဲ့အခါ ကြဲဖန်ရဲ့ ကြဲကြဲဖန်ဖန်အတွေးတွေက ကျွန်တော်တို့အတွက် ဂင်းနစ်မှတ်တမ်းဝင်အောင် တင်ရမယ့် အကောင်းဆုံးပြက်လုံးတွေ ဖြစ်နေတတ်ပြန်တယ်။ အလောတ သည်း ကြည့် ...။



www.burmeseclassic.com

www.burmeseclassic.com



ဈေးရှေ့နားက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ရဲခ,ကြုံနေတဲ့ ကောင်မလေး ဈေးအပြန်ကို ရဲခနဲ့အတူ အကြုံ ဒုက္ခခံစောင့်ပေးနေကြတုန်းပေါ့။

ရဲခကောင်မလေးက နေ့တိုင်းဈေးလာတယ်။ ကောင်မလေးအိမ်က ကားဂိတ်နားမှာ ထမင်းဆိုင်ဖွင့်ထားတော့ ကောင်မလေးကဆိုင်အတွက် ဈေးလာလာဝယ်ရတယ်။ ဒီတော့ ရဲခလည်း မစားရ အညှော်ခံ၊ ဈေးဝယ်လာတဲ့ ကောင်မလေးကို ဈေးရှေ့လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး အသွားအပြန်ရှုရတာ တာဝန်ကြီးတစ်ခုပေါ့။ ကောင်မလေးက ရဲခကိုတိတိကျကျ အဖြေမပေးသေးလို့ ရဲခက အရှုနဲ့ပဲ ကြုံနေရတုန်း ...။

ကျွန်တော်တို့တွေကတော့ ကောင်မလေး အဖြေမပေးပါစေနဲ့ဦးလို့ အမြဲဆုတောင်းတာ။ ဘာဖြစ်လို့ဆို မနက်တိုင်းဈေးမျှော်ရဲခရဲ့ အဖော်အဖြစ်လိုက်ပါဖို့ အဖိုးအခအဖြစ် ရဲခက မနက်စာ လက်ဖက်ရည်ဒကာရှင်ကိုး။

ကောင်မလေးက နေ့တိုင်းဈေးလာ၊ ကျွန်တော်တို့က မနက်ခင်းစာဒကာအသင့်နဲ့ သာသာယာယာ။

ခါတိုင်းတော့ ကြံဖန်က ကျွန်တော်တို့နဲ့အတူ ပါလေ့မရှိပါဘူး။

အဲဒီနေ့ကတော့ ကျွန်တော့်ဆီ အစောကြီးပေါက်ချလာပြီး ကျွန်တော်တို့သွားရာ လိုက်လာတာလေ။

သူကလည်း သူ့အကြောင်းနဲ့သူ ပါလာတာခင်ဗျ။ ကြံဖန့်အကြောင်းသိပြီး သူ့ဒဿနတွေ မို့ချတာ နားပူပေမဲ့ မနက်စာဒကာရှင်ကို ရဲခအစား ကြံဖန်က အဝစားတာဝန်ယူမယ်ဆိုလို့ ...။

အဲ ... ကြံဖန်ကပြောပြမယ်ဆိုတဲ့ သူ့ပြဿနာကြီးကိုလည်း ဝိုင်းဖြေရှင်းပေးဖို့တော့ သဘောတူထားရတာပေါ့။ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စိတ်ကြိုက်မှာအပြီးမှာပဲ ကြံဖန်က စ,လာတယ်။

"မင်းတို့ကို ငါ့ခွေး ..."

"ဟာ ... ကြံဖန်၊ မင်းရဲ့ ခွေးအတွေးစာတမ်းအကြောင်း ပို့ချက်လား ... တော် ... တော် ... တော်တီးတော်"





ကျွန်တော်က နဲ့သံပေးလိုက်တော့ မိုးကြိုးကလည်း အလန့်တကြားနဲ့ ...

"ဟုတ်တယ် .. တော် ... တော်ပြီ၊ တော်လောက်ပြီ၊ မင်းလုပ်တာနဲ့ တစ်ခုလုပ်တိုင်း ငါ့မှာ ငါဒါလုပ်ရင် ခွေးတွေဆို ဘယ်လိုတွေးမှာလဲဆိုပြီး ဈောက်တွေးနေမိရော။ တော် ... တော် ... တော်"

"ဟား ... ဟား ... အဲဒါပြောတာပေါ့ ... လူတွေနဲ့ဝတ်သက်ပြီး ခွေးတွေရဲ့အတွေးဟာ ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းလဲဆိုတာ .."

"ဟာ ... တော်ပါပြီဆို"

မိုးကြိုးထပ်အော်လိုက်တာတောင် ကြံဖန်က မရမက ဆက်ပြောတယ်။

"ငါတို့လူတွေက ဥပမာဒီနေ့ ငါမနက်ကျောင်းသွားရမယ်။ အလုပ်သွားရမယ်၊ နေ့လယ် ဘာလုပ်ရမယ်၊ ညနေ ... ဘာ ... အဲလို တစ်နေ့တာရဲ့ အစီအစဉ်သာမကဘူး၊ နက်ဖြန် ... ရှေ့လ ... နောက် နှစ် ... အိုး ... မရောက်သေးတဲ့ကာလ အဝေးကြီးထိ စိတ်ထဲက ကြိုတွေးချင်ရာ တွေးနေကြတယ်။

ငါတို့အတွေးထဲမှာ ရှေ့လုပ်ရမယ့်အရာတွေ၊ အနာဂတ် မျှော်လင့်ချက်တွေ၊ အကြံအစည်တွေနဲ့ အမြဲရှုပ်ထွေးနေတာကွ။

ခွေးတွေကျတော့ သူတို့ဘာတွေးမလဲ ..."

ကြံဖန်က သူ့စကားကို နားထောင်ပြီး အပြုံးသားကြည့်နေကြတဲ့ ကျွန်တော်တို့ကို သူကလည်း ပြန်ပြုံးကြည့်လိုက်ပြီး ...

"ခွေးတွေကျတော့ ... လူတွေလို အလုပ်သွားစရာလည်းမရှိ။ ရှေ့ရေးအတွက် ကြိုတွေးနိုင်တဲ့ ဉာဏ်ရည်လည်း မရှိဆိုတော့ သူတို့တွေးတဲ့ အတွေးဟာ ဘာတွေဖြစ်မလဲ ..."

အိမ်မွေးခွေးတွေက ဒီနေ့ ငါ့သခင်က ငါ့ကို ဘာဟင်းနဲ့ ကျွေးမှာပါလို့ တွေးနေချိန်မှာ လမ်းဘေးခွေးတွေကတော့ ဒီနေ့ ငါ ဘယ်အမှိုက်ပုံ၊ ဘယ်အိမ်နောက်ဖေးသွားပြီး စားကြွင်းစားကျန်ရှာရင် ကောင်းမလဲလို့ တွေးနေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ငါတို့အမှိုက်ပုံတွေ အိမ်ကြိုအိမ်ကြားတွေမှာ အစာရှာ တားလာတာ ကြာပြီ။ လူတွေနဲ့ တစ်ခါမှ အစာလုပြီး မကိုက်ရဘူး။ တို့ခွေး ချင်းပဲ ရန်ဖြစ်ကိုက်နေရတာ။ ငါတို့နဲ့လူတွေ တစ်ခါမှမဆုံတာ ဆန်းတယ်။ လူတွေကျတော့ ဘယ်မှာများ အစာသွားရှာကြလဲမသိဘူးဆိုပြီး တွေးချင် တွေးနေမှာကွ''

''ခွီ ...ခွီ ... ဖရွှး အဟွတ် ... အဟွတ်''

ဘုန်းဝေ လက်ဖက်ရည်သောက်နေရင်းက ထရယ်တာ သီးတောင် သီးတယ်။ ကျွန်တော်တို့လည်း အုံးခနဲရယ်ရင်းက ... အင်း ... သူပြော တာလည်း ... ဟုတ်သား။ ခွေးတွေဆို ဘယ်လိုတွေးမှာပါလိမ့်လို့ စိတ်ထဲ ရောက်သွားမိသေးတော့။ ကြံဖန်ဒဿနစွမ်းပုံက။

ကြံဖန်က အားလုံးအရယ်ရပ်အောင် ခပ်တည်တည်နဲ့ စောင့်နေ တယ်။ ပြီးမှ ...

''ဒီနေ့ကစပြီး ငါ့ခွေးအတွေးစာတမ်းပြုစုတာ ခဏရပ်ထားတယ် လို့ ပြောမလို့ပါကွာ။ ငါ အခြားအရေးကြီးတဲ့ ပြဿနာကြီးတစ်ခု စဉ်းစား မိနေလို့။ အဲဒါကို ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ မင်းတို့ကို ဝိုင်းဖြေ ရှင်းပေးဖို့ အကူအညီတောင်းချင်တယ်''

ကျွန်တော်အပါအဝင် ဘုန်းဝေ၊ ရဲခနဲ့ မိုးကြိုးတို့ တွန့်သွားတယ်။ ဒီကောင်လာပြန်ပြီ။ ဘာတွေ ကြံဖန်တွေးပြန်ပြီလဲ မသိဘူး ... လို့။

''မင်း ...''

မိုးကြိုးကို လက်ညှိုးငေါက်ခနဲ ထိုးလိုက်ပြီး 'မင်း' လိုက်တဲ့ ကြံဖန် ကြောင့် ရယ်နေတဲ့ မိုးကြိုး လန့်သွားတယ်။

''ဘာလဲ ... ဟ''

''မင်း ... နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့အခါ .. ဒါမှမဟုတ် မထနိုင်အောင် အလုပ်ရှုပ်နေတာတို့ အခြေအနေမပေးတာတို့ ကြုံရတဲ့အခါ မျိုးမှာ ရှူးကလည်း သိပ်ပေါက်ချင်နေတာမျိုး ဖြစ်ဖူးလား''

''အမ် ...''

မိုးကြိုးကြောင်ပြီး အမ်တစ်လုံးပဲ ထွက်လာတယ်။





''မင်း ... မင်း .. မင်း ... ကြုံဖူးလား ...''

ကြံဖန်က ကျွန်တော်၊ ရဲခနဲ့ ဘုန်းဝေကိုပါ လက်ညှိုးတစ်ချောင်း အဆက်စီထိုးပြီး အမေးဆက်တယ်။

''ငါပြောမဲ့ပြဿနာကို ဝိုင်းစဉ်းစားပေးမယ်ဆိုရင် နေ့လယ်စာပါ ဒီတာဝန်ယူမယ်လေ ... ဘယ်လိုလဲ''

ကျွန်တော်တို့လေးယောက်လုံး မတိုင်ပင်ပဲ ခေါင်းညိတ်လိုက် တယ်။ တညီထဲ ...။ ကြံဖန် မျက်နှာတည်သွားတယ်။ သူ့ခွေးစာတမ်းကြီး ပြုစုတုန်းကအတိုင်း ပါမောက္ခတစ်ယောက်လို ဟန်ပန်မျိုးနဲ့ပဲ ...။

''ငါတော့ ... မကြာခဏ ကြုံဖူးတယ်။ အထူးသဖြင့် အိပ်ပျော် နေတုန်း ရှူးပေါက်ချင်တာမျိုးပေါ့။ အပြင်မှာ ရှူးပေါက်ချင်နေတာ လူက အိပ်ပျော်နေတော့ အိပ်မက်ထဲမှာ အိမ်သာတွေလိုက်ရှာ၊ တွေ့တဲ့အိမ်သာက ညစ်ပတ်ပေရေနေလို့၊ ဒါမှမဟုတ် အိမ်သာလူပြည့်နေလို့ ပေါက်ချင်တာကို ပေါက်ရဘဲ အောင့်ထားပြီး ပေါက်ဖို့နေရာ ဟိုရှာဒီရှာ လုပ်မိတာမျိုးလေ။

အိပ်မက်ထဲမှာပေါက်လို့ ရသွားရင်တောင် အပြင်မှာ တကယ် ပေါက်ရတာမဟုတ်တော့ ဆီးအိမ်ကတင်းပြီး အိမ်သာရှာတဲ့ဒုက္ခ ဆက်မက် နေတာမျိုးကွာ ...။

နောက်ဆုံး အိပ်ချင်မူးတူးနဲ့ အိပ်ရာကနိုးသွားပြီး ရှူးထပေါက် ရတော့တယ်။ အဲဒါမျိုး မင်းတို့ရော ကြုံဖူးလား''

သူ ဘာပြောချင်မှန်းမသိပေမဲ့ ကျွန်တော်တို့ ယောင်ကန်းကန်း နဲ့ပဲ ခေါင်းညိတ်ထောက်ခံလိုက်ရတယ်။ ဒါမျိုးတော့ ကျွန်တော်တို့လည်း ကြုံဖူးတာကိုး ...။

''အဲဒီမှာ ငါတွေးမိတာကွ ... ငါ့မှာ အိပ်ကလည်း အိပ်ချင် ရှူး ပေါက်ရမှာလည်း မထချင်နဲ့ဆိုတော့ ရှူးပေါက်တဲ့တာဝန်ကို ထမ်းဆောင် တဲ့အရာလေးက သူ့ဘာသာ အိမ်သာကိုသွားပေါက်၊ ပြီးမှ ငါ့ဆီ ပြန်လာ ဆိုရင် ကောင်းမှာပဲ ... လို့''

''ဟိုက် ...''

''ဘယ်လို ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ..."

ကျွန်တော်တို့အားလုံး မျက်လုံးပြူးကုန်တယ်။

"အဲဒီမှာ ခက်ကုန်တာပဲ။ အဲလိုသာလုပ်လို့ရရင် အိမ်သာမှာ ထိုင်မှာ သူ့ဟာတွေနဲ့ ကိုယ့်ဟာတွေနဲ့ ဆုံကုန်ကြရင် ..."

"ဟာ ... ပေါက်တတ်ကရ ... ခွီး ... ခွီး ..."

"ကြံကြံဖန်ဖန်ကွာ ... ဟား ဟား ဟား"

ကျွန်တော်တို့ဝိုင်းအော်တယ်။ ရဲခဆို ပြန်တောင် မအော်နိုင်အောင် အရယ်မရပ်တော့ဘူး။

"နောက်ပြီး ... ရှုပ်ထွေးနေတော့ မျက်စိလည်လမ်းမှားပြီး မူရင်းပိုင်ရှင်ဆီ ပြန်မရောက်ဘဲ မှားရောက်သွားရင် ..."

"ဟား ... ဟား ... တော် ... တော် ... ကြံဖန်ရာ ... တော်ပါတော့ ... ဟား ... ဟား ... ဟား"

"အဲလိုဖြစ်ရင် ငါတို့ဘယ်လိုလုပ်ပြီး ဒီပြဿနာမျိုးကို ဖြေရှင်းကြမလဲလို့"

"ဟား ... ဟား ... မင်းဘာသာမင်းပဲ ကြိုက်သလိုရှင်းတော့ ... ကြံကြံဖန်ဖန် ... တွေးလည်း တွေးတတ်ပါ့ ... ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့ အူတက်မတတ် ရယ်နေကြတုန်း ကြံဖန်ကတော့ မျက်နှာတည်လေးနဲ့ ... မျက်မှောင်လေးကုပ်လို့ ...

"အဲလိုဆိုရင် ... ပြဿနာတွေ အတော်ရှုပ်ကုန်မှာပဲနော်"

တဲ့။ ပြောဖြစ်အောင် ဆက်ပြောသေးတယ်။

ဒီလို 'ကြံဖန်' ပါဆို။

✿ ✿ ✿

[ ၄ ]

❑

မိုးနေဦးက ပြိုင်ဘီးလေးကို ခရေပင်တန်းဘက်ချိုးကွေ့လိုက်၏။

သူသည် မနက်တိုင်း သည်လမ်းဘက်သို့ ကျန်းမာရေးလေ့ကျင့်ခန်းအနေနှင့် စက်ဘီးစီးနေကျဖြစ်သည်။ ဝေလီဝေလင်းဖြစ်၍ နဂိုကပင် လူရှင်း၊ ကားရှင်းသောလမ်းမှာ လူပ်ရှားမှုဟူ၍ သူနှင့် စက်ဘီးသာရှိလေသည်။

သို့သော် မိုးသောက်စ အလင်းမှုန်မှုန်တွင် ကျေးငှက်ကလေးများကတော့ ဟိုဝဲသည်ပျံနှင့် ရှိနေပြီ။ တကျိုကျို တကျာကျာ ချစ်စရာ အသံလေးများပေါင်းစုံက ဝေစည်စပြုနေ၏။

ငှက်ကလေးတွေ ... သူတို့ချင်း ဘာတွေများ ပြောနေကြလဲမသိဘူး။

သူတို့လည်း ခေတ်နဲ့အမီ နိုင်ငံရေးတွေ ဘာတွေများ ဆွေးနွေးနေကြသလားပဲ။ အလုအယက်ကို ပြောနေကြလေရဲ့။

ဟော ... ဟိုငှက်သံလေးက ချိုလိုက်တာ။ စာရေးဆရာတွေ၊ ကဗျာဆရာတွေ ပြောသလို တေးသီတဲ့ ငှက်ကလေးတွေဖြစ်မှာ။ ဘာသီချင်းတွေများ ဆိုနေကြတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အင်း ...ဒိငှက်လေးတွေ ...အောင်လတို့၊ အာဇာနည်တို့ သီချင်းတွေတော့ ရမယ်မထင်ပါဘူး။ ဝိုင်းစုခိုင်သိန်းတို့ ချမ်းချမ်းတို့ သီချင်းတွေလည်း သိမဲ့ကောင်တွေ မဟုတ်ဘူး။

သူ ရောက်တတ်ရာရာတွေးရင်း ပြိုင်အော်နေကြသော ငှက်အဆိုကျော်လေးများ၊ ဆွေးနွေးပွဲဝင်နေကြသော မြည်သံလေးများကို နားလည်လိုနားလည်ငြား သရုပ်ခွဲနားထောင်ရင်း စက်ဘီးကို ဖြည်းဖြည်းနင်းလာသည်။

"ဟာ ...ဟ ...ဟော့လူတွေ ...ဒါ ဘာလုပ်တာလဲ"

လမ်းဘေးသစ်ပင်အကွယ်များမှ ဖြုန်းခနဲထွက်လာကာ သူ့စက်ဘီးရှေ့ ပိတ်ရပ်လိုက်သောလူစုကို မိုးနေဦး အံ့အားတသင့် ကြည့်၍ မေးလိုက်သည်။

လူသုံးယောက်က သူ့ကို ရှေ့မှပိုင်းထား၏။ သူတို့ကို သူသိသည်။ ဟို ...ဂင်ချီအုပ်စု။

ပြီးခဲ့သည့် တစ်ပတ်လောက်က သူ့ခြံရှေ့ ပိတောက်ပင်အောက်တွင် ရပ်စကားပြောနေခဲ့သော အုပ်စု။ အိမ်သို့ အလည်ရောက်နေသော လင်းဆက်အောင်ကိုပင် 'မဂျမ်းတော' အား ပြခဲ့သေးသည်။

သူမအား အထုပ်တစ်ထုပ်လှမ်းပေးနေသော ကျော်လူ့ကို ရပ်ကွက်ဂင်ချီဟု လင်းဆက်အောင်အား ပြောပြတော့ လင်းဆက်အောင်က နားမလည်။ မိုးနေဦးက ဂင်ချီ၊ ကိုရီးယားချဉ်ဖတ်၊ ရပ်ကွက်ချဉ်ဖတ်ဟု ဆိုလိုကြောင်း ရှင်းပြခဲ့ရသေး၏။

"ဟော့ကောင် ...မိုးနေဦး၊ စက်ဘီးပေါ်က ဆင်းစမ်း"

စက်ဘီးပေါ်မှ ခြေထောက်ကာရပ်နေသော သူ့ကို ကျော်လူဆိုသူက ခပ်ထန်ထန်ဟောက်လိုက်သည်။ မိုးနေဦး တင်းသွား၏။ ဗလာချီကြီးပါလား။

တကယ်ဆိုတော့ ကျော်လူဆိုသောသူကို ရပ်ကွက်ထဲ မြင်နေကျဖြစ်၍လည်းကောင်း၊ ဂင်ချီဟု လူပြောများ၍လည်းကောင်း သူသိသည်ဟု ဆိုရခြင်းဖြစ်၏။ လူချင်းကမူ မခင်ပါ။

ကျန်နှစ်ယောက်ကိုလည်း ကျော်လူနှင့် တတွဲတွဲ မြင်ဖူးရုံသာဖြစ်သည်။ သူတို့ကလည်း သူ့နာမည်ကို သိနေသည်ပဲ။





"ဆင်းလေကွာ ...ဟော့ကောင်"

ကျော်လူ့ဘေးမှ အသားမဲမဲကုလားက မိုးနေဦးလက်မောင်းကို လှမ်းကိုင်ကာ စက်ဘီးပေါ်မှ အားဖြင့် ဆွဲချလိုက်၏။ မမျှော်လင့်သောအဖြစ်မို့ သူ ဟန်ချက်ပျက်သွားကာ ယိုင်လျက် စက်ဘီးတခြား လူတခြား အလဲလဲအပြိုပြို ဖြစ်သွား၏။

"ဘာလုပ်တာ ...ဟင် ..."

မိုးနေဦး ဒေါကန်ပြီး အော်လိုက်စဉ်တွင် သူတို့နောက်ဘက်မှ ထပ်ထွက်လာသော လူရိပ်ကို လှစ်ခနဲမြင်လိုက်ရ၍ သူ့အမေးစကားမဆုံးလိုက်။

ဂျမ်းတောမဖြစ်သည်။

လူရိုင်းမက ချေနေသော မျက်နှာကြီးနှင့် အနားရောက်လာသည်။ ထင်ချီကျော်လူ့ဘေးတွင် ဝင်ရပ်လိုက်စဉ် ...

"ငါတို့အလုပ်ကို ဝင်ရှုပ်ရအောင် မင်းက ဘာကောင်လဲ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

ကျော်လူက သူ့စပို့ရှပ်အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်ပြီး ဒေါသတကြီး ပြောလိုက်သည်။

"ဟာ ...ရင့်လှချည်လား။ ခင်ဗျား ဘာတွေပြောနေတာလဲ"

မိုးနေဦးက ကျော်လူ့ရင်ဘတ်ကို ပြန်ဆောင့်တွန်းထုတ်လိုက်၏။ ကျော်လူနောက်သို့ အနည်းငယ်လန်သွားပြီး သူ့ကိုယ်ကို ပြန်ထိန်းမတ်လိုက်သည်။ တစ်ဆက်တည်းပင် ကျော်လူ့လက်သီးတစ်လုံးက မိုးနေဦးမေးရိုးဆီ ဖြုန်းခနဲဝင်လာ၏။ ထင်မှတ်မထား၍ မရှောင်သာဘဲထိကာ မိုးနေဦးသိလိုက်သည်နှင့်ပင်... သိပေသွားစဉ်မှာပင် နောက်လက်သီးကို မျက်လုံးထောင့်မှ လှစ်ခနဲ ထပ်မြင်လိုက်ရသည်။

အားပါသော လက်သီးအဟုန်ကြောင့် မိုးနေ ယိုင်ထွက်ကာ ကိုယ်ကို ထိန်းနိုင်ဘဲ လဲကျသွား၏။ နှုတ်ခမ်းဆီမှ နာကျင်မှုနှင့်အတူ ပါးစပ်ထဲတွင် ခံကျိကျိ သွေးအရသာရသည်။ သူ့နှုတ်ခမ်း ကွဲသွားပြီ။

သူ့နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို လက်ခုံဖြင့် သုတ်သုတ်ရင်း မိုးနေထရပ်ရန် ပြင်လိုက်၏။ သူ ဒေါသဖြစ်နေပြီ။ တစ်ချိန်

www.burmeseclassic.com



တည်းတွင် သူ့ကို ဘာကြောင့်ရန်စကြမှန်း နားမလည်နိုင်အောင်လည်း ရှိနေ၏။ ကုန်းထလာသော သူ့ကို ကျော်လူ့အဖော် ဗလကောင်းကောင်းနှင့် မောင်ဝင်းဆိုသူက ကြမ်းတမ်းစွာ ဆွဲဆောင့်ထူလိုက်သည်။

"ခွေးမသား ... ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ သူများကိစ္စထဲ ဝင်ပါတယ်။ ရဲကို သတင်းသွားပေးရအောင် မင်းနဲ့ဘာဆိုင်လို့လဲ။ မင်းကြောင့် ငါတို့ ရဲခေါ်အစစ်ခံရတာ ... ခွေးကောင်"

မိုးနေဦး ဒေါသဖြစ်နေသည့်ကြားက အံ့အားသင့်သွား၏။

"ဘာကွ ... ဘာ ... သတင်းပေးတာလဲ ... မင်းတို့ ဘာတွေပြော ..."

"ဒါ ရှုတင်မဟုတ်ဘူး ... ပုံပေးမနေနဲ့။ ခင်ဗျား ယောက်ျားပဲ လုပ်ရဲရင် ခံရဲရမှာပေါ့။

အံ့ဩပါ့ ... ကိုယ့်နဲ့လည်းမဆိုင်ဘဲ ရဲသွားလက်တို့ရတယ်လို့"

သူ့စကားမဆုံးခင် လှရှိုင်းမ၏ ဒေါသသံစူးစူးက ဖြတ်ဝင်လာ၏။ ဘုမသိဘမသိသော်လည်း မိုးနေဦး ပို၍ စိတ်တိုသွားသည်။ သူ့ကို ဆွဲမထားသော မောင်ဝင်းလက်မှ ဆောင့်ရုန်းပစ်လိုက်၏။

တစ်ဆက်တည်း ထိုလူ့မျက်နှာဆီ လှမ်းထိုးသည်။ သူတို့ လုံးထွေးသွားကြ၏။

မောင်ဝင်းကို လှမ်းထိုးလိုက်သော မိုးနေဦးအား ကျော်လူနှင့် ကုလားက ဝိုင်းဆွဲသည်။ နောက်သူ့ကို တရစပ်ထိုးကြိတ်ကြသလို သူကလည်း ပြန်ထိုးရင်း ရုန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။

သုံးယောက်နှင့် တစ်ယောက်ဆိုတော့ မိုးနေဦး အထိနာ၏။ ပွဲက ရှုတင်မှ ပွဲမဟုတ်သလို သူကလည်း မင်းသားမဟုတ်။ သူ သွေးအလိမ်းလိမ်းနှင့် လမ်းဘေးသို့ လဲကျသွားရသည်။

မိုးနေဦးက လဲရာမှ ထရပ်နိုင်ရန် ကြိုးစားလိုက်၏။ သူ ဒယီးဒယိုင်ဖြစ်နေသည်။ သူ၏ မှုးဝေဝေမျက်လုံးထဲတွင် သူ့ကို မုန်းတီးဟန်နှင့် ခါးထောက်ကာ ရပ်ကြည့်နေသော လှရှိုင်းမ၏ ပုံရိပ်ထင်လာသည်။





မိုးနေဦးက လမ်းပခုံးတွင် ယိုင်ထိုးထိုးရပ်လိုက်ရင်း လှရှိုင်းမကို အကြီးအကျယ် ပေါက်ကွဲလာ၏။ သူ့ကို ဝိုင်းရန်စကြခြင်း၏ အကြောင်းသည် ဂျမ်းတောမ၏ ပယောဂသာဖြစ်မည်။

"ဟေ့ ... လှရှိုင်းမ ... ဘာတွေဖယားရှုပ်ပြီး ငါ့ကို ရန်လာစတာလဲ ... ဂျမ်းတောမ ... လှရှိုင်းမ ... တောက် ..."

"ဘာ ... ဘာရယ် ... လှရှိုင်းမ ... ဟုတ်လား"

လှရှိုင်းမ တရှူးရှူးရှဲရှဲနှင့် ငရုတ်သီးစပ်သွားသလို သူ့ဘော်ဒါတွေသည်း အလှုပ်၊ လှရှိုင်းမက သူ့လူတွေကို လက်ကာပြရင်း မိုးနေဦးအနားသွားခနဲ ရောက်လာသည်။

"ကဲ ... ပြောဦး ... ဖြန်း ..."

သူ့ဘယ်ဘက်ပါး ... ပူထွက်သွား၏။

"ဟင် ... ခင်ဗျား ... ဟိုအထုပ်အကြောင်း ရဲကို သွားတိုင်တယ်လေ။ ခင်ဗျားလုပ်လို့ တို့အဖမ်းခံရတယ်။ နှမချင်း ... မစာမနာ။ တို့ မိန်းကလေးတန်မဲ့ အချုပ်ထဲ ဝင်ခဲ့ရတယ်။

ခင်ဗျားကို တို့က ဘာလုပ်ခဲ့လို့လဲ။ မဟုတ်တမ်းတရား ရဲတိုင်ရအောင်"

ဂျမ်းတောမ၏ ဒေါသသံမြင့်မြင့်က ဟိန်းထွက်လာ၏။

"ဘာ ... ဘာအထုပ်လဲ၊ ဘာရဲတိုင်တာလဲ။ နင့် ဘယ်သူပြောလဲ။ လှရှိုင်းမ ... နင်ကများ ငါ့ကို ပါးရိုက်တယ်"

သူက စိတ်ဆိုးမာန်ဆိုးပြန်အော်ရင်း သူ့ရှေ့မှ ဂျမ်းတောမကို ဆောင့်တွန်းပစ်လိုက်မိ၏။

"အရှိုင်းအစိုင်းမ ... နင့်လင်ကျော်လူ ..."

မိုးနေဦး ဒေါသတကြီး ဆက်ပြောနေစဉ်မှာပင် ကျော်လူတို့က သူ့ဆီ ဝိုင်းလာ၏။

"ဖဟာ့ကောင် ..."

ကျော်လူက သူ့ကို လှမ်းထိုးလိုက်သည်။ မိုးနေဦး ယိုင်အသွားတွင် သူတွန်းပစ်လိုက်၍ နောက်လန်လဲကျလုဖြစ်သွားသော လှရှိုင်းမသည် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ဟန်ချက်ထိန်းလိုက်ပြီး မိုးနေဦးထံ တစ်ရှူးထိုး ပြေးဝင်လာသည်။ နောက် သူ့ကိုအားနှင့် ဆောင့်တွန်းပစ်ခြင်းကို ခံလိုက်ရ၏။

ကျော်လှူ၏ ထိုးချက်အရှိန်တွင် ဂျမ်းတောမ၏ အားကုန်ပစ်တွန်းအားကြောင့် လမ်းပခုံးတွင် ယိမ်းယိုင်နေဆဲဖြစ်သော မိုးနေဦးမှာ ကတ္တရာလမ်းဘေးမြေသားဆီ ခြေချော်ကျသွား၏။ ထိုမှတစ်ဆင့် သူ့ကိုယ်ကို မထိန်းနိုင်တော့ဘဲ လမ်းဘေးဆင်ခြေလျှော ကုန်းစောင်းအတိုင်း နောက်လန်ပစ်ကျသွားတော့သည်။

"ခွပ် ..."

"ဟင် ..."

"ဟာ ..."

မိုးနေဦးနောက်ကျောဆီမှ ပြင်းထန်လှသော နာကျင်မှုနှင့်အတူ ..

မိုးနေဦးသည် ကုန်းစောင်းအောက် ဂဝံကျောက်တုံးပေါ်တွင် ခေါင်းတစ်ခြမ်းတင်ကာ သွေးအိုင်ထဲတွင် ငြိမ်သက်ပျော့ခွေလျက် ...။

✿ ✿ ✿

❑

"ဒုက္ခပဲ ... ဒုက္ခပဲ ... သူ ... သူ ... သေ ... သေပြီလား ... သိ ... ဘူး"

ဂျုန် ပျာဝေနေပြီး ပြူးပြူးပျာပျာ ပြောရင်း ဂျုန် ကုန်းလျှောဆီသို့ ပြေးဆင်းလိုက်၏။ ကိုကြီးကျော်လှူတို့ကလည်း နောက်မှလိုက်ဆင်းလာသည်။

"ဟော့ ... ဟော့ .. လူကြီး ... ခင်ဗျား ... ခင်ဗျား ... ထ ... ထပါဦး"





ဂျုန် ယောင်ကန်းကန်းနှင့် မိုးနေဦးကိုယ်ကို ကိုင်လှုပ်ရင်း ပြောမိပြောရာ ပြော၏။ ကိုကြီးကျော်လှူက မိုးနေဦးခေါင်းပိုင်းကို အပေါ်မှ ကဲကြည့်သည်။ ဂျုန်က ကိုကြီးကျော်လှူကို မော်ကြည့်လိုက်၊ မိုးနေဦးကို ငုံ့ကြည့်လိုက်နှင့် လုပ်ရင်း ...

"သူ ... သူ ... သေပြီလား ... သေ ... သေပြီ ... လား ... ဟင်"

ကျော်လှူက မိုးနေဦးရင်ဘတ်ကို လက်နှင့်စမ်း၏။ နောက် လက်ကောက်ဝတ်ကို မ,စမ်းပြန်၏။

"ဂျုန် ... ချာတိတ် ... ဘယ်လိုလုပ်လိုက်တာလဲဟ ...။ နင်က ရှုတ်တွန်းပစ်တာကိုး"

ဂျုန် ငိုမဲ့မဲ့ ဖြစ်လာသည်။

"ကိုကြီးလည်း ထိုးတာပဲ။ ကိုကြီးထိုးတာလည်း ပါတာပဲဟာကို"

"ဟာ ... ငါထိုးတာထက် နင် တွန်းပစ်လို့လဲတာ"

"ဟာ ... ကိုကျော်လှူ၊ သူလုပ်တာ ငါလုပ်တာ ငြင်းမနေနဲ့တော့ဟေ့။ မိုးလင်းနေပြီ။ တော်ကြာ လူတွေလာလို့ တွေ့သွားရင်"

မောင်ဝင်းစကားကြောင့် ဂျုန်က လှည့်ကြည့်ရင်း ...

"ကိုကြီး ... သူ ... သူ ..."

"သွေးခုန်တာ စမ်းလို့မရဘူး။ သေပြီနဲ့တူတယ်"

"ဟင် ... ဒါဆို ... ဒါဆို ... ဘယ်လို ... လုပ်ကြ ... မလဲ ကို ... ကြီး ... ဟင့် ... ဟင့် ..."

"နင်ကလည်း ဒေါသချည်းပဲ။ အရမ်းလုပ်တာကိုးကွာ"

ကုလားက ဝင်ပြောသည်။ ဂျုန်မှာ ငိုရင်း သူတို့ကို အားကိုးရာမဲ့ မျက်လုံးများနှင့် အဝိုင်းသားကြည့်မိ၏။

"ဟီး ... ဟင့် ... ဟင့် ... ဘယ်လို ... လုပ် ... ရမလဲ ... ကိုကြီး ... ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ငိုမနေနဲ့ကွာ။ အခု ဘယ်သူမှ မမြင်ဘူး။ သူ့ဘာသာ စက်ဘီး နဲ့ မတော်တဆလဲကျပြီး ကျောက်တုံးနဲ့ ဆောင့်မိသွားသလို ထင်အောင် လုပ်ရမှာပဲ။ မောင်ဝင်း . . . သူ့စက်ဘီးကို ဒီနားယူလာလိုက်"

"ဟာ . . . ဘယ်ဖြစ်မလဲ . . . ကိုကျော်လူရ။ သူ့ကို ကျွန်တော် တို့ ဝိုင်းထိုးထားတဲ့ ဒဏ်ရာတွေရှိနေတာ ရိုးရိုးလဲကျသွားတာလို့ ဘယ် လိုလုပ်လို့ရမှာလဲ"

မောင်ဝင်း၏စကားကြောင့် ကျော်လူ ငိုင်သွား၏။

"ဟုတ်တယ် . . . ကိုကျော်၊ သူ့အလောင်းတွေ့သွားရင် ဒီထို ကြိတ်ဒဏ်ရာတွေကြောင့် မီးခိုးကြွက်လျှောက် လိုက်တော့မှာ"

ကုလားအပြောကို ဂျန်က အသံတိတ်ငိုနေရင်းမှ မျက်ရည်လည် ရွဲနှင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ကျော်လူ သက်ပြင်းချလိုက်၏။ ခဏ ငြိမ် စဉ်းစားနေပြီးမှ . . .

"ကဲ . . . ဒါဆို သူ့ကို ဖျောက်ဖျက်ပစ်ဖို့ပဲ ရှိတော့တယ်။ မောင် ဝင်း . . . ဟို . . . အုတ်တောင်ကွေ့နားက တွင်းကြီးထဲ သွားပစ်ထားရင် ကောင်းမယ်ထင်တယ်"

"ဟာ . . . ဟုတ်တယ်။ အဲဒီဘက်က ဒီနေရာနဲ့လည်း တခြား ဆိုတော့ ဆက်စပ်နိုင်စရာမရှိဘူး"

ကုလားက အားတက်သရော ထောက်ခံ၏။

အုတ်တောင်ကွေ့သည် ဟိုးအရင်က အုတ်ဖုတ်သောနေရာ ဟောင်း ဖြစ်၏။ နောက်ပိုင်း မသုံးတော့သည်မှာ နှစ်ချီကြာခဲ့ပြီဖြစ်သည်။ အုတ်ကျိုး အုတ်ပဲ့များ စုပြုံနေခဲ့ပြီး နှစ်ကြာတော့ မြေသားတချို့ဖုံးကာ ကမူလေးများ သဖွယ် ဟိုတစ်ဖို့ ဒီတစ်မြင့် ရှိနေ၍ အုတ်တောင်ကွေ့ဟု အလွယ်ခေါ်ကြ သည်။

အုတ်ဖုတ်ရာ မြေကျင်းဟောင်းကြီးများလည်း ရှိ၏။ ထိုတစ်ဝိုက် သည် အုတ်ဖုတ်လုပ်ငန်း မရှိတော့ကတည်းက အသွားအလာအဖြတ်အသန်း လည်း မရှိတော့။ လမ်းမနှင့်လည်း မနီး၊ သစ်ပင်ခုတ်စရာ ထင်းခြောက်ရှာ





စရာ တောလည်း မရှိခြင်းကြောင့်ဖြစ်သည်။ ယခုဖြစ်ရာနေရာနှင့်က တောင် တစ်လမ်း မြောက်တစ်လမ်းမို့ အုတ်ကျင်းဟောင်းတစ်ခုထဲ ပစ်ချထားလျှင် လူတွေ့ရန် အတော်ခဲယဉ်းမည်ဖြစ်၏။

"မောင်ဝင်းနဲ့ကုလား . . . တို့ သူ့ကို တစ်လှည့်စီ ထမ်းခဲ့ကြမယ်။ စက်ဘီးကို တစ်ယောက်ထမ်းခဲ့။ တွန်းမယူလာနဲ့၊ ဘီးရာထင်မှာ စိုးလို့။ စက်ဘီးကိုပါ တွင်းထဲ ပစ်ထားလိုက်မှဖြစ်မယ်"

"ခြော် . . . နောက်ပြီး ချာတိတ်၊ အဲဒီနေရာက သွေးတွေကို မြေ ကြီးနဲ့ ဖုံးပစ်ခဲ့ဦး"

ကျော်လူက ဂျန့်ကိုပါ လှည့်ပြောလိုက်ပြီး ကုလားနှင့်အတူ မိုး နေဦးကို ဆွဲမ,လိုက်၏။ ဂျန်က တုန်တုန်လှုပ်လှုပ်နှင့် ထရပ်လိုက်သည်။

ဒါ . . . ဒါ . . . တကယ်မဟုတ်ဘူး . . . မဟုတ်ဘူး။ အိပ်မက် မက်နေတာ။

မောင်ဝင်းပခုံးပေါ်မှ မိုးနေဦးအလောင်းကို သူမကြည့်၏။ အကောင် အထည်သက်သေနှင့် မြင်ကွင်းကြောင့် သူမကိုယ်သူမ လှည့်စား၍မရ။

ငါ . . . ငါ . . . လူသတ် . . . မိ . . . ပြီ . . . လား . . . ။

ဂျန့်ပါးပြင်ပေါ်သို့ မျက်ရည်များက အဆီးအတားမဲ့ စီးကျလာတော့ သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၅

❑

သူ ... ဘယ်ကိုရောက်နေပါလိမ့်။

မိုးနေဦး သူ့ဝန်းကျင်ကို တအံ့တသြ ကြည့်မိသည်။

"ဟင် ..."

သူ့မျက်စိကို သူမယုံနိုင် ဖြစ်သွား၏။

ဂျူန်ဆိုသော လူရိုင်းမသည် လဲကျနေသော လူတစ်ယောက်ကိုယ်ကို လှုပ်ခါရင်းငိုနေသည်။ သူမဘေးတွင်လည်း ဂင်ချီတို့အုပ်စုကဝိုင်းလျက်နေပါဦး ...။ သူက ဘယ်လိုဖြစ်ပြီး အဲဒီအုပ်စုနား ရောက်နေပါလိမ့်။

မိုးနေဦး စိတ်ဝင်တစားနှင့် ထိုလူအုပ်နား ကပ်သွားလိုက်ပြီး ဂျူန်ကို ဂင်ချီအုပ်စုနှင့်ရောကာ ငုံ့ကြည့်လိုက်မိ၏။

"ဟာ ... အား ..."

မိုးနေဦး အလန့်တကြား ခုန်ဆုတ်လိုက်မိသည်။

ဟိုမှာ ... ဟိုမှာ ... ဂျူန် ... ဂျူန်ဆိုတဲ့ကောင်မလေး လှုပ်ယမ်းနေတဲ့လူက ... ငါ ... ငါ ... ငါပါလား ...။ မဟုတ်ဘူး ...။ ငါက .. ငါက ... ဒီမှာလေ။ ဘာလို့ ... ငါ နှစ်ကိုယ်ဖြစ်နေရတာလဲ။





မိုးနေဦး နားမလည်နိုင်စွာ မြင်ကွင်းကို သေချာပြန်ကြည့်သည်။ သူ ... ဟုတ်ပါသည်။

ဟာ ... သူ့ခေါင်းအောက်မှာ သွေးတွေလည်း အိုင်လို့ပါလား။

မိုးနေဦး သူ့ခေါင်းသူ ကိုင်စမ်းသည်။ မရှိ။ မည်သည့်သွေးမျှမရှိ။ မည်သည့်ဒဏ်ရာမျှလည်း မရှိ။ ဘယ်လို ... ဘယ်လိုဖြစ်တာလဲ။

သူ ... ဂင်ချီအုပ်စုထဲ တိုးဝင်ရင်း ဂျူန့်အနား ကပ်သွား၏။ သူက ထိုတိုးသည့်တိုက် ဖွတ်ဝင်လိုက်သော်လည်း ဂျင်ချီအုပ်စုက လှည့်၍ပင် မကြည့်။ ဂျူန်ကလည်း သူ့ကိုမော်၍မျှ မကြည့်။

"သူ ... သူ ... သေပြီလား ... သေ ... သေပြီလား ... ဟင် ..."

ဂျူန့်မေးသံ ကြားရသည်။

"ဟာ ... ဘယ့်နှယ် ... ငါက ဒီမှာလေ။ ငါ ... ဒီမှာ ... ဒီမှာ။ အကောင်းအတိုင်းကြီး ရပ်နေတာကို ဘယ့်နှယ် ... သေရမှာလဲ"

မိုးနေဦး စိတ်ဆိုးဆိုးနှင့် အော်ပစ်လိုက်၏။ သို့သော် မည်သူကမျှ သူ့ကို လှည့်မကြည့်။

"ငါက ဒီမှာလေ ...။ ဘယ်လိုဖြစ်ကြတာလဲဟ"

သူ အကြောင်ကြောင်ဖြစ်ကာ ထပ်ပြော၏။ ကျော်လူက လဲကျနေသော မိုးနေဦးကိုယ်ကို ဟိုစမ်းသည်စမ်း လုပ်နေသည်။

"ဂျူန် ... ချာတိတ် ... ဘယ်လိုလုပ်လိုက်တာလဲဟ"

"ကိုကြီး ... သူ ... သူ ..."

ဂျူန်နှင့် ကျော်လူက မိုးနေဦးစကားကို အရေးမျှမစိုက်ဘဲ သူတို့ချင်းသာ ပြောနေကြ၏။ မိုးနေဦး အံ့အားသင့်ကာ ဂျူန်နှင့် ကျော်လူကို တစ်လှည့်စီ ကြည့်နေမိသည်။

"သွေးခုန်တာ စမ်းလို့မရဘူး။ သေပြီနဲ့တူတယ်"

"ဟာ ... ကျော်လူ ... လူညာ ... မင်း ... ငါ့လည်ပင်းကို ကြည့်။ သွေးခုန်နေတာ မတွေ့ဘူးလား။ ငါတောင် လည်ပင်းက သွေး



www.burmeseclassic.com

www.burmeseclassic.com



ကြောလှုပ်သွားတာ မြင်လိုက်ရသေးတာကို၊ မင်းစမ်းတာ မတွေ့ဘူးပေါ့၊ ဖြစ်ရတယ်။ ဘာသေပြီရမှာလဲ''

မိုးနေဦး ဒေါသဖြစ်စွာ ကျော်လှူ့ကို ကျုံးအော်လိုက်၏။ သို့သော် ကျော်လှူက အရေးစိုက် နားထောင်ပုံမပြ။

မဟုတ်ဘူး ... သူကြည့်ရတာ ... ကြားကို မကြားတဲ့ပုံမျိုး။

မိုးနေဦး သူတို့ကို အံ့သြတကြီးနှင့် ကြည့်ရင်း ငြိမ်ရပ်နေမိ၏။

နေပါဦး ... ငါ့လည်ပင်း သွေးခုန်နေတာ မတွေ့ဘူးလားတဲ့။ ငါ ပြောပစ်လိုက်တာ။ ဟိုမှာ လဲနေတဲ့လူကို ... ငါက ... 'ငါ' ဆိုတော့ ... ဒီ ... 'ငါ'ကျတော့ ဘယ်'ငါ'လဲ။

သူ စိတ်ရှုပ်ထွေးသွားသည်။ ကျော်လှူတို့ပြောစကားများကို ထောင် တသြ သူနားထောင်သည်။ ကျော်လှူက 'သူ့ဘာသာ စက်ဘီးနဲ့ မထော တဆလဲကျပြီး ကျောက်တုံးနဲ့ ဆောင့်မိသလိုထင်အောင် လုပ်ရမှာပဲ' ပြောသံကြားမှ ... 'ဟာ ... သူ ... မှတ် ... မိပြီ'။ သူ့ကို ကျော်လှူ ထိုးသည်။ သူလဲကျလုခင် နောက်သို့အယိုင်တွင် ဂျန်က သူ့ကိုတွန်းပစ်လိုက် ၏။ ကျော်လှူ့ထိုးရှိန်နှင့် ဂျန့်တွန်းအားပေါင်းကာ သူ လမ်းပခုံးပေါ်မှ ထ ဘေး ဆင်ခြေလျှောသို့ လန်ကျသွားခဲ့သည်။ နောက် သူဘာမှမသိတော့။

ခုတော့ ... လဲကျနေသော သူ့ကိုယ်ကိုကြည့်ကာ သူခန့်မှန်း လာ၏။ သူ ... အောက်က ဂဝံကျောက်တုံးနှင့် ဆောင့်မိပြီး ...။

ဘုရား ... ဘုရား ... ငါ ... ငါ ... သေသွားပြီလား ... ဟိုမှာက ငါ့ကိုယ်ကြီးဆိုတော့ ... အခုငါက ... ဘာလဲ ...။

လူရိုင်းမ၊ ကျော်လှူ ...။ နင်တို့ ... ငါ့ကို ...

ထိုစဉ် ကျော်လှူတို့စကားသံက သူ့နားထဲ တိုးဝင်လာ၏။

'ဟင် ... ငါ့ကို အုတ်တောင်ကွေ့က တွင်းထဲ ပစ်ချမလို့ဆို လား'။

''ဟေ့ကောင် ... ကျော်လှူ ... မညစ်နဲ့၊ ငါ မသေသေးဘူး ငါ မှာ ငါ့လည်ပင်းမှာ သွေးတိုးနေတုန်းပဲလေ၊ မမြင်ဘူးလား။ မင်း ... မလုပ် နဲ့၊ မညစ်နဲ့ကွ။ ငါ့ကို ဆေးရုံပို့ပေးကြပါ ... ဆေးရုံပို့ပေးကြပါကွာ''





သူ ဘယ်လိုပြောပြော သူတို့က သူ့ကို မြင်ပုံလည်းမရ၊ ကြားပုံ ရည်းမပေါ်။

သူက သူ့ခန္ဓာကို ပခုံးတွင်ထမ်းကာ သွားနေသော မောင်ဝင်းရေ့ ယက်နှစ်ဖက်ဆန့်ကာရင်း ဝိတ်ရပ်လိုက်၏။

မောင်ဝင်းက သူ့ကိုယ်ကို အံ့သြဖွယ်ဖောက်ထွက်လျက် ဆက်သွား သည်။ သူ ... အထိတ်တလန့်နှင့် မောင်ဝင်းကို လှမ်းဆွဲ၏။ သူ့လက် ကြာက လေကို ဆုပ်မိသလိုဖြစ်ကာ ဖမ်းမမိ။ ကျော်လှူ့လက်မောင်းကို ဆွဲ ဆောင့်၏။ သူသာ လည်ထွက်သွားသည်။ ဂျန့်ပခုံးကို ဆွဲလှည့်ပြန်၏။ ဒါ ည်း ဆုပ်ကိုင်၍မရ။

သူသည် ဟိုလူ့ဆွဲ၊ သည်လူ့ဆွဲ၊ ဟိုအော်သည်အော်နှင့်ပင် ဆောက်တည်ရာမရ ပြောရင်းပြေးရင်း ထိုလူအုပ် နောက်မှ ဘေးမှ လိုက် ာခဲ့ရသည်။

သည်တွင် ပြေးလိုက်နေသော သူ့ကိုယ်သည် ငှက်မွေးတမျှ ပေါ့ပါး သည်ကို ပထမဆုံး သူသတိပြုလိုက်မိ၏။ မြန်းခနဲ သူရပ်လိုက်မိတော့ ည်။ သူ့အဖြစ်ကိုသူ တွေးလိုက်မိခြင်းကြောင့်ဖြစ်၏။

သူ့ခန္ဓာသည် ယခု မောင်ဝင်းပခုံးပေါ်မှာ။ သူက သူတို့ သူ့ကိုယ် ကြီးအား သယ်ဆောင်သွားနေသည်ကို မြင်နေရ၏။ သူတို့ပြောစကားကို ည်း ကြားနေရ၏။ သူ့ကိုမူ သူတို့က မမြင်။ သူပြောသည်ကိုလည်း သူတို့ မကြား။ ဒီတော့ ... သူသည် ...

သူ့နာမ်သည် သူ့ခန္ဓာမှ ခွာထွက်ခဲ့လေပြီလား ...။

သူ စိတ်ပျက်အားငယ်လွန်းစွာ သူတို့နောက်မှ လိုက်လာခဲ့ရသည်။ ထိုလူ့ပေါ်မှ သူ့ခန္ဓာသည် မလှုပ်မယှက်ရှိနေသော်လည်း သူ့ရင်ဘတ်မှ လုံးခုန်သံကိုလည်းကောင်း၊ လက်ကောက်ဝတ်မှ သွေးတိုးခြင်းကိုလည်း ကောင်း၊ သူသိနေ ခံစား၍ ရနေသည်။ သူ မသေသေးပါ။ သို့သော် သူတို့ က သူ့ကို သေလူသဖွယ် တွင်းထဲ ထားပစ်ခဲ့ကြတော့မည်။ သိလျက်နှင့် ဘာဆိုဘာမျှ မလုပ်နိုင်။ ဘာလုပ်ရမှန်းလည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ် ... မလုပ်ပါနဲ့"

ကျော်လူနှင့် မောင်ဝင်းက သူ့ကိုယ်ကြီးကို တွင်းထဲပစ်ချလိုက်သည်ကိုမြင်ရသဖြင့် သူ အသည်းအသန်အော်၍ တားလိုက်သည်။ သို့သော် –

သူ့ခန္ဓာသည် ဆယ့်နှစ်ပေခန့်နက်သော မြေတွင်းထဲသို့ ဘုန်းခနဲ ကျသွားလေ၏။ သူ တွင်းဝမှ အောက်သို့ ပြေး၍ ငုံ့ကြည့်လိုက်သည်။ သူ့ခန္ဓာသည် အောက်မှ သဲဆန်သော မြေသားပွပွပေါ်တွင် မှောက်ခုံကြီးဖြစ်နေ၏။

သူ ... မျက်ရည်များ စီးကျလာသည်။

သူ့ဘေးတွင် အောက်သို့လှမ်းကြည့်ကာ ငိုနေသောဂျန့်ကို မြင်သည်။

"သူသေတာရော ... သေချာရဲ့လား ... ကိုကြီးရယ်။ သေချာစမ်းကြည့်ပါဦး။ မသေသေးရင် ... ဆေးရုံပို့ ... ပို့ရအောင်"

ဂျန်က ငိုသံပါကြီးနှင့် ကျော်လူ့ကို လှည့်ပြောသံကြားရ၏။ ကျော်လူက ခေါင်းခါရင်း သေပါပြီဆိုမှဟာ။ ဘာ ... မသေသေးရင် ဆေး... မလို့ ... ဟုတ်လား။ နင် ... လူသတ်မှုနဲ့ အဖမ်းခံချင်လို့လားဟု ပြော... သံလည်း ကြားရသည်။

ကျော်လူတို့က သူ့စက်ဘီးကိုပါ တွင်းထဲပစ်ချလိုက်သဖြင့် စက်ဘီး... သည် သူ့ခန္ဓာကိုယ်ဘေးတွင် ကပ်ကျလာပြီး စက်ဘီးလက်ကိုင်နှင့် ... ကျောရိုက်မိသည်ကိုလည်း မြင်လိုက်ရ၏။

သူက ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် ဂျန့်ကိုယ်ကို ဆွဲ... လိုက်မိ၏။

"ဂျန် ... နင်တို့ ... အဲလိုမလုပ်ပါနဲ့ ... ငါ့ကိုကယ်ပါ။ ... ပစ်ထားခဲ့ရင် ငါ သေသွားလိမ့်မယ်။ ဂျန် ... ငါ့ကိုကယ်ပါ ...က... ပါဟာ"

သူ ... မျှော်လင့်ချက်ပြင်းစွာဖြင့် ဂျန့်ပခုံးကို ဆက်တိုက်... ယမ်းရင်း တောင်းတောင်းပန်ပန် ပြောမိသည်။





ဂျန်သည် ဆတ်ခနဲဖြစ်သွား၏။ သူလှုပ်ခါနေသလို ဂျန့်ကိုယ်က လှုပ်မသွားသော်လည်း ဂျန်သည် တစ်ခုခုကို ခံစားလိုက်ရပုံနှင့် ဘေးဘီသို့ မျှေးတူးပြူတဲ ကြည့်သည်။

"ဂျန် ... လုပ်ပါဟာ။ နင် ငါ့ကိုကယ်ပါ။ နင့်ကြောင့် ငါ ဒီလိုဖြစ်ရတာလေ။ လုပ်ပါ ... ဂျန်၊ ငါ့ကို တယ်ပါဦးဟာ"

သူ ... စိတ်ဆန္ဒပြင်းပြစွာနှင့် ဂျန့်ကို ဆက်ကာဆက်ကာ ကိုင်လှုပ်လိုက်သည်။ သူ့လက်အစုံသည် ဂျန့်ပခုံး၏ အထိအတွေ့ကိုမရ။ လေကို ဆုပ်ကိုင်ရသလို ရှိနေသော်လည်း ဂျန်သည် ထပ်မံ၍ ဆတ်ခနဲဖြစ်သွားပြီး မျက်လုံးအစုံတွင် ထိတ်လန့်ဟန်ပေါ်လာသည်။ ကြက်သီးထသလို သူမ တုန်သွားပြီး သူမကို 'ဂျန် ... မြန်မြန်လာလေ' ဟု လှမ်းခေါ်နေသော ကျော်လူတို့နောက်သို့ အထိတ်တလန့် ပြေးလိုက်သွားတော့သည်။

"ဟာ ... ဂျန် ... ဂျန် ... ငါ့ကို ... ပစ် ... မထားခဲ့ပါနဲ့ဟာ"

မိုးနေဦးကား ပြေးထွက်သွားသော ဂျန့်အား လှမ်းခေါ်ရင်း ဝမ်းပန်းတနည်း ကျန်ခဲ့ရလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

အဲဒီနေ့ဟာ ကျွန်တော်တို့မြို့လေးရဲ့ ရာဇဝင်ကို ပြောင်းလဲပစ်ခဲ့တဲ့ နေ့ပါပဲ။

ကျွန်တော် အစပိုင်းက ပြောပြခဲ့သလို ထူးခြားဖြစ်စဉ်တွေ မရှိပါဘူးဆိုတဲ့ ကျွန်တော့်မြို့လေးမှာ ဖြစ်မယ့်ဖြစ်တော့ . . . အဝါရောင် သတိပေးချက်တင် မဟုတ်တော့ဘဲ အနီရောင်အဆင့် အားကြီးမုန်တိုင်းကြီး တန်းဝင်သလိုပဲ ခင်ဗျ။

မြို့ခံလူကြီးလူကောင်း လူကုံထံစာရင်းဝင်မိသားစုက တစ်ဦးတည်းသောသား တက္ကသိုလ်ကျောင်းသားတစ်ယောက် ဆိုင်းမဆင့်ဗုံမပါ မျက်လှည့်ပြသလို 'အဝ်ချလောင်း' ဆိုပြီး ပျောက်သွားခဲ့တာဗျာ။ တစ်မြို့လုံးဆိုတာ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲက ရေပလုံစီတွေလိုပဲ၊ ဟိုနားလည်း ပွက်ပွက်၊ သည်နားမှာလည်း ဆူဆူနဲ့ပေါ့။

အဲဒီအနီရောင်အဆင့် မုန်တိုင်းကြီးရဲ့ ဗဟိုချက်နဲ့ အနီးဆုံး၊ အထိအနာဆုံးကတော့ ကြဲဖန့်မိသားစုအပြင် သူငယ်ချင်း အရင်းခေါက်ခေါက်တွေဖြစ်တဲ့ ကျွန်တော်၊ ဘုန်းဝေ၊ ရဲခနဲ့ မိုးကြိုးပါပဲ။

ထမင်းစားချိန် ဆယ့်တစ်နာရီလောက်မှာ ကျွန်တော့်အိမ်ကို ကြဲဖန့်အိမ်က ဖုန်းဆက်လာတယ်။ ကြဲဖန့်လာသလား . . . တဲ့။ ကျွန်တော်က





လာဘူးဆိုတော့ ဒါဆို ကျန်တဲ့သူငယ်ချင်းတွေဆီ ဆက်ကြည့်လိုက်ဦးမယ် ပြောတယ်။ မနက်အစောကြီးထဲက စက်ဘီးနဲ့ ထွက်သွားတာ ထမင်းစားချိန် ထိ ပြန်မလာသေးလို့ သူငယ်ချင်းတွေဆီ ဝင်နေတာ ဖြစ်မယ်ဆိုပြီး ဆက် လိုက်တာ . . . တဲ့။

ကျွန်တော်လည်း အေးအေးပဲ။ ကြဲဖန့် တစ်ယောက်ယောက်ဆီ သွားနေတာပဲ ထင်တာလေ။ ရဲခတို့၊ မိုးကြိုးတို့၊ ဘုန်းဝေနဲ့ ကျွန်တော် တို့လည်း ခါတိုင်းလို မနက်ပိုင်း လက်ဖက်ရည်ဆိုင်မှာ မဆုံဖြစ်ဘူး။ ရဲခ ကောင်မလေးသွားကြိုတာ လိုက်စောင့်ရတဲ့ ဂျူတီနားရက်ဖြစ်နေလို့။ ကောင် လေးက သူ့အမျိုးတွေ အလည်ခေါ်သွားတာကြောင့် အမျိုးတွေရဲ့မြို့ ခဏ သွားသတဲ့။ ဒါကြောင့် ရဲခရဲ့ အကြူးဒုက္ခခံရတဲ့ ဂျူတီပိတ်တယ်။

နေကလည်းပြင်းတော့ နေ့ခင်းမထွက်ကြတော့ဘဲ ညနေကျမှ ရွှေ ဘိတားအအေးဆိုင်မှာ စတော်ဘယ်ရီသောက်ဖို့ ချိန်းထားကြတယ်။ ကြဲ ဖန့်လည်း ပါမှာ။ မနေ့ကတည်းက ညှိထားကြတယ်လေ။

ဒါနဲ့ညနေ ကျွန်တော် အိမ်ကထွက်မယ်ပြင်နေတုန်း ရဲခဆီက ဖုန်းဝင်လာတယ်။ ကြဲဖန့်အိမ်က ထပ်ဆက်လို့ . . . တဲ့။ ကြဲဖန် ခုထိ အိမ် ပြန်မရောက်သေးဘူးဆိုပဲ။ ကြဲဖန့်အဒေါ်ငယ်က စိတ်ပူနေလို့ ရဲခက ကျွန် တော် လင်းဆက်အောင်နဲ့ ကျန်သူငယ်ချင်းတွေဆီ သူပဲဆက်မေးပေးမယ် ဆိုပြီး လှမ်းဆက်တာ။ ကျန်တဲ့ကောင်တွေဆီလည်း ဆက်ပြီးပြီတဲ့။

ကျွန်တော်က ကျွန်တော့်ဆီလည်း မလာဘူးဆိုတဲ့ အဖြေပေးရင်း သာမက ကျွန်တော်ပါ နည်းနည်းစိတ်ပူသွားတယ်။ ဒါဆို ကြဲဖန့်ကို ရှာ အောင် ငါလာခဲ့မယ်ဆိုပြီး ခဏနေတော့ ရဲခ စက်ဘီးနဲ့ရောက်လာတယ်။ ကြဲဖန့်က မနက်စောစောဆို ပြိုင်ဘီးလေးနဲ့ မြို့ပတ်စက်ဘီး စီးနေကျ။ မနက် ခြောက်နာရီ၊ ခုနစ်နာရီခွဲလောက် အိမ်ပြန်ရောက်၊ ရေချိုး၊ မနက်စာစားပြီးမှ လုပ်စရာရှိတာလုပ်၊ အပြင်ထွက်စရာရှိ ပြန်ထွက်တာ။ ဒါ . . . ပုံမှန်ပဲ။

ဘာလို့ဆို ကျွန်တော်တို့နဲ့လည်း ဒီလိုပဲ ချိန်းပြီး စက်ဘီးစီးကြ တယ်။ စောစောကပြောတဲ့ အချိန်လောက်ဆို အိမ်ပြန်ကြတယ်လေ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့က မနက်စောစော သိပ်ထလေ့ရှိတဲ့ကောင်တွေ မဟုတ်တော့ ကြွ
လို နေ့တိုင်း၊ မနက်တိုင်း အမြဲမစီးဖြစ်ဘူး။ ဒါပေမဲ့ ကြွဖန် အဲဒီအချိန်လော
ဆို ပြန်လာနေကျမှန်းတော့ သိတယ်။

ကျွန်တော်ရဲခကို သေချာမေးမိတယ်။

"ကြွဖန် ဒီအချိန်ထိတော့ မနေတတ်ပါဘူး။ ငါတို့သူငယ်ချင်း
ဆီလည်း မလာဘူးဆိုတော့ ... ဒီကောင် ... ဘယ်များသွားနေတာ
နောက်ပြီး အိမ်ကိုလည်း မပြောမဆိုနဲ့ ... အဲလိုထွက်လေ့မှ မရှိတာ"

"အေး ... အဲဒါပြောတာပေါ့။ သူ့အိမ်က ပြောတယ်၊ ထွက်သွား
တာလည်း စက်ဘီးစီး အားကစားဝတ်စုံစပို့ရှပ်နဲ့ ဘောင်းဘီပေါင်လ
အကျပ်နဲ့ ...တဲ့။ အဲဒီဝတ်စုံကြီးနဲ့တော့ လျှောက်မသွားလောက်ဘူး
ဖုန်းဆက်ကြည့်ရအောင်ကလည်း ဒီကောင်က ထုံးစံအတိုင်း ဖုန်းလည်း
မသွားဘူးလေ"

လူတကာတွေ ဟန်းဖုန်းလေးကိုယ်စီနဲ့။ အထူးသဖြင့် လူငယ်
မှာ ဖုန်းမှမပါရင် ကိုယ့်ခေါင်းကိုယ် ဖြုတ်ထားခဲ့မိသလို ပူစပ်ပူလောင်
နေကြတဲ့အချိန်မှာ ကြွဖန်ကတော့တစ်မျိုး။

သွားလေရာ ဖုန်းပါနေရင် ကိုယ်ရှိတဲ့နေရာ ပြနေရသလိုပဲ
တော်ကြာ ... အိမ်ကဆိုလည်း 'ဘယ်ရောက်နေလဲ ... ဘာလုပ်ဖို့ ရှိတ
ပြန်လာခဲ့' တို့၊ ဒါမှမဟုတ်ရင် 'ဘယ်ကိုသွား ... ဘာလေးလုပ်ပေးပါဦး'
လှမ်းခိုင်းတတ်တယ်။

ရည်းစားဆိုလည်း 'ဘယ်ရောက်နေတုံး၊ ဘာလုပ်နေတုံး၊ ဘယ်
နဲ့တုံး၊ ဘာလို့ထွက်တာတုံး၊ ဘယ်အချိန်ပြန်မှာတုံး' အဲဒီ 'တုံး' ... 'တုံး'
မေးခွန်းပေါင်းစုံကို တရားခံစစ်ခံရသလို ဖြေနေရတော့တာပဲတဲ့။

ဒါ့ပြင် 'ဘာလုပ်မနေနဲ့ဦး'၊ ဘာကို ဘယ်လိုလုပ်ဦး၊ ဘယ်
မသွားနဲ့ဦး၊ စောစောပြန်ဦး။ ပြန်ရောက်ရင်လည်း ဖုန်းဆက်ဦးနဲ့ 'ဦး' အ
တွေလည်း နာခံနေရတော့တာပဲ ...တဲ့။

အဲဒါကြောင့် ကိုယ်ရှိတဲ့နေရာ သူ့ပြောထားသလို မဖြစ်ချင်
ဖုန်းကိုနေရာတိုင်း ယူမသွားဘူးဆိုပဲ။





နာမည်ကိုက 'ကြွဖန်' ပါဆို။ 'ကြွဖန်'ပီသအောင် ဒီလောက်တော့
နေတယ်လေ ...။ ခုလည်း ... ဒီကောင်က ဖုန်းယူမသွားတော့ ဘယ်ရှိလို့
မှန်းမသိ ဖြစ်ရပြီပေါ့ ...။

"ဒီကောင်ကြွဖန် ... ရုပ်ချောတယ်ဆိုပေမဲ့ လူကုန်ကူးခံရအောင်
ထလည်း ယောက်ျားကြီးကွ။ မဖြစ်လောက်ပါဘူး။ ကဲလေ ... ရဲခ၊ မင်းနဲ့ငါ
ကြွဖန်သွားတတ်တဲ့နေရာတွေ လျှောက်ရှာကြည့်ကြတာပေါ့ကွာ။ ဒီကောင်
ဘယ်ချောင်ထိုင်ပြီး ဂန္ထဝင်မြောက်အတွေးတွေ ဖန်တီးနေလဲမှမသိတာ"

ကျွန်တော်နဲ့ရဲခ တိုင်ပင်နေတုန်းမှာပဲ မိုးကြိုးနဲ့ဘုန်းဝေ စက်ဘီး
ကိုယ်စီနဲ့ ရောက်လာတယ်။ သူတို့လည်း ကြွဖန့်ကို စိတ်ပူသလိုလိုရှိလို့
တဲ့။

ဟုတ်တော့လည်း ဟုတ်တယ်။ ကျွန်တော်တို့တွေက လူချင်း
တွေ့ကြရင်တောင် ဖုန်းတော့ အမြဲဆက်နေကျ။ ဒီနေ့တစ်နေ့လုံး ကြွဖန်
ဖုန်းကို မဆက်သေးတာလေ။

ကျွန်တော်တို့ ကြွဖန့်ကိုဖမ်းဖို့ စက်ဘီးကိုယ်စီနဲ့ အရှာထွက်လာ
ခဲ့ကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

မိုးနေဦး ဘာလုပ်ရမည် မသိတော့။

သူက တွင်းထဲသို့ ငုံ့ကြည့်လိုက်သည်။ သူ့ခန္ဓာသည် တွင်းထဲတွင် ခွေခေါက်လျက် မှောက်ခုံကြီးဖြစ်နေသည်။ သူသည် ခေါင်းမှဒဏ်ရာကို စိတ်ရောက်သွားပြီး ဒဏ်ရာအခြေအနေကို သိချင်စိတ်ပေါ်လိုက်မိသည်။ ထိုသည်နှင့်တစ်ပြိုင်နက် သူသည် သူ့ခန္ဓာအနီးသို့ ဖြုန်းခနဲ ရောက်နေလျက်သား ဖြစ်သွား၏။

သူ အံ့အားသင့်သွားသည်။ တစ်ဆက်တည်းပင် သူသည် သူ့စိတ်ဆန္ဒပေါ်ရာသို့ သွားနိုင်စွမ်းရှိသည်ကို ရုတ်ခြည်း ဂရုပြုမိလိုက်လေသည်။

မှောက်ခုံဖြစ်နေသော ခန္ဓာအနေအထားကြောင့် သူ့ခေါင်းဒဏ်ရာကို သူမြင်နေရ၏။ ဒဏ်ရာသည် နောက်စေ့တည့်တည့်မဟုတ်ဘဲ ဦးခေါင်းနောက် ညာခြမ်းဘေးစွန်းတွင်ဖြစ်သည်။ ဒဏ်ရာတစ်ဝိုက်မှ ဆံပင်များသည် သွေးများ စိုရွှဲနေ၏။

အောက်ခံကျောက်တုံးနှင့် ဆောင့်မိခြင်းမှာ ခေါင်းတည့်တည့်မှလွဲကာ ခေါင်းညာခြမ်းဘေးကိုသာ ကပ်၍ထိသွားသဖြင့် သူ ဦးဆက်ပွင့်ပြီး မသေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။





သို့သော် ဒဏ်ရာမှ သွေးတစိမ့်စိမ့် ထွက်ဆဲရှိနေ၏။ ဤပုံအတိုင်းဆိုပါက လူမတွေ့လျှင်၊ သို့မဟုတ် မကယ်လျှင် သူသည် သွေးလွန်၍ သေဆုံးရပေတော့မည်။

မိမိ၏နာမ်သည် မိမိ၏ရုပ်ခန္ဓာကြီးကို တွေ့နေမြင်နေရသော်ငြားခန္ဓာမှ ဆံချည်လေးတစ်မျှင်ကိုမျှ လှုပ်ရှားအောင် မစွမ်းနိုင်။ နာမ်သည် ရုပ်နှင့် ကွဲထွက်သွားသည်နှင့် 'ဒါ ငါ့ခန္ဓာ၊ ငါ့ ကိုယ်'ဟု 'ငါ' သမုတ်ခဲ့သော ဤအတ္တတောကြီးသည် ဘာမျှမဆိုင်တော့သည့် သူစိမ်းတစ်ယောက်၏ခန္ဓာနှယ် သီးခြားထီးတည်း ရှိတော့သည်။

သူ စိတ်ပျက်လက်ပျက်ဖြင့် သူ့ခန္ဓာဘေးတွင် ရပ်နေမိသည်။

သည်တိုင်းသာဆိုလျှင် တစ်ဦးတစ်ယောက်တွေ့ပြီး မကူညီပါက သူသည် သွေးလွန်၍သော်လည်းကောင်း၊ ဒဏ်ရာကြောင့်လည်းကောင်း သေဆုံးရတော့မည်။ သူ သည်သို့ဖြစ်ခဲ့ခြင်းကို ဂင်ချီတို့တစ်သိုက်က လွဲ၍လည်း သိသူမရှိ။ သူ့ကို ကယ်တင်နိုင်မည့် သူ့အိမ်ကလူတွေ သူ့သူငယ်ချင်းတွေသိအောင် သူ . . . ဘယ်လိုလုပ်ရပါ့မလဲ။

အိမ်ကို စိတ်ရောက်လိုက်မိသည်နှင့် သူသည် သူ့အိမ်သို့ အံ့ဩဖွယ်ရောက်သွားပြန်၏။ သူ့ဖေဖေနှင့် မေမေသည် နိုင်ငံခြားမှ အိမ်သို့ပြန်ရောက်နေချိန်ဖြစ်၍ ကံကောင်းစွာနှင့် အိမ်တွင်ရှိနေသည်။ သို့သော် သူထိုသို့ဖြစ်နေရခြင်းကို ကံဆိုးစွာဖြင့် သူတို့မသိ။

သူသည် ဆိုင်များသို့ပို့ရန် အထည်များနှင့် အလုပ်ရှုပ်နေသော သူ့မေမေနှင့် အဒေါ်နှစ်ဦးအားလည်းကောင်း၊ ကွန်ပျူတာရှေ့တွင် အလုပ်လုပ်လိုက်၊ ဟိုသွားလိုက်သည်သွားလိုက် လုပ်နေသော ဖေဖေ့အားလည်းကောင်း၊ နောက်မှ တကောက်ကောက်လိုက်ကာ သိစေရန် ကြိုးစားပါသော်လည်း အရာကမထင်၊

သူ့သူငယ်ချင်းများထံလည်း သူရောက်၏။ အားလုံးသည် ကိုယ့်ကိစ္စနှင့်ကိုယ်၊ သူ့အဖြစ်ကို သူတို့သိအောင် သူမလုပ်နိုင်ပြန်။

သူသည် ဆောက်တည်ရာမရ ဟိုရောက် သည်ရောက်နေက် ဖြစ်နေတော့သည်။ နောက်ဆုံး သူ့ကို သည်သို့ဖြစ်ရအောင် လုပ်ခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်ရပ်ကို သိနှင့်ပြီးဖြစ်သော ဂင်ချီအုပ်စုဆီသို့သာ သူ စိတ်ရောက်သွားရတော့သည်။

သူ့ကို တွင်းထဲပစ်ချခဲ့စဉ်က သူ့ကိုကယ်ပါရန် ဂျန့်အား အသည်းအသန် အကူအညီတောင်းခဲ့စဉ် ဂျန်သည် ဆွံ့အနေဖြစ်သွားခဲ့၏။ တစ်စုံတစ်ရာကို ခံစားရပုံနှင့် ထိတ်လန့်ဟန်ကိုလည်း တွေ့ရသည်။ ဂျန်က သူ့ချည်းကပ်သည်ကိုများ ခံစားရမိလေသလား ...

နောက်ပြီး သူ့ကို မသေသေးလျှင် ဆေးရုံပို့ရန် ကျော်လူ့ကို သူမ တိုက်တွန်းခဲ့သေးသည်။ ကျန်လူများက ကန့်ကွက်ခဲ့၏။ သူ့ကို ကူညီလို စိတ်ရှိသေးသည့် ဂျန့်အား သူ မည်သို့ ထပ်မံတွန်းအားပေးနိုင်မည်လဲ။

ထို့ပြင် ... သူ့အား ရန်စခဲ့ကြခြင်း အကြောင်းရင်းကိုလည်း သူ သိချင်သည်။ သူတို့ပြောသော 'ဟိုအထုပ်' ဆိုသည့်ကိစ္စ၊ ရဲကိုတိုင်သည် ဆိုသည့်ကိစ္စ ...။

သူ ... ဂျန့်ဆီသို့ သွားမှဖြစ်မည်။

✿ ✿ ✿

"ဂျန် ... နင် ... မရက်စက်ပါနဲ့ဟာ။ ငါ့ကိုကယ်ပါ ... ကယ်ပါ ... ဂျန် ..."

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ဂျန် ဆွံ့အနေတုန်သွား၏။ သူမ ဘေးဘီသို့ မျက်ကလူးဆန်ပျာ ကြည့်မိသည်။ မည်သူမျှမရှိ။ သူမ ရုတ်ခြည်း ကြက်သီးဖြန်းဖြန်း ထလာသည်။

"ဂျန် ... နင်တို့နဲ့ငါ ရန်ငြိုးရန်စလည်းမရှိဘဲ ဘာကြောင့် ငါ့ကို ဒီလိုလုပ်ကြတာလဲဟာ။ ငါ့ကို ဒီအတိုင်းပစ်ထားရင် ငါသေရလိမ့်မယ်။ နင် တစ်ခုခု လုပ်ပေးမှဖြစ်မယ်။ လုပ်ပါ ... ဂျန် ... နင် ကယ်ပါ"





အသံက သူမနောက်နားမှ ကပ်လျက်ပေါ်လာပြန်သည်။ ဂျန် အထိတ်တလန့်နှင့် ချာခနဲ လှည့်ကြည့်လိုက်၏။

"အမလေး ..."

မိုးနေဦးသည် သူမနောက်ဘက် လက်တစ်ကမ်းအကွာတွင် အတောင့်သားရပ်နေပြီး သူမအား စိုက်ကြည့်နေလေသည်။ ဂျန့်ရင်များ တဆတ်ဆတ် ခုန်လာ၏။

"သွား ... မလာနဲ့ ... မိုးနေဦး .. ခင်ဗျား ... ခင်ဗျား ... သေ ... သေသွားပြီ ... လေ ... ဟင့်အင်း ... မလာနဲ့ ... မ ... လာ ... နဲ့"

သူမနားသို့ တရွေ့ရွေ့တိုးကပ်လာသော မိုးနေဦးကို ဂျန် ထိတ်လန့်လွန်းစွာ လက်တကာကာနှင့် အော်ဟစ်ဟန့်တားလိုက်မိ၏။

"ငါ ... မသေသေးဘူး ... မသေသေးပါဘူးဟာ။ ဒါပေမဲ့ နင်မကယ်ရင် ... ငါတကယ် သေသွားလိမ့်မယ် ... ဂျန်။ ဒါကြောင့် နင် ကယ်မှဖြစ်မယ်"

ပြောရင်းနှင့်ပင် မိုးနေဦး၏ လက်အေးအေးကြီးက ဂျန့် ပခုံးပေါ် ဖြုန်းခနဲ ကျလာသည်။

"အား ... အမလေး"

ဂျန်သည် အလန့်တကြားနှင့် သူမပခုံးပေါ်မှ မိုးနေဦး၏လက်များကို ပုတ်ခါထုတ်ရင်း အထိတ်တလန့် ရုန်းထွက်လိုက်မိ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"မမ . . . မမ . . ."

"ဟင် . . . ဟင် . . ."

ဂျန် ငေါက်ခနဲ ထထိုင်လိုက်၏။ သူမ ပခုံးကို ပုတ်ကာနှိုးနေသော မောင်လေးရန်ရန်ကို တွေ့ရသည်။

"မမ . . . ဘာဖြစ်တာလဲဟင်။ မမအော်တာ အကျယ်ကြီးပဲ"

"ဟင် . . . ဟုတ် . . . ဟုတ်လား မောင်လေး။ ဟို . . . မမ အိပ်မက်ဆိုး . . . မက်နေလို့ပါ။ မမအော်လိုက်လို့ ရန်ရန် လန့်နိုးသွားတာလား။ ကဲ . . . ကဲ . . . မောင်လေး ပြန်အိပ်ပြန်အိပ်။ အစောကြီးရှိသေးတယ်"

ဂျန်က ခေါင်းလေးညိတ်ကာ ပြန်လှဲချလိုက်သော မောင်ငယ်၏နဖူးကို အသာငုံ့နမ်းလိုက်သည်။ သူမလည်း အိပ်ရာပေါ် ပြန်လှဲချလိုက်ပြီး သူမကို လှမ်းဖက်လာသော ရန်ရန်၏လက်ကလေးကို ပြန်ဆုပ်ကိုင်ထားလိုက်သည်။

ယနေ့မနက်က ဖြစ်ရပ်ကြောင့် ဒေါသအိုးဂျန်မှာ ပေါက်ကွဲပြီး ဤအခြေအနေထိ ဖြစ်ခဲ့ရသော်လည်း သည်သို့ဖြစ်စေရန် ဂျန် လုံးဝ မရည်ရွယ်ခဲ့ပါ။ မိုးနေဦးကို ဂျန်တွန်းပစ်မိခြင်းမှာလည်း ဒေါသအလျောက် စိတ်တိုတိုနှင့် အမှတ်မဲ့ တွန်းပစ်လိုက်မိခြင်းဖြစ်ပါသည်။ ထိုဒေါသကြောင့် နု ဂျန် နေရင်းထိုင်ရင်း လူသတ်မိသလို ဖြစ်သွားခဲ့ရပြီ။

ဘုရား . . . ဘုရား . . . ဒီအဖြစ်ကြီးဟာ . . . အိပ်မက်ပဲ ဖြစ်လိုက်ပါတော့ . . . အိပ်မက်ပဲ ဖြစ်ပါစေတော့။





ဂျန့်ပါးပြင်သို့ မျက်ရည်များ စီးကျလာ၏။

မိုးနေဦးရယ် . . . ခင်ဗျားကို ဒီလောက်ထိဖြစ်စေဖို့တော့ ဂျန် အကာယ်မရည်ရွယ်ပါဘူး။ နောက်ပြီး အရင်ရန်စတာက ခင်ဗျားလေ။ ခင်ဗျား ပြောသလိုပဲ . . . ခင်ဗျားကရော . . . ဘာကြောင့် ရန်ပြိုးရန်စမရှိဘဲ ဂျန့်ကို အချုပ်ထဲရောက်အောင် ရဲကို မဟုတ်တမ်းတရား သွားတိုင်ရတာလဲ။

ဂျန် . . . မိုးနေဦးကို အမှန်ပင် နားမလည်နိုင်ပါ။

ဟိုးအပတ်က ကိုကြီးကျော်လူက သူမအား အထုပ်တစ်ထုပ်ပေးကာ ခေတ္တသိမ်းထားရန် ပြော၍ ဂျန် ယူလာခဲ့သည်။ အထုပ်ကို ဂျန် ဖြေ၍ပင် မကြည့်မိ။ ခါတိုင်းလည်း ကိုကြီးက ထိုသို့ပင် ပစ္စည်းများ သိမ်းခိုင်းနေကျဖြစ်၍ ဂျန် အထူးတလည် စိတ်မဝင်စားမိခြင်းဖြစ်သည်။

ကိုကြီးမိခင် ငယ်စဉ်ကဆုံးပါးသွားပြီး ဖခင်က နောက်အိမ်ထောင်ထူခဲ့ရာ ကိုကြီးမှာ မိထွေးနှင့် နေရသူဖြစ်၏။ မိထွေးလုပ်သူက ကိုကြီးပစ္စည်းများကို မွှေနှောက်တတ်လွန်း၊ ငွေဆိုလည်း နှိုက်တတ်လွန်း၍ အိမ်တွင်ထားရသည်မှာ စိတ်မချရဆိုကာ ဂျန့်ထံ အပ်ထားလေ့ရှိလေသည်။

ဟိုးအရင် အစပထမ ကိုကြီးက ထိုသို့ပစ္စည်းများ အပ်ခဲ့စဉ်က ဂျန်သည် ဘာတွေလဲဟု မေးခဲ့ဖူးသည်။ ကိုကြီးက ဂျန့်ကို 'သိမ်းဆိုသိမ်းထား၊ ပြန်ပေးဆိုပေး။ မစပ်စုနဲ့။ မိထွေးက အဲလိုစပ်စုလွန်းလို့ ရည်းစားအပ်ပါတယ် . . . ရည်းစားက ရှင်ကြီးကျားထက်ဆိုး လုပ်မနေနဲ့' . . . ဟု ပိတ်ပြောခံခဲ့ရကတည်းက နောက်ပိုင်း ဂျန် ဘယ်တော့မှမမေးတော့။

ထို့ကြောင့်လည်း ပြီးခဲ့သောအပတ်က ကိုကြီးပေးခဲ့သော အထုပ်ကို ဂျန် သည်အတိုင်း သူ့အခန်းထဲမှ စားပွဲပေါ်တင်ထားခဲ့သည်။ နောက်နေ့ နက်စောစော ကိုကြီးလာယူတော့လည်း သည်အတိုင်းပင် ပြန်ပေးလိုက်ခဲ့၏။ အထုပ်တွင် မည်သည်ပါမှန်း ဂျန်အမှန်ပင်မသိ။

နောက်တစ်နေ့ နေ့လယ်ပိုင်း ထမင်းဆိုင်အတွက် ဈေးဝယ်ရန် အသွား မိုးနေဦးအား ပခုံးတွင် ကြယ်နှစ်ပွင့်တပ် အရာရှိရဲတစ်ဦးနှင့်အတူ ရဲစခန်းမှ ထွက်လာသည်ကို တွေ့ရသည်။ ရဲစခန်းရုံးရှေ့တွင်ရပ်ကာ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မိုးနေဦးက ဂျန့်အား လှမ်းမြင်ကာ လက်ညှိုးထိုးပြလိုက်သည်ကို လည်း မြင်လိုက်ရ၏။

'ဒီလူ ဂျန့်အကြောင်း ဘာတွေပြောနေတာလဲ' ဟု မကျေမလည် တွေးရင်း ဂျန် ခပ်သွက်သွက် ဖြတ်လာခဲ့သည်။ ရဲစခန်းကိုကျော်လာ လမ်းကွေ့အရောက် ဂျန် နောက်ပြန်လှည့်အကြည့်တွင် မိုးနေဦးနှင့် ရဲအရာ တို့ကလည်း သူမကို လှမ်းကြည့်နေသည်နှင့် ဆုံပြန်၏။

ထိုနေ့ညနေပိုင်းတွင်ပင် ဆိုင်၌ အလုပ်လုပ်နေသော ဂျန့်ကို စ စရာရှိ၍ဟုဆိုကာ ရဲတပ်ကြပ်နှစ်ဦးက လာခေါ်သွားခြင်းဖြစ်သည်။ ဂျန် ဘုမသိဘမသိဖြင့် စခန်းသို့ ပါသွားရ၏။ စစ်မေးခြင်းအကြောင်းမှာ ကိုကြီး သိမ်းနိုင်းထားသော အထုပ်အကြောင်း ဖြစ်လေသည်။

ထိုအထုပ်က ဘာအထုပ်လဲ၊ ဘယ်သူက ပေးတာလဲ၊ ဘာ ပါလဲ စုံစေ့အောင် မေးတော့သည်။ ဂျန် မပြောနိုင်ပါ။ ထိုအထုပ်က ပလ စတစ်အနီရောင်အိတ်နှင့် ထည့်ထားသည်။ ကိုကြီးပေးစဉ်ကပင် အိတ် အပေါ်မှကြိုးနှင့်ထပ်ကာ စည်းချည်ထား၏။ တကူးတက ဖြေကြည့်ရမည် ဖြစ်၍လည်းကောင်း၊ ကြည့်လေ့ကြည့်ထမရှိ၍တစ်ကြောင်း ဂျန် မကြည့်မိ အမှန်တကယ် မသိခြင်းဖြစ်ပါသည်။

သို့သော် ရဲကမယုံ။ အကြိမ်ကြိမ် လှည့်ပတ်မေးသည်။ အထုပ် ဘယ်ကရသလဲဟူသော အမေးကိုပင် ကိုကြီးအပ်ထားခြင်းဖြစ်သည်ဟု ဖြေ ကောင်းနိုးနှင့် ဂျန် အကြပ်ရိုက်သွားခဲ့ရသေးသည်။ ထိုအဖြေကို ကိုကြီး လျှင် ဂျန့်အား ပြစ်တင်ဆူပူမည်စိုး၍ဖြစ်သည်။ သူငယ်ချင်းတစ်ယော ခေတ္တအပ်ထားတာဟု ဂျန် လှည့်ပတ်ဖြေသော်လည်း ရဲက ကျော်လူ ထားတာမို့လားဟု ပေးသည့်ရက်စွဲနှင့်တကွ အပိုင်အနိုင်ပြောတော့ ဂျ မငြင်းသာတော့။

ထို့ပြင် ရဲက ကိုကြီး အထုပ်လာပြန်ယူသွားသည်ကိုပင် သိနှင့် လေသည်။ သတင်းပေးတိုင်ကြားသူက ဂျန့်ကို ကျော်လူက ထိုအထုပ်အ ပေးလိုက်သည်ကို မြင်သည်ဟု သက်သေနှင့်တကွ တိုင်ထားသည်ဟု ရဲ ဆို၏။





ဂျန် ထောင်းခနဲ ဖြစ်သွားသည်။ မိုးနေဦးမျက်နှာကိုလည်း ကွက် ခနဲ မြင်ယောင်လိုက်မိ၏။ သူမကို ကိုကြီး အထုပ်ပေးချိန်၌ မြင်သူမှာ မိုးနေဦး သာဖြစ်သည်။ ထို့ပြင် နေ့လယ်ပိုင်းက မိုးနေဦးကို ရဲစခန်းတွင် တွေ့ခဲ့ရ သည်။ ဂျန့်ကို လက်ညှိုးထိုးပြပြီး ရဲအရာရှိအား တစ်စုံတစ်ခု ပြောနေခဲ့သည် လေ။

ထိုညနေပိုင်းမှာပင် ဂျန့်အား ရဲများလာခေါ်ခြင်းဖြစ်၏။ သို့အတွက် ကိုင်သူသည် မိုးနေဦးမှလွဲ၍ အခြားမဖြစ်နိုင်။ မိုးနေဦးကို ဂျန် အရမ်းပေါက် ကွဲနေမိတော့သည်။

ညရှစ်နာရီလောက်တွင် ဂျန့်ဦးလေး ရဲစခန်းသို့ ရောက်လာသည်။ ဂျန့်ကို ရဲဖမ်းသွားကြောင်း ဒေါ်ကြီးတင်က ယခုမှ ပြောသည်ဆို၏။ ရဲက စစ်မေးစရာရှိ၍ ခေါ်ထားကြောင်းပြောကာ ဂျန့်အား ပြန်မလွှတ်။ သို့နှင့်ပင် ထိုညက ရဲစခန်း၌ ဂျန်အိပ်ခဲ့ရလေသည်။ နောက်နေ့ နေ့လယ်လောက်ကျ ဂျန် အမှန်မသိခြင်းဟု ယုံကြည်သွားသည်လား။ သက်သေမခိုင်လုံ၍လား တော့မသိ ဂျန့်ကို ပြန်လွှတ်လိုက်သည်။

ဂျန့်ကို ရဲစခန်းမှ ခေါ်စစ်ခံရသည့်သတင်းက ရပ်ကွက်ထဲတွင် ပွထ ခဲ့ပြီ။ ရှက်စိတ်၊ ဒေါသစိတ်တို့က မိုးနေဦးအပေါ် အလုံးအရင်းနှင့် ပုံကျ သည်။ ဂျန် အိမ်ပြန်ရောက်မှ ကိုကြီးကျော်လူတို့ကိုလည်း ထိုနေ့မှာပင် စခန်းမှ ခေါ်စစ်နေကြောင်း သိရတော့သည်။ ကိုကြီးတို့ကမူ စခန်း၌ သုံးရက် ကြာခဲ့လေသည်။ နောက်မှ ပြန်လွှတ်လာ၏။

ဂျန်က ရဲကို မိုးနေဦးတိုင်သည့်အကြောင်း ပြောပြတော့ ကိုကြီး အားသင့်သွားလျက် နောက် ဂျန့်နည်းတူ ပေါက်ကွဲတော့သည်။ မှတ် ထက်သားလောက် ပညာပေးရမည်ဆိုကာ မနက်စောစော မိုးနေဦး စက်ဘီး အပြန်စောင့်ပြီး အရှင်းတွင် မမျှော်လင့်ဘဲ ယခုအခြေသို့ ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

ဂျန် သက်ပြင်းမောကြီးချမိရင်း အိပ်ရာမှ ထလိုက်သည်။ နာရီကို လှမ်းကြည့်တော့ မနက်လေးနာရီ ထိုးပြီးပြီ။ အိပ်မက်ဆိုးမက်ပြီးနောက် ဂျန်



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူးသည်လိုမှုဖြင့် သောကပူကာ အိပ်မပျော်ခဲ့သော်လည်း ထပ်အိပ်ဖို့အ
မသာတော့။ ထမင်းဆိုင်အတွက် ချက်ပြုတ်ပြင်ဆင်ရဦးမည်။

စိတ်ထွေပြားရှုပ်ထွေးစွာနှင့်ပင် အလုပ်များကို ဖယ်ဆက်သလို လု
နေရသော်လည်း ဂျန့်အတွေးတို့က အိပ်မက်အကြောင်းသို့သာ ဝဲလည်လျ
ရှိ၏။

မိုးနေဦး ...။ သူက ... သူမသေသေးပါဘူး ... တဲ့။ ဟုတ်မှ
နေသလား ...။

"အမလေး ..."

ရုတ်တရက် သူမတစ်ကိုယ်လုံး အေးစိမ့်သွားသဖြင့် ဂျန်လန့်က
အော်လိုက်မိ၏။

"ငါ့ကိုကယ်ပါ ... ဂျန် ... နင် တစ်ခုခုလုပ်မှဖြစ်မယ် ... ငါ့
ကယ်ပါ ... ကယ်ပါ ... ဂျန် ..."

ဂျန့်နားထဲတွင် မိုးနေဦးအသံကို ကြားယောင်သလို ရှိသွား၏။ 
စဉ် ဂျန့်ဝန်းကျင်သည် အအေးခန်းထဲ ဝင်လိုက်ရသကဲ့သို့ ထပ်မံ၍ အေ
ဖြစ်သွားသည်။ သူမသည် ရေခဲတုံးကြီးအနား ကပ်ရပ်နေမိသည့်နှယ်ရှိသည်
ဂျန် တုန်လှုပ်လာ၏။

"နင် ... ငါ့ကိုကယ်မှဖြစ်မယ် ...ဂျန်"

သူမ နားနား ကပ်ပြောလိုက်သလို အသံကြားလိုက်ရသည် ထင်
၏။

ဂျန်သည် ကြက်သီးများ ဖြန်းခနဲ ထလာသည်။

❁ ❁ ❁

[ ၈ ]

❑

အပျက်အပျက်နဲ့ နာခေါင်းသွေးတော့ ထွက်ခဲ့ပြီ။

ကြဲဖန်တစ်ယောက် လုံးဝပျောက်နေတယ်။ မနေ့က ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ကြဲဖန်သွားတတ်တဲ့ နေရာစုံကို လူခွဲပြီး ရှာကြတယ်။ မေးမြန်းကြတယ်။ အားလုံးက ကြဲဖန့်ကို လုံးဝမတွေ့ကြဘူးလို့ ဆိုတယ်။ ကြဲဖန်စက်ဘီးစီးပြီးအပြန် အမြဲဝင်စားနေကျ ဒေါ်လွယ်မုန့်ဟင်းခါးဆိုင်ကို တောင် ကြဲဖန်မလာပါ ... တဲ့။

သူ့သတင်း စုံစမ်းလို့မရလေ၊ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ စိတ်ပူလာလေ ဖြစ်လာတယ်။ အစကတော့ တစ်နေရာရာမှာ ရှိနေမယ်လို့ ထင်ထားခဲ့တာ။ ရှာရင်းဖွေရင်း စုံစမ်းရင်း နေသာဝင်သွားခဲ့ပြီး မိုးချုပ်စပြုလာတဲ့အထိ ကြဲဖန့်သတင်း ဘယ်လိုမှ မရဘူး။

ကျွန်တော်တို့ပူသလို ကြဲဖန့်အိမ်ကလည်း စိတ်အပူကြီး ပူပြီး နောက်ဆုံး ညဦးပိုင်းမှာ ကျွန်တော်တို့နဲ့အတူ သူ့အိမ်က ရဲစခန်းကို တိုင်ရတော့တယ်။

ရိုးရှင်းအေးဆေးတဲ့ မြို့လေးမို့ ထူးထူးခြန်းခြန်း ဒီအဖြစ်ကို ရဲတိုင်သာတိုင်ရတယ် အစိုးရိမ် လွန်နေမိကြတာလားလို့တောင် ထင်မိကြသေးပဲ။ ဒါပေမဲ့ ရဲတွေလည်း ကြဲဖန့်ကို ရှာလို့မတွေ့ပါဘူး။ စုံစမ်းနေကြတုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြဖန့်အဖေ၊ အမေနဲ့ အဒေါ်တွေက အလုပ်လုပ်နေကြပေမဲ့ ဘယ်လိုဖြစ်မှန်းမသိ။ တစ်နေ့လုံး စိတ်စနိုးစနောင့် ဖြစ်နေမိကြတယ် ပြောတယ်။ ညနက်တဲ့ထိ ကြဖန့်ပြန်လာနိုး မျှော်နေကြပေမဲ့ ကြဖန့်က ပေါ်မလာတော့ တစ်ခုခုတော့ ဖြစ်နေပြီဆိုပြီး သူ့အမေနဲ့ အဒေါ်တွေလည်း တငိုငို တရယ်ရယ်နဲ့ပဲ။ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း ကြဖန့် တကယ်ပျောက်နေတယ်ဆိုတဲ့ အသိကြီးနဲ့ အံ့အားလည်းသင့်၊ ရင်လည်း ပူခဲ့ပြီလေ။

ရဲခတို့၊ ဘုန်းဝေတို့လည်း ညက ဆယ့်တစ်နာရီကျော်မှ ကျွန်တော့်အိမ်က ပြန်သွားကြတယ်။ ကျွန်တော်ကပဲ သောကဝေနေကြတဲ့ သူငယ်ချင်းတွေကို အိမ်ပြန်နားကြဖို့နဲ့ နောက်နေ့မနက်စောစော ထပ်ရှာကြည့်ကြမယ်လို့ပြောပြီး ဖွတ်ပြန်နှိုင်းလိုက်ရတာပါ။

ကျွန်တော် စဉ်းစားတယ်။

လုယက်ခံရအောင်လည်း ကြဖန့်က မနက်စောစော အားကစားလေ့ကျင့်ခန်းအနေနဲ့ စက်ဘီးစီးသွားတာဆိုတော့ ဘာအဆင်တန်ဆာမှ ပါမှာမဟုတ်ဘူး။ နောက်ပြီး ပိုက်ဆံရှိသူဌေးသားပေမဲ့ ကြဖန့်က သူ့ကိုယ်မှာ ရွှေတိုရွှေစတောင် တင်ဖဲ့ကောင် မဟုတ်ဘူးခင်ဗျ။ လက်စွပ်တို့၊ ဆွဲကြိုးတို့ ဝတ်လေ့ဝတ်ထမရှိတာ ပြောတာပါ။

သူဝတ်တာ နာရီတစ်ခုပဲ။ အဲ ... နာရီကတော့ သိန်းငါးဆယ်လောက်တန်တဲ့ ရိုးလက်စ်နာရီ အကောင်းစားပတ်တယ်။ သူ့အမေက မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးထားတာမို့ သူပတ်ဖြစ်တာ။ ကြိုက်လည်းကြိုက်တယ် ပြောတယ်။ ဒါပေမဲ့ စက်ဘီးစီးသွားရင်တော့ နာရီပတ်လေ့မရှိပါဘူး။ ဒါကြောင့် မပါတဲ့နာရီကို လုချင်စရာအကြောင်းလည်း မရှိနိုင်ဘူးလေ။

ပြန်ပေးများ ဆွဲခံရတာလား။ အင်း ... ဒါတော့ ဖြစ်နိုင်တယ်။ ဒီကောင်က သူဌေးသားကိုး။ ဒါပေမဲ့ဗျာ ... ရိုးရှင်းအေးဆေးတဲ့ ဒီလိုမြို့လေးမျိုးမှာ ဒီလိုအလုပ်တွေ လုပ်မဲ့သူလည်း မရှိလောက်ပါဘူး။ နောက်ပြီး ပြန်ပေးဆွဲတယ်ဆိုရင်တောင် ခုလောက်ဆို သူ့အိမ်ကို ငွေတောင်းစာ ဘာညာရောက်သင့်ပြီ။ ခု ... ရောက်မှမရောက်ပဲ။





ဒါဖြင့် ... ရန်ငြိုးရှိလို့ အန္တရာယ်ပြုခံရလေသလား။ ဒါလည်း ဒီကောင်က ကြဖန့်က ... သဘောကောင်း။ သိပ်စိတ်ရှည်တဲ့ကောင်။ သူ့ဘာသာ ကြဖန့်ကြောင်မဲ့သာ ကြောင်တာ၊ အေးအေးနေတတ်တယ်။ သူကြဖန့်ကြွက်တွေကြောင့် စိတ်ပျော်ရတာမို့ သူ့ကို လူချစ်လူခင်တောင် ပိုများသေးတယ်။

အင်း ... မသိတော့ပါဘူး။

ကျွန်တော်က တွေးရင်းတွေးရင်း စက်ဘီးကို ကြဖန့်နဲ့ စီးနေကျလမ်းတွေအတိုင်း မှန်မှန်ပဲ နင်းလာခဲ့တယ်။ ညကလည်း ကျွန်တော် အိပ်ရာထဲမှာ ဟိုလူးဒီလိမ့်နဲ့ ကောင်းကောင်းအိပ်မပျော်ဘူး။ နောက်ခဏကလေးမှေးခနဲ အိပ်ပျော်သွားချိန်မှာတောင် ကြဖန့်ကို စိတ်စွဲ စိတ်ပူမိနေလို့လားမသိဘူး။ ကြဖန့်အကြောင်း အိပ်မက်မက်သေးတယ်။

အိပ်မက်က ကယောက်ကယက်နဲ့။ ကြဖန့်ခေါင်းမှာ သွေးတွေနဲ့လဲကျနေတာလည်း ပါတယ်။ ကြဖန့်ခွေးကြီး ဘူးသီးရော၊ ဘာတွေမှန်းမသိဘူး။ နောက်ကျတော့ ကြဖန့်က အကောင်းပကတိနဲ့ ဂျန်ဆိုတဲ့ ကောင်မလေးနောက် တကောက်ကောက် လျှောက်လိုက်နေတာလည်း တွေ့ရပါရဲ့။ မသိမသိုင် ကြဖန့်ပြောဖူးတဲ့ ဂင်ချိုအုပ်စုတောင် ထည့်မက်လိုက်သေး။ အဆက်အစပ်ကို မရှိပါဘူး။

အဲဒီ ကယောက်ကယက်အိပ်မက်နဲ့ အိပ်ရာက လန့်နိုးပြီး ပြန်လည်း အိပ်မရတော့တဲ့အတူတူ ရောင်နီလည်းသန်းလာရော စက်ဘီးဆွဲပြီး မြို့ပတ်စီးလာတာ။ တိုက်တိုက်ဆိုင်ဆိုင် ဂျန်ဆိုတဲ့ကောင်မလေးနဲ့တောင် မြို့ပြင်အထွက်လမ်းမှာ တွေ့ခဲ့သေးတယ်။ တစ်ယောက်တည်း စောစောစီးစီး ဘယ်သွားတယ်မသိဘူး။ သုတ်သုတ်သုတ်သုတ်နဲ့ အုတ်တောင်ကွေ့ဘက်ကနေ လမ်းဘက် ပြေးထွက်လာတာ။

လမ်းအတိုင်း စက်ဘီးနင်းလာတဲ့ ကျွန်တော့်ကိုတွေ့တော့ မြန်းခနဲ အတောင့်သားရပ်သွားပြီး ကျွန်တော့်ကို ပြူးကြည့်နေတယ်။ သူကြည့်ရတာ တော်တော် အထိတ်တလန့်ပုံနဲ့။ ကျွန်တော့်ကိုတွေ့တာ သရဲတစ္ဆေတွေ့တာကျနေတာပဲ။ ကျွန်တော်က အဲလောက်လည်း ရုပ်ဆိုးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံကို စိတ်တိုလို့ ကျွန်တော်လည်း ဘုကြည့် ကြည့်ပေးလိုက်ပြီး စက်ဘီးဆက်နင်းလာခဲ့တယ်။ ကောင်မလေးကတော့ လူစင်စစ်က ကျောက်ရုပ် ဖြစ်ကျန်ခဲ့လေရဲ့။

"ဟာ … အန်ကယ် … လမ်းလျှောက်ပြန်လာတာလား"

လမ်းမှာ စခန်းမှူး အန်ကယ်ဦးအောင်ဖေနဲ့ ဆုံလို့ ကျွန်တော် စက်ဘီးပေါ်ကဆင်းရင်း နှုတ်ဆက်လိုက်တယ်။

"အေးကွ … သားရော … စက်ဘီးပတ်စီး ပြန်လာတာလား"

"ဟုတ်ကဲ့ … ဟို … မိုးနေ စက်ဘီးစီးနေကျလမ်းကြောင်းအတိုင်း တစ်ခုခုသဲလွန်စများရမလားလို့ ပတ်စီးကြည့်နေတာပါ … အန်ကယ်"

"အေးကွယ် … အန်ကယ်တို့လည်း စုံစမ်းနေပါတယ်။ ဒီမြို့မှာ ဒီလို တစ်ခါမှ မဖြစ်ဖူးတဲ့အဖြင့် မိုးနေဦးက လူအေးလေးဆိုတော့ အန်ကယ်တို့လည်း အတော် စဉ်းစားရကြပ်နေတယ်။ မောင်လင်းဆက်နဲ့ မိုးနေဦးက အချစ်ဆုံးသူငယ်ချင်းတွေမို့လား။ မင်းတို့သူငယ်ချင်းအုပ်စုက ညီအစ်ကို တွေလို တတွဲတွဲနေတာမို့ သူငယ်ချင်းအတွက် အတော် စိတ်ပူနေကြမှာ ပေါ့"

"ဟုတ်တယ် … အန်ကယ်ရယ်၊ ညကလည်း ကောင်းကောင်းအိပ် မပျော်ဘဲ … ကြဲဖန် … အဲ … မိုးနေအကြောင်း အိပ်မက်တွေ ပေါက်ကရ မက်နေသေးတယ်။ မိုးနေခေါင်းမှာ သွေးတွေနဲ့ လဲကျနေတာမျိုးမက်ပြီး အိပ် မက်မကောင်းလို့ စိတ်ပူပူနဲ့ စောစော စက်ဘီးနဲ့ ပတ်ကြည့်နေမိတာ"

"ဟင် … ဟုတ်လား … သားပြောသလိုဆို မိုးနေဦး … တကယ် ပဲ အန္တရာယ်များ တွေ့နေသလားကွယ်"

"ဒီလိုလည်း ဟုတ်ချင်မှဟုတ်မှာပါ … အန်ကယ်ရယ်။ အိပ်မက် က မိုးနေကိုပဲ မက်တာမဟုတ်ဘူး။ မဆီမဆိုင် ဂျန်ဆိုတဲ့ ကောင်မလေးရော ဂင်ချီ … အဲ … အခြားလူတွေလည်း ပါသေးတယ်။ ဟိုရောက်ဒီရောက် နဲ့ ဘာတွေမှန်းကို မသိပါဘူး … အန်ကယ်"





"အင်း … အန်ကယ်လည်း ခုပဲ လမ်းလျှောက်ရင်း မိုးနေဦး ကြောင်း တွေးလာမိတာ။ ပြီးခဲ့တဲ့အပတ်ကတောင် အန်ကယ့်ရုံးကို မိုးနေ ရောက်လာသေးတယ်လေ"

"ဟင် … ဟုတ်လား … အန်ကယ်၊ ဘာဖြစ်လို့တဲ့လဲဟင်"

"သူ့ဖေဖေ ကိုကျော်စွာဦး လွှတ်လိုက်လို့လာတာပါ။ ကိုကျော်စွာဦး ကမကထလုပ်ပြီး တရားပွဲကျင်းပဖို့ကိစ္စလေ။ လုပ်မဲ့ဘုန်းကြီးကျောင်း တာကျဉ်းလို့ အန်ကယ့်ကို နေရာစီစဉ်ပေးဖို့ ပြောထားတာ။ ဘယ်နေရာ မလဲ မေးဖို့လို့ ဝင်လာမေးတာ။

ဒီကလေးက ကြဲကြဲဖန်ဖန်တော့ တော်တော်ပြောတတ်တဲ့ ကလေး

အဲဒီနေ့က တရားပွဲလုပ်မဲ့ကွင်းကို ညွှန်ပြရင်း အစီအစဉ်တွေ ပြော ကြတာ။

အန်ကယ်တို့ ရဲစခန်းလမ်းထောင့်နားက အရင်ဘောလုံးကွင်းဟောင်း ရာလေ … အဲဒီမှာလုပ်မှာ။

အဲဒါ ပြောနေရင်းတန်းလန်းက 'ဟာ … အန်ကယ်ရေ … တတ်ရပ်တင်း' ပဲ' လို့ လွှတ်ခနဲ ပြောတယ်ကွ။

အန်ကယ်လည်း နားမလည်လို့ အူကြောင်ကြောင်ဖြစ်နေတုန်း သူ ကန်တော့ပါ … အန်ကယ်။ ကျွန်တော် အန်ကယ်ပြတဲ့နေရာတွေကို က်ညှိုးညွှန်ပြီး မေးနေမိတုန်း လမ်းကွေ့က ကောင်မလေးက လှည့်အကြည့် သူ့ကို လက်ညှိုးထိုးပြသလို ဖြစ်သွားလို့ ယောင်ပြီး ပြောလိုက်မိတာ … တဲ့။

အန်ကယ်လှမ်းကြည့်တော့ စောစောက မင်းပြောတဲ့ ဂျန်ဆိုတဲ့ ကောင်မလေးကွယ့်။ ကောင်မလေးကို သိလို့တော့ မဟုတ်ပါဘူး။ ကောင် လေးက ကျော်လူဆိုတဲ့ လူလည်နဲ့ ဆက်နွယ်နေလို့ သိတာမျိုးပါ။

အဲ … အဲ … ဆက်ပြောရဦးမယ်။ ဒါနဲ့ … အန်ကယ်က နေပါဦး ကွာ … မင်း ခုနကပြောတဲ့ … ဘာ 'မတ်တတ်ရပ်တင်း' ဆိုတာ ဘာပြော တာလဲလို့ မေးမိတယ်။ ဒီတော့ သူက ရှင်းပြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးအောင်ဖေက တစ်ချက် ရယ်လိုက်ပြီးမှ ဆက်[illegible] တယ်။

"သူ့အဖေရဲ့ နိုင်ငံခြားမှာနေတဲ့မိတ်ဆွေ မြန်မာမိသားစုမှာ [illegible] နှစ်လောက်အရွယ် သားလေးရှိတယ်တဲ့။ အဲဒီကလေးက နိုင်ငံခြားမှာ [illegible] တက်နေသတဲ့။ မူကြိုလို့ပဲ ဆိုပါတော့။

ကလေးက ကျောင်းမှာ Opposite (ဆန့်ကျင်ဘက်စကား[illegible] သင်လို့ အတော်တတ်နေပြီတဲ့။ ဒါနဲ့ ကလေးအဖေက သူ့သား ဘယ်[illegible] တတ်ပြီလဲလို့ မေးတာပေါ့။ သား၊ Beautiful (လှပသော)ရဲ့ Oppo[illegible] (ဆန့်ကျင်ဘက်)က ဘာလဲမေးရင် ကလေးက Ugly (အရုပ်ဆိုးသော) [illegible] good (ကောင်းသော)ဆို bad (ဆိုးသော)ပေါ့။ အဲလိုနဲ့ ဖြေလာတာ ... [illegible] လုပ်သူက Sitting (ထိုင်ခြင်း)ရဲ့ ဆန့်ကျင်ဘက် စကားလုံးကရောကွာ ... [illegible] လို့မေးတော့ ကလေးကဖြေတယ်၊ 'မတ်တတ်ရပ်တင်း' ... တဲ့"

"အဟဲ ..."

ကျွန်တော် အန်ကယ်နဲ့ရောပြီး ရယ်မိတယ်။

"ဟဲ ... ဟဲ ... ကလေးက Standing (မတ်တတ်ရပ်ခြင်း) [illegible] ဖြေရမှာ Stand ကိုမေ့သွားတော့ သူသိတဲ့ မြန်မာစကားလုံးကို တင်း(ing) [illegible] ဖြေလိုက်တာလေ။ အဲဒီလို အမေးနဲ့အဖြေ တလွဲဖြစ်သွားသလိုမျိုးပဲ ...[illegible] မိုးနေဦးက ... သူလက်ညှိုးထိုးပြတာက ကွင်းကိုပေမဲ့ ကောင်မလေးက [illegible] ကိုထိုးတယ်လို့ ထင်စရာ တလွဲဖြစ်သွားတာကို ဆိုလိုတာပါ' ... လို့ ရှင်[illegible] တယ်"

အန်ကယ်က ပြောရင်း ရယ်နေရာကနေ မျက်နှာညှိုးကျသွားတယ်[illegible] ကျွန်တော်လည်း အတူတူပါပဲ။ ကြဖန်ရဲ့ ကြံကြံဖန်ဖန်ပြောပုံကို သဘော[illegible] ကျပြုံးမိရင်းက မျက်ရည် ချက်ချင်းလည်လာမိတယ်။

"ဒီလောက် ခင်မင်ဖို့ကောင်းတဲ့ကလေး ... ပျော်တတ်တဲ့ က[illegible] ကွာ ... ဘယ်လိုဖြစ်ရတာပါလိမ့်"

အန်ကယ်က ခပ်တိုးတိုး ညည်းတွားလိုက်တယ်။

ကျွန်တော်လည်း စိတ်မကောင်းစွာနဲ့ဘဲ အန်ကယ့်ကို နှုတ်ဆ[illegible] ပြီး စက်ဘီးပြန်နင်းခဲ့ရတယ်။ အမှန်တော့ အိမ်ပြန်တော့မလို့ပါပဲ။ ဒါပေ[illegible]





[illegible]ယ်လိုဖြစ်မှန်းမသိဘူး။ ချက်ချင်း အိမ်ပြန်ချင်စိတ်ပျောက်သွားပြီး စက်ဘီး [illegible] ဆက်စီးချင်စိတ် ဖြစ်လာတာနဲ့ ဆက်နင်းလာဖြစ်တယ်။

"ဟ ... ဟ ..."

နင်းလာတဲ့စက်ဘီးကို နောက်က ရုတ်တရက် ဆွဲထားလိုက်သလို [illegible]မျိုးဖြစ်ပြီး ရပ်သွားလို့ ဘေးကို စောင်းလဲကျတော့မလို ဖြစ်သွားတယ်။ [illegible]တော်က မြေကို ခြေထောက်ထိန်းလိုက်တာကြောင့် လူက အောက်ထိ [illegible]သွားပေမဲ့ နင်းလာတဲ့အရှိန်ကြောင့် ဟန်ချက်ပျက်ပြီး စက်ဘီးကတော့ [illegible]င်းလဲလုနီးပဲ။ ကျွန်တော် စက်ဘီးပေါ်က ဆင်းပြီး ဘရိတ်များကပ်သွား [illegible]လားလို့ စစ်ဆေးကြည့်လိုက်တယ်။

"ဘယ်လိုဖြစ်တာလဲ"

ဘရိတ်က ပုံမှန်ရှိနေလို့ ကျွန်တော် အံ့အားသင့်သွားမိတယ်။ ဘေး [illegible] လှည့်ကြည့်မိတော့လည်း ဘယ်သူမှမရှိဘူး။ ခုနကတော့ ကျွန်တော့် [illegible]ဘီးကို နောက်ကနေ တစ်ယောက်ယောက်က ဆွဲရပ်လိုက်သလို ခံစား[illegible]လိုက်ရတာ။

ဟင် ... ဪ .. ခရေပင်တန်းဘက် ရောက်လာတာကိုး။

ကိုယ့်ဘာသာနင်းလာပြီး ဘယ်လိုကဘယ်လို ဒီဘက်ရောက်လာ [illegible]တောင် သတိမထားမိလိုက်ဘူး။ စောစောက အန်ကယ်စခန်းမှူးနဲ့တွေ့ [illegible]ပြီး ထွက်လမ်းဘက်ကနေ ဒီခရေပင်တန်းဆီ အပင်တွေကြား ဖြတ်လမ်း [illegible] လမ်းလျှောက်သွားရင် ဝေးလှတယ်မဟုတ်ပါဘူး။

ဒါပေမဲ့ ကတ္တရာလမ်းအတိုင်းဆိုရင်တော့ လမ်းက ကျွန်းစိုက်ခင်း [illegible] ကျွန်းတောတွေကို ကွေ့ပတ်ပြီး ဖောက်ထားတာမို့ တောင်တစ်လမ်း [illegible]ာက်တစ်လမ်း ဆိုရမှာပဲ။ အဲဒီ တောင်တစ်လမ်း မြောက်တစ်လမ်း လမ်း [illegible]ကိုပဲ ကျွန်တော် ဘယ်လိုများ စက်ဘီးနင်းပြီး ဒီဘက်ရောက်လာပါ [illegible]။

ကျွန်တော် တွေးလိုက်ရင်း စက်ဘီးပေါ် ပြန်တက်လိုက်တယ်။

"ဟာ ..."

စက်ဘီးစအထွက်မှာပဲ စောစောကလို တုံ့ခနဲဖြစ်သွားလို့ လဲမကျ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျွန်တော် ခြေထောက်လိုက်ရပြန်တယ်။ စက်ဘီးပေါ်ကလည်း
ကမန်းကတန်း ဆင်းလိုက်ရတယ်။

အရမ်းထူးဆန်းတာပဲ။ အံ့ဩစိတ်နဲ့အတူ စိတ်ထဲမှာလည်း
ခနဲ တစ်မျိုးကြီး ဖြစ်သွားတယ်။ အဲဒီအချိန်မှာပဲ ရုတ်တရက် လေရှူ
ချက် ဝေါခနဲအတိုက်မှာ ဘေးဘီကို ဟိုဒီကြည့်နေမိတဲ့ ကျွန်တော့် မျက်
ထောင့်ထဲ ဖွေးခနဲ လှုပ်ရှားမှုတစ်ခု မြင်လိုက်ရတယ်။

ကျွန်တော် အဲဒီနေရာကို လှည့်ကြည့်လိုက်တော့ လမ်းဘေး
ခြေလျှောကုန်းစောင်းက မြက်ပင်ချုံပင်တွေကြားထဲမှာ ဖြူဖြူအရာတစ်
ခုနက လေရှူးအတိုက်မှာ လွင့်ခနဲလှုပ်သွားပြီး မြင်လိုက်ရတဲ့အရာ …။

ကျွန်တော် စက်ဘီးကို ထောင်ထားခဲ့ပြီး အဲဒီနေရာကို ဆင်း
လိုက်တယ်။

"ဟင် … ဒါ … ဒါ …"

အစဖြူဖြူကို ကောက်ကိုင်ကြည့်လိုက်တော့ မွေးပွလက်ကိုင်
တစ်ထည် ဖြစ်နေတယ်။ လက်ကိုင်ပဝါထောင့်မှာ ချည်ဖောင်းကြွ တံ
နဲ့။

ပဝါရှင်ကို ကျွန်တော်သိတယ်။ ဘာလို့လဲဆိုတော့ ပဝါရှင် ထို
ကို အလည်သွားတုန်းက ပလက်တီနမ်ရှောပင်းမောက ဝယ်ခဲ့တာ။ ရော
တစ်ဒါဇင်ပါလာတာကို ကျွန်တော့်အတွက် အရောင်မတူ တစ်ဝက်ခွဲပြီး
ခဲ့တယ်။ အခုတွေ့ရတာက ကျွန်တော့်မှာမရှိတဲ့ ထုံးကျောက်ရောင်။

ဒါပေမဲ့ လက်ကိုင်ပဝါက ထုံးကျောက်ရောင်သန့်သန့် မဟုတ်
ဘူး။ နီညိုညို၊ ညိုညစ်ညစ် အစွန်းကွက်တချို့က မာခေါက်ခေါက်စွန်း
နေတယ်။

"ကြဖန် …"

ကျွန်တော် … အထိတ်တလန့် အော်လိုက်မိတော့တယ်။

✿ ✿ ✿

[ ၉ ]

❏

ဂျန့်ခေါင်းထဲတွင် အတွေးပေါင်းစုံက ရှုပ်ထွေးနေသည်။

မိုးနေဦး၏ ငါ မသေသေးဘူး … မသေသေးပါဘူး … ဆို
သောစကားသံကို ဂျန့်နားထဲတွင် ပဲ့တင်ထပ် ကြားနေမိ၏။ သူ့အား ကယ်
ပါရန် တဖွဖွပြောနေသလို ထင်ရသည့် ခံစားချက်ကလည်း တစ်ချိန်ထက်
တစ်ချိန် သိသိသာသာ ထင်ရှားလာနေသည်။

အထူးသဖြင့် ဂျန့်အနားတွင် တစ်စုံတစ်ယောက် ရှိနေသလိုမျိုး
ဂျန်ထင်နေမိ၏။ ဆိုင်ဖွင့်ရန် ချက်ပြုတ်ပြင်ဆင် လုပ်ကိုင်နေရသော်လည်း
ဂျန်စိတ်နှင့် လူနှင့်မကပ်။ လုပ်သမျှလည်း အရာရာနှင့် အကြောင်းကြောင်း
ဖြစ်နေတော့သည်။

ဒေါ်ကြီးတင်က ဝက်သားအိုးပေးရန်တောင်းလျှင် ဂျန်က ကြက်
သားအိုးကိုပေးမိ၏။ ဟင်းအိုးထဲ ငံပြာရည်ထည့်ရန်ပြောသည်ကို ဟင်းခပ်
မှုန့်ထည့်မိ၏။ အလွဲလွဲအချော်ချော်မို့ ဒေါ်ကြီးတင်က တဖျစ်တောက်တောက်
ဆူမပြီး။ ဂျန်က ကိုယ့်သောကနှင့်ကိုယ်မို့ ဒေါ်ကြီးတင်ပြောသမျှ စိတ်က
မရောက်။ တစ်ခါတစ်ခါ ဘာပြောလိုက်မှန်းပင်မသိ။

ခါတိုင်းလိုမဟုတ်ဘဲ ခွန်းတုံ့ပြန်ခြင်းနည်းကာ ငြိမ်နေသော ဂျန့်
အား အခွင့်သာတုန်း ဒေါ်ကြီးတင်က အရိအရွဲ့စကားများနှင့် ဖိပြောနေသည်။
ဂျန် ပြန်ပြောချင်စိတ်လည်း မရှိသောကြောင့် ငြိမ်ခံနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးနေဦးထံတွင်သာ စိတ်ရောက်နေလေရာ ဆိုင်ခင်းပေးပြီးသည်နှင့် ဂျန်မနေနိုင်တော့။ မနက်စောစောဒွပင် ခဏဟုဆိုကာ အုတ်တောင်ရှေ့ဘက် ထွက်ခဲ့မိလေသည်။ မိုးနေဦးအခြေအနေကို သွားကြည့်ရန်ဖြစ်၏။

ရင်တထိတ်ထိတ်နှင့်ပင် မိုးနေဦးအား ပစ်ချထားရာ အုတ်ရှည်မြောင်းပေါင်းဆီ သွားကြည့်မိသည်။

မိုးနေဦး သတိလည်လာပြီး သူ့မကို မျက်လုံးပြူးကြီးနှင့် ကြည့်နေမှာလား။ ဒါမှမဟုတ် အလောင်းကောင်တောင့်တောင့်ကြီး မြင်ရလေမလား။ ဂျန်က ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် တွင်းထဲသို့ ငုံ့ကြည့်လိုက်၏။

"ဟင် . . . သူ . . . သူ . . . ဘယ် . . . ရောက် . . . သွားသလဲ"

ဂျန် အံ့အားသင့်သွားသည်။ မိုးနေဦးသည် တွင်းထဲတွင် မရှိတော့။ စက်ဘီးလည်း ပျောက်နေပြီ။ မိုးနေဦး . . . သူပြောခဲ့သလို မသေသေး၍ သတိပြန်ရလာပြီးများ တွင်းထဲက ထွက်သွားလေသလား။

ဂျန် အရမ်းလန့်သွားသည်။ ကိုကြီးတို့အား ပြောရန်လိုမည် ထင်သည်။

ထိတ်လန့်စိတ်နှင့် လမ်းမဆီပြေးအလာ တိုက်တိုက်ဆိုင်ဆိုင်ပင် စက်ဘီးနင်းလာသော မိုးနေဦးသူငယ်ချင်းနှင့် တိုးတော့သည်။ ကိုကြီးက ဂျန့်ကို အထုပ်ပေးသည့်နေ့က မိုးနေဦးနှင့်အတူ ဝရံတာတွင် ရှိနေခဲ့သော ဗွေဖြစ်၏။

သူကလည်း ဂျန့်ကို အကဲခတ်သော မျက်လုံးများနှင့် စူးစူးစိုက်စိုက် ကြည့်နေလေသည်။

ဘုရား . . . ဘုရား . . . ဒီမြို့ထွက်လမ်းကို သူလာတာ မိုးနေဦးအကြောင်းများ . . . အို . . . သူဘယ်လိုသိနိုင်မှာလဲ . . .။ ဒုက္ခပါပဲ . . . မိုးနေဦးကလည်း အခု တွင်းထဲမှာ မရှိတော့ဘူး။ ဘယ်ကတည်းက ပျောက်တော့တာလည်း မသိဘူး။ သူ စက်ဘီးလျှောက်စီးရင်း သတိလည်လာတဲ့ မိုးနေဦးနဲ့များ ဆုံသွားရင် . . . ဒါမှမဟုတ် မိုးနေဦးက ငါတို့အကြောင်း တစ်ယောက်ယောက်ကိုများ ပြောလိုက်ရင် . . .။





ဂျန်မှာ ထိတ်လန့်လွန်းသောစိတ်နှင့် အတွေးများက ကစဉ့်ကလျားဖြစ်ရင်း မိုးနေဦးသူငယ်ချင်းကိုသာ အပြူးသား ကြည့်နေမိတော့၏။ သို့သော် ထိုသူက ဂျန့်အား ဘာမျှမပြောသည့်အတွက် မိုးနေဦးကိစ္စ သိပုံမပေါ်သေးဟု အနည်းငယ် စိတ်အေးသွားသည်။ သူသည် မျက်မှောင်ကြီးကြုတ်ကြည့်ရင်း စက်ဘီးကို ဆက်နင်းသွားသည်ထိ ဂျန့်မှာ အထိတ်တလန့်ရပ်နေမိဆဲ . . .။

ဂျန် . . . အိမ်ပြန်ရမည်လား . . . ကိုကြီးဆီ အရင်သွားပြောရမည်လား . . .။

မနက်က ဆိုင်ဖွင့်ပေးပြီးသည်နှင့် ဂျန်ထွက်လာခြင်းဖြစ်ရာ ယခုအချိန်သည် မနက်ခင်း ထမင်းကြော်ရောင်းရချိန်မို့ ဆိုင်မှာ လူကျသည်။ ဂျန် မရှိ၍ ဒေါ်ကြီးတင်နှင့်ဦးလေး နှစ်ယောက်တည်း ဂျင်ခြေလည်နေရော့မည်။ ဂျန့်ကိုဒေါကန်နေမည့် ဒေါ်ကြီးတင်၏မျက်နှာကို မြင်ယောင်လာသည်။ ဆိုင်ကို အရင်ပြန်ပြီး နေ့ခင်း ထမင်းစားချိန်ကျော် လူပါးချိန် မှန်းလွဲပိုင်းကျမှ ကိုကြီးဆီ သွားရကောင်းမလား။

"ဟင့်အင်း . . . မဖြစ်ဘူး . . ."

ဂျန်နှုတ်မှပင် အသံထွက်၍ တစ်ယောက်တည်း ပြောမိ၏။ မိုးနေဦးက ပျောက်နေပြီ။ ဤကိစ္စက ဂျန့်အတွက် သေရေးရှင်ရေးတမျှ ပိုအရေးကြီးသည်မဟုတ်လား။ ကိုကြီးဆီ အရင်သွားမှ ဖြစ်မှာပါ။ ဒေါ်ကြီးတင် ဆူချင်လည်း ဆူပစေတော့။ ဂျန် ဆုံးဖြတ်ချက်ချလိုက်၏။

ဟင် . . . ငါ . . . ဘယ်လိုဖြစ်ပြီး . . .

ဂျန့်ဆုံးဖြတ်သည့်စိတ်က နောက်ကျသွားပြီ။ ဂျန်သည် အိမ်ပြန်လမ်းပေါ်တွင်မရှိဘဲ ကိုကြီးတို့ရပ်ကွက်ရှိရာ လမ်းဘက်သို့ လျှောက်နေလျက်သား ရှိတော့သည်။ ဘယ်လိုကဘယ်လို သည်ဘက် လျှောက်လာမိသည် ဂျန်မသိတော့။

မနက်ခင်း အဆာခံ ထမင်းကြော်ရောင်းရချိန်ကျော်လျှင် မနေ့ညယံစာ ထမင်းစားချိန်မရောက်ခင်အတွင်း နောက်နေ့အတွက် စျေးပြေးဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးပါဘူး ဆိုင်ပြန်ဦးမှဖြစ်မှာပါ။

ဒွိဟစိတ်ဖြင့် ဂျန် ခြေလှမ်းတုံ့သွားမိ၏။

"ဂျန် . . . နှင် အခု ကျော်လှ့ဆီ သွားမှဖြစ်မယ်။ ခုသွားမှဖြစ်မယ်"

ဂျန့်နားထဲ မိုးနေဦးအသံ ကြားလိုက်သယောင်ရှိ၏။ ဂျန် သိမ့်ခနဲ ကြက်သီးထကာ တုန်သွားသည်။

"နှင် . . . အခုချက်ချင်း သွားပါ။ အခုသွားပါ"

ဂျန်သည် မသိုးမသန့် ခံစားနေမိရင်းက စိတ်တိုသွားသည်။ 'နှင် ပြောတိုင်း ငါက လုပ်ရမှာလား . . . နှင်က ဘာမို့လဲ'။

ဂျန်တွေးရင်း လျှောက်နေသော ခြေလှမ်းကို နှေးပစ်လိုက်မိ၏။ သူမသည် တစ်စုံတစ်ယောက်နှင့် စိတ်ထဲမှ စကားပြောနေမိသလို အဖြစ်ကို သတိပြုမိသွားခြင်းကြောင့်ဖြစ်သည်။

"ဂျန် . . . နှင်အခု ကျော်လှ့ဆီသွားပါ။ ငါပြောတာ နှင်ကြားရတယ်မို့လား။ နှင် . . . သိတယ်မို့လား . . .။ အခုသွားပါ ဂျန်။ အရေးကြီးတယ်။ ခု သွားပါ။ ငါ့ကို . . . ကျော်လှတို့ နေရာရွှေ့ပစ်လိုက်ကြပြီ"

ဂျန် အံ့အားတသင့် ရပ်လိုက်မိသည်။ မိုးနေဦးကို ကိုကြီးတို့က နေရာရွှေ့လိုက်ပြီတဲ့လား။

သူမကိုယ်သည် ဆတ်ခနဲ တုန်သွားပြန်၏။

ငါ . . . ဘာ . . . ဘာဖြစ်နေတာလဲ။ မိုးနေဦးက တကယ်ပဲ ငါ့ကို လာပြောနေတာလား။ သူပြောတာကို ငါကြားရတယ်မို့လား။ သိတယ်မို့လားတဲ့။ ငါ့စိတ်က ထင်နေတာများလား။

ဂျန့် အရမ်းလန့်လာသည်။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းထကာ ခေါင်းမှဆံပင်များ ထောင်ထလာသလို ခံစားနေရ၏။

သူ့ကို နေရာရွှေ့လိုက်တယ်၊ ကိုကြီးတို့ကတဲ့။ ဟုတ်ပါ့မလား။ မှန်မမှန်တော့ ငါသွားမေးကြည့်မှဖြစ်မယ်။

ကျန်ကိစ္စများကို ဂျန် သတိမရတော့ပြီ။

ဂျန် ကသုတ်ကရက် ပြေးထွက်လာမိတော့သည်။

✿ ✿ ✿

❑

"ဂျန်က မိုးနေဦးကို သွားကြည့်လို့ မရှိတော့မှန်းသိရင် ယုန်ထင် ကြောင်ထင် ဖြစ်လာလိမ့်မယ် . . . ကိုကျော်"

ကြားလိုက်ရသော စကားသံကြောင့် ဂျန် တုံ့ခနဲ ရပ်လိုက်မိ၏။

"ဂျန် မသိလောက်ပါဘူးကွာ။ စိတ်ပူမနေနဲ့"

ကျော်လှက ကုလားကိုလှမ်းကြည့်ကာ ပြောလိုက်၏။ ဆက်၍–

"နောက်ပြီး . . . မိုးနေဦးကို ဂျန်သွားကြည့်စရာ အကြောင်းလည်း မရှိဘူးလေ။

သူ လူသတ်မိပြီဆိုပြီးတောင် လန့်နေမှာကို ဘာကိစ္စ သွားကြည့်မှာလဲ။ မကြည့်ပါဘူး သေချာပါတယ်။

ဒီတော့ မိုးနေဦးကို ညက ရွှေ့ပစ်လိုက်ပြီဆိုတာလည်း ဂျန်က ဘယ်လိုမှ မသိနိုင်ဘူး။

နောက်ပိုင်း သိသွားရင်တောင် တွင်းထဲပစ်ထားတာ လူတွေ့မှာစိုးလို့ အန္တရာယ်ကင်းမဲ့နေရာ ရွှေ့လိုက်တာလို့ ပြောရုံပေါ့"

ဂျန်က အပင်ကွယ်သို့ ကိုယ်ကို တိုးကပ်လိုက်ရင်း အသာကြဲကြည့်လိုက်သည်။

ကျော်လှ့အိမ်သို့သွားရန် ထွက်လာသော ဂျန့်အား အိမ်ကိုမသွားစေဘဲ မြို့အနောက်ဘက် စိုက်ခင်းခြံများအနီးရှိ ဤနေရာသို့ မိုးနေဦးက လမ်းညွှန်ခေါ်ပြပေးခဲ့ခြင်းဖြစ်သည်။ သည့်တွင် မယုံမရဲနှင့် လမ်းညွှန်အတိုင်း လာ



www.burmeseclassic.com

www.burmeseclassic.com



မိသော ဂျန်သည် သစ်ပင်တစ်ပင်အောက်၌ စကားပြောနေကြသော တို့သုံးယောက်အား မြင်လိုက်ရပြီး သူတို့ပြောစကားများကိုလည်း ကြား ရခြင်းဖြစ်သည်။

မောင်ဝင်းက ...

"တော်သေးလို့ဗျာ ...။ ကျွန်တော်တော့ ဟိုနေ့က သွားပြီ တာ။ ကိုကျော် အထုပ်ကို လက်လွှဲမြန်ပေလို့ပဲ။ အထုပ်နဲ့သာမိရင်တော့ ချိန် ထောင်နန်းစံနေရပြီပေါ့"

"ကိုကျော်လူ ...အဲဒီအထုပ်မှာ စိတ်ကြွဆေးပြားတွေပါတ ဆိုတာ ဂျန်မသိတာ သေချာပါတယ်နော်"

ဂျန် တုန်သွား၏။ ဘုရား ... အထုပ်ထဲမှာ စိတ်ကြွဆေးပြား ပါတယ်ဆိုပါလား။

"သေချာပါတယ် ...ကုလားရ။ ငါက ... ဟိုးအရင်ထဲက ကို မစပ်စုဖို့ ပြောထားပြီးသား။ ဂျန် မကြည့်ပါဘူး။ သူ့ကို ရဲခေါ် ရပြီးနောက်ပိုင်းတော့ ငါ့ကို အထုပ်ထဲမှာ ဘာပါလဲ မေးသေးတယ်။

ငါက ဟန်းဆက်ဟောင်းတွေ၊ ခိုးရာပါပစ္စည်းပါနေမှန်း မသိ မြန်ရောင်းဖို့ ဝယ်လိုက်မိတာလို့ ဂျန့်ကို လိမ်လိုက်ရတယ်။ ဒါကြောင့် လည်း ခေါ်အစစ်ခံရတာလို့။ ရဲက ပစ္စည်းလည်းမမိ၊ ငါတို့ကလည်း သားသား ရောင်းမှားဝယ်မှားတာမို့ တို့ကိုလည်း ပြန်လွှတ်လိုက်တာပေါ့ ပြောလိုက်တယ်"

"အင်း ...တကယ်တော့ ဂျန့်ကြောင့် ကျွန်တော်တို့ အဆင်ပြေ သွားတာလို့ ဆိုရမှာပဲနော် ...ကိုကျော်။ ကျွန်တော်တို့ ဆေးပြားတွေ လ လွှဲတဲ့မနက်က မိုးနေဦး စက်ဘီးစီးအလာနဲ့တိုးပြီး မြင်သွားတာ။ အဲဒီည ပဲ ရဲကလာခေါ်တော့ သွားပြီလို့ တွေးလိုက်မိတယ်"

ဩော် ...လက်စသတ်တော့ သည်လိုကိုး။ ဂျန်ဇာတ်ရည်လည်း ပြလာ၏။

"ဟုတ်ပါ့ကွာ ...မောင်ဝင်းရာ။ တကယ်တမ်း ရဲကို သတင်းပေး တာက မိုးနေဦးမှမဟုတ်ဘဲ။ တင်မောင်စန်းနဲ့ မဲကြီးဆိုတာ မင်းတို့ ငါတို့





ပြီပဲ။ ဒီကောင်တွေက ငါတို့နဲ့ အစာကြေတာမဟုတ်တော့ သူဦး သူ ကိုယ်ဦး ကိုယ်ဆော်ဥစ္စာ။

အဲဒါကို ဂျန်ကမသိဘဲ ရဲကိုလက်တို့တာ မိုးနေဦးလို့ လာပြော တော့ ငါ တကယ်လန့်သွားတာကွ။ ငါတို့ ကယ်ရီလုပ်တာကို တွေ့သွားတာ နေဦးကိုး။

ဒီ ...မိုးနေဦးဆိုတဲ့ကောင် လူမလာတဲ့ လုံခြုံတဲ့နေရာ သေချာ ပြီးလွှဲတာတောင် ဒီကောင်ကခြေရှည်ပြီး စက်ဘီးနင်းရင်း ရောက်ဖြစ် အောင်ရောက်လာတယ် အံ့ရော ...။

ငါက ...မိုးနေဦး ထပ်တိုင်တယ်မှတ်လို့။ ဒီကောင်သာတိုင်လိုက် တော့ ငါတို့ ငြင်းဖို့မလွယ်ဘူး။ သူက အထုပ်ကို ဘယ်သူ လက်ခံတယ် တာပါ မြင်သွားတယ်လေ။

မိုးနေဦးဖော်လိုက်လို့ အထုပ်လက်ခံတဲ့မြင့်ဦးကို ခေါ်စစ်လိုက်ရင် တော့ တကယ်သွားပြီပဲ။

နောက်ပြီး မြင့်ဦးက အထုပ်ကို ဖွင့်စစ်နေတုန်း မိုးနေဦးနဲ့ တိုးတာ တော့ ဘာတွေပါတယ်ဆိုတာလည်း သူက သိသွားတယ်လေ"

"ကိုကျော်လူက ပိုင်တယ်ဗျာ။ ဂျန်လည်း မရိပ်မိအောင်၊ မိုးနေဦး ကိုလည်း တစ်တောရှင်းအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်တာ။ အပိုင်ပဲ"

သူတို့ပြောစကားများကို နားထောင်ရင်း ဂျန်ဒေါသများ တလိပ်လိပ် တက်လာသည်။ သူတို့က ဂျန့်ကို အသုံးချလိုက်ကြတာပဲ။

"ဟ ...ကုလားရ၊ တစ်ချက်ခုတ် သုံးချက်ပြတ် ...ကွ။ အမှန် တော့ မိုးနေဦးကို မဆိုင်တာ ဝင်မစွက်ဖို့ သတိပေးရုံ ခြောက်ရုံ လုပ်တာပဲ။ ဒီကောင်က ပြန်ထိုးတော့ ငါလည်း ဒေါသဖြစ်သွားပြီး ရန်ဖြစ်ကြပေမဲ့ ဒီ လောက်ထိဖြစ်ဖို့တော့ မရည်ရွယ်ပါဘူး။

ဒါပေမဲ့ ဖြစ်ချင်တော့ အခြေအနေက ဒီလိုဖြစ်သွားတယ်။

မိုးနေဦး ကျောက်ခဲနဲ့ခေါင်းဆောင့်ပြီး မေ့သွားတာမှာ ဖြစ်လာမှ တော့ မထူးဘူးဆိုပြီး အသုံးချဖို့ ငါအကြံရသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီကောင်မသေသေးမှန်း ငါသိပေမဲ့ ဂျန့်ကိုသေပြီ

လိုက်တာ။ ဒီကောင်သေသွားလည်း ကောင်းတာပဲလေ။ နို့မို့ ...

ဆေးတွေ ဂှာယ်ရိလုပ်တာ ဘယ်တော့ဖော်မလဲလို့ ရင်ပူနေရမှာ။

တရားခံထိုးပြဖို့ကလည်း အရံသင့်။ ဂျန်တွန်းပစ်လို့ ဖြစ်

ပြီး ...။ ခု ... ငါတို့ရှင်းစရာမလိုဘဲ သူ့ဟာသူရှင်းသွားတော့ ပိ

သွားတာပေါ့”

ဟင် ... မိုးနေဦး တကယ်မသေဘူးပေါ့။ ဒါဆို ... ဒါဆို

နေဦးပြောတာ မှန်နေတာပဲ။ သူတို့ ... သူတို့က ငါ့ကို ချောက်ထဲတွ

လိုက်ကြတာကိုး။ ငါ့ကို တရားခံ လုပ်ပစ်လိုက်ကြတာကိုး။

ခံပြင်းလွန်းသောစိတ်ဖြင့် ဂျန် နှုတ်ခမ်းကို ကိုက်လိုက်မိ၏။

“ဂျန်က ငြိမ်နေပါ့မလား ... ကိုကျော်၊ တကယ်လို့ ပြဿနာ

လာရင် ကျွန်တော်တို့နဲ့ ရန်ဖြစ်တာတွေပါ သူကပြောမှာ”

ကုလားမ၏အမေးကို မောင်ဝင်းက ကျော်လူ့ကိုယ်စား ဝင်ဖြေ

သည်။

“ဂျန် မပြောရဲပါဘူး ... ကုလားရဲ၊ ဒီကောင်မလေး အ, ချ

ငါနဲ့ ကိုကျော်လူကို ထောင်ထွက်ဆိုတာတောင် ခုထိ မသိသေးဘူး

ကိုကျော်ပြောသမျှ အကုန်ယုံတာ။

မင်းကတော့ မနှစ်ကမှ တို့နဲ့တွဲမိတာဆိုတော့ ဘယ်သိဝ်သိမ

ကိုကျော်လူက တို့ရိုက်စားလုပ်လို့ ငွေရရင် ကောင်မလေးကိုလည်း အ

အကျဉ်း ပေးနေကျ။

လူကိုယ်တိုင်မပါပေမဲ့ ရတဲ့ငွေ ပေးသုံးထားလို့ ကောင်မလေးလ

ကြံရာပါတစ်ယောက်လို ဖြစ်နေတယ်ဆိုပြီး တစ်ဖက်လှည့်နဲ့ ပြောထား

ကောင်မလေး မလှုပ်ရဲဘူး။ တို့အလုပ်ကိစ္စတွေ သူဖော်ရင်သူလည်း မ

ဘူးလို့ ကိုကျော်က ခြောက်ထားလိုက်တာလေ။

ဒါကြောင့် တကယ်လို့ ပြဿနာတစ်ခုခု ဖြစ်လာခဲ့ရင်လည်း

က ကိုကျော်ပြောခိုင်းတဲ့အတိုင်းပဲ ပြောရမှာကွ”





တောက် ... လူယုတ်မာ ... ဂျန် ... ကျော်လူတို့ထံ ဒေါသ

အကြီး ပြေးထွက်ရန် ဟန်ပြင်လိုက်မိ၏။

“မသွားနဲ့ ဂျန်။ နင် ဒုက္ခရောက်သွားလိမ့်မယ် ... မသွားနဲ့”

ဂျန့်နားထဲတွင် မိုးနေဦး၏ ကမန်းကတန်းတားလိုက်သံကို ကြား

သလိုရှိ၏။ ဂျန် ဇဝေဇဝါဖြစ်သွားပြီး စိတ်ကိုထိန်းကာ ဆက်ရပ်နေရတော့

သည်။ မိုးနေဦးအသံ ကြားနေမိသည်မှာ တကယ်လား။ စိတ်ထင်ခြင်းလား

ဂျန်မသိတော့။ ထူးဆန်းလှသော စိတ်ခံစားမှုများဖြင့် ဂျန့် အတွေးများရှုပ်

ထွေးကာ ဂျန် ရူးချင်လာလေသည်။ ထိုစဉ် ကုလားအသံက ဂျန့်နားထဲ တိုး

ဝင်လာပြန်၏။

“ဩ ... ဒီလိုလား။ ဒါကြောင့်မို့ တစ်ချက်ခုတ် သုံးချက်ပြတ်လို့

ကိုကျော်လူ ပြောတာကိုး။ ကျွန်တော်တို့အကြောင်း ဖော်နိုင်တဲ့ မိုးနေဦး

ကိစ္စကို ခေါင်းခဲနေတာ။ ဂျန်က ကြားဝင်ကူညီလိုက်သလို ဖြစ်သွားတာပေါ့။

မိုးနေဦးကို ရှင်းပြီးသားဖြစ်သွားတော့ ဆေးကယ်ရီကိစ္စ ဖော်နိုင်သူလည်း မရှိ

တော့ဘူး။ မိုးနေဦးသေတာ သိသွားရင်လည်း တရားခံအဖြစ် ဂျန့်ကို ထိုးပြ

လိုက်ရုံပဲပေါ့။ ဟား ... ဟား ... ပိုင်ပါပေတယ် ... ကိုကျော်ရာ ...

ဟား ... ဟား ... ဟား ...”

“ပိုင်သလားတော့ မမေးနဲ့။ ခု မိုးငေ ဂို ရွှေ့လိုက်တာလည်း မင်း

တို့သိတဲ့အတိုင်း ငါတို့ပယောဂ လုံးလုံးကင်းစေမဲ့နည်းပဲမို့လား။ ဂျန်တောင်

ကံကောင်းရင် လွတ်နိုင်တယ်။

အရေးကြီးတဲ့၊ အန္တရာယ်ရှိတဲ့ ငါတို့ပစ္စည်းတွေကို ဂျန့်ဆီမှာ အပ်

အပ်ထားပြီး အလုပ်လုပ်ခါနီးမှ ယူတာဆိုတော့ တို့အတွက် အများကြီး ဘေး

ကင်းလို့သာ ဂျန့်ကို သုံးနေတာ။

ဒါပေမဲ့ .. ခုတော့ ဂျန့်ကို ဆက်သုံးဖို့ မဖြစ်တော့ဘူး။ ရဲက ဂျန့်

ကိုပါ ခေါ်စစ်ပြီဆိုတော့ မလုံခြုံတော့ဘူးကွ”

“ဟုတ်တယ် ... ကိုကျော်လူ။ အဲဒါ ဘယ်လိုလုပ်ကြမလဲ”

“မိုးနေဦးကိစ္စကလည်း ဘာပြောပြော ရှိနေသေးတယ်။ ရဲကလည်း

ကယ်ရီကိစ္စ သတင်းရနေပြီဆိုတော့ ငါတို့ကို ဆက်စောင့်ကြည့်တော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ... ဒီကြားထဲ ငါတို့ ခဏရှောင်နေမှဖြစ်မယ်။ အဲဒီ မင်းတို့ကို ပြောရအောင်လို့ခုလို ချိန်းလိုက်တာပေါ့။ ဘော့စ်က လက်ကျန်ရှင် ငွေကျန်တွေ ရှင်းပေးမယ်တဲ့။ ငါတို့ ရစရာရှိတဲ့ ကယ်ရီကြေးတွေရပြီးရင် မန္တလေးသွားကြမယ်။ ဘော့စ်က ဟိုကလူနဲ့ ချိတ်ပေးလိမ့်မယ်''

''ကောင်းတယ် ... ကိုကျော်လူ၊ လက်ကုန်ဖို့ကလည်း ကြားနှစ်ရက် ပဲ လိုတော့တာဆိုတော့ ဒီကြားထဲ စီစဉ်စရာရှိတာ စီစဉ်ကြတာပေါ့''

''ဂျန့်ကိုရော ... ဘယ်လိုလုပ်မလဲ ... ကိုကျော်''

''ဟာ ... ကုလားရား၊ မင်းကလည်း လစ်ထွက်ပါမယ်ဆိုနေမှ သူ့ကို ဘာမှပြောစရာမလိုပါဘူးကွ။ ဒီကြားထဲ ဟန်မပျက်နေ၊ ကြားလား။

ခု ... မိုးနေဦးက မြောနေပြီး အသက်ရှိသေးတယ်ဆိုပေမဲ့ မကြာ ဘူး ... သေတော့မှာ။ ဒဏ်ရာနဲ့မသေတောင် တို့လုပ်ခဲ့တဲ့ အစီအစဉ်နဲ့ ဆို ဘယ်လိုမှ အသက်မရှင်နိုင်တော့ဘူး။

အရေးကြီးတာက ဂျန်တွန်းလိုက်လို့ ကျောက်တုံးနဲ့ဆောင့်ပြီး သေသွားတာလို့ ဂျန်သိထားဖို့ပဲ။ မိုးနေဦးကိစ္စ ဂျန်တရားခံဖြစ်သွားရင် ဂျန် ကိုလည်း ရှင်းပြီးသားဖြစ်သွားတာပေါ့၊ မကောင်းဘူးလား။

အင်း ... မသွားခင်တော့ ဂျန့်ကို အခြားကိစ္စအားလုံးလည်း နှုတ် ပိတ်နိုင်းရမယ်၊ မိုးနေဦးကိစ္စလည်း လိုရမည်ရ ကြိုးစည်းဝါးရိုက်ပြီး ဂျန့်ကို သင်ထားဦးမှ''

''ဂျန်က နိုင်းတဲ့အတိုင်း မလုပ်ရင်ရော။ တော်ကြာ ...''

''ငါ့မှာ နိုင်ကွက်ရှိပါတယ် ... ကုလားရေ။ ဂျန်က သူ့မောင်လေး ကို တအားချစ်တာကွ။ နောက်ဆုံး ငါခိုင်းတဲ့အတိုင်းမလုပ်ရင် သူ့မောင်လေး ကို ဒုက္ခပေးမယ်လို့ ခြောက်လိုက်တာနဲ့ ဂျန်ခေါင်းညိတ်ရမှာ။ ဒီထဲကမှ ငါတို့ကိုဖော်ရင် သူလည်း ကြိုရာပါဆိုပြီး ပါလာမှာ။ ငါက အမှုတွဲ ဆွဲထည့် လို့ရတာ သူသိပါတယ်။

ဒါကိုမှ ဂျန်က ထပ်ပြီး ချိုကြွလာသေးရင်တော့ သူ့ကို မိုးနေဦးနဲ့ အတူ တမလွန်ကို အဖော်ထည့်လွှတ်လိုက်ကြတာပေါ့။ ဟား ... ဟား''





ဒေါသအိုး ဂျန့်၏ကိုယ်မှာ ဒေါသဖြင့် တဆတ်ဆတ်တုန်နေတော့ သည်။ ပြေးထွက်သွားပြီး ကျော်လူတို့အုပ်စုကို ရန်တွေ့သောင်းကျန်းပစ် လိုက်ချင်စိတ်က တစ်ဟုန်ထိုး ပြူထွက်လာ၏။

''ဂျန် ... မသွားနဲ့။ နင်သိသွားတယ်ဆိုတာ သူတို့သိရင် နင့်ကို အန္တရာယ်ပြုလိမ့်မယ်။

သူတို့ ... ငါ့ကို ဘယ်နေရာရွှေ့လိုက်လဲဆိုတာ သိအောင်လုပ် ... ဂျန်။ ငါ ... အရမ်းအားနည်းလာပြီ။

ငါ့မှာ အချိန်သိပ်မရှိတော့ဘူး။ နင်မကယ်ရင် ငါသေရတော့မယ် ဂျန်''

ဂျန် တုန်ရီနေ၏။ မိုးနေဦးပြောတာ ဖြစ်နိုင်သည်။ သူမ အကြောင်း သိသွားကြောင်း ကျော်လူတို့သိလျှင် ဂျန့်ကို နှုတ်ပိတ်အောင် လုပ်ကြလိမ့် မည်။

ဂျန့်ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့် စီးကျလာ၏။ သူမ နောက်ကျော ခားထိုးခံရပြီ။

''သြော် ... မောင်ဝင်း ... နေ့လယ်ပိုင်း လူရှင်းချိန်လောက်ကျ ရင် မိုးနေဦးအခြေအနေ တစ်ခေါက်သွားကြည့်လိုက်ဦး။ ငါတို့မသွားခင် စီစဉ် ထားတဲ့အတိုင်း ဖြစ်မဖြစ် သေချာအောင်ပေါ့''

''ဟုတ်ကဲ့ ... ကိုကျော်လူ''

လှုပ်လှုပ်ရှားရှားအသံများ ကြားရ၍ ဂျန်က သစ်ပင်ကွယ်မှ အသာ ခေါင်းပြူကြည့်လိုက်သည်။ ကျော်လူတို့လူစုသည် တစ်ယောက်စီ လူစုခွဲ ထွက်သွားကြသည်ကိုတွေ့ရ၏။

သူမ ... ဘာလုပ်ရပါ့မလဲ ...။

ဂျန်သည် စိတ်ဓာတ်ကျဆင်းစွာနှင့် နောက်ကြောင်းပြန်လာခဲ့ရ သည်။ အရေးထဲ မိုးနေဦးကလည်း သူ့ကိုကယ်ဖို့ချည်း ပြောနေသည်။

ဂျန် ... ကျော်လူတို့နှင့်လည်း မပတ်သက်ချင်တော့။ သည်ကိစ္စ ကြီးနှင့် ဝေးရာကို ပြေးချင်နေပြီ။ အရေးထဲ ဒီနေ့နေ့လယ် ရှော့ယ်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် မြို့တောင်ဘက်မှ ကျွန်းတောရွာသို့ ဒေါ်ကြီးတင်ခိုင်း၍ ကြွေးသွားတောင်းပေးရဦးမည်။ ထိုရွာတွင် ဒေါ်ကြီးတင်ပိုင်သော လယ်အချို့ရှိရာ ထိုလယ်များကို ရောင်းထားပြီးဖြစ်သော်လည်း ငွေအကျေမရသေးသဖြင့် ကြွေးကျန်ငွေခုနစ်သိန်းခန့်ကို ဂျန့်အား သွားယူခိုင်းထားသည်။

"ဟာ ...ဟုတ်ပြီ"

တွေးနေရင်းက ဂျန်အကြံ တစ်ချက်ပေါ်လာသည်။ မောင်လေးရန်ရန်ကိုပါ ခေါ်၍ ထိုကြွေးကျန်ငွေကို သွားယူပြီး သည်မြို့မှ တစ်ခါတည်းထွက်သွားတော့မည်။ ထိုငွေနှင့် ရင်းနှီးလုပ်ကိုင်ကာ မောင်နှမနှစ်ယောက်အဝေးအဝေးကြီးမှာ ဘဝသစ်စတော့မည်။

အချိန်မရှိတော့။ စီစဉ်စရာရှိသည်ကို အမြန်လုပ်မှဟု တွေးကာဂျန် ပြေးထွက်ခဲ့တော့သည်။

✿ ✿ ✿

| ၁၀ |

❑

ကြံဖန်တော့ တကယ်ပဲ အန္တရာယ်တစ်ခုခုဖြစ်နေပြီဆိုတာ သေချာတယ်။

ကြံဖန့်ရဲ့ လက်ကိုင်ပဝါကို ကျွန်တော်တွေ့ပြီး ရဲကို ပြောအကြောင်းကြားတော့ ရဲက ချက်ချင်းလိုက်လာတယ်။ အဲဒီနေရာတစ်ဝိုက် ပိုက်စိပ်တိုက် စစ်ဆေးကြတယ်။

ပိုဆိုးတာက ရဲတွေစစ်ဆေးရင်း လက်ကိုင်ပဝါ တွေ့တဲ့နေရာနဲ့ မလှမ်းမကမ်းမှာ လမ်းမရဲ့ဆင်ခြေလျှောက သွေးစွန်းနေတဲ့ ကျောက်တုံးကို သွားတွေ့ရတာပါပဲ။

ကျောက်တုံးက မြေဖုံးနေတာ။ လမ်းပခုံးအောက် ဆင်ခြေလျှော မြေမှာ တစ်နေရာမှာ မသင်္ကာစရာ မြေသားပွပွတွေပုံနေတာ ရဲက စစ်ဆေးရင်း တွေ့သွားတယ်။ မြေသားတွေက တချို့ စီးခဲပြီး ထွေးနေတယ်။ အဲဒီ မြေတွေကို စစ်ရင်း အောက်က ဂဝံကျောက်ပေါ်လာတာ။ မြေသားတွေနဲ့ ဖုံးဝစ်ခဲ့တဲ့ ပုံသဏ္ဍာန်ပဲ။

ဂဝံမှာလည်း နီညိုညို အစွန်းကွက်တွေနဲ့။ လက်ကိုင်ပဝါမှာ စွန်းထင်နေတဲ့ ညိုတိုတိုအကွက်တွေက သွေးတွေလို့ နောက်ပိုင်းမှာသိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးနဲ့ ကျောက်တုံးက အစွန်းတွေကလည်း သွေးတွေပဲတဲ့။ သွေးမှ ကြဖန်ရဲ့ သွေးအမျိုးအစား အေသွေးတဲ့။

ရဲက အကြောင်းကြားလို့ ကြဖန့်မိသားစုကတော့ ရင်မီးတောက်တော့တာပေါ့။ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေလည်း အတူတူပါပဲ။

ကြဖန် အန္တရာယ်တစ်ခုခုကြုံခဲ့တာ သေချာပေမဲ့ ခက်တာက လူ မတွေ့ရတာပဲ။ ကြဖန်တစ်ယောက် သေများသေသွားပြီလား။ မတွေ့ရဲ့ တွေးရဲ တွေးရင်း ကျွန်တော်တို့ သောကနဲ့ မျက်ရည်ကျရတယ်။

ကြဖန်သေသွားခဲ့ပြီးတဲ့နောက် အလောင်းကို တစ်နေရာရာ မြှေ ဝှက်ခဲ့တာများလားလို့ ရဲက ခန့်မှန်းပြီး သဲလွန်စတွေ ရှာနေတုန်းပဲ။ ဒါပေမဲ့ ထူးဆန်းတယ်။ ကြဖန်အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရပုံရပြီး သွေးသဲလွန်စတွေ တွေ့ခဲ့ရတယ်ဆိုပေမဲ့ ကျွန်တော့်စိတ်ထဲ ကြဖန်သေပြီလို့ ဘယ်လိုမှ မယုံ နိုင်တာပဲ။ တကယ်တော့ ကြဖန်ပျောက်နေပုံနဲ့ဆိုရင် အခြေအနေက မကောင်း တဲ့ဘက် ဖြစ်ဖို့များတာ။ ကျွန်တော်က ဘယ်လိုဖြစ်လို့ ကြဖန်မသေဘူး လို့ ခံစားနေရမှန်း မတွေးတတ်တော့ဘူး။

ကြဖန့်အဒေါ်တွေက သူတို့တူလေး သေပါပြီဆိုပြီး သည်းသည်း ထန်ထန် ငိုနေကြချိန်မှာ ကြဖန့်အမေ အန်တီသက်လည်း ငိုနေပေမဲ့ အန်တီ သက်က သူ့သားမသေဘူးလို့ အခိုင်အမာပြောနေတယ်။ အန်တီသက်က သူ့သားမသေဘူးလို့ ခံစားနေရတယ်ဆိုတဲ့ စိတ်အာရုံကို တဖွဖွကို ပြောနေ တာ။ ဒါပေမဲ့ ကျန်လူတွေအားလုံးက မိခင်တစ်ယောက်ရဲ့ နောက်ဆုံး မျှော်လင့်ချက်နဲ့ ဆွဲပြောနေတာလို့ပဲ ထင်ကြတယ်။

ကျွန်တော်ကတော့ ဘာကြောင့်မှန်းမသိ။ အန်တီသက်ပြောတာ ကို ယုံနေမိတယ်။ သက်သေပြစရာ ဘာမှမရှိပေမဲ့ ကျွန်တော်လည်း အန်တီ သက်လိုပဲ ခံစားနေရတာကြောင့်ပဲ။ လက်ကိုင်ပဝါတွေ့ခဲ့တာတောင် ထူးထူး ဆန်းဆန်း တွေ့ခဲ့ရတာလေ။

အဲဒီလမ်းဘက် ဘယ်လိုစက်ဘီးနင်းပြီး ရောက်လာမိမှန်းမသိတာ။ အဲဒီနားရောက်မှ စက်ဘီးက နောက်ကဆွဲထားသလို နင်းမရ ဖြစ်နေရာက နေ ပဝါကိုမြင်ခဲ့ရတာ ...အဲဒါတွေက အရမ်းထူးဆန်းနေတယ်မို့လား။





ကျွန်တော်က သူငယ်ချင်းတွေကို အဲဒီစက်ဘီးဖြစ်တဲ့ကိစ္စ ပြောပြ တော့ ...

"လင်းခက် ... မင်းပြောသလိုဆိုရင် ဟို ... ကြဖန် ... ကြဖန် ... အသက်မှ ရှိသေးရဲ့လားကွာ"

"ဟာ ... မိုးကြိုး ... မွ ... နမိတ်မရှိ ... ငါက ဘာပြောလို့ မင်းက အဲလိုပြောရတာလဲကွ"

"မင်းပဲ စက်ဘီးကို တစ်ယောက်ယောက်က နောက်ကနေ ဆွဲ ထားသလိုဖြစ်ပြီး ရပ်သွားတာဆို။ အဲဒါ ...ကြဖန် ...ကြဖန့်ဝိညာဉ်က ...ဆွဲ ...လိုက် ...သ ...လား ...လို့"

"အေး ...ငါလည်း အဲဒီလိုပဲတွေးမိတယ်"

ရဲခကလည်း မိုးကြိုးစကားကို ထောက်ခံတယ်။ ဘုန်းဝေကလည်း ခေါင်းညိတ်တယ်။ ကျွန်တော် သက်ပြင်းရှိုက်လိုက်မိတယ်။

ဟုတ်တော့ ဟုတ်ပါတယ်။ ဘာရိတ်ကပ်တာလည်း မဟုတ်ပါဘဲ လူ ကောင်အထည်လည်း မမြင်ရဘဲ စက်ဘီးက နောက်ကဆွဲလိုက်သလို တုံ့ ရပ်သွားတာဆိုတော့ အဲလိုပဲ တွေးစရာဖြစ်နေတယ်လေ။

ဒါပေမဲ့ ဘာလို့ ကျွန်တော်က ကြဖန့်ကို သေသွားပြီလို့ လက်မခံ တာလဲ မပြောတတ်ဘူး။ ကျန်သူငယ်ချင်းတွေက ကြဖန်သေပြီဆိုပြီး ကိုက်ပူဆွေးနေကြချိန်မှာ ကျွန်တော်ကတော့ ငြင်းလည်းမငြင်းနိုင်၊ လက် ည်းမခံနိုင်နဲ့ ဖြစ်နေမိတာပဲ။

နောက်ဆုံး ကျွန်တော်တို့ သူငယ်ချင်းတစ်စုလည်း ဘာပဲဖြစ်ဖြစ် ကြဖန့်ကို မတွေ့ရသေးတာမို့ ဘယ်လိုဘယ်ကြောင်း ဆုံးဖြတ်လို့မဖြစ်ဘူးလို့ ကြတယ်။ ဒါကြောင့် ကြဖန်သွားတတ်တဲ့ နေရာအကုန်ကို ဒီနေ့ ထပ် မ်းရှာဖွေကြဖို့ တိုင်ပင်ပြီး စုံစမ်းရမဲ့နယ်မြေတွေ ခွဲကြတယ်။ ရဲတွေက ည်း သဲလွန်စနောက်လိုက်ပြီး ရှာဖွေစစ်ဆေး စုံစမ်းနေကြတာပါပဲ။

ကြဖန်ပျောက်နေတာက မနေ့မနက်ကတည်းကဆိုတော့ ဒီနေ့ နှစ်ရက်ထဲ ရောက်လာပြီ။ ကျွန်တော် ခံစားနေရသလို ကြဖန် မသေဘူးဆိုရင် သူ့ကို အမြန်ဆုံး ပြန်တွေ့မှဖြစ်မယ်။ ဘာကြောင့်ဆို

www.burmeseclassic.com



ကြဲဖန့်မှာ ဒဏ်ရာရသွားခဲ့တာကို။ တော်ကြာ . . . သွေးလွန်ပြီး . . .။ ကျွန် တော် ဆက်မတွေးရဲတော့ဘူး။

ကိုယ်ရှာရမဲ့ နယ်မြေဘက် စက်ဘီးနင်းထွက်လာရင်း ကြဲဖန့်ရဲ့ ကျွန်တော် အရမ်းသတိရနေမိတယ်။

"ငါတို့လူတွေ ဥပမာ အင်္ဂလိပ်၊ အမေရိကန်စတဲ့ အနောက်နိုင်ငံ သားတွေနဲ့ တရုတ်၊ ထိုင်း၊ မြန်မာစတဲ့တို့ အရှေ့တိုင်းသားတွေဟာ မျက်နှာ တည်ဆောက်ပုံ မတူကြဘူးလေ။

ငါတို့က အင်္ဂလိပ်၊ အမေရိကန်တွေကို နှာခေါင်းကြီးတယ်၊ မျက် ကားတယ် စသဖြင့် ပြောကြသလို သူတို့ကျတော့လည်း အရှေ့တိုင်းသား ကို နှာခေါင်းပြားပြား၊ အသားဝါ၊ အသားညိုတွေလို့ မြင်တယ်မို့လား"

"အဲလိုပဲ . . . ခွေးတွေလည်း ငါတို့လူတွေကို ဘယ်လိုမြင်မလဲ တွေးကြည့်စမ်း . . . လင်းဆက် . . ."

'ဟင်း . . . လူဆိုတဲ့ သတ္တဝါတွေဟာ တို့လို နှုတ်သီးချွန်ချွန် ရှည် လေးလည်း မပါဘူး။ ပါးစပ်က ပြားတားတားနဲ့၊ နားရွက်ကျတော့လည်း ခေါင်းဘေးမှာ ကြွက်နားရွက်မို့လို ကောက်ကောက်တွန့်တွန့်၊ ကပ် သေးသေးလေး။

ငါတို့ ခွေးတွေနားရွက်လို ကျက်သရေရှိရှိ၊ ကြီးကြီးထောင်ထော ကိုမရှိဘူး။ ဘာရုပ်လေးတွေလည်းမသိဘူးလို့ တွေးချင်တွေးနေမှာကွ'ပဲ

ကြဲဖန်ပြောဖူးတဲ့ ခွေးအတွေးစာတမ်းကို စိတ်ရောက်သွားတော့ ကြဲဖန့်ရဲ့ ကြဲကြဲဖန်ဖန်တွေးပြီး ပြောခဲ့တဲ့စကားတွေကို ကြားယောင်လာ မို့ မချိုပြုံး ပြုံးမိရာကနေ ကျွန်တော့်သူငယ်ချင်း လူထူးလူဆန်းကို သတိ တမ်းတစိတ်နဲ့ ကျွန်တော် မျက်ရည်တောင် လည်လာမိတယ်။

"ကျွီ . . . ကျွီ . . ."

ကြဲဖန့်ရဲ့ ခွေးအတွေးစာတမ်းအကြောင်း စိတ်ရောက်မိရင်း စက်ဘီး နင်းလာတဲ့ . . . ကျွန်တော် . . . စက်ဘီးကို ရုတ်တရက် ဘရိတ်အုပ် လိုက်မိတယ်။

"ခွေးကြီး . . . ဘူးသီး"





ကျွန်တော့်နှုတ်က . . .

အသံထွက်မိရင်း ကြဲဖန့်ခွေးကြီး ဘူးသီးကို ကျွန်တော် သတိရ သွားမိလို့ ရပ်လိုက်မိတာပဲ။

ကျွန်တော် . . . မနေ့ညက ကြဲဖန့်အကြောင်း အိပ်မက်မက်တယ် လေ။ ကြဲဖန့်ခေါင်းမှာ သွေးတွေနဲ့ လဲကျနေတာ။ ခု . . . ရဲတွေက ကြဲဖန် ရဲ့ သွေးတွေပေနေတဲ့ ဂဝံကျောက်တုံးနဲ့ သွေးခဲမြေတစ်ထွေးကို တွေ့ခဲ့ရပြီမို့ လား။

ဒါဆို . . . ကျွန်တော့်အိပ်မက်အတိုင်း ကြဲဖန့်ခေါင်းမှာ ဒဏ်ရာရ သွားတာများလား။ ဘယ်နေရာရယ်လို့ သေချာမသိပေမဲ့ ကြဲဖန့်မှာ ဒဏ်ရာ အစ်ခုခုရတာတော့ သေချာခဲ့ပြီပဲ။ နောက် . . . အိပ်မက်ထဲမှာ ကြဲဖန့်ခွေးကြီး ဘူးသီးလည်း ပါတယ်လေ။

ဘူးသီးကို ကြဲဖန့်သွေးတွေ တွေ့ခဲ့ရတဲ့ ခရေပင်တန်းဆီခေါ်လာပြီး အနံ့ခံခိုင်းရင် ပျောက်နေတဲ့ ကြဲဖန့်ကို ရှာများတွေ့နိုင်မလားလို့ ကျွန်တော် တွေးလိုက်မိလို့ပါပဲ။

စိတ်လှုပ်ရှားတက်ကြွစွာနဲ့ ကျွန်တော် . . . စက်ဘီးကို ကြဲဖန့်အိမ် ဘက် ဦးတည်နင်းလိုက်တယ်။ ခွေးကြီးဘူးသီးကို သွားခေါ်မယ်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

❑

ဂျန်က ကားလက်မှတ်ကိုကြည့်ရင်း စိတ်ပျက်စွာနှင့် ခေါင်းယမ်းမိ၏။

ကြိုတင်ဝယ်ယူခြင်းမဟုတ်သဖြင့် မွန်းလွဲအစောပိုင်းကားများ မရတော့။ ညနေငါးနာရီခွဲကားရသည်ပင် ကံကောင်းသည် ဆိုရမည်။

အင်းလေ ... ခုမှ မနက်ဆယ်နာရီထိုးပြီးရုံ ရှိသေးတာ။ ကျွေးသွားတောင်းရမှာနဲ့ ပြန်လာမှာနဲ့ဆို အတော်ပါပဲ။ ရန်ရန်ကလည်း သုံးနာရီခွဲမှ ကျူရှင်ဆင်းမှာဆိုတော့ ...

ဂျန် တွေးလိုက်သည်။

ယခု ... ဂျန် ဈေးဝယ်လာရင်း ကားဂိတ်တွင် ကားလက်မှတ် လာဖြတ်ခြင်းဖြစ်၏။ အစောပိုင်းကား ရခဲ့လျှင်တော့ မောင်လေးကို ကျူရှင်မတက်ခိုင်းတော့ဘဲ ကြွေးတောင်းခေါ်သွားပြီး အပြန် ကားဂိတ်တန်းဆင်းရန် စိတ်ကူးထားခဲ့သည်။ ခုလိုနောက်ကျကားရတော့လည်း စီစဉ်စရာရှိတာ အေးအေးဆေးဆေး လုပ်နိုင်တာပေါ့ဟု တွေးလိုက်၏။ ရန်ရန့်ကိုလည်း ကျူရှင်ပြီးမှ ခေါ်လို့ရသည်။





မနက်က ဆိုင်ပြန်ရောက်တော့ ဂျန်နှင့်မောင်လေး အဝတ်အစားများကို ဟန်းဘက်အိတ်ကြီးတစ်လုံးထဲ စုထည့်ကာ ဦးလေးနှင့် ဒေါ်ကြီးတင် အလစ်တွင် ခြံထောင့်ချုံကွယ်သို့ ကြိုတင်ဝှက်ထားလိုက်၏။ ဈေးဝယ်အထွက်မှာမှ ကားဂိတ်သို့ ကားလက်မှတ်ဖြတ်ရင်း အိတ်ကို တစ်ပါတည်း ယူလာခဲ့သည်။ ခု ကားဂိတ်တွင် ကွမ်းယာရောင်းသော ဂျန့်သူငယ်ချင်း ညိုညို့ဆိုင်၌ အပ်ထားခဲ့ပြီးပြီ။ ညနေ ကားဂိတ်ဆင်းချိန်တွင် ညိုညို့ထံမှယူပြီး ကားပေါ်တက်ရုံရှိတော့သည်။

ဂျန်က ဈေးသို့ လျှောက်လာခဲ့သည်။ ဒေါ်ကြီးတင်ကို ဟန်မပျက် ဈေးဝယ်ပေးပြီးသည်နှင့် ရွာသို့ ကြွေးတောင်းသွားမည်။ တကယ်တော့ ရွာမှ ကြွေးတောင်းပြန်လာချိန်သည် မွန်းလွဲနှစ်နာရီဝန်းကျင် ရှိမည်ဖြစ်ရာ သုံးနာရီကားသာ ရမည်ဆိုလျှင် ကြွေးရငွေများနှင့် တစ်ခါတည်း ကားဂိတ်တန်းဆင်းရပါက ပို၍ အဆင်ပြေပေမည်။ ခုတော့ ငါးနာရီခွဲကားမို့ ကားဂိတ်တွင် ထိုင်စောင့်ရဦးမည်ဖြစ်သည်။

မတတ်နိုင်ဘူးလေ ... စောင့်ရတော့မှာပဲ။ ဂျန့်အစီအစဉ်ကို မည်သူမျှမသိသဖြင့် အနှောင့်အယှက်တော့ ရှိမည်မထင်ပါ။

ယခုချိန်ထိ ဂျန်မှာ သုံးလေးရက် အိပ်ရေးပျက်ထားသူလို အူတူတူ ဖြစ်နေပိ၏။

မိုးနေဦး၏အသံကို နားထဲ ကြား နေမိခြင်းမှာ တကယ်လား။ အထင်လား ... ဂျန် ဝေခွဲမရ။ မိုးနေဦးက သူ့ကိုကယ်ရန် တဖွဖွပြောနေသည်များကို ကြားခဲ့ရခြင်းက စိတ်ထင်သည်ဖြစ်စေဦး။ သူ မသေ သေးပါဘူးဆိုသောစကား၊ သူ့ကို နေရာရွှေ့လိုက်ပြီဆိုသော စကားများက မှန်နေပြန်သည်။

နောက်ပြီး ကျော်လူ့အိမ်သွားမည့်ဂျန့်ကို ကျော်လူအိမ်တွင် မရှိကြောင်းပြောကာ ရှိမည့်နေရာကို မိုးနေဦးအသံက ပြောပြပေးခဲ့၏။ တကယ်လည်း ထိုနေရာတွင် ကျော်လူတို့ ရှိနေခဲ့သည်။ မိုးနေဦးက တစ္ဆေသရဲဘဝနဲ့များ ...



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း . . . မဟုတ်ဘူး။ မိုးနေဦးက သေမှမသေသေးတာ သူ့ တရွှေ့ ဘယ်လိုဖြစ်နိုင်မှာလဲ။ ဒါဆို သူက ပြောနေတုန်းဆိုတော့ လူကြီးတွေ ပြောတာ ကြားဖူးသလို . . ဟို . . . လိပ်ပြာလွင့်တယ်ဆိုတာ မျိုးများလား။

ဂျုန် ခေါင်းရှုပ်လာသည်။ တကယ်ပဲ ရှုံးချင်လာ၏။ ကြောက်လည်း ကြောက်သည်။ ဂျုန်စျေးဝယ်ရန် ထွက်မလာခင်အထိ မိုးနေဦးက သူ့ကိုကယ်ရန်နှင့် ကျော်လူတို့ ရွှေ့လိုက်သောနေရာကို ရှာပေးရန် တတွတ်တွတ် ပြောသံကြားနေခဲ့ရသည်။ စျေးဝယ်ထွက်လာပြီး နောက်ပိုင်းတွင်တော့ မိုးနေဦးအသံ မကြားရတော့။

ကျော်လူတို့ မိုးနေဦးကို ဘယ်နေရာများ ရွှေ့လိုက်တာလဲ။ မိုးနေဦးက သူ အရမ်းအားနည်းနေပြီဟု ဆိုသည်။ ခေါင်းတွင်လည်း ဒဏ်ရာရထားသည်။ သွေးထွက်လွန်နေမှာ သေချာ၏။ ထို့ကြောင့် သူ အားနည်းလာခြင်း ဖြစ်မည်ထင်သည်။

သေပြီဆိုပြီး အသုဘချရန် ပြင်ထားပြီးကာမှ သတိပြန်လည်လာကာ ထိုသူပြောနေစဉ် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြသည့် ထူးဆန်းသော ဂန္ထဝင်ဝတ္ထုမျိုး ဂျုန်ဖတ်ဖူးသည်။ ထိုဝတ္ထုများထဲတွင် ပြောနေသူက သူ့ကိုယ်ခန္ဓာကိုရှာ ပြန်ရောက်လာကာ ခန္ဓာထဲ ပြန်ဝင်ရပုံများပါသည်။

ခု . . . မိုးနေဦးက သူ့အား ရွှေ့လိုက်သောနေရာကို ရှာပေးရန် ပြောနေ၏။ သူ့ခန္ဓာ ဘယ်မှာရှိနေသည်ကို မိုးနေဦး သိပုံမရ။ သူ့ကို ကျော်လူတို့ရွှေ့စဉ်က သူရှိမနေသဖြင့် မသိတာများလား။

ဟင် . . . ဒါဆို သူက သူ့ခန္ဓာကိုမတွေ့ရင် ခန္ဓာထဲပြန်ဝင်ဖို့ ရတော့ဘူးနဲ့ တူတယ်။ ဒါဆို သူ . . သေသွားမှာလား။

ဂျုန် . . . ဖြုန်းခနဲ စိတ်မကောင်းဖြစ်သွားမိ၏။

ကျော်လူတို့ ပြောစကားအရ တကယ်တော့ မိုးနေဦးသည် ဂျုန်ထင်သလို ရဲကို လက်တို့သူမဟုတ်။ ကျော်လူတို့ကသာ သူတို့ရာဇဝတ်မှု ပေါ်မည်စိုး၍ ဂျုန့်ဒေါသကို ခုတုံးလုပ်ကာ ချော်လဲရောထိုင် လုပ်လိုက်ခြင်းဖြစ်သည်။ ဂျုန့်လိုပင် မိုးနေဦးကလည်း ခံစားရခြင်း ဖြစ်လေသည်။

ဂျုန် . . . သက်ပြင်းချလိုက်မိ၏။

မဖြစ်ဘူး . . . မိုးနေဦးကို ကယ်လို့မဖြစ်ဘူး။ မိုးနေဦးက ဖြစ်ခဲ့တာတွေရဲ့ကို ပြောပြလိုက်ရင် ငါ . . . အဖမ်းခံရမှာ။

သူ့ကို သနားသော်လည်း ဂျုန် ကိုယ့်အတွက် ကိုယ်ကြည့်ရဦးမည်။ ဂျုန့်မှာ မောင်လေးရန်ရန် ရှိသေးသည်။ အဖမ်းခံ၍ မဖြစ်နိုင်။

အိုလေ . . . သူများကိစ္စတွေ ထည့်တွေးနေလို့မဖြစ်ပါဘူး။ ဂျုန် စိတ်ဖြတ်လိုက်သည်။

စျေးကအပြန် ကြွေးမြန်မြန်သွားတောင်းပြီး ဂျုန့်လက်ထဲ ငွေရောက်စေဖို့လိုသည်။ မသွားခင် ဒေါ်ကြီးတင်ကိုတော့ ဂျုန်အလုပ်လုပ်၍ ငွေရလျှင် ယခုယူသွားသောငွေကို ပြန်ဆပ်မည့်အကြောင်း စာရေးထားခဲ့ရမည်။ ဂျုန်တို့မိဘအမွေတွေ သူတို့သုံးခဲ့ကြတာပဲ။ ဒီလောက်ငွေတော့ ဂျုန့်ကို အလှည့်ပေးသုံးပေါ့။ ဂျုန်က တွေးရင်း ခြေလှမ်းသွက်သွက် လှမ်းလိုက်၏။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

## | ၁၂ |

❑

သူ . . . ဆောက်တည်ရာမရ ဖြစ်နေမိပြီ။

ဂျန် . . . နင် ရက်စက်တယ်။ နင် . . . ငါ့ကိုမကယ်ဘဲ ပစ်ထား

တော့မယ်ပေါ့။ ငါအရမ်းကိုပဲ အားနည်းနေပါပြီ ဂျန်။ ငါ သေရတော့မယ်

သူက . . . သူ့အခြေအနေကို ဂျန့်အား တဖွဖွပြောပြခဲ့သော်လည်း

ဂျန်က . . .

မိုးနေဦးက သူ့ခန္ဓာကိုယ်ကြီးကို အငေးသား ကြည့်နေမိ၏။ သူ့ခန္ဓာသည် ချောင်းကွေ့မှ သစ်မြစ်ဆုံတစ်ခုနှင့် ညပ်ကာ တန်းလန်းကြီး ဖြစ်နေသည်။

ကျော်လူက မောင်ဝင်းအား သူတို့မသွားခင် သူ့အခြေအနေ ထ ခေါက်သွားကြည့်ရန် ပြောခဲ့သည်ကို သူကြားခဲ့သည်။ ဂျန့်အား သူ့ခန္ဓာ ရာ ရှာပေးပါရန် သူ အနူးအညွတ် တောင်းဆိုခဲ့သော်လည်း ဂျန်သည် သူ့ ကို လျစ်လျူရှုခဲ့၏။ သို့ကြောင့် သူက မောင်ဝင်းသွားရာနောက် တကော ကောက် လိုက်နေခဲ့ရသည်။

နေ့လယ်ပိုင်းတွင် မောင်ဝင်းက လူရိပ်လူခြည်ကြည့်၍ မြို့ပြင်ဘ ထွက်သွားခဲ့ရာ သူလည်း လိုက်သွားခဲ့၏။ ဤတွင် ယခုလို သူ့ခန္ဓာ၏ ဖြ ကွင်းကို တွေ့ခဲ့ရခြင်းဖြစ်လေသည်။





လက်စသတ်တော့ ကျော်လူတို့သည် သူ့ခန္ဓာအား ဆင်သေချောင်း သွင်း သွားချထားခဲ့ခြင်းဖြစ်၏။ ထိုချောင်းသည် ချောင်းကျယ်ဖြစ်ပြီး တောင် မြင့်ပေါ်မှ တစ်ဟုန်ထိုး စီးကျလာရာ မိုးတွင်းဆိုလျှင် ချောင်းရေလျှံ၍ ရေစီး သန်လှသည်။

အောက်ခံချောင်းကြမ်းပြင်တွင်လည်း ကျောက်တုံးကျောက်ဆောင် သည်များ ပေါလှ၏။ ဆင်တစ်ကောင်သည်ပင်လျှင် မိုးတွင်းအခါ ချောင်း ရေစီးကိုဖြတ်ရန် ခက်ခဲပြီး အခန့်မသင့်က ရေစီးတွင် မျောပါကာ ကျောက် ဆောင်ကျောက်တုံးများနှင့် ရိုက်မိ၍ သေဆုံးတတ်၏။ ထို့ကြောင့် ဆင်သေ ချောင်းဟု အမည်တွင်သည်ထိ ရေစီးကြမ်းသော ချောင်းဖြစ်လေသည်။

နွေအခါတွင်တော့ မိုးတွင်းလောက် ရေမများသော်လည်း တောင် ကြီးဆီမှ အောက်သို့ ခပ်မတ်မတ်စီးကျပြီး ကျောက်တောင် ကျောက်ဆောင် များကိုတိုးတိုက်ကာ ရေဆင်းရ၍ ထိုသို့သောနေရာများတွင် ရေစီးကြမ်း၏။

ကျော်လူတို့က သူ့အား ထိုရေစီးကြမ်းသော ချောင်းနေရာတွင် ပစ်ထားခြင်းဖြစ်သည်။ ကျော်လူတို့အကြံက ထိုနေရာတွင် သူ့ကို ထား ခဲ့ခြင်းဖြင့် ရေစီးကြမ်းနှင့် မျောပါသွားပြီးမှ အောက်ဘက်ချောင်းကူး တံတားကို ဖြတ်အပြီး အတော်ဝေးဝေး ရေစီးနှေးသွားသောနေရာဆီ ရောက် သွားပေလိမ့်မည်။ ဆက်၍ မျောပါကောင်း မျောပါနိုင်ပြီး အကယ်၍ တင် ကျန်ရစ်လျှင်ပင် သူတို့အတွက် ပြဿနာမရှိနိုင်တော့။

ချောင်းကူးတံတားသည် ရွာမှလုပ်ထားသော တံတားကြမ်းဖြစ်၍ အအကာအရံမရှိ။ ခပ်ကျဉ်းကျဉ်း သစ်သားခင်းတံတားမျှသာ ဖြစ်၏။ ထို့ ကြောင့် တံတားပေါ်မှ စက်ဘီးနှင့် မတော်တဆ ထိုးကျသွားခြင်းမျိုး ဖြစ် ခဲ့လေသည်။

သူ့ခန္ဓာသည် ရေစီးနှင့်မျောပါလာရင်း အောက်ခံကျောက်တုံးများ နှင့် တိုးတိုက်မိသည့် ဒဏ်ရာများကို ဖြစ်ပေါ်စေပေလိမ့်မည်။ သို့အတွက် ခန္ဓာကိုဆယ်ယူရရှိလျှင်ပင် သူ့အား ကျော်လူတို့ ထိုးကြိတ်ခဲ့သော ဒဏ်ရာ

ဓိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



များသည် ကျောက်တုံးများဖြင့် တိုက်မိသော ဒဏ်ရာများနှင့် ရောနှော မည်သို့မျှ သဲလွန်စရှာ၍ ရမည်မဟုတ်တော့။ ဤအကွက်ကို သူတို့ခင်း ကြခြင်းဖြစ်၏။

ထို့ပြင် ပစ်ထားသောနေရာက ချောင်းထဲသို့ဆင်းရန် ခက်ခဲသ နေရာဖြစ်၏။ ထိုနေရာ ချောင်းကမ်းပါးတစ်လျှောက်သည် ရေညှိများဖုံး ချောနေသော ကျောက်တုံးကျောက်ခဲများနှင့် ပြည့်နေလေသည်။ ရေစီးအသ ဆုံး နေရာလည်းဖြစ်၍လည်းကောင်း၊ ရေချိုးအဝတ်လျှော်ရန် အဆင်မပြေ သည့် နေရာမျိုးဖြစ်၍လည်းကောင်း၊ ထို့ပြင် ချုံပင်ကမ်းပါးသစ်ပင်မြစ်များ အောက်ခြေလည်းရှုပ်သေး၍ ဤနေရာသို့ လူအရောက်အပေါက်နည်း၏

ချောင်းကူးတံတားပင်လျှင် ယခင်ရွာဟောင်းရှိစဉ်က သုံးခဲ့သော တံတားဖြစ်လေသည်။ နောက်ပိုင်း ကမ်းပါးပြို၍ ရွာရွှေ့ရင်းရွှေ့ရင်း ယ သာသော တောင်ဘက်လမ်းကိုအသုံးများကာ ဤလမ်းကို ဖြတ်လမ်းသဘော မျိုး အရင်လိုမှ သွားတတ်ကြခြင်းကြောင့် လူအရောက်နည်းခြင်းဖြစ်သည် ကျော်လူတို့လို အကြံအစည်နှင့် တကူးတကလာမှ ရောက်ရမည့်နေရာမျိုး ဖြစ်လေသည်။

သို့သော် မိုးနေဦးတို့လို မြို့ပတ်စက်ဘီးစီးတတ်သောသူများ လူရှင်းကားရှင်းသော ဤလမ်းဘက်သို့ ရံဖန်ရံခါ နင်းလေ့ရှိကြ၏။

သူ့ကို ချောင်းအထက်ပိုင်းအမြင့်မှ မျှောချလိုက်ဟန်တူသည် မောင်ဝင်းနောက်က လိုက်လာရင်း ဤနေရာသို့ သူရောက်လာစက သူ့ ခန္ဓာသည် သူ့တို့စီစဉ်ခဲ့သည့်အတိုင်း ရေစီးနှင့် မျောပါလာပုံရကာ ကျောက် ဆောင်တစ်ခုတွင် ထိပ်တိုက် ကန့်လန့်ခံတင်နေပုံကို မြင်ရသည်။

ထိုနေရာသည် ကျောက်တုံးများပေါများသော်လည်း ရေကမနက် သို့ကြောင့် သူ့ခန္ဓာမှာ ကျောက်တောင်စွန်းတွင် ခပ်လှဲလှဲ တင်ကျန်နေခြင်း ဖြစ်သည်။ သူ့စက်ဘီးကိုလည်း ခပ်လှမ်းလှမ်း ချောင်းစပ်ချုံပုတ်ကြားတွင် လဲကျနေသည်ကို တွေ့ရ၏။

မောင်ဝင်းသည် သူတို့ အစပထမထားခဲ့ဟန်ရှိသော ချောင်းအထက် ပိုင်းဆီမှ ချောင်းရိုးတစ်လျှောက် လိုက်ကြည့်နေသည်ကို တွေ့ရသည်။ သည်





တွင် ချောင်းအောက်ပိုင်းကျောက်ဆောင်၌ ကန့်လန့်ခံတင်နေသော သူ့ခန္ဓာ ကို တွေ့သွားခဲ့သည်။

နဲသားမောင်ဝင်းက ချောင်းစပ်တွင် ဖိုရှာသည်ရှာလုပ်ရင်း သစ် ကိုင်းကျိုး ခပ်တုတ်တုတ်၊ ရှည်ရှည်တစ်ချောင်းကို ကောက်ယူလိုက်၏။ ကိုင်းများ၊ ကိုင်းသေးတက်များကို ချိုးဖဲ့ဖယ်ပစ်လိုက်ပြီး ရေညှိဖြင့် ချောနေ သော ကျောက်တုံးများကို သတိထားနင်းကာ ချောင်းထဲဆင်းသွားသည်။

သူ့ခန္ဓာတင်နေသော ကျောက်ဆောင်မှာ ချောင်းလယ်ပိုင်းလောက် တွင်ရှိ၍ မောင်ဝင်းက သူ့ခန္ဓာနှင့် အနီးဆုံးနေရာထိ ထိန်းဆင်းလိုက်ပြီး သူ့ကိုယ်ကို သစ်ကိုင်းနှင့်ထိုး၍ ကျောက်ဆောင်မှ လွတ်အောင် ဖယ်ပစ်နေ သည်။

"ဟာ . . . မလုပ် . . . မလုပ်ပါနဲ့ . . . မောင်ဝင်း . . . မလုပ်နဲ့ . . လုပ်ပါနဲ့ကွာ"

သူက သူ့ခန္ဓာကို သစ်ကိုင်းဖြင့် တွန်းချနေသော မောင်ဝင်းကို ကြည့်ကာ အသည်းအသန် အော်၍တားမိ၏။ သို့သော် သူသည် ယခင်က အတိုင်း ဘာမျှမလုပ်နိုင်ဘဲ ဝမ်းနည်းစိတ်ပျက်အားငယ်စိတ်နှင့် မျက်ရည် ချုံ့သာ တတ်နိုင်တော့သည်။

မောင်ဝင်းက ချောင်းရိုးအတိုင်း ဆက်၍မျောသွားသော သူ့ခန္ဓာ အား ခဏရပ်ကြည့်နေပြီးမှ ကမ်းပါးပေါ်ပြန်တက်သွားသည်ကို တွေ့ရ၏။

သူကမူ . . . သူ့ခန္ဓာ ဘယ်ဆီသို့ထိ မျောပါသွားသည်ကို မျက်ရည် များစီးကျရင်းနှင့် လိုက်ကြည့်မိသည်။ သူ့ခန္ဓာသည် ကျောက်တုံးငယ်များ နှင့် ဟိုတိုက်သည်တိုက်ဖြစ်ကာ မျောပါနေရာမှ ရှေ့ချောင်းကွေ့တစ်နေရာ တွင် ကမ်းဘေးသစ်ပင်မှ ချောင်းထဲသို့ ထိုးကျနေသော အမြစ်အချို့နှင့် တိုး တိုက်မိ၏။ ထိုမှ ချောင်းကွေ့ရေစီးအားက သူ့ခန္ဓာကို အမြစ်ဆုံဘက်ဆီ သို့ တွန်းပို့လိုက်သလို ဖြစ်သွားကာ သူ့ခန္ဓာမှာ အမြစ်ဆုံကြားညပ်ပြီး တင် နေခြင်းဖြစ်တော့သည်။

သူသည် သူ၏ခန္ဓာကြီးကို တွေ့ပင်တွေ့နေရသော်လည်း သူ့ကိုယ် သူမကယ်တင်နိုင်သော အဖြစ်ကြောင့် ဆို့နင့်ဝမ်းနည်းလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများဖေါ်ဝေနေတာကို သူမသိ။ သို့သော် သူ့တွင် အင်အားဟူ၍မရှိတော့ဘဲ မောပိုက်ပင်ပန်းနေသလို ခံစားနေရလေ သည်။ သူ့အတွက် အချိန်က များများစားစား မကျန်တော့။ သူ သေရတော့ မည်။ ဂျန့်အား သူ့ခန္ဓာရှိသည့်နေရာကို ပြောပြပြီး အကူအညီ တောင်းခဲ့ ပါသော်လည်း ဂျန်က မလှုပ်။ သူမသည် သူ့အား လျစ်လျူရှုကာ အဝေးသို့ ပြေးဖို့ စိစဉ်နေလေပြီ။

သူသည် ... သူခန္ဓာကိုယ်ကြီးကို ကြည့်ကာ ဝမ်းပန်းတနည်း ငိုမိ လေတော့သည်။

❁ ❁ ❁

[ ၁၃ ]

❑

"သားတို့ ဘယ်သွားမှာလဲဟင် မမ"

ဂျန်က မောင်ငယ်ကို ငုံ့ကြည့်လိုက်၏။ သူမသည် ကြွေးတောင်း အပြန် ရန်ရန့်ကို ကျူရှင်မှ တစ်ပါတည်း ဝင်ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။ အပဲဖြစ်ဖြစ် ကားဂိတ်၌ပင် ကားထွက်ချိန်ထိ ထိုင်စောင့်နေခြင်းက လုံခြုံ သည်ထင်မိ၏။

"မမတို့ ... ဟိုး .. အဝေးကြီးကို သွားကြမယ်။ အဲဒီမှာ တို့ မောင်နှမနှစ်ယောက်တည်း ပျော်ပျော်ကြီးနေကြမယ်လေ။ ရန်ရန်ရော အဲလို နေချင်ဘူးလား"

"ဟေး ..."

ရန်ရန်က ဝမ်းသာအားရ အော်လိုက်၏။

"နေချင်တယ် ... မမ။ သား ... ဦးလေးတို့နဲ့ မနေချင်ဘူး။ ဒေါ်ကြီးတင်က ဦးလေးနဲ့မမ မရှိရင် သားကို ဆူလည်းဆူတယ်။ ရိုက်လည်း ရိုက်တယ်"

ဂျန့်ဒေါသက ချက်ချင်း ခေါင်းထောင်ထလာ၏။

"ရန်ရန့်ကို ရိုက်တယ် .... ဟုတ်လား။ အဲဒါ ဘာလို့ မမကို ပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမကိုပြောရင် မမနဲ့ ဒေါ်ကြီးတင်နဲ့ ရန်ဖြစ်ကြမှာ။ ပြီးရင် မေ တိတ်တိတ်လေး၊ ငိုနေမှာစိုးလို့"

ဂျွန် မျက်ရည်ဝိုင်းသွား၏။ မောင်ငယ်၏ခေါင်းလေးကို ပွတ်သ လိုက်ရင်း ...

"အေး ... ဒါကြောင့် ... မမတို့ ဦးလေးအိမ်မှာ မနေတော့ဘဲ အဝေးကြီးမှာ သွားနေကြမယ် ပြောတာပေါ့။ အဲဒီမှာပဲ ရန်ရန်က ကျောင်း ဆက်တက်။ မမလည်း အလုပ်တစ်ခုခုလုပ်ပြီး နေကြမယ်"

ရန်ရန်က ပျော်ရွှင်စွာရယ်၏။

"ဒါဆို ... သားတို့ ဘယ်သွားမှာလဲဟင်။ အဲဒီနေရာက ဘယ် မှာလဲမမ"

ဂျွန် ငိုင်သွား၏။ တကယ်တော့ အခြေအနေအရ ချက်ချင်း စီစဉ် ရသည်ကြောင့် သည်မြို့နှင့်ဝေးလျှင် ပြီးရောဟုတွက်ကာ မန္တလေး ကား လက်မှတ် ဖြတ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မန္တလေးတွင်တော့ နေ၍မဖြစ်။ ကျော်ဂျ တို့ကလည်း မန္တလေးသွားမည်ပြောနေ၍ တော်ကြာ မတော်တဆဆုံ လျှင် ...။

မန္တလေးရောက်မှ ရှေ့ဆက်ရမည့်ခရီးအတွက် စဉ်းစားတော့မည် ဟု သူမ တွေးခဲ့ခြင်းဖြစ်သည်။ မန္တလေးဘူတာကြီးနားတွင် အဖေနှင့်အ ၏မိတ်ဆွေ ဦးလေးထွန်းနှင့် အန်တီရင်ရှိသည်။ ဂျွန်တို့ငယ်စဉ် အဖေ ရှိစဉ်က မကြာခဏရောက်ဖူးသဖြင့် ဘူတာကြီးသို့ရောက်ပါက ဂျွန် ထိုအိမ် ကို မှတ်မိရှာတွေ့မည်သေချာသည်။ ဦးလေးထွန်းတို့နှင့်တွေ့မှ ရှေ့အတွက် စီစဉ်တော့မည်ဟု တွေးထားသည်။

"ခု ... လောလောဆယ်တော့ မန္တလေးကို သွားမယ်လေ။ ဟို ရောက်မှ ထပ်စီစဉ်ရမှာ။ ကဲ ... ကဲ ... သွက်သွက်လေး လျှောက်နော် မောင်လေး"

"ဂျွန် ..."

မိုးနေဦးအသံကို ရုတ်တရက် ကြားလိုက်ရသလို ရှိသဖြင့် ဂျွန် ထ တုန်သွား၏။



"ငါ ... တကယ်ပဲ အားယုတ်နေပြီ ... ဂျွန်။ ညထိတောင် တောင့် ခံနိုင်မယ်မထင်တော့ဘူး။ အခုမှ ... နင်မကယ်ရင် ... ငါ ..."

ဆို့နင့်တုန်ခါနေသော မိုးနေဦးအသံက တိုးညင်းတိမ်ဝင်သွား၏။

"မမ ... ဘာဖြစ်လို့လဲဟင်"

ခြေလှမ်းတုံ့သွားသော ဂျွန့်အား ရန်ရန်က မော့ကြည့်ရင်း မေး လိုက်သည်။ ဂျွန်က ခေါင်းခါပြလိုက်ရင်း ရန်ရန့်လက်ကိုဆွဲလျက် ခပ်သွက် သွက် ဆက်သွားလိုက်၏။

"ဂျွန် ... ငါ့ကို မောင်ဝင်းက သစ်ကိုင်းနဲ့ ထိုးချလိုက်လို့ ချောင်း ကျွေ့သစ်မြစ်ဆုံမှာ ညပ်တင်နေတယ်။ နင်မှမကယ်ရင် ငါ သေရတော့မယ် ဂျွန်။ ငါ့ကိုပစ်မထားပါနဲ့၊ မရက်စက်ပါနဲ့ .. ဂျွန်ရယ်"

ဂျွန့်ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းလာ၏။

သူမက ရန်ရန့်အား ငုံ့ကြည့်လိုက်သည်။ မောင်ငယ်သည် အစ်မ လက်ကိုဆွဲလျက် ခုန်ပေါက်မြူးထူးစွာ လိုက်ပါလာသည်။ ဂျွန် သက်ပြင်း တစ်ချက် ရှိုက်သွင်းလိုက်ပြီး အားတင်းလိုက်၏။ သို့တိုင် ... သူမရင်ထဲမှာ နာကျင်နေဆဲ၊ မျက်ရည်များက ဆက်ကျဆဲရှိနေသည်။

မနက်က ဈေးသွားတော့ ဈေးထဲတွင် မိုးနေဦးသတင်း ပြောနေ ကြသံ ကြားခဲ့ရသည်။ မိုးနေဦး၏လက်ကိုင်ပဝါကို တွေ့ကြောင်း၊ သွေးစွန်း နေသော ကျောက်တုံးကို တွေ့ကြောင်းများဖြစ်သည်။ ထူးထူးဆန်းဆန်းပင် မိုးနေဦး၏သူငယ်ချင်းက စက်ဘီးစီးရင်း ထိုနေရာအရောက် စက်ဘီးက ဘီးခနဲရပ်သွားရာမှ လက်ကိုင်ပဝါကို မြင်ခဲ့ခြင်းဖြစ်ကြောင်းလည်း တအံ့တသြ ပြောနေကြ၏။

နေ့လယ် ကြွေးတောင်းပြန်လာတော့ ထိတ်လန့်စရာ သတင်းတစ်ခု ထပ်ကြားရပြန်သည်။ ထိုမိုးနေဦး သူငယ်ချင်းကပင် မိုးနေဦးကို ပစ်ခဲ့သည့် အုတ်တောင်ကွေ့မှ အုတ်ဖုတ်ကျင်းဟောင်းအား တွေ့သွားခဲ့ပြီဆိုသော သတင်း ဖြစ်သည်။ မိုးနေဦး၏ခွေးက ရှာပေးခဲ့သည်ဆို၏။

မိုးနေဦးကို မတွေ့သေးသည့်တိုင် မထင်မှတ်ဘဲ အုတ်တောင်ကွေ့ နေရာထိ တွေ့သွားကြပြီဆိုတော့ ဂျွန်အတော်လန့်လာသည်။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com



ဂျန်တို့ ဤမြို့က ထွက်သွားပြီးနောက်ပိုင်းကျမှ မိုးနေဦးကို ရှာတွေ့ခဲ့ရသည်။ ထိုအချိန်တွင် ဂျန်က အဝေးသို့ ရောက်နေလောက်ပြီ။

နောက်ပြီး မိုးနေဦးကို ရှာတွေ့လျှင်ပင် (ဂျန့်အား မိုးနေဦး၏ ပြောပြချက်အရ) ဂျန်နှင့်လည်းကောင်း၊ ကျော်လူတို့နှင့်လည်းကောင်း ဆက်စပ်မိစရာ မရှိနိုင်တော့။ 'ကံကောင်းရင် ဂျန်တောင်လွတ်နိုင်တယ်' ဆိုသော ကျော်လူ့စကားအတိုင်း ဂျန် လွတ်နိုင်ပါသည်။

ဒီလိုအခြေအနေမျိုးမှာ ဂျန့်ကရှုးလို့ မိုးနေဦးကို ကယ်ရမှာလား။

ဂျန်က အဝေးပြေးကားဂိတ်ဝင်းထဲ ဝင်လာလိုက်ရင်း သူ့ယော်ချင်း ညိုညို့ဆိုင်သို့သွားကာ အိတ်ကိုယူသည်။ နောက် ... ချောင်ကျကျ ခုံတန်းရှည်တစ်ခုတွင် မောင်လေးနှင့်အတူ ကားထွက်ချိန်ကို ထိုင်စောင့်နေလိုက်၏။

အင်း ... ခု ... သုံးနာရီထိုးတော့မှာဆိုတော့ ... စောင့်ရ နောက် နှစ်နာရီခွဲပဲ ...။

ဂျန်က တွေးလိုက်ရင်း ကိုယ့်စိတ်ကိုယ် အားပေးလိုက်၏။

✿ ✿ ✿

❑

ဂျန်က လက်ထဲမှ အိတ်ထုပ်ကို ညိုညိုထိုင်နေရာဘေးသို့ တင် လိုက်ပြီး ...

"ညိုညို ... ငါ့မောင်လေး ရန်ရန်ရော ..."

"နို့အေးချောင်း သွားဝယ်နေတယ်လေ။ ဟိုမှာ ..."

ညိုညိုမေးဆတ်ပြရာသို့ ဂျန်က လှမ်းကြည့်လိုက်၏။

"ဟင် ... ကုလား"





ဂျန်က ညိုညို့ကွမ်းယာဆိုင်အကွယ်သို့ ဖျတ်ခနဲကပ်လိုက်ပြီး ရန်ရန့်ကို အသာကဲကြည့်လိုက်သည်။ ရန်ရန်သည် လက်ထဲက နို့အေးချောင်း ကိုစားရင်း ကုလားနှင့် ရယ်ရယ်မောမော စကားပြောနေလေသည်။

ဒုက္ခပဲ ... ဒုက္ခပါပဲ ... ရန်ရန် လျှောက်ပြောလိုက်ရင်တော့ သွားပြီ။

ဆိုင်ကွယ်တွင် ကိုယ်ကိုကပ်ထားရင်း ဂျန် ပူပန်နေရတော့၏။ ကုလားသည် ရန်ရန်ရှေ့တွင် ဆောင့်ကြောင့်ထိုင်ကာ ရန်ရန်နှင့် စကားပြောနေရင်း ပတ်ဝန်းကျင်သို့ ဟိုဟိုသည်သည် လှမ်းကြည့်နေသည်။ ရန်ရန်က ကွမ်းယာဆိုင်သို့ လက်ညှိုးထိုးပြပြီး ခေါင်းညိတ်ခေါင်းခါနှင့် တစ်စုံတစ်ခု ပြောနေ၏။

ကုလားက ဂျန်ရှိနေသော ညိုညို့ကွမ်းယာဆိုင်သို့ လှည့်အကြည့် တွင် ဂျန်မှာ ဆိုင်အကွယ်၌ အထိတ်တလန့် ကပ်ပုန်းနေရတော့သည်။ ခဏ အကြာ အသာချောင်းကြည့်တော့ ကုလားသည် ကားဂိတ်အတွင်း ဝေ့ကြည့် နေပြီးမှ ရေးကြီးသုတ်ပျာအသွင်နှင့် ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ရန်ရန်က ကွမ်းယာဆိုင်ဘက်သို့ မုန့်စားရင်း ပြန်လျှောက်လာ သည်။ ဂျန့်ကိုတွေ့တော့ ...

"ဟင် ... မမ ပြန်ရောက်ပြီလား။ ခုနက မမသူငယ်ချင်း ဦးကုလား နဲ့တွေ့ ..."

ဂျန်က ရန်ရန့်လက်ကို လှမ်းကိုင်လိုက်ပြီး ဆိုင်ကွယ်သို့ ဖျတ်ခနဲ ဆွဲခေါ်လိုက်၏။

"ရန်ရန် ... ဦးကုလားနဲ့ ... ဘယ်လိုတွေ့တာလဲ။ ရန်ရန် ဘာ တွေပြောလိုက်သေးလဲ"

ရန်ရန်က မျက်လုံးလေး အဝိုင်းသားဖြင့် ...

"သား .. နို့အေးချောင်းဝယ်နေတုန်း ဦးကုလားက သားနားရောက် လာတာ"

"အေး ... သူ ... ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားကို ဒီမှာ ဘာလာလုပ်နေတာလဲ။ သားတစ်ယောက်တည်း လား ... တဲ့၊ သားက ..."

"ရန်ရန်က ဘာပြောလိုက်လဲ"

ဂျန်က အလျင်စလို ဖြတ်မေးလိုက်မိ၏။

"သားက မမပါတယ်လို့။ သားတို့ မန္တလေးသွားမလို့လို့ ပြော လိုက်တယ်"

"ဟယ် ... သေပါတော့ ... ရန်ရန်ရယ်"

ဂျန် သူ့နဖူးသူ ရိုက်မိလေသည်။ ရန်ရန်မှာ နားမလည်သော မျက်လုံးလေးဖြင့် ဂျန့်ကို အပြုံးသားကြည့်၏။

"ဘာ ... ဘာဖြစ်လို့လဲဟင် ... မမ"

လန့်ဖျပ်ဟန်လေးနှင့် မေးလာသော ရန်ရန့်အား ကြည့်ကာ ဂျန် ခေါင်းယမ်းပြလိုက်ရင်း သက်ပြင်းမောတစ်ချက် မသိမသာ ရှိုက်သွင်းလိုက် မိသည်။ ရန်ရန့်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ဘာမှမဖြစ်ပါဘူး ... မောင်လေးရယ်။ ကဲ ... ကဲ ... ဦးကုလား နဲ့ ဘာတွေပြောလဲ ... မမကို အကုန်ပြောပြစမ်းပါဦး"

ရန်ရန်က ခေါင်းညိတ်ပြပြီး ...

"ဦးကုလားက မမကိုမေးတယ်။ သားက မမ သူ့သူငယ်ချင်းအိမ် ကို သွားတယ်လို့။ သားကို ကွမ်းယာဆိုင်က မညိုဆီမှာ ခဏထားခဲ့တာ လို့ ပြောလိုက်တယ်"

ကားထွက်ရန် အချိန်လိုသေးသဖြင့် ဂျန်က သူငယ်ချင်းတစ်ဦးအား ယခု နွေကျောင်းပိတ်ရက်အပြီး ကျောင်းများပြန်ဖွင့်လျှင် ရန်ရန့်အတွက် ကျောင်းမှ ကျောင်းထွက်လက်မှတ် သွားတောင်းပေးထားပါရန် သွားပြောရ ခဲ့ခြင်းဖြစ်သည်။ သူမပြန်လာသည်ကို ရန်ရန်မတွေ့လိုက်သဖြင့်သာ တော် တော့သည်။ နို့မို့ ရန်ရန်က မမဟိုမှာဆိုပြီး ကုလားကို ခေါ်လာပြပေလိမ့် မည်။ ဂျန် သက်ပြင်းရှိုက်လိုက်မိပြန်၏။

"အေး ... အဲဒီတော့ ... ဦးကုလားက ဘာပြောလဲ"

"သားတို့ ဘယ်ကားနဲ့ လိုက်မှာလဲလို့ မေးတယ်"





"ဘုရား ... ရန်ရန် ပြောလိုက်သေးလား"

အလန့်တကြားပုံစံနှင့် မေးလိုက်သော အစ်မဖြစ်သူကို ရန်ရန်က ဘာမသိဘာမသိ မျက်နှာငယ်လေးနှင့် မော့်ကြည့်ရင်း မဝံ့မရဲခေါင်း ညိတ် သည်။

"မမက ညနေလို့ပြောတယ်။ ဘယ်အချိန်လဲတော့ သားမသိဘူး လို့ ... ပြော ... ပြောလိုက်တယ် ... မမ"

စိတ်ပျက်လက်ပျက်ဟန်နှင့် မျက်မှောင်ကြီး ကျုံ့လိုက်မိသော ဂျန် ကို ရန်ရန်က မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်နေရှာသည်။

အေးလေ ... ရန်ရန်က ဘာမှမှ မသိရှာတာ။ ကလေးဆိုတော့ သိတာကို ရိုးရိုးပဲပြောမှာပေါ့။

ဂျန်က ရန်ရန့်ခေါင်းလေးကို ပွတ်လိုက်ပြီး ပြုံးပြလိုက်၏။

"ဘာမှမဖြစ်ဘူး ... မောင်လေး။ မမ ... ဟယ် ... ဒုက္ခပဲ"

ရန်ရန်နှင့် ပြောနေရင်းက ကားလမ်းဘက် မျက်စိရောက်သွားမိ သော ဂျန်မှာ ခပ်လှမ်းလှမ်းလမ်းပေါ်တွင် လျှောက်လာနေကြသော ကျော် သူတို့သုံးယောက်ကို တွေ့လိုက်ရ၍ လန့်အော်မိ၏။ ကုလားက ရေးကြီး သုတ်ပျာထွက်သွားကတည်းက ကျော်လူတို့ကို သွားပြောလိမ့်မည်ဆိုသည် ကို ဂျန် တွက်မိပါသည်။ ဤမျှမြန်ဆန်စွာ ရောက်လာလိမ့်မည်ဟုတော့ ထင် ထားမိ။ ကြည့်ရသည်မှာ လမ်းတွင် ဆုံလာကြပုံရသည်။

"မောင်လေး ... လာ ... လာ ..."

ဂျန်က ရန်ရန့်ကိုဆွဲကာ ညိုညို့ကွမ်းယာဆိုင်ရုံကလေးအတွင်းသို့ နောက်မှ ပတ်ဝင်လိုက်သည်။ ကွမ်းယာဆိုင်မှာ အပေါ်ဘက် လူထိုင်ရာ ကြမ်း ခင်းအောက်တွင် ပစ္စည်းထားရန် နေရာလွတ်ရှိ၏။ ဂျန်က ရန်ရန့်ကို အတွင်း သို့ ဝင်ခိုင်းလိုက်ပြီး တအံ့တသြလှည့်ကြည့်လာသော ညိုညို့အား ...

"ညိုညို ... ကျော်လူတို့လာမေးရင် ငါတို့ ကားလက်မှတ်မရလို့ စောစောကပဲ ပြန်သွားကြပြီလို့ ပြောပေးပါ။ ငါတို့ရှိတာ မသိပါစေနဲ့ ... နော် ... ညိုညို"



www.burmeseclassic.com

www.burmeseclassic.com



ဂျန်ပြောပြထားသဖြင့် ညိုညိုသည် ကျော်လူ့အား သိနေသော်လည်း ကျော်လူတို့ကမူ ညိုညို့အားမသိ။ ပြောပြောဆိုဆို ဂျန်ပါ နောက်ထ ပိတ်ပြီး ခုံအောက် ဝင်နေလိုက်၏။ နားမလည်ဟန်ကြည့်နေသော ရှ အား အသံမထွက်ရန် အချက်ပြကာ မောင်နှမနှစ်ယောက် ခုံအောက်တွ ငြိမ်နေလိုက်ကြသည်။ ခဏမျှအကြာတွင် ကျော်လူ့အသံ ကြားလိုက်ရ

"ဒီမှာ ... ညီမ ... ခုနက ရန်ရန်ဆိုတဲ့ ကလေးလေးရော"

"ဩော် ... ဟို ... သူ့အစ်မ လာခေါ်သွားပြီ"

"ဟင် ... သူတို့ မန္တလေးသွားမလို့ဆို"

ကုလားရဲ့ ဝင်ပြောလိုက်သံကို ကြားရသည်။

"ဟို ... ကားလက်မှတ်မရလို့ မလိုက်ဖြစ်ဘူးပြောတယ်။ စောကပဲ ပြန်သွားကြတယ်"

"ဩော် ... ဩော် ... ကျေးဇူးပဲညီမ။ ဒါထက် သူတို့ အိမ် သွားကြတာလား"

"ရှင် ... အဲ ... ဟုတ်မှာပေါ့။ သေချာတော့မသိဘူး။ ကျွန်မ ကားလက်မှတ်မရလို့ မလိုက်ဖြစ်တော့ဘူးပြောပြီး ထွက်သွားကြတာပဲ"

ကျော်လူတို့ ကွမ်းယာဆိုင်ဘေးတွင်ရပ်ပြီး တီးတိုးစကားပြော နေသံ ကြားရ၏။ အသံတိုးနေ၍ ဂျန် မကြားရ။ ခဏအကြာ ခြေသံများ တဖြည်းဖြည်း ဝေးသွားသည်။

"ဟဲ့ ... ဂျန် ... သူတို့သွားကြပြီ။ ထွက်ခဲ့တော့"

ညိုညိုက လှမ်းပြော၏။

"သွားတာ သေချာပြီလား ... ညိုညို။ သေချာကြည့်ပါဦး"

"သွားပါပြီ ... ဟာ။ ဟိုး ... လမ်းမပေါ် အဝေးကြီးရောက်သွားပြီ"

ဂျန်တို့ အပြင်ပြန်ထွက်လာတော့ ညိုညိုက နင်တို့ဘာဖြစ်လို့လဲ ဟုမေးသည်။ ဂျန်က ငါတို့ပြတ်သွားပြီ။ ငါသွားတာ သူမသိစေချင်လို့ဟု အလွယ်ဖြေရင်း နာရီကိုငုံ့ကြည့်လိုက်၏။ သုံးနာရီခွဲတော့မည်။





ဟင်း ... အချိန်ကလည်း ကုန်ခဲလိုက်တာ။ ဂျန်က ညိုညို့ဆိုင် ထက ခုံတွင်ပင် ထိုင်နေလိုက်၏။

"ဂျန် ..."

"အမလေး ..."

မိုးနေဦးအသံကို ရုတ်တရက် ကြားလိုက်ရ၍ ဂျန်လန့်ပြီး အော် လိုက်မိ၏။

"မမ ... ဘာဖြစ်လို့လဲ"

ဂျန်က ရန်ရန့်ကို ခေါင်းယမ်းပြလိုက်သည်။ မိုးနေဦး၏ ဖျော့ တော့တိုးညင်းသော လေသံက ဂျန့်နားထဲသို့ ပြတ်တောင်းပြတ်တောင်း တိုး င်လာနေ၏။

"ဂျန် ... ငါ့အတွက် ... နောက်ဆုံး မျှော်လင့်ချက်က ... နင် ရှိတော့ ... တာပါ ... ဂျန် ... ရယ် ... ငါ ... ငါ့အိမ်ကိုရော ... ငါ့ .. သူငယ်ချင်းတွေကိုရော ... နင့်လို ... ဆက်သွယ်လို့ မရဘူး ... ဂျန်း ဘာကြောင့်လဲ ငါမသိဘူး။ ငါပြော ... တာကို ... သူတို့က ... နင့်လို .. ကြားကြဘူး ...။

ဒါကြောင့် ... နင့်ကိုပဲ အကူအညီတောင်းနေရတာပါ ...။

ငါ .. ညထိတောင် ခံနိုင်တော့မယ် ... မထင်ဘူး ... ဂျန်။ ငါ့ အမေနဲ့ ... ငါ့အမေလည်း ... သေလား ... ရှင်လားမသိရတဲ့ ... သား အတွက် ... သောက ... တွေနဲ့ရှူးမတတ် ... ဖြစ် ... နေ .. ကြပါပြီ။

ငါ ... ငါ သေသွားရင် ... ငါ့ ... အမေ ... လည်း ..."

မိုးနေဦးအသံသည် သနားစဖွယ် တုန်ခါဆို့နင့်လျက် တိမ်ဝင် သွားလေသည်။

"ဟင် ... မမ ... ဘာလို့ ... ငိုနေတာလဲဟင်"

အစ်မကို တအံ့တဩ မော်ကြည့်ကာ မေးနေသော ရန်ရန့်အား လည်း ... ဂျန် ... ပြန်မဖြေနိုင်တော့။ ဂျန်သည် ... ဝမ်းပန်းတနည်း ရှိုက်ငိုမိလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"မိုးနေဦးဆိုတဲ့ ဇကောင်လေးကို တွေ့သွားပြီတဲ့။ ဆင်သေချောင်းထဲမှာ မျောပါလာတာ ... တဲ့"

"ကိုအောင်တင့်တို့ ညီအစ်ကိုတဲရှေ့က ချောင်းစပ်မှာ တင်နေတာလို့ ပြောတယ်။ အဲဒါ သူတို့ညီအစ်ကိုက တွေ့လို့ ဆင်းဆယ်ပြီး သူတို့နဲ့တဲ့ တပ်ထဲ သွားအကြောင်းကြားတော့ တပ်ကလိုက်လာပြီး ကောင်လေးကို ဆေးရုံပို့ပေးလိုက်ကြတာတဲ့။ ရဲကိုလည်း အကြောင်းကြားလိုက်သတဲ့"

"မှဲ့ ... ကောင်လေး အခြေအနေကရော၊ အသက်ရှိသေးသတဲ့လား"

"ကောင်လေးကိုတွေ့တော့ အသက်ငွေ့ငွေ့ပဲ ကျန်တော့တယ်တဲ့။ အခုလည်း ဆေးရုံမှာ အသက်လု ကုနေရတုန်းဆိုတာပဲ"

"မသေရင် ကံကောင်းဟာ။ ဒဏ်ရာတွေကလည်း ဗရပွဆိုကိုး။ ခေါင်းက ဒဏ်ရာရောဆိုတော့ သွေးထွက်လွန်နေလို့ သွေးနှစ်ပုလင်း ဆိုလား၊ သုံးပုလင်းဆိုလား ချက်ချင်းသွင်းရတာတဲ့"

"ချောင်းထဲ ဘယ်လိုကျပြီး ဘယ်လိုမျောလာတယ် မသိဘူး။ သူ့ကိုတွေ့တော့ အဖျားကြီးပြီး သတိလစ်နေတယ်ဆို"

"ခုလည်း ကောင်လေးအခြေအနေက စိတ်မချရသေးဘူးလို့ ကြားတယ်"





"အမယ် ... အောင်တင့်တို့ တွေ့ပုံကလည်း အဆန်းသားဟ။ သူတို့တဲကို ခဲပေါက်ခံရလို့ ဒီကောင်တွေက ထွက်ကြည့်တာမှာ ချောင်းစပ်တင်နေတဲ့ ကောင်လေးကို တွေ့သွားတာတဲ့။ ဘယ်သူ ခဲနဲ့ပေါက်မှန်း မသိဘူး။ ထွက်ကြည့်တော့လည်း ... ဘယ်သူ့မှမတွေ့ဘူး ... တဲ့။ သူတို့ထွက်မလာမချင်း၊ ခဲတစ်လုံးပြီးတစ်လုံး ... တဲခေါင်မိုးပေါ်ကျနေလို့ ... ထွက်ကြည့်ဖြစ်ရင်းက တွေ့ရတယ်လို့ ကြားတယ်"

"ကောင်လေးမှာ ဒဏ်ရာတွေက မကြည့်ရက်စရာပေမဲ့ အသက်ရှိသေးတဲ့ ပြန်တွေ့ကြရလို့ ကောင်လေး မိဘဆွေမျိုးတွေရော၊ ကောင်လေး သူငယ်ချင်းတွေရော ... ဝမ်းနည်းဝမ်းသာနဲ့ ငိုလိုက်ကြတာ။ လိုက်ပို့တုန်း ပါသွားတဲ့ အောင်တင့်တို့တောင် မျက်ရည်ဝဲရဆိုပဲ"

"တို့နယ်လည်း ဘယ်လိုဖြစ်တယ်မသိဘူး။ ကြားလိုက်ရ အထူးအဆန်းတွေချည်းဟာ။ ကောင်လေးကိုတွေ့တဲ့နေ့ အဲဒီညနေကပဲ ကောင်မလေးတစ်ယောက်လည်း ချောင်းကူးတံတားဟောင်းနားမှာ ဓားထိုးခံရလို့ ဆေးရုံရောက်ရောဆိုပါလား။ ဘယ်လိုဖြစ်ကြတယ်မသိဘူး"

"အဲဒီကောင်မလေးကို ကျွန်မသိတယ်၊ 'ဂျွန်' ဆိုတဲ့ ကောင်မလေး။ သူတို့အိမ်က မြို့ထဲမှာ ထမင်းဆိုင်ဖွင့်ထားတာ။ ဆိုင်အတွက် အသီးအရွက်တွေ ကျွန်မတို့စိုက်ခင်းက လာလာဝယ်ရင်း ခင်နေကြတာလေ။ သနားပါတယ် ... ကောင်မလေးက မိဘမဲ့လေး။ သူပြောဖူးတာတော့ သူ့မိဘတွေက သူငယ်ငယ်ထဲက ကားမှောက်လို့ ဆုံးသွားတာတဲ့။ သူ့ဦးလေးသင်မယားနဲ့ နေရတယ် ပြောတယ်။

သူ့မှာ မောင်လေးတစ်ယောက်လည်းရှိတယ် ... တဲ့။ ကောင်မလေးက ယောက်ျားရှာလေးလို့ ခေါင်းတည်မောင်းတည် ဂျစ်တစ်တစ် ပုံစံလေးပေမဲ့ ... ပေါင်းကြည့်တော့ စိတ်ကလေးက ကောင်းရှာသား။ သူ ... စိုက်ခင်းထဲ ဈေးလာဝယ်ရင် လုပ်စရာရှိတာ ကျွန်မကို ဝိုင်းကူလုပ်သွားပေးသေးတာ"

"ဟဲ့ . . . ကောင်မလေးဆိုလို့ ငါ မနက်က မြို့ကို ဈေးသွားရော
တုန်းက ကြားခဲ့တာ ပြောရဦးမယ်။ ကောင်မလေးကို ဓားနဲ့ထိုးတာ သူ
ရည်းစားတဲ့တော့"

"ဟယ် . . ဟုတ်လား . . . ကောင်မလေး ရည်းစားတဲ့လား"

"အေး . . . ဘာက ဘယ်လိုဖြစ်ကြတယ်တော့ မသိဘူး။ ကောင်မလေးနဲ့ သူ့ရည်းစား၊ ချောင်းကူးတံတားနားမှာ စကားများကြတာတဲ့။ ရည်းစားနဲ့ပါလာတဲ့ နှစ်ယောက်က ဝိုင်းချုပ်ပေးပြီး သူ့ရည်းစားကောင်က နိုက်နက်ထိုးကြိတ်ရင်း ဓားနဲ့ ထိုးလိုက်တာဆိုပဲ။

မြို့ကနေ ရွာပြန်လာတဲ့ ဦးချစ်တို့တွေနဲ့တိုးလို့ ဝိုင်းအော်ပြေး ကြရတာတဲ့။ ဟိုကောင်တွေက ထွက်ပြေးတာ . . . ဦးချစ်တို့ကလည်း အ ကတောင့်တောင့်နဲ့ ဝိုင်းဖမ်းကြတော့ နှစ်ယောက်မိတယ်တဲ့။ ကုလား ယောက် လွတ်သွားတာလည်း . . . နောက် . . . မိတယ်ကြားတယ်"

"ကောင်မလေးရော . . . အခြေအနေ ဘယ်လိုတဲ့လဲ"

"ကောင်မလေးလား . . . ခုထိ သတိမရသေးဘူးဆိုတာပဲ။ သေ လား ရှင်လား မသိခဲ့ရဘူး။ ဆေးရုံမှာလို့မဲ ကြားခဲ့တာ"

"တို့နယ်မှာ . . . အရင်က ဒီလိုရာဇဝတ်မှုတွေ မရှိဖူးပါဘူး မိုးနေဦးဆိုတဲ့ကောင်လေး ပျောက်သွားတော့ အထူးအဆန်းကိုဖြစ်လို့ နယ်လုံး ဟိုးဟိုးကျော်ပါရော။ ခုလည်း . . . ဓားထိုးမှု ဖြစ်ပြန်သတဲ့ . . . မကြုံဖူးတာတွေ"

"ဓားထိုးတဲ့ကောင်တွေအုပ်စုက ဒီနယ်သားတွေ မဟုတ်ဘူး တခြားက ပြောင်းလာတာတွေတဲ့။ အရင်ကလည်း လိမ်လည်မှုနဲ့ ထောင်ကျ ဖူးဆိုပဲ။ ရာဇဝိမ်မှုးတို့ ပြောနေကြတာ ကြားခဲ့တယ်"

" . . . . . . . . . ."

" . . . . . . . . . ."

❁ ❁ ❁

[ ၁၄ ]

❑

အဲဒါ . . . .

ကျွန်တော့် မပြောလို့မဖြစ်တဲ့ . . . ပြောမှ . . . ဖြစ်မယ့် . . .

ထူးပြီး ဆန်းတယ်ဆိုတဲ့ . . . ကျွန်တော့်သူငယ်ချင်း 'ကြံဖန်' ရဲ့ အကြောင်းပါပဲပျား။ ပြောပြခဲ့တဲ့ အတိုင်းပါပဲ။

ကြံဖန့်ကို ပြန်တွေ့ပြီး ဆေးရုံရောက်လာတော့ အသက်မြော မြော့ပဲ ရှိတော့တဲ့ သူ့ကို၊ ဆရာဝန်တွေက မနည်း အသက်လု ကယ်ခဲ့ကြ ရပါတယ်။

ခု . . . ကျွန်တော်ပြောခဲ့တဲ့ ကြံဖန့်ဇာတ်ကြောင်းဟာ . . . ကိစ္စ တွေ ပြီးဆုံးသွားပြီး နောက်ပိုင်းမှာ ကြံဖန်ပြောပြသမျှကို ကျွန်တော်က ပြန် ပြောပြတာပါ။

ကျွန်တော်တို့မြို့လေးရဲ့တောင်ဘက် မြို့ကြီးဖြစ်တဲ့ . . . မြို့က ဆေး ရုံနဲ့ဂိုဏ်းကိုလည်း ကျွန်တော်တို့မြို့လေးမှာ ဖြစ်ခဲ့တဲ့ ကြံဖန့်ကိစ္စကစပြီး ပေါ် ပေါက်ဖမ်းမိခဲ့ပါတယ်။

ကြံဖန်က သူ့အဖြစ်ကို ကျွန်တော်တစ်ယောက်တည်းကိုပဲ ပြော ပြခဲ့တာ။ သူ့အဖြစ်က ဆန်းကြယ်လွန်းတော့ ယုံဖို့ခက်ပေမဲ့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်သူငယ်ချင်းကို ယုံကြည်စွာနဲ့ လက်ခံပါတယ်။ ကျွန်တော် ကိုယ်တိုင်တောင် ကြဲဖန်နဲ့ပတ်သက်ပြီး ထူးထူးဆန်းဆန်းတွေ ကြုံခဲ့ရတာ မို့လား။

ဖြစ်ခဲ့တဲ့အတိတ်နဲ့ လက်ရှိပစ္စုပ္ပန်ကို ဆက်စပ်ပေးဖို့ သိသင့်တဲ့ အချက်တချို့ ကျန်နေတာကို ကျွန်တော် ထပ်ပြောပြရမယ်ဆိုရင် …

✿ ✿ ✿

□

ဆေးရုံရောက်ပြီး နောက်တစ်နေ့ ညပိုင်းလောက်ကျမှ ကြဲဖန် တစ်ယောက် သတိပြန်လည်လာခဲ့တယ်။ သေတွင်းက လွတ်ခဲ့တယ်ဆိုပါ တော့။

သူ့ကို စိုးရိမ်တကြီး စောင့်ကြည့်နေရတဲ့ သူ့မိသားစုရော၊ ကျွန် တော်တို့ရော … အဲဒီကျမှ အသက်ဝဝ ရှူနိုင်ကြပါတယ်။

သတိရလာပြီဆိုပေမဲ့လည်း အားနည်းနေသေးတာမို့ ခဏ ကြည့် ခွင့်၊ တွေ့ခွင့်ပေးပြီး သူ့ကို အရေးပေါ်ခန်းမှာပဲ ဆက်ထားရပါတယ်။

အဲဒီမှာ … ကြဲဖန်က ဆရာဝန်နဲ့ သူနာပြုတွေကို မေတ္တာရပ်ခံပြီး တွေ့ခွင့်ပေးဖို့ ခေါ်ခိုင်းတဲ့သူက ကျွန်တော် လင်းဆက်အောင်ကိုပါတဲ့။

ကျွန်တော်လည်း အံ့သြဝမ်းသာဖြစ်ပြီး ကြဲဖန့် အရေးပေါ်ခန်းထဲ ဝင်သွားတယ်။ အဲဒီမှာ ကြဲဖန်က … ကျွန်တော် ကိုးဝ အံ့အားသင့်သွား စေတဲ့ စကားကို ပြောတယ်ဗျာ။





"ဓားထိုးခံရတဲ့ ဂျန့်ကိုထားတဲ့အခန်းဆီ သူ့ကိုပို့ပေးပါ" တဲ့လေ။

အခုမှ ဒေသလုမြောပါးဖြစ်ရာက သတိပြန်ရလာတဲ့သူက … ဂျန် ဓားထိုးခံရတာကို ဘယ်လိုသိလဲ။ ဂျန် ဆေးရုံရောက်နေတာရော ဘယ်လို သိလဲလို့ ကျွန်တော် အံ့သြရတော့တာပေါ့။

ကြဲဖန်က ကျွန်တော့်ကို ဂျန့်ဆီသွားဖို့အတွက် ဆရာဝန်တွေ၊ သူနာပြုတွေဆီ ခွင့်တောင်းပေးဖို့နဲ့ ဂျန့်အခန်းကို လိုက်ပို့ပေးဖို့ တွင်တွင် တောင်းဆိုနေပါရော။

ဂျန်နဲ့ ကြဲဖန်က သိတဲ့အတိုင်း ခင်မင်ကြသည်လည်းမဟုတ်။ ပြော ရမယ်ဆိုရင် တစ်ယောက်ကိုတစ်ယောက် သိပ်လည်းကြည့်ရကြတာ မဟုတ် ဘဲတာကို။ အခုမှ သတိရလာခါစ အားတောင်မပြည့်သေးတဲ့ လူမမာက အရေးတကြီးတောင်းဆိုတဲ့အကြောင်းဟာ ဂျန့်ကိုသွားတွေ့ချင်လို့ … တဲ့။

ဘာက ဘယ်လိုဖြစ်တယ်တော့ မသိဘူး။ ကြဲဖန်ကတော့ အချိန် မရှိတော့ဘူး အခုသွားမှဖြစ်မယ်။ သူ့ကို အခုပဲပို့ပေးပါချည်း အသည်း အသန်ကို ပြောနေတော့တာ။ ဘာဖြစ်လို့လဲ ကျွန်တော်မေးတော့ နောက်မှ ပြောပြမယ်။ အခုချက်ချင်း ဂျန့်ဆီရောက်မှ ဖြစ်မယ်ဆိုပြီး …

ဒါနဲ့ … မတတ်သာဘဲ ဆရာဝန်ကို ကျွန်တော် သွားပြောရတော့ တယ်။ ဘာအကြောင်းမှန်းမသိပေမဲ့ ကြဲဖန့်အခြေအနေက အားနည်းနေသေး တာရယ်၊ ဒဏ်ရာတွေ မကျက်သေးတာရယ်ကလွဲရင် အသက်အန္တရာယ် ဖြစ်နိုင်တော့တာမို့ သိပ်လှုပ်လှုပ်ရှားရှားမလုပ်ဖို့မှာပြီး ဆရာဝန်က သူနာပြု တိုပါ ထည့်ပေးပြီး ဂျန့်အခန်းကို တွန်းလှည်းနဲ့ လိုက်ပို့စေပါတယ်။

ဂျန် ဓားထိုးခံရပြီး ဆေးရုံရောက်လာတဲ့သတင်းကို ကျွန်တော်တို့ လည်း ကြားခဲ့ပြီးပါပြီ။ ဂင်ချီတို့နဲ့ ပြဿနာဖြစ်လာတာ၊ ကျော်လူက ဓား နဲ့ထိုးတာဆိုတဲ့ အုတ်အော်သောင်းတင်းသတင်းတွေက ရိုးရှင်းတဲ့ ကျွန်တော် တို့မြို့လေးမှာ ကြဲဖန့်သတင်းနဲ့အပြိုင် ပျံ့လေးတကျော်ပါပဲ။

အဲဒီတုန်းက ကြဲဖန်ကလည်း အရေးပေါ်အခြေအနေဆိုတော့ ကျွန် တော်တို့က ဂျန့်သတင်းကိုကြားပေမဲ့ ဆက်လည်း မဆက်စပ်မိခဲ့အပြင် ကြဲဖန့်ကို ပူပန်နေရတာနဲ့ပဲ ဂျန့်အကြောင်း အာရုံမစိုက်နိုင်ခဲ့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဂျန်ကလည်း ကြဲဖန့်လိုပဲ အရေးပေါ်အခြေအနေပါ။ ဒါ့ပြင် ဂျန်ကတော့ ခုထိ သတိမရသေးပါဘူး။ သေလောက်တဲ့ ဓားဒဏ်ရာကြီးတွေ နှစ်ချက်သုံးချက် ရခဲ့တယ်ဆိုတာပဲ။ ခုထိ … အရေးပေါ်ခန်းမှာ ဒရစ်တစ်လန်။ စက်တွေတန်းလန်းနဲ့ စောင့်ကြည့်နေရတုန်းပဲတဲ့။

ဂျန့်ကိုထားတဲ့ အခန်းရောက်တော့ ကြဲဖန်က သူနာပြုကို အပြင်မှာနေပေးဖို့ ပြောပြီး ကျွန်တော့်ကိုပဲ အထဲကို တွန်းလှည်း တွန်းခိုင်းတယ်။ ဂျန့်အခန်းထဲက ဆရာမကိုလည်း အပြင်ခဏထွက်ပေးဖို့ တောင်းပန်တယ်။

ထူးထွေတည့် … အံ့ရာသော် … ပဲဗျာ။

သူ့တွန်းလှည်းကို ဂျန့်ခုတင်နဲ့ ကပ်ခိုင်းထားပြီး ခုတင်ပေါ်မှာ မှေး ပြောနေဆဲ ဂျန့်ကို တွေတွေကြီးကြည့်လို့ ကြဲဖန် မျက်ရည်တွေ တပေါက်ပေါက် ကျလာတာ။

ကြဲဖန်က ခေါင်းမှာ ဒဏ်ရာနဲ့မို့ သူ့တွန်းလှည်းက ခေါင်းရင်းပိုင်း မြှင့်ထားတာဆိုတော့ ခုတင်ချင်းကပ်လိုက်တဲ့အခါ ဂျန့်ကို ကြဲဖန်က အပေါ်က မြင်နေရတယ်။

ကြဲဖန်က ရှိုက်သံတွေဘာတွေ ထွက်တဲ့အထိ ဝမ်းပန်းတနည်းငိုနေတာကို မြင်ရတဲ့ကျွန်တော် အံ့ဩလွန်းလို့ စကားတောင် မပြောနိုင်ဘဲ သူတို့ကို အငေးသား ကြည့်နေမိတော့တယ်။

"ဂျန် … နင်ပြောတာတွေ … ငါ … အကုန်ကြားပါတယ်"

ဟင် … ဂျန်က … သတိမေ့နေတဲ့ ဂျန်က … ကြဲဖန့်ကို ဘာတွေပြောလို့ ကြဲဖန်က ဘာတွေကြားတာလဲ။ ကျွန်တော့်မှာ အံ့ဩပြီးရင်း အံ့ဩရင်းပဲ …

"နင့်အဖြစ်ကို ငါမြင်နေရလျက်နဲ့ နင့်ကို ငါ မကယ်နိုင်ခဲ့ဘူး။ နင်ကတော့ … နင့်အသက်နဲ့ရင်းပြီး … ငါ့ကို ကယ်သွားတယ်နော်။

ကျေး … ကျေးဇူး … တင်ပါတယ် … ဂျန် …။

ရင်ထဲက တနင့်တနဲ့ ကျေးဇူးတင်ပါတယ် … ဆိုတဲ့ စကားကလွဲပြီး … ငါ …"





ဂျန့်လက်ကို ဆုပ်ကိုင်ထားရင်းက ကြဲဖန် သည်းသည်းထန်ထန် ငိုတယ်။

ဂျန့်အဖြစ်ကို ကြဲဖန်က မြင်ရတယ်ဆိုပဲ … ကိုယ်တောင် သေငယ် ဇောနဲ့ ပြောနေတဲ့လူကလေ …။

"နင် … စိတ်ချပါ … ဂျန်။ နင့်မောင်လေး ရန်ရန်ကို ငါ့ တစ်သက်လုံး … ငါ့ညီလေးတစ်ယောက်လို စောင့်ရှောက်သွားမှာမို့ နင် စိတ် … ဖြောင့်ဖြောင့် … နဲ့သာ …"

ကျွန်တော်တော့ ကြဲဖန်ပြောနေတာတွေ ဘာတစ်ခုမှ နားမလည် ပါဘူး။

သူပြောနေပုံကလည်း ဂျန်နဲ့ တစ်ယောက်တစ်ခွန်း အပြန်အလှန် ပြောနေပုံနဲ့ပါ။

ကျွန်တော့်အမြင်မှာတော့ ဂျန်က ခုတင်ပေါ်မှာ မလှုပ်မယှက်လေး ရှိနေတာပဲ။ ကြဲဖန်ကတော့ ဂျန်ပြောတာ နားထောင်နေပုံနဲ့ ခေါင်းငြိမ့်နေလိုက်၊ သူက ပြန်ပြောလိုက်နဲ့ ဆို့နင့်တုန်ခါတဲ့အသံနဲ့ လေးလေးနက်နက်ကို ပြောနေတာပါ။

"ဂျန် … ဖြစ်လေရာ ဘဝတိုင်းမှာ … နင် … ဒီလိုအဖြစ်ဆိုးမျိုး ထပ်မကြုံရစေဖို့ … ငါ … ဆုတောင်း … ပါတယ် … ဂျန်။ ငါ့အသက်ကို နင်ကယ်ခဲ့တဲ့ … ကုသိုလ်နဲ့ … နင် … ကောင်းကျိုးတွေ ခံစားရမှာပါ"

နင့်အတွက် … ငါ … ကုသိုလ်ကောင်းမှုတွေ လုပ်ရင်း … အမြဲ အမျှဝေပေးနေမယ် … နင်ရောက်ရာ … ဘုံဘဝက … သာဓု ခေါ် … ဂျန် … ဂျန် … ဂျန် …"

"တီ … တီ … တီ … တီ …"

ကြဲဖန်က ဂျန့်ကို ကျေးအော်ခေါ်နေချိန်မှာပဲ ဂျန်နဲ့ ချိတ်ဆက်ထားတဲ့ နှလုံးခုန်စက်ဆီက ရုတ်တရက် တတီတီမြည်လာပြီး 'တီ' သံရှည်ကြီးသံ ပေါ်လာတယ်။ စက်က လူနာရဲ့ နှလုံးခုန်အခြေအနေပြမျဉ်းဟာ လှိုင်းတွန့်မညီမညာတွေ ပြနေရာက မျဉ်းဖြောင့်တစ်ပြေးတည်း ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြဖန်နဲ့ကျွန်တော် အော်ခေါ်လို့ ဆရာဝန်၊ ဆရာမတွေ ပြေးလာ ချိန်မှာတော့ ...

ဒီလိုနဲ့ ... ဂျန်တစ်ယောက် သတိပြန်လည်မလာတော့ဘဲ သေဆုံး သွားခဲ့ရှာပါတယ်။

ဒီနောက်ပိုင်းမှာမှ အဲဒီတုန်းက ကျွန်တော် နားမလည်ခဲ့တဲ့ ဇာတ တွေကို ကြဖန် ကျွန်တော့်ကို ပြောပြတာက ...

✿ ✿ ✿

ဖြစ်တည်မှု၏နိဂုံး

❑

"ငါ့မှာ ... သေလုမြောပါး အခြေအနေပေါ့ ... လင်းဆက်။ ဂျန် ကို ... ငါ ... . တစ်လျှောက်လုံး အကူအညီတောင်းခဲ့ပေမဲ့ ဂျန်က ... ငါ့ ကို လျစ်လျူရှုခဲ့တော့ ... ငါ ... သေရတော့မယ်ပဲ တွက်ခဲ့တာ။ သေမင်း ရန်က ငါ့နားမှာ လှိုင်နေပြီလေ။

ငါ ... အားလည်း မရှိတော့ဘူး။ ဂျန့်ကို အကူအညီတောင်းလို့ မရ တော့ ငါ့အိမ်ကိုရော၊ မင်းတို့ကိုရော ... ငါဆက်သွယ်ဖို့ ထပ်ကြိုးစားခဲ့ တယ်။ ဒါပေမဲ့ ... ဘယ်လိုမှမရဘူး။ ငါ့မှာ ဟိုရောက်ဒီရောက်နဲ့ ဗျာများ နေတော့တာပေါ့။

နောက်ဆုံး ... စိတ်ဓာတ်ကျကျနဲ့ပဲ ငါ့ခန္ဓာဆီ ပြန်ရောက်လာခဲ့ တယ်"





ကျွန်တော့်မှာ ကြဖန်ပြောပြတာတွေကို နားထောင်ရင်း တအံ့တဩ ဖြစ်နေမိတော့တယ်။ ကြဖန်က ဆက်ပြောပြပါတယ်။

"အဲဒီအချိန်မှာ ဂျန် ... ငါ့ဆီရောက်လာခဲ့တယ် ... လင်းဆက်။ ဒါ ဘယ်လိုဝမ်းသာမိလည်း မပြောတတ်အောင်ပါပဲ။

ဂျန်က ချောင်းထဲကို ခက်ခက်ခဲခဲဆင်းပြီး သစ်မြစ်တွေကြားညပ် နေတဲ့ ငါ့ကိုယ်ကို ဆွဲထုတ်တယ်။ ကမ်းစပ်ကိုဆွဲတင်ပြီး ငါ့ကို သယ်မ,သွား ဖို့ သူကြိုးစားပေမဲ့ သူက မိန်းကလေးဖြစ်တဲ့အပြင် ချောင်းကမ်းပါးစောက် တဲ့ သူ ... ငါ့ကိုယ်ကြီးကိုသယ်ပြီး ဘယ်လိုမှ တက်လို့မနိုင်ဘူးလေ။

ဒါနဲ့ .... သူက ငါ့ကို ရေစပ်ကို ပြန်ဆွဲချတယ်။ သူလည်း ရေ ထဲဆင်းပြီး ရေထဲကနေ ချောင်းရိုးအတိုင်း ရေအားနဲ့ ငါ့ကို အောက်ဘက် ဆွဲယူသွားတော့တာပဲ။

အတော်ဝေးဝေးရောက်တော့ ချောင်းကမ်းပါးနားမှာ ဆောက်ထား တဲ့ တဲအိမ်တစ်လုံးနားအရောက်မှာ ငါ့ကို ကမ်းစပ်ပေါ်တင်ထားခဲ့ပြီး ဂျန် က ကမ်းပါးပေါ်တက်သွားတယ်။ အနီးနားချုံပုတ်တစ်ခုထဲ ဝင်ပုန်းပြီး တဲ ခေါင်မိုးကို ခဲနဲ့ပေါက်တယ်လေ"

ဪ ... ကြဖန့်ကို တွေ့တယ်ဆိုတဲ့ ကိုအောင်တင့်တို့ညီအစ်ကို ဆဲဆိုတာဖြစ်မယ်လို့ ကျွန်တော် တွေးမိတယ်။

"ဂျန်က ခဲနဲ့ဆက်တိုက်ပေါက်နေတော့ ဘယ်သူ ခဲနဲ့ပေါက်နေ တာလဲဆိုပြီး တဲထဲကလူတွေ ထွက်ကြည့်ကြရင်းက ချောင်းစပ်မှာတင်နေ တဲ့ ငါ့ကို တွေ့သွားကြတာ"

"ဂျန်က ဘာလို့ သူကိုယ်တိုင် မင်းကို ဆေးရုံမပို့တာလဲ"

"အင်း ... ဂျန်က ငါ့ကို လူတွေတွေ့အောင် လုပ်ပေးခဲ့တာ။ သူ ကတော့ အစီအစဉ်အတိုင်း ကားအမြန်ပြန်ပြီး မန္တလေးသွားဖို့ ရည်ရွယ်ထား ခဲ့ရပါတယ်။ ကျော်လူ့ရန်ကလည်း လွတ်ချင်တာကိုး ...။

နောက်ပြီး ... သူ့မှာ ငါ့ကိုကယ်တာ လူတွေ့လို့လည်း မဖြစ်ဘူး လေ။ ငါဖြစ်ရတဲ့ ကိစ္စထဲမှာ သူလည်း ပါနေတာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခေါင်းညိတ်မိတယ်။ ကြဖန်က ဆက်ပြောပြန်ပါတယ်

"ငါက ... ငါဖြစ်နေတဲ့အခြေအနေတွေ ဂျန့်ကို ပြောပြနေ စိတ်ကောင်းရှိသူမို့ ဘယ်လိုပဲဥပေက္ခာပြုဖို့ သူကြိုးစားပေမဲ့ တကယ် သူ မနေနိုင်ခဲ့ဘူး။ သူ့မောင်လေးကို ကွမ်းယာဆိုင်က သူ့သူငယ်ချင်းဆီ အပ်၊ ကျော်လူတို့လာရင်လည်း ဂုက်ထားပေးဖို့မှာပြီး ကားမထွက်ခင် ဂျန် ပြေးလာတာ။ ငါ့ကို လူတွေ့သွားပြီဆိုမှ သူက ကားဂိတ်ကိုပြန်လာတာ"

"ဩော် ... ဒါဆို ... မင်းကိုကယ်ပြီး ဂျန်ကားဂိတ်အပြန် မှ ..."

"အေး ... ဟုတ်တယ်။ ဂျန်အပြန်မှာ ချောင်းကူးတံတားပေါ် နားအရောက် ဂျန် ဒီဘက်ထွက်သွားတာ မြင်လိုက်တဲ့ ကျော်လူ့အ အသင်းတစ်ယောက်က ပြောပြလို့ ဂျန့်ကိုရှာနေကြတဲ့ ကျော်လူတို့ သိ ပြီး နောက်တလိုက်လာရင်း တံတားမှာ တွေ့ကြတာ"

"ဂျန်က ချောင်းထဲဆင်းပြီး ငါ့ကိုဆယ်ထားရတာမို့ ရေတွေ လည်း စိုနေတာကိုး။ သူ့မောင်ကိုပါ ခေါ်ပြီး မန္တလေးလစ်မလို့လည်း ခဲ့တာဆိုတော့ ငါ့ကို ချောင်းထဲပစ်ထားတာ ဂျန် သိသွားပြီဆိုတာကို လူက ရိပ်မိသွားတယ်။

ဒါနဲ့ ဂျန့်ကို ကျော်လူက ဒီကိုဘာလာလုပ်တာလဲ စစ်မေး ဂျန်က ခုလေးတင် ငါ့ကိုဆယ်တင်ခဲ့တာ ငါမသေသေးတာတွေ ကျော် သိသွားရင် ငါ့ကို သူတို့ ထပ်အန္တရာယ်ပြုမှာလည်း စိုးရိမ်တော့ ဘယ် မေးမေး မပြောဘူး။

ကျော်လူက သူ့တပည့်တစ်ယောက်ကို ချောင်းရိုးအတိုင်း လိုက် ကြည့်ခိုင်းတယ်။ အဲဒီမှာ ငါ့ကို လူတွေတွေ့သွားကြပြီဆိုတာ ကြားခဲ့ရ ကျော်လူပါ သိသွားပြီး ဂျန့်ကိုရိုက်တယ်"

ကြဖန့်အသံက တိမ်ဝင်သွားတယ်။ သူ အတော်စိတ်မကောင်း ဖြစ်နေပုံရပါတယ်။



"ငါ ... ငါ ... လေ .. ကျော်လူက ဂျန့်ကို နှိပ်စက်နေတာ နေရပေမဲ့ ငါ ... ဘယ်လိုမှ မတတ်နိုင်ခဲ့ဘူး။ ဒီအတိုင်း ... ကြည့် ... ကြည့်နေခဲ့ရတယ် ... လင်းဆက်"

ကြဖန် မျက်ရည် ဝိုင်းနေရှာပါတယ်။ သူ့ခံစားချက်ကို ကိုယ်ချင်း သိသလို ကျွန်တော်ပါ စိတ်မကောင်းဖြစ်မိတယ်။

"ဂျန်က ... မင်းသိတဲ့အတိုင်း ဒေါသအိုးလေးလေ ...။ သူ့ကို နှက်ပြီး စစ်မေးနေတဲ့ ကျော်လူ့ကို သူ ဒေါကန်လာတယ်။ အဲဒီမှာ ဂျန် ကျော်လူ စကားတွေများရင်းက ကျော်လူတို့ သူ့ကို အသုံးချတာတွေ၊ ငါ့ကို သေသေးဘဲ သေပြီပြောပြီး သူ ခုတုံးလုပ်ခံရတာတွေ ပေါက်ကွဲပြောမိ သွားပြီး ကျော်လူတို့ ဆေးကယ်ရီကိစ္စတွေပါ အကုန် ပါကုန်တော့တာပဲ။

တကယ်တော့ ကျော်လူတို့က အိုးမလုံအုံပွင့် ငါမြင်သွားတယ် ဆိုပြီး ငါ့ကို စိုးရိမ်နေကြပေမဲ့ ငါက ငါ့အာရုံနဲ့ငါ အမှတ်တမဲ့ပါပဲ။ သူတို့ ဆေးလက်လွှဲတဲ့ကိစ္စ မြင်ရုံသာမြင်ပြီး ငါ့ခေါင်းထဲ ရောက်မသွားခဲ့ပါဘူး။ ခု ကိစ္စတွေဖြစ်ပြီးမှသာ ငါပြန်စဉ်းစားမိပြီး ရဲကို သက်သေခံနိုင်ခဲ့တာပါ"

ကြဖန်က သက်ပြင်းကြီး ဟင်းခနဲချလိုက်ရင်း ...

"အတိုချုံး ပြောရရင်တော့ကွာ ... သူတို့အကြောင်းသိသွားတဲ့ ဂျန့်ကို ကျော်လူက နောက်ဆုံး နှုတ်ပိတ်လိုက်တာပဲပေါ့။ ကျန်တာတော့ မင်းသိတဲ့အတိုင်းပဲ။ ကျော်လူက ဂျန့်ကို ဓားနဲ့ထိုးနေတဲ့အချိန်မှာ အရေး ကြီးကိစ္စရှိလို့ ဖြတ်လမ်းတံတားဟောင်းဘက်က ပြန်လာကြတဲ့ ရွာသား တွေနဲ့ မမျှော်လင့်ပဲတိုးပြီး ကျော်လူတို့လည်း အဖမ်းခံရ၊ ဂျန်လည်း ဆေးရုံ ရောက်သွားတာပဲ"

ကျွန်တော်လည်း အဲဒီကျမှ ဇာတ်ကြောင်းကို ရေလည်တော့တာ ပါ။ ဒါပေမဲ့ ကျွန်တော်နားမလည်တဲ့ ထူးထူးဆန်းဆန်းအကြောင်းတွေ ရှိ နေသေးတယ်လေ။

"အေးကွာ ... မင်းပြောပြလို့ အတော်တော့ ဇာတ်ရည်လည်သွား ပါပြီ။ ဒါပေမဲ့ ... ကြဖန် ... မင်းပြောသလိုဆို ဂျန်ရဲ့အဖြစ်အပျက်တွေကို

www.burmeseclassic.com



မင်းက သတိလစ်မေ့မြောနေတုန်း ဟို မင်းရဲ့ဝိညာဉ်က၊ မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ မသိဘူး။ အဲ ... မင်းရဲ့နာမ် မြင်နေရတာပေါ့နော်"

ကြဲဖန်က ခေါင်းညိတ်တယ်။

"ဟုတ်တယ် ... အဲလို ငါမြင်နေရလို့ ငါသိတာပေါ့။ ဂျန်နီ ဓားထိုးခံရတာတွေ၊ ဂျန်ဆေးရုံမှာ ရောက်နေတာတွေ၊ ငါ့ကို ဘယ်သူမှ မပြောပြဘဲနဲ့ ငါသိနှင့်နေတာပေါ့။

နောက်ပြီး ... ဂျန်ကလည်း သတိလစ်မေ့မြောနေတုန်း ငါ့လို သူ့နာမ်က ငါ့ကို လာပြောပြခဲ့တယ်လေ။ သူ့မောင်လေးကို သူ စိတ်မချဘူး"

ကြဲဖန့်အသံက ဝမ်းနည်းသံ ပါလာပြန်ပါတယ်။

"ဂျန်က ... သူ့မောင်လေးကို ကားဂိတ်က ကွမ်းယာဆိုင်မှာ အပ်ခဲ့တာ။ ဂျန် ဓားထိုးခံရပြီး ဆေးရုံရောက်တဲ့သတင်းက မြို့လေးမှာ ချက်ချင်း ပြန့်သွားတော့ သူ့သူငယ်ချင်းလည်း သိပြီး ကလေးကို ဂျန့်ဦးလေးအိမ်ပို့ပေးရင်း အကျိုးအကြောင်း ပြောပြတယ်။

ငါပြောနေတုန်းအချိန်က ဂျန့်နောက် တကောက်ကောက် လိုက်နေရတာဆိုတော့ ဂျန့်အိမ်အခြေအနေနဲ့ ဂျန့်ဘဝကို ငါ သိခဲ့မြင်ခဲ့ရတယ် ... လင်းဆက်။

ဂျန်က သူ့မောင်လေးကို စောင့်ရှောက်ပေးဖို့ ငါ့ကို မှာရှာတယ်။ ငါ့အသက်ကို ကယ်ခဲ့တဲ့ဂျန့်ကို ကျေးဇူးဆပ်ချင်တာရော၊ မိဘမဲ့ရတဲ့အထဲ အစ်မပါမဲ့ရတဲ့ ရန်ရန့်ဘဝကို စာနာတာကြောင့်ရော၊ မေမေတို့ကို ပြောပြီး ရန်ရန့်ကို ငါ ညီလေးအဖြစ် ခေါ်မွေးစားလိုက်တာပဲ"

ကြဲဖန်က အဝေးကိုငေးကြည့်ရင်း ဆက်ပြောပါတယ်။

"ဂျန်က သနားစရာပါကွာ။ မိဘတွေမရှိကြတော့ဘဲ ဦးလေးမိန်းမဖြစ်သူရဲ့ ဖိနှိပ်ခံရတာ၊ မိဘအမွေတွေ ဆုံးရှုံးတာ၊ သူရပ်တည်နေရတဲ့ဘဝ။ သူချစ်တဲ့ သူ့မောင်လေးရဲ့ ရှေ့ရေး အားလုံးဟာ ဂျန့်ကို စိတ်ဖိစီးမှုတွေ ဖြစ်စေခဲ့တယ်။





ဘဝပေးအခြေအနေကြောင့် ဂျန့်ရဲ့ ပင်ကိုဖြူစင်တဲ့ စိတ်ကလေးကို အရောင်တွေ အဆိုးခံခဲ့ရပြီး ဂျန်ဟာ ... လူရိုင်းမ ... ဂျစ်တူးရိုင်းမ .. ဖြစ်သွားခဲ့ရတာ"

ကြဲဖန်က သက်ပြင်းရှိုက်လိုက်ပြန်ပါတယ်။

နောက် ကြဲဖန် ... တလေးတနက် ဆက်ပြောတာတွေက ...

"လင်းဆက်ရေ ... မိဘရဲ့အရိပ်ဟာ ဘယ်လောက်ကြီးမား အေးမြတယ်ဆိုတာ အဲဒီအရိပ်မရှိတော့မှ ပိုသိသာတာ။ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေ ခံရတော့မှ အရိပ်ရဲ့တန်ဖိုးကို ပိုပြီး နားလည်ကြရတာကွ။ မိဘတွေ မရှိကြတော့တဲ့အခါ ပရိယာယ်တွေ၊ အန္တရာယ်တွေ များလွန်းလှတဲ့ လောကကြီးထဲမှာ နေထိုင်ရပ်တည်ရတာဟာ ဘယ်လောက် ခက်ခဲပင်ပန်းတယ်ဆိုတာ မိဘမဲ့သူတွေက ပိုသိ၊ ပိုနားလည်ကြရတယ်။

ဂျန်တို့မောင်နှမကိုပဲ ကြည့်လေ ...။ ဂျန့်မှာ မိဘတွေ သက်ရှိထင်ရှားရှိနေခဲ့ရင် ဂျန် ခုလို မိန်းမကြမ်းလေး ဖြစ်လာမှာမဟုတ်သလို၊ ကျော်လှလို လူဆိုးလူမိုက်တစ်ဦးကို ချစ်သူအဖြစ် ရွေးခဲ့မိမှာမဟုတ်ဘူး။ ခုလို အဖြစ်ဆိုးမျိုးနဲ့လည်း ကြုံရမှာမဟုတ်ဘူး"

ကြဲဖန်က သက်ပြင်းကြီးကြီး ရှိုက်လိုက်ရင်း ...

"အေးလေ ... သူ့အတိတ်က အကုသိုလ်ကံက ခုလို ပါလာခဲ့တာကိုး။

မင်းတို့ငါတို့ ... မိဘတွေ အသက်ထင်ရှားရှိချိန်မှာ မိဘရဲ့တန်ဖိုးကို တို့သိကြရမယ်။ မိဘရဲ့အရိပ်ကို တန်ဖိုးထားတတ်ရမယ်။ အရိပ်နေပြီး အခက်မချိုးမိကြဖို့ လိုတယ်ကွာ ..." တဲ့။

နောက် သူဆက်ပြောတဲ့ စကားတွေက ....

"လင်းဆက် ... ငါလေ ... သေမင်းနဲ့လှိုင်လှိုင်ကို ရှိုက်ရင်း သေမင်းနဲ့ အနီးကပ်ရင်ဆိုင်ရတော့မှ လူ့ဘဝရဲ့တန်ဖိုးကို ပိုနားလည်သဘောပေါက်စားမိလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါမြောနေတုန်းက ကြုံခဲ့ရတဲ့ သေလုဆဲအခြေအနေမှာ လွင့်မျော ဝိညာဉ်ဘဝနဲ့ လူ့လောက လူသားတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ အတ္တတွေနဲ့ မသမာမှုတွေကို မြင်ခဲ့တွေ့ခဲ့ရတယ်။

ငါ့မှာ ပြောချင်ရာ ပြောလို့မရ၊ လုပ်ချင်တာလုပ်လို့မရ …ဝိ ဝိညာဉ်ဘဝရဲ့ အခက်အခဲ တစ်ပုံတစ်ပင်ကို ကြုံခဲ့ရတယ်။

တမလွန်မှာ ဟာသလုပ်လို့မရဘူး … လင်းဆက်။

ကြံဖန်ကြောင်လို့မရဘူး။ ခက်ခဲမှုတွေ အများကြီးနဲ့ပါကွာ။

ဒါကြောင့် ငါတို့တွေ မသေခင်မှာ အကုသိုလ်ကိုနည်းအောင်လုပ် ပြီး ကောင်းမှုကုသိုလ်တွေလုပ်ဖို့၊ တန်ဖိုးရှိတဲ့ လူ့ဘဝကို ရနေခိုက်မှာ အကျိုးရှိရှိ သုံးနိုင်ဖို့ ငါ သင်ခန်းစာတွေ အများကြီးရခဲ့တယ် …လင်း ဆက်အောင်''

…တဲ့။ ကြံဖန့်စကားတွေဟာ ကျွန်တော့်ရင်ထဲထိ ဖောက်ဝင် သွားသလို ခံစားလိုက်ရပါတယ်။

✿ ✿ ✿

❑

ကဲ … လူထူးဆန်း ကြံဖန့်အကြောင်းကတော့ … အဲဒါပါပဲဗျာ။ ကြံဖန်ဆိုတဲ့အတိုင်း ကြံကြံဖန်ဖန် ကြုံခဲ့ရတဲ့ အဖြစ်တွေပါ။

ဒါပေမဲ့ … အခု ကြံဖန့်ကို ကျွန်တော်တို့အားလုံးက 'ကြံဖန်' လို့ မခေါ်ကြတော့ပါဘူး။

ဘာလို့လဲဆိုတော့ …

ကြံကြံဖန်ဖန်တွေ တွေးတတ်၊ ပြောတတ်လွန်းတဲ့ ကျွန်တော့် သူငယ်ချင်း 'ကြံဖန်'ဟာ အဲဒီအဖြစ်အပျက်တွေ ဖြစ်ပြီးနောက်ပိုင်း ..

ကြံကြံဖန်ဖန်တွေလည်း … မပြောတော့ဘူး။

ကြံကြံဖန်ဖန် အတွေးတွေလည်း မတွေးတော့ဘူး။

သူဟာ … အရမ်းကို တည်ငြိမ်သွားခဲ့ပြီး သူ့စကားအတိုင်းပဲ လူ့ဘဝကို တန်ဖိုးသိသိ၊ အကျိုးရှိရှိ နေသွားဖို့ပဲ … သူကြိုးစားနေပါတော့ တယ်။

ဒါကြောင့်လည်း သူ့ရဲ့ 'ကြံဖန်' ဆိုတဲ့နာမည်ဟာ လုံးလုံးလျား လျား ပျောက်သွားခဲ့ရပြီး …


သူဟာ 'မိုးနေဦး' ဖြစ်သွားခဲ့ပါတယ်။

ဟုတ်ကဲ့ … ကြံဖန်တစ်ဖြစ်လဲ မိုးနေဦး .. ပါခင်ဗျာ။

ထားဦးထုံ

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

'ဘုန်းကြီးအမှုရှာပတ်သည်' ဟူသောစကားကို အဘယ်သို့သော ပုဂ္ဂိုလ်တွေက အဘယ်မည်သောနေရာတွင် ဟောပြောခဲ့ကြသည် မသိ။ လူတွေကြားထဲတွင် ထိုစကားကတော့ တွင်ရစ်နေသည်။

အမှန်က ...

ဘုန်းကြီးအမှု ရှာပတ်သည်ထက် ...

ရှာအမှု ဘုန်းကြီးပတ်သည်က များလှသည်။

ရပ်ရွာအတွင်း လူသေတာကအစ ဘုန်းကြီးပါမှဖြစ်သည်။ သာမှု၊ နာမှုဟူသမျှ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်လျှင် ဘုန်းကြီးကိုပင့်၍ သရဏဂုံတင်ကြသည်။ တရားနာကြသည်။ ပရိတ်ရွတ်ကြသည်။ အိမ်တက်ဆွမ်းကျွေးမှစ၍ လူသေကို သင်္ချိုင်းကုန်းပို့သည်အထိ ဘုန်းကြီးက ပါရသည်။

လူ့ဘောင်ကိုရှောင်ခွာ၍ သင်္ကန်းကို ဆောင်စေကာမူ လူတွေနှင့် ကင်းကင်းနေ၍မရ။ ကွမ်းဆေးဒကာ၊ ကျောင်းဒကာ၊ သင်္ကန်းဒကာ စသည်ဖြင့် ပစ္စည်းလေးပါးဒကာတို့အရေး အလေးပေးနေရသည်။

'လောကတ္ထစရိယံ၊ ဉာတတ္ထစရိယံ၊ ဗုဒ္ဓတ္ထစရိယံ' ဟူ၍ ဗုဒ္ဓရှင်တော်မြတ်ဘုရားသော်မှ ဗုဒ္ဓဘုရားအဖြစ် တစ်ကိုယ်တော်တည်း နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဖိုလ်ခရီးလမ်းကို မကြွမြန်းနိုင်တော်မူသေးဘဲ လောကကောင်းကျိုး အဆွေအမျိုးဉာတကာကောင်းကျိုးကို အရင် သယ်ပိုးဆောင်ရွက်သွားရသေးသည်မဟုတ်လား။

သည်တော့ ...

ရွာအမှုဘုန်းကြီးပတ်၍ ရွာအကျိုး၊ ဆွမ်းဆေးဒကာတို့အကျိုးတို့ကို ဦးပဥ္စင်းဦးပဏ္ဍိတသည် ဘုရားသားတော်ပီပီ ရွက်ဆောင်ပေးနေရသည်မှာ လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာဟုပဲ မှတ်ယူနှလုံးသွင်းထားလိုက်သည်။

သူ၏လုပ်ဆောင်ချက်များကို ယနေ့ခေတ်စားနေသော ဂမ္ဘီရဆန်ဆန်၊ နတ်စုန်းကဝေ မှော်အတတ်ဟုပြောပြော ဦးပဥ္စင်းဦးပဏ္ဍိတသည် ဝိဇ္ဇာ တက္ကသိုလ်ကျောင်းထွက်၊ ဘွဲ့ရပညာတတ်ဘုန်းကြီးပီပီ ထေရဝါဒဗုဒ္ဓသာသနာနှင့် မကွေကွင်းရလေအောင် အမြဲဦးတည်လုပ်ဆောင်လေ့ ရှိတော့သည်။

ယခုလည်း ကျောင်းဒကာကြီးဦးညွန့်တင်၏ သားအကြီးဆုံးဖြစ်သော မောင်ဖေတင်တစ်ယောက် ဒုတိယအိမ်ထောင်ပြုရေးမှာ မပါမဖြစ်ပါဝင်လာရပြန်သည်။

ဘုန်းကြီးနှင့် ဂါရာဝါသ လူ့ဘောင်အိမ်ထောင်ပြုရေးအတွက် မည်သို့မျှမဆိုင်ဟု ဆိုလျှင်ရသော်လည်း ထိုလူ့ဘောင်အမှု ဘုန်းကြီးထံ ဤသို့ ပတ်သက်လာသောအခါ ...

✿ ✿ ✿

[ ၂ ]

❑

"အရှင်ဘုရား ... တပည့်တော်သားကြီး မောင်ဖေတင်ကို ကယ်ပါဦးဘုရား"

တစ်နေ့သောအခါ နေ့လယ်ခင်း ကျောင်းဒကာကြီးဦးညွန့်တင် ဦးပဏ္ဍိတသီတင်းသုံးရာ ကျောင်းသို့ရောက်လာပြီး ထိုသို့လျှောက်ထားလေတော့သည်။ ကျောင်းတွင် နေ့ခင်းနေ့လယ် လူဒကာပါးလျားချိန်မို့ ဦးပဏ္ဍိတသည် ဦးညွန့်တင်အား အချိန်ပေး၍တွေ့ဆုံနိုင်လေသည်။

"ဒကာကြီးသား မောင်ဖေတင်က ဘာဖြစ်လို့တုံး"

"တပည့်တော်သားမောင်ဖေတင် မိန်းမယူဖို့ဟာ သူ့မိန်းမက လိုက်ပြီး နှောင့်ယှက်နေလို့ပါဘုရား"

"ဟာ ... ဒကာကြီးစကားက ရှုပ်ထွေးလှတယ်။ သူ့မိန်းမ အိမ်ဖြူက သေသွားပြီမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား။ သေသွားလို့ပဲ လိုက်နှောင့်ယှက်နေတာပေါ့ဘုရား"

"ဟင် ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ပထမမိန်းမအိမြ့ သေသွားပြီးတဲ့နောက် တစ္ဆေမ,ဖြစ် သွားပြီး တပည့်တော်သားကို လိုက်နှောင့်ယှက်နေလို့ပါဘုရား။ သူ့မိန်း ဟာ သူ့ကိုစွဲလမ်းရာက မကျွတ်မလွတ်နိုင်ဘဲ တစ္ဆေမ,ဖြစ်နေရပါတယ် ဘုရား"

"မကျွတ်မလွတ်ဘဲ တစ္ဆေမ,ဖြစ်နေတယ်လို့ ဒကာကြီး ဘယ်လို ပြောနိုင်သလဲဗျ"

"တပည့်တော် သားကြီးမောင်ဖေတင် တပိန်ပိန် တလိန်လိန် ဖြစ် နေတာကိုကြည့်ပြီး မေးမြန်းစူးစမ်းရာက တပည့်တော် အကြောင်းစုံကို သိ တာပါဘုရား"

"အင်း ... ဟုတ်ပြီ။ အဲဒီအကြောင်းစုံကို သိမှ ဘုန်းကြီးလည်း ဘယ်လိုကူညီရမယ်ဆိုတာ စဉ်းစားအဖြေထုတ်နိုင်မှာပေါ့။ အနာနဲ့ဆေး သင့်အောင်ပေး၊ အနာသိရင် ဆေးရှိရမှာပေါ့ ... ဒကာကြီးရယ်။ အဲဒီ ဒကာကြီးသား မောင်ဖေတင်ရဲ့အဖြစ်သနစ်အကြောင်းစုံကို ဘုန်းကြီး အောင် ပြောပြပါဦးဗျာ"

✿ ✿ ✿

| ၃ |

❑

လွန်ခဲ့သော ငါးနှစ်ခန့်က ...

သားကြီးမောင်ဖေတင်နှင့် အိမြ့တို့သည် လူငယ်သဘာဝ ချစ်ခင် ညှိုင်းမိကြရာမှ လူကြီးစုံရာရှေ့တွင် တောင်းရမ်းယူပြီး အကြင်လင်မယား ဖြစ်သွားကြသည်။

ငယ်ချစ်တွေလည်းဖြစ်ပြန်၊ ချစ်တိုင်းညား၍ ညားတိုင်းချစ်ကြရ သော မောင်ဖေတင်တို့လင်မယားနှစ်ယောက် လူငယ်လူရွယ်တို့ အိမ်ထောင် သည်ဘဝမှာ အပျော်ကြီးပျော်၊ အကြည်နူးကြီး ကြည်နူးခဲ့မိကြသည်။

နှစ်လွှာပေါင်းမှ တစ်ရွက်မည်ပါလေသော စွယ်တော်ရွက်ပမာ အမြဲ တတွဲတွဲ မခွဲနိုင်မခွာရက်နိုင်ဘဲ ရှိကြသည်။

သကာအိုးထဲ ပျားရည်လောင်းထည့်ထားသလို ချိုမြိန်သော ဘဝ တွေမှာ ခါးသီးသောလောကဓံတရားကို စဉ်းငယ်မျှ မတွေးခဲ့မိကြ။

မောင်ဖေတင်က တဖတ်ဝါသနာပါသလို၊ အိမြ့က ဗီဒီယို ရုပ်ရှင် ဝါသနာပါသည်။ အိမြ့သည် စုန်း၊ နတ်၊ တစ္ဆေ ရောမွှေသော ဂမ္ဘီရဆန် ဇာတ်လမ်းခွေများကြိုက်သလို မောင်ဖေတင်ကလည်း လျှို့ဝှက်သည်းဖို ဂမ္ဘီရ ဆန်းကြယ်ဝတ္ထုများကို စွဲစွဲမက်မက် ဖတ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီဒီယိုနှင့် ရုပ်ရှင်ဖြစ်စေ၊ ဝတ္ထု၊ မဂ္ဂဇင်းဖြစ်စေ သူတို့နှစ်ယောက် တစ်ယောက်ဝါသနာပါရာကို တစ်ယောက် လိုက်လျောမှုဖြင့် ခံစားတတ်ကြသည်။

စားအတူ၊ သွားအတူ၊ လာအတူရှိကြ၍ သူတို့လင်မယားနှစ်ယောက်ကို အခြားသောစုံတွဲများက စံထားအားကျကြသည်။

သို့သော် မမြင်နိုင်စွမ်းသော ကံတရားက သူတို့နှစ်ယောက်ကြားမှာ မမျှော်လင့်၊ မထင်မှတ်ဘဲ ဝင်ရောက်မွှေနှောက်လေတော့သည်။

အိဖြူတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် နှလုံးရောဂါ စွဲကပ်လာလေတော့သည်။

အမှန်တော့ အိဖြူမှာ မွေးရာပါနှလုံးရောဂါရှိနေသည်ကို စောစောက မသိခဲ့ကြခြင်းဖြစ်၏။ အိဖြူ၏အမေမှာ အရွယ်ကောင်းစဉ်မှာပင် နှလုံးရောဂါနှင့် ကွယ်လွန်ခဲ့သည်။

အိဖြူ၏ အဘိုးအဘွားတွေမှာလည်း နှလုံးရောဂါနှင့်ချည်း ကွယ်လွန်ခဲ့သည်ဟု နောက်မှသိကြရသည်။ ရှားရှားပါးပါး မျိုးရိုးလိုက်သောနှလုံးရောဂါက အိဖြူကျကာမှ စွဲကပ်ပါလာခြင်းဖြစ်သည်။ လူတစ်သိန်းမှာပင် တစ်ယောက်ဖြစ်ခဲသော အဖြစ်မျိုးဖြစ်၏။

မောင်ဖေတင်သည် ချစ်ဇနီးအိဖြူကို အသက်မကချစ်ရသည်ဖြစ်၍ ငွေကုန်ကြေးကျခံ၍ ဆေးဝါးကုသခဲ့သည်။ ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့သည်။ လင့်ဝတ္တရားငါးပါးသာမက ဖခင်နှင့်တူသော လင်ယောက်ျားမဟာ အကြင်နာပို စောင့်ရှောက်ခဲ့သည်။

မောင်ဖေတင်ကဲ့သို့သော အကြင်နာပိုတတ်သည့်ယောက်ျားမျိုး ရှားမှရှားသည်ဟုပင် နီးစပ်ရာပတ်ဝန်းကျင်က ပြောယူရသည်။ မောင်ဖေတင်သည် ပါးစပ်ကောင်းမဟုတ်။ နှလုံးကောင်း။ စိတ်ကောင်းရှိသော လင်ယောက်ျားမျိုးဖြစ်၍ အိဖြူသည် တစ်သက်တွင်သာမက နောင်ဘဝဘဝတွေမှာလည်း ထိုယောက်ျားမျိုး တွေ့နိုင်တော့မည်မဟုတ်ဟု အစွဲကြီးစွဲသံယောဇဉ်အတွယ်ကြီး တွယ်နှောင်မိရာသည်။





"မောင်ရယ် ...အိဖြူသေသွားရင် မောင် နောက်အိမ်ထောင်ပြုမှာလားဟင်"

"အို ...အိဖြူရယ်၊ မောင် အိဖြူကိုချစ်တဲ့အချစ်ဟာ တစ်သက်မှာတစ်ခါသာပဲချစ်တဲ့ အချစ်မျိုးပါ။ ပေတစ်သီး၊ ကျီးတစ်သားဆိုသလို ပေပင်တွေဟာ တစ်သက်မှာတစ်ကြိမ်သာသီးသလို မောင့်အချစ်တွေဟာ တစ်သက်မှာတစ်ကြိမ်သာပါ ...အိဖြူရယ်။ အိဖြူကို ချစ်ပြီးတဲ့နောက်မှာ နောက်ထပ် ဘယ်သူ့ဘယ်သူကိုမှ ချစ်လို့မရနိုင်တဲ့ တစ်သက်မှာတစ်ကြိမ်မျှပေါ်ခဲ့တဲ့ အချစ်ပါကွယ်"

"မယုံဘူး ...မောင်ရယ်။ အိဖြူလေ အဲဒီလိုမယုံတာ မောင့်ကို ချစ်ရလွန်းလို့ပါ။ ဒါကိုတော့ မောင် အိဖြူကို နားလည်ပေးပါနော်"

"အိုကွယ် ...အိဖြူ။ မောင့်ကို အိဖြူယုံပါ။ မောင်ဟာ ပါးစပ်နဲ့တင် အပြောကောင်းကောင်းနဲ့ပြောနေတဲ့ ယောက်ျားမျိုးမဟုတ်ပါဘူး"

"ဒါဆို အိဖြူ မောင့်ဆီက ကတိတစ်ခုတောင်းချင်တယ်"

"ဘာကတိလဲ ...အိဖြူ။ အိဖြူတောင်းတဲ့ကတိ ဘာကတိမျိုးဖြစ်ဖြစ် မောင် ပေးဖို့ဝန်မလေးပါဘူး။ အမြဲတမ်း အဆင်သင့်ရှိနေစမြဲပါကွယ်"

"တခြားကတိတော့ မဟုတ်ပါဘူး ...မောင်ရယ်။ အိဖြူရောဂါကြောင့် အိဖြူဟာ တစ်နေ့နေ့တော့ မောင့်ကိုခွဲပြီး သေရတော့မှာပါ။ အဲဒီလို အိဖြူသေပြီးမရှိတဲ့နောက် အချိန်ကြာလာတာနဲ့အမျှ အိဖြူကို မေ့ပျောက်သွားပြီး နောက်မိန်းမတစ်ယောက်ကို ချစ်မိပြီး မယူပါဘူးဆိုတဲ့ ကတိပါ ...မောင်ရယ်"

"အို ...အိဖြူရယ်၊ စိတ်ထိခိုက်စရာစကားတွေ ဘာလို့ပြောနေရတာလဲကွယ်။ ဒီစကားကြားရတော့ အိဖြူဘက်က အစိုးရိမ်လွန်တာပဲလို့ မောင်ထင်တယ်။ စိတ်ချစမ်းပါ ...အိဖြူရယ်၊ မောင် ဘယ်မိန်းမကိုမှ ချစ်မိမှာလည်း မဟုတ်ဘူး။ အိဖြူကလွဲရင် ဘယ်မိန်းမကိုမှလည်း အိမ်ထောင်ထပ်ပြုဖို့ ကြိုးစားမှာလည်း မဟုတ်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကတိတည်ပါစေမောင်ရယ်။ အိမ့်ဖြူကလည်း သေသွားရင် တမလွန်ဘဝကနေ မောင့်ကိုစောင့်နေမှာပါ။ ကတိမဖျက်ပါနဲ့ မောင်ရယ်"

"ဒီတစ်သက်မဟုတ်ဘူး၊ ဆယ်သက်ကတိတည်ပါတယ် အိမ့်ဖြူရယ်"

မောင်ဖေတင် အိမ့်ဖြူမသေခင် ကတိပေးပြီးနောက် ရက်ပိုင်းအတွင်းမှာပဲ အိမ့်ဖြူကွယ်လွန်သွားခဲ့ရှာတယ်။

မောင်ဖေတင်တစ်ယောက် အဆွေးကြီး ဆွေးရရှာလေပြီ။

✿ ✿ ✿

[ ၄ ]

❑

နှစ်လှာပေါင်းမှတစ်ရွက်မည်သော စွယ်တော်ရွက်လိုဘဝတွင် အိမ့်ဖြူနှင့်တော့ မောင်ဖေတင် နေမရထိုင်မရဖြစ်နေသည်။ စားမဝင် အိပ်မပျော်ဖြစ်ရသည်။

ချစ်ဇနီးအိမ့်ဖြူအပေါ် စွဲလမ်းသည့်စိတ်ဖြင့် အထီးကျန်ဆန်လွန်းသောဘဝတွင် လေလွင့်သလိုဖြစ်ခဲ့ရသည်။ သို့သော် တစ်နှစ်ပြည့်လျှင်တော့ အိမ့်ဖြူ၏အုတ်ဂူကလေးသို့ မှန်မှန်အရောက်သွား၍ ပေါင်းမြက်များရှင်း၊ ထုံးသုတ်၊ မှန်မှန်တော့ လုပ်ပေးနေလေ့ရှိသည်။ သို့နှင့် သုံးနှစ်ခန့်ကြာသွားချေ၏။

လေးနှစ်မြောက်အချိန်မှာ မေ့မေ့လျော့လျော့ဖြစ်စ ပြုလာသည်။

ထိုသို့ ဖြစ်လာသည်မှာလည်း ရန်ကုန်ဘက်မှ ခြံဝယ်ပြီးပြောင်းလာသော မောင်ဖေတင်တို့ခေါင်းရင်းခြံမှ ထွေးငယ်ကြောင့်ဖြစ်သည်။

ထွေးငယ်က မောင်ဖေတင်ထက် ဆယ်နှစ်ခန့်ငယ်ရွယ်သော အပျိုမြန်းကလေးဖြစ်၏။ ငယ်နုလတ်ဆတ်၍ လန်းဆန်းပြည့်တင်းသော ရုပ်သွင်အလှပိုင်ရှင်ကလေးဖြစ်၏။ မီးစေးချိတ်ပမာ အချစ်နှင့်ဝေးနေသော မောင်ဖေတင်နှလုံးသား လှုပ်ခုန်စပြုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ဝါသနာပါ၍ မောင်ဖေတင်ဆီမှ ထွေးငယ်အမေ စာအုပ်[illegible] ငှားဖတ်ရာမှ တစ်ခြိနှင့်တစ်ခြံ အကူးအလူးရှိပြီး ခင်မင်သွားရာက မောင်[illegible] တင်အဖြစ်ကိုအသနားပိုပြီး ထွေးငယ်က သံယောဇဉ်ဖြစ်သွားခြင်းဖြစ်[illegible]

ထွေးငယ်အဖေက ခရီးမကြာခဏထွက်ရသော ကုန်သည်[illegible] ဖြစ်၍ မောင်ဖေတင်အဖို့ ထွေးငယ်တို့အိမ်ကို အဝင်အထွက်လွယ်၍ [illegible] သလို၊ ထွေးငယ်တို့ကလည်း ခြံချင်းကပ်နေသော မောင်ဖေတင့်အိမ်[illegible] အဝင်အထွက် လွယ်နေလေသည်။

ဘေးပတ်ဝန်းကျင်ကတော့ မောင်ဖေတင်နှင့် ထွေးငယ်တို့ [illegible] ဆက်ဆံမှုကို အပြင်ပန်းအနေဖြင့်မြင်ရရုံနှင့် ခရီးမကြာခဏ ထွက်ရ[illegible] အလေ့ရှိသည့် ထွေးငယ်၏အဖေကြီးကြောင့် မုဆိုးဖိုမောင်ဖေတင် [illegible] ငယ်အမေ ဒေါ်တင်တင်ဝေနှင့် ဇာတ်လမ်းမျိုးလားဟု စောင့်ကြည့်[illegible] ဝေဖန်ကြသည်။

သို့သော် တကယ်တမ်းကျတော့ ထိုသို့မဟုတ်။

ထွေးငယ်အဖေ ဦးအောင်ခင်သည် အနေရိုးသားသော မောင်[illegible] တင်ကိုခင်မင်သလို၊ သူခရီးထွက်စဉ် အိမ်မှုအိမ်တာလည်း သူ့မိသားစုအ[illegible] စိတ်ချထားလေ့ရှိသည်။ ခရီးထွက်ရာက ပြန်အလာတွင်ပင် မောင်ဖေ[illegible] အတွက် တကူးတကန့်ဝယ်လာသော လက်ဆောင်ကလေးများပင် ပါလို[illegible] သေးသည်။ မိန်းမကိစ္စမရှုပ်ထွေးတတ်သော မောင်ဖေတင့်အပေါ် ယုံကြည်[illegible] ပင်။

ထွေးငယ်အမေ ဒေါ်တင်တင်ဝေသည် မောင်ဖေတင်ထံမှ [illegible] ဆန်းကြယ်မဂ္ဂဇင်းများ၊ ဗီဒီယိုတိတ်ခွေများ အပြန်အလှန်အလဲအလှယ်[illegible] ငှားဖတ်လေ့ရှိကြကာ ဝါသနာတူများဖြစ်ကြသည်။

ထွေးငယ်တို့ခြံမှာ မောင်ဖေတင်၏ခြေရင်းဘက်တွင်ရှိပြီး မောင်[illegible] တင်တို့ခြံကြီးထဲတွင် အရိပ်အာဝါသကောင်းသော ခရေပင်ကြီးရှိ၏။ [illegible] ပင်ကြီး၏အောက်တွင် လူထိုင်၍ရသော သစ်သားခုံဗိုင်းတစ်ခုကို ရိုက်[illegible] လေသည်။





ထိုခုံဗိုင်းကလေးမှာထိုင်ပြီး မောင်ဖေတင်နှင့် ထွေးငယ်တို့မှာ ဖတ် [illegible]သော ဝတ္ထုဇာတ်လမ်းတွေအကြောင်း ပြောကြဆိုကြသည်။ ဂမ္ဘီရဝတ္ထု [illegible]မှ ချောက်ချားစရာ၊ ထိတ်လန့်သည်းဖိုစရာများကို အပြန်အလှန် ဆွေး [illegible]ကြသည်။

သည်တော့ သရဲတစ္ဆေ၊ နာနာဘာဝနှင့် ပရလောကသားတွေ [illegible] သူတို့ပြောကြဆိုကြသောစကားများတွင် မပါမဖြစ် ပါ,ပါနေရသည်။ [illegible]တို့ကလည်း ယုံကြည်ကြသည်။

ဝါသနာတူ၊ စရိုက်တူသူချင်းအနေနီးစပ်ရာမှ သံယောဇဉ်တွယ် [illegible] မောင်ဖေတင်နှင့် ထွေးငယ်တို့မှာ ချစ်မိကြသည့်အဖြစ်သို့ ရောက်ရှိ [illegible]ကြ၏။

သို့ဖြစ်၍လည်း ထိုခရေပင်ကြီးအောက်မှာပင် နှစ်ယောက်သား [illegible]များတွင်ပင် ချိန်းတွေ့ဆုံဆည်းမိကြလေ့ ရှိပြန်သည်။

ထိုသို့ချိန်းတွေ့ကြရာတွင် သူတို့နှစ်ယောက်အဖို့ ရိုးခနဲ ရိပ်ခနဲ [illegible]အယောင်တွေ မကြာခဏတွေ့ရကာ လူချင်းခွဲကြရသည်အထိ ဖြစ် [illegible]သည်။ နှစ်ယောက်စလုံး၏စိတ်များမှ သရိုးသရီ မသိုးမသန့် ဖြစ်ရ [illegible]ချည်းပင်။

ယင်းသို့ဖြစ်ပြီးနောက် ထိုမျှနှင့်ပင် မပြီး။

မောင်ဖေတင် ညအိပ်သောအခါ မောင်ဖေတင်၏ ကွယ်လွန်သွား [illegible]ဇနီးဖြစ်သူအိဖြူ ရောက်ရောက်လာပြီး မောင်ဖေတင်အား ဝမ်းနည်း [illegible]လက် ကြေကွဲစကား ဆိုလေ့ရှိတတ်သည်။

"ရက်စက်လိုက်တာ . . . မောင်ရယ်။ မောင်ထားခဲ့တဲ့ကတိတွေကို [illegible]လားဟင်။ အိဖြူရဲ့ဂူကို ရောက်မလာကတည်းက မောင် အိဖြူကို [illegible]လိုက်ပြီဆိုတာ သိပါတယ်။ ဒါပေမဲ့ အိဖြူက မောင့်ကို မေ့မထား [illegible]လေ။

ထွေးငယ်ဆိုတဲ့ကောင်မလေးကို အိဖြူရဲ့အချစ်ကို ခွဲဝေပေးနိုင် [illegible]မောင်။ မောင် ထွေးငယ်ကို မချစ်ရဘူး။ အိဖြူကိုပဲ ချစ်ရမယ်၊ ထွေးငယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့မောင်တို့ဓာတ်လမ်းကို ခုအချိန်ကစပြီး ရပ်လိုက်ပါမောင်ရယ် ...နော်။ အိဖြူမောင့်ကိုဘယ်တော့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး။ တမလွန်ဘဝ နေ သစ္စာရှိစွာနဲ့ စောင့်နေတယ်ဆိုတာ မောင် သတိရပါနော်"

ပထမတော့ မောင်ဖေတင့်ကိုလာတွေ့သော အိဖြူမှာ ညင်ညင် သာသာပင်။

သို့သော် မောင်ဖေတင်က အိပ်မက်ဟုသာ သဘောထား၍ ထွေး ငယ်နှင့် ချိန်းတွေ့မြဲတွေ့လေသောအခါ အိဖြူဘက်က ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာသည်။

နောက်တစ်ကြိမ် ထွေးငယ်နှင့်ချိန်းတွေ့ပြီး အိမ်ပြန်အရောက်တွင် ညေ့ခန်းထဲမှာချိတ်ထားသော အိဖြူနှင့်မောင်ဖေတင် မင်္ဂလာဆောင်စဉ်က အမှတ်တရရိုက်ကူးထားသော ဓာတ်ပုံကြီးမှာ လေမတိုက်၊ လျှပ်မလှုပ်ပါဘဲ နှင့် ပြုတ်ကျသွားသည်။

"ခွမ်း ..."

မှန်ဘောင်မှ မှန်ကွဲစများစင်၍ မောင်ဖေတင်ခြေလှမ်းတွေ နောက် ကို ဆုတ်လိုက်ရသည်။

ပြီးတော့မှ သမံတလင်းပေါ်မှာကျကွဲနေသော မှန်ဘောင်ကို ကောက် ယူပြီး ကြေကွဲစွာကြည့်၍ အိဖြူအားတောင်းပန်မိသည်။

"မောင့်ကိုခွင့်လွှတ်ပါ ...အိဖြူရယ်။ ပြီးတော့ နားလည်ပေး နော်။ အိဖြူကို မောင် ဘယ်တော့မှ မမုန်းပါဘူးကွယ်"

မောင်ဖေတင် တောင်းတောင်းပန်ပန်ပြောပြီး ဓာတ်ပုံကွဲကြီးကို ... ၍ချိတ်မထားတော့ဘဲ ဗီရိုအံဆွဲထဲသို့ ထည့်သိမ်းလိုက်မိသည်။

ထိုသို့ထည့်သိမ်းလိုက်မိကာမှ ပို၍ဆိုးတော့သည်။

မောင်ဖေတင် ညအိပ်ပျော်သွားသောအခါ အိဖြူရောက်လာ ကြမ်းပါလေတော့သည်။

အိဖြူသည် ယခင်လာစဉ်ကလို ညင်ညင်သာသာမရှိလှ။ ယခု ... စဉ်က ဝတ်ဆင်ထားသော ဝတ်ကောင်းစားလှမျိုးနှင့်လည်းမဟုတ်။ သူ ... ဆုံး၍ အသုဘချစဉ်ကဝတ်ဆင်ပေးလိုက်သော အဝတ်အစားတွင် သွေး...





ညှိများစွဲနှစ်နေကာ အပုပ်နံ့တွေနံပေါင်ပြီး ကြောက်စရာ၊ ထိတ်လန့် ချောက်ချားစရာ အသွင်မျိုးကြီးနှင့်ဖြစ်၏။

"မောင်က တားတာမရတော့လောက်အောင် ဟိုဟာမနဲ့ အဖြစ် သည်းနေပြီပေါ့လေ။ ဘာပဲဖြစ်ဖြစ် အိဖြူ မောင့်ကို အဆုံးရှုံးမခံနိုင်ဘူး။ အိဖြူသတိပေးနေတာကိုမှ မောင်မလိုက်နာရင် အိဖြူအဆိုးလို့မဆိုနဲ့တော့ မောင်။ မောင့်ကို အိဖြူချော့မော့ပြောလို့ မရတော့ဘူးဆိုတာ သိလိုက်ပြီ။

ခုတောင်မှ မောင်က အိဖြူနဲ့မင်္ဂလာဆောင်တုန်းက တွဲရိုက်ခဲ့တဲ့ အမှတ်တရဓာတ်ပုံကို ချောင်ထိုးထားလိုက်တဲ့အနေနဲ့ အံဆွဲထဲသွင်းပြီး သော့ခတ်ထားလိုက်ပြီမဟုတ်လား။ မောင့်ဘက်က ကတိဖျက်ရင် အိဖြူ ဘက်ကလည်း ရက်စက်ရတော့မှာပေါ့မောင်ရယ် နော်"

အိဖြူကပြောရင်း သူမ၏ ညစ်ပေဖူးရောင်နေသော လက်ကြီးနှစ် ဖက်ကိုဆန့်တန်းကာ မောင်ဖေတင်ဆီတိုးကပ်လာပြီး မောင်ဖေတင် လည်ပင်း ကို ညှစ်တော့သည်။

"အား ... အစ် ... အစ် ..."

မောင်ဖေတင် သူ၏လည်ပင်းအား အိပ်ရာထဲမှယောင်ယမ်းကိုင် ကာ ထထိုင်မိသည်။

သို့ဖြင့် တစ်ညလုံး ပြန်မအိပ်ရဲတော့။

ထိုညက တစ်ညလုံးလုံး မီးလင်းခဲ့သည်။

မောင်ဖေတင်ဖြစ်ရပ်ဆိုးက သူချစ်နေသော ချစ်သူမကလေး ထွေးငယ်နှင့် ချိန်းမတွေ့ရဲအောင်ဖြစ်ရသည်။

ခြံချင်းနီးကပ်ပါလျက် အတွေ့ရလွယ်ကူသော်လည်း ချိန်းတွေ့ဖို့ အရေး တွေးကြောက်နေမိသည်။ နီးလျက်နှင့် ဝေးနေရသည်။

သူ တစ်ချိန်က ချစ်ခဲ့၊ ကြင်နာခဲ့ဖူးသော အိဖြူကို ယခုတော့ သူ ကြောက်လန့်နေသည်။ အိဖြူအကြောင်းတွေကို သတိရတိုင်း မစဉ်းစား နိုင်အောင်ဖြစ်ရသည်။

အိပ်၍မပျော်၊ စား၍မဝင်၊ နေ၍မပျော်ဘဝဖြင့် ဝဋ်ဒုက္ခကြီးတစ်ခု ... လိုလိုနေရင်း ခံစားနေရသလို ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း ချစ်သောထွေးငယ်လေးနှင့် ချိန်းမတွေ့ဘဲ မနေနိုင်၊ ချိန်းတွေ့သည့်အခါတိုင်းလည်း ညညကျလျှင် ပြဿနာတက်တော့သည်။ ကွယ်လွန်သူချစ်ဇနီး ရောက်ရောက်လာတတ်သည်။ အမျိုးမျိုးသောမကျေနပ်မှုဖြင့် ပေါက်ကွဲပြသည်။ ခြောက်လှန့်အရေးဆိုတတ်သည်။ အသက်ရှင်စဉ်ကထားခဲ့သော ကတိစကားတွေ မပျက်ပြားဘဲ စောင့်ထိန်းရန် ပြောတတ်သည်။

"ယောက်ျားဆိုတာ စကားတည်ရတယ်မောင်။ မင်းမှာသစ္စာ၊ ရှုမှာကတိတဲ့"

အိဖြူကား ထွေးငယ်နှင့်မောင်ဖေတင်တို့ ချိန်းတွေ့သည့်အခါတိုင်း ရောက်ရောက်လာခြင်းမှာ အိပ်မက်အဖြစ်နှင့်မို့ မောင်ဖေတင်မှာ ထွေးငယ်နှင့် ချိန်းတွေ့ပြီးတိုင်း အိပ်ရဲမှာကို ကြောက်လန့်နေမိသည်။ အိပ်မက်သည်သည့် တကယ်ဖြစ်နေသည်ဟု ထင်သည်။

အိမ်ကြီးတစ်ဆောင်လုံး ရှိပါလျက်နှင့် ပိုင်ပိုင်နိုင်နိုင် အိမ်မှာချိန်းတွေ့ဖို့ကိုပင် မစဉ်းစားရဲအောင်ဖြစ်ရသည်။

ထွေးငယ်ဘက်ကလည်း ငယ်ရွယ်သူပီပီ အချစ်စိတ် တက်ကြွလှုပ်နိုးတတ်သည့်သဘာဝအတိုင်း လက်ထပ်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ကြဖို့အဆင့်အထိ အရေးဆိုလာခဲ့၏။

သည်မှာ မောင်ဖေတင်အဖို့ အခက်ကြီးကြုံရရှာလေတော့သည်။

ချစ်သူထွေးငယ်နှင့်လက်ထပ်ဖို့အရေး ဆွေးနွေးမိသောအခါ ညအိပ်သောအချိန်တွင် ထုံးစံအတိုင်း ကွယ်လွန်သူဇနီးသည်အိဖြူ အိပ်မက်ထဲရောက်လာပြန်ကာ . . .

"မောင်တို့က တစ်ဆင့်တက်ပြီး လက်ထပ်ကြတော့မယ်ပေါ့လေ။ လုပ်ရဲရင်လုပ်ကြလေ။ လက်ထပ်ပွဲညမှာပဲ မောင်နဲ့ မောင့်ဟာမကလေးကို အိဖြူ မသေ,သေအောင် သတ်ပြမယ် သိလား"

"ဟင် . . . အိဖြူ၊ အိဖြူ . . . ဒါတော့ လွန်ပြီ။ အိဖြူနဲ့ထွေးငယ်က ဘာရန်ငြိုးရန်စ ရှိခဲ့တာမှမဟုတ်တာပဲ။ သူ့ . . . သူ့ကိုတော့ ချမ်းလွှတ်ပါ . . . အိဖြူ၊ ချမ်းသာပေးပါ"



"ဒါဆိုရင် မောင်တို့နှစ်ယောက် လက်ထပ်ဖို့ မကြိုးစားနဲ့လေ။ အို . . . လက်ထပ်ဖို့ဆိုတာထက် ခုလိုချစ်နေကြတာတွေတောင် လွန်လှပြီ။ အကုန်လုံးရပ်ပစ်။ ဒါပဲ"

ပြင်းထန်သော သတိပေးချက်တွေကြောင့် မောင်ဖေတင်မှာ စိတ်အဆင်းရဲကြီး ဆင်းရဲခဲ့တော့သည်။ ချစ်သူထွေးငယ်ကိုလည်း ထိုအကြောင်းတွေ ဖွင့်ဟအသိပေး၍မဖြစ်။ အိဖြူကိုကြောက်ပြီး ထွေးငယ်နှင့် ချိန်းချိန်းတွေ့နေရသည်ကို အမှတ်အထင် နောက်ဆုတ်မိသလို ဖြစ်လာတော့သည်။

ကြာတော့ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ လူမမာရုပ်ပင်ပေါက်လာသည်။

ထိုသို့သောအခြေအနေမျိုးမှာ တစ်မြို့တည်းပင်ဖြစ်စေကာမူ အိမ်ထောင်ကွဲဖြစ်သောမောင်ဖေတင်နှင့် တစ်အိမ်စီခွဲနေသော ဖခင်ကြီး ဦးညွန့်တင်က သိရှိသွားတော့သည်။

"အဖေ . . . သားကိုကယ်ပါဦး။ သေသွားတဲ့မိန်းမ သားကို လိုက်နှောင့်ယှက်နေတယ်။ သား သူ့ကိုကြောက်တယ်။ အိဖြူဟာ တကယ်ကြောက်ရကောင်းတဲ့မိန်းမပဲ အဖေ။ သူနဲ့သား ထားခဲ့တဲ့ကတိတွေကို သေတဲ့အထိ အစွဲအလမ်းကြီးကြီးနဲ့ မှတ်ထားတာကိုထောက်ရင် သူပြောခဲ့သလို သားနဲ့ထွေးငယ်တို့ လက်ထပ်ဖြစ်ရင် တကယ်သတ်ပစ်မှာပဲ အဖေ။ သား သူ့အကြောင်းသိတယ်။ သား အိဖြူကိုကြောက်တယ်။ ထွေးငယ်ကလည်း သူ့ကိုလက်ထပ်ဖို့ချည်း ပြောနေတယ်။ သား ဘာလုပ်ရမလဲဖေဖေ။ သား သေချင်ပြီ"

သား၏ဖြစ်ရပ်ဆန်းကြောင့် ဖခင်ဖြစ်သူမှာ မကြံတတ်မစည်တတ်ဖြစ်နေရလေပြီ။

တမလွန်ပရလောက မရှိဘူးဟုလည်း တစ်ဖက်စွန်းရောက် ရုပ်ဝါဒဆန်ဆန် မယုံကြည်နိုင်သူလည်းဖြစ်သည်။

သား မောင်ဖေတင်အတွက်ကြောင့် အခက်တွေ့သောဖခင် ဦးညွန့်တင်မှာ နောက်ဆုံးတော့ သူတို့ကိုးကွယ်အားထားသော ကံပေါ်ကျောင်းဆရာတော် ဦးပဋ္ဌင်းဦးပဏ္ဍိတထံ ရောက်လာရခြင်းဖြစ်လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

❑

ဦးပဉ္စင်းဦးပဏ္ဍိတသည် ဦးညွန့်တင်ထံမှကြားသိရသော သူ့သားမောင်ဖေတင်၏ ပရလောကဖြစ်ရပ်ဆန်းကို သေချာစွာနားထောင်ရင်း ဤသို့ မှတ်ချက်ချသည်။

''ခုကိစ္စတွေဟာ အစွဲအလမ်းကြီးလွန်းလို့ ဖြစ်ရတာပဲဗျ။ အဲဒီအစွဲအလမ်းကိုကျွတ်အောင် အရင်ချွတ်ရလိမ့်မယ် . . . ဒကာကြီး''

''ဘယ်လိုချွတ်ရမှာလဲ ဦးပဉ္စင်းဘုရား။ တပည့်တော်သားအတွက်ဆိုရင် ငွေဘယ်လောက်ကုန်ကုန် လုပ်ပါ့မယ်ဘုရား''

''အင်း . . . ဒကာကြီးတို့လိုလူတွေကြောင့် ဟိတ်နဲ့ဟန်နဲ့ ပယောဂဆရာတွေ၊ ဂမ္ဘီရဝိဇ္ဇာကြီးတွေလို့ ကိုယ့်ကိုယ်ကိုယ် ဂမ္ဘီရပညာရပ်ဆိုထားဘုရားဟောက ဘယ်လိုဆိုထားတယ်၊ ခု တတ်ယောင်ကားတွေက ဘယ်လို အဓိပ္ပာယ်ကောက်လွဲနေတယ်ဆိုတာကို ဂဃနဏမသိကြဘဲ ဆရာလုပ်နေတဲ့သူတွေ စားပေါက်ကြီးပဲဗျ။ ဒီကိစ္စကို ကြီးကြီးကျယ်ကျယ် ငွေကုန်နေစရာ မလိုပါဘူးဗျာ''

''တပည့်တော့် သားဖေနဲ့မှို ပြောမိတာပါဘုရား''





''ကဲ . . . ဒါတွေ ထားပါတော့ဗျာ။ ဒီလောက် အစွဲအလမ်းကြီးတဲ့ တစ္ဆေသရဲမှ၊ ခင်မျှားသားရဲ့အိမ်ပေါ်က ထွက်ပြေးအောင် ကျုပ် လုပ်ပေးပါ့မယ်။ ခဏတော့စောင့်ဗျာ . . .''

ဦးပဉ္စင်းဦးပဏ္ဍိတသည် ထိုသို့ပြောဆိုပြီး သူ၏ဒကာရင်းဖြစ်သော ဦးညွန့်တင်အား ထားခဲ့ကာ သူကျိန်းစက်ရာအခန်းတွင်းသို့ ဝင်သွား၏။

အခန်းတွင်းမှာ ဆယ်မိနစ်ခန့်ကြာပြီးနောက် စာအိတ်တစ်အိတ်ကိုင်ကာ ပြန်ထွက်လာသည်။

''ကဲ . . . ဒီစာအိတ်ကို ယူသွားပေတော့။ ခင်မျှားနဲ့ ခင်မျှားသားကလွဲပြီး ဘယ်သူမှမသိစေနဲ့။ ပြီးတော့ အရေးတော်မပြီးမချင်း ဒီစာအိတ်ထဲက အစီအရင်ကိုဖွင့်ပြီး ဘယ်သူမှမဖတ်ရဘူး။ ယုံယုံကြည်ကြည်နဲ့ ခင်မျှားသားရဲ့ခေါင်းအုံးအောက်မှာ ထားအိပ်ဖို့ပြော။ အဲဒီလိုအိပ်ရင်လည်း စိတ်သန့်ကိုယ်သန့်ရှိပါစေ။ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေပြီးမှ အိပ်။ ကျုပ်ပြောတာတွေကိုသာ တစ်သဝေမတိမ်းအောင်သာ အတိအကျ လုပ်ပေတော့''

ဒကာကြီးဦးညွန့်တင်မှာ ဦးပဏ္ဍိတလှမ်းပေးသော စာအိတ်ကိုယူ၍ အိတ်ထဲတရိုတသေထည့်ကာ ဦးပဏ္ဍိတအားကန်တော့ပြီး ပြန်သွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

❑

ထိုသည်မှ နောက်သုံးလအကြာတွင် ...

ဒကာရင်းဖြစ်သူ ဖခင်ဦးညွန့်တင်နှင့်အတူ၊ သားဖြစ်သူ မောင်ဖေ တင်၊ သူ၏ဇနီးသစ်ကလေး ထွေးငယ်တို့မိသားစု ဦးပဉ္ဇင်းဦးပဏ္ဍိတ ကျောင်းသို့ ပြုံးရွှင်ကြည်နူးစွာ ရောက်လာကြလေတော့သည်။

သူတို့ လှူဖွယ်တန်းဖွယ်ပစ္စည်းများဖြင့် ဝတ်ပြုကန်တော့ကြပြီး နောက် ဦးပဉ္ဇင်းဦးပဏ္ဍိတအား ကျေးဇူးတင်စကားပြောကြလေသည်။

"တပည့်တော်သားမောင်ဖေတင်ကို အခြေအနေတိုးတက်အောင် ကုသပေးတဲ့အတွက် ကလေးတွေရော၊ တပည့်တော်ပါ အများကြီး ကျေးဇူး တင်လှပါတယ်ဘုရား"

"ကျုပ်က ကုသပေးတယ်ဆိုတာထက် အစွဲချွတ်ပေးတယ်လို့ ပြော ပါ ... ဒကာကြီးရဲ့"

"မှန်ပါ ... တစ္ဆေသရဲမအိဖြူရဲ့အစွဲကို ချွတ်ပေးတာ ကျေးဇူးတင် ပါတယ်ဘုရား"

"အင်း ... တကယ်တော့ တစ္ဆေသရဲမအိဖြူရဲ့ အစွဲဆိုတာထက် ဒကာကြီးရဲ့သား မောင်ဖေတင်ရဲ့အစွဲကို ချွတ်ပေးတာဆိုရင် ပိုမှန်ပါတယ်





ဗျာ။ ဗုဒ္ဓဘာသာအယူအဆအရ သေဆုံးသူဟာ သူပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံအရ ဘယ်ဘုံ၊ ဘယ်ဘဝ ရောက်ရှိနေတယ်ဆိုတာ မသိကြ ရပါဘူးဗျာ။ ဒါပေမဲ့ မောင်ဖေတင်နဲ့အိဖြူတို့ မသေခင်က ထားခဲ့ကြတဲ့ကတိ ကို ဒကာကြီးသားကမမေ့နိုင်ဘဲ စွဲလမ်းကျန်ရစ်ခဲ့တာကိုးဗျ"

"ဒါဖြင့် တစ္ဆေသရဲမအိဖြူရောက်လာပြီး သားကိုခြောက်လှန့်လေ့ ရှိတာကော ဘုရား"

"အဲဒါက တစ္ဆေသရဲမအိဖြူ တကယ်ရောက်လာပြီး ခြောက်လှန့် တာမဟုတ်ပါဘူး။ ခင်ဗျားသားအစွဲအလမ်းက ခင်ဗျားသားကိုပြန်ခြောက်တာ ပဲ။ သူ့စိတ်ထဲမှာ သူ့မိန်းမအိဖြူမသေခင်ကပေးခဲ့တဲ့ 'နောက်မိန်းမတစ် ယောက်ကိုချစ်မိပြီး မယူပါဘူး' ကတိကြီးကို မမေ့မပျောက်စွဲလမ်းနေခဲ့တာ ပဲ။ အဲဒီအစွဲအလမ်းဟာ သူ့ရဲ့မသိစိတ်ထဲမှာ ကိန်းအောင်းနေတယ်လေ"

"သူ့ရဲ့အဲဒီအစွဲအလမ်းကို သူဝါသနာကြီးပြီး စိတ်ပါလက်ပါ ဖတ် လေ့ရှိတဲ့ ခေတ်ပေါ်ဂမ္ဘီရစာအုပ်တွေက သူ့ကို ဆွဲယူခေါ်ဆောင်သွားပြန် တယ်။ အဲဒီမှာ ဂမ္ဘီရစာအုပ်တွေထဲက ဖြစ်ရပ်တွေအတိုင်း သေတဲ့လူနဲ့ မသိ စိတ်လွှမ်းမိုးတဲ့ အိပ်ပျော်သွားချိန်မှာတွေ့ပြီး သေတဲ့လူမကြိုက်တဲ့အလုပ်တွေ လုပ်မိပြီး ဖြစ်မှုကျူးလွန်ထားသူလိုဖြစ်။ တကယ်ပဲ တစ္ဆေသရဲမ ရောက်လာ သလိုယောင်ဖြစ်ပြီး အဲဒီဇာတ်လမ်းတွေ ဖြစ်ပေါ်လာရတော့တာပဲဗျာ"

"ဒါဆို ဦးပဉ္ဇင်းဆီက ဂါထာမန္တာန်တွေရေးထည့်ထားတဲ့ စာအိတ် ကိုယူသွားပြီး တပည့်တော်သားရဲ့ ခေါင်းအုံးအောက်မှာထားပြီး အိပ်စေတာ ကရောဘုရား"

"ဒီနေရာမှာ ယုံကြည်မှုဆိုတာ အရေးပါလာတာပေါ့ဗျာ။ အစွဲအလမ်း ဆိုတာ ယုံကြည်မှုရဲ့ ဆင့်ပွားဖြစ်တည်မှု အငယ်စားလေးပဲဗျ။ ကျုပ်ဖတ်ထား တဲ့ စိတ္တဗေဒစာအုပ်တစ်အုပ်မှာ အမျိုးသားတွေရဲ့ အတွင်းစိတ်မှာ အမျိုး သမီးဆိုတာရှိတတ်သလို၊ အမျိုးသမီးတွေရဲ့ အတွင်းစိတ်မှာလည်း အမျိုးသား ဆိုတာ ရှိနေတတ်တယ်။ အဖိုအမတတ်ပေါ့ဗျာ။

အစွဲအလမ်းကြီးလို့ပဲဖြစ်ဖြစ်၊ အလေ့အကျင့် ယဉ်ပါးလို့ပဲဖြစ် ဖြစ်၊ မသိစိတ်မှာ အစွဲအလမ်းရဲ့ဇာတ်ကောင် တကယ်ရှိသယောင်၊ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သယောင် ထွက်ထွက်ပြတတ်တယ်။ ဒါကို တရုတ်ရှေးပညာရှိတွေက 'ယင်' နဲ့ 'ယန်' ဆိုပြီး ပြောဆိုကင်ပွန်းတပ်ကြတယ်''

''မှန်ပါဘုရား။ စိတ်ဝင်စားစရာ ကောင်းလှပါပြီဘုရား''

ဖခင်ဦးညွန့်တင်၏ပြောစကားကို စာဖတ်ဝါသနာပါသော သားဖြစ်သူမောင်ဖေတင်ကပါ ဝင်ရောက်ထောက်ခံမှုပြုသည်။

''ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ပါ ဦးပဥ္စင်းစကားကို စိတ်ဝင်စားနေပါပြီဘုရား''

''ဒါဆို ကောင်းတာပေါ့ကွာ။ စကားဆက်ရရင် 'ယင်'နဲ့ 'ယန်' ထဲ 'ယင်'က အမဆန်သောဓာတ်၊ 'ယန်'က အဖိုဆန်သောဓာတ်လို့ ဆိုတယ်။ အရာတစ်ခုကို 'ယင်'လို့သတ်မှတ်ထားပေမယ့် သူ့ထက် အမပိုဆန်တာက လွှမ်းမိုးသွားရင် 'ယန်' ဖြစ်သွားတတ်တယ်။ 'ယန်'ကို 'ယင်'ဓာတ်က လွှမ်းမိုးသွားရင်လည်း 'ယင်'အဖြစ်ထွက်လာတတ်ပြန်တယ်။ သဘောကတော့ 'ယင်' ထဲမှာ 'ယန်'ရှိနေသလို 'ယန်'ထဲမှာလည်း 'ယင်'ရှိနေတတ်တယ်။

အဲဒီလွှမ်းမိုးမှုဟာ အစွဲတွေဖြစ်ပြီး အစွဲအလမ်းကြီးသူတွေ စိတ်အင်အားနည်းပါးတဲ့အချိန်မှာ ဒုက္ခပေးတော့တာပဲ။ အိပ်မက်ကဖြစ်စေ၊ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားတဲ့အခါမှာဖြစ်စေ တကယ်ထင်မှတ်ယူရလောက်အောင် ရောက်ရောက်လာတတ်တာမျိုးပဲ။ ဒါကြောင့် အဲဒီအစွဲအလမ်းကို ရအောင်ချုပ်ယူရတယ်''

မောင်ဖေတင်မှာ ဦးပဥ္စင်းဦးပဏ္ဍိတစကားကို ယုံကြည်မှု အပြည့်ရှိလာကာ ...

''မှန်ပါတယ်ဘုရား။ တပည့်တော်လည်း ဦးပဥ္စင်းရဲ့စာအိတ်ကို ဖေဖေပေးတဲ့နေ့ကစပြီး ဦးပဥ္စင်းမှာကြားလိုက်သလိုလုပ်၊ ယုံယုံကြည်ကြည်နဲ့ ခေါင်းအုံးအောက်မှာထားပြီး အိပ်တဲ့နေ့ကစပြီး တပည့်တော်ကို လာ,လာခြောက်တတ်တဲ့ အိဖြူရဲ့ရန်က ကင်းဝေးလွတ်မြောက်သွားပါတယ်ဘုရား''

''တပည့်တော်သား ဒီဒုက္ခတွေကလွတ်မြောက်သွားတာဟာ ဦးပဥ္စင်းပေးလိုက်တဲ့ အစီအရင်ကြောင့်ပါပဲဘုရား။ အဲဒီဂါထာမန္တာန်အစီအရင်က





ဘာလဲဆိုတာ တပည့်တော်သိချင်လှပေမယ့် ဦးပဥ္စင်းက ဖွင့်မကြည့်နဲ့ဆိုလို့ တပည့်တော်တို့ ဖွင့်မကြည့်ရဲကြပါဘူးဘုရား။ သိနိုင်မယ်ဆိုရင် တပည့်တော်တို့ သိချင်လှပါတယ်ဘုရား''

''ကျုပ်က အရေးတော်မပြီးမခြင်း စာအိတ်ကို ဖွင့်မကြည့်နဲ့လို့ ပြောလိုက်တာပါဗျာ။ ခုအချိန်မှာ ဖွင့်ကြည့်လို့ရပါပြီ''

''ဒါဆို အတော်ပဲဘုရား။ တပည့်တော် ယုံယုံကြည်ကြည်နဲ့ ခေါင်းအုံးအောက်မှာထားအိပ်ခဲ့တဲ့ အဲဒီစာအိတ်ကို ခု ဆရာတော့်ဆီအလာမှာ အသင့် အိတ်ထဲထည့်လာပါတယ်ဘုရား။ ဆရာတော်ရဲ့ခွင့်ပြုချက်နဲ့ ခုပဲ ဖွင့်ဖတ်ပါ့မယ်ဘုရား''

မောင်ဖေတင်သည် ပြောပြောဆိုဆိုနှင့် သူ့အိတ်ထဲမှာ အသင့်ပါလာသောစာအိတ်ကို ဖွင့်၍ဖတ်လိုက်ရာ ...

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ... ဓမ္မံ သရဏံ ဂစ္ဆာမိ ... သံဃံ သရဏံ ဂစ္ဆာမိ ...။ သရဏဂုံသုံးပါးကို ဘယ်သောအခါမျှ မမေ့လေနှင့်' ဟူသော စာကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သလို ပြောလိုက်မိသည်။

''တပည့်တော်က တစ္ဆေသရဲနှင်တဲ့ ထူးထူးခြားခြား ဂါထာမန္တာန် တစ်ခုခု ရေးထားတယ်လို့ အောက်မေ့ထားတာဘုရား''

''ဂမ္ဘီရတစ္ဆေသရဲ အခြောက်အလှန့်တွေ စိတ်ဝင်စားပြီးဖတ်နေတဲ့ မောင်ရင်တို့အနေနဲ့ 'ဉုံ'တွေ 'အုံ့'တွေပါမှ ဂါထာမန္တာန်တွေလို့ အောက်မေ့ထားကြတာကိုး။ အမှန်တော့ ဗုဒ္ဓဘာသာဝင်တိုင်း အလေးအမြတ်ထားကြတဲ့ သရဏဂုံသုံးပါးကို ရေးပေးလိုက်တာပဲ။ ဗုဒ္ဓဘာသာဝင်တွေအတွက် သရဏဂုံသုံးပါးလောက် ယုံကြည်အားထားရာ အခြားမရှိနိုင်ပါဘူးကွယ့်။

ဂမ္ဘီရအစွဲအလမ်းနဲ့ စိတ်ကစွဲပြီး စိတ္တဇနာစွဲနေတဲ့မောင်ရင့်ကို ဦးပဥ္စင်းက ယုံကြည်အားထားသက်ဝင်မှုဆိုတဲ့ စိတ်ကုထုံးနဲ့ ရိုးရိုးလေး ကုပေးလိုက်တာပါ။ ဘာပဲဖြစ်ဖြစ် မောင်ရင်လည်း အစွဲပျောက်၊ မောင့်ရင်နှိုးဟောင်းအိဖြူ တစ္ဆေသရဲမဖြစ်ပြီး ခြောက်လှန့်နေတာတွေဟာ တကယ်မဟုတ်တော့ဘူးဆိုတာ သိရပြီမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . သိရပါပြီဘုရား။ တပည့်တော်လည်း ဦးပဍင်းရဲ့ လက်တွေ့ကျကျ ကုသလိုက်တဲ့ကုထုံးကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း အားထားကိုးကွယ်တဲ့ ဗုဒ္ဓရဲ့သရဏဂုံသုံးပါးကို ပိုပြီး ယုံကြည်သက်ဝင်သွားပါပြီဘုရား"

"စွဲလမ်းမှုကြောင့်ဖြစ်ပေါ်နေတဲ့ ဥပါဒါန်ကြောင့် ယုံမှတ်မှားတဲ့စိတ်ကို စိတ်နဲ့ပဲပြေပျောက်အောင် ဖျောက်ပေးတယ်လို့ပဲ မှတ်ယူနိုင်ပါတယ် ဒကာလေး"

"တပည့်တော်အတွက် အင်မတန်အဖိုးတန်သော အဆိုအမိန့်ပါဘုရား . . ."

မောင်ဖေတင်မှ ပါးစပ်မှကျေနပ်စွာပြောရင်း ဦးပဍင်းဦးပဍ္ဍိုးကို ရှိသေစွာကန်တော့လိုက်လေရာ သူ့ဓါးဘေးမှ ချစ်ဇနီးသစ်ကလေး ထွေးငယ်ကလည်း မောင်ဖေတင့်နည်းတူ လိုက်၍ကန်တော့မိပြန်လေသတည်း။

ကျော်မင်းနိုင်




www.burmeseclassic.com

www.burmeseclassic.com

❑

လောကီပညာဟုခေါ်ကြသော အင်းအိုင်လက်ဖွဲ့ ယတြာ အစရှိသည်တို့မှာ ယုံရအခက်၊ မယုံရအခက်ပညာမျိုးဟု ခေတ်အလိုက် ပြောနေကြပေသည်။ ဤပညာကို ကြုံဖူးသူများက ဟုတ်သည်ဟုဆိုကြသလို၊ မကြုံဖူးသူက ဘာအဓိပ္ပာယ်မှမရှိဟု ဆိုကြပြန်သည်။ ဤလောကီပညာမှာ သိပ္ပံပညာကဲ့သို့ လက်တွေ့အခြေခံနှင့် ပြနိုင်သော ပညာမျိုးမဟုတ်သဖြင့် ခေတ်ပေါ်သိပ္ပံပညာနှင့် ရင်ဘောင်တန်းမလိုက်နိုင်ဘဲ အယုံအကြည်ကင်းမဲ့ကာ ပျောက်ကွယ်လုမတတ် ရှိနေပေသည်။

သို့ရာတွင် တွေးစရာတစ်ခုတော့ရှိသည်။ သိပ္ပံပညာမှာ ယခုခေတ်လူတို့ အသုံးများသလို လောကီပညာကိုလည်း သူ့ခေတ်နှင့်သူများစွာ ယုံကြည်ပြီး အသုံးပြုခဲ့ကြသဖြင့် ဤပညာကို အဓိပ္ပာယ်မဲ့သောပညာ၊ မခြေအမြစ်မရှိသောပညာဟု တစ်ထစ်ချပစ်ပယ်သင့်သည်ဟု ဆိုရန်မသင့်ပေ။

ပညာတစ်ခုသည် သူ့ခေတ်နှင့်သူ ပေါ်ပေါက်လာပြီး ခေတ်အလိုက် ပျောက်ကွယ်သွားကြသည်လည်း ရှိသည်။ မည်သည့်ပညာကိုမဆို အတိမ်အနက် သိရန်မှာ လိုက်စားတတ်ကျွမ်းသူတို့ကသာ သိနိုင်မည်ဖြစ်ပြီး ထိုပညာမျိုးကို နကန်းတစ်လုံးမသိဘဲ ခေတ်နှင့်မညီ ယုံစရာမရှိ၊ အသုံးမကျဟု ပြောရန်သင့်မည် မထင်ပေ။

ဤလောကတွင် အကြောင်းများစွာ ရှိနေ၏။ ထိုအကြောင်းများ၏ ဖြစ်ပေါ်ပုံဇာစ်မြစ်ကို လေ့လာစုံစမ်း၍ ရသည်လည်းရှိသည်။ လေ့လာစုံစမ်း



၍ မရသေးသော အကြောင်းလည်းများစွာရှိ၏။ စုံစမ်းလေ့လာ၍မရဘဲ တွေးရခက်ကြီးပါဆိုသောကိစ္စတွင် လောကီပညာရပ်သည် ယခုခေတ် မယုံကြည်သူများ၊ မယုံတစ်ဝက်၊ ယုံတစ်ဝက် လူများအတွက် ပြဿနာတစ်ခုဟု ဆိုရပေမည်။

လွန်ခဲ့သည့်နှစ်ပေါင်း လေးငါးရာက လူများကို ယခုခေတ်လူများတို့သည်၊ သိပ္ပံပညာ လောကဓာတ်ပညာဖြင့် ကောင်းကင်တွင် ပျံနေကြလိမ့်မည်ဟု ပြောက မဖြစ်နိုင်တာကြီးဟု ပြောပြီး ရယ်ကောင်းရယ်ကြပေမည်။ ထို့အတူ ယခုခေတ်လူတို့အား ဘားမဲ့ဆရာတော်သည် ကျောက်ဖျာကြီးအင်းချပြီးမြစ်ကို ကူးသွားခဲ့သည်ဟုဆိုလျှင် အူနာအောင် ရယ်သူရှိကြ၏။ ယင်းသို့လျှင် ပညာရပ်ဟူသည် ခေတ်အလိုက် ထင်ရှားကြလေသည်။

တွေးရခက်ကြီးပါ။ ပညာရပ်ဟုခေါ်ဆိုနိုင်သော ပညာရပ်နှင့်စာရေးသူသည် သူများပြောကို မကြာခဏ ကြားခဲ့ဖူးသည်။ ဒဏ္ဍာရီဆန်သဖြင့် ယုံရန်ခက်ခဲသည်ဟု သာမာန်မျှတွေးပြီး စိတ်ဝင်စားမှု မရှိခဲ့ပေ။ သို့ရာတွင် မိမိကိုယ်တိုင် နှစ်ကြိမ်သုံးကြိမ်မျှ ကြုံတွေ့ရသောအခါတွင်မူ ဘာလိုလိုနှင့် တွေးရခက်ကြီးအဖြစ် တွေးမဆုံးအောင် ယနေ့ထိ ဖြစ်နေခဲ့လေ၏။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က စာရေးသူသည် တောင်တစ်တောင်တွင် တောင်မှူးအဖြစ် လုပ်ကိုင်နေ၏။ ဤတောင်သို့ စာရေးသူပြောင်းရွှေ့လာခဲ့သည်မှာ လေးလခန့်သာ ကြာသေးသဖြင့် တစ်နေရာသို့ ပြောင်းရွှေ့ရမည်ဟု လုံးဝမထင်ခဲ့ပေ။

ဤကဲ့သို့ လအနည်းငယ်အတွင်း ပြောင်းရွှေ့ရိုးလည်း မရှိခဲ့။ သို့ရာတွင် မမျှော်လင့်ဘဲ စာရေးသူအား အမြန်ပြောင်းရွှေ့ရန် သံကြိုးတစ်စောင် ရရှိခဲ့လေသည်။ ထိုအခါ တောင်ကို တာဝန်ခံအုပ်ချုပ်ရသူပင် အံ့ဩလွန်း၍ ခေါင်းကုတ်သွားလေသည်။ တောင်ပိုင်ကြီးသည် စာရေးသူအား ဤတောင်တွင် မကြိုက်၍ အထက်သို့ အစီရင်ခံခဲ့ခြင်း လုံးဝမရှိသည်မှာ စာရေးသူအား အလွန်ခင်ရှာ၏။

စာရေးသူသည် ပြောင်းခြင်းရွှေ့ခြင်းကို အလွန်မုန်းတီးသူဖြစ်သည်။ သို့ရာတွင် ကုသိုလ်ကံအလျောက် ဗမာတစ်ပြည်လုံးကို အနှံ့အဆန်ပြောင်း

www.burmeseclassic.com



ရွှေ့ရသည့် အကျဉ်းဌာနတွင်မှ ပရိယေသနအဖြစ် လုပ်ကိုင်စားသောက်နေရသည်ပင် မိမိ၏ဘဝသည် တွေးရခက်ကြီးအဖြစ်နှင့် ဆုံစည်းနေရပြန်သည်။

စာရေးသူသည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရတိုင်း အလုပ်မှ ထွက်ချင်စိတ် အမြဲဖြစ်နေသူပေတည်း။ သို့ရာတွင် စိတ်သွား၍ ကိုယ်မပါဘဲ စေသည့်ကျွန် ထွန်သည့်နွားအဖြစ်နှင့် ယခုတိုင် လုပ်စားနေရ၏။

စာရေးသူ ဤမြို့ရောက်ခဲ့ရာ အစားအသောက် ပေါသည်တစ်ကြောင်း၊ အထက်လူ ကောင်းသည်တစ်ကြောင်းကြောင့်၊ လုံးဝပြောင်းလိုစိတ် မရှိပေ။ သို့ရာတွင် ပြောင်းရွှေ့စာမှာ ရိုးရိုးစာပင်မဟုတ်၊ သံကြိုးစာဖြစ်သဖြင့် အမိန့်က ပြင်းထန်လှလေသည်။

ယင်းသို့ မပြောင်းချင်ဘဲနှင့် ပြောင်းရမည်ဖြစ်နေရာ မိတ်သင်္ဂဟများကလည်း ထောင်ပိုင်ကြီးကအစ စိတ်မကောင်းဖြစ်နေကြ၏။ မသွားဖြစ်အောင် နည်းအမျိုးမျိုးလည်း ရှာကြ၏။ နည်းကားမရှိပေ။ အရင်းခံဖြစ်သည့် ထောင်ပိုင်ကြီးကပင် ရိုးရိုးအမိန့်စာနှင့် ပြောင်းလျှင် ကိစ္စမရှိ။ ယခုတော့ သံကြိုးဖြစ်၍ မကြံသာဟု လက်လျှော့နေလေသည်။

ဤကဲ့သို့ အဖြစ်ကြုံနေရာ စာရေးသူမှာ မတတ်သာ၍ ချက်ချင်း အထုပ်အပိုးပြင်ပြီး သုံးရက်အတွင်းသွားရန် ပြင်ဆင်ရတော့သည်။ စာရေးသူ ပြောင်းရွှေ့ရမည့်အကြောင်း၊ တစ်ဦးမှတစ်ဦးသို့ ပြန့်နှံ့သွားရာမြို့ခံ မိတ်ဆွေကြီးတစ်ဦးအိမ်သို့ ညကြီးမင်းကြီး စိတ်မကောင်းစွာဖြင့် လာရောက်နှုတ်ဆက်ရင်း မပြောင်းဖြစ်အောင် အကြံပေးရှာလေသည်။

မိတ်ဆွေကြီး၏ အကြံပေးချက်မှာ အထူးမဟုတ်ပေ။ ဗမာ့ရိုးရာ ယတြာချေနည်းပင်ဖြစ်သည်။ စာရေးသူမှာ ယုံသည်မယုံသည်ထား၊ မိတ်ဆွေတစ်ဦးက ညကြီးမင်းကြီး တကူးတက လာရောက်ပြောသည်ကို ကျေနပ်ပါစေတော့ဟုဆိုကာ မိတ်ဆွေကြီးခေါ်ရာ ယတြာကောင်းသည်ဆိုသည့် ဆရာကြီးထံ လိုက်သွားမိလေသည်။ ထိုဆရာကြီးကလည်း တော်ပါပေသည်။ ပိုက်ဆံပေး၍ ယူသည်မဟုတ်။ ဆရာကြီးက မပြောင်းလိုလျှင် ဘုရားတွင် ပုသိမ်





ပိတ်ထီးတစ်လက်၊ ယုံယုံကြည်ကြည်နှင့်သွားလှူရန် တိုက်တွန်းလေသည်။ ထီးဝယ်ရာတွင် ဈေးမဆစ်ဘဲ ဝယ်ရမည်ဟု မှာလိုက်၏။

ထိုစကားအရ မိတ်ဆွေကြီးက သူ့ပိုက်ဆံနှင့်သူ ပုသိမ်လုပ် ပိတ်ထီးတစ်လက်ဝယ်ပြီး စာရေးသူအား လက်ဆောင်ပေးရာ စာရေးသူက စေတနာသုံးတန်ဖြင့် အလကားရသောထီးကို မိတ်ဆွေကြီးနှင့်အတူ ဆင်းတုတော်ကြီးတစ်ဆူတွင် ဆုမွန်တောင်းပြီး လှူပစ်ခဲ့လေသည်။

နံနက်မိုးလင်းလျှင် ဖနီးလုပ်သူက အိမ်မှအထုပ်အပိုးပြင်၊ စာရေးသူက ရုံးအလုပ်ကို သူများအားလွှဲနှင့် အလုပ်ကို မနေမနားလုပ်ရသဖြင့် တစ်ရက်ကုန်သွား၏။ နောက်တစ်ရက် ဤနည်းနှင်နှင် လုပ်၍ ဒုတိယနေ့ တစ်နေကုန်ပြန်သည်။ တတိယနေ့တွင် ထီးလက်ဆောင်ပေးသည့် မိတ်ဆွေကြီးက အကြောင်းထူးမထူး လာမေးရှာ၏။ စာရေးသူက မိတ်ဆွေကြီးကျေနပ်အောင်သာ လုပ်ခဲ့ရသည်။

အဘယ်မှာ ယုံကြည်မှု အားထားမှုရှိပါမည်နည်း။ သို့နှင့် စာရေးသူက လာမေးသည့် မိတ်ဆွေကြီးအား မချိသွားဖြဲနှင့် ခေါင်းခါပြလိုက်ရသည်။ မိတ်ဆွေကြီးမှ အားမလျော့။ ဒီနေ့တစ်ရက် ကျန်ပါသေးတယ်ဗျာဟု စိတ်မကောင်းဟန်ဖြင့် အတော်ကြာ ထိုင်နေလေသည်။

စာရေးသူသည် တတိယနေ့ အလုပ်လွှဲအပ်ပြီးသလို ဖနီးဖြစ်သူကလည်း အိမ်တွင်သိမ်းဆည်း၍ ပြီးပြီဖြစ်၏။ ဘာပဲဖြစ်ဖြစ် လခစားအလုပ်ဟူသည် ပြောင်းရွှေ့ရန်အတွက် မိမိရှိသမျှတာဝန်ကို တစ်ဦးတစ်ယောက်အား လွှဲအပ်ပြီးသောအခါ ခေါင်းတော့ အတော်ပေါ့သွားမြဲဖြစ်လေသည်။

စာရေးသူမှာ အလုပ်လွှဲပြီးဖြစ်၍ ရသမျှအချိန်လေးတွင် မိတ်သင်္ဂဟများကို လိုက်ပြီးနှုတ်ဆက်လေသည်။ အပြေးအလွှားနှုတ်ဆက်ရသမို့ လူလည်း စုံချင်မှစုံပေမည်။ သို့ရာတွင် မတတ်နိုင်တော့၊ ထမင်းလည်း ဆာပြီဖြစ်၍ ညကိုးနာရီကျော်ခန့်တွင် အိမ်သို့ပြန်လာခဲ့စဉ် ခပ်ဝေးဝေးမှပင် အိမ်ဆူဆူညံညံ စကားပြောသံကြားရ၏။ သို့နှင့် ဘာများလဲဟု ခပ်သွက်သွက် လေးလာခဲ့ရာ ယတြာမိတ်ဆွေကြီးက အားရဝမ်းသာနှင့် လှမ်းပြောသံကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျွန်တော် မပြောဘူးလားဗျ။ ဒီမယ် ... သံကြိုး ခင်ဗျား မပြောင်းရတော့ဘူး။ အခုတင် ထောင်ပိုင်ကြီးအိမ်က ဖို့လိုက် တယ်"

မိတ်ဆွေကြီးနှင့်တကွ အားလုံးမိတ်သင်္ဂဟများ ဝမ်းသာသလို စာရေး သူလည်း ဝမ်းသာသွား၏။ ဝမ်းသာသည်ထက် စာရေးသူမှာ အံ့ဩ၍ ဖြစ်ရချေသည်။ သံကြိုးစာကို သေချာစွာဖတ်ကြည့်ပြီး ထောင်ပိုင်ကြီးအိမ် သို့ သွားမိပြန်သည်။

"ဟန်ကျလိုက်တာ မပြောင်းရတော့ဘူး။ ဘယ်လိုက ပြောင်းမှ လာပြီး ဘာကြောင့် အမိန့်ကို ပယ်လိုက်သလဲဆိုတာ တွေးမရဘူး။ လေ ... ဘာပဲဖြစ်ဖြစ်၊ မပြောင်းရဖို့သာ မှုလပဲ"

ထောင်ပိုင်ကြီးက အားရဝမ်းသာ ပြောလိုက်သည်။ ထောင်ပိုင်ကြီး နှင့် အတော်ကြာပြောနေပြီး စာရေးသူ ပြန်ခဲ့သည်။ ဤအကြိမ်သည် ထ သက်တွင် ပထမဆုံးတွေ့ကြုံရသော တွေးရခက်ကြီး လောကီပညာအကြောင်း ပေတည်း။

ဒုတိယအကြိမ် တွေ့ကြုံရသည်မှာ မိမိအတွက်နှင့် ပတ်သက် တော့မဟုတ်။ သို့ရာတွင် ကိုယ်တွေ့ကိုယ်ကြားဟု ပြောရမည်ဖြစ်၏။

မိတ်ဆွေ မိန်းမတစ်ဦး၏သားသည် ကုန်ရောင်းကုန်ဝယ်ထွက်သွား ရာအချိန်တန်၍ ပြန်မလာသဖြင့်၊ အတော်စိတ်မကောင်းဖြစ်နေရှာ၏။ နော မိတ်ဆွေမိန်းမတစ်ဦးလည်း လင်အကြောင်းနှင့်ပတ်သက်၍ အတော်စိတ် မကောင်း ဖြစ်နေပြန်သည်။ ယေဘုယျအားဖြင့် မိန်းမများသည် စုန်း–နတ်– ဗေဒင်ကို ယုံကြည်ကြရာ စိတ်များနေသူမိန်းမနှစ်ဦးသည် ထုံးစံအတိုင်း ဗေဒင် ဆရာဆိုသူတစ်ဦးအား သွားခေါ်ကြလေသည်။

ဗေဒင်ဆရာသည် သတင်းစာတွင် အထူးတလည် ကြော်ငြာ သည့် နာမည်ကြီးအမည်ခံ ဗေဒင်ဆရာများကဲ့သို့ တစ်ခါကြည့်တစ်ဆယ်– တစ်ရာ–တစ်ထောင် ပေးရသည့် ဆရာမျိုးမဟုတ်။ သူ့နှုန်းက တစ်ကျပ်သာ တည်း။





"ကဲ ... ဆရာ၊ ကျွန်မမေးပါရစေ"

လင်အကြောင်းနှင့် မေးလိုသည့်မိန်းမကြီးက ဈေးဦးဖောက်လိုက် သည်။

ကြားသိရသမျှ ဤဗေဒင်ဆရာမှာ ဤအရပ်ကမဟုတ်။ လှည့် လည် သွားလာနေပြီး ကြုံသလို ဟောသူအဖြစ် သိရသည်။ သူ၏ပညာမှာ နံ့ဗေဒင်မဟုတ်၊ နတ်ဗေဒင်ဟု ပြောကြ၏။ ဗေဒင်ဆရာသည် ကျောက် သင်ပုန်းတွင် သူများဖတ်မရသော ကြက်ခြေခတ်လိုလို၊ မျဉ်းကြောင်းလိုလို အကြောင်းများကို ရေးခြစ်နေ၏။

"ခင်ဗျား မမေးပါနဲ့။ ခင်ဗျားမေးချင်တာကို ကျုပ်ပြောမယ်။ မှန် ရင်သာ ပြော။ မမှန်ဘူးဆို ကျုပ်ပြန်မယ်"

သူ့ပြောပုံဆိုပုံမှာ တစ်ပုံထူးဆန်းလေသည်။

"ကဲ ... ဒီလိုဆို ဆရာသာပြောတော့"

မိန်းမကြီး စိတ်ကောက်ဟန်ဖြင့် ပြောလိုက်တော့သည်။

"အဲ ... ခင်ဗျား လင်ပူနာ တိုက်နေတာကိုးဗျ။ ခင်ဗျားယောကျ်ား ထားယေ်နဲ့သွားပြီ။ ခင်ဗျားဆီ ပြန်မလာတော့ဘူး။ မယားငယ်က တရုတ် မြားမ။ ခင်ဗျားယောကျ်ားယူသွားတဲ့ ပိုက်ဆံလည်း ပြန်မရဘူး။ ကဲ .. မဟုတ်လား"

မိန်းမကြီးမှာ ကြက်ကို လည်လိမ်ခံရသလို ခေါင်းငိုက်ဆိုက်ကျသွား သည်။ ဗေဒင်ဆရာသည် မျက်စိနှင့် တပ်အပ်မြင်ရသလို ဟောလိုက် ဖြင့် မိန်းမကြီး မျက်ရည်သုတ်နေရရှာသည်။

"ကဲ ... ကျွန်မကို ဆက်ဟောပါဦးဆရာ"

နောက်တစ်ဦးက ရင်တဒိတ်ဒိတ်နှင့် မေးပြန်၏။

ဗေဒင်ဆရာသည် သူသာသိသော အက္ခရာမျဉ်းကြောင်းနှင့် ကြက် ခြေခတ်ကို သင်ပုန်းတွင် တွင်တွင်ရေးခြစ်ပြီး မော့ကြည့်ကာ တောက် လျှောက် ဟောတော့သည်။

"ခင်ဗျားသား ခရီးသွားတာ သုံးလရှိနေပြီ၊ ပြန်မလာဘူးမှတ်ပါ။ ဗမာရောင်းတဲ့ကုန်က ဆား ဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ဆရာ။ ကျွန်မသား ဘယ်တော့ ပြန်လာမ အသက်ရှင်လို့ကော ရှိမှရှိသေးရဲ့လား"

ဒုတိယမိန်းမကြီး။ ဗေဒင်ဆရာ မှန်လွန်း၍ စကားမဆုံးမီ ဖြတ်ဝင်မေးလိုက်ပေသည်။

"ဟာ ... ဒီမိန်းမကြီး သိပ်လောကြီးတာကိုးဗျ။ ဒီလိုဆို မဟောချင်ဘူး။ ကျုပ်ပြောတာ ဆုံးမှမေးချင်မေး"

ဗေဒင်ဆရာသည် ဘယ်လိုလူမှန်းမသိ အတော်ဒေါပွသွား

"သည်း ... သည်းခံပါဆရာ။ သားလေးအတွက် စိုးရိမ်လွန်း မေးမိတာပါ"

မိန်းမကြီးက အတော်တောင်းပန်ရလေသည်။

"အဲ ... ခင်ဗျားသား မသေဘူး။ သုံးရက်အတွင်း အိမ်ပြန်ရော မယ်။ ဒါပဲ"

ဗေဒင်မေးသူ မိန်းမနှစ်ဦးမှာ တစ်ဦးကငိုယိုပြီး တစ်ဦးက အ ဝမ်းသာ ဖြစ်ခဲ့ရသည်။ ဤဗေဒင်ဆရာမှာ သမရိုးကျ ဗေဒင်မဟုတ်။ ဗေဒင်မှန်းမသိ။ နတ်ဗေဒင်ဟုသာ ပြောကြသည်။ ဗေဒင်ဆရာက စိတ် ရလျှင် လာမေးသူများ၏ အမည်နာမနှင့်နေသည့် မြို့ရွာကိုပင် ပြော သည်ဟု ကြားရသည်။ ဘယ်လိုပညာမှန်းတော့ မသိပေ။

ဒုတိယမေးသူ မိန်းမကြီး၏သားလည်း သုံးရက်အတွင်း ပြန်ရော လာသည်မှာ အမှန်ပင်ဖြစ်သည်။ သူမ၏သား ကြာသွားသည်မှာ ဆားရော သွားရင်း မိန်းမကြီးတစ်ဦးနှင့် ညားနေခဲ့၍ မပြန်နိုင်ကြောင်း နောက်မှ သည်။ အကယ်၍ ဗေဒင်ဆရာသာ စိတ်ဆိုးမသွားပါက ဒီအဖြစ်ကို ကြားကောင်းကြားရမည်ထင်၏။

ဤအဖြစ်အပျက်မှာ အကယ်ပင်ဖြစ်သည်။ ထိုဗေဒင်ဆရာ အညတြ မထင်ရှားသူဖြစ်သည်တစ်ကြောင်း။ စိတ်ရမှ ငွေတစ်ကျပ်ယူ ပြီး သွားချင်သည့်အချိန် ထသွားတတ်သည်ဟုဆို၏။ ထိုဗေဒင်ဆရာ ပတ်သက်၍ ဆက်လက်ကြားရသောသတင်းမှာ ဤဗေဒင်ဆရာသည် ကလေးတစ်မြို့တွင် အရိုက်ခံရပြီး ထိုမြို့မှ ပျောက်သွားသည်ဟုဆို၏။





အရိုက်ခံရသည့်အကြောင်းမှာ မြို့စောင့်တပ်ကလေးတစ်တပ်တွင် သမ်းတောင့်များစွာပျောက်သွားရာ တာဝန်ခံဗိုလ်မှာ မကြံတတ်အောင် ဖြစ်နေသည်ဆို၏။ သို့နှင့် တစ်ဦးနှင့်တစ်ဦး အကြံပေးချက်အရ အနီးဗေဒင်ဆရာ ရောက်နိုက် တာဝန်ခံဗိုလ်က ဗေဒင်မေးလေတော့သည်။

ဗေဒင်ဆရာမှန်လိုက်ပုံမှာ ခိုးသူတပ်သားနှင့် မြေကြီးတွင် ဝှက်ထား ပုံကိုပါ အတိအကျဟော၍ ပျောက်နေသည့်ယမ်းတောင့်အားလုံး ပြန်ရသည် ဆို၏။ သို့ရာတွင် ဗိုလ်အတွက် အခက်ကြုံသည်မှာ ခိုးသည့်တပ်သားကို ဗေဒင်ဆရာအဟောဖြင့် အရေးမယူနိုင်ခြင်းဖြစ်သည်။ အဲ ... နောက်မကြာ ပါပေ။ ယမ်းတောင့်ခိုးသည့်တပ်သားက ဗေဒင်ဆရာအား တစ်နေ့သော ညဘက်တွင် ...

"ဗေဒင် မှန်ဦးဟာ ... မှန်ဦးဟာ"

ဟုဆိုကာ အရက်မူးမူးနှင့် အိမ်ပေါ်တက် ထောင်းလေ၍ ဗေဒင် ဆရာခမျာ သူ့အတွက် ဗေဒင်ကြည့်မထားလေရော့လားမသိ၊ ကျောကော့ပြီး ပြေးရရှာလေသတည်းဟု သတင်းကြားရလေသည်။

ဤသည်မှာလည်း လောကီပညာ၏ တွေးရခက်ကြီးပါ ပညာဟု သာ ဆိုရမလိုဖြစ်တော့၏။ ဤတွေးရခက်ကြီးပါ ပညာသည်တစ်ဦးနှင့် ကြုံကြိုက်ပါလျက် စာရေးသူသည် ဗေဒင်မေးရန် အကြောင်းမရှိ၍ မမေးခဲ့ပေ။ ဗေဒင်ဆရာကလည်း အရေးတကြီး ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ခု အတွက်သာ ဟောပြီး တစ်သက်တာ အကြောင်းမဟောဟုဆို၏။ သို့ရာ တွင် ထိုစဉ်က စာရေးသူအရေးတကြီးအဖြစ် ...

"ကျုပ် ဘယ်တော့သေမလဲဗျ"

ဟု မေးခဲ့ချင်၏။ ဤကိစ္စမှာ အရေးတကြီးကိစ္စမဟုတ်၍ ဗေဒင် ဆရာက ဟောချင်မှဟောပေမည်။ အကယ်၍ တစ်တစ်ခွခွ မကြာမီရက် အတွင်းသေမည်ဟု ဟောခဲ့ပါသော် ကြိုးမိန့်ပေးခံရသူပမာ သေရက်ကို သိရ၍ အဘယ်မှာ ပျော်ရွှင်နိုင်ပါအံ့နည်း။ ယင်းသို့ အခက်ရှိခဲ့၍ စာရေးသူ ယမ်းတောင့်ခိုးသော စစ်သားလို မှန်ဦးဟာ ... မှန်ဦးဟာ ရိုက်ခွင့်မြှ ရှိနေမည်မဟုတ်သဖြင့် အာဘွားပွနေဗေဒင်ပညာရှင်နှင့် လွဲခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် တွေးရခက်ကြီးဆိုသောကိစ္စနှင့် စာရေးသူကြုံ ပြန်သည်။ ဤတစ်ကြိမ်မှာလည်း ကိုယ်တွေ့မဟုတ်။ သို့ရာတွင် ကိုယ်ရေး လိုပင် ပြောရမည်ဖြစ်လေတော့သည်။

စာရေးသူရှိနေသော ထောင်တစ်ထောင်မှ လူသတ်မှုဖြင့် အထောင် ကြာအောင် ထောင်တွင်း၌ အချုပ်ခံနေရသော အချုပ်သားတစ်ဦး၏ အကြော အဖျက်ပင်ဖြစ်သည်။

ထိုအချုပ်သားမှာ လူသတ်မှုဖြင့် ထောင်တွင်း၌ ကြာမြင့်စွာ အချုပ် ခံနေပြီး တရားရှင်လွတ်သွားလေသည်။ တရားဥပဒေ၌ တရားခံအား အကြောင်း မလုံလောက်၍ လွှတ်ရာ၌ (Discharged) တရားရှင်နှင့် (Acquitted) တရားသေလွှတ်ခြင်းဟု နှစ်မျိုးရ၏။

တရားရှင်မှာ တရားသူကြီးက တရားခံအပေါ် ဒွိဟသံသယရှိ လျှင် ဒွိဟသံသယအကျိုးကို တရားခံအား ခံစားခွင့်ပေးရမည်ဆိုသည့် ဥပဒေ အရ လွှတ်ငြိမ်းခွင့်ပေးခြင်းဖြစ်၏။ တရားဥပဒေတွင် (Benefit of doubt is to be given to the accused) ဟု ဆိုထားလေသည်။

ဆိုလိုသည်မှာ တရားခံသည် ဤအမှုကို ကျူးလွန်သည်ဟုလည်း တွေးနိုင်သည်။ မကျူးလွန်ဟုလည်း တွေးနိုင်သည်။ ဤကဲ့သို့ နှစ်မျိုးနှစ် စား တွေးဆနိုင်သော သံသယဒွိဟအမှုမျိုးတွင် တရားခံအား ဒွိဟ–သံသယ အကျိုးကို ခံစားစေပြီး လွှတ်ငြိမ်းခွင့်ပေးရသည်ဟု ကြားသိရသည်။

တရားသေခေါ် (Acquitted) အမှုမျိုးမှာ တရားခံအပေါ် အပြစ်မရှိ ဟု လုံးဝသံသယမရှိဘဲ လွှတ်လိုက်သောအမှုမျိုးဖြစ်၏။ ဤကား တရားရှင် နှင့် တရားသေလွှတ်ခြင်းကို သိရသမျှ ဖော်ပြခြင်းပင်တည်း။

အထက်ဖော်ပြပါအမှုတွင် လူသတ်တရားခံသည် ကြာမြင့်စွာ ချုပ် နှောင်ခံရပြီးမှ ထောင်မှလွှတ်သွားလေသည်။ အကျဉ်းထောင်အလုပ်တွင် ထောင်ကျခြင်း၊ ထောင်မကျဘဲ လွှတ်သွားခြင်းတို့သည် အထူးအဆန်းမဟုတ်။ တရားခံတစ်ဦးရောက်လာလျှင်လည်း ဘယ်လိုဘယ်နည်း ဖြစ်လာရသလဲဟု မေးရိုးထုံးစံမရှိသလို၊ လွှတ်သွားလျှင်လည်း ဘာကြောင့်လွှတ်သလဲဟု စပ်စု နေချိန်မရှိ။ တစ်နေ့တစ်နေ့ကို ထောင်ကျသူ အများကြီးရှိသလို လွှတ်သွား





သူကလည်း တစ်ပုံတစ်ခေါင်းကြီးဖျ။ ထောင်မှူးထောင်ပိုင်အလုပ်က ဤသူ အား ဤအမှုနှင့်ချုပ်ထားပါဟု တရားသဖြင့် ရုံးမိန့်ပါလာက ချုပ်ထား၏။ ဤသူအား လွှတ်လိုက်ပါဟု အမိန့်ရရှိလျှင် လွှတ်လိုက်သည်သာတည်း။ ဘာမှ မေးရိုးထုံးစံမရှိ။ ဒီလိုမေးနေရ အာပေါက်တောင် သေသေး။

ဥပမာမှာ– စာရေးကြီး၏ရွှေလက်စွပ်ကို အပေါင်ဆိုင်တရုတ် (ယခု ခေတ်ဆိုရင် မြည်သူ့ငွေချေးကုမ္ပဏီပေါ့ဗျာ)က ...

"စာရေးကြီးက ခင်ဗျား ဒီနေ့ ဖဲရှုံးလို့ လာပေါင်သလားဗျာ"

ဟု မေးရိုးမေးစဉ်မရှိကြ၊ ရွှေသာမှန်ပါစေ လက်ခံ၏။ ရွှေမှန် ရင်တော့ ပုလိပ်လက်ရဲလက်သို့ စာရေးကြီးကို အပ်ပေလိမ့်မည်၊ အဲ ... စာရေးကြီးက လက်စွပ်ကို ပြန်ပြီးလာရွေးလျှင်လည်း ...

"ဟဲ ... ဟဲ ... စာယေးကီး ... ဒီနေ့ ရုံးက ပွလာတယ်ထင် တယ်"

ဟု မေးစမ်းမည်မဟုတ်။ အရင်းနှင့် အတိုးကို မှန်ကန်စွာရရှိက တရုတ်ကြီးသည် လက်စွပ်ကို စာရေးကြီးအား ပေးအပ်လိမ့်မည်။ ဤသည် မှာ အပေါင်ဆိုင်များ၏ လုပ်ရိုးလုပ်စဉ် အလုပ်ပေတည်း။

ကဲ ... ရှင်းပါရဲ့လားဗျာ၊ ထောင်အလုပ်လည်း အနီးလိုပါပဲ။ တရားခံတစ်ယောက် ရောက်လာခြင်း၊ ဤတရားခံပင် လွှတ်သွားခြင်း။ အနီ တရားခံပင် နောက်တစ်နေ့ ပြန်ဝင်လာခြင်းမှာ ထောင်ကြီးအတွက် အထူး အဆန်းမဟုတ်။ ရောဝတီမြစ်ကြီးအပေါ် ဘယ်သင်္ဘော၊ ဘယ်လှေ စုန်ချင် စုန်၊ ဆန်ချင်ဆန် ရောဝတီက အသိအမှတ်မပြုသလို ထောင်ကြီးကလည်း ဝင်ချင်တဲ့လူဝင်ခဲ့၊ ထွက်ချင်သူထွက်သွား အရေးမလုပ်။ အဲ ... ဇာတ် ကြောင်းတောင် ဘယ်ရောက်သွားပါလိမ့်။

အထက်ဖော်ပြပါ အချုပ်သမားသည် ကံကောင်းထောက်မ၍ တစ် နေ့ ထောင်က လွှတ်သွားလေသည်။ သို့ရာတွင် မကြာပါပေ။ ဤကျော် ပေါက်မ လက်တစ်နှိက်နှင့်လူပင် လူသတ်မှုဖြင့် ထောင်သို့ဝင်လာပြန်၏။ စာရေးသူအထင် သတ်လည်းသတ်နိုင်တဲ့ အကောင်ပဲဟု သံသယမှုတွေခဲ့ လေသည်။

www.burmeseclassic.com



တစ်နေ့တွင် စာရေးသူသည် မိမိနှင့်ခင်မင်ရင်းနှီးသော ဆရာဦးပဥ္စင်းထံသို့ ရောက်သွားလေသည်။ စာရေးသူကျောင်းပေါ်တက်သွားချိန်တွင် ဦးပဥ္စင်းရှေ့၌ တောသူမကြီးတစ်ဦး မျက်ရည်စမ်းစမ်းဖြင့် ဦးပဥ္စင်းနှင့် စကားပြောနေသည်ကို တွေ့ရ၏။

စာရေးသူသည် ဦးပဥ္စင်းအား ဝတ်ချရှိခိုးပြီး သူတို့ အေးအေးစကားပြောကြပါစေသဘောနှင့် ဦးပဥ္စင်းကျိန်းသည့်အခန်းတွင်းသို့ ဝင်သွားပြီး စားပွဲပေါ်ရှိ စာအုပ်များကို လှန်လှောကြည့်နေမိသည်။ ထိုစဉ် မမျှော်လင့်ဘဲ ဦးပဥ္စင်းကြီးက စာရေးသူအား လှမ်းခေါ်သံကြားရ၍ ဦးပဥ္စင်းရှေ့သွားထိုင်ရပြန်သည်။

"အဲ ... ဒကာကြီး၊ အထူးအဆန်းလေးတစ်ခု စိတ်ဝင်စားစရာပါပဲ"

"တင်ပါဘုရား ... ဘာပါလိမ့်"

စာရေးသူက အကြောင်းမသိ၍ ကြောင်နေမိသည်။

"တခြားတော့မဟုတ်ဘူး ... ဒကာကြီး၊ ဒီဒကာမကြီးရဲ့သားအကြောင်းပဲ။ သူ့သားကို ဖမ်းသွားပြီး ဒကာကြီးထောင်ကို ပို့လိုက်လို့တဲ့"

စာရေးသူ၏စိတ်တွင် ဤတောသူမကြီးသည် သူ့သားထောင်ကိုရောက်နေ၍ ဦးပဥ္စင်းကို ဘာများ အပူကပ်နေပါလိမ့်ဟု တောသူမကြီးအား စိန်းစိန်းကြည့်မိ၏။ သို့ရာတွင် တစ်ဖက်မှတွေးပြန်သည်မှာ ဦးပဥ္စကြီးသည် ရဟန်းပီပီ အေးနေတတ်၍ ရှေ့ကြာမြင့်စွာကပင် လူမှုရေးရာတွင်ဝင်ပါသည့် ပုဂ္ဂိုလ်မဟုတ်ပေ။

သူ့ဒကာ သားမြေးအချို့ပင် ထောင်ကျစ္စ၊ ရုံးကိစ္စများနှင့် မကင်းရာ မကင်းကြောင်း ရှိချင်ရှိပေမည်။ ရှိသော်ရှိ၊ မရှိသော်ရှိ ဦးပဥ္စင်းကြီးသည် ယနေ့တိုင်အောင် ဘာတစ်ခွန်းမှ မိန့်ဟတော်မူဖူးသူ မဟုတ်ပေ။ သို့နှင့် ကိုယ့်ဆရာအကြောင်း သိနှင့်ပြီးဖြစ်၍ ဘယ်လိုများ ကြားရပါလိမ့်ဟု မတင်မကျတွေးကာ ဦးပဥ္စင်းကြီးအမိန့်ကို စိတ်ဝင်စားစွာ နားထောင်နေမိ၏။





"ဒကာကြီး ... သိများသိမလား မဆိုနိုင်ဘူး။ သူ့သားက 'ချစ်ခဲ' တဲ့။ မျက်နှာမှာ ကျောက်ပေါက်မ ဇရပျစ်နဲ့"

"မှန်ပါ ... တပည့်တော် မှတ်မိပါတယ်ဘုရား။ ဒီလူသတ်မှုနဲ့ အတော်ကြာ ထောင်ထဲနေခဲ့ရပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က လွတ်သွားပြီးနောက် တစ်ခါ လူသတ်မှုနဲ့ ပြန်လာတယ်။ မနေ့ကလား တစ်နေ့ကလားပါပဲ"

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ။ သူပဲ ဒကာကြီး။ အခုတစ်ခါ လာတာ နောက်တစ်ယောက်သတ်လာတာမဟုတ်ဘူး၊ ပထမအမှုပဲလို့ ပြောတယ်"

"ပထမအမှုက လွတ်သွားပြီဘုရား။ ဒါ နောက်မှုထင်ပါတယ်"

"မဟုတ်ဘူး ... ဒကာကြီး။ ပထမအမှုနဲ့ပဲ ပြန်ဖမ်းတယ်လို့။ အခုပဲ ပြောနေတယ်။ ဖြစ်ပုံက ဒီလိုတဲ့"

ဦးပဥ္စင်းသည် တောသူမကြီး ဒုက္ခသည်ထံမှကြားရသမျှကို မိန့်တော်မူလေသည်။

တောသူမကြီး၏သား မောင်ချစ်ခဲသည် တစ်ဦးတည်းသားဖြစ်လေသည်။ ငယ်စဉ်က ကျောက်ရောဂါအကြီးအကျယ်ဖြစ်ခဲ့၍ မျက်နှာတွင် ကျောက်ပေါက်မ လက်တစ်နှိုက်ဖြစ်သွားကာ စိတ်ကလည်း မမှန်ချင်တော့။ သူ့အား ကျောက်ရူးဟုလည်း ခေါ်ကြ၏။

ကျောက်ရူးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ ကေပုတ္တံ– မနုရကွေဟု ဘုရားရှင်ဟောသလို တစ်ဦးတည်းသားကို မိခင်ဖြစ်သူမှာ အသည်းနှင့်အောင်ချစ်ရှာလေသည်။ မောင်ကျောက်ခဲမှာ ကျောက်ရူးအမည်နှင့်လိုက်အောင် ထိန်းမရဖြစ်လာခဲ့သည်။ တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် နေလာရင်း တစ်နေ့တွင် လူသတ်မှုဖြင့် အဖမ်းခံသွားရ၏။

မိခင်ဖြစ်သူမှာ သားစိတ်ဖြင့် ရူးမတတ် ဖြစ်နေရှာလေသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသောအခြေတွင် သား၏လွတ်မြောက်ရေးတွက် ဘာ မှမတတ်နိုင်ရှာ။ ငိုတစ်လှည့် ရယ်တစ်လှည့်နှင့် ထမင်းမှန်မသိ၊ တင်းမှန်းမသိနှင့် ကြုံရာလျှောက်သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ရွာရှိဘုန်းကြီးကျောင်းသို့လည်း ရောက်လာသည်။ ဘုန်းတော်ကြီးသည် စားရမဲ့ သောက်ရမဲ့ဖြစ်နေသော အဘွားအိုအား စားသောက်စရာကို ကျွေးမွေးစွန့်ကြဲနေရလေသည်။

တစ်နေ့တွင် ဆရာဘုန်းတော်ကြီးက ထမင်းစားနေသည့် အမယ်အိုဒုက္ခကိုညွှေ့သည့် ဘုန်းကြီးတစ်ပါးအားပြောပြမိလေ၏။ ထိုအခါ ညွှေ့သည့်ဘုန်းကြီးမှာ အဘွားအိုအား ကရုဏာများစွာဖြစ်ခါ အကျိုးအကြောင်းကို အမယ်အိုအား မေးတော်မူလေသည်။

အမယ်အိုက ဖြစ်ကြောင်းကုန်စင်ပြောပြရာ ညွှေ့သည့်ဘုန်းကြီးသည် သဘော်ပင်ကလေးတစ်ပင်ကို ရှာဖွေ၍ အမယ်အိုအား နှုတ်ခိုင်းပြီး အမယ်အို၏အိမ်သို့ လိုက်သွားပြန်သည်။ ဘုန်းကြီးသည် အမယ်အိုအား အိမ် လှေကားရင်းတွင် တွင်းကလေးတစ်တွင်း တူးခိုင်းကာ နှုတ်ယူလာသည့် သဘော်ပင်ကို ဖောက်ထိုးမြှုပ်ခိုင်းလေသည်။ ဘုန်းကြီးက အမယ်အို၏သားသည် ခုနစ်ရက်အတွင်း ရာဇဝတ်မှုက ကျွတ်လွတ်လိမ့်မည်၊ သတိထားရန်တစ်ခုမှာ ဤသဘော်ပင်ကို တစ်လမပြည့်မချင်း ဖော်ယူခြင်းမပြုရန် တားမြစ်ခဲ့လေသည်။

ညွှေ့သည့်ဘုန်းကြီးမှာ သူ့ခရီးစဉ်အတိုင်း ထွက်ခွာသွား၏။ အံ့ဩစရာကောင်းသည်မှာ သူအိုမကြီး၏သား ချစ်ခဲသည် သုံးရက်မြောက်နေ့တွင် အိမ်သို့ ပြန်ရောက်လာခြင်းပင်တည်း။

အမယ်အို ဝမ်းသာလိုက်ပုံမှာ ပြောစရာမရှိပြီ။ သို့ရာတွင် ကရုဏာဒေါသဖြင့် အမယ်အိုက သားမောင်ချစ်ခဲအား။ မာန်မဲခြင်းလည်း ပြု၏။ အကယ်၍ သူသာ ဤပုံဤနည်းမလုပ်က နင် ကြိုးပေးခံရမည် မုချဟုလည်း အမေအိုက ဘုန်းကြီးတစ်ပါးနှင့် ဓာတ်ရိုက်ယကြာလုပ်ရပုံကို အားပါးတရ ပြောပြလေသည်။

ထိုအခါ သားဖြစ်သူ မောင်ချစ်ခဲက ဟက်ဟက်ပက်ပက် ရယ်ပစ်၏။ သူ ထောင်ချုပ်မှလွတ်လာသည်မှာ အမေလုပ်သည့်ကိစ္စနှင့် ဘာမဆိုင်ဟုပြောပြီး ကျောက်ရှူးပီဝီ လှေကားရင်းမှ သဘော်ဝင်ကလေးကို ဓားနှင့်စင်း





ဘာ ဖွင့်ပစ်လိုက်တော့သည်။ တစ်လခန့်အကြာတွင် တရားသစ်ပြန်ဖွင့်သည်ဆိုပြီး မောင်ချစ်ခဲအား ပြန်ဖမ်းလေသတည်း။

ဦးပဥ္စင်းကြီး၏ မိန့်ဆိုချက်မှာ တကယ်ပင် စိတ်ဝင်စားစရာပင်ဖြစ်သည်။ မောင်ချစ်ခဲကိစ္စမှာ တွေးရခက်ကြီးတစ်ခုအဖြစ် မှတ်သားရပြန်သည်။

လောကီပညာရပ်သည် သိပ္ပံပညာ၊ လောကဓာတ်ပညာကဲ့သို့ အရင်းအမြစ်ရှာမရသော တွေးရခက်ကြီးပညာဟု ဆိုရမည်သာတည်း။

မြှောင်းမြမောင်ကို

www.burmeseclassic.com